ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

# အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

## ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

## ဝိသုဒ္ဓိ မှ ဝိမုတ္တိ





ဝိသုဒ္ဓိဆရာတော်၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်

(၁၂၁)(၁၂၂)(၁၂၃)(၁၂၄)(၁၂၅)(၁၂၆)(၁၂၇)(၁၂၈)(၁၂၉)(၁၃၀)
(၁၃၁)(၁၃၂)(၁၃၃)(၁၃၄)(၁၃၅)(၁၃၆)(၁၃၇)(၁၃၈)(၁၃၉)(၁၄၀)
(၁၄၁)(၁၄၂)(၁၄၃)(၁၄၄)(၁၄၅)


**ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ်အမှတ်(၁၄)**



ဝိသုဒ္ဓိဆရာတော်

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့



– စီစဉ်ပူဇော်သူ –

**ဖိုဗေဒ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊(MP-4) များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန် နှိုးဆော်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်းဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မွဲမွဲ) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

# မာတိကာ


| စဉ် | အကြောင်းအရာ | တရားတော်အမှတ် |
|---|---|---|
| ၁။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၁) | ၁၂၁ |
| ၂။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၂) | ၁၂၂ |
| ၃။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၃) | ၁၂၃ |
| ၄။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၄) | ၁၂၄ |
| ၅။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၅) | ၁၂၅ |
| ၆။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၆) | ၁၂၆ |
| ၇။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၇) | ၁၂၇ |
| ၈။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၈) | ၁၂၈ |
| ၉။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၂၉) | ၁၂၉ |
| ၁၀။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၀) | ၁၃၀ |
| ၁၁။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၁) | ၁၃၁ |
| ၁၂။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၂) | ၁၃၂ |
| ၁၃။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၃) | ၁၃၃ |
| ၁၄။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၄) | ၁၃၄ |
| ၁၅။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၅) | ၁၃၅ |
| ၁၆။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၆) | ၁၃၆ |
| ၁၇။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၇) | ၁၃၇ |
| ၁၈။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၈) | ၁၃၈ |
| ၁၉။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၃၉) | ၁၃၉ |
| ၂၀။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၄၀) | ၁၄၀ |
| ၂၁။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၄၁) | ၁၄၁ |
| ၂၂။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၄၂) | ၁၄၂ |
| ၂၃။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၄၃) | ၁၄၃ |
| ၂၄။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၄၄) | ၁၄၄ |
| ၂၅။ | ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ်(၁၄၅) | ၁၄၅ |

ဖြောင်းမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိနှင့် အောင်သစ္စာ

ဝိသုဒ္ဓိမှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၁)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၂၅၁၆၂၀၁၂၈

၀၉-၄၄၇၅၇၂၃၅

## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၀)

စာပေကျမ်းဂန်ငယ်စဉ်ကမသင်ခဲ့လို့မတတ်တာပါဗျာ ငယ်စဉ်တောင်ကျေး မဒေါနဲ့ ဖအေကမူလတန်းကျောင်းကိုမထားနိုင်တော့ စာမတတ်ဘူးအဲဒီတော့အားလုံးရှိကြတဲ့ဆရာတော်၊ သမားတော်အားလုံးရှိတဲ့ ပုဂ္ဂိုလ်များ သီလရှင်များ၊ ယောဂီများ တရားလာနာတဲ့ ပရိသတ်ဆရာကြီးတွေ ဆရာမကြီးတွေအားလုံး ဦးဖင်ကစာမတတ်တော့ ပြောတဲ့အခါမှာ မှားသွားမယ်ဆိုရင်အားလုံးက ဦးဖင်းကိုခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံပြီးတော့ တောင်းပန်ပါတယ် စာမတတ်လို့ပါ နဂိုကမသင်ခဲ့လို့ပါ အခုသဘောလေးနဲ့ ဘုရားကဟောထားတဲ့ တရားတွေရှိပါတယ် ဘုရားကဟောဟောသွားတာ ကိုဦးဖင်းကနောက်ကနေ အသိနဲ့ပြောပါ့မယ် သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခတဲ့၊ သဗ္ဗေအလုံးစုံသောသင်္ခါအနတ္တတဲ့၊ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်ဒါဘုရားဟောတာနော် အဲဒီတော့ ဦးပဏ္ဍိတကအသိလေးနဲ့ပြောမယ် စာတော့မတတ်ဘူး သဗ္ဗေဆိုတာအလုံးစုံသော အဲဒီတော့ဘုံကဘယ်နှစ်ဘုံလည်း (၃၁)ဘုံလို့ခေါ်လိမ့်မယ်ဗျို့ အဲဒီတော့ဗြဟ္မာဘုံ(၂၀)၊ နတ်ဘုံ(၆)ဘုံ၊ အပါယ်(၄)ဘုံ၊ လူဘုံ(၁)ဘုံ၊ လူ့ဘုံပါဘယ် ဒါကြောင့်မို့ ဒီကံတရားကို ပယ်ရမှာကိုဗျနော် ကံပယ်မှသဘောပေါက်လာမယ် အဲဒီတော့ကံတရား၊ ဈာန်တရား ဉာဏ်တရားရှိတယ်ဒါကြောင့် ပရိယတ္တိသာသနာရှိတယ်၊ ပဋိပတ္တိသာသနာရှိတယ်၊ ပဋိဝေဓကတော့ထားလိုက် ပေါက်တဲ့သူတွေလုပ်သွားလိမ့်မယ်နော် စာတတ်လို့လွတ်မြောက်သွားရင်လည်း ပဋိဝေဓကိုသူလုပ်မယ် ခန္ဓာကဓမ္မသစ္စာ(၄)ပါးကိုလည်းဟောရင်တကယ်မှန်ရင် ဒီသာသနာကို သူဖွင့်မယ် ပဋိဝေဓတဲ့ အဲဒါပဋိဝေဓခေါ်တယ် အဲဒီတော့ ဦးပဏ္ဍိတဟောမယ့်အသိက စာမတတ်ဘူးသဘောလေး သာနာခုနက(၃၁)ဘုံပါနေပြီးနော် လူ့ဘုံပါနေတယ် အဲဒီတော့ ကိလေသာနဲ့တဏှာတဲ့ မူလနှစ်ဖြာအော်ကိလေသာနဲ့တဏှာ တဏှာကိုသိချင်တယ်ကွာ ပဏ္ဍိတရယ်ပြောပြပါ ဒီတဏှာကို ပြောပြပါအေး ငါကလည်စာမတတ်ဘူးကွာတဲ့ပြောပြမယ်တဲ့ အဲဒီတော့သဘောပေါ့ကွာတဲ့ ဦးချိုးဟိုးက ငွေ့အဖေပါဘဲတဲ့ ဒေါ်အုန်းမေကလည်း ငွေ့အမေပါဘဲတဲ့ တစ်ရွာတစ်ကျေးမှာသူတို့နေကြတယ်နော်တဲ့ အလုပ်နဲ့ ပတ်သတ်ပြီးတော့ဆုံတွေ့လာပြီတဲ့ နှစ်ယောက်သားအဲဒီတော့ ဦးချိုးတိုးက အပြင်အာရုံမှာ ရူပကာယကို ဒေါ်အုန်းမေရဲ့ ရူပကာယကိုအဲဒီအာရုံမှာ သာယာတယ်ဗျို့ မနောကံဟာ အဲဦးချိုးတိုးကသာယာတယ်ဗျို့ အဲဒါအာရုံနော်သဘော လေးတဏှာကိုပြောဆိုလို့ပြောပြတာနော် အဲဒီတော့ဦးချိုးတိုးကြီးက ဒေါ်အုန်းမေရဲ့ ရူပကာရကိုအလွန်အပြောကောင်း အနေကောင်း၊ အသားလေးကကောင်း၊ မျက်ခုံးမွှေးလေးကကောင်း၊ နှာတံလေးကလည်းကောင်း၊ ဦးချိုးတိုးက ဒေါ်အုန်းမေရဲ့ ရူပကာယရဲ့အာရုံအပြင်အာရုံကို သာယာတယ်ဗျို့ အဲဒီတော့ ဘာနဲ့သာယာလည်း အဲဒီအာရုံမှာ အမှတ်နဲ့သာယာတယ်ဗျို့ဟာမှတ်တာနော် မျက်လုံးအကန်းတွေပါရင် ယူမှာမဟုတ်ဘူး၊ ပါးစပ်တွေကွဲနေရင်ယူမှာ မဟုတ်ဘူး၊ နှာခေါင်းတွေပြတ်၊ ကွဲနေရင်ဦးချိုးတိုးမယူပါဘူး အမှတ်၊ အမှတ်အဲဒီအမှတ်၊ မှတ်မှားလေးတွေက အဲဒီတော့ ဒေါ်အုန်းမေရဲ့ ရူပကာယကအလွန်လှပတင့်တယ်တော့ ဦးချိုးတိုးက အဲဒီအာရုံမှာဗျို့ သာယာတယ်ဗျို့ အဲမနောကနေပီတိကိုကျနေတာပဲ အဲဒီဒေါ်အုန်းမေကလည်း ဦးချိုးတိုးကို ငွေ့တစ်ကယ်လုပ်ကျွေးမှာဘဲဟာ ဒေါ်အုန်းမေရှေ့မှာ အလုပ်အကိုင်တွေလုပ်ပြနေလိုက်တာ ဦးချိုးတိုးကလည်း အာရုံအဲဒါပေါ့ဗျာ အဲဒီအာရုံမှာ အမှတ်ကြောင့် အဲဒီတော့ ဦးဖင်းက ဘုရားကပညတ်တယ် ပညတ်ကွဟော့ကောင်ရဲ့သညာကွပညတ်၊ ပရမတ်ငို့ဘယ် ကွ ပညတ်ကိုလည်းမပယ်ပါနဲ့တဲ့ မစွဲနဲ့နော်တဲ့ဟော ဘုရားဟောအရပညတ်ကိုမပယ်ပါနဲ့ကွာတဲ့ ဦးချိုးတိုးနဲ့ဒေါ်အုန်းမေ

တို့ကပညတ်ကိုယူတယ်၊ စွဲလည်းစွဲတယ်၊ မှတ်လည်းမှတ်တယ်ဗျို ဟာတစ်ခါတည်းဖြစ်ရောဗျို့ နောက်ဆုံးတိုတိုပြော ရရင်အဲဒါအာရုံပေါ့ဗျာ အဲဒါညားတာဘဲဗျို့ ဟာအဲဒါအပြင်အာရုံကနေညားလိုက်တော့ဟာ ပဋိသန္ဓေတွေဖြစ်လာတော့ မြမောင်လေးမွေးတယ်ဗျို့ ကိလေသာဒါတဏှာနဲ့ ဆောက်လုပ်ထားတဲ့ကိလေသာနော် တဏှာနဲ့မဆောက်ရင် ဒီကိလေသာမဖြစ်သေးဘူးဗျ တဏှာနဲ့ဆောက်လုပ်ထားတဲ့ ကိလေသာအပြင်အာရုံမသတ်တော့ ဟာအတွင်းအာရုံ လည်းမကျင့်ဘူးဗျို အဲ့ဒီတော့အတွင်းအာရုံ မနောအာရုံ အပြင်အာရုံရှိတယ်စကားမပြောတတ်လို့နော် အသေချာ လေးအသိလေးနာသွား ဒါနောက်ဆုံးအသိဘဲ အဲဒီတော့ဒီလိုအာရုံတွေကိုမပယ်နိုင်ဘူး သိလည်းမသိဘူးဘာမှလည်း သူတို့မသိကြဘူး အဲဒီတော့ ကိလေသာဖြစ်တယ်ဗျို့ တဏှာကြောင့်ကိလေသာဖြစ်ပြီးဖြစ်တဲ့ အခါကျတော့ မြမောင် ကလည်း ဟိုအတိတ်ဘဝအနန္တကအင်မတန်မှ အဝိဇ္ဇာကြောင့်မလွတ်လို့ သင်္ခါရ သင်္ခါရကြောင့်တဏှာ၊ တဏှာကြောင့် ဉပါဒါန်၊ ဉပါဒါန်ကြောင့် ကံအစွဲကြီးတဲ့ကံနော် ဒီကံကလမ်းမဆုံးတော့ ပဋိသန္ဓေမှာသူရောက်လာရမှာကိုဗျ ဟာအဲဒီတော့ ဖူးစာရေးနတ်ကသူ့ကို ဒီပဋိသန္ဓေဘုံပို့ပေးတယ် အတိတ်ကလည်းပို့မယ် အဲဒီတော့မှ ဦးမြမောင်ကလည်း အဲဒီတော့ ဒေါ်အုန်းမေ၊ ဦးချိုးတိုးရဲ့ဆောက်လုပ်တဲ့ ကိလေသာရုပ်ထဲဝင်တာဘဲဗျို ဝင်တဲ့အခါကျတော့ မြမောင်က အတိတ်က လာတာကံ အဲဒီကိလေသာရုပ်ကြီးကတစ်ခါတည်း အုပ်ထားတာဘဲ အုပ်ထားတဲ့အခါကျတော့ တစ်နေ့သောအခါမှာ မွေးလာတယ်ဗျို့ ဟာမွေးလာတော့မျက်စိပါလာတယ်၊ နားခေါင်းပါလာတယ်၊ အကုန်ပါအာရုံ(၆)ပါးအကုန်ပါလာပြီဗျို့ နော်အာရုံ(၆)ပါးပါလာပြီးဗျို့ မြမောင်မှာဟာမျက်စိမြင်လိုက်တော့သိတယ် နားကြားတော့သိတယ်၊ နားခေါင်းနံတော့ သိတယ် မနောအာရုံကြောင့်မနောစက္ခုကြောင့် မနောဟောဒါအနုသယအာရုံဟောနေတာ အဲဒီတော့ သစ္စာအဲဒီ သစ္စာဟာ အရိယတ္တသစ္စာခေါ်တယ် သမုတိသစ္စာမဟုတ်ဘူး အရိယတ္တသစ္စာ(၃၁)ဘုံလွတ်တဲ့ သစ္စာအာရုံကိုသတ်တဲ့ ရဟန်းခေါ်တယ် ဒါကြောင့်မို့ အာသဝက္ခယာဉာဏ်လို့ခေါ်တယ် သံဃာက ကာယကံ၊ ဝစီကံဒီကံနှစ်ကံဘဲထိန်းထားနိုင် တယ်အဲဒါ သမုတိရဟန်းခေါ်တယ် ဒါကအာရုံသတ်တဲ့ရဟန်းခေါ်တယ် သဘောလေးသာနာနော် ဒါသောတပန်အသိ ပေးလိုက်တာနော် တဏှာကိုသူသတ်ပြလိုက်တာ အဲဒီအာရုံဘဲကွာကဲ အဲဒီအာရုံကိုထိန်းထားတာ သစ္စာခေါ်တယ်နော် အဲဒါအရိယတ္တသစ္စာခေါ်တယ် အခုခင်ဗျားတို့ ဒကာ၊ ဒကာမတွေမျက်ရည်ကျတယ် ကိုယ်ကအဲဒီကလာတာအဲ ဘဝ ကလာတာလူဘဝကလာတာ လူဘဝကဘာတွေကို မပယ်နိုင်သလဲ ကမ္မာသဝ၊ ဘဂါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဟာဒုက္ခကိုပေးနေတာဘဲ အဝိဇ္ဇာအာရုံ(၆)ပါးနဲ့ နစ်မျောနေပြီ ဒိဋ္ဌသဝဆိုတာ ဒိဋ္ဌိအပြင်အာရုံနဲ့အတွင်းအာရုံကို ယူထားတာအပြင်အာရုံမှာဘာနဲ့ယူလဲ အမှတ်နဲ့ယူတယ် ပညာနဲ့ယူတာမဟုတ်ဘူး ပညာနဲ့ယူတာကကျင့်ထားတဲ့ ရဟန်းခေါ်တယ် မကျင့်တဲ့သူကသညာနဲ့ယူထားတယ် အမှတ်နဲ့ယူထားတယ် ဟော့ဒါငှါသမီး ဟော့ဒါငှါသား ဟော့ဒါငှါစက်၊ ဟော့ဒါငှါကားမှန်တယ် အမှတ်မှားနေတယ် အယူမှားနေတယ် အစွဲမှားနေတယ် အဲဒါကကံဘယ်ကံ လည်းမနောဘာကြောင့် အာရုံယူသလဲအာရုံကိုပယ်နိုင်တာက အရိယတ္တသစ္စာအာရုံကို မပယ်နိုင်တာက ကာယကံနဲ့ ဝစီကံထိန်းထားတာက သမုတိရဟန်း အဲဒီနေရာမှာကွဲနေပြီနော် သဘောလေးသာနာဘယ်သူ့ကိုမှ မပြောဘူးဒါနွှာက သိတဲ့အသိတွေနော် အဲဒီတော့ ငါကျင့်တာကိလေသာတဏှာကွ အဲဒီတော့ဟောငါမွေးရောတဲ့ ငါမွေးတော့အမျိုးသမီး လေးက ငါ့လက်ကိုလာကိုင်တာကွတဲ့နော် ရုပ်ထိတော့မသိဘူးလား သိတယ်ဘာနဲ့မှတ်လည်း သညာနဲ့မှတ်တယ် ဟာဒါအမျိုးသမီးဘဲကွဟာငါ့ရည်းစားဘဲကွ ဟာမြမောင်က တယ်ဟုတ်ပါလားကွ ငါ့ကိုထမင်းတွေကျွေးပါလားကွ

နော်သိတာကစိတ်အဲဒီစိတ်ကလေးမှာ သာယာတဲ့စိတ်ကလေးပါနေတယ် ဒါကြောင့်မို့စိတ်တာတဏှာနဲ့ခယ မစွက စိတ်တာရှင်ဖော့ဘုရားဟောတဲ့စိတ်မှာတဏှာပါနေတယ်နော် ကိုယ်ကျင့်တဲ့စရဏမရှိဘူး ဝိဇ္ဇာစရဏ သမ္ပန္နောဆိုတာ မရှိဘူး စာကမိုးပျံအောင်တတ်နေတယ် မှန်တယ်သိပ်မှန်တယ်သိပ်ပြီးတော့မှန်တယ် ထောက်ခံသွားပြီဒါပေမဲ့ မျောတရားရှိတယ် မြုပ်တရားရှိတယ်၊ ပေါ်တရားရှိတယ်၊ ခန္ဓာကဖော်စားတာခန္ဓာ(၅)ပါးနဲ့ရင်းရှာလို့ပေါ်တာ ပေါ်ပြီး ပြောတာအဲဒါတဏှာကိလေသာ မြမောင်လူ့ပြည်ရောက်လာပြီဗျို့ လူပြည်ရောက်လာတော့အမျိုးသမီးကလက်ကိုင် တာပေါ့ဟာ သိတာပေါ့ဟာ သိတာစိတ်မှတ်သားတာကဒါအမျိုးသမီးဘဲ ငါ့ရည်းစားဘဲ အဲဒါပေါ့သာယာတာပေါ့ဗျာ အပြင်အာရုံကြောင့်မနေ့မှာ စိတ်ကလေးကိုချမ်းသာနေတာ အမျိုးသမီးငါ့ရည်းစားကလက်ကလေးကိုကိုင်တာ ဆိုတော့စိတ်ကလေးကိုချမ်းသာနေတာ အဲဒါတဏှာနဲ့ချမ်းသာတဲ့စိတ် အဲဒါ(၃၁)ဘုံလည်မယ့်စိတ်ခေါ်တယ်ဟာ ကြည့်စမ်း ခြေမထိလက်မထိနဲ့ သူများအသက်သတ်တာလည်းမဟုတ်ဘူး အဲဒါတဏှာဒါကြောင့်မို့ ဘုရားကျိန်းတာ ဒီတဏှာကိုကျိန်းသွားတာနော် အဲဒါကိလေသာကတဏှာနော် အဲဒါကိလေသာမရှိတာ ရုပ်ကလေးကြည့်လိုက်တယ် ဟောင့်ရည်းစားပါလား စာတော့မတတ်ဘူးဗျို့ အမှန်ပြောရတာကို ငါ့ရည်းစားကငါ့ကိုလက်ကလေးကိုင်ကယ် လိမ့်ကျမှာစိုးလို့ဆွဲတင်တယ် ငါ့ကိုထမင်းခွံ့ကျွေးတယ်ဟာ သာယာတာတဏှာအာရုံကြောင့် ဒါတွေးပါဗျာ ခင်ဗျားတို့ အဲဒီတော့ အဲဒီလိုအာရုံကိုထိန်းတာက အရိယတ္တသစ္စာ အရိယာကရဟန်း၊ ဟိုကကာယကံနဲ့ ဝစီကံကိုထိန်းထားတာ သမုတိရဟန်းဒါကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိအဲဒီနှစ်ခုရှိတယ် ပဋိဝေဓကဘုရားရဲ့သာသနာ မနေ့ကခင်ဗျားတို့ (၁)သိန်း ကျော်ရတယ် ဘာတစ်ခုယူလည်းခင်ဗျားတို့ (၅)သောင်းလှူတယ် (၆)သောင်းလှူတယ်ဘာတွေယူသွားလည်း တရားပွဲ(၁၀)ပွဲ (၁၅)ပွဲရတယ်ခင်ဗျားတို့ဂေါပကတွေမေးပါ ဦးပဏ္ဍိတ မြောင်းမြကိုဘာတွေယူသွားသလဲလို့ ဘာမှ မယူဘူးနော် ကျွဲကူးရေပါတယ်ဗျနော် အဲဒီတော့ ဒါတွေဟာလောကီအကြောင်းရှိတယ် လောကုတ္တရာအကြောင်း ရှိတယ် ဦးမြမောင်ရည်းစားကလက်လာကိုင်တယ်ဆိုစိတ်ကိုချမ်းသာနေတာဘဲ ရည်းစားပျောက်တယ်ဆိုရင်ဘ်ကို ဆင်းရဲနေတာဘဲ ရည်းစားကကိုယ့်အိမ်လာတယ်ဆိုစိတ်ကိုချမ်းသာနေတာဘဲ အဲဒါတဏှာအာရုံကိုမသတ်နိုင်ဘူးနော် စကားဥပမာ ဥပမေနဲ့ပြောတာ စာတော့မတတ်ဘူး ဒါစိတ်ရဲ့အခုဖြစ်နေကျတဲ့ ပုဂ္ဂိုလ်တွေ ဦးပဏ္ဍိတအကုန် ဦးပဏ္ဍိတ ရဲ့သားတွေ၊ သမီးတွေ၊ မယားတွေ၊ အဖေအမေတွေအကုန် အဲဒါဖြစ်နေပြီဘယ်လိုလုပ်မလည်း နင်အယူနဲ့ငါ့အယူ မတူဘူး ဒါပေမဲ့ မင်းကိုငါပယ်တာတော့မဟုတ်ဘူးကွာ မင်းနှလုံးသွင်းတဲ့အာရုံမှာ နှလုံးသွင်းတဲ့ အယူနဲ့ငါအယူနဲ့ မကူဘူး အဲဒါဥပေက္ခာပါရမီ(၁၀)ပါးကနောက်ဆုံး သင်လို့မရ ပြောလို့မှမရရင် အဲဒါဥပေက္ခာတာအယူဝါဒခြင်းမတူ တော့ဘူး ဒါခေါ်တာ မုန်းလို့ မုန်းလို့နှင်ချလိုက်တာမဟုတ်ဘူး ခေါ်ကျွေးတယ်နော် စေတနာကအပင်ပေါက်နေပြီ သူ့စေတနာကအပင်ပေါက်နေပြီနော် အဲဒီအပင်ခူးတာစားပြီးတော့ အဲဒီမင်္ဂကရတာ အဲဒီစေတနာဟာမှတ်ထား သညာစေတနာမဟုတ်ဘူး ပညာစေတနာ ဉာဏ်စေတနာ ကံစေတနာမဟုတ်ဘူး ကံစေတနာဆိုတာ ခွဲမယ်ဟော့ ဒါငါ့သမီး ဟောဒါငါ့သမီးမဟုတ်ဘူး အဲဒါငါ့သားမဟုတ်ဘူး ဟောဒါငါ့သားဆိုတော့ မုန့်ပေးတာတောင် သားကိုပိုပေးမယ် ဟိုဟာကျတော့ မဖြစ်လို့သာပေးတာ မနေသာလို့တာပေးတာနော် အဲဒါတွေမပြောတတ်လို့ အဲတဏှာကာလမ်းခင်းတာချည်းဘဲ အခုခင်ဗျားတို့ ထိပေါက်တယ်စိတ်ချမ်းသာတယ် ဒီကစိတ်ကိုအေးတာ အရိယာ စိတ်ကအေးနေတာ အပူမဟုတ်တော့ဘူး အဲဒါအရိယာအစစ်ခေါ်တယ် သေချာရှင်းအောင်ပြောသွားမယ်နော် အဲဒါ

စိတ်တွေပျောသွားတာစိတ်တာတဏှာနဲ့ခယမစွကစိတ်တာ ရှင်ဇောဘုရားဟောတဲ့ ဟောရည်စားပျော်တယ် သူ့အိမ်သွားလည်တော့မတွေ့တော့ အဲယောက္ခမကြီးပြောရမှာကလည်းခက် သူညီမလေးတွေပြောရမှာကလည်းခက် အဲဒီလူပျိုကခက်နေတာဘဲ ဒီနေ့တော့ကွာဂွကျတာဘဲ အဲဒီတော့နောက်နေ့ကျတော့သွားတွေ့ပြန်တယ်တွေ့တော့ ပျော်နေတာဘဲချိန်းတွေ့တာဘဲ့ဗျို့ ဒါမိရိုးဖလာရဲ့အသိတွေ အဲမိရိုးဖလာရဲ့အသိတွေမပယ်နိုင်တော့ဘူး ဇာတိဖြစ်နေပြီ ဟာခင်ဗျားတို့စာရေးထားတယ် မိရိုးဖလာအဖေရယ်အမေရယ်၊ အစ်မရယ် အဲဒီတော့တည့်တည့်သွားစမ်းပါ ဂဏန်း မကြီးကိုပြောတယ်သားက ဟာတို့ရဲ့မိရိုးဖလာကဒီလိုဘဲကွတဲ့ ဘေးတိုက်သွားတယ် အမေဘေးတိုက်ခြေထောက် ကလေးနဲ့ယက်ယက်ပြီးတော့ ဘေးတိုက်သွားတယ် အမေဘေးတိုက်သွားသလိုတို့လည်း ဘေးတိုက်သွားရမယ် သဘောမျိုးကိုယူထားတဲ့အယူတွေ ယူနေကြတယ်မိရိုးဖလာတွေ အဲကြည့်စမ်းခွေးကမွေးရင်ခွေးလေးရမယ်ဗျ အဲဒါတွေးကြည့်ပါဗျာ မိရိုးဖလာရဲ့ဟာတွေ ဒါပေမဲ့ကိုယ်သိဖို့လိုတယ်နော် ဝက်ကမွေးရင်ဝက်ကလေးရမယ်ဗျ အဲဒါ မိရိုးဖလာတွေဘဲ အဲဒီတော့မျိုးရိုး အဲဒီမျိုးရိုးဗျ အဲဒီမျိုးရိုးကဖြစ်တာဘဲ ဇာတိဘဲဇာတိဖြစ်တော့မှ ဇရာနားကပ်တော့မှ ဗုဒ္ဓနားကပ်တော့တာဘဲဗျို့ အမယ်လေးကြိုပင်ရိုက်ထားရမယ်နော် တဏှာရှာရင်ကိလေသာကိုသတ် ကိလေသာကို သတ်မှ တဏှာပြတ်မယ် အဲဒီကိလေသာဟာ ကိလေသာရုပ်တရား ဒုက္ခသစ္စာဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း အကြောင်းအမှန်တရားဟာတွေလား အသားကိုင်လိုက်တော့တဏှာဘဲဗျို့ အဲနားသောတမှာလည်းတဏှာ ဘဲဗျို့ သညာနဲ့သာယူရင်တော့မလွတ်ပါဘူး အမှတ်နဲ့ယူရင်တော့ကြည့်လည်းမကြည့်ဘူး ဘာဖြစ်နေကြတာနော် အဲဒီတော့အမှတ်မှားနေတယ် အယူမှားနေတယ်အစွဲမှားနေတယ် ပစ္စုပ္ပန်တည့်တည့်လေးရှေ့လည်းမမျှော်ရဲ့နော် နောက်လည်းမတွေးနဲ့တည့်တည့်လေးဘာလည်း ထိတာကရုပ်၊ သိတာကနာမ်ထိတာလည်းအမြဲဘူး သိတာလည်းမမြဲဘူး အဲဒါအနတ္တအသိလေးကိုနှလုံးသွင်းပြီး မျက်ခြေမပြတ်လုပ်နေ အတ္တကိုသိတယ်အတ္တသိရင်ပယ်မယ် ပယ်ရင်မင် ဆိုက်ဖိုလ်ဆိုက် သိ၊ ပယ်၊ ဆိုက်၊ ပွါးနော် နိဗ္ဗာန်သည် ခန္ဓာမှာစတယ် ခန္ဓာမှာဆုံးတယ် သီလမှာချုပ်တယ် ဘယ်သီလနဲ့ ဘယ်သီလမှာချုပ်လည်း ပညတ်သီလနဲ့ပရမတ်သီလမှာချုပ်မှ ရုပ်နာမ်ချုပ်မှ အဲဒီစိတ်ကလေးကဟာစင်ကြယ်ပြီး လွတ်မြောက်သွားပြီ ရုပ်မှာကိုယ်ပိုင်အိမ်မှာ ခေတ္တဘဲနေတာစိတ် လွတ်မြောက်သွားပြီချွတ်ဆိုလည်း ချွတ်ပေးလိုက်မယ် ထွက်ဆိုလည်းထွက်ပေးလိုက်မယ် မင်းဒီကျောင်းကြီးပေးဆိုလည်းပေးလိုက်မယ် မင်းလည်ပင်းဖြတ်မယ်ဆိုလည်း အဖြတ်ခံလိုက်မယ် ခံမယ်ဒီက ဒီကနားလည်နေပြီနော် ဒါကြောင့်မို့ကိုယ် ဖအေတွေကိုယ်အမေတွေ ဒီမျိုးစေ့လာ ပေးတာအသေခံပြီးတော့တောထဲမှာ ကျင့်ထားတဲ့ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကျင့်ထားပြီးတော့သိမှ လာပေးတာအဲဒီ မျိုးစေ့ကမင်္ဂမျိုးစေ့ခေါ်တယ် မင်္ဂအောင်တဲ့ရဟန်းခေါ်တယ် သိုက်တို့၊ ဓါတ်တို့၊ နတ်တို့အကုန်ပိုင်တယ်သူ့ခိုင်း ကြည့်ကြည့်မယ်ဆိုလာပြမယ် နက်ဖြန်ခါခင်ဗျားတို့ကြည့်ချင်ပါတယ် သိုက်ကိုကြည့်ပါတယ် ဓါတ်ကိုကြည့်ချင်ပါတယ် နတ်ကိုကြည့်ချင်ပါတယ်ဆိုလာခေါ်ပေးမယ် မင်းယုံကြည်ကွာတဲ့မင်းတို့တောင်ပိုင်ကွင်းပိုင်၊ တစ္ဆေ သရဲ ယက္ခ၊ ဂုမ္ဘာန် ဂန္ဓဗ္ဗတွေစာထဲမှာရှိသလားရှိရင်မင်းသိသလား မင်းဘာကြောင့်မသိသလဲ မင်းအဝိဇ္ဇာ ဝိဇ္ဇာဉာဏ်ကသိတယ်ထုတ်တော့ မပြတတ်ဘူးနော် ဒီသဘောတွေရှိတယ် မင်းစာငါမတတ်ဘူးငါတတ်ချင်တယ် ပါဠိကိုဗမာလိုဖြေတာကအနက် စာမတတ်ဘူးနော် အနက်တဲ့ ဗမာလိုပြောတာပါဠိဆိုတာ ဘန္တေအဲဒါပါဠိစကား ဗမာလိုဘုရား အဲဒီနှစ်ခုသွားတာ ဘန္တေအရှင်ဘုရား ဒါမှန်တယ်ဟုတ်တယ် အစစ်ဘဲသူလည်းသူတက်သန္တေ့ သာသနာပြုတာကိုယ်လည်းကိုယ်တတ်

သရွေ့သာသနာပြုတာနော် ဘယ်သူ့ကိုမှမရှုံ့ချဘူး၊ ဘယ်သူ့ကိုမှမနှိပ်ချဘူး မပုတ်တာလည်းမလုပ်ဘူး တွေ့လား အာရုံကိုပယ်ထားတာအာရုံထိန်းတာဘဲ ဒါအရိယာထသစ္စာခေါ်တယ် သမုတိသစ္စာကကံနဲ့ကာယကံနဲ့ဝစီကံကိုထိန်း တာအဲဒါသမုတိသစ္စာဒီလောက်ဘဲဟောပေးလိုက်မယ် အဲဒါခင်ဗျားတို့လှူတတ်ဖို့လိုတယ်ခင်ဗျားတို့ကတော့ သံဃိကပုဂ္ဂိုလ်မရွေးနဲ့ခင်ဗျားတို့လှူမှ ကုသိုလ်ကံရမှာခင်ဗျားတို့ကဒါကို အမြဲတမ်းအပ္ပာဒေနသမ္မဒေထခင်ဗျားတို့မှာ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ (၄)ခုစလုံးဖြစ်နေပြီး အဲဒါလေးကိုလှူမှသမ္မာဖြစ်မယ် အဲဒါလေးကိုလုပ် အဲဒီအလှူခံပုဂ္ဂိုလ်ကိုရွေး မလှူနဲ့နော်ခင်ဗျားကြရာ ကြရာလှူလိုက်လှူမှ အကျိုးကုသိုလ်ကံ အဲဒီကုသိုလ်ကံနဲ့ ဓမ္မနဲ့ပေါင်းမယ် ကုသလာနံဓမ္မနံဟောတုပစ္စယော အဲဒါလုစွမ်းကောင်းနဲ့သွားပေါင်းလိုက်တာရရော အဲဒါသီလတော့ လုပ်သီလကခင်ဗျားလုပ်မှရမယ် အဲဒီသီလဟာအပြင်မှာ စင်ကြယ်ရင်ခန္ဓာမှာစင်ကြယ်မယ် ခန္ဓာမှာစင်ကြယ်ရင်ဉာဏ်မှာ စင်ကြယ်မယ် အဲဒီတော့အပြင်မှာလည်းစင်ကြယ် ဝစီချိုချိုသာသာနဲ့ယဉ်ယဉ်ကျေးကျေးနဲ့ သိမ်သိမ်မွေ့မွေ့နဲ့ စကားပြော ဖအေကိုလည်းရိုရိုသေသေနဲ့ပြော မအေကိုလည်းရိုရိုသေသေနဲ့ပြော အဲဒါအပြင်စင်ကြယ်အောင်လုပ်အတွင်း စင်ကြယ်မှ အပြင်စင်ကြယ်မယ် အတွင်းကတော့ကောက်ထားတယ် ဖေဖေဘာညာဆိုပြီးလိမ်တယ် လိမ်တတ် ရော အဲဒီအမျိုးသမီးလေး အဖေအမေကိုမလိမ်နဲ့ ကိုယ်ထက်ကြီးသူကိုရိုသေပါ ကိုယ်နဲ့တန်းတူကိုကြင်နာပါ ကိုယ်အောက်ကသူကိုသနားပါ ကိုယ်ကျင့်တရားထားပါ ဗြဟ္မစိုတရားထားပါ သံဝေဂတရားထားပါ ကိုယ့်ကိုယ် ကိုယ်ရာဇမာန်တွေ၊ နေမာန်တွေ၊ ပစ္စည်းမာန်တွေဟော မစွဲနဲ့တဲ့၊ ပညတ်သွားမစွဲနဲ့တဲ့ ခင်ဗျားတို့မစွဲနဲ့တဲ့ စွဲရင်ဥပါဒါန် ကံတွေဖြစ်သွားလိမ့်မယ်တဲ့ သဘောလေးနာနော် ကိုယ်စိတ်ကိုယ်စစ် ကိုယ်စိတ်ကိုဘာနဲ့စစ်မလဲ စစ်မဲ့တရားရှိတယ် ဘုရားထားဖြစ်ခဲ့တယ် မဂ္ဂင်နဲ့စစ် အဲဒီတော့ မဂ္ဂင်နဲ့စစ်ပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမှန်ဒါကိုကျင့် ပါတယ် မှန်တာကိုပြောပါတယ်၊ မှန်တာကိုအသက်မွေးဝမ်းကျောင်းပြုပါတယ် အဲဒါသီလမဂ္ဂင်ဟာဘာကြောင့် သီလမဂ္ဂင်အမည်နာမတပ်သလဲ အေးမဂ္ဂင်ရှစ်ပါးဘုရားက(၃၁)ဘုံလွတ်တာ ဒီလမ်းဘဲကွတဲ့ အဲဒီတော့ခင်ဗျား ဘာလည်းတင်ပလ္လင်ခွေတယ်အာရုံ(၅)ပါးပါယ်ပြီး ခင်ဗျားအာရုံ(၅)ပါပယ်ပြီး ဒုစရိုက်မိစ္ဆာအယူဝါဒဒုစရုက်(၁၀)ပါး လည်း ပယ်ပြီး ဘယ်အကောင်သတ်မလည်းမနေ့ မနေ့ကဘာလည်း အာရုံနဲ့မပေါင်းတော့ဘူး မပေါင်းရင်ဗျာပါဒ၊ အဘိဇ္ဈာ ဝန်တိုမိစ္ဆာ ကုက္ကုစစိတ်၊ ဒေါသစိတ်၊ လောဘစိတ်၊ မောဟစိတ်၊ မောဟသတ်ပြီ အဲဒါတွေ ဒီစိတ်တွေမရှိဘူး အာရုံ(၅)ပါး ပယ်တဲ့နောက်တော့ ဒါတွေဘယ်ရှိတော့မလဲဗျတွေးကြည့်ဟော အာရုံ(၅)ပါးမပယ်ဘူးဆိုရင်တော့ ကြာနေပြီး ကိုယ့်အိမ်မှာကိုယ်ဆေးလိပ်သောက်တယ် လဖ္ဘက်ရည်ဆိုင်မှာ လဖ္ဘက်ရည်သွားသောက်တယ် လမ်းသွား တယ်ဒါအာရုံနဲ့ပေါင်းထားတာဘဲခင်ဗျားကိုဆဲရင်ခင်ဗျားမခံနိုင်တော့ဘူး ဟာခင်ဗျားကိုကောင်းတာပြောရင်ခင်ဗျား သာယာပြီး ဟာအစွဲတရားကမလွှတ်တော့ဘူး အဲဒါမဂ္ဂင်အဲဒါရှစ်ပါးအစတက်ပြီ အာရုံကိုလည်းပယ်ပြီ ကြားတာကို လည်းပယ်ပြီ မြင်တာကိုလည်းပယ်ပြီ၊ နံတာကိုလည်းပယ်ပြီ၊ စားတာကိုလည်းပယ်ပြီ၊ ထိတာကိုလည်းပယ်ပြီ အာရုံ(၅)ပါး သမုတိ အာရုံ ပစ္စုပ္ပန်အာရုံပယ်ထားတာ အတိတ်ရဲ့ကံသတ်မယ် အတိတ်ရဲ့ကံဟာဟောဒီကိလေသာ ရုပ်မှာရှိတယ် အဲဒီ အတိတ်ရဲ့ကံ အဲဒီကိလေသာရုပ်က ဒေါ်ခုန်းမေနဲ့ ဦးချိုးတိုးတို့ပေါင်းသင်းလာတဲ့ကိလေသာဘာက စသလဲ တဏှာက စလာလို့ ဒီရုပ်ရတာ အဲဒီအဖေနဲ့အမေကတဏှာကစတာ အမြင်အာရုံမှာအဲဒါကနေဖြစ်တာအဲဒါ ရုပ်ကြီးဖြစ်လာတယ် အဲဒီအကောင်ကိုသတ်မယ် အဲဒီအကောင်းကိုသတ်ရင် ဒေါ်ခုန်းမေနဲ့ ဦးချိုးတိုးဟာအပြင်အာရုံ

ယူတောတဏှာကြောင့်ကိလေသာဖြစ်ရတာ အဲဒီတော့ ကြားတာလည်းပယ်ပြီး၊ နံတာလည်းပယ်ပြီး၊ စားတာလည်းပယ်ပြီး၊ ထိတာလည်း ပယ်ပြီး ပေါအာရုံ(၅)ပါး အဲဒီတော့ ကိလေသာထဲမှာအုပ်ထားတဲ့ကံသတ်မယ်အဲဒီကိလေသာမှာ တဏှာတွေရှိတယ်ဗျ အဲဒီအာရုံနဲ့သွားပေါင်းရင် ဒုက္ခတွေရောက်ကုန်မယ် အဲဒါပယ်တာဘဲဗျိုပယ်တော့မှ ဟာတစ်ကုတ်ကုတ် ချနေတာဘဲ စာလည်းမတတ်ပေလည်းမတတ် ထိတာကရုပ် သိတာကနာမ်ဆိုလဲမဆိုဘူး နင်းကန်ရှုတာဘဲဟာ ဘာလို့နင်းကန်ရှုလည်း ဦးမြမောင်ရဲ့ဟာ ငါတော့ဒီတောထဲကနေပြီးတော့ ငါ့မိန်းမကိုလွမ်းလွမ်း တွေးတယ်ကွာ သမီးတွေလည်း တွေဟာလင်များရပြီလား သားတွေဘာများလုပ်ကိုင်နေကြသလဲ တောထဲကနေ တွေးနေတာ ဟာဒါဘာစိတ်လည်းငါးတွေးလို့ဖွဲ့တာဘဲဒါ လောကီစိတ်တွေဘဲဟာ အဲဒီအာရုံလာပြီးတော့ အပြင်ပစ္စုပ္ပန်အာရုံကလာ ပြီးတော့ နှောက်ယှက်နေပါလား စေတသိတ်စိတ်စေတသိတ်မသေသေးဘူး ဟာချနေတာဘဲတစ်ကုတ်ကုတ်ချတော့ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ် အပြင်ပစ္စုပ္ပန်အာရုံ(၅)ပါး မနှောလာမစိုက်ဘူးဗျို့ ဟာအဲဒီတော့ မြင်စိတ်ရယ်၊ စေတသိတ်ရယ် မဂ်ကလုပ်ထားတယ် မဂ်ကလေးကချထားတာ အဲဒီတော့မှ စိတ်နဲ့စေတသိတ်ကမနှောက်ယှက်တော့ဘူး အဲဒီလိုအာရုံမျိုးကိုရမှသာလျှင် အကျိုးတရားက ကိလေသာကိုသတ်တော့မယ်နော် ဒါကြောင့်မို့စိတ်စေတသိတ် ရုပ်အဲဒီ(၃)ချက်ကိုယ့်ကို မနှောက်ယှက်တော့ဘူးဆို အဲဒါနိဗ္ဗာန်ဘဲ့ဗျိုနီးနီးလေးဘဲ အလုပ်မှန်ဖို့လိုတယ် အနေမှန်ဖို့လိုတယ် အစားမှန်ဖို့လိုတယ် အသိမှန်ဖို့လိုတယ် ပယ်တာမှန်ဖို့လိုတယ် ကျင့်တာမှန်ဖို့လိုတယ် သိတာမှန်ဖို့လိုတယ် ခင်ဗျားတို့အပေါ်မူတည်တယ်နော် ဒါအနုသယသတ် တာအဲခင်ဗျားတို့ကတော့ တရားနာပြီးတော့ရေကန်ထဲမှော်ကြီးလိုပစ်ချတော့ ပင်စည်လေးတော့တွေ့ပါရဲ့ မှော်က ပြန်အုပ်တာဘဲ အနုသယအာရုံကိုပေါတဲ့တရား အဲဒီလိုအာရုံပေါ်ကို သစ္စာထားနိုင်တာက အရိယတ္တရဟန်းခေါ်တယ် အဲဒီလိုအရိယတ္တရဟန်းလျှုလိုက်တဲ့အကျိုးတွေခင်ဗျားကလည်း ဗုဒ္ဓမုဋ္ဌပရဆိုတဲ့ နှလုံးသားထဲကစေတနာ စက္ခုအာရုံ နားသောကအာရုံမှာ သဒ္ဒါတွေနဲ့လျှုလိုက်တာဗျ အမယ်လေးဟဲ့ပါတော့ပါတယ် တဏှာတော့ပါတာပေါ့ ကိုယ်လည်း ဘယ်လွတ်အုံးမလဲ ဒါပေမဲ့ ဒိဋ္ဌိဖြစ်တာမိစ္ဆာဒိဋ္ဌိမဟုတ်တော့ဘူး ဒိဋ္ဌိတွေပါနေလို့ အဲဒီဒိဋ္ဌိသာသတ်လိုက်ရင်ပြီးပြီ ခင်ဗျားလည်း ဟာတဏှာပြတ်ပြီးဒါကြောင့်မို့ အဲဒီလိုကျင့်ပြီးတော့ အဲဒီလိုသိပြီးတော့ ကိုယ်အဖေလိုကိုယ့်အမေလို ကိုယ့်အစ်ကိုလိုလာပြီးတော့ အသိတရားလာပြောတာ စာတော့တတ်တာမဟုတ်ဘူးဦးပဏ္ဍိတဟာ လူဘဝကမြမောင် မြမောင်ဟာအင်္ဂလိပ်ခေတ်ကလည်းရှုပ်သူများ ပစ္စည်းတွေလိမ်တယ်ခိုးတယ်၊ ဆေးခြောက်တွေရှုတယ် မကောင်းတဲ့ ဒုစရိုက်တွေလုပ်တယ် ဒါစွဲလို့လုပ်တာပေါ့ ဂျပန်ခေတ်ကတော့ အဝတ်တောင်ဝတ်စရာမရှိပါဘူးဗျာ ဒီလူဟာသိပ်ရှုပ် တာ ဒီလူဟာလူတော့မသတ်ဘူးအဲသူများခိုးရင်အကုန်လုပ်တယ် ပိုက်ဆံရတယ်၊ ရေတွင်းတွေလည်းတူး၊ အိမ်သာ တွေဆောက် ထမင်းတစ်လုတ်စားဖို့ဘာဖြစ်ဖြစ်သူလုပ်တာစွဲလို့သူလုပ်တာပေါ့ဗျ အဲဂျပန်ခေတ်လည်းမကောင်းဘူး နိုင်ငံတော်ဦးနုအုပ်ချုပ်တဲ့ခေတ်လည်းမကောင်းဘူး ပေါဒီဇမာအစိုးရတက်လာမှ သူဒုက္ခတွေရောက် အဲဒါ ၅ကျပ် ပြားငှဝလုပ်အဲလုပ်တာဆောက်လုပ်ရေးတွေလည်းမရှိတော့ဘူး အဲတော့ထမင်းဝတ်ပြီး အဲဒီတော့ကျင့်တာကျင့်တော့မှ သိတာပေါဒီအစိုးရလက်ထက်ကျမှသိတာနော် လုပ်ကြပါခင်ဗျားတို့ မိုးကျောခိုင်သွားလိမ့်မယ်နော် ခင်ဗျားတို့ ပစ္စည်းဘယ်လောက်ချမ်းသာချမ်းသာ အဲဒီချမ်းသာတဲ့အပေါ်မှာ မျှောမနေနဲ့ အနတ္တကိုမြင်အောင်လုပ် အနိစ္စ၊ ဒုက္ခ အနတ္တအင်းခင်ဗျားတို့ ဒီကအကုန်ပြန်မှာ အခုပေါနေတာရုပ်ပေါနေတာရုပ်ကြီးကအိုမယ်နာမယ်သေမယ် စိတ်က

မအိုဘူး အဲဒီစိတ်ကလေးကို ထိန်းထားစိတ်ကိုရှေ့စိတ်နဲ့နောက်စိတ်ကိုထိန်းထား ငါပြောရင်ကောင်းမလားမပြောရင် ကောင်းမလား မကောင်းရင်မပြောနဲ့ အလုပ်ကိုလုပ်စိတ်ကိုထိန်းထား ဘာနဲ့ထိန်းမလဲစိတ်ကိုမဂ်နဲ့ထိန်းထား စိတ်ကို ပညာနဲ့ထိန်းထားစိတ်ကိုသညာနဲ့ မထိန်းနဲ့တဲ့ အဲဒီတော့အာရုံပေါ်မှာ မှန်တယ်အဲဒီတော့ ငါစိတ်ကလေးသာယာလား ငါသာယာလား ငါစိတ်ကလေးဆင်ရဲလားဟောစိတ်မဆင်းရဲပါစေနဲ့တဲ့ ရုပ်ဆင်းရဲပါစေတဲ့ဟာနော်စိတ်ကလေးမဆင်း ရဲပါစေနဲ့ ရုပ်ဆင်းရဲပါစေတဲ့ အဲဒီစကားလေးမှတ်ထား အဲစိတ်ဆင်းရဲတာကသွားပြီးတော့ သမီးလေးလင်နောက်လိုက်ချင် မအေဟာ သောကပရိဒေဝပူတယ် သားသေလည်းပူရတယ်ဟာ ဒီအပူဘာနဲ့သတ်မလဲခင်ဗျား ဒီနေ့ဆရာတော်ရဲ့ ကျောင်းရှစ်ပါးသီလယူလာပြီး အဲဒီသီလနဲ့ သတ်လို့ရပ့ါမလား ဒီဥပါဒါန်အပူဟာ ဒီနေ့သမီးလေးတစ်ခုခုဖြစ်သွားတယ် အမေသမီးလေးကိုစွဲလို့ပူတာ ဒီအစွဲဥပါဒါန်ဘာနဲ့ဖြတ်မလဲ သီလနဲ့လည်းဖြတ်လို့မရဘူး သမာဓိနဲ့လည်းဖြတ်လို့မရဘူး မဂ်ဉာဏ်နဲ့မှ ဖြတ်တာဟာခင်ဗျားတို့အသေအချာပြောပေးမယ်သိကြပါ အပြင်မှာစင်ကြယ်ပါစေ၊ သူများပစ္စည်းတွေ မတော်လောဘတွေမလုပ်ကြပါနဲ့ မှန်တာကိုလုပ်ပါမမှန်တာကိုမလုပ်ပါနဲ့ အဲဒါတွေနေတတ်ဖို့လိုတယ် သူများမြေကို မချဲ့နဲ့ ဘာလုပ်ဖို့လည်း ဒါလေးကိုသစ္စာထားသမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္တသစ္စာ၊ အရိယာသစ္စာ သစ္စာတွေ ဒီသစ္စာတွေထားမှ ဝိသုဒ္ဓိစင်ကြယ်မယ် မနောစင်ကြယ်မယ် ဒီသစ္စာတွေမှမရှိတာဗျာ ခင်ဗျားတို့ဘာဖြစ်အုံး မှာလည်း အဲဒီတော့ဟောအခုသာသနာ ၂၅၀၀ကျော်ပြီ ခင်ဗျားတို့ကိုပြောသွားမယ် ကပ်ကြီး(၃)ပါး ရှိတယ် ရန်သူ မျိုး(၅)ပါးရှိတယ် ဒါဘုရားဟောထားတာ အဲဒါကိုလွတ်အောင်နေ ဝိပဿနာလုပ်တဲ့သူကတော့ လွတ်လိမ့်မယ် အဲကိုယ်စိတ်ကိုကိုယ်ထိန်းထားပြီးမဂ်နဲ့ထိန်းထားပြီး ဘယ်သူကဘဲပါးရိုက်ရိုက်သူသီးခံမယ် သူသိသွားပြီးလေ အဲဒီတော့ ဒါလေးတွေထိန်းထား အခုသာသနာ၂၅၀၀ကျော်လာပြီး ဘုရားသာသနာ၊ သိကြားကကူပြီ အဲဒီတော့ သာသနာ၅၀၀၀ဘုရားရဲ့သာသနာ၂၅၀၀ကုန်ပြီသိကြားက၂၅၀၀ယူထားပြီး အဲဒီတော့ သိကြားကယူထားပြီး အဲဒီတော့ ဘာတွေလာလည်းယက်သဲကြားငါးတင်တင်တဲ့ ငါးကြောင်စားကျန်တဲ့ငါး ဘုရားကယ်မယ် အဲဒီတော့ ဘယ်လိုအဖြေတွေပြောမလဲ မင်းတို့ယူတဲ့ (၅)ပါးသီလက ပါဏာတိပါတာ၊ အာဒိန္နာဒါနာ ခဏပေ့ါ ရှောင်ထားတဲ့တရား သူများအသက်မသတ်ပါဘူး၊ သူများပစ္စည်းမခိုးပါဘူး၊ သူများသားမယားမဖျက်စီးပါဘူး၊ သေရည် သေရက်မသောက်ပါဘူး ဝိကာလဘောဇနမစားပါဘူး အဲမင်းတို့(၅)ပါးသီလယူထားပြီး ဟောဒီဥပါဒါန်ကျတော့ မင်းတို့သတ်လို့မရဘူးမင်းတို့အာရုံရဲ့အကြောင်းကိုမသိဘူး အဲဒီတော့ သစ္စာပျက်လိမ့်မယ် အဲဒီတော့ အဲဒီအာရုံ (၅)ပါးကိုစက္ခုအာရုံမှာလည်း မင်းပယ်လိုက်ပါ နားသောတမှာလည်းပယ်လိုက်ပါ၊ နှံသာမှာလည်းပယ်လိုက်ပါ၊ ဇိဝှါမှာလည်းပယ်လိုက်ပါ အဲဒီတော့အာရုံ(၅)ပါးကိုပယ်ရင်မင်းကို ဘုရားကကူလိမ့်မယ် အဲဒီအာရုံ(၅)ပါးကို လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေစွဲလန်းတဲ့ ဥပါဒါန်တွေရှိရင် မင်းပါအစော်ခံရလိမ့်မယ် စိတ်သာချ အဲဒါဘဲ အဲဒါတွေသိပ်အရေးကြီးတယ် ဒီခေတ်ကာလမှာမလွယ်ဘူး ကုတ်ကုတ်ကလေးနေဘယ်သူက ဘာပြောပြော ကုတ်ကုတ်ကလေးနေပါ ကိုယ်အသိမှန်ဖို့လိုတယ် ဘယ်သူဘာပြောပြောသည်းခံပါ အာရုံတွေပေါ်မှာသည်းခံပါ မင်းစေတနာမပျက်နဲ့မင်းအတွင်းစေတနာကိုမပျက်နဲ့ မင်းမြင်လိုက်တဲ့အာရုံမှာမင်းညီမလေးကို ဟိုကဘာဆဲဆဲ မင်းစေတနာမပျက်နဲ့ အဲဒါတွေမင်းထိန်းထားပါစိတ်ကိုထိန်းထားပါ စိတ်ကိုစိတ်နဲ့ထိန်းပါ အဲဒါလေး တွေလိုတယ် အဲဒီတော့ စိတ်ကိုစိတ်နဲ့ထိန်းတော့ မဂ္ဂင်ရှစ်ပါးရဲ့ ဝိပဿနာကိုမလုပ်တော့ မင်းစိတ်ကို

ပယ်လိုက် မထိန်းလို့မရတော့ဘူး အဲဒီတော့မင်းတို့ခံ အဲဒီတော့မင်းတို့ပင်ရင်းမူလစိတ်ကို မဂ္ဂင်ရှစ်ပါးနဲ့ မင်းစစ်ပါ စစ်လို့မင်းဟာသမာဓိ သီလတွေဖြစ်လာလိမ့်မယ် ပညာတွေပြည့်စုံရင် အဲဒီတော့မင်းစိတ်ကလေးဟာ စိတ်ပြောင်း သွားလိမ့်မယ် သွေးသားပြောင်းလို့ စိတ်ပြောင်းတာသွေးသားဟာ ကိလေသာသတ်ပစ်ကိလေသာ ဒေါ်အုန်းမေတို့ ဦးချိုးတိုးတို့ မွေးထားတဲ့ ကိလေးသာသတ်ပစ်သတ်ပစ်မှ မင်းစိတ်ကလေးဟာ စိတ်ပြောင်းသွားလိမ်မယ် သွေးသား ပြောင်းလို့စိတ်ပြောင်းတာ သွေးသားဟာကိလေသာ အဲဒီစိတ်ကိုပြောပြီး ဟာမင်းဘယ်လောက်ကောင်းသလဲ မင်းကိလေသာသတ်ပစ် ကိလေသာဒေါ်အုန်မေတို့ ဦးချိုးတိုးတို့ မွေးထားတဲ့ ကိလေသာသတ်ပစ် သတ်ပစ်မှ မင်းစိတ် ကလေးဟာ အဲဒီစိတ်ကလေးဟာဖမ်းလို့ရမယ် အဲဒါကိလေသာဟာသွေးသားပြောင်းတယ် ဟောမင်းမူလမွေးလာ ကတည်းက ဒေါ်အုန်းမေတို့ ဦးချိုးတိုး ကိလေသာချည်းဘဲသွေးသားပြောင်းတော့ စိတ်ပြောင်းတယ် ဟာအဲဒါဘဲ ပြောလိုက်တယ် စာမတတ်ဘူးတဲ့ အဲဒီတော့ဘာသွေးသားလည်း ခမ္မသွေးသားတွေဖြစ်ပြီး ဟာစင်ကြယ်သွားပြီး စိတ်ကလည်းစင်ကြယ်တယ် သွေးသားကလည်းစင်ကြယ်ပြီး ဟာပြီးပြီတဲ့ဘယ်လောက်ကောင်းသလဲ ဒါကိုလုပ်ပါ ခင်ဗျားတို့ကို ဖအေလိုအောက်မေ့တယ် မအေလိုအောက်မေ့တယ် အလုပ်လည်းသမ္မာနဲ့လုပ်ပါ မိစ္ဆာနဲ့သွားမလုပ်နဲ့ အပြင်မှာသမ္မာနဲ့လုပ်ပါ အတွင်းမှာအတ္တကိုပယ်ပါ အနတ္တကိုသွင်းပါ အနတ္တကိုသွင်းအတွင်းမှာ ထိတာကရုပ် ရုပ်ကလဲမမြဲဘူးနာမ်ကလည်းမမြဲဘူး အဲဒါအနတ္တ အတ္တပယ်လိမ့်မယ် ဟောအပြင်မှာသမ္မာကိုယ်ထက်ကြီးတဲ့သူကို ရိုသေပါ ကိုယ်နဲ့တန်းတူကိုကြင်နာပါ ကိုယ့်အောက်ကသူကိုသနားပါ ကိုယ်ကျင့်တရားထားပါ ဖြာပွာမှိုတရားထားပါ အတွင်းနဲ့အပြင်ကို ညီမျှပါစေ အပြင်ပြောလိုက်တဲ့ပါးစပ် ဝစီကံကပြောလိုက်တဲ့ ပါးစပ်မနောနဲ့တစ်ထပ်တည်းဖြစ်ပါစေ အဲဒီတော့မနောနဲ့ ဟောဒီမနောနဲ့ ဟောဒီပါးစပ်နဲ့ပြောလိုက်တဲ့အခါမှာ ဟဲ့မောင်လေးရယ်အတွင်းမှာလည်း စေတနာ ထားပါစေတနာထားမှ မောင်လေးလည်းစေတနာမှန် မယ်အဲဒီတော့ မောင်လေးတော့ပြောပါတယ် အတွင်းမှာ ကောက်ကျစ်စင်းလဲတယ် ဟောအဲဒါကောက်ကျစ်စင်းလဲတယ် ပြောပြဒုံးမယ် စာတော့မတတ်ဘူး ဥပမာနဲ့ပြော မှာပေါ့ဗျာ ဟော့ကောင်တွေမင်းတို့လာကြတဲ့ ဘူယေ်ချင်းအပေါင်းအသင်းတွေ ဖိတ်ခေါ်တာဦးဇင်းတော့ အနားမှာ ကြားဖူးတယ်မြင်တော့ မမြင်ရဘူး ဦးဇင်းတို့မြောင်းမြနားမှာလာကွာတဲ့ မင်းတို့အကုန်လာကြကွာတဲ့ သူငယ်ချင်း ရေတဲ့ ဟိုတုန်းကသူငယ်ချင်းတွေ သစ္စာပျက်တဲ့အကောင်တွေပါဗျာ သူပုန်တွေပေါ့ အဲဒီအကောင်ပေ့ဟာ တစ်ကောင်မှမကောင်းပါဘူးဗျာ ဖိတ်ခေါ်ပြီးတော့ ထမင်းကျွေးတယ်ဗျို့ ထမင်းလည်းစားလည်းပြီးရောတစ်ခါတည်း ချိန်ထားတာဘဲ ထုတ်ထုတ်အကုန်ထုတ်အဲလူပေါင်း(၂၀)လောက်ရှိတယ် အကုန်သတ်ပစ်တယ်ကြည့်စမ်းပါဒုံး အပြင်ကတော့ညီအစ်ကိုလိုပေါင်းတာ အတွင်းမှာ ကောက်ထားတယ် ဘယ်လောက်ကြောက်ဖို့ကောင်းလည်းလို့ ကြည့်စမ်းသေကုန်တယ် ဒါဘာကောင်းလည်းလို့ အဲဒါစာနာတဲ့စိတ်မရှိဘူး ကျင့်ထားတဲ့အသိမရှိတော့ မစာနာ တော့ဘူးနော် အဲဒီတော့ မလုပ်ကြပါနဲ့တောင်းပန်ပါတယ်သူများအသက်တွေမသက်နဲ့ ငါးတွေမသတ်နဲ့ ကြက်တွေ မသတ်နဲ့ ဘာဖြစ်ဖြစ်ကုတ်ကုတ်ကလေးနေနိုင်ငံတော်အစိုးရပြောရင်နားထောင် သူကတိုင်းပြည်မှာအုပ်ချုပ်တာ ဘုရင်သူကဘုရင်ခင်ဗျားတို့ဘာပြောပြောဟုတ်ကဲ့ပါ ဟုတ်ကဲ့ဗျာသူ့ရဲကောင်းစားမှအေးငြိမ်းမှ ခင်ဗျားတို့ရဲ့ အဲဒီ သစ်ပင်ကြီးကောင်းမှ ခင်ဗျားတို့သစ်ရိပ်တွေရမှာဗျနေတတ်ဖို့လိုတယ် စားတက်ဖို့လိုတယ် အကုန်းလုံးခင်ဗျားတို့ ကောင်းမှာ အဲဒီသစ်ပင်ကြီး ဒရိပ်ကြီးကောင်းလာရင် ခင်ဗျားတို့ဟောနေပူထဲမထွက်ရတော့ဘူးဗျို့ အဲဒီသစ်တစ်ပင်

ကောင်းငှက်တစ်သောင်းနားတယ်တဲ့ အဲဒီတော့တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ ဟိုကကျွန်းပင်ကြီး ခင်ဗျာတို့ကကိုင်းပင်လေးသွားမလုပ်နဲ့ အေးတုတ်ကဲ့ ဟုတ်ကဲ့သူခမျောတွေ သူ့ဘက်ကပြန်ကြည့်အကြီးအကျယ်လုပ်ရတယ် သူခမျောသူ့ဘဲသိတယ် ကိုယ်လည်းကိုယ်ဟာကိုယ်ဘဲသိတယ် တစ်ယောက်နဲ့တစ်ယောက်အပြစ်မလုပ်ကြနဲ့တဲ့ ဒီလောက်ဆိုပြီးရောပေါ့ဗျာ သာဓု သာဓု သာဓုပါဘုရား . . .

ကျင့်ကြပါတရားကိုလုပ်ကြမရှိတော့ဘူး ဦးဇင်းကအသက်နဲ့လဲပေးတာနော် ဒုက္ခသစ္စာကိုယ်အဖေအမေစကားနားထောင်တိုင်းသူပြည်သား ပုဂ္ဂိုလ်တွေပြောရင်နားထောင်နော် ခံမပြောနဲ့အင်မတန်ထူးတဲ့ အသိပညာတွေပါနော် ခင်ဗျားတို့ကိုယ်အလုပ်ကလေးကိုယ်မှန်မှန်လုပ် ပိုက်ဆံတွေမဖြုန်းနဲ့နော် ချဲတွေဘာတွေမထိုးနဲ့ မကောင်းဘူးနော် စီးကရက်တွေပါတွေမသောက်နဲ့ ပုဆိုးလေးကိုလှည့်ဝတ်တပ်ပေါ်စချိုးချန် ကုတ်ကုတ်ကလေးနေ ဒီဝတ္ထု ရှိမှစိတ်ချမ်းသာတာ စိတ်ချမ်းသာရင်စိတ်အေးတဲ့နေရာကိုလုပ်အုံးနော် အဆင့်တွေရှိတယ်ပြန်ကြမှာ ခင်ဗျားတို့လည်းပြန်မှာ ဦးပဏ္ဍိလည်းပြန်မှာ ခေါင်းတောင်ဝယ်ထားပြီ အနတ္တတရားကြီး လူတွေဖြစ်နေတာအတ္တတွေအစွဲတွေဖြစ်နေတယ် အဲဒါလေးသတိထားပေတော့ ဒီလောက်ဆိုပြီးရောပေ့ါဗျာ သာဓု သာဓု သာဓု

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂)**


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

## ဝိသုဒ္ဓိမဟာဖြိုင်ကာစ္စဓမ္မာနီ ကျောင်းဆရာတော် ဆရာတော် ဦးပဏ္ဍိတ ၏ ခန္ဓာသိ၊ ခန္ဓာကျင့် ဝိသုဒ္ဓိဝိပဿနာတရားတော်၊ အမှတ်စဉ်(၁၂၂)

ဦးဖင်း က မြန်မာစာမတတ်ဘူး။ အဲဒီတော့ စာမတတ်တော့ အားလုံး သံဃာတော်အရှင်မြတ်တွေ၊ ရှင်သာမဏေတွေအားလုံး ဆရာတော်တွေ တပည့်တော်က စာမတတ်တော့ စကားပြောတဲ့အခါမှာ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါ။ စာအလျှင်းမတတ်လို့ပါ။ စာကိုပယ်တာမဟုတ်ပါဘူး။ မသင်ခဲ့လို့မတတ်ပါ။ ပြီးတော့လည်း တပည့်တော်က တောထွက်ပါ။ အသက်(၅၂)နှစ်အရွယ်မှ ဒီဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ခဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ။ အဲဒီတော့ အားလုံးရှိကြတဲ့ တရားနာကြတဲ့ ပရိတ်သတ်များနဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ အားလုံးရှိတဲ့ ဒကာလေးတွေ၊ ဒကာမလေးတွေ ဦးဖင်း ကနေပြီးတော့ တောင်းပန်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ စာပေကျမ်းဂန်မတတ်တဲ့အတွက်ကြောင့် စကားပြောတဲ့အခါမှာ မှားသွားခဲ့ရင် သည်းခံပါ။ သူတောင်းပန်ပါတယ်တဲ့။ ခန္ဓာသိနဲ့ စာသိပေါ့ဗျာ။ နှစ်ခုတိုက်မှ သဘောပေါက်မယ်နော်။ အဲဒီတော့ ဦးဖင်း က စာတော့မတတ်ပါဘူး။ ဒီနေ့ ဥပမာပြောကြမဲ့တရားဟောအရ သဗ္ဗေ အလုံးစုံသော သခ်ီရ အနိစ္စတဲ့။ ဒါဘုရားဟောအရ သဗ္ဗေ အလုံးစုံသော သခ်ီရဒုက္ခတဲ့။ သဗ္ဗေအလုံးစုံသော သခ်ီရအနတ္တတဲ့။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်ကို ကိလေသာရုပ်လို့ခေါ်ပါတယ်။ ဒီရုပ်တရားကြီးကိုခေါ်ပါတယ်။ အိုရဦးမယ်ဗျ၊ နာရဦးမယ်ဗျ၊ သေရဦးမယ်ဆိုပြီးတော့ ဒီလိုသဘောလေးပြောပြတဲ့အခါကျတော့ စိတ်ကလေးက ငါသည် အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရား အမှန်ပဲ။ ဒါအမှန်ပဲတဲ့။ အဲဒီတော့ ကောင်းတာလုပ်လို့ရှိရင်တော့ ကောင်းတာရောက်မယ်တဲ့၊ စိတ်ကောင်းနှလုံးကောင်းထားရင်တော့ ကောင်းတဲ့သုဂတိရောက်မှာပဲတဲ့။ မကောင်းတဲ့ ပုပ်ပုပ်စပ်စပ်နဲ့လုပ်ရင်တော့ မကောင်းတဲ့လမ်းသွားမှာပဲတဲ့။ အခုလည်းမကောင်း၊ နောင်လည်းမကောင်းဘူးတဲ့။ ဒါသတိပေးထားတာ။ တရားကတော့ မှန်တယ်ဗျို့ တရားစစ် တရားမှန်ရှိပါတယ်။ ခန္ဓာမှာရှိပါတယ်။ စာမှာလည်းရှိပါတယ်။ အဲဒီတော့ နိဗ္ဗာန်သည်တဲ့ ခန္ဓာမှစလို့ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်တဲ့နော်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ် ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်လို့ စာကရေးထားတယ်။ ဒါကြောင့်မို့ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်တဲ့။ အဲဒီတော့ ကံတရားပေါ့ဗျာ။ ကံဆိုတာ ဘယ်ကံကသံသရာလည်သလဲတဲ့။ ကာယကံကလည်သလားတဲ့၊ ဝစီကံက လည်သလား၊ မနောကံက လည်သလားတဲ့။ ကိုယ်စိတ်ကိုယ်စစ်ပါတဲ့။ ဘာနဲ့စစ်ရမလည်းတဲ့။ မဂ္ဂင်နဲ့စစ်ပါတဲ့။ မဂ္ဂင်နဲ့ စစ်တဲ့အခါကျတော့ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့အိမ်၊ ငါ့မိန်းမ၊ ငါ့သားဆိုတဲ့ အယူမယူပါဘူးတဲ့။ အဲဒီအယူကို

ယူမယ့်အမှတ်လည်း မယူပါဘူးတဲ့။ အမှတ်လည်း မယူရင်တဲ့ သညာ၊ သင်္ခါရ ဥပါဒါန်ကံမဖြစ်ဘူးပေါ့တဲ့။ ဝိပဿနာတရားက နှလုံးသွင်းလိုက်ပါတဲ့။ ဒါကြောင့်မို့ ကံတရားနော် ဘယ်ကံကသံသရာလည်လဲ။ မနောကံကလည်တယ်တဲ့။ သံသရာဘယ်ကစသလဲ။ မနောကံကစပါတယ်။ သံသရာဘယ်ကပြတ်သလဲ၊ မနောကံကပြတ်ပါတယ်တဲ့။ ပြတ်တာနဲ့လည်တာ ခင်ဗျားအပေါ်မှာမူတည်တယ်တဲ့။ အဲဒီတော့ သံသရာလည်တယ်။ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝဖြစ်ပါတယ်တဲ့။ ဥပမာပြောကြမယ် ဆိုရင် ဦးဇင်း က စာတော့မတတ်ဘူးတဲ့။ ဝေဿန္တရာမင်းကြီး ကိုကြည့်ပါတဲ့။ သားသမီးတွေကို လှူလိုက်တယ်တဲ့။ ပုဏ္ဏားကိုလှူလိုက်တဲ့အခါကျတော့ ပုဏ္ဏားကဆင်းပြီးတော့ ကလေးတွေကိုရိုက်တယ်တဲ့။ အဲဒီလိုရိုက်တဲ့အခါမှာ ဖအေ့ရှေ့မှာရိုက်တော့ ဖအေက အဲဒါကို အယူမှား၊ အမှတ်မှားပြီးတော့ သံလျှက်ကိုဆွဲတယ်တဲ့။ ဒါဘာလဲတဲ့ သားလေးတွေ သွားစွဲတာ တဏှာပဲတဲ့။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်တဲ့။ သီလ အတွင်းသီလပျက်သွားပြီတဲ့။ ၃၁ ဘုံလွတ်မယ့် သီလပျက်သွားပြီတဲ့။ အဲဒီတော့မှ ဝေဿန္တရာ ခေါင်းစိုက်သွားတယ်တဲ့။ ငါပညာလိုပါသေးလားတဲ့။ သားလေးတွေကို ငါစွဲလမ်းတဲ့အတွက် အစွဲမှားပါလား၊ အယူမှားပါလား။ သြော် ငါယူတာ အတ္တပါလား။ ငါလုပ်တဲ့ အလုပ်က အနတ္တပါလား။ ကိုင်း ကိုယ့်စိတ်ကိုယ်စစ်နော်။ တရားဆိုတာ တရားတော့ တရားပဲဗျ။ စစ်မှသိမယ်၊ သိမယ် ပယ်မယ်၊ ပယ်မှ မဂ်ဖိုလ်ကို တစ်ကယ်ရတယ်နော်။ မလိမ်ပါဘူးနော်။ ဒါကြောင့်မို့ စာမတတ်ပေမယ့် အထင်လည်းမသေးနဲ့၊ အထင်လည်းမကြီးနဲ့။ သူများမြှောက်တိုင်းလည်း မမြှောက်နဲ့။ သူများချောက်တိုင်းလည်း မကြောက်နဲ့။ အလယ်ကသာသွား။ အလယ်ကသွား အစွန်းလွတ်အောင်သွား။ အဲဒါ ကိုယ်ဟာကိုယ်သိလိမ့်မယ်။ အဲဒီတော့ တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်တယ်။ တရားအားထုတ်ကြပါတဲ့။ ဦးပဏ္ဍိတ က တရားအားထုတ်တဲ့အခါကျတော့ လက်ကလေးပိုက်ပြီး အကာနဲ့ အနှစ် ဒီနေရာမှာရွေးတော့ အကာဘာလဲ၊ အကာဆိုတာ အာရုံငါးပါး၊ အနှစ်ဆိုတာ မနော။ ဒါကြောင့် စာကရေးထားတယ်။ ပညတ်နဲ့ ပရမတ်လို့ခေါ်တယ်။ အဲဒီတော့ ပညတ်ကိုမပါယ်နဲ့၊ မစွဲနဲ့။ ပရမတ်ကိုတော့ မကွယ်နဲ့။ ဒါစာ ဒါစာနဲ့ ကိုယ့်စိတ်နဲ့ကိုယ်သိရမယ်။ သိမှ ထူးမြတ်တာနော်။ စာကတော့ မှန်တယ်။ ကိုယ့်စိတ်မမှန်ရင် အရိယာမခေါ်သေးဘူး။ သမုတိသစ္စာပဲခေါ်ဦးမယ်။ စာကရေးထားတယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာ ဒါစာရေးထားတယ်။ သိပ်ထူးတဲ့စာ။ ဒီစာတွေရှိလို့ ဒီအသိ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာနဲ့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ။ ကံတရားကိုပြောသွားမယ်။ ကံဆိုတာ ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုလုပ်တဲ့ကံရှိတယ်။ သံသရာဘယ်ကစသလဲ အဲတွေးပြီးတော့ ထိုင်နေတယ်။ ဘာမှမလုပ်ဘူး။ အဲဒီလူတစ်ယောက်က ထိုင်နေ

ပြီးတော့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဖြစ်လိုက် မနက်ဖြန်ခါ ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ် တွေးတောနေတယ်။ တွေးတယ်၊ ကြံစည်တယ်၊ ပြုလုပ်တယ်၊ အထမြောက်တယ်။ ဒါသဘောလေး သဘောလေး သဘောလေးကိုပြောသွားတာ။ တွေးနေတယ်။ မနက်ဖြန်ခါ ဘာလုပ်ရမယ်။ ဘာကိုင် ရမယ် အဲဒီတွေးတဲ့အတွေးကလည်း လောကီ ၃၁ ဘုံလည်တဲ့သဘောပေါ့နော်။ လောကုတ္တရာ မဟုတ်ပါဘူး။ လောကီအကြောင်းတွေ အဲတွေးနေတယ်။ လောဘတွေဖြစ်လာရင် ဒေါသတွေ ဖြစ်လာမယ်။ ဒါတွေကို သူတွေးနေတယ်။ ဟိုသူတစ်ယောက်ကို အဲဒီလိုတွေးတောနေတဲ့ ပုဂ္ဂိုလ်တစ် ယောက်နဲ့ သီလရှိနိုင်ပါ့မလား။ မရှိနိုင်ဘူးလားတဲ့။ စာမတတ်တဲ့ရဟန်းမေးပြီ။ ဒါက ကာယကံရှင်ပေါ် မှာမူတည်ပါတယ်တဲ့။ သီလပျက်တယ်တဲ့။ တပည့်တော် သဘောပေါက်ပါပြီဘုရားတဲ့။ သွားရော။ အဲဒီဘုန်းကြီးဘယ်ကလည်း။ အဲဒီဘုန်းကြီး ဝါးကျောင်းကတဲ့။ အဲဒီဘုန်းကြီးအေးသွားပြီတဲ့။ အဲဒီ ဆရာတော်က ဘယ်ကဆရာတော်လဲတဲ့ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာစခန်းတွေကို နယ်တွေကို လိုက်ပြတဲ့ဆရာတော်ကြီးပါပဲ။ အဲဒီဆရာတော်နဲ့ ဦးပဏ္ဍိတ နဲ့ မြို့ဦးရိပ်သာကျောင်းမှာတွေ့ချင်လို့ တစ်ယောက်နဲ့တစ်ယောက် ဆရာတော်ကြီးကိုဖူးပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စကားပြောကြ တာပေါ့။ ဒါကြောင့်မို့ ဒီမနောကံဟာ သံသရာလည်တာသူပဲဗျို့။ အဲဒီတော့ မနောကံရပ်အောင် ဘယ်လို လုပ်ရမလဲ ခင်ဗျားအပေါ်မှာမူတည်တယ်တဲ့။ ရေးထားတယ်နော် စိတ်ရယ်၊ စေတသိတ်ရယ်၊ ရုပ်ရယ် အဲဒီသုံးချက်ကိုမစွဲဘူးဆိုရင်တော့ ခင်ဗျားသိလာလိမ့်မယ်။ စိတ်ရဲ့အကြောင်း ဘယ်ကနေ ဓါတ် အကြောင်းရောက်သွားလိမ့်မယ် ခင်ဗျားသိလာလိမ့်မယ်။ အဲဒီတော့ စိတ်ဓါတ်တဲ့ ရေးထားတယ်။ ဓါတ်ဘက်ကိုကူးပြီနော်။ ဓါတ်ဘက်ကိုကူးတော့ ကြံလည်းမကြံဘူးဗျ။ လုပ်ချင်သလိုလုပ် တကယ် ကိုင်ချင်သလိုကိုင်ကြတယ်။ ဦးပဏ္ဍိတ က ထုတ်တော့မပြတတ်ဘူး။ ဓါတ်ရှိတယ်။ မေ္ဂဓါတ်ရှိတယ်။ ကိလေသာဓါတ်ရှိတယ်။ ဓါတ်ဆိုတာ အဲဒါပေါ့ဗျာ။ သွေး၊ သည်းခြေ၊ လေ၊ သလိပ် ခေါ်သမုတ်တယ်။ ဟိုဟာက ဘုရားဟောတာ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဒါဘုရားကျင့်တယ်။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်က ခင်ဗျားအသက် ၅၀ ကျော် ၆၀ အရွယ်ဆို သွေးသားနည်းတယ်၊ သည်းခြေကလည်း ဂယောင်ချောက်ခြားဖြစ်တယ်။ မကျင့်နိုင်တော့ဘူးနော်။ ခုနက သည်းခြေကလည်း ဘာလဲ ချွဲတွေ၊ လေတွေကလည်းခေါင်းပါးလာတဲ့အခါ ကျင့်ရင်သဘောပေါက်လာတယ်နော်။ အသက်ကြီးလာရင် ဒါကြောင့် အရွယ်သုံးမျိုးရှိတယ်။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် ကြိုးစားပါနော်။ သဒ္ဓါဆိုတာ ယုံကြည်တာပါ။ သဒ္ဓါကနေ ဘာလုပ်မလဲ။ ဝီရိယ ဝီရိယကနေ ဘာလုပ်မလဲ။ သူဘာလုပ် လဲ သီလကျင့်ရမယ်။ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာ

မစင်ကြယ်ဘူး။ အာရုံငါးပါးကို အမှတ်မှားတွေဖြစ်နေတယ်။ သိပ်နုတယ်။ တဏှာဟာ သိပ်နုတယ်။ ဒီကကြေငြာလိုက်ပြီ။ တဏှာပဲပေါ့။ ဒီရုပ်မှာက တဏှာရှိတယ်။ စိတ်ကလေးသာယာတာ တဏှာ။ စက္ခုလေးသာယာတာ တဏှာ၊ နားသောတလေးသာယာတာ တဏှာ၊ ဇိဝှါလေးသာယာတာ တဏှာ ကိုယ့်အသားလေးကို ကောင်းကောင်းမွန်မွန်နဲ့ စောင်လေးခြုံပြီးတော့ သာယာတာ တဏှာ။ ကြည့်စမ်း ကြည့်စမ်း နောက်ဆုံးတော့ အဲဒီတဏှာတွေကို ကိုယ်ကသိရမယ်။ ဉာဏ်ကသိရမယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏံဥဒပါဒိ စာတွေလျှောက်ရေးပြီး တစ်ကယ်သိရင် တကယ်အေးတယ်။ စာကမှန်၏ ကိုယ်ကလည်း ဉာဏ်မပေါက်။ စာကမှန်၏ ဉာဏ်မမီ ထိအောင်သူမသိ။ ကံမဟုတ်ဘူး ကံဆိုတာ အစွဲတဏှာခေါ်တယ်။ မကောင်းတာလည်းစွဲမယ်၊ ကောင်းတာလည်းစွဲမယ်။ အဲဒါ တဏှာနော်။ မကောင်းတာလည်းစွဲမယ်ဆိုတော့ ဘယ်လိုလည်း အဲစာတော့မတတ်ဘူးပေါ့ဗျာ။ ဥပမာနဲ့ပဲပြောရမှာပေါ့။ ခင်ဗျားပိုင်တဲ့ကားတစ်စီး ရိုက်ချိုးလိုက်တယ်။ ရိုက်ချိုးလိုက်တဲ့အခါကျတော့ ဝုန်းဒိုင်းနဲ့ ရိုက်ချိုးတော့ ကားပိုင်ရှင်ဘယ်လိုဖြစ်မလဲ။ ဒေါသဖြစ်တယ်။ စိတ်ဆိုးတယ်၊ အဲဒါကားအကြောင်းကို မသတ်တတ်တော့ သီလပျက်တယ်ဗျို့။ အဲဒါ ကားကိုစွဲတာတဏှာခေါ်တယ်။ တဏှာကြောင့် မာန်ဒေါသတွေဖြစ်တယ်ဗျို့ အဲဒါသီလပျက်တယ်။ အဲဒါ အနာဂတ်သွားမယ့်သီလတွေ အကုန်ပျက်။ ပစ္စုပ္ပန်မှာလည်း မကောင်းဘူး။ နောင်လည်း မကောင်းဘူး။ ဩော် ငါ့ကားလေးလည်း မမြဲဘူး၊ ငါလည်း မမြဲဘူး။ ကွယ် မောင်ရင်ရယ် မလုပ်ပါနဲ့။ အဘကားလေး မလုပ်ပါနဲ့။ ချိုချိုသာသာနဲ့ တောင်းပန်တာက သမ္မာခေါ်တယ်။ ဒေါသကြီးလုပ်ပြီးတော့ မင်းဘာကောင်လည်း၊ ငါဘာကောင်လည်းဆိုတာ သက္ကာယအယူတွေတဲ့။ ငါ့ကားဆိုတာကို ယူထားတယ်။ ငါ့တွေနဲ့ အဲဒီလိုဟာတွေနဲ့ ကျန်နေရစ်ခဲ့မှာပဲဗျို့။ ဒီဝိပဿနာတရားဟာ အလွန်သည်းခံနိုင်တဲ့တရားခေါ်တယ်။ စေတနာစစ်၊ စေတနာမှန် အဲဒီတော့ ပုဂ္ဂိုလ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး သူ့စေတနာက မခွဲခြားဘူး။ စိတ်ကိုယ်စစ်နော် စိတ်ကိုဟောသွားတာ။ သိတာ ဘာအသိနဲ့သိလည်း။ သိပြီ၊ မြင်ပြီမလား။ မြင်တော့ သိပြီ။ ဒါဘာအသိလည်း အဲဒါအမှတ်နဲ့သိတာနော်။ တရားဆိုတာ လွယ်မယောင်နဲ့ခက်တယ်။ တိမ်မယောင်နဲ့နက်တယ်နော်။ ကြိုးစားပါ။ လူ့ဘုံမှာ ဘုရားပွင့်မှာ လူ့ဘုံမှာ ရဟန္တာဖြစ်တာ ဒုလ္လဘ ၅ ပါးကိုကြည့်။ အပြင်ကဟာတွေကတော့ အဲဒါမပြောတတ်ဘူးပေါ့ဗျာ။ ဘုရားလက်သည်းပေါ်က သဲနဲ့ ဘုရားခြေဖဝါးနှစ်ဖက်နင်းတာနဲ့ ဥပမာကြည့်။ အဲဒါသူနောက်ပါတာက လက်သည်းပေါ်က သဲကပါမယ်။ အဲဒါ ဒုလ္လဘ ၅ ပါး။ ဗုဒ္ဓေါ ဘာဝေါ ဘုရားဖြစ်ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ မနုဿဘာဝေါ ဒုလ္လဘော လူ့ဘဝမှာခဲယဉ်းစွာရအပ်ပေ၏။ သဒ္ဓါသံပတ္တိ ရတနာသုံးပါး ကံ

ကံ၏အကျိုး ကြည်ညိုယုံကြည်ခြင်း သဒ္ဓါကြည်ဖြူခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ပတ်ပစ်ရှိကြဘာဝေါ် ရသေ့ရဟန်းအဖြစ်တို့ကိုလည်း ဒုလ္လဘ ခဲယဉ်း ရအပ်ပေ၏။ သဒ္ဓမ္မသာဝက သူတော်ကောင်းတရားစကားနာကြားရခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ဒုလ္လဘ(၅)ပါးမှာ ဘုရားဟောတာ အဲဒါ ဦးဇင်းက ပြန်ပြောတာ ဦးဇင်း က ခန္ဓာကကျင့်တော့ သိတယ်နော်။ ကျင့်တော့ ခင်ဗျားတို့ကိုလာပြီးတော့ သစ္စာနဲ့ဟောတာ၊ အရိယထ သစ္စာ၊ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ ဒါတွေနဲ့လာဟောတာ။ အဲဒီတော့ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ့်အစ်ကိုလို အကုန်ပြန်ကြမှာ။ အနတ္တတရား။ အဲဒီစိတ်က အတ္တ တွေဖြစ်နေတယ်။ အစွဲတွေဖြစ်နေတယ်။ တစ်ခါတည်း အံကြိတ်ပြီး ဒေါသတွေဖြစ်နော်။ ကိုယ့်ထက် ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့် တရားထားပါ။ ကိုယ့်ကျင့်ထားတဲ့တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့။ မစွဲနဲ့။ မင်းမလုပ်နဲ့လို့မပြောဘူး။ မစွဲနဲ့။ စွဲရင်ဟောဒီဘဝ အဲဒီမာန်က အသည တနိဗ္ဗာန်ကို မင်းမရဘူးတဲ့။ စာနဲ့တော့ အဲဒါတွေကိုမပြောတတ်ဘူး။ အဲဒီမာန်ပဲနော်။ ဘယ်လောက်ကြောက်ဖို့ ကောင်းသလဲ။ ဒီမာန်ဘာကြောင့်ဖြစ်ရလည်း တဏှာကြောင့်ဖြစ်တာ။ တဏှာဘယ်မှာလည်း ကိုယ်တွင်းမှာ ကိလေသာမှာရှိတယ်။ ကိလေသာ တဏှာ အတွင်းတဏှာသတ်မှ အပြင်တဏှာပြုတ် မယ်နော်။ အဲဒါ အယူမှားတယ်၊ အမှတ်မှားတယ်။ အဲဒါ အာရုံနဲ့ယူတယ်။ ယူလည်းမှားတယ်။ တွေးတောတယ်။ အဲဒါ ဒိဋ္ဌိပေါ့ဗျ။ အဲအာရုံတွေယူတယ်။ ငါ့မိန်းမ၊ ငါ့သား၊ ငါ့ဥစ္စာ ငါပိုင်တယ်။ အဲဒါ ဘာဖြစ်လည်း။ ဒိဋ္ဌိ ဒိဋ္ဌိကဘာပြုလည်း။ ဒိဋ္ဌိနဲ့တဏှာ အဲဒီတဏှာမှာနေတော့ မာန်ဖြစ်တယ်။ ဟာ ဒီကောင်ဟာ တွေ့တယ်။ လူခြင်းကြုံတာပဲ။ ဒီကောင်က အလကားကောင်ပါကွာ။ ဦးချိုတိုး သားပါ။ အလကားကောင်။ မဆလာကောင်။ ဟောတွေ့လား။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက် အပြစ်ကြီးသွားသလဲ။ သူလုပ်လိုက်တာက ပေါ့ပေါ့ဆဆ။ ဟိုကလည်း တစ်ကယ်ဖြစ်နေရင်တော့ ကြည့်စမ်း ဒါတွေ တစ်ယောက်နဲ့တစ်ယောက် မထိမဲ့မြင်တွေ။ ဒါတွေလုပ်တာ မလုပ်ပါနဲ့။ တရားကျင့် ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ။ ဒီလူကြီး ဘာမှစာတတ်တဲ့လူကြီးမဟုတ်ဘူး။ ခင်ဗျားတို့စာက စာတတ်တဲ့အရှင်သူမြတ်တွေလာမေးပါ။ မမေးရင် ကျောင်းကိုခေါ်ပါ။ ဦးဇင်း မနက်ဖြန်ခါ တစ်ညရှိ သေးတယ်။ မေးပါ။ ပြောသွားပါ့မယ်နော်။ စာတော့မတတ်ဘူး။ ၃၁ ဘုံလွတ်တဲ့တရားနဲ့ ၃၁ ဘုံ မလွတ်တဲ့တရား ခန္ဓာမှာရှိတယ်ဗျာနော်။ ဒါကြောင့်မို့ ဘုရားလှူတာနဲ့ ရဟန္တာလှူတာ ဘယ်သူ့လှူတာ

မြတ်သလဲ။ ဘုရားလှူရင်မြတ်တယ်။ အဲ ရဟန္တာလှူတာမြတ်တယ်။ သမုတိရဟန်းလှူတာနဲ့ ခုနက ဝိနည်းမှာ မပြည့်စုံဘူး။ ဝိနည်း ၂၂၇ သွယ်ထိန်းတဲ့ပုဂ္ဂိုလ်နဲ့ ဝိနည်း ၂၂၇ သွယ်မထိန်းနိုင်တဲ့ပုဂ္ဂိုလ် ဘယ်သူကမြတ်သလဲ။ ဝိနည်း ၂၂၇ သွယ်ထိန်းနိုင်တဲ့သူက ပိုမြတ်တယ်။ မထိန်းနိုင်တဲ့သူကတော့ သူ့အကြောင်းပေါ့။ အဲဒီတော့ လှူတတ်ဖို့လိုတယ်နော်။ ဒါတွေဟာ ၃၁ ဘုံလွတ်မယ့်မဂ်မျိုးစေ့လည်း ပါတယ်။ ၃၁ ဘုံမလွတ်တဲ့ မျိုးစေ့လည်းပါတယ်။ ခင်ဗျားတို့အပေါ်မူတည်တယ်။ ဦးပဏ္ဍိတ ကတော့ ဘာမှာ ရန်ကုန်မြို့မှာ ပွဲပေါင်း ၃၀-၄၀ ရှိတယ်။ ၂ သိန်း ၃ သိန်း ၁ သိန်းရတာတွေအကုန်ပေးပစ်ခဲ့ တယ်။ ကြည့်တောင်မကြည့်ဘူး။ သူ့ဟာသူထွက်သွားတယ်။ ဒီမှာသူတို့ဟာသူတို့ ရေကျန်ခဲ့တယ်နော်။ ဒါဘာလည်း ခင်ဗျားရဲ့စေတနာနော်။ ခင်ဗျားရဲ့စေတနာတွေ အဲဒီစေတနာတွေ ခင်ဗျားလှူလိုက်တာ ဒီကမစွဲတော့ ဉာဏ် ခင်ဗျားကစွဲတော့ ကံ။ ကံပေမယ့် ကုသိုလ်ကံ၊ ကုသိုလ်ကံနဲ့ ဉာဏ်နဲ့ပေါင်းမယ်။ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယော၊ ဝေဒနီရ ဒိဋ္ဌလက်ငင်း မျက်မှောက်အကျိုးပေးမယ်တဲ့။ ဒါ ဘုရား ဟောအရနော်။ အဲဒါတွေကို ခင်ဗျားတို့နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ အဲဒီတော့ လုံချည် လေးကို လှည့်လှည့်ပြီးတော့ဝတ်။ အဲ တစ်နေရာတည်း မဝတ်နဲ့။ လှည့်ဝတ်၊ ချွေပြီးသုံး။ တပေါစ တရားကိုရှာ။ ကိုယ်မှာရှိတယ်နော်။ ကိုယ်မှာရှိတယ်။ အနတ္တနဲ့ အတ္တကို မြင်အောင်ကြည့်၊ ငါဘာလဲ အတ္တဆိုတာ အစွဲပါလား။ စွဲရင် သံသရာလည်လိမ့်မယ်။ ဘယ်သူ့စွဲစွဲ သံယောဇဉ်ကြိုးကို မဖြတ် သေးပါလား။ အဲဒါ ကြိုးကိုမဖြတ်သေးရင် ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ လေးပါတော့ ကိုယ့်ဒုက္ခပေးပြီးပြန်ရမှာ အောက်မှာ တစ်ပုံတစ်ပြင်ကြီးပဲ။ သိလို့လည်း လာဟောတာ။ ချွတ်ဆိုရင် လည်း ချွတ်ပေးလိုက်မယ်။ သကီနိးချွတ်ပေးလိုက်မယ်။ လူဝတ်လဲသွားမယ်။ ခင်ဗျားတို့လုပ်ချင်ရာ လုပ် ရသွားပြီ။ ပေါက်သွားပြီနော်။ မလိမ်ဘူး။ ခင်ဗျားတို့သိရမယ်။ မဂ်ရှိတယ်၊ ဖိုလ်ရှိတယ်။ ဈာန် ရှိတယ်။ ကံရှိတယ်။ အဲဒါကြည့်သာလုပ်ကြ။ အဲဒါတရား ကိုယ်တိုင် တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်။ တရားထိုင်တယ်ဆိုတာ ဦးဇင်းကြီး ထိုင်ပြမယ်။ ဦးဇင်း က မောနေတယ်။ တော်တော်ကြီးမောနေ တယ်၊ ခရီးကပန်းတယ်။ မြောင်းမြကလာရတာနော်။ ဒါ ဘာဖြစ်လို့လဲဆိုတော့ လူကြမ်းကြီး တစ်ယောက် ဟောဒီပစ္စုပ္ပန်ဘုံမှာ လူကြမ်းကြီးမကောင်းတဲ့အယူတွေမှတ်၊ မကောင်းတာတွေ ထင်တာတွေလုပ် ကြက်သတ်၊ ဘဲသတ်၊ အဲဒီတော့ ဒီလိုဟာတွေဟာ တွေးစိတ်တွေဟာ မိစ္ဆာအယူ တွေ တွေးစိတ်တွေပေါ်ပေါ်လာတယ်။ ဘာလို့ ဒီလိုရှုရပါသလဲ။ ဒါ ဦးဇင်း ရဲ့ သွားတဲ့လမ်း။ ခင်ဗျားတို့ သာသာလေးနဲ့လုပ်ချင်လည်းရပါတယ်။ ဒါ ဦးဇင်း ရဲ့ ဘဝကိုပြောတာ။ ဒီဘဝလွတ်သွားတဲ့အကြောင်း ပြောတာ အကျိုးပေါ်က အကြောင်းကိုပြောလိုက်တာ။ အဲဒီလိုလုပ်သွားတဲ့အခါမှာ မနောကံရဲ့ လောကီ

အကြောင်းစွဲတဲ့ ဥပါဒါန် သံသရာလည်တဲ့ကြိုးတွေ ခဏရပ်စဲမယ်။ အဲဒါကြီး လူလုပ်တာ။ တောထဲမှာ အဲဒါကြီးလုပ်တယ်။ စာလည်းမတတ်၊ ပေလည်းမတတ်။ ကြာလာတော့ ဝိစိကိစ္ဆာ အဲဒါမလုပ်ခင်တုန်းကတော့ ဖဲဝိုင်းယောင်ယောင်၊ အရက်ဝိုင်းယောင်ယောင်၊ ပွဲဈေးယောင်ယောင်။ အဲဒီတော့ အထွေထွေလျှောက်သွားနေတာပေါ့။ လစ်ရင်လည်း ခိုးမှာပဲ။ အဲဒီလူမျိုးပါ။ ဒါမကောင်းတဲ့အစွဲတရားတွေ။ လူ့ဘဝက လုပ်လာတဲ့ဟာတွေပါ။ မကောင်းတဲ့ကံကရားတွေကိုလည်း ပြောပြပါ့မယ်။ ကောင်းတဲ့သဘောကိုလည်း ဟောပြပါ့မယ်။ အဲဒါတွေလုပ်လာတဲ့အခါကျတော့ တစ်နေ့သောအခါမှာ သားတွေ၊ သမီးတွေ၊ မိန်းမက ဦးမြမောင် တဲ့ ရှင်ဒီလိုပဲလုပ်ချင်တော့ ရှင်က အင်မတန်ဆိုးတဲ့သူ။ သူ့မိန်းမကပြောတာ။ ခြောက် အေး အေး အေး ရှင် ကျုပ်တို့ကိုလည်း ၅ ပြားတောင်မပေးဘူးတဲ့။ ရှင်ဆင်းမလား၊ ကျွန်မတို့ဆင်းရမလားတဲ့။ အဲဒီတော့ ခင်ဗျားက အရင်တုန်းကတော့ ကြည်ဖြူခဲ့တယ်။ ကြည်ဖြူခဲ့လို့ ကလေး ၄ ယောက်ရတယ်။ အခုတော့ ခင်ဗျားက ကျုပ်ကိုနှင်ချတယ်။ ကောင်းပါတယ်တဲ့။ ငါဆင်းပါ့မယ်တဲ့။ ဆင်းသွားတော့ သူကလည်း လွှမ်းတာကို နာတာနဲ့ဖြေတာပေါ့ဗျာ။ သူအပြစ်မရှိပါဘူးနော်။ ဦးဖင်းကြီး အပြစ်ပါ။ ဦးဖင်း မကောင်းလို့ အိမ်ပေါ်ကဆင်းရတာ။ ကောင်းရင်ဘယ်ဆင်းရမလဲ။ ဦးဖင်းအပြစ် အဲဒီတော့ဆင်းသွားတယ်။ ဘယ်ရောက်လည်းဆိုတော့ မြောင်းမြမြို့ ကုန်းသာရောက်သွားတယ်။ ကုန်းသာကနေ ဘယ်သွားသလဲဆိုတော့ ကျေးသာတောင်ကိုရောက်တယ်။ ကျေးသာတောင်ကလည်း လူတွေက သိပ်များတာပဲ။ သွားကြ၊ လာကြ၊ ထင်းခုတ်သမားတွေနဲ့ လူသူလေးပါးမတွေ့တဲ့ နေရာ ငါရှာဦးမယ်။ အဲဒီမှာ ဓနိပင်တွေရှိတယ်။ ရိုးရှိတယ်။ အဲဒီကနေပြီးတော့ တောဖြတ်ပြီး ဓနိဘောင်တွေ တက်နင်းသွားတယ်။ ဘယ်ရောက်လည်းဆိုတော့ ညောင်ပင်ကြီးရောက်တယ်။ စဥ့်ကူးနားက ညောင်ပင်ကြီး။ အဲဒီမှာ ဘယ်သူမှမရှိဘူး။ အချိန်ကလည်း ညဥ့်နက်သွားပြီ။ ၇ နာရီကျော်သွားပြီ။ အိမ်ကဆင်းလာတာက ၈ နာရီလောက်ဆင်းလာတယ်။ ဘယ်လောက် ကံကြောင့် ဒုက္ခတွေဖြစ်နေပြီနော်။ အစွဲဥပါဒါန်နဲ့ စာလည်းမတတ်၊ ပေလည်းမတတ်။ အဲဒီတော့ အသိတရားကိုရှာတာပါ။ စဥ့်ကူးနားက ညောင်ပင်ကြီးပြီးတော့ တရားတွေထိုင်တယ်။ ကြောက်တယ်။ အားကြီးကြောက်တယ်။ တစ္ဆေတွေ၊ သရဲတွေ၊ ချွတ်ချွတ်ဆို ဘာလည်း စိတ်ကလန့်တယ်နော်။ ဒါကြောင့် ကိုယ့်ရဲ့ဇာတ်ထုတ်ကို ဒုစရိုက်တွေကိုပြောပြတာ။ အဲဒီလိုလုပ်ရင်းနဲ့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း ဖဲဝိုင်းလည်းမသွားတော့ဘူး။ အရက်ဝိုင်းလည်းမသွားတော့ဘူး။ အဲဒီလို အပြင်အာရုံ ၅ ပါးကိုလည်း မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား၊ မကြားချင်ဘူး။ အဲဒီလိုနေပြီးတော့ အတွင်းသတ်တာ တွေးတောခြင်းက စေတသိတ် တွေးတောသလား၊ ကြံစည်သလား၊ ပြုလုပ်သလား။ ငါစိတ်တွေထန်နေသလား၊

အချက်တွေ အချက်တွေကြည့်တော့ ဘာမှမတွေးဘူး။ မတွေးတဲ့အခါကျတော့ စာလိုဆိုရင်တော့ အဲဒါ အဓိစိတ္တတဲ့။ အဓိဆိုတာ အခုစိတ်ကလေးကငြိမ်နေပြီတဲ့။ မနောလေးက ငြိမ်နေတယ်တဲ့။ အဓိသီလဆိုတာက အခုထိုင်တဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟခေါင်းပါးတာ။ ဘာပြုလို့ ခေါင်းပါးလည်း။ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဒိဋ္ဌိရယ်သတ်ထားတာနော်။ ဗျာပါဒဆိုတာ စွဲလန်းတယ်။ သားစွဲ၊ သမီးစွဲ စွဲလန်းလို့ ဥပါဒါန်တွေကို ဗျာပါဒလို့ခေါ်ပါတယ်။ အဲဒီတော့ အဘိဇ္ဈာဆိုတာ ဝန်တိုမိစ္ဆာ ကိုယ်လည်းဘာမှမရှိ၊ သူများလာစားဖို့ ကိုယ်လည်းမပေးနိုင်၊ ဝန်တိုမိစ္ဆာ ကုက္ကုစ္စစိတ် ဒီလိုအာရုံနဲ့ မနော ငါ့ကျောင်းမှာ ရဟန်းလုပ်တာ ဒီကောင်တွေဘယ်ကလည်း။ ဒီကောင်တွေ ဘာလည်း။ ဒီလိုလည်းမရှိဘူး။ အဲဒီတော့ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဒိဋ္ဌိရယ်ကိုသတ်တာ။ သတ်တော့မှ အာရုံနဲ့ မနောမပေါင်းဘူး။ မတွေးဘူး၊ မကြံစည်ဘူး၊ မမှတ်ဘူး။ သညာနဲ့ သင်္ခါရ ဥပါဒါန်အတ္တအကြောင်း မလုပ်ဘူး။ အနတ္တ ထိတာကရုပ်၊ သိတာကနာမ်။ အဲဒါနဲ့ တစ်စိုက်မတ်မတ်လုပ်နေတာ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းဖြစ်လာတဲ့အခါမှာ စိတ်ကလေးငြိမ်လာတယ်။ အဲဒီလိုလုပ်လိုက်တဲ့အခါမှာ ဘာများဖြစ်သလဲ။ ဦးပဏ္ဍိတ တဲ့ အေးကွာတဲ့ အကောင်လည်းငါမပြောဘူး။ အလုံးလည်း မပြောဘူး။ အပြားလည်းမပြောဘူး။ ငါကြိုးစားတဲ့အကြောင်းလေးတော့ ငါပြောမယ်ကွာတဲ့။ ဟိုတုန်းက ဖဲဝိုင်းသွားတယ်။ အရက်ဆိုင်သွားတယ်။ မကောင်းတဲ့ ဒုစရိုက်တွေ ငါလုပ်တယ်။ သွားချင်တာသွားတယ်။ ဘုန်းကြီးမှန်းလည်းမသိ၊ အစိုးရမှန်းလည်းမသိ၊ သူလုပ်ချင်တာလုပ်တယ်။ ဟိုတုန်းက အခု ငါဘာမှ မလုပ်ပါဘူးကွာတဲ့။ အဲဒီမကောင်းတဲ့ဒုစရိုက်တွေ စင်ကြယ်သွားပြီ။ ဘယ်လောက်ထူးလည်းလို့ ကောင်းတာလည်း ထိတာကရုပ် သိတာကနာမ်။ အဲဒါ ရုပ်နာမ်၊ ရုပ်နာမ်မသိတာက အဝိဇ္ဇာ၊ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်။ အဲဒါက ရုပ်နာမ်သိတာ ရဟန်းခေါ်တယ်။ အဲဒါကြောင့် ဝိဇ္ဇာဉာဏ်တဲ့။ ရုပ်နာမ်မသိတာ အဝိဇ္ဇာတဲ့ ဟော စာကရေးထားတယ်။ လိမ်ရင် ဦးပဏ္ဍိတ အဝီစိရောက်သွားမယ်။ ခင်ဗျားတို့ကို မရဘဲနဲ့ ရတယ်လို့ပြောရင် ခင်ဗျားတို့ဆီက ပိုက်ဆံတွေစားသွားတာလည်းမဟုတ်၊ အလှူခံပြီးတော့ အကုန်ပေးပစ်ခဲ့တယ်နော်။ မစွဲတဲ့ရဟန်းတစ်ပါး မှတ်ထားဦး။ မစွဲဘူးတဲ့။ ပေးရင်တော့ ယူတာပေါ့။ နောက်မှ ကျောင်းရောက်မှ သူများတွေလှူျောက်ပေးပစ်တာ။ အဲဒီလိုရဟန်းမျိုးပါ။ အဲဒီတော့ ဒီလို အပြင်မှာစင်ကြယ်လာတယ်။ အတွင်းမှာလည်း စင်ကြယ်တယ်။ ကြည့်စမ်း ဘယ်လောက်ကောင်းတဲ့ သီလတွေလည်းလို့။ အဲဒီသီလကို အုတ်ပန္နက်ရိုက်တယ်ဗျို့။ အဲဒီတော့ စိတ်ကလေးက တည်ကြည်နေတဲ့အတွက်ကြောင့် စာမှာဆို သမာဓိခေါ်တယ်။ တွေးတောတဲ့စိတ်မဟုတ်တော့ဘူး။ အဲဒါ သမာဓိ စိတ်ကလေးကလည်း အာရုံပေါ်မှာ ကျက်မစားတော့ဘူး။ အဲဒါ သီလနော်။ သီလနဲ့ဘုန်းကြီးကို ဟောဒါ

အဝိဇ္ဇာတုံးကြီး သီလစစ်၊ သီလမှန်နဲ့ဆေးကြောတယ်။ တစ်နေ့တစ်နေ့ ဒါပဲလုပ်တယ်။ အဲဒီလိုလုပ်နေတဲ့အခါမှာ ထမင်းကတော့ မစားရဘူးပေါ့ဗျာ။ အဲဒီတောင်ကလည်း သိပ်မမြင့်ပါဘူး။ တက်လာတယ်။ ကရင်ရွာလူကြီးတွေပေါ့ဗျာ။ တက်လာတော့ ခင်ဗျားဘယ်ကလည်းတဲ့။ ဦးဖင်း ကို မေးတယ်။ ခင်ဗျား အရပ်ဝတ်၊ အရပ်စားနဲ့ ခင်ဗျားဘယ်ကလည်းတဲ့။ ကျွန်တော် မြောင်းမြကလို့။ ခင်ဗျားနာမည်ဘယ်လိုခေါ်လဲတဲ့။ မြမောင် လို့။ ခင်ဗျား မြောင်းမြဘယ်နားမှာနေသလဲတဲ့။ ၂ လမ်း၊ အေး အေး တဲ့။ မြောင်းမြမှာ ခင်ဗျားဘာလုပ်လည်းတဲ့။ အရင်တုန်းကတော့ ရဲထဲမှာလုပ်ပါတယ်ဗျာလို့။ ရဲထဲကနေပြီး နားလေးလို့ အငြိမ်းစားယူပြီးတော့ အပြင်ဘက်မှာရှာဖွေလုပ်စားပါတယ်ဗျာ။ အဲဒီတော့ ခင်ဗျားဒီမှာဘာလာလုပ်တာလည်း။ ဒါ ဝိပဿနာတရားလာကျင့်တာ။ ဝိပဿနာတရားက ခင်ဗျားတို့မြို့မှာမရှိဘူးလားတဲ့။ ရှိပါတယ်တဲ့။ ရှိပေမယ့် ကျွန်တော်ဟာ အင်မတန်ဆင်းရဲနွမ်းပါးတဲ့အတွက် ထမင်းလည်းလိုတယ်ဗျ။ အဝတ်အစားကလည်း စုတ်ပြတ်နေတော့ အဲဒီလူအုပ်ကြီးထဲမှာ မတင့်တယ်တာနဲ့ ကျွန်တော်ဟာကျွန်တော်ထွက်ပြီးတော့ တော်ရာမှာကျင့်ပါတယ်ဗျာ။ ဟာ ဒါဖြင့် ခင်ဗျားဘယ်သူထမင်းကျွေးမလဲ။ အဲ သူကကျွေးတာဗျို့။ သူကလာပြီးတော့ ငါးပတ်တွေ၊ ပုစွန်ထုပ်တွေချက်ကျွေးတာ။ အဲဒီတော့ လာပြီးတော့ အမြဲတမ်းလာလာပို့တာ။ ဒီကလည်း တရားထိုင်နေတာ။ သူကလည်း ချိုင့်ကို ကပ်မယ်ပေါ့။ အဲဒီတော့ ဒီကဖြုတ်ပစ်ရတယ်။ ဦးပေါ်လု ခင်ဗျားချိုင့်ကိုထားပစ်ခဲ့။ ဦးဇင်း က ဘယ်လောက်အထိထိုင်နေမယ်ဆိုတာ၊ မသိဘူးတဲ့။ ဒီပြင်ကောင်တွေစားမှာ။ ဟာ ခင်ဗျားအဖုံးပါတာပဲ။ မဟုတ်ဘူး ခါချဉ်တွေဘာတွေစား။ စားပါစေဗျာ။ ပြီးတော့ ခင်ဗျားငါးပတ်တွေ၊ ပုစွန်တွေနဲ့လာမပို့နဲ့တဲ့။ ခင်ဗျားဘာလုပ်လဲ။ ဘဝင်းပိတ်တယ်။ ဘဝင်းလည်းမပိတ်တော့နဲ့ဗျာ။ အဲဒါနဲ့ သူလည်း ဘဝင်းမပိတ်တော့ဘူး။ ဦးဇင်း လည်း ဘာမှမပြောတော့ဘူးဗျို့။ အဲလာကျွေးတယ်ဗျို့။ သူကျွေးလို့စားရတာ ဒါဥပမာနဲ့ပြောရမယ်ဆိုရင်နော် စာမတတ်ဘူး ဦးဇင်း က ဥပမာပြောပြီဗျို့။ ရေတွင်းတစ်တွင်းမှာ ရေက ဆယ်တောင်လောက်ရှိတယ်။ အဲဒီရေတွင်းထဲမှာ ဆယ်တောင်လောက်ရှိတယ်။ ဦးဇင်း မှာ ပုံးရှိတယ်။ ရေပုံးကို ရေတွင်းမှာခပ်တော့ ဆယ်တောင်လောက်နက်တဲ့ရေဟာ လက်တဖေါင်နဲ့ ဘယ်ရမလဲ။ အဲဒီတော့ တစ်နေ့သောအခါမှာ ကရင်က အဲဒီကိုရင်ကြီးကို ဘာလိုသလဲတဲ့။ ဟာ ဒကာကြီးတဲ့ အေး ကိုပေါ်လု တဲ့ သူက အေးကွာတဲ့။ ငါကြိုးလိုချင်တယ်ကွာတဲ့။ အဲဒီတော့ ဒီမှာပုံးရှိတယ်။ သူကကြိုးပေးတယ်။ ပုံးနဲ့ သူပေးတဲ့ကြိုးနဲ့ ရေတွင်းချလိုက်တော့ ပုံးက ရေထဲရောက်တော့ ဆွဲတင်တယ်ဗျို့။ အဲဒီရေ အေးတာပေါ့။ အဲအခု အဲဒီရေသောက်ရတာပေါ့။ ကရင်က ကြိုး၊ ဆွမ်းကပ်တဲ့လူ ပုံးက ခန္ဓာဝန်ဒုက္ခ ခန္ဓာဝန်ဒုက္ခတွေ ခန္ဓာဝန်ကတော့ရှိတာပေါ့ဗျာ။ ဒီလိုအစွဲ

ဥပါဒါန်ပြတ်ချင်တော့ ကိုယ့်စိတ်ကိုယ်စစ်တော့ သိတာပေါ့။ မင်္ဂနဲ့စစ်နော်။ ခင်ဗျားတို့ ဘယ်လောက်အားကျဖို့ကောင်းလည်း။ အချိန်ကိုမဖြုန်းပါနဲ့။ အင်မတန်မှကောင်းတဲ့တိုင်းပြည်ကြီး။ ခင်ဗျားတို့ဘုန်းကြီးတို့ ခုတ်ခြင်း၊ ဖြတ်ခြင်း၊ ခင်ဗျားတို့လိုသေးသလား။ တိုင်းပြည်မင်းကလည်း သူ့အလုပ်ကိုလုပ်တယ်။ ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်သွား။ မရှုပ်နဲ့ပေါ့။ ကိုယ့်လမ်းကိုယ်လျှောက်ပေါ့။ လျှောက်တတ်ဖို့လိုတယ်။ ဘုရင်ကလည်း သူလုပ်နေတာပဲနော်။ သူလုပ်နေတာ အကြီးအကျယ်။ အဲဟိုတိုင်းပြည်သွားလိုက်၊ ဒီတိုင်းပြည်သွားလိုက်။ သူအမျိုးမျိုးလုပ်နေတာပဲ။ သူမှ ပင်ပန်းတယ်။ သိပ်သနားဖို့ကောင်းတာ။ ဒီပုဂ္ဂိုလ်တွေ သိပ်သနားဖို့ကောင်းတာ။ သူ့လက်ထက်ကျမှ ဦးပဏ္ဍိတ ဒီလိုဖြစ်တာနော်။ ခင်ဗျားတို့ ဦးနု ခေတ်လည်းမဖြစ်ဘူး၊ ဂျပန်ခေတ်လည်း မဖြစ်ဘူး။ အာ ခင်ဗျားတို့အင်္ဂလိပ်ခေတ်လည်းမဖြစ်ဘူး။ အဲဒီလုတဲ့ခေတ်ပျက်မှာ ဝတ်မွတ်ခေါင်းပါးပြီးတော့ မယားက မကြည်ဖြူတော့မှ အဲဒီမှာသွားပြီ။ ခင်ဗျားတို့လောကီကိုအားကိုးစရာရှိရင် ကပ်ပြီး အိမ်မှာ သားလေးကကျောင်းဆရာဖြစ်လို့၊ သမီးလေးက ကျောင်းဆရာမဖြစ်လို့။ အိမ်ကပ်ပြီး ကလေးထိန်းပြီး စားသုံးဖို့သူတပ်စရာမရှိတော့ဘူး။ အနတ္တကိုထားခဲ့တယ်။ အတ္တကိုဝင်တယ်နော်။ သဘောလေး သဘောလေးနဲ့သာကျင့်ကြ။ အကယ်၍ ကံမပြတ်တော့မှ ဉာဏ်မလို၊ ကံမပြတ်တောင်မှ သမ္မာကံ ခင်ဗျားဖြစ်နေပြီ။ အပါယ်လေးပါးတံခါးပိတ်တယ်။ ဟိုလူက ဉာဏ်ရသွားလို့ ၃၁ ဘုံလွတ်တာ။ သူကလွတ်ပြီ။ ကိုယ်ကမလွတ်သေးဘူး။ ကိုယ်က အစွဲကံ အချည်းနှီးမဖြစ်ရဘူးနော်။ စိတ်မဆင်းရဲပါစေနဲ့၊ ရုပ်ဆင်းရဲပါစေ။ စိတ်ဆင်းရဲတယ်ဆိုတာက သွားစွဲလို့ဆင်းရဲတာ။ သားလေးတစ်ခုခုဖြစ်သွားရင် မအေက ပူတာကို။ ဆင်းရဲတာပဲ အတွင်းပူနေပြီ။ အဲဒါ ၃၁ ဘုံလည်တဲ့ကံကြောင့် တဏှာတွေဖြစ်တာ။ တဏှာကြောင့်ကံတွေဖြစ်တာ။ သားလေးသွားစွဲတာ တဏှာ၊ ဘုရားစိတ်က ဒီတဏှာကို ကင်းသွားပြီ။ ကြည့်စမ်းအဲဒီတော့ ကိလေသာနဲ့တဏှာ အဲဒီကိလေသာနဲ့ တဏှာက တော်တော်ခက်တယ်ဗျ။ အဲဒီ ကိလေသာနဲ့ တဏှာပြောရင် တော်တော်ကြာမယ်။ ဦးဖင်း ရဲ့ ဘဝတွေ ဒီမှာလာပြီးတော့ ဦးချိတိုး နဲ့ ဒေါ်အုန်းမေအကြောင်းတွေ ထုရဦးမှာပေါ့ဗျ။ အဲဒီဝိဉာဉ်တွေရဲ့ စိတ်ဝင်စားမှုတွေ။ အဲဒီတော့မှ အေး အေး ရုပ်ကဘာဖြစ်လာသလဲ။ အသက်ကြီးလာပြီ ခါးကကုန်းကုန်း၊ နှလုံးသားက တွေးစိတ်တွေ၊ ကြံစည်တဲ့စိတ်တွေ၊ ပြုလုပ်တဲ့စိတ်တွေပေါ်လာတယ်။ မင်္ဂနဲ့သတ်တယ်။ ဘယ်လောက်ကောင်းလည်း ကိုယ်ကသိတာကို သိရင်ပယ်တယ်။ ပယ်ရင် မင်္ဂဆိုက်၊ ဖိုလ်ဆိုက်တယ်။ အခုတော့ ခင်ဗျားတို့ ဒီကျင့်တဲ့စရဏအလုပ်တရားနဲ့ ကျင့်ချင်ရင် ခင်ဗျားတို့မှာ ဇဝေဇဝါဖြစ်နေမယ်။ ခင်ဗျားတို့ယူထားတဲ့ သီလမှန်ပါတယ်။ ဒါသဘောလေးပြောသွားတာ။ သူများအသက်မသတ်ဘူး။ သူများပစ္စည်းမခိုးပါဘူး။

သူများသားမယား မဖျက်ဆီးပါဘူး။ သေရည်သေရက် မသောက်ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါဘူး။ အဲဒါ အပြင်သီလ။ အဲဒါရှောင်ထားတဲ့သီလ။ ဒီကဆောင်ထားတဲ့သီလ။ ဆောင်ထားတဲ့သီလ ဟိုက ရှောင်ထားတဲ့သီလ။ အဲဒီ ဒကာမကြီးကြာ ပိုက်ဆံသိန်းပေါင်းသန်းပေါင်း ချမ်းသာတယ်။ တိုက်ထဲမှာ ဖိနပ်စီးတယ်ဟာ။ သူဘာမှလည်း မလုပ်တော့ဘူး။ ကြက်လည်း မသတ်ဘူး။ ဝက်လည်း မသတ်တော့ဘူး။ သူဘာမှ မလုပ်တော့ဘူး။ အသက်ကလည်း ၈၀ လောက်ရှိတယ်။ သူဘာမှ မလုပ်ဘူး။ သူများဟာလည်း သွားမခိုးဘူး။ ဘာကျတော့ သူပျက်သွားလည်းဆိုတော့ အဲဒီသူ့အိမ်မှာနေတဲ့ မြေးလေး မြေးလေးလည်းသေရော အမေကြီး တစ်ခါတည်း ဗျာပါဒဖြစ်တာပဲဗျို့။ ဥပါဒါန် အဲဒါ ကံပေါ့။ အဲဒါ ၃၁ ဘုံလည်တာပဲဗျို့နော်။ အဲဒီလောက်ဆိုရင် သဘောလေး ပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

(အဲဒီတော့ ဆရာမကြီးတွေ၊ ကလေးတွေ ဒီဘဝတွေကြုံဆုံကွဲ တွေ့တယ်၊ ကြုံတယ်၊ ဆုံတယ်၊ ကွဲရမယ်။ အနတ္တကို ခင်ဗျားတို့လည်း ဒါနစစ်၊ ဒါနမှန်လေးတွေယူသွားကြ၊ လှူပြီးတော့လည်းနေတယ်။ ဝေါပကများကိုလည်း ဦးဇင်း က အကုန်ပေးပစ်ခဲ့တယ်။ ခင်ဗျားတို့ဝတ္ထုတွေလည်း ဦးပဏ္ဍိတက မစွဲတဲ့အတွက် ခင်ဗျားတို့မစွဲနဲ့။ ဉာဏ်မျိုးစေ့တွေရလိမ့်မယ်။ အဲဒါကို ခင်ဗျားတို့ ဒါနနဲ့ဆေးကြောပါ၊ သီလနဲ့ဆေးကြောပါ၊ ဘာဝနာနဲ့ပွားများပါတဲ့။ ဦးဇင်း အောက်ဆင်းပြီးတော့ သင်္ကန်းလေးနဲ့ အလှူခံသွားပါ့မယ်)

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိနှင့် အောင်သစ္စာ

ဝိသုဒ္ဓိမှ ဝိမုတ္တိ

(၂၁.၉.၂၀၀၂)၊ ရန်ကုန်မြို့ စမ်းချောင်း ကိုးထပ်ကြီးဘုရား

ဝိသုဒ္ဓိဆရာတော်၏ ဝိသုဒ္ဓိဓမ္မသစ္စာဆရာတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၃)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၂၅၁၆၂၀၁၂၈

၀၉-၄၄၇၅၇၂၃၅၅

## ၁၃၆၄ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅)ရက်၊ ၂၃-၉-၂၀၀၂ရက်နေ့
## ရန်ကုန်မြို့စမ်းချောင်း၊ ကိုးထပ်ကြီး ဘုရား ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ၏
## ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဝိပဿနာတရားတော်

ဦးဖင်းကစာပေကျမ်းဂန်မတတ်ခဲ့ပါဘူး အဲဒီတော့ရှင်သာမဏေကနေပြီးတော့စာဝါတွေလိုက်တဲ့ကျောင်းထိုင်ဆရာတော်ကြီးမဟုတ်ပါဘူး ဦးဖင်းလူ့ဘဝမှာအင်မတန်ဆိုးတဲ့ လူသားတစ်ယောက်ပါဘာကြောင့်ဆိုးသလဲတဲ့ ဘုရားမှန်းလည်းမသိတရားမှန်လည်းမသိ သံဃာမှန်းလည်းမသိ သိတော့သိတယ်မြင်တော့မြင်ဘူးတယ် သံဃာတွေ ဘုရားတွေတော့မြင်ဘူးတယ်အပယူမှားနေလို့ပါဗျာအယူမှားတယ် အမှတ်မှားတယ် အစွဲမှားတယ် ကံကြောင့်မိစ္ဆာကံတွေဖြစ်ပါတယ်ဗျာ အဲဒါစွဲတာနော် ဒါကြောင့်မို့ဦးဖင်းကဇာတိကသီးကွင်းသရက်ကုန်း၊ အိမ်မဲမြို့နယ်မှာ ဦးဖင်းရဲ့ အဖေကဦးချိုတိုးတဲ့ အမေကဒေါ်အုန်းမေတဲ့နော် သူမွေးဖွားတာဒါကြောင့်တောမှာနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ စာပေကျမ်းဂန်အတွက်သားကိုကျောင်းမှာမထားနိုင်ဘူး ဒါကြောင့်စာမတတ်ပါဘူးလို့ ဦးဖင်းကပြောပါတယ် အတန်းစာတွေကိုမတက်ခဲ့ပါဘူးတဲ့ အဲဒီတော့တစ်နေ့သောအခါမှာ တိုင်းပြည်ကပျက်သွားတယ်နော် တိုင်းပြည်ပျက်သွားတော့ ဟိုပြေးဒီပြေး ပြေးပြီးတော့ ပုသိမ်မြို့ကိုရောက်ပါတယ် ပုသိမ်မြို့မှာရောက်တော့ သားအဖတွေဘာလည်းဆိုတော့ ပညာမတတ်တော့ဖအေကလည်းမတတ်သားကလည်းမတတ် ကိလေသာဝဋ်၊ ကမ္မရဲ့ဝဋ်၊ ဝိဘာဂရဲ့ဝဋ်၊ ပစ္စုပ္ပန်တည့်တည့်လေးမှာဒီကိလေသာဝဋ်ကိုမသိခဲ့ပါဘူး အဲဒီတော့ဒီခန္ဓာရဲ့ခန္ဓဒုက္ခကိုသူမသိခဲ့ပါဘူး အော်ငါလောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ အာရုံပေါ်မှာအဲ့ဒီတော့ သညာကမှတ်တယ်အဲ့ဒီတော့ဒါဘာလည်းဟိုဟာဘာလည်း အဲဒါတွေသွားသွားစွဲတယ်အဲ့ဒါကံဘဲအဲဒါဘာကံလည်း ငါးမြင်တယ်၊ ငါးကြားတယ်၊ ငါးသိတယ်၊ ငါတတ်တယ်ဆိုတဲ့ အယူမှား အမှတ်မှား၊ အစွဲမှားကံတရားတွေ ဒါမိစ္ဆာကံတွေ မိစ္ဆာကံနဲ့သေသွားရင်ဘယ်ရောက်မလည်းအပါယ်လေးဘုံးရောက်မယ် သမ္မာကံမဟုတ်ဘူး သမ္မာကံဆိုရင်တော့လူပြန်ဖြစ်နိုင်တယ်နော် သဘောလေးသာနာကံရဲ့အကြောင်းတွေကိုဥပါဒါန်ရဲ့အကြောင်းတွေကိုပြောသွားတာပါ အဲဒီတော့ဒီလိုရှာဖွေပြီးတော့သူကနေပြီးတော့တစ်နေ့သောအခါမှာ ဖအေတွေသေတယ်မအေသေတယ်သူတစ်ယောက်ထဲရှိပါတယ် အဲဒီတော့သူတစ်ယောက်ထဲရှိတဲ့အခါမှာ သူအလုပ်လုပ်တယ်လောဘ၊ ဒေါသ၊ မောဟ ၊တဏှာ၊ မာန၊ ဒိဋ္ဌိအပေါင်းအသင်းကောင်းတော့လည်း တက်တယ်အပေါင်းအသင်းမကောင်းတော့လည်းပျက်တယ်ဒါအစွဲတရားတွေပါဘဲ တစ်နေ့သောအခါမှာ မိန်းမဘယ်မှာရလည်း မော်လမြိုင်ကျွန်းမှာရပါတယ် ဒါအစွဲတရားတွေနော် အစွဲတွေနော် အစွဲတွေကိုပြောသွားတာအဲဒီတော့ဒါတွေစွဲပြီးတော့ မိန်းမရတယ် မိန်းမရတဲ့အခါမှာ ခလေး(၄)ယောက်ရပါတယ် ရလာလည်းသူမသိဘူးလောဘ၊ ဒေါသ၊ မောဟ၊ ငါဖြစ်တယ်၊ ငါမှန်တယ် ယူဆလာတယ် မနောအာရုံနဲ့မနောမြင်လိုက်တော့ဘဝင်သိတယ် ကိုယ့်နားကြားတော့ ဘဝင်ကသိတယ်ဒီလိုကံတရားတွေ မိစ္ဆာကံတွေကို သတ္တာယဒိဋ္ဌိကံတွေ အတ္တဒိဋ္ဌိကံတွေကိုလုပ်ပါတယ်အဲဒီတော့သမ္မာကံမဟုတ်ဘူး အဲဒီလိုလုပ်ရင်းကနေပြီးတော့ တစ်နေ့သောအခါမှာ သားမယားရတော့ အသက်(၅၄)နှစ်အရွယ်ရောက်လာတဲ့အခါမှာ ငါသည်အင်မတန်မှ မိုက်တယ်မိန်းမကလည်းအိမ်ကိုလက်မခံ၊ သမီးတွေသားတွေကလည်းလက်မခံဘူး ငါးမကာင်းလို့ဘဲငါဒုစရိုက်(၁၀)ပါးထဲမှာ မကောင်းတဲ့ ဒုစရိုက်တွေလုပ်မိခဲ့လို့ငါ့ကို အိမ်မှာလက်မခံတာဘဲဆိုပြီးတော့ အဲ့ဒီတော့မှဆရာတော်သဲအင်းအမြလင်း ဖွဲ့တင်းဆိုတဲ့ ကက်ဆက်ကိုနာလိုက်တော့မှ သူရေထမ်းရင်းနဲ့ရေထမ်းတပိုးကိုဖြုတ်ပြီးတော့ အော်ခါးမြတောင်ကျင့်ဖြစ်သေးတာဘဲငါလည်း ခါးမြတော့မတိုက်ဖူးဘူးငါလည်းကျင့်ရင်တော့

သိမှာဘဲဆိုပြီးတော့ ရေပုံးချပြီးတော့ သာမယားများကိုပြောပြီး ထွက်တော့တာဘဲ---အဲဒီတော့တရားရှာရင်ကိုယ်မှာရှိတဲ့ ဒုစရိုက်တွေယူထားတဲ့ ကံတရားတွေ မိစ္ဆာကံ၊ သတ္တာရက်ကံအဲဒီတော့ အတ္တကံတွေကိုပယ်ပြီးတော့ ငါတော့ ဝိပဿနာတရားကျင့်မှဘဲဆိုပြီးတော့ ဝိပဿနာတရားကိုကျင့်ပါတယ် အဲဒီလိုကျင့်လိုက်တဲ့အခါမှာ တစ်နေ့သောအခါမှာထိုင်ပြီးတော့သစ်တစ်ပင်အောက်၊ ဝါးတစ်ပင်အောက်မှာတောထဲမှာသူကျင့်နေတဲ့အခါကျတော့ တရားထိုင်နေတဲ့အခါမှာအာရုံကိုဝင်တယ်ထွက်တယ် အာရုံမမှတ်တတ်ဘူး ကိုယ်ဟာကိုယ်တရားထိုင်ပြီးနေတော့မယားတွေတွေးလိုက်၊ သားတွေတွေးလိုက်၊ သမီးတွေတွေးလိုက် အော်အိမ်မှာ ဓနိမိုးရသလားအဲဒါတွေတွေးပြီးစွဲပြီးပူနေတယ် မနောဒါအနုစယစိတ်တွေ အင်မတန်နုတဲ့စိတ်တွေ ကိလေသာရဲ့ဒဏ်ရာဒဏ်ချက်တွေကို မနောမှာတစ်ခါတည်းသူမှာဖြစ်နေတယ်အော်ငါ့မှာ သားတွေတွေးလိုက်ပါလား။ သမီးတွေတွေးလိုက်ပါလား ဘာတွေးလိုက်ဘာလားဆိုပြီးတော့ အစွဲဉပါဒါန်တွေကအဲ့ဒီတော့စေတသိတ်ဖြစ်နေတယ် အဲဒီလိုမြင်စိတ်ကြားစိတ်ကနေပြီးတော့ ဟိုတုန်းကဟာတွေလည်းအကုန်တွေးအော်ဒီတရားဟာမနောကံ မလုံသေးပါလား ကာယကံ၊ ဝစီကံကနေပြီအဲဒီတော့ ကာယကံ၊ ဝစီကံလုံနေပြီ မနောကံမလုံသေးပါလား အဲဒီတော့ သူသတိထားပြီးတော့ နားလည်တဲ့သူတွေကိုမေးတယ် မေးတဲ့အခါကျတော့နာလည်တဲ့သူတွေကမဂ္ဂင်ရှစ်ပါးဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ  သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပအဲဒီလိုဘုရားဟောတဲ့ မဂ္ဂင်ရှစ်ပါးနဲ့ခင်ဗျားရဲ့ နှလုံးသားနဲ့တစ်ထပ်တဲ့ထားအဲဒါမှန်မှခင်ဗျား ရဲ့လမ်းကို အဲခင်ဗျားလိုချင်တဲ့လမ်း သိလိမ့်မယ်ဆိုတဲ့အကြောင်းပြောပြတော့ ဦးဇင်းကဒီဒကာကြီးပြောတာမှန်ပါလား ဆိုပြီးတော့ တရားထိုင်တယ် ထိုင်တဲ့အခါကျတော့ 3လစဉ်3လစပ် လှုပ်ရှားတဲ့နှာခေါင်းနှစ်ပေါက်ရဲ့ လှုပ်ရှားနေတဲ့ အိပ်လည်းလှုပ်ရှားတယ်၊ စားလည်းလှုပ်ရှားတယ် အဲဒီအာရုံကို သူတစ်ခါတည်းသိသိနဲ့သဘောလေးပေါ့ဗျာ အဲဒီအာရုံကိုသိတယ်သိတာကစိတ်ထိတာကရုပ် အဲဒီတော့အေးအေး အဲဒီတော့ရုပ်နာမ်ဟာ ကာယနဲ့ပတ်သက်တဲ့ မွေးညှင်းမှာလေလေးကထိလာတယ် ထိတော့သိ သိတာစိတ်ထိတာကရုပ် ထိသိသတိအဲဒီထိသိသတိအမြဲတမ်းထားပါတဲ့အဲဒီ လိုသတိထားတဲ့အခါကျတော့ စိတ်ကလေးကရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာကြာလာတော့ စိတ်ကလေးဟာငြိမ်လာတယ် အာရုံ(၅)ပါးမှာလည်း မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး ဒီအာရုံတွေပေါ်မှာလည်း မယူတော့ဘူး အဲဒီတော့ ဒီနှာခေါင်းနှစ်ပေါက်ရဲ့ထိတယ်သိတယ်ဆိုတော့ မနေဘူး အဲဒီတော့မှ အသိလေးပေါ်လာတယ် အော်ဒါသညာအသိပါလားတဲ့ ဒီငါသိနေတဲ့ အသိကတော့သညာသိငြိမ်တော့ငြိမ်နေပြီ ပညာသိကိုရှာမှဘဲတဲ့ ဟောသညာသိလေးကတော့မှန်တယ် ပညာအသိလိုတယ် အဲဒီတော့ပညာသိကိုသူရှာမှာပေါ့ဗျာ အဲဒီတော့ပညာသိကိုရှာတဲ့အခါမှာ သူတရားတွေရက်ပေါင်းလပေါင်းနှစ်ပေါင်းဟိုင်လာတော့ စိတ်နဲ့စေတသိတ်ကတော့ ငြိမ်လာပြီဗျို့ အဲငြိမ်လာတဲ့အခါကျတော့ ပညာသိရှာမယ် ရှာတဲ့အခါကျတော့ ပညတ်အသိနဲ့ပရမတ်အသိရှိပါတယ်တဲ့ ဘုရားပညတ်သွားတာပါတဲ့ ဘာတွေပညတ်သလဲတဲ့ အဲဒီတော့ပညတ်ကိုတချို့စာနဲ့သာရေးထားတယ်တဲ့ပညတ်ရဲ့သဘောတရားကို မသိကြဘူးတဲ့တချို့ကတော့ သိလမ့်မယ်တဲ့ဘုရားပညတ်တယ်နော်တဲ့ ရုပ်နာမ်ကိုပညတ်သွားပြီးတဲ့ ရုပ်တရား၊ နာမ်တရားအဲဒါပညတ်တရားတွေဘဲတဲ့သဘောလေးဘဲနော်ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါ၊ အဲဒီတော့ရုပ်တရားနာမ်တရားတွေဟာ ဘုရားပညတ်သွားတယ်တဲ့ဆိုတော့ ပရမတ်တရားကို ရှာပါတဲ့ ပရမတ်တရားဆိုတာ ခါတ်ပရမတ်လို့ခေါ်ပါတယ် ခါတ်ဆိုတာ ခါတ်လေးပါး ဒီခါတ်လေးပါးကို

ရှုလိုက်တဲ့အခါကျတော့ အော်ဝါသဘောပေါက်ပြီ-----ပညတ်ပရမတ်နှစ်ခုသဘောပေါက်တယ်ဆိုပြီးတော့ သူဒီလို
သိလာတာပါ အဲဒီလိုလုပ်သွားတဲ့ကာလမှာ ဘာတွေဖြစ်လာလည်းအဲဒီတော့သီလ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ
အဓိဆိုတာအခု အဲဒီသီလကသူ့သီလကလောဘ၊ ဒေါသ၊ ခေါင်းပါးတယ်လောက၊ ဒေါသရယ်၊ ဘယ်ကလည်းအာရုံ
ပေါ်မှာမနောကမလိုက်ဘူးမစွဲဘူးနော် ဒါသစ္စာတွေနဲ့ပြောတာအဲဒီတော့ ဒီလိုသီလအဓိသီလဖြစ်ရင် အဓိစိတ္တက ----
ဘာလည်း လောကီစိတ်မဟုတ်တော့ဘူး ခါတ်သဘောတွေဘဲ နှလုံးသွင်းပြီးတော့ အာရုံပြုနေတဲ့အခါမှာ ဖော်ခါတ်
သဘောတွေဘဲ အဲဒီတော့ပညတ်နဲ့ ပရမတ်ကွဲမှသာလျှင် ခင်ဗျားရဲ့သဘာဝဆိုတဲ့ အကြောင်းလေးကို ခံစားရမှာပေါ့
ဗျာနော် ပညတ်ကကံတရားတွေခေါ်တယ် ပညတ်ကကံတရားတွေ ကာယကံတွေ၊ ဝစီကံတွေ၊ မနောကံတွေ ဒါတွေ
ဟာ ပညတ်နယ်ထဲမှာ ရှိတယ်အဲဒီတော့ ပညတ်နယ်ထဲမှာ အစွဲတရားတွေအဲဒီတော့ မနောပေါ့ဗျာ သားလေးရေနစ်
သေတယ်၊ သမီးလေးရေနစ်သေတယ်ဆိုရင် မအေကပူတာဘဲဗျို့ အဲဒါဘာလည်ဗျာပါဒခေါ်တယ် ဒီဗျာပါဒဘာလို့ခေါ်
သလည်း အဲဒီတော့ဗျာပါဒ ကိုယ့်အကြောင်းမဟုတ်ဘူး သားသမီးကိုသွားစွဲတာသွားစွဲတဲ့ သားသမီးဆိုတဲ့အမှတ်နဲ့
စွဲတဲ့အတွက်ကြောင့်တဏှာခေါ်တယ် တဏှာကြောင့်ဥပါဒါန်ဖြစ်တယ် ဥပါဒန်ကြောင့်ကံဖြစ်တယ်သဘောလေးဘဲ
အဲဒါ(၃၁)ဘုံလည်တဲ့ တရားတွေဘဲဗျနော် (၃၁)ဘုံဘယ်ကစသလဲခန္ဓာကစတယ်အဲဒီတော့ (၃၁)ဘုံဘယ်ကဖြစ်
သလည်း ခန္ဓာကစလို့ဖြစ်တယ် နိဗ္ဗာန်သည်ခန္ဓာမှစတယ် ခန္ဓာမှဆုံးတယ် သီလမှာချုပ်တယ်အဲဒါစာတစ်ကယ်သိလို့
တစ်ကယ်တန်းအသိနဲ့တစ်ထပ်တည်းခင်ဗျာတို့ကိုပြောတာ အသိမရှိရင်စာကမှန်နေတယ် စာကမှန်၍ဉာဏ်မမိုထိ
အောင်သူမသိစာတွေဝါတွေအတွေနှစ်လီရှိတယ် စာတွေထက်ဝါတွေကသာတယ် ဒီလိုအသိတွေနဲ့ သစ္စာလေးပါးရဲ့
အကြောင်းတွေကိုဟောတာပါ အဲဒီတော့ ဒုက္ခသစ္စာဆင်းရဲခြင်းအမှန်တရား ဘာတွေဆင်းရဲလည်း ဒုက္ခသစ္စာဟာ
ဘာလို့ဆင်းရဲရမှာလည်း အဲဒီတော့ ဒုက္ခသစ္စာလို့ ဘုရားကရေးထားတယ် ဆင်းရဲခြင်းအမှန်တရားဆိုတာ ခင်ဗျားကံ
ကြောင့် ဒုက္ခဖြစ်နေတာသွားစွဲလို့ ဒုက္ခဖြစ်နေတာ ဒါပညတ်နယ်ထဲမှာနော ပရမတ်ကပြောသွားပြီခါတ်ပရမတ်ကပြော
သွားပြီး အဲဒီတော့ပညတ်နဲ့ ပရမတ်နှစ်ခု အဲဒါဘင် စွန်းနှစ်ပါးခေါ်တယ် အဒီအစွန်းနှစ်ပါးကလွတ်သွားတာ ဘင်စွန်း
နှစ်ပါးဆိုတာ ပညတ်နဲ့ ပရမတ်ကိုမြင်သွားတာ အဲဒီတော့မှ ပညတ်အကြောင်းကိုသိသွားတာ ပရမတ်ကအဲဒါသူက
တစ်ခါပြန်တက်အုံးမယ်နော် သဘောလေးတွေဟောသွားဟာ အဲဒီတော့ခုနက သားလေးရေနစ်သေတယ်၊ သမီးလေး
ရေနစ်သေတယ် ဥပမာ ဥပမာ မအေဖအေကတစ်ခါတည်း ပူတာဘဲဗျို့အဲဒါဗျာပါဒ ဘယ်ကဖြစ်လည်းအာရုံမှာ
မှတ်မှားယူပြီးတော့မနောမှာဖြစ်သွားတယ် အဲဒီတော့မနောဟာမလုံဘူး မနောလုံမှ မနောဘာလုံရမလည်း အာရုံ
(၅)ပါးလုံရမယ်နော် အတွင်းမှာ ဉာဏ်ဖြစ်မှ ခင်ဗျာအာရုံမှာ ဉာဏ်ရလို့အာသဝက္ခယဉာဏ်လို့ခေါ်တာ စာကဒီလို
ရေးထားတယ် အဲဒီတော့ စားနဲ့စိတ်နဲ့တိုက် အဲဒီတော့တိုက်တဲ့အခါမှန်ရင်ပြော---မမှန်ဘဲနဲ့ စာကတော့မှန်နေတယ်
စိတ်မမှန်ရင်တော့သွားမလုပ်နဲ့ ဒီသဘောဘဲ အဲဒီတော့ဒီကိစ္စတွေဟာတဏှာကြောင့်ဘာဖြစ်လည်း မာန်ဖြစ်တယ်
မာန်ကြောင့် ဒိဋ္ဌိဖြစ်တယ် အဲဒီတော့ဒိဋ္ဌိကိုအရင်သတ် အဲဒီဒိဋ္ဌိဆိုတာ ဝိပဿနာလုပ်ငန်းခေါ်တယ် ဒိဋ္ဌိဆိုတာအာရုံ
ကိုပယ်တယ် နှလုံးသားရဲ့စိတ်နဲ့စေတသိတ်ကိုသတ်တယ် အဲဒီတော့စိတ်နဲ့မြင်စိတ်၊ ကြားစိတ်၊ ထိစိတ်၊ နံ့စိတ်၊
သိစိတ်တွေဒါတွေကိုပယ်တယ် ပယ်တဲ့အခါမှာ အဲဒီတော့စေတသိတ်ဆိုတဲ့တွေးစိတ်ပေါ့ဗျာ တွေးစိတ်တွေလောကီ
စိတ်တွေတွေးသေးသလား ဒီအကောင်တွေဝင်လာသလားဝင်လာရင်အဲဒီတော့ ဝင်လာရင်မဝင်အောင်လုပ် အဲဒီ

တော့အပြင်မှာစင်ကြယ်ရင် အပြင်မှာအာရုံ(၅)ပါးစင်ကြယ်ရင်မနောမှာ စင်ကြယ်မယ်မနောမှာစင်ကြယ်ရင် ဉာဏ်ပေါက်
မယ် အဲဒါခင်ဗျားတို့အပေါ်မှာ မူတည်တယ် အဲဒီခန္ဓာ(၅)ပါး ရုပ်နာမ်(၂)ပါး ခန္ဓာ(၅)ပါးကိုထုံးလိုမွှေရေလိုနှောက်မှ
ရုပ်နာမ်ကိုသိမယ် ရုပ်နာမ်သိတာကဝိဇ္ဇာဉာဏ်ခေါ်တယ် ရုပ်နာမ်မသိတာကအဝိဇ္ဇာခေါ်တယ် အဝိဇ္ဇာတဲ့ဟာဒါတွေ
ဟာအင်မတန်မှခက်ခဲနက်နဲတဲ့နက်ရှိုင်းတဲ့သဘောတရားတွေနော် အဲဒီတော့ခင်ဗျားတို့ကျင့်ကြကြံကြ အဲဒီတော့
နောက်ဆုံးဘဝခင်ဗျားတို့ပြန်ရမယ်အကယ်၍ဉာဏ်မရရင်တောင်မှ ခင်ဗျားတို့ရဲ့ယုံကြည်မှုရဲ့သဒ္ဓါဣန္ဒြေ၊ သီလ၊ သမာဓိ၊
ပညာဒီလိုသိက္ခာ(၅)ပါးနဲ့ခင်ဗျားတို့ ပြည့်စုံရင်အပါယ်ပိတ်တယ်နော် ကိုယ်စိတ်ကိုယ်စစ် အဲဒီတော့ကိုယ်စိတ်
ကိုဘာနဲ့စစ်ရမလည်း မဂ္ဂင်နဲ့စစ် မဂ္ဂင်နဲ့စစ်တဲ့အခါကျတော့ ဘဝင်စိတ်ကိုစစ် အဲဒီတော့ ဘဝင်စိတ်ကလေးစစ်ရင်
အပြင်အာရုံတွေလုံတယ်ဗျို့ အဲဒီတော့ အခုဟာကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ကာယကံ(၃)ပါးက
သူများအသက်မသတ်ပါဘူး သူများပစ္စည်းမခိုးပါဘူး သူများသားမယားမဖျက်စီးပါဘူး ဒါကာယနဲ့ပတ်သတ်တယ်
သူများအသက်မသတ်ဘူးဆိုတော့ ဥပမာပြောကြမယ်ဆိုရင် ဒါသစ္စာပေါ့ဗျာ တစ်နေ့သောအခါခရီးသွားတယ်မိုးတွေ
ကလည်းသိပ်ရွာတယ်မြစ်၊ ချောင်း၊ အင်း၊ အိုင်မှာရေတွေကလည်း အလွန်အဲရေတွေကတက်လာတဲ့အခါမှာ ငါးတွေ
အဲ့ဒီမှာမြူးတာဘဲဗျို့ အဲဒီလိုငါးတွေမြူးတဲ့အခါမှာ သူမျက်စိနဲ့ကြည့်လိုက်တဲ့အခါမှာ အိုငါးတွေကိုအားကြီးပါလား
ဘာငါး၊ ဘာငါးဆိုတာလူကြည့်တယ် ငါးဒန်တို့၊ ငါးမြစ်ချင်းတို့၊ ငါးသလောက်တို့ဟာ သောမနဿဖြစ်တယ်
ဟိုးကောင်တွေတွေ့ပြီးသောမနဿဝမ်းမြောက်တယ် အဲဒီတော့ သူလိုက်ရှာတော့တာဘဲ ဗိုင်းဝန်းတွေရော၊ ဒုက်တွေ
ရော၊ မါးတွေရောအဲဒီအာရုံမှာ မှတ်တာအယူမှားတယ် အမှတ်မှားတယ် ကံဖြစ်တော့မယ်သူများအသက် သတ်တော့
မယ်အဲဒါဗျို့ဟာသူပျော်နေတာဘဲအဲဒီသဘောတွေ ဘုရားကပညတ်တာဒီအယူဝါဒကိုမယူပါနဲ့တဲ့ အတ္တကယူတယ်
ဗျို့နော်ခံပေါ့ စားတော့အများခံတော့တစ်ယောက်ထဲဘဲ နတ်တွေရှိတယ်နတ်သိတဲ့တရားရှိတယ်၊ လူသိတဲ့တရားရှိ
တယ်၊ နတ်သိတဲ့တရားကအဲဒါခင်ဗျားတွေးချင်တာတွေးနေတွေစမ်းအဲဒါလူသိပ့်မလား ဘေးကကိုယ့်မိန်းမကခင်ဗျား
တွေးနေတာသိမလားမသိဘူးမိန်းမတွေးနေတာလည်း လင်ကမသိဘူးအဲဒီတွေးနေတဲ့စိတ်ကနတ်သိတယ်ဗျို့
အထင်လည်းမသေးနဲ့ အထင်လည်းမကြီးနဲ့ပြောနေတဲ့စကားကတော့ လူသိတယ်ဗျို့နော် သဘောလေးနာအဲဒါကြောင့်
ပေါ့ အဲဒီနတ်သိတဲ့ ဟာကိုသစ္စာထားတယ် အရိယထ သစ္စာတဲ့၊ လူသိတဲ့ဟာကိုတော့ သမုတိသစ္စာတဲ့ သမုတိသစ္စာ
ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတသစ္စာတဲ့ အရိယထသစ္စာကမနောထိန်းတယ်တဲ့ သမုတိသစ္စာက
ကာယကံ၊ ဝစီကံကိုထိန်းထားတယ်ဗျို့ အဲဒါကံတရားတွေသံသရာဘယ်ကစသလည်းခန္ဓာကစတယ် သံသရာဘယ်
ကစလို့လည်သလည်းခန္ဓာကစလို့လည်တယ် သံသရာဘယ်ကစလို့ပြတ်သလည်း ခန္ဓာကစလို့ပြတ်တယ် အဲဒီတော့
ပြတ်ပုံပြတ်နည်းလေးဝိပဿနာတရားထိုင်တယ်ထိုင်တော့ သူမှာဘာတွေဖြစ်လာလည်း သူ့ရဲ့ရရှိတဲ့အသိတရားတွေ
အဓိသီလရသွားပြီး အဓိပညာရသွားပြီးဒါဝိပဿနာရဲ့ဉာဏ်စခန်းတွေအဓိသီလရသွားပြီး အဓိစိတ္တရသွားပြီး အဓိ
ပညာရသွားပြီးသညာမဟုတ်ဘူးနော် ပညာရသွားပြီးအဲဒီ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာသိက္ခာ(၃)ပါးကိုအဓိဉ္စစ်
ထုတ်တယ် ဘာအဆီတွေကျလည်း အဲကောခမ္မောကျတယ် ကောခမ္မောဘယ်ကလာသလည်း ရုပ်နာမ်ကလာ
တယ်ပေါ့ ရုပ်နာမ်သိလို့ ရုပ်နာမ်လွတ်လို့ကောခမ္မောဖြစ်တာဗျို့ အဲဒါဒီသဘောဘဲ ဒါကြောင့်မို့နိဗ္ဗာန်သည် ခန္ဓာမှစ
တယ် ခန္ဓာမှာဆုံးတယ် သီလမှာချုပ်တယ်ဟောသီလဘယ်သီလည်း ပညတ်သီလ၊ ပရမတ်သီလနှစ်ခုချုပ်ထားလိုက်

တာနော်ရသွားတာကို အဲဒီတော့ အဲဒီပညတ်သီလ၊ ပရမတ်သီလ အဲဒီသီလသဘောတရားပြောမယ်ဆိုရင် တရား
အားထုတ်လိုက်ရင် ဘင်ဗွန်းနှစ်ပါးခေါ်တယ် အဲဒါအစွန်းနှစ်ပါးအစတုန်းပညတ်ကိုစွဲနေတယ် ပရမတ်မမြင်ဘူး ပါတ်
ပရမတ် မမြင်တော့ မရမတ်ကိုမြင်မှ ပညတ်ကိုသိတာနော် သိတော့မစွဲဘူး ပညတ်နယ်ထဲမှာ နေတယ်သူမစွဲဘူး
အဲဒီလိုသဘောမျိုးလေးရှိပါတယ် ဒါကြောင့်မို့ဒီတရားတွေဟာ အင်မတန်မှထူးမြတ်တဲ့တရားတွေပါ အင်မတန်မှ
သိအပ်တဲ့တရား တွေပါဒုက္ခသစ္စာဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာဆင်းရဲခြင်းအကြောင်း အမှန်တရား ဒါတွေ
ကစာတွေနဲ့ရေးထားတယ် ဗမာလိုပြန်လိုက်မယ်ဆိုရင် ဒုက္ခသစ္စာ ဆင်းရဲတယ်ဆိုတာမင်းသွားစွဲတာကိုကွ
ပစ္စုပ္ပန်တည့်တည့်လေး ဒါသစ္စာနဲ့ပြောတာ မင်းစွဲရင်ကံဘဲကံကြောင့်မင်း ဒုက္ခဘဲတဲ့အဲဒါဒုက္ခဘဲကွ ကံကြောင့်မင်း
ဒုက္ခတဲ့ အဲဒါပညတ်ယူလည်းယူတယ်စွဲလည်းစွဲတယ် အဲဒါဒုက္ခဘဲတဲ့ အဲဒီဒုက္ခကိုမင်းမြင်အောင်ကြည့်ပါမုန်းအောင်
ရှုပါဆုံးအောင်သိပါဆိုတဲ့ ဝိပဿသနာရဲ့လမ်းလေးမဂ်ကောလမ်းလေးပြထားလိုက်တယ် အဲ့ဒါကိုကိုယ်ကကျင့်ရမယ့်
အခါကိုယ်ကမဂ္ဂင်ရှစ်ပါးနဲ့ကျင့်ရမယ် ပယ်အပ်မဲ့တရားက ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌိသဝ၊ အဝိဇ္ဇာသဝအဲဒါ ပယ်အပ်
မဲ့တရားကျင့်အပ်မဲ့တရားက သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာ
ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဒိဋ္ဌိကိုသိသွားပြီး သင်္ကပ္ပရောက်သွားပြီးနော် သဘောလေးသာနာအင်မတန်အား ကျဘိုကောင်း
တယ်ကိုယ်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ်အစ်မကြီးတွေလိုလာပြီးတော့ စိတ်ကလေးရဲ့အသိလေးတွေကို
လာပြောတာ အဲဒီတော့ ဒီစိတ်ကလေးတွေကနေပြီးတော့ စိတ်ကလေးတွေကနေ ဓါတ်ဖြစ်အောင်လုပ်လိုက်ပါ အဲဒီ
တော့ ဓါတ်ဆိုတာဟိုကသူဟာသူသဘာဝသဘောဖြစ်နေတဲ့သဘောတွေနော် အဲဒါတွေအဲဒီတော့ ဓါတ်အာရုံကိုရှု
တော့ ဓါတ်အာရုံကိုချုပ်ငြိမ်းတော့လွတ်တာပေါ့ဗျာ အဲဒါအေးတာဘဲ အေးပြီးအဲဒီတော့ ဓါတ်ဆိုတာက ဟိုအလုပ်
စခန်းမှာပြောရင်သုခဝေဒနာ၊ ဒုက္ခဝေဒနာအင်မတန်နှုတယ် သုခဝေဒနာ၊ ဒုက္ခဝေဒနာ အဲဒါလေးကိုပယ်လိုက်ရအုံး
မယ် သိပ်နှုတယ် အဲဒါလေးတွေကိုပယ်မှသိ၊ ပယ်ဆိုက်၊ ပွားနော်ဒါလေးတွေခင်ဗျားတို့ကျင့်ကြပါ ကြံကြပါအဲဒီတော့
ဒီဒုက္ခသစ္စာဆင်းရဲခြင်း အမှန်တရား၊ အဲဒီဒုက္ခကို ကိုယ်ရဲ့ကိလေသာရဲ့ရုပ်ကြီးကို မသိလို့ကမ္မဝဋ်ကိုသွားစွဲနေတာ
ကိလေသာရဲ့ဝဋ်ကိုသိရင် ကမ္မဝဋ်ကပြတ်မယ်အော် ကိလေသာဝဋ်ဌါဝဋ်ကောင်ကြီးပါလား ဘုရားဘုရားဌါဝဋ်ကောင်
ကြီး ပါလားအဲဒီတော့ ခန္ဓာရဲ့ ကိလေသာရဲ့ခန္ဓာစားဖို့သောက်ဖို့ဒီကိလေသာရဲ့ ခန္ဓာကိုသုကျွေးရမယ် ကျွေးတဲ့အခါမှာ
သမ္မာနဲ့ကျွေး သက္ကာယအတ္တတွေနဲ့တဏှာတွေနဲ့ သွားမကျွေးနဲ့ ကျွေးတက်ဖို့လိုတယ်ဒီကိလေသာကြီးကို ကိလေသာ
ဆိုတာရုပ်တရားခေါ်တယ် တဏှာကနာမ်တရားခေါ်တယ်နော် နာမ်သေမှအေးမှာ နာမ်မသေလို့ရုပ်ခွေးဖြစ်နေတာ
သဘောလေးသာနာလိုက် အဲဒီတော့ ကံတရားတွေနော် ကံတရားတွေဘဲကံဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံ
ဘယ်ကံကသံသရာလည်သလဲ မနောကံကလည်တာ အဲဒီနောကံဟာဘာကြောင့်လည်သလည်း အာရုံ(၅)ပါးကို
မလွှတ်လို့လည်တယ် ဘာကြောင့်မလွှတ်သလည်းသညာသခီရ ဥပါဒါန်ကံတွေဖြစ်ပါတယ် အမှတ်ဖြစ်တယ် ဟော့ဒါ
ငါ့တိုက်၊ ဟော့ဒါငါ့ကား၊ ဟော့ဒါငါ့အိမ်၊ ဟောဒါကငါ့သမီးလေးတွေကွ ကျောင်းတက်မယ်ကွဘာလုပ်မယ်ကွ
ဟုတ်တာပေါ့ ပညတ်အနေအထားသိပ်မှန်တယ် မပယ်ဘူးသွားမစွဲနဲ့ သွားမစွဲနဲ့မပယ်ဘူး ပဋ္ဌိတကအော်အေးအေး
အေးအော်အေးအေးအေးအေးအေးဘဲသူကအပူမှမဟုတ်တာအေးနေတာသူများဆဲလည်းအေးအေးဘဲသူများက
ပဋ္ဌိတကြီးဆဲလည်အေးအေးဘဲသူဒီအယူတွေမှမယူတာ ဉာဏ်ရှိတာကိုပညာဖြစ်သွားတာကို အဲအစတုန်းကတော့

ကြည့်စမ်း သီးကွင်းသရက်ကုန်း၊ အိမ်မဲမြို့နယ်ဦးချိုးတိုး၊ ဒေါ်အုန်းမေဟာ စာမတတ်ပေမတတ်လောဘတွေဘဲ သတ်လိုက်၊ ကြက်သတ်လိုက်၊ ဝက်သတ်လိုက်တာ စာရိတ္တကလည်းပျက်သူများပစ္စည်းတွေခိုး ရေထမ်းရင်းနဲ့ ဗုံးထဲ ထည့်ဒါအစွဲတရားတွေဘဲအရက်ဘုံဆိုင်ကို ပုလင်းကဘုံဆိုင်မှာရှိတာကိုယ်ကစွဲလို့သောက်တာ အဲဒါ သက္ကာယဒိဋ္ဌိတွေ မိစ္ဆာဒိဋ္ဌိတွေ အတ္တဒိဋ္ဌိတွေ ဒိဋ္ဌိတွေပါနေတယ်နော် ဒိဋ္ဌိတွေပါနေတယ် ဒိဋ္ဌိကိုဉာဏ်ကပညာ ဉာဏ် နဲ့ကြည့်မှ ဒိဋ္ဌိဟာသဘောပေါက်မယ်အော် ဒီကောင်ဘဲ အဲဒီအာရုံဟာသညာ သညာနဲ့ဒိဋ္ဌိနဲ့ သင်္ခါရဥပါဒါန်တွေ နဲ့ဖြစ်ကုန်တာဘဲကြည့်စမ်းရောထွေးပြီးဖြစ်နေတာအဲဒီတော့ မဂ္ဂင်နဲ့စစ်ခင်ဗျားတို့ဒီဘဝနောက်ဆုံး------- မိုးကျော နိုင်းသွားမယ် အပါယ်လေးဘုံသိပ်ကြောက်ဖို့ကောင်းတယ် အသူရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ ငရဲဘုံဟာ ဘုံကဘယ်နှစ်ဘုံလည်း စာကရေးထားတယ်နော် (၃၁)ဘုံတဲ့ အဲဒီတော့(၃၁)ဘုံစာကရေးထားတဲ့အတိုင်း ဦးဇင်းပြော တာနော် အဲဗြဟ္မာဘုံ(၂၀)တဲ့ နတ်ဘုံ(၆)ဘုံ၊ အပါယ်(၄)ဘုံတဲ့ လူဘုံ(၁)ဘုံဒီဘုံတွေကိုလွတ်သွားရင်တော့ ဗိသုဒ္ဓိ ဘဲဗိဆိုတာအထူးဘဲ သုဒ္ဓိဆိုတာမနောအာရုံမှာ စင်ကြယ်သွားပြီး အာသဝက္ခယ----ဉာဏ်ရလွှားပြီဗျို့ ချက်ခြင်းခံစား ရပြီးဝေဒနိယ ဒိဋ္ဌလက်ငင်းမျက်မှောက်ခံစားရပြီးမဂ်အကြောင်းလည်းသိတယ်၊ ဖိုလ်အကြောင်းလည်းသိတယ်၊ ကံအကြောင်းလည်းသိတယ်၊ ဈာန်အကြောင်းလည်းသိတယ် အဲဒါမှထူးတာဗျို့ သွေးသားပြောင်းတယ် စိတ်ပြောင်း သွားတယ်မှတ်ထားဖုံး အဲဒီတော့သွေးသားမိရိုးဖလာကမွေးတဲ့ အဖေအမေမွေးနဲ့ ကိလေသာရဲ့သွေးသားတွေပြောင်း သွားတယ် ဓမ္မဖြစ်တယ် စိတ်ကလည်းဟိုတုန်းကလောဘ၊ ဒေါသတွေ အတ္တရဲ့စိတ်တွေ အခုအနတ္တစိတ်ဟာ သဘော လေးသာနာခင်ဗျား တို့စာတော့မတတ်ဘူးပေါ့ဗျာ ဒီနေ့တော့ဟောပြီး ပြန်မှာတစ်ခါတည်း ဟိုမှာအဆင်သင့်လုပ် ထားပြီးဘယ်အချိန်ရောက်ရောက် ငါပြန်မယ်ကွာတဲ့ တားမထားနဲ့ငါ့ကို တရားပွဲမင်းတို့(၃)ကြိမ်ကောင်းထားရင် (၃)ကြိမ်လာဟောတယ်ခင်ဗျားတို့မျိုးစေ့လာပေးတာ မဂ်မျိုးစေ့လာပေးတာ မဂ္ဂင်ဖောင်ဆိုက်ပေးတာခင်ဗျား တက်တတ် ဖို့လိုတယ်ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ သီလနဲ့ဆေးကြောပါ ဒါနနဲ့ဘေးကြောပါ ဘာဝနာဆိုတာဘဝ ကိုနာရမယ် အဲဒါဘာဝနာ အဲဒီတော့ ဒါတွေနဲ့ဆေးကြောပါ သံဝေဂတရားတွေယူပါ ကိုယ့်ကျင့်တဲ့ တရားတွေကိုသိပါ အဲဒီတော့ ဗြဟ္မစိုတရားတွေကို နှလုံးသွင်းထားပါကိုယ်ထက်ကြီးတဲ့သူကိုရိုသေပါ ကိုယ်နဲ့တန်းတူကိုကြင်နာပါ ကိုယ်အောက် ကသူကိုသနားပါ အဲဒီတော့ ဒါတွေဟာအလှုန်ခင်ဗျားစေတနာနဲ့ရပ်ကွက်ကလူကြီးများခိုင်လည်းလုပ် ပေးမယ် ကျွန်တော်ခိုင်းပါဗျာ စေတနာမပျက်နဲ့ ကျွန်တော်ပါးရိုက်လည်း ကျတော်စေတနာမပျက်ပါဘူး ကျတော် ဘာလုပ်လုပ်စေတနာမပျက်ပါဘူး ဒီစေတနာဟာ အာရုံမှာစေတနာထားတယ် အာရုံ(၅)ပါးပေါ်မှာသူမပျက်ဘူး၊ မမှတ်ဘူး စေတနာမပျက်ဘူး အဲဒါကတော့ မဂ္ဂင်ဖောင်တက်မဲ့ပုဂ္ဂိုလ်တွေဘဲနော် ဦးဇင်းကစာတော့ မတတ်ပါဘူး ဗျာပြောမှားဆိုမှာရှိရင် ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေ ကိုလည်းတောင်းပန်ပါတယ် သံဃာတော်အရှင်မြတ်ကြီးတွေဆရာတော်ထေကြီးဝါကြီး၊ ပုဂ္ဂိုလ်များအားလုံးကိုလည်း တောင်းပန်ပါတယ် သဘောလောက်တပည့်တော်ပြောပြပွဲမယ်ဒါမှားရင်လည်း သီးခံပါအဲဒီတော့ မဂ္ဂင်ဖောင်ဆိုတာ သဘောလေးပေါ့ဗျာ အဲဒီတော့ ဘုရားပေါ်ကလက်သည်း အဲဒီလက်သည်းပေါ်မှာ သဲတွေတင်တယ်ဘုရားနင်းထားတဲ့ ခြေထောက်အောက် မှာသဲတွေအများကြီးဘဲ အဲဒီမြေကြီးကိုနင်းထားတယ်ငါးနင်းထားတဲ့မြေကြီးနဲ့လက်သဲပေါ်ကသဲဘယ်ဟာကပိုများ လည်းတဲ့ အဲဒီနင်းထားတဲ့သဲတွေကများပါတယ်တဲ့ဟောဒီ သဲကငါ့နောက်ပါမဲ့သူဘဲတဲ့ အဲဒါမဂ္ဂင်ဖောင်ဆိုတာ

မနုဿာနုဿတိ ဗုဒ္ဓဘောလူဘဝမှာခံယဉ်းစွာရအပ်ပေ၏ ဗုဒ္ဓဘာဝေါ ဗုဒ္ဓဘောဘုရားဖြစ်ခြင်း ဗုဒ္ဓဘောခံယဉ်းစွာရအပ်ပေ၏ သဒ္ဓါသံပတ္တိရတနာသုံးတန်ကံကံ၏အကျိုးကြည်ညိုခြင်း၊ ယုံကြည်ခြင်း သဒ္ဓါကြည်ဖြူရှိခြင်းကိုလည် ဗုဒ္ဓဘောခံယဉ်းစွာရအပ်ပေ၏ ပဗ္ဗဇိတ—ဘာဝေါရသေ့ရဟန်းအဖြစ်တို့ကိုလည်းခံယဉ်းစွာရအပ်ပေ၏တဲ့အဲခံတော့ ခံယဉ်းတယ်တဲ့ရတယ်တဲ့ အဲဒီတော့သဒ္ဓမ္မသာဝနသူတော်ကောင်းတရား၊ စကားနားကြားရခြင်းကိုလည်း ဗုဒ္ဓဘော ခံယဉ်းစွာရအပ်ပေး၏ ဇင်္ဗူဒီပသေဘုရားကဒီဟာတွေ ကိုဟောသွားတယ် ဗုဒ္ဓဘ(၅)ပါးထဲကစေကနာကိုပြော တာနော်အပြင်ကပကာသနာစေတနာ၊ ဘယာစေတနာ၊ ဒါတွေကတော့သဘောဘဲအဲဒီလိုစေတနာမျိုး၊ စေတနာ အစစ်ပကတိစေတနာနဲ့ညောင်စေ့လောက်လှူညောင်ပင်းကြီးလောက်ဖြစ်တယ် ဒါပေမဲ့ ဟိုစေတနာတွေကမဟုတ်ဘူး လားရမယ်နော်ခင်ဗျား မရဘူးမပြောဘူးရမယ် အဲဒီဟိုလူက ဗုဒ္ဓဘ(၅)ပါးထဲကစေတနာသူ့မှီအောင်လိုက်လို့လည်း မဖြစ်တော့ဘူး ဒါနနဲ့သီလ၊ ဘာဝနာနဲ့ဘဲသူဆောက်တည်ရတော့မယ် ခုနမင်္ဂ၊ ဖိုလ်ကိုမခံစားရတော့ဘူးပေါ့နော် အဲဒီလိုပုဂ္ဂိုလ်တွေလည်းတိုင်းပြည်မှာရှိတယ် အဲဒီတော့ဦးဇင်းကြီးကအဲခင်ဗျားတို့လှူမယ့်အလှူတွေ ဒါနစစ်၊ ဒါနမှန် သီလစစ်သီလမှန် ဘာဝနာစစ်ဘာဝနာမှန်ခင်ဗျားတို့ လှူလိုက်တဲ့အလှူကိုဦးဇင်းသင်္ကန်းလေးနဲ့ အလှူခံမယ်ရတဲ့ ငွေကြေးကို ဆရာတော်များ၊ ဂေါပကလူးများ လူကြီးမင်းများ အကုန်ပေးပစ်ခဲ့မယ် အဲဒီဟောတိုင်းဟောတိုင်းအကုန်း ပေးပါတယ် ဦးဇင်းကအရင်းကလူ့ဘဝက မလှူနိုင်လို့ကျောင်းလည်းမဆောက်နိုင် ရေတွင်းရေကန်မလှူနိုင်သံဃာ တော်မြတ်များကိုလည်းဆွမ်းမကပ်နိုင် အခုတရားဟောတဲ့အသိဝတ္ထု၊ ကာမဝတ္ထုနဲ့ဦးဇင်းအကုန်လုံးဘယ်နေရာမှာ ဟော ဟောအကုန်ပေးပစ်ခဲ့တယ်အကုန်းလုံးပေးပစ်ခဲ့တယ်နော် အဲဒါကြောင့်ခင်ဗျားတို့ရဲ့လှူချင်တဲ့ စေတနာရှိရင် ဦးဇင်းအလှူခံပေးမယ် အဲဒီအလှူခံတဲ့ဝတ္ထုကိုဆရာတော်တွေဂေါပကလူကြီးတွေကို ပေးပစ်ခဲ့မယ်ဒီလောက်ဆိုပြီး ရောပေါ့ဗျာ (သာဓု သာဓု သာဓု ပါဘုရား)

ပြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၄)**

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

**09-250432050, 09-251620128**

**09-447572355**

# ဝိသုဒ္ဓိသစ္စာတရားတော်အမှတ် (၁၂၄)

ဗမာစာမတတ်ဘူး။ အဲဒီတော့စာမတတ်ဘူး။ အားလုံးဆရာတော်သမားတော်၊ ထေရ်ကြီးဝါကြီးတွေ၊ သံဃာတော်အရှင်သူမြတ်တွေ တပည့်တော်တောင်းပန်ပါတယ်။ စာမတတ် ငယ်စဉ်တောင်ကျေးက စာမသင်ခဲ့လို့ မတတ်တာပါ။ စာပယ်တာမဟုတ်ဘူး။ စာမတတ်ခဲ့ဘူး။ အဲဒီတော့ အခုတရားနာကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေလည်း ဦးဖင်း ပြောမှားဆိုမှားဆိုရင် အားလုံးကခွင့်လွှတ်ပါတဲ့။ စာမတတ်လို့ပါတဲ့နော်။ ခန္ဓာကသိတဲ့ ကံတရားများကို ဦးဖင်းကနေပြီးတော့ ဒီအသိလေးတွေ သဘောလေးတွေကို ပြောသွားပါ့မယ်။ အဲဒီတော့ ဦးဖင်း တို့အားလုံးရှိကြတဲ့ ပုဂ္ဂိုလ်များဟာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ သဗ္ဗဒေါသအပြစ်တို့က ပျောက်ပါရစေခြင်းအကျိုးငှာတဲ့ သီလ ရှစ်ပါးသီလထဲမှာပါပါတယ်နော်။ အဲဒီကံတရားဟာ စာလိုတော့ရေးတာ ကံတဲ့။ ကာယကံ၊ ဝစီကံတဲ့၊ မနောကံတဲ့။ ဒီကံဟာ ကိုယ်ကနေပြီးတော့ သွားစွဲရင် ကံပဲ။ သွားစွဲတယ်။ သွားပြီးပြုလုပ်တယ်။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အဲဒီကံတွေဟာ သံသရာ ခန္ဓာကစထားတယ်။ သံသရာဘယ်ကလည်သလဲတဲ့။ ခန္ဓာကစလိုလည်တယ်တဲ့။ သံသရာဘယ်ကစလို့ပြတ်သလဲတဲ့။ ခန္ဓာကစလို့ပြတ်တယ်တဲ့။ အစွဲဥပါဒါန် ဗျာပါဒနဲ့ အဘိဇ္ဈာနဲ့ ဒိဋ္ဌိ ဒါ မနောကံခေါ်တယ်။ ဗျာပါဒဆိုတာ ပါဠိလိုရေးတာ။ ဗမာလိုပြောရင် သားလေးတွေ၊ သမီးလေးတွေ တစ်စုံတစ်ခုဖြစ်သွားရင် အဲဒီအသံကြားတယ်။ ကြားတဲ့အခါမှာ အမှတ်နဲ့ သညာမှတ်ပြီးတော့ စွဲမိတယ်။ ဒါ ဥပါဒါန် ကံ အာရုံကြောင့် အာရုံမှာ မှတ်မှားပြီးတော့ စွဲလိုက်တဲ့ကံပဲ။ အဲဒါ မနောကံလို့ခေါ်တယ်။ ဘာပြုလို့ အာရုံကိုစွဲသလည်း။ ဘုရားက ပညတ်ထားတယ်။ ပညတ်၊ ပရမတ်လို့ရှိပါတယ်။ ပညတ်ဆိုတာ အာရုံလို့ခေါ်ပါတယ်နော်။ သဘောလေး သဘောလေးသာနော၊ အဲဒီတော့ ပညတ်တရား၊ ပရမတ်တရား ပညတ်ကိုလည်းမပယ်ဘူး။ မစွဲနဲ့တဲ့။ ပရမတ်ကိုလည်း မကွယ်နဲ့တဲ့။ သဘောလေးနဲ့နော၊ အဲဒီကာယကံ၊ ဝစီကံ၊ မနောကံတွေဟာ အားလုံးရှိကြတဲ့ပုဂ္ဂိုလ်များ တရားနာကြတဲ့ပုဂ္ဂိုလ်များ ဦးပဏ္ဍိတ မှာလည်းရှိတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ဒီကံကို သံသရာဘယ်ကစသလဲ။ ခန္ဓာကစထားတယ်လို့ပြောတယ်နော်။ သံသရာဘယ်ကပြတ်သလဲ။ ခန္ဓာကလို့ပြတ်တယ်။ အဲဒီတော့ ပြတ်တာနဲ့ လည်တာဘယ်ဟာကောင်းလည်း။ ပြတ်တာကောင်းတယ်။ ပြတ်တာကောင်းရင် ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ရမယ်။ အဲဒီတော့ ဝိပဿနာရဲ့တရားဟာ မဂ္ဂင်ရှစ်ပါးရှိတယ်။ သမ္မာဝါစာ၊ သမာကမ္မန္တ၊ သမ္မာအာဇီဝ ဒါသီလမဂ္ဂင်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပက ပညာမဂ္ဂင်။ သဘောလေးနဲ့နော၊ အဲဒီတော့ ဒီတရားတွေကို နှလုံးသွင်းပြီးတော့ ပြုကြမယ်

ဆိုရင် ကာယကံ၊ ဝစီကံ ဒါပညတ်သဘောတွေပဲ။ ကာယကံနဲ့ ဝစီကံဟာ ပညတ်နယ်ထဲမှာရှိတယ်နော်။ ဒါကြောင့်မို့ ယဉ်ကျေးမှုအင်မတန်မှ ၃၈ ဖြာမင်္ဂလာ ဗောဓိပက္ခိယတစ်ရပ်။ ဗုဒ္ဓဘာသာရဲ့ ယဉ်ကျေးမှုတွေ အကာခေါ်တယ်။ မှန်တယ်။ ဒီတရား။ ဒါပေမယ့် ၃၁ ဘုံလွတ်တယ်၊ မလွတ်ဘူး သူ့အပေါ်မှာမူတည်တယ်။ လွတ်တာက ကိလေသာနဲ့ တဏှာ။ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား။ ရုပ်နာမ်သိရင် ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ရုပ်နာမ်မသိရင် အဝိဇ္ဇာခေါ်တယ်။ သဘောလေးပဲ။ အဲဒီတော့ ဒီရုပ်နာမ်ကိုသိချင်တော့ ခန္ဓာ ၅ ငါး၊ ရုပ်နာမ် ၂ ပါးဆိုတဲ့ အဲဒီတော့ ခန္ဓာမှာ ဉာဏ်စိုက်တယ်။ ခန္ဓာငါးပါးဆိုတာကတော့ ဦးဖင်း ကတော့ စာမတတ်ဘူး။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်။ ခန္ဓာငါးပါးက ရုပ်မှာမှီတင်းနေတဲ့ ဓါတ်လေးပါးရှိတယ်။ ခန္ဓာက ရုပ်တရားနဲ့ ဓါတ်လေးပါးပေါင်းရင် ၅ ခုခေါ်တယ်။ အဲဒါ ခန္ဓာ ၅ ငါးကိုရှုပါ။ အဲဒီလိုရှုတဲ့အခါမှာ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာ သတိပဋ္ဌာန်လို့ စာကရေးထားတယ်။ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာလို့ စာကရေးထားတယ်။ စာကရေးထားရင် ကိုယ့်ခန္ဓာမှာ ကိုယ့်အသိလေးကိုစစ်ပါတဲ့။ ဘာကိုစစ်ရမလဲ။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဒိဋ္ဌိဆိုတာ ပါဠိစကား။ အာရုံငါးပါးကိုပယ်ရမယ်။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ။ အဲဒီငါးခုပဲ။ အဲဒီငါးခုကို အဲဒီအယူတွေ မယူပါနဲ့တဲ့နော်။ အဲဒီအယူတွေ မယူရင် မနောတွေးတဲ့စိတ်တွေ စေတသိတ်ဆိုတာ လောကီအကြောင်းတွေ လျှောက်တွေးမယ်။ လောကီအကြောင်းတွေ အနုသယစိတ် ဒါစိတ္တာနုပဿနာကို ဟောနေတဲ့ ဉပါဒါန်ကံတွေခေါ်တယ်။ မနောကံတွေခေါ်တယ်။ အစွဲတရားတွေခေါ်တယ်။ စွဲရင် သံသရာလည်တယ်။ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာ ချုပ်တယ်။ သီလမှာချုပ်တယ်တဲ့။ သဘောလေး။ အဲဒီတော့ ခန္ဓာမှာ ဉာဏ်စိုက်တယ်။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ မှန်တယ်။ အဲဒီတော့ တရားအားထုတ်ကြတယ်တဲ့။ တရားအားထုတ်တော့ လက်ကလေးပိုက်တယ်တဲ့။ လက်ကလေးပိုက်တဲ့အခါမှာ ကာယသတိပဋ္ဌာန်၊ ကာယမှာရှိတဲ့ ကံတွေကို သတိထားပါတဲ့။ အဲဒီတော့ နှာခေါင်းနှစ်ပေါက်ရဲ့ ဝင်လေထွက်လေ ဒလစဉ်၊ ဒလစပ် လှုပ်ရှားနေတဲ့အာရုံရှိပါတယ်။ အဲဒီလှုပ်ရှားနေတဲ့အာရုံကို ကိုယ်က ထိသိ။ ကိုယ်က ဆိုမနေနဲ့။ အဲဒီမနောလေးက နှာသီးဖျားဝမှာ ဝင်တယ်၊ ထွက်တယ်။ ထိသိ ထိသိ သတိ ထိသိ သတိ ထိသိ သတိ။ မိမိကသတိထား။ အဲဒီတော့ ဒီလိုသတိထားရင် အာရုံ ၅ ပါး၊ ပညတ်အာရုံမှာစင်ကြယ်လာတယ်နော်။ ဒါ ဝိပဿနာရဲ့ သွားမယ့်လမ်း။ အပြင်အာရုံ ပညတ်အာရုံမှာစင်ကြယ်ရင် အတွင်းမှာလည်း စင်ကြယ်လိမ့်မယ်။ အပြင်မှာစင်ကြယ်ရင် မနောထဲလည်း စင်ကြယ်လာလိမ့်မယ်။ အဲဒီမနောကံ

စင်ကြယ်လာရင် ခင်ဗျားမှာ ဘာဖြစ်လဲ။ ဉာဏ်ဖြစ်လာလိမ့်မယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ဉာဏ်စခန်း ဂမ္ဘီရဉာဏ်၊ စက္ခုံဥဒပါဒိ၊ အလောကော ဥဒပါဒိ။ ဉာဏံဥဒပါဒိ။ အဲဒါ စာက စာနဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်မှာ အရိယာကသစ္စာခေါ်တယ်။ သမုတိသစ္စာမဟုတ်ဘူး။ သမုတိသစ္စာက ခုနကပြောသလို အကာကိုထိန်းတာ။ အကာပညတ်ကို ထိန်းထားတာဘုရား။ ပညတ်ကိုထိန်းထားတယ်။ အကာခေါ်တယ်။ ပရမတ်က အနှစ်ကို အကာက နေပြီးတော့ သူ့တတ်တာ အပြင်မှာစင်ကြယ်တယ်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာ ဘာလည်းတွေး။ စိတ်တွေ၊ စေတသိတ်တွေခေါင်းပါးလာလိမ့်မယ်။ မြင်စိတ်တွေကလည်း အဲဒီတော့ တရားနှလုံးသွင်းတဲ့အခါမှာ ပညတ်အာရုံ ၅ ပါးလည်း ပယ်ထားပြီး ဒီအယူကို မယူဘူး။ ဒီအယူကိုယူရင် ဒီအတွင်းတွေလည်း မတွေးဘူး။ အဲဒါ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်ဆိုပဲ မနေနဲ့။ သတိထား။ အဲဒီတော့ စိတ်ကလေးကငြိမ်လာလိမ့်မယ်။ အဲဒါ အဓိစိတ္တလို့ခေါ်ပါတယ်။ အဓိစိတ္တတွေအားကောင်းလာရင် သဘောလေးကြည့်၊ ခင်ဗျားတို့ ဦးဇင်း တို့မှာရှိတဲ့ ကိလေသာ တဏှာလို့ခေါ် ကိလေသာရုပ်တရားက တဏှာနာမ်တရား ရုပ်နာမ်ကို အဲဒီတော့ ပရိစ္ဆိတ္တဉာဏ်ရတော် မူတဲ့ ဉာဏ်နဲ့ကြည့်။ ရုပ်ရဲ့သဘော၊ နာမ်ရဲ့သဘော။ ရုပ်က အကျိုးတရား၊ နာမ်က အကြောင်းတရား။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း။ ဒါ တဏှာကိုသတ်နေတာ။ ခုနက စိတ်နဲ့ စေတသိတ်က အပြင်မှာစင်ကြယ် ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ ဒါလောကီရဲ့စိတ်တွေ။ အကုန်လုံးစင်ကြယ်အောင် သူကလုပ်ထားတယ်။ အဲဒီတော့ အဓိသီလ၊ အဓိစိတ္တဖြစ်နေပြီ။ အဲဒါက ပညာပိုင်းကိုတက်တော့မယ်နော်။ ပညာပိုင်းတက်တယ်ဆိုတာ တဏှာကိုသတ်မယ်။ အဲဒီတော့ ဒီရုပ်ကြီးရှိရင် ပောဒိရုပ်ကြီးရှိရင် ဝေဒနာရှိတယ်။ ဝေဒနာမှာ တဏှာရှိတယ်။ အဲဒီတော့ ဝေဒနာ ပြင်းထန်လာတဲ့အခါမှာ အမယ်လေး၊ အမယ်လေးဆိုပြီးတော့ လဲချလိုက်တယ်။ အဆုံးမလိုက်နိုင်ဘူး။ အဲဒါ ဝေဒနာမှာ တဏှာက နာမ်လေး၊ အသိလေးက ဒီဝေဒနာကို မခံစားနိုင်ဘူ။ အဲဒီရဲ့ စိတ်ကလေး က ဒီဝေဒနာပေါ်မှာ အမယ်လေး ကျဉ်လိုက်တာ၊ ကိုက်လိုက်တာ၊ ပူလိုက်တာ၊ အေးလိုက်တာဆိုပြီး ဝေဒနာမှာ တဏှာဖြစ်နေတယ်။ စိတ်ချမ်းသာတဲ့နေရာကို သူပြောင်းတယ်။ အဲဒီတော့ ဘုရားက စိတ်မဆင်းရဲပါစေနဲ့တဲ့။ ရုပ်ဆင်းရဲပါစေတဲ့။ သဘောလေးနာ။ အခုတော့ စိတ်ချမ်းသာတယ်။ စိတ်ကလေးရဲ့ ဆင်းရဲခြင်းအကြောင်း။ အဲဒီတော့ စိတ်ကလေးရဲ့ အေးငြိမ်းခြင်းဓါတ်။ ဟိုက စိတ် ချမ်းသာတာ တဏှာခေါ်တယ်။ အဲဒီတော့ ဝိပဿနာတရား မဂ္ဂင်ရှစ်ပါးနဲ့နှလုံးသွင်းပါ။ အဲဒီတော့

ပယ်အပ်မယ့်တရားက ဘာတွေပယ်ရမှာလည်း။ သိအပ်မယ့်တရား၊ ပယ်အပ်မယ့်တရား အဲဒီတော့ ပယ်အပ်မယ့်တရား၊ သိအပ်မယ့်တရား စာကရေးတယ်။ ကိလေသာဝဋ်တဲ့။ ကိလေသာဝဋ်ဆိုတာ ဒုက္ခသစ္စာကိုခေါ်တာ။ ကိလေသာဝဋ်တဲ့။ ကမ္မဝဋ်ဆိုတာ ကံရဲ့အကြောင်းတွေကိုမသတ်ဘူးနော်။ ကံရဲ့ အကြောင်း အနုသယအာရုံနဲ့ မနော။ အာရုံမှာမှတ်တယ်။ မနောကစွဲတယ်။ အဲဒါတွေက ကံတွေနော်။ အဲဒီတော့ အဲဒီအာရုံမှာ အမှတ်မှားတွေဖြစ်နေတယ်။ အာရုံကိုလည်းပယ်ရမယ်။ အဲဒီတော့ ဒီစိတ်နဲ့ စေတသိတ်ကိုလည်း ခေါင်းပါးလာရမယ်။ ဒါတွေဟာ ကျင့်အပ်တဲ့တရားတွေ။ ဉာဏ်တရားတွေ။ အဲဒီတော့ စိတ်နဲ့စေတသိတ်ခေါင်းပါးလာရင် ပညာပိုင်းကိုရှာ။ သညာမဟုတ်ဘူး။ ပညာ။ သညာဆိုတာ မိမိရဲ့သိတဲ့ အသိတစ်ခုနဲ့တစ်ခု ဟောဒါရေခွက်၊ ဟောဒါရေအိုး၊ အဲဒါ တစ်ခုနဲ့တစ်ခုခွဲခြားတယ်။ မှတ်လို့ခွဲခြားတာ။ အဲဒါ သညာ။ သညာကြောင့် သင်္ခါရ ဥပါဒါန်တွေဖြစ်တယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့။ သဘော လေးပဲ။ ဒီသင်္ခါရတရားဟာ ပါဠိလိုရေးတာ။ ဗမာလိုပြန်မယ်ဆိုရင်တော့ ဒီသင်္ခါရဟာ အာရုံနဲ့မနော တစ်ခုပြီးတစ်ခု လောကီစိတ်တွေ ဟိုအကြောင်းတွေးလိုက်၊ ဒီအကြောင်းတွေးလိုက်။ ဟိုတွေးလိုက်၊ ဒီတွေးလိုက်။ စိတ်ကလေးတွေကို ပြောင်းပြောင်းသွားတယ်။ မတည်ကြည်ဘူး။ အဲဒီတော့ သညာ ကြောင့် သင်္ခါရဥပါဒါန်ကံတွေဖြစ်တာ။ အစွဲတရားတွေဖြစ်တယ်။ ဗျာပါဒ အဝိဇ္ဇာ ဒိဋ္ဌိ။ အဲဒီဒိဋ္ဌိကို သတ်တာက အာရုံကိုမယူတော့ဘူး။ နှလုံးသားရဲ့ ထိတယ်၊ သိတယ်။ ထိတာကရုပ်၊ သိတာကနာမ် ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ အဲဒီတော့ သတိလေးထားတဲ့အခါကျတော့ သီလနဲ့ သမာဓိက တည်ကြည်လာတယ်။ အဲဒီလိုတည်ကြည်လာတဲ့အခါမှာ စိတ်ကနေပြီးတော့ ဓါတ်ကို နှလုံးသွင်းလိုက်တဲ့အခါမှာ ဓါတ်ဆိုတာ ယိမ်းတာလဲဝေဒနာ၊ တွန်းတာလဲအဝေဒနာ၊ ဝေဒနာဆိုရင် အဲဒီတော့ ဝေဒနာတွေကိုကြည့်လိုက်တဲ့အခါမှာ သဘောလေးကိုတင်ပြီးတော့ သမာဓိအားကောင်း ကောင်းနဲ့တင်ပြီး ခုနက စိတ်နဲ့ စေတသိတ် လောကီစိတ်တွေကတော့ သေကုန်ပြီ။ အဲဒီတော့ ဒီအာရုံ တစ်ခုထဲမှာ ဩော် အေး အေး အေး အဲဒီတော့ ဝေဒနာကနေပြီးတော့ ဘာလဲဆိုတော့ ပညာပိုင်းကို တက်တော့မယ်။ သညာမဟုတ်ဘူး။ စေတနာ အဲဒီဝေဒနာကနေပြီးတော့ ဝေဒနာနိယောခေ၊ တဏှာ နိယောခေါ။ ဒီဝေဒနာမှာ သူကသည်းခံခြင်းတရားတွေ အများကြီးရှိတယ်။ ဩော် အေး အေး အေး ဩော် ဝေဒနာကနေပြီးတော့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဝေဒနာကနေပြီးတော့ ဓါတ်ဘက်ကို ရောက်လာတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတဲ့။ ဓါတ်ကြီး ၄ ပါးလို့ခေါ်တယ်။ ဦးဇင်းကတော့ ဂယောင်ချောက်ခြားဖြစ်မယ်။ အဲဒီတော့ လေနဲ့ သလိပ်က အသက်ရှုတဲ့လမ်းကြောင်းပိတ်လိမ့်မယ်။

အဲဒီခါတ်တွေကို ကုန်အောင်ရှုပစ်ရမယ်။ ကုန်အောင်ရှုပစ်တော့ ခါတ်လေးပါးငြိမ်လာတဲ့အခါကျတော့ ဩော် အေး အေး အေး ရုပ်ကလည်း ချုပ်ပြီ။ နာမ်ကလည်း ချုပ်ပြီ။ သဘောလေးသာနာနော်။ အဲဒီတော့ ခုနကပြောသလို ဦးဇင်း တို့မှာရေးထားတဲ့ ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာလို့ စာကရေးထားတယ်။ အဲဒီတော့ ကမ္မနယ်ထဲမှာနေတော့ ပယ်နိုင်ဘူးဗျို့။ ဘာဝနာမှာလည်း သုလွှတ်အောင် မကြံစည်ဘူး။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝဆိုတာက ဒိဋ္ဌိအယူတွေ။ မိစ္ဆာဒိဋ္ဌိ၊ အဲဒီတော့ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ ပေဘာ ဒိဋ္ဌိပါနေတယ်။ အဲဒီဒိဋ္ဌိကြီးကပါနေတယ်ဗျို့။ အာရုံနဲ့ မနောအာရုံကို ပယ်ရမယ်နော်။ အာရုံကိုပယ်မှ နှလုံးရဲ့ကံဟာ တဖြည်းဖြည်း ကံလေးက သိလာလိမ့်မယ်။ အစွဲတရား စွဲရင်ကံ အာရုံမှာမှတ်မှားပြီးတော့ စွဲရင်ကံ၊ ဒီကံကိုပယ်ရမယ်။ အဲဒီတော့ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ဒါက ကိုယ်ကပယ်ရမယ့်တရားတွေနော်။ သိရမယ့်တရားက သိအပ်မယ့်တရားက ကိလေသာဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်။ အဲဒါက ဉာဏ်ရသွားရင် သိလိမ့်မယ်။ ကိလေသာဝဋ်က ဒုက္ခသစ္စာ။ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒါ သစ္စာလေးပါး။ ဥပါဒါန်ပြတ်တဲ့အသိတရားတွေပဲ။ အဲဒီဥပါဒါန် မနော ဥပါဒါန်ပြတ်မှ ခင်ဗျားမှာ အခု ဒီဘဝမှာ ဩော် အေးငြိမ်းပြီ။ မယားသေလည်း မပူတော့ဘူး။ အေးပြီ။ အခုတော့ ရှစ်ပါးသီလကြီးယူပြီးတော့ ဒီမနက်ယူပြီးတော့ ညနေဘက်ကျတော့ အဖေတွေ၊ အမေတွေ၊ မယားတွေသေတော့ ပူတာပေါ့ဗျ။ အပူသီလကြီး၊ အကာသီလကြီး။ ပညတ်သီလသဘောလေးနဲ့နာ။ လုပ်မယ့်လုပ် မဂ္ဂင်ရှစ်ပါးနဲ့ မိမိရဲ့စိတ်နဲ့ တစ်ထပ်တည်းနေ။ အဲဒီတော့ အဲဒီလိုတရားထိုင်တဲ့အခါမှာ ခင်ဗျားမှာဘာဖြစ်လာလည်း။ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် သိက္ခာ ၃ ပါး တစ်ပြိုင်တည်းရမယ်။ အကယ်၍ ဉာဏ်မပေါက်တောင်မှ သိက္ခာသုံးပါးကို တစ်ပြိုင်တည်းရရင် အပါယ်ပိတ်တယ်ဗျို့နော်။ ဘာပြုလို့လဲ၊ ဒါ ဝိနည်းသီလမဟုတ်ဘူး။ ကံပြတ်တဲ့သီလ။ ဥပါဒါန်ကိုပြတ်တဲ့ သီလ။ အဲဒီတော့ ဥပါဒါန်ဆိုတာ ဗျာပါဒ စိုးရိမ်ကြောင့်ကြတဲ့ဟာ။ ဒီနေ့များ ကိုယ်အလုပ်လုပ်လိုက်တယ်။ ကိုယ်မှန်းသလောက်ကို မအောင်မြင်ရင် စိတ်ဆင်းရဲတာပဲဗျ။ အဲဒါ အစွဲဥပါဒါန်ကံတွေ။ ဩော် ဒီနေ့အလုပ်လုပ်လိုက်လို့ ကိုယ်မှန်းသလောက်ကို ပြည့်စုံသွားတယ်ဆိုရင် စိတ်ချမ်းသာတယ်။ အဲဒါ တဏှာတွေနော်။ တဏှာဆိုတာ ကိုယ်ရဲ့သားလေး သူများရိုက်သွားတယ်။ သူများက ဥပမာမှာ ရိုက်သွားတယ်ဆိုရင် မအေကမြင်တယ်ဆိုရင် သားကိုစွဲတာ တဏှာ၊ ရိုက်တဲ့သူကို ဒေါသဖြစ်သွားတယ်။ မာန်ဖြစ်သွားတယ်။ အဲဒီတဏှာနဲ့မာန် ဘာကြောင့်ဖြစ်သလဲ။ ဒိဋ္ဌိကြောင့်ဖြစ်တာ။ အယူမှား၊ အမှတ်မှား၊ အစွဲမှား။ ကံတွေဖြစ်နေတယ်။ အဲဒါ သံသရာလည်တယ်။ သံသရာဘယ်ကစ

သလဲ။ ခန္ဓာကစတယ်။ နိဗ္ဗာသည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်တဲ့။ ပေါ့ စာကရေးထားတယ်။ စာကမှန်၏ ဉာဏ်မမိ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်တဲ့။ ကိုယ်တိုင်ခံစားရတယ်။ ဟိုတုန်းကတော့ စွဲလိုက်တာပေါ့ဗျာ။ ရေထမ်းလိုက်ရတာ ၁ မတ် ၃ ထမ်း။ ပေါ့ ဦးပဏ္ဍိတ ခေါ် ဦးမြမောင် ရေထမ်းလိုက်ရတာ။ ရေထမ်းပြီး အရက်သောက်တယ်။ အဲဒီတော့ စာရိတ္တတွေပျက်ပြားတယ်။ ဒါစွဲလို့လုပ်တာပေါ့။ ခန္ဓဒုက္ခကိုမသိ တော့ဘူး။ ခန္ဓဒုက္ခကိုမသိရင်တော့ ဒုက္ခကိုမပယ်နိုင်တော့ဘူးဗျို့။ အဲဒါကံတွေပဲ။ အစွဲဥပါဒါန်တွေ။ အဲဒီနှစ်ခုကိုပယ်နိုင်ရင် ထူးလိမ့်မယ်နော်။ ကာမဒုက္ခတဲ့။ ကိလေသာဒုက္ခတဲ့။ အဲဒါ စိတ်ဆင်းရဲနေ တယ်နော်။ အဲဒါလေးတွေကို ဝိပဿနာရဲ့ဉာဏ်နဲ့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥပါဒ်၊ အလောကော ဥဒပါဒိ၊ ဉာဏဉဒပါဒိ၊ အာသဝက္ခယဉာဏ် အာရုံမှာ မနောက အာရုံနောက်မလိုက်ဘူး။ အာရုံဟာ အာရုံပဲ။ မနောက ဉာဏ်ဖြစ်သွားပြီ။ မစွဲတော့ဘူး။ အဲဒါ ပညတ်ကိုသွားမစွဲတော့ဘူး။ အခုတော့ ပညတ်ကိုစွဲလည်းစွဲတယ်။ ပညတ်လည်းမပယ်ဘူး။ အဲဒါ သံသရာလည်ပါတယ်။ ပညတ်ဆိုတာ အကာ၊ အနှစ်က ပရမတ်က အဲ အနှစ်က ပရမတ်ခေါ်တယ်။ ဓါတ်ပရမတ်။ ချုပ်တော့ အေးတာ ပေါ့ဗျ။ အဲဒါ နာမ်မသေတော့ ရုပ်ခွေးဖြစ်နေတယ်။ ခွေးဖြစ်မှန်းလည်းမသိဘူး။ အာ နာမ်ကသောင်း ကြမ်းနေတာ။ အဲ နာမ်သေတော့ ရုပ်အေးတာပေါ့ဗျ။ အဲဒီတော့ ရုပ်ကလည်း သစ္စာ ၄ ပါး။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ရုပ်ကလည်းချုပ်ရမယ်။ နာမ်လက္ခာမစွဲတော့ဘူး။ သူ့ဝိဉာဉ်လေးက သဘောပဲ သဘာဝကိုသိလို့ သဘောလို့ခေါ်တာ။ သဘာဝတရားတွေနော်။ ဒီသဘာဝတရားတွေက ဓါတ်တရားတွေဗျ။ ခင်ဗျားတို့ စာအပြင်မှာရေးထားတာပဲ။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ် အကြောင်းလေးပါး ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ ဥတုဆိုတာ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု။ ဥတု တွေဟာလည်း ပြောင်းလဲနေတယ်။ ရုပ်ကလည်း ဖောက်ပြန်တယ်။ နာမ်ကလည်း ခံစားတယ်။ အကျိုး နဲ့အကြောင်းပဲရှိတာ။ အဲဒီအကျိုးအကြောင်းကိုသိရင်တော့ ခင်ဗျားအေးပြီဗျို့။ အဲဒီတော့ ဒီတရား တွေက အင်မတန်မှအေးငြိမ်းခြင်းဓါတ်၊ စိတ်ချမ်းသာတယ်မပြောဘူး။ စိတ်ချမ်းသာတယ်ဆိုတာ တဏှာ၊ ဒီနေ့လုပ်ရတဲ့ပစ္စည်းတွေ အသပြာတွေရတယ်။ စိတ်ကိုချမ်းသာနေတာပဲ။ အဲဒါ တဏှာ။ တဏှာနဲ့ချမ်းသာတာက စိတ်အေးငြိမ်းခြင်းဓါတ်။ စိတ်ကအေးရမယ်။ အပူမဟုတ်တော့ဘူး။ အဲဒါမှ နိဗ္ဗာန် အခုတော့ စိတ်ချမ်းသာတယ်။ သားလေးဘာဖြစ်လာတယ်။ သားလေး စာမေးပွဲအောင်တယ် ဆိုရင် မအေက စိတ်ချမ်းသာတယ်။ အဲဒါစွဲတာ။ သားလေးကို ငါ့သားတော်တာပဲ။ အဲဒါ သားလေး စွဲတာ တဏှာ၊ တဏှာကြောင့် ဥပါဒါန်ကံ။ အဲဒီကံက စိတ်ချမ်းသာတဲ့ ဥပါဒါန်ကံ။ အဲ သားလေး

တစ်ခုခုဖြစ်ကြည့်ပါလား။ စိတ်ဆင်းရဲတယ်။ ကိုယ့်ဟာကိုယ်စွဲတာနော်။ ဝေဿန္တရာကြီးက ကြည့်ပါလား။ သားလေးလှူလိုက်တာပဲ။ လှူလိုက်တော့ သူ့ရှေ့မှာရိုက်တော့တာပဲဗျို့ ရိုက်တော့ အဖေက မြင်တော့ ဘာလဲ နဂိုတုန်းကတော့ လှူတယ်၊ ရိုက်လိုက်တဲ့အခါမှာ ဝေဿန္တရာဘဖြစ်လည်း တစ်ခါတည်း သံလျှက်ဆွဲတာပဲ။ သားလေးကိုစွဲတာ။ တဏှာ။ သံလျက်ဆွဲတာက မာန်။ အဲဒီနှစ်ခု ဘယ်သူက လုပ်လိုက်တည်း။ ဒိဋ္ဌိကလုပ်လိုက်တာ။ ဒါကြောင့်မို့ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်နော်။ ဒိဋ္ဌိ ကိုယ့်ကို အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ် လျှောက်တွေးနေတာပဲ။ အဲဒါ ဘယ်သူသိလဲ။ နတ်တွေသိတယ်။ လူမသိဘူး။ ကိုယ်တွေးတာကို ဘေးက သားမယားတောင်မသိဘူး။ အဲဒီကိုယ်တွေးတဲ့စိတ်ကို နတ်ကသိတယ်။ ပါးစပ်ကပြောတာက လူသိတာ။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာတွေ ထည့်ထားတယ်။ သစ္စာတွေထည့်ထားတယ်။ သစ္စာမှန်မှ မေတ္တာ အောင်မြင်တယ်နော်။ အခြေခံက ပညတ်မှာ မင်္ဂလာ ၃၈ ဖြာနော်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ယဉ်ကျေးမှုရဲ့ ပညတ်ကိုထားပစ်ခဲ့တာပါ။ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် လေးလေးစားစား ကြင်ကြင်နာနာနဲ့ တစ်ဦးနဲ့တစ်ဦး စေတနာမပျက်နဲ့။ ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေပါ။ ကိုယ်နဲ့ တန်းတူကိုကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ်မာန်တွေ ရာဇမာန်တွေ၊ ခနမာမန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့။ ခင်ဗျားလုပ်လေ။ မစွဲနဲ့တဲ့။ ဟော ပညတ်မစွဲနဲ့တဲ့။ ယူတော့ယူပါ မစွဲနဲ့တဲ့။ စွဲရင်ကံဖြစ်သွားလိမ့်မယ်။ ကံဆိုရင် ၃၁ ဘုံမလွတ်ဘူး။ သွားစွဲရင် ဥပါဒါန်၊ ဗျာပါဒတွေဖြစ်ကုန်လိမ့်မယ်။ စိုးရိမ်ကြောင့်ကြတဲ့စိတ်တွေ သောကပရိဒေဝတွေဖြစ်မယ်။ ခုနက စာကရေးထားတယ်။ ဇာတိ၊ ဇရာ၊ မရဏာ တဲ့။ ဇာတိဆိုတာလည်း သိရမယ်။ ဇရာဆိုတာလည်း သိရမယ်။ မရဏာဆိုတာလည်း သိရမယ်။ ဒါစာနဲ့ ရေးထားတယ်။ အဲဒီတော့ ဩော် မမြဲပါလား။ မြင်တာလည်း မမြဲပါလား။ ကြားတာလည်း မမြဲပါလား ဆိုမနေနဲ့ အဲဒီအာရုံ ၅ ပါးဟာ ဘုရားကပညတ်ပစ်ခဲ့တယ်။ အာရုံမှာ အမှတ်မှားတွေဖြစ်မှာစိုးလို့ ဒီအာရုံကို အဲဒီအာရုံဟာ ပညတ်အာရုံမှာ မစွဲနဲ့တဲ့။ ဟော ပရမတ်ကိုနှလုံးသွင်းပါ။ ဓါတ်ပရမတ်။ အဲဒါ တရားအစစ်အမှန်ပဲ။ အဲဒါ အနတ္တတရားတွေ။ အတ္တတရားက အစွဲတွေ သွားစွဲရင် အတ္တ။ စွဲတာ အတ္တ။ အဲဒါကံတွေ။ အဲဒါ သက္ကာယဒိဋ္ဌိကံတွေ။ မိစ္ဆာဒိဋ္ဌိကံတွေ၊ အတ္တဒိဋ္ဌိကံတွေ၊ သမ္မာဒိဋ္ဌိကံက အခု သမ္မာဆိုတာ ဟောဒီပစ္စုပ္ပန်မှာ ဗုဒ္ဓေါ ဘာဝေါ။ ဘုရားဖြစ်ခြင်းကို ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ မနုဿဘာဝေါ ဒုလ္လဘော။ လူ့ဘဝမှာ ခဲယဉ်းစွာရအပ်၏။ သဒ္ဓါသံပတ္တိ ရတနာသုံးတန်

ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ပသဗ္ဗုရိသဘာဝေါ ရသေ့ရဟန်းအဖြစ်တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ သဒ္ဓမ္မဿဝက သူတော်တရား၊ စကားနာကြားရပေခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ အဲဒါ ဘုရားဟောတာ။ ဒုလ္လဘ ၅ ပါး။ အဲဒီ ဒုလ္လဘ ၅ ပါးထဲ အတွေးက ဘုရားရဲ့လက်မရဲ့အပေါ်မှာ အဲဒီလက်မပေါ်ကသဲက သူ့နောက်ပါလိမ့်မယ်။ ဘုရားခြေဖဝါးအောက်က နင်းထားတဲ့သဲကတော့ အေး အဲဒါကတော့ တွေးကြည့်ပေါ့ဗျာ။ အဲဒီအယူတွေက သက္ကာယဒိဋ္ဌိအယူတွေ။ မိစ္ဆာဒိဋ္ဌိအယူတွေ၊ အတ္တဒိဋ္ဌိအယူတွေ။ အဲဒါ ပါဠိစကားတွေ။ အဲဒီတော့ ဗမာလိုပြန်မယ်ဆိုတော့ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့မိန်းမကိုရိုက်တယ်၊ ငါ့သားကို မင်းရိုက်တယ်။ ဟော လုပ်ကုန်ပြီဗျို့။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ဟော ငါ့မိန်းမကို မင်းရိုက်တယ်။ ဥပမာ ငါ့သားလေး မင်းရိုက်တယ်။ ရိုက်တော့ ဒေါသဖြစ်တယ်။ ဒေါသဖြစ်တော့ ဘယ်ကလည်း။ မနောအာရုံကိုယူလိုက်လို့ အာရုံကို ယူလိုက်လို့ မနောသည် စိတ္တဝိသုဒ္ဓိမဖြစ်တော့ဘူး။ စိတ်ကိုဟောနေတာ။ မနောကိုဟောနေတာ။ မနောကံကိုဟောနေတာ။ သွားစွဲရင် မနောအာရုံ ၅ ပါးကိုစွဲရင် မနောကံဖြစ်တယ်။ ကံဆိုရင် သံသရာ လည်ဦးမယ်။ တစ်ဘဝပြီး တစ်ဘဝ။ တစ်ဘဝပြီး တစ်ဘဝ။ ခင်ဗျားတို့ နတ်ဘုံရောက်မှာပေါ့ဗျနော်။ ဗြဟ္မာ့ဘုံလည်း ရောက်မှာပေါ့ဗျ။ အပါယ်လေးဘုံလည်း ခင်ဗျားတို့ ဟာမလုပ်နဲ့ဗျို့။ ရပ်ပြစ်ရှစ်ပါး ခင်ဗျားတို့သီလတွေယူထားတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ သဗ္ဗဒေါသ အပြစ်တို့ကို ပျောက်ပါ ခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ ခင်ဗျားတို့သီလမှာ ကံကိုဦးစားပေးရင်ရတယ်။ အစွဲ ဒါနဲ့ ကံကို အဲဒါမသိလိုက်ဘူး။ အဲဒီကံကို မဂ္ဂင်ရှစ်ပါးနဲ့ဖြတ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ သမ္မာဆိုတာ မှန်တာကိုကျင့်ပါတယ်။ မှန်တာကိုပြောပါတယ်၊ မှန်တာကို အသက်မွေးဝမ်း ကျောင်းပြုပါတယ်။ အဲဒါ သီလမဂ္ဂင်ခေါ်တယ်။ ထိုင်နေတာ။ သူ့ဟာသူထိုင်နေပြီး သစ်တစ်ပင်အောက်၊ တစ်ပင်အောက် အဲဒါ ဝိနည်းသီလမဟုတ်ဘူး။ အဲဒါက ကံကိုဖျက်မယ့်သီလ။ အကယ်၍ ကံမဖြတ် ရင်ကိုခင်ဗျားမှာ ဒီလိုကျင့်တဲ့အတွက်ကြောင့် သဒ္ဓါဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ။ သီလရဲ့ ဝိသုဒ္ဓ သီလတွေဖြစ်တယ်။ အပါယ်ပိတ်လိမ့်မယ်။ အတွင်းသီလရှိတယ်။ အပြင်သီလရှိတယ်။ အပြင်သီလက ပညတ်ဟော ယုံမှားသံသယတွေဖြစ်နေတယ်။ အင်း ဟုတ်မှဟုတ်ပါ့မလားကွ။ ဒါလည်းကွ၊ ညာလည်းကွ။ ယုံမှားသံသယတွေနော်။ တစ်ယောက်နဲ့တစ်ယောက်ဖြစ်ကြတယ်။ မနောကဖြစ်တာ အာရုံကြားလိုက်တယ်။ ယုံမှားသံသယတွေဖြစ်တယ်။ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိ ဒီ ရင်ဖတ် လုံ့သုံးချောင်းစိုက်နေတယ်။ ဒါ အနုသယစိတ်တွေ။ စိတ်စေတသိတ်ခေါ်ပါတယ်။

ရုပ်မှာရှိတာတ တဏှာ။ ကိလေသာရှိရင် တဏှာရှိတယ်။ တွဲနေတယ်။ စွဲနေတယ်နော်။ တဏှာဆိုတာ စိတ်ချမ်းသာတယ်။ တဏှာဆိုတာ ဘာပဲဖြစ်ဖြစ် သူက ကောင်းကောင်းလေးစားချင်တယ်။ ဇီဝှါမှာ ကောင်းကောင်းလေးစားချင်တာ။ အရသာစိတ်ကလေးက စိတ်ကလေးက အရသာကိုခံစားတာ တဏှာ။ မြင်စိတ်ကလေးက အဲဒီအာရုံပေါ်မှာ သွားပြီးသာယာတာ တဏှာ။ ကိုယ့်နားကကြားလိုက်တဲ့ သိတဲ့ မနော။ ဟော ဒီမနောလေးက အာရုံပေါ်မှာ သာယာတာ တဏှာ။ ကိုယ့်နားကကြားလိုက်တဲ့ သိတဲ့ မနော။ ဟော ဒီမနောလေးက အာရုံပေါ်မှာသာယာတာ တဏှာ။ စိတ်ကလေး စိတ်ကလေး စိတ်ကလေး စိတ်ကိုပြောသွားတာ။ ဘယ်စိတ်လည်း မနော မနောကံ သံသရာဘယ်ကစလဲ။ မနောကံကစတယ်။ သံသရာဘယ်ကပြတ်သလည်း။ မနောကံပြတ်တယ်။ ကံပြတ်သွားပြီနော်။ ကံပြတ်သွားပြီ၊ ကံပြတ်ရင်ဘာဖြစ်လည်း။ ဉာဏ်ဝင်လာပြီ၊ ဉာဏ်ဆိုတာ အဲဒီအာရုံကိုမစွဲတာ။ ဉာဏ်စွဲရင် ကံ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ စစ်တတ်ဖို့လိုတယ်။ မဂ္ဂင်တရားနှလုံးသွင်းနေပြီ။ သမ္မာဆိုတာ ကောင်းတာလုပ်။ သမ္မာဝါယာမ သမ္မာဆိုတာ ကောင်းသောဝါယာမဆိုတာ သမာဓိကိုထူထောင်ပြီး တစ်နာရီကို နှစ်နာရီလောက်သူကျင့်မယ်။ သမ္မာဝါယာမ၊ သမာသတိ၊ သမ္မာသမာဓိ။ ဟော သမာဓိတွေတည်ကြည်လာပြီ၊ စိတ်ကလေးတည်ကြည်လာပြီ၊ မနောလေးတည်ကြည်လာပြီ၊ အဲဒီတော့မှ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သင်္ကပ္ပရောက်သွားရင် သမ္မာဒိဋ္ဌိကိုသိသွားပြီ၊ အကုန်လုံးရသွားပြီ။ အဲ သင်္ကပ္ပတွေ။ ကဲကြည့်စမ်း။ ဘယ်မှာ ဒိဋ္ဌိသိသွားပြီ။ စာကရေးထားတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသင်္ကပ္ပ။ ဒိဋ္ဌိမပါတော့ဘူး။ အဲဒါ ပညာမဂ္ဂင်ခေါ်တယ်။ သိက္ခာသုံးပါးကို အဆီတွေညှစ်ထုတ်၊ အဆီတွေညှစ်ထုတ်လိုက်။ ဘာဆီတွေကျမလဲ။ ဧကောခမ္မောကျမယ်။ ဧကောခမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ်နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဟာ အေးသွားပြီ။ ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားတယ်။ ဒါ ခန္ဓာသိတွေ။ ဒါ အစွဲဥပါဒါန်တွေ။ ကြည့်စမ်း။ မနောကံကရေးထားတယ်။ ဗျာပါဒတဲ့၊ အဘိဇ္ဈာတဲ့၊ ကုက္ကုစ္စတဲ့၊ ဝန်တိုမိစ္ဆာစိတ်ဟာ ကိုယ့်အိမ်မှာ ဧည့်သည်လာလို့ ပိုက်ဆံတွေပေးရင်တော့ စိတ်ကိုချမ်းသာနေတာ။ ဧည့်သည်က ကိုယ့်ကို ကပ်စားရင်လေ အိမ်ရှင်က ဒီအကောင် ဘယ်ကကောင်။ အဲဒီလိုဖြစ်နေတာ။ မနောပေါက်နေတာ။ အဲဒီပညတ်အာရုံကို မပယ်နိုင်တော့ သွားစွဲရော။ အဲဒါ ကံဖြစ်ရော။ ဟော ကျွေးလည်းကျွေးရသေးတယ်။ ဧည့်သည်ကလည်း အလိုက်အထိုက်မသိဘူး။ သူ့ခဗျာမှာ လုပ်မှစားတော့ သူမှာ တစ်ယောက်လာတော့ခက်နေတယ်ဗျ။ အဲဒီတော့ ဒါတွေကို အပေါင်းအသင်း မကောင်းရင် ပျက်တတ်တယ်။ အပေါင်းအသင်းကောင်းရင် တက်တတ်တယ်။ ခင်ဗျားအပေါ်မှာ

မှုတည်တယ်။ အဲဒါကြည့်ပေါင်း။ မကောင်းတဲ့သူနဲ့သွားပေါင်းရင် ကိုယ့်မှာ ဒုက္ခရောက်တတ်တယ်။ ကောင်းတဲ့သူနဲ့ပေါင်းရင် ကိုယ်တတ်မယ်။ မကောင်းတဲ့သူနဲ့ပေါင်းရင် ကိုယ်ကျသွားလိမ့်မယ်။ ကြည့် အဇာတသတ်။ အဲဒါ ကံအကြောင်းတွေပဲ။ အစွဲဥပါဒါန်တွေပဲ။ အဲဒါ စွဲဦးဗျ။ သံသရာတစ်ဘဝပြီး တစ်ဘဝလည်ဦးမှာပဲ။ စိတ်သာချ။ ကိုယ်ကကျင့်မှမကျင့်ဘဲ။ ဘယ်သူမဆို ကျင့်ရတယ်။ အဲဒီတော့ ဒီတရားတွေကိုကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြ။ လူမျိုးမရွေး၊ ဘာသာမရွေး ဘယ်သူလုပ်လုပ် ရမယ်။ အာ သူ့ဘာသာရယ်၊ ငါ့ဘာသာရယ်မဟုတ်ပါဘူး။ အဲဒီတရားကို မဂ္ဂင်ရှစ်ပါးနဲ့ အဲဒီလမ်းသာ နှလုံးသွင်းသွား။ မနောနော်။ တစ်ခါတည်း သူ့အခြေခံတွေ အမိသီလ၊ အမိစိတ္တ၊ အမိပညာတွေ ဖြစ်လာပြီ။ ဒီတော့ မရှိရင် ဆားလေးနဲ့စား၊ ရုပ်ဆင်းရဲပါစေ။ အစားအသောက်ဆင်းရဲပါစေ။ စိတ်မဆင်း ရဲပါစေနဲ့။ ဘုရားက စိတ်ဟောနေတာ။ စိတ္တာတဏှာနံ့ ခယ မစွကတဲ့။ စိတ်သာ ရှင်စောဘုရားဟော ဘုရားက စိတ်ဟောသွားတာ။ အဲဒီစိတ်မှာ တဏှာပါတယ်ကွတဲ့။ အဲဒီတဏှာပါတာ မင်းလည်း မသိဘူးတဲ့။ မျက်စိလေးမြင်လိုက်တော့ ကိုယ်က ဘောပွဲတွေလောင်းထားတယ်။ အာ ဘောပွဲနိုင် တော့ စိတ်ကိုချမ်းသာနေတာပဲ။ တွေ့လား တဏှာ။ တဏှာနိဗ္ဗာန်သည် တဏှာလိုက်ရှုပ်တာ။ ဒါကြောင့် ကိလေသာရှိရင် ကိလေသာရုပ်တရား။ တဏှာဟာ နာမ်တရား။ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်။ ရုပ်နာမ် မသိတာ အဝိဇ္ဇာ။ အဝိဇ္ဇာနဲ့ နစ်မျောနေတယ်။ မျောနေပြီ။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်နဲ့။ ကိုယ့်ရပ်ကွက်ကလူကြီးတွေခိုင်းရင် လုပ်ပေး။ ကိုယ့်စေတနာမပျက်နဲ့။ စေတနာက တည်နေပါစေ နော်။ ခင်ဗျားတို့ စာကရေးထားတယ်နော်။ ပျားရည်ကချိုတယ်နော်။ ပျားရည်လိုချိုပါစေ၊ စိတ်ကလေး မပြောင်းလဲနဲ့ ဩော် ဆရာကြီး ကျွန်တော်လုပ်ပေးပါ့မယ်ဗျာ။ ကျွန်တော်ကိုင်ပေးပါ့မယ်ဗျာ။ ဟော သူက စေတနာသိပ်ကောင်းတာ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။ ဒါ ဉာဏ်တွေ။ အပြင်မှာ ဘာလည်း။ ရပ်ကွက်လူကြီးကခိုင်းရင် ကျွန်တော်လုပ်မယ်ဗျ။ ကျွန်တော့်ခိုင်းပါ။ ကျွန်တော်လုပ်မယ်ဗျ။ အဲဒီတော့ ခန္ဓာမှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ စေတနာမှန်လာပြီ။ မနောက စေတနာမှန်နေပြီ။ အပြင်မှာ သူလုပ်ပေးမယ်။ မလှူနိုင်တော့ သူလုပ် ပေးမယ်။ ကြည့်စမ်း။ ဘယ်လောက်လည်း တရားက ကိုယ်မှာရှိတာ။ မလုပ်တတ်လို့ မရှာတတ်လို့။ တရားက ကိုယ်မှာရှိတာ။ ဒါကြောင့် စာကရေးပြဋ္ဌာန်းပြထားတယ်။ မှန်တယ်။ ဟောရှိတာက ဒီမှာ ရှိနေတာ။ ဓမ္မစေတီ။ ဓမ္မဆိုတာ တရား။ ဓမ္မစေတီ ခန္ဓာ အဲဒါတွေပြောနေတာ။ ခန္ဓာနဲ့ပေါင်းမယ်။ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အဘိဓမ္မာတရားတွေ။ ဓမ္မဆိုတာ တရားဗျ။ ခန္ဓာဆိုတာ ရသွားပြီ။

ခန္ဓာ ၅ ပါး ရုပ်နာမ် ၂ ပါးသိပြီ။ ခင်ဗျားတို့ စာကရေးထားတယ်။ ရုပ်ကုဋေ ၅ ထောင်၊ နာမ်ကုဋေ ၁ သိန်းတဲ့။ ဖြစ်ပျက်မှုမသိရင်တဲ့ ကိလေသာကြွေးတင်တယ်တဲ့၊ အဲဒါ ကိလေသာမသိတော့ တဏှာကြွေးတွေတင်နေတာ။ အဲ့ သေပြန်ရော၊ တစ်ဘဝ တစ်ဘဝပြီးတစ်ဘဝ။ ကျတာက အပါယ်လေးဘုံ။ တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံ၊ ငရဲဘုံ ဟော ဒါတွေဖြစ်ကြမယ်။ ခင်ဗျား အခုအနေကတော့ ပျော်နေတာ။ ပုံလေတဲ့ငှက်ခါး ပြန်လေတော့၊ သိမယ် သေခါနီးမှသိမယ်။ ခင်ဗျားတို့ အဲဒီတော့ သေခါနီးတော့ မကျင့်နိုင်တော့ဘူး။ မကြံနိုင်တော့ဘူး။ အခုကတည်းကနေပြီးတော့ ကိုယ်က အပြင်ပညတ်မှာ စင်ကြယ်ရမယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က သူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ ဒါတွေကို အသိတွေထားရတော့မယ်။ အပြင်မှာစင်ကြယ်ပါစေ။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ပညတ်မှာစင်ကြယ်ရင် နှလုံးသားမှာ ပရမတ်မှာလည်း လင်းလာလိမ့်မယ်။ ပညတ်မှ မစင်ကြယ်တာပဲ။ ပညတ်မှာ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ ကြည့်စမ်း မောဟတွေ၊ မောဟတစ်လုံးနဲ့ချလိုက်တာ မနောအာရုံ ပေါင်းတာ လောဘကြောင့် ဒေါသတွေဖြစ်တာ။ ဟာ မကောင်းပါဘူးဗျာ။ အဲဒီတော့ ကိုယ့်စိတ်ကလေး ကိုယ်စစ်။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်နဲ့၊ ကိုယ့်စေတနာမပျက်နဲ့။ ဩော် ဆဲတာလည်း ဆဲပါစေ။ ကျွန်တော်သည်းခံပါ့မယ်။ ကျွန်တော့် ရိုက်လည်း ရိုက်ပါစေ။ ကျွန်တော်သည်းခံပါမယ်။ ကျွန်တော့် စက်ဘီးလေးတွန်းမိလည်း ကျွန်တော် အလျော်မတောင်းပါဘူးဗျာ။ ကျွန်တော့်အမှားပါဗျာ။ ကိုယ်က ချည်း လိုက်တောင်းပန်နေတယ်။ ကြည့်စမ်း။ သူများက ကိုယ့်ပါးရိုက်တယ်။ ရိုက်ပါစေဗျာ။ ဟော ကြည့်စမ်း။ သူဘယ်လောက်စေတနာကောင်းလည်းလို့၊ ဝိသုဒ္ဓိဖြစ်နေပြီ။ ဝိဆိုတာ အသိ။ သုဒ္ဓိဆိုတာ စင်ကြယ်တာ။ အဲဒါ ဘယ်သူကမှပေးတဲ့ဘွဲ့မဟုတ်ဘူး။ တိပိဋကဘဏ္ဍာဂါရိက ဘယ်သူဘက်က ဘွဲ့မဟုတ်ဘူး။ ဒါဘာလည်းဆိုတော့ ခင်ဗျားတို့တွေးကြည့်၊ စိတ္တဝိသုဒ္ဓိဖြစ်နေတယ်။ သူ စိတ်ကလေးက အလွန်စင်ကြယ်နေတယ်။ အာရုံမှာလည်း စင်ကြယ်တယ်။ ကိုယ်ကျင့်တရားတွေထားတယ်။ ရပ်ကွက်လူကြီးခိုင်းလည်း လုပ်ပေးတယ်။ အိမ်နီးနားချင်းတွေခိုင်းလည်း လုပ်ပေးတယ်။ သစ္စာရှိတယ်။ ဟော မခိုးဘူး၊ သွားမခိုးဘူး။ ခိုးတာက သစ္စာပျက်တယ်။ အဲဒါ ပညတ်မှာတွေးကြည့်၊ အဲဒါတွေပေါ့ဗျာ။ ကိုယ့်စိတ်ကိုယ်တာစစ်ပေတော့၊ အဲဒါ လာတာလည်းတစ်ယောက်တည်း၊ ပြန်တာလည်း တစ်ယောက်တည်း။ ကြည့်စမ်း။ သံယောဇဉ်တွေ သံသရာလည်တဲ့ကြိုးကြီး။ ကိုယ့်ရဲ့ ကမ္မဝဋ်၊ ကိလေသာဝဋ်၊ ကိုယ်မသိတော့ ကမ္မဝဋ်ကို မပယ်နိုင်တော့ဘူး။ ဟော သံယောဇဉ်လေးတွေဖြစ်လာပြီဗျို့၊ အိမ်ဆောက်ကုန်ပြီဗျို့၊ ကြည့်စမ်းပါဦး။ တဏှာနဲ့ အိမ်ဆောက်တာ။ အဲဒါ တဏှာကိုဟောနေတဲ့တရား။ ဥပါဒါန်

တဏှာကိုပြောနေတဲ့တရား။ စာမတတ်ဘူး။ စာပယ်တာမဟုတ်ဘူး။ စာရှိလို့ အသိလေးတွေပြောတာ။ သိပ်တတ်မယ်ဆိုရင်တော့ အကုန်ပြောတတ်တယ်နော်။ စာမတတ်လို့ အဲဒါကြောင့် အစွဲတရား ဘယ်သူဖြစ်ဖြစ် တွေးကြည့်။ ခင်ဗျားကိုဆဲလိုက်တယ်။ ဟာ အဆဲခံရတဲ့လူရဲ့စိတ် ဘယ်လိုနေမလဲ။ အဲဒါသွားမှတ်တာ။ အာရုံမှာမှတ်လိုက်တော့ ငါ့ဆဲတာပဲဆိုတဲ့ အယူမှားနေတယ်။ အမှတ်မှားနေ၊ အစွဲမှားနေတော့ ကံဖြစ်ရော။ အဲဒါ လူထဲမှာလည်း လမိုင်းရှိတယ်။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်း စွဲရင် လမိုင်းပဲ။ ဟာ ဩော် အေး အေး ကျွန်တော်လုပ်ပါ့မယ်အဘရယ်။ ကျွန်တော် လုပ်ပါ့မယ် အစ်ကိုကြီးရယ်။ အင်မတန်မှအေးတဲ့၊ အေးငြိမ်းခြင်းဓါတ်တွေနော်။ မာန်ကလည်းပြုတ်ပြီ။ တဏှာကလည်းပြုတ်ပြီ။ ဟာ ဒိဋ္ဌိလည်းမရှိတော့ဘူးဆိုရင် ခင်ဗျား အဲဒါနိဗ္ဗာန်ပဲဗျာ။ အခုရတဲ့ နိဗ္ဗာန်။ အဲဒီ တဏှာကြောင့် မာန်ဖြစ်နေတာ။ ဘာလည်းကွ။ ဒီကောင် မနေ့ကမှ ဒီကောင်တို့သိတာပေါ့ကွာ။ ဒီကောင် အခုတော့ သူကဒီလိုဖြစ်သွားတာ။ ဟော ယုံမှားသံသယတွေ ပြစ်မှားကုန်ပြီ။ ကြည့်စမ်း။ ဒါတွေမဖြစ်စေနဲ့။ မစားရ မသောက်ရပဲနဲ့။ အပါယ်ကျမယ့်ဟာတွေ။ ဩော် အေး အေး အေး။ ဩော် သူကြီးစားတာကွ။ သူကြိုးစားလို့ သူ့ကံက အကျိုးပေးတာ။ အတိတ်ကံနဲ့ ပစ္စုပ္ပန်က အတိတ်ရဲ့ ကံက ဘဝအနန္တက သူ ဒီဒါနမျိုးစေ့တွေ သူလှူလာလို့ ဟောဒီဘဝမှာ ဗိုလ်ကြီးတွေဖြစ်၊ ဘကြီးတွေဖြစ်။ အေး သူက အတိတ်ကလုပ်လာတာကွ။ တို့က အတိတ်ကမလုပ်လို့ ဟောဒီပစ္စုပ္ပန်ရဲ့ကံကလေးပဲ မှီခိုအားထားပြီးတော့ တို့သတိထားရပါတယ်ကွာ။ အဲဒီလိုပေါ့။ ကံခြင်းမတူဘူး။ ကံခြင်း အဇ္ဈတ္တသတ် နဲ့ ဗိမ္ဗိသာရ နဲ့ သားအဖခြင်း ကံမတူဘူး။ ဘုရားကယ်တာလည်း တွေးကြည့်ပေါ့ဗျ။ ခင်ဗျား ဘယ်သူ့ ကယ်လည်း။ ဟော အင်္ဂုလိမာလတဲ့ စာက သုတ္တန်ကရေးထားတယ်။ အဲဒီတော့ လူတွေသတ်တုန်း ကတော့ သူမကယ်သေးဘူး။ အဲဒီတော့ လက်ညှိုးတစ်ချောင်းပဲကျန်တော့တယ်။ မနက်ကျတော့ သူ အမိဋ္ဌာန်ဝင်တယ်။ ဘယ်သူတွေ့တွေ့ တွေ့ရာ ဓါးမဆိုင်းခုတ်မှာပဲဆိုပြီးတော့ ဘယ်သူတွေ့တွေ့ မတွေ့တွေ့ ဘုရားတွေ့တော့လည်း သူခုတ်မှာပဲ။ သစ္စာဆိုထားတယ်။ ဟာ မနက်မိုးလင်းတော့ သစ္စာ ဆိုတယ်။ အဲဒီတော့ မနက်မိုးလင်းတော့ မအေကိုတွေ့ရောဗျို့။ ဟာ မအေမှန်းသိတယ်။ သစ္စာက ဆိုထားပြီးပြီ။ ငါတော့ မထူးပါဘူးကွာ။ သစ္စာတော့ ငါအပျက်မခံဘူး။ ခုတ်မှာပဲဆိုပြီး မအေကိုလိုက် တာ။ အဲဒီအချိန်မှာ ဘုရားကဝင်ပြီးတော့ ကယ်လိုက်တာ ဘုရားကဝင်ကယ်တော့ ဟော မအေ လွတ်သွားတယ်ဗျို့။ ဘာဖြစ်လို့လည်း ပဉ္စာနန္တရိယကံထိုက်သွားတော့မယ်။ သူကေန်ဖြစ်တော့မှာကို

ဘုရားကသိတယ်နော်။ အဲဒီတော့မှ ဘုရားက အဲ ဘုရားကကယ်တာ။ မအေ ကြားထဲဝင်ပြီးတော့ ကယ်လိုက်တဲ့အခါကျတော့ ဘုရားကိုလိုက်တာပဲ။ သူဝမ်းသာတယ်။ ငါ့အမေသိတယ်။ မသတ်တော့ဘူး။ ဟောဒီဟာကြီးပဲသတ်မယ်ဆိုပြီးတော့ ဘုရားကပြေးတာမဟုတ်ဘူး။ သူပြေးနေတာ။ အသင်ကြောက်လို့ပြေးသလားတဲ့။ ငါပြေးတာမဟုတ်ဘူးတဲ့။ အသင်ပြေးနေတာတဲ့။ အဲဒီတော့မှ သတိရတော့မှ ဒူးထောက်တာ။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ မနောက သူ့သတ်မှု။ ဓါးနဲ့ခုတ်မှု။ အဲဒါ ကာယကံ၊ ဝစီကံကလည်း သူပြစ်မှားကုန်ပြီ။ မနောကံပေါက်တာ။ အဲဒီ ၃ ကံစလုံး ကျူးလွန်မှာစိုးလို့ ပဉ္စာနန္တရိယကံ မအေလည်းဖြစ်နေတယ်။ အဇာတသတ်ကျတော့ ကယ်ပါလားဗျ။ အဲဒါ ဘုရားခေတ်ပဲ။ ချွတ်လို့ရတယ်တဲ့။ သူ့ပဲချွတ်သွားတာ။ ချွတ်လို့မရတဲ့သူကို ခက်တယ်နော်။ အဇာတသတ်သားလေးကိုမွေးတာ ခူနာပေါက်လို့ လက်ညိုးကပြည်တွေ ဝမ်းထဲရောက်လို့ မအေက သားလေးကိုမလုပ်ဘူး။ အဲ သားကကြီးလာတော့ ဘုရင်လည်းဖြစ်ရော တစ်ခါထဲ ဖအေကို ထောင်ထဲထည့်ပြီးတော့ ကော်ရည်တွေကျွေးပြီးတော့ ညဉ်းပန်းပြီးတော့ သေရော။ သေသွားမှ ဘုရားဆီသွားတယ်။ အပေါင်းအသင်းမကောင်းလို့ ပျက်တာ။ အပေါင်းအသင်းကောင်းရင်တက်တယ်။ အဲဒီတော့ အဇာတသတ်ဘယ်သူတွေပေါင်းလဲ။ ဒေဝဒတ်သွားပေါင်းတယ်။ ကဲတွေးကြည့်ပေ့ါ။ အဲဒီတော့ ဘာဖြစ်ဖြစ်မကောင်းတဲ့ဒုစရိုက်ကို မလုပ်ကြပါနဲ့။ မကောင်းတဲ့ အယူမှား၊ အမှတ်မှားတွေလည်း မလုပ်ကြပါနဲ့နော်။ အင်မတန်ကောင်းတဲ့ ဗမာပြည်ကြီး။ ခင်ဗျားတို့မသိလို့၊ အင်မတန်ထူးတဲ့ ဗမာပြည်တော်။ ရဟန္တာတွေ မြေမလျှောက်တဲ့ရဟန္တာရှိတယ်နော်။ ခင်ဗျားတို့တိုင်းပြည် ကောင်းအုံးမယ်မှတ်ထား။ သူတော်ကောင်း သူမြတ်လောင်းတွေရှိရင် ကောင်းမယ်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားမယ်။ အဲဒီလိုဟောလိုက်တဲ့ အသိတရားတွေ တွေးကြည့် မှန်တယ်ဆိုရင် ကိုယ့်စိတ်ကိုကိုယ်နှိမ်ချလိုက်နော်။ မာန်ပြုတ်လိုက်။ ဒီမာန်က သုညာတ နိဗ္ဗာန်တံခါးပိတ်တာ အဲဒီမာန်ပဲဗျ။ အဲဒီမာန်ဘာကြောင့်ရှိလည်း တဏှာကြောင့်ရှိတယ်။ တဏှာဘယ်ကလာလဲ။ ကိလေသာကလာတာ။ ဒါကြောင့်ဒီ ဝိပဿနာကို ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ နောက်ဆုံးတော့ မဂ်ဉာဏ်မရရင် ခင်ဗျားသဒ္ဓါဗိုလ်တွေ၊ သဒ္ဓါဆိုတာ ယုံကြည်တာ။ သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ။ ဟော ယုံကြည်ပြီး သူတရားထိုင်တယ်။ အာနာပါန သူရှုတယ်။ စိတ်နဲ့ စေတသိတ်ခေါင်းပါးလာရင် အဲဒါသီလပဲဗျို့။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်တွေကလည်း ခေါင်းပါး။ တွေးစိတ်ကလည်း မတွေးတော့ဘူး၊ ခေါင်းပါးလာတယ်။ အဲဒီ အဓိသီလပဲဗျို့၊ မနောသီလတွေဟာ အပါယ်

ပိတ်တာပဲ။ အဲဒီတော့ ဘာလည်းမရ ညာလည်းမရ စိတ်မပျက်နဲ့။ တစ်နေ့လုပ် တစ်နေ့သိလာတယ်။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းလုပ်လာရင် ခင်ဗျားသိလာလိမ့်မယ်ခင်ဗျာ။ ကိုယ်တိုင်သိလာမယ်။ တရား သူများသွားမမေးနဲ့ သီလဆိုတာ ပညတ်သီလရှိတယ်။ ပရမတ်သီလရှိတယ်။ အကာသီလ ရှိတယ်။ အနှစ်သီလရှိတယ်။ အကာကိုလည်း မပယ်နဲ့၊ မစွဲနဲ့၊ အနှစ်ကိုလည်း မကွယ်နဲ့။ ခင်ဗျား အပေါ်မှာ မူတည်တယ်။ ဝိပဿနာမဂ်နဲ့ ကိုယ့်စိတ်ကိုယ်စစ်လို့ရှိရင် သိလိမ့်မယ်။ ဩော် ကံတွေဟာ ကာယကံ(၃)ပါး သူများအသက်ကို သတ်ချင်သေးလား။ သူများပစ္စည်းကို ငါခိုးချင်သေးလား။ သူများ သားမယားကို ငါဖျက်ချင်သေးသလား။ ဟ ငါတရားထိုင်နေတယ်။ သစ်တစ်ပင်အောက်၊ ဝါးတစ်ပင် အောက် ကာယကံလုံပြီ။ ဝစီကံကလည်း လုံပြီ။ အဲဒါပညတ်တွေ ပညတ်ကိုလည်း စင်ကြယ်လာပြီ။ ပရမတ်ကိုလည်း မြင်လာလိမ့်မယ်။ ခင်ဗျားအပေါ် မူတည်တယ်။ တစ်နေ့ ခင်ဗျားကိုလည်း ဘဝ တစ်ပါးသို့ သွားရမှာပဲ။ ဦးပဏ္ဍိတ လည်း သွားရမှာပဲ။ မအိုခင်၊ မနာခင်၊ မသေခင်မှာ။ အဲဒီတော့ ဒီအသိတရားတွေကို နှလုံးသွင်းပြီးတော့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ သူများမြှောက်တိုင်း မမြှောက်နဲ့။ သူများချောက်တိုင်းလည်း မကြောက်နဲ့။ ကိုယ့်ဟာကိုယ် မှန်မှန်လေးနှလုံးသွင်း။ မှန်မှန်လေး။ ဩော် အေး အေး အေး။ သူများဆဲလည်း အေး အေး အေး။ သူများလက်သီးနဲ့ထိုးလည်း ဩော် အေး အေး အေး။ အဲဒီလို အေး အေး အေး နဲ့ စိတ်ကိုအမြဲတမ်းထိန်းထားတာ။ အပ္ပမာဒေန သမ္ပာဒေထ။ ထိ သိ သတိ သတိအမြဲတမ်း သူ့မှာ ရှိတယ်။ ဩော် ငါဆဲလိုက်ရင် အကုသိုလ်ကံတွေဖြစ်မယ်ကွ။ ငါသတ်လိုက်လို့ရှိရင်လည်း အကုသိုလ် ကံတွေဖြစ်မယ်ကွ။ အဲဒီကံတွေ ဇွဲလို့ငါဖြစ်တာပါလား။ ဒေါသတွေဖြစ်လိုက်၊ လောဘတွေဖြစ်လိုက်၊ မောဟကိုမသိလို့။ အဲဒီမောဟ က ဒိဋ္ဌိရဲ့အပွားတွေ ဒိဋ္ဌိဆိုတာ အယူမှား၊ အမှတ်မှား၊ မစွဲမှားတယ်။ အတ္တကိုယူတဲ့အစွဲတွေ။ အဲဒါ ဝိပဿနာတရားသာထိုင် ဘာမှ သူတို့ကိုမပြောနဲ့။ မှန်တယ်ကွာ။ ငါကတော့ ငါ့အလုပ် ငါလုပ်မယ်။ အဲဒါ အေးငြိမ်းခြင်းခါတ်။ အဲဒီတော့ ဒီအလုပ်တွေကို မဂ္ဂင်ရှစ်ပါး ခင်ဗျားတို့ကို အဖေလို၊ အမေလို၊ အစ်ကိုလို၊ ညီမလို ခုနက လုံချည်ဝတ်ရင် လှည့်ဝတ်။ ပိုက်ဆံက သိပ်ရှားတယ်နော်။ ရှာလို့တောင်မရဘူး။ အဲဒီတော့ ဈေးကတော့ဝယ်လိုက်တာ။ ခင်ဗျားတို့ ဘယ်လောက်ရနေ ရနေ ကုန်တာပဲ။ မြိုးမြဲပြီးဝတ်၊ မြိုးမြဲပြီးစား၊ ကုတ်ကုတ်ကလေးနေ။ ရပ်ကွက်မှာ

မထောင်နဲ့။ လက်မသွားမထောင်နဲ့။ ကိုယ့်ဟာကိုယ် ကုတ်ကုတ်ကလေးနေ၊ တရားလေးကို နလုံးသွင်း။ ထမင်းစားတဲ့အခါမှာ ဆားလေးနဲ့စား။ အဲဒီတော့ ဘာလေးနဲ့စားစား။ မစင်သွားမှာ။ တစ်နေ့ကို ဟင်းခွက်(၁၀)ခွက်၊ (၁၅)ခွက်ဟာ ရှာလို့တောင် မလောက်ဘူး။ အဲဒါ အရသာဇိဝှါမှာလည်း ခံစားတယ်။ စက္ခုမှာလည်း ခံစားတယ်။ နားသောတမှာလည်း ခံစားတယ်။ အကုန်လုံး တဏှာချည်းပဲ။ အဲဒီတော့ ကိုယ် ဒီဝတ္ထုလေးက ကံ၊ ကတ္တား၊ ကြိယာလေးပဲ။ ခင်ဗျားရဲ့ အသက်ကြီးလာသမျှ ကာလပတ်လုံး ပိုက်ဆံရှမှ၊ ဒါလေးရှိတော့ ဆေးရုံတက်တာအောင် ဝတ္ထုလေးပါသွား။ လူနာ လူနာချင်း ခိုင်းလို့ရတယ်။ ကိုယ်လည်း တစ်ပြားမှ မပါဘူး။ ကိုယ်က နဂိုတုန်းက လုပ်လိုက်တာ ဖဲရိုက်၊ ချဲထိုး။ ခင်ဗျားတို့ ချဲတွေတော့ မထိုးနဲ့။ ကံကို သွားမကစားနဲ့။ ကံက သိပ်ကြောက်ဖို့ကောင်းတယ်။ ကိုယ်ကံကောင်းရင်တော့ ဘာလုပ်လိုက်တာ ဆိုတာ ဘဝပျက်သွားလိမ့်မယ်နော်။ ဦးဇင်း က တိုင်းပြည်တွေကိုရောက်တယ်။ ယိုးဒယားကိုရောက်တယ်။ အကုန်သိတယ်နော်။ ဦးဇင်း ဘယ်လိုမှ မတတ်နိုင်ဘူး။ မျက်ရည်တောင်ကျတယ်နော်။ ဒါတွေ ချဲတွေထိုးလိုက်လို့ရှိရင် တစ်ခါတည်း လူရောင်းစားတာတွေရှိတယ်နော်။ တစ်ဆင့်ထက်တစ်ဆင့် ဘာမှမသိဘူး။ အမျိုးသမီး ဟိုယိုးဒယားလည်းရောက်ရော ပြန်လည်းမလာနိုင်တော့ဘူး။ ကြည့်စမ်း ပါဒုံးဗျာ။ ကိုယ့်အဖေ၊ အမေ စကားနားထောင်။ ကုတ်ကုတ်ကလေးနေ။ နိုင်ငံတော်အစိုးရကို သူကလည်း သူ့အလုပ်သူလုပ်ရတာကို မသက်သာဘူး။ သူ့အလုပ်ကိုလည်း ခင်ဗျားတို့လိုက်ကြည့်။ တံတားတွေဆောက်ရ၊ လမ်းတွေလုပ်ရ၊ ကြည့်စမ်း ခင်ဗျားတို့ကြည့် သံဝေဂရဖို့ သိပ်ကောင်းတာ။ ဧရာ် ဒီပုဂ္ဂိုလ်ကြီးတွေဟာ တို့ကို အင်္ဂလိပ်လက်ထက်ကတုန်းက မရှိခဲ့ပါလား။ အခု ဒါတွေလုပ် ပါလား။ ဒါတွေကိုင်ပါလား။ သူတို့လည်း လုပ်ရတာ နေ့တိုင်းနော်။ ဟိုသွားလိုက်၊ ဒီသွားလိုက် လမ်းတွေဖောက်ရတယ်။ တံတားတွေဆိုတာ ဦးပဏ္ဍိတ တောင် မလုပ်နိုင်ဘူး။ သူတို့လုပ်တယ်။ ဒါ သူတို့ရဲ့ စေတနာရဲ့ ပစ္စုပ္ပန်တည့်တည့်လေးမှာ သူတို့စေတနာရှိလို့ ဒါတွေလုပ်သွားတာ။ သူတို့လည်း အိုမယ်၊ နာမယ်၊ သေမယ်။ ဦးပဏ္ဍိတ လည်း အိုမယ်၊ နာမယ်၊ သေမယ်။ ဒါနောက်ဆုံးကာလတွေ နောက်ကလေးတွေ ကောင်းစားအောင်လုပ်ပေးတာ။ ဒါတွေကို သွားမပြစ်မှားနဲ့။ ကိုယ့်ဟာကိုယ်နေ မစားရ၊ မသောက်ရပဲနဲ့ သွားပြစ်မှားရင် ခင်ဗျားတို့ ဥပါဒါန်ကံဖြစ်ရော။ မိစ္ဆာကံတွေ ဖြစ်သွားလိမ့် မယ်နော်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

သာဓု ... သာဓု ... သာဓု ပါဘုရား။

(အဲဒါ ခင်ဗျားတို့ယုံကြည်ရင် လှူပါဗျာ။ မယုံကြည်ရင်တော့လည်း မလှူနဲ့ပေါ့။ အဲဒီလှူတဲ့ ပိုက်ဆံကို ဆရာတော်ကြီးထံ ဦးဇင်း အကုန်ဆုံးအပ်ပစ်ခဲ့မယ်။ ဦးဇင်း တရားပွဲမှာ ဘာမှမယူပါဘူး နော်။ အဲဒီတော့ ဒါနစစ်၊ ဒါနမှန်။ လှူစစ်၊ လှူမှန်။ ရဟန်းစစ်၊ ရဟန်းမှန် အဲဒီအချက်(၃)ချက်ပဲဗျို့။ အဲဒီတော့ ခင်ဗျားတို့ရဲ့ ရဟန်းကလည်း စစ်ရမယ်။ ရဟန်းကလည်း သစ္စာရှိရမယ်။ ခင်ဗျားတို့က လည်း ဒါနလေး အားကိုးပြီးတော့ ဘဝတွေ ဘဝတွေ နေ့ခင်းမတ်တပ်ရပ် အရိပ်ထွက်တာ။ ခင်ဗျား အနောက်ကအရိပ်က လိုက်သလို ခင်ဗျားနောက်ကိုလည်း အဲဒီမျိုးစေ့ပါသွားလိမ့်မယ်။ ဒါနစစ်တယ်။ ရဟန်းကလည်း စစ်တယ်။ ဥပါဒါန်ပြတ်တယ်။ ကိုယ်ကလည်း လှူချင်တဲ့ ပုဗ္ဗမုဥ္စ ပရစေတနာလည်း မှန်တယ်ဆိုရင် ခင်ဗျားတို့လာလှူကြတဲ့။ ဦးဇင်း အောက်မှာ ဆင်းခံပေးမယ်။)

( သာဓု ... သာဓု ... သာဓု )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၂၀၂)

စာမတတ်ဘူးဗျနော်။ ငယ်စဉ်တောင်ကျေးက စာကိုမသင်ခဲ့လို့ မတတ်တာပါ။ မသင်လို့ မတတ်တာ။ စာကိုပယ်တာမဟုတ်ဘူး။ ကိုယ်မတတ်တာကိုပြောတာ။ အဲဒီတော့ စာမတတ်တဲ့ အားလုံးတရားနာကြတဲ့ပုဂ္ဂိုလ်များ သံဃာတော်အရှင်မြတ်တို့ ကိုရင်လေးတို့၊ ဒကာ၊ ဒကာမတို့အားလုံး ဦးပဏ္ဍိတ က စာမတတ်ဘူး။ ငယ်စဉ်ကမတတ်တာ ဘာကိုသုံးဟောသွားမလဲတဲ့။ ခင်ဗျားတို့ အဲဒီအသိတရား ခန္ဓာနဲ့ရင်းရာတဲ့ ဥပါဒါန်အစွဲတရား ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံ(၃)ပါးဟာ ဘယ်ကံ သံသရာလည်သလဲဆိုတာကိုပြသွားမယ်နော်။ အဲဒီအာရုံတွေမှာ မဖြတ်တော့ အဲဒီ(၃၁)ဘုံမှာ လည်မှာပဲ။ ဒါ သစ္စာနဲ့ ခင်ဗျားတို့ကိုဟောတာ။ အဲဒါ မဂ်ဉာဏ်ရတဲ့ရဟန်းတစ်ပါးခေါ်တယ်နော်။ မဂ်ဉာဏ်ရတဲ့ရဟန်းတစ်ပါးက ပညတ်ကိုအာရုံမှန်သမျှ ဝဋ္ဋကြာမကို သူမစွဲတော့ဘူး။ မှန်တာပြောတာ။ အခု အားလုံးရှိကြတဲ့ ကျောင်းပေါင်းမြောက်များစွာရှိကြတယ်။ မကျေနပ်ရင် ချွတ်ပါဆို ချွတ်ပေးလိုက်မယ် သင်္ကန်း။ ထွက်သွားဆို ထွက်သွားလိုက်မယ်။ သူ ရသွားပြီ။ မဂ်ဉာဏ်။ ဉာဏ် ရသွားပြီ။ အဲဒီတော့ ခင်ဗျားတို့ ပြတ်တယ်၊ မပြတ်တယ်တော့ ဦးပဏ္ဍိတ မပြောဘူး။ လမ်းတော့ပြလိုက်မယ်။ စာကရေးထားတယ်။ ဘယ်လိုရေးထားလဲ။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ။ ဟုတ်လားတဲ့။ ဟုတ်တယ်တဲ့။ အေး အဲဒီတော့ ဒီစာကမှန်၏။ ငါဉာဏ်မိဖို့ ငါလိုတယ်။ ဘာလုပ်မလဲ ဒီဉာဏ်ရအောင် ဂမ္ဘီရဉာဏ်ရအောင် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ တဲ့။ ဒါ စာရေးထားတယ်။ ဟုတ်တယ်။ အဲဒီဉာဏ်ကို ရအောင် သူလုပ်မယ်။ ခုနက သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ။ အဲဒါ စာမှန်တယ်။ ဟော ခန္ဓာကရှာတော့မယ်။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဘဝသံသရာကိုလည်တာ။ အဲဒီ ရုပ်နာမ်ကလည်တာပဲ။ ရုပ်မသိလို့ နာမ်မသေတာ။ နာမ်သောင်းကြမ်းတဲ့သဘောလေးပဲ။ အာရုံ မပြတ်ဘူး။ ဒါ စာမဟုတ်ဘူး။ ခန္ဓာသိပြောသွားတယ်တဲ့။ စကားအစွဲ ဥပါဒါန် ကံစွဲရင် ကံ။ ကံကြောင့် ဒုက္ခသစ္စာ။ အခု ခင်ဗျားတို့သင်္ကန်းတွေကပ်ကြတယ်။ ဟာ ဦးပဏ္ဍိတ သဘောလေးပြောမယ်။ ဦးပဏ္ဍိတ ဟာ ဦးပဏ္ဍိတ နေတာ။ ခင်ဗျားတို့သဘောလေးပဲ ကျောင်းမှာရှိတဲ့ သင်္ကန်းတွေအများကြီး ရှိတယ်။ အဲဒီတော့ လူကြီးမင်းက သင်္ကန်း ဘုန်းကြီးရေ သင်္ကန်း(၄၀)ပေးပါ။ (၅၀)ပေးပါ။ ဟော ဘုန်းကြီးက ကောင်းပါတယ်ဗျာ။ ကံအလုပ်တွေပဲဗျ။ ကောင်းပါတယ်ဗျာ။ သူတို့အလိုကြိုက်တာ။ ဘုန်းကြီးကတော့ ဘာမှမပြောဘူး။ ကောင်းပါတယ်ဗျာ။ ဒါတွေ အပြီးသားကျတော့ ဝဋ္ဋကြာမနဲ့ ရောင်းစားကြတာ။ ရောင်းပြီးတော့ တက်ကြတာ။ သြော် ကောင်းပါတယ်ဗျာ။ ဉာဏ်သမားကတော့

သိနေပြီ။ လုပ်နေတာ။ ဩော် ဟုတ်ပါလား။ သူတို့လုပ်နေကြတာ။ တော်တော်ခက်ကုန်ပြီ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒါ ခန္ဓာက (၃၁)ဘုံလွတ်သွားတဲ့တရားတွေ။ မင်္ဂလာဏ်ရတဲ့ပုဂ္ဂိုလ်ကြီး။ မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်ကြီးက ခင်ဗျားတို့ မြေပဒေသာပင်လေးလှူ။ ခင်ဗျားစေတနာစစ်ဖို့လိုတယ်နော်။ သင်္ကန်းအစုံ (၁၀၀)ဖြစ်ပါစေ။ ခင်ဗျားအပေါ်မှာမူတည်တယ်။ အခုကြည့်စမ်း သင်္ကန်းတွေ ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးတွေသွားပဲ။ စာမတတ်တဲ့ရဟန်းပဲ။ အကုန်ဖွင့်ပြောတာ။ အာ ငါးဆယ်ပေးပါဘုရား။ ကောင်းပါတယ်ဗျာ။ အဲဒါတွေရောင်းပြီးတော့ ပိုက်ဆံတွေ ဘုန်းကြီးကပ်တယ်ဗျ။ ဟော မှန်ဖို့လိုတယ်။ သစ္စာရှိဖို့လိုတယ်နော်။ ဘုန်းကြီး သူ့ဓါတ်နဲ့ သူကံနော်။ သူ့ဟာသူ ဘယ်လိုနေနေ၊ ဘယ်လိုစားစား။ ဘုန်းကြီးဟောတဲ့အသိဟုတ်၊ မဟုတ် အခုတော့ သူတို့က ရှေ့တော်ပြေးတွေလုပ်နေတယ်။ ကောင်းပါ တယ်ဗျာ။ ကောင်းပါတယ်ဗျာ။ ဒေါလုံးကြီးလိုပဲ။ ဘယ်သူကနက်ကန် ခံမှာပဲ။ အခုခင်ဗျားတို့ မြောင်းမြ မြို့မှာရှိတဲ့ ကျောင်းပေါင်း(၆၀) အခုချတ်ပါဆို ချတ်ပေးလိုက်မယ်။ ထွက်သွားဆို အခုထွက်သွားမယ် နော်။ ဒီဟာရေးထားတယ်။ ခန္ဓာ(၅)ပါးနဲ့ ရုပ်နာမ်(၂)ပါးကိုသိလို့ သူထွက်သွားတာ။ ခန္ဓာနဲ့ရင်းရှာ ထားတာ။ အလကားရဟန်းမဟုတ်ဘူး။ ဉာဏ်ရထားတဲ့ရဟန်း။ ဖွင့်ပြောသွားမယ်နော်။ ခင်ဗျားတို့ လှူတတ်ဖို့လိုတယ်။ ခင်ဗျားတို့ရဲ့ စေတနာမှန်ဖို့လိုတယ်။ ခင်ဗျားတို့ သဂ္ဂါရဒိဋ္ဌိကံတွေ၊ မိစ္ဆာဒိဋ္ဌိကံ တွေ ကြည့်စမ်း။ သဂ္ဂါရဒိဋ္ဌိကံတွေ။ ကံပဲ အစွဲတွေ။ အဲဒါတွေကိုလမ်းမှန်ပြရဲ့သားနဲ့ ခင်ဗျားတို့က တစ်မျိုးလမ်းလျှောက်တော့ ဘာတတ်နိုင်မလဲနော်။ ထင်းလေးခွေနော်။ ရေလေးတိုက်လိုက်။ စေတနာ မှန်ဖို့လိုတယ်နော်။ စေတနာ ဘုရားဟောသွားတာ ကြည့်စမ်း။ သဒ္ဓါသံပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းလည်း ဒုလ္လဘော ခံယဉ်းစွာရအပ် သေ၏တဲ့။ ရေးထားတယ်စာ ခဲယဉ်းတဲ့ကံရပြီ။ အခုတော့ ဘာကံတွေလဲ။ ခင်ဗျားတို့ရထားတဲ့ကံ ပကာသနကံ၊ ဘယာကံတွေ။ ဘာဖြစ်ဦးမှာလဲ။ ကံဟာ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီး လောက်ဖြစ်တယ်။ မှန်တယ်။ ပြောတာကြည့်စမ်း။ အေးကွာတဲ့။ ငါယူတဲ့အာရုံဟာ အတွင်းအာရုံ အပြင်ပြတ်နေပြီ။ နင်တို့ယူထားတာက အပြင်အာရုံ။ သမ္မာနဲ့ယူရင်ယူ၊ သဂ္ဂါရဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ၊ အတ္တဒိဋ္ဌိကံ၊ သက္ကာရဒိဋ္ဌိကံဆိုတာ ကြည့်စမ်း အသက်ရှိတဲ့လူလုပ်ကြတာပဲဗျို့။ ဦးပဏ္ဍိတ တဏှာပြတ် နေပြီ။ အတွင်းတဏှာပြတ်နေပြီ။ အတွင်းတဏှာပြတ်လို့ အပြင်တဏှာမလိုက်တာ။ အဲဒီလို ရဟန္တာ စစ်ကြီးကို ခင်ဗျားတို့လုပ်တာတွေးပေါ့ဗျာ။ အဲ ခင်ဗျားတို့ရဖို့ နီးနီးလေးနဲ့ ဝေးနေ။ နတ်တွေရှိတယ်။ ဦးပဏ္ဍိတ ဒီလိုလိမ်ပြောရင် သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ မကိုက်တော့

ဘူး။ တစ်ခါတည်း မိုးကြိုးပစ်ချလိမ့်မယ်။ ငါ့ကိုနော်။ မှန်မှန်ကန်ကန်လုပ်ပါ။ မရှိရင်ဟော ကာမဝစ္စ လေး တစ်ပြားဖြစ်ဖြစ်ကပ်ပေါ့တဲ့။ ဘာသင်္ကန်းတွေလာယူရလဲ။ ကဲ ဟိုကလည်း ပျော်ပျော်ပဲ။ တဏှာပဲ။ ဒီကလည်း တဏှာပဲ။ ဘာတစ်ခုသိလဲဗျ။ နတ်တွေရှိတယ်။ ခင်ဗျားတို့ကိုသင်ပေးတာ။ အဲဒီတော့ ဘာလေးဖြစ်ဖြစ် ဆားလေးဖြစ်ဖြစ်၊ ထမင်းလေးဖြစ်ဖြစ် ရှိတာလေးကျွေးလိုက်ပေါ့ဗျာ။ ပကာသန စေတနာတွေလုပ်နေတယ်။ ဘယာစေတနာတွေလုပ်နေတယ်။ ဘာဖြစ်ဦးမှာလဲ၊ ကံတွေ။ အဓိပတိ စေတနာလုပ်ရတယ်။ နိဗ္ဗာန်ကူးမှာက အဓိပတိကကူးမှာ။ ဟာ ဦးပဏ္ဍိတ တရားဟောမယ်။ မင်းတို့ ကြိုးဆွဲတိုင်း အကုန်ကမယ်။ ငါနောက်ဆုံးသွားမယ့်အကောင်ပဲကွာ။ သွားရမယ့်အကောင်။ မင်းတို့ကို ငါသိပ်သနားတယ်။ မှန်တယ်ကွ။ ပညတ်နယ်ထဲမှာ ငါ့သားရှိတယ်၊ သမီးရှိတယ်၊ ဆွေမျိုးရှိတယ်၊ မယားရှိတယ်။ အာ အကုန်ရှိတယ်ပေါ့ကွာတဲ့။ ငါမစွဲဘူးကွတဲ့။ ရှိတာ အဖေလာတောင်းလဲ ပေးတယ်ကွ။ မင်းတို့မင်္ဂလာ(၃၈)ဖြာထဲမှာရေးထားတာပဲကွတဲ့။ ဉာတကာ ဆွေမျိုးထောက်ပံ့ရခြင်း သည်လည်းကောင်းဆိုတာ မင်းတို့ရေးထားတာပဲတဲ့။ ငါ့လာတောင်း ပေးတာပေါ့ကွတဲ့။ ညက လင်မယားတွေရန်ဖြစ်တယ်။ ငါပိုက်ဆံပေးတယ်၊ ဆန်ပေးတယ်ပေါ့ကွတဲ့။ ငါနဲ့ဘာဆိုင်လဲကွတဲ့။ အဲ မင်းတို့ကျောင်းကသံဃာ ဟိုမှာရဟန်းကြီးဝတ်ပြီးတော့ ကိုးကားတွေဖြစ်တယ်။ ဟိုမှာ ငါမရှိတုန်း ခုနှစ်ချက်၊ ရှစ်ချက်ရိုက်တယ်။ ဒါတွေတွေးကြည့်ပေါ့။ ဘာအလုပ် လုပ်သွားတယ်။ ငါမပြောဘူးကွ။ ဘာလုပ်လုပ်ကွတဲ့ အဲ မင်းတို့လုပ်တာကောင်းပါတယ်ကွာ၊ ကောင်းပါတယ်ကွာ။ မင်းဖြစ် မင်းခံပဲ။ ငါဖြစ် ငါခံပဲ။ နတ်ရှိတယ်။ နှလုံးသားကို နတ်ကသိတယ်။ ပါးစပ်ကပြောတာ လူသိတယ်။ မှတ်ထား။ မင်းတို့နိဗ္ဗာန်ရောက်တဲ့လမ်းလေးကို ငါတွေ့တယ်။ မင်းနှလုံးသားက သစ္စာရှိရမယ်ကွ။ ဟော့ကောင်ရဲ့ မင်းမနော‌ထွက်ကတည်းက သစ္စာရှိရမယ်။ အခုတော့ မင်းတို့ ကိုးကားတွေဖြစ်ရမှာပေါ့ကွာ။ မင်းတို့ ဟောခိုင်းနေတယ်။ ဟော ငါ မဂ်ဉာဏ်အောင်သွားတဲ့ရဟန်းတစ်ပါးခေါ်တယ်။ ငါ့ကြိုက်မှလှူ။ မကြိုက် ရင် မလှူနဲ့။ ငါကတောင် ဆဲလိုက်သေးတယ်။ ဘုန်းကြီးတွေ ငါနဲ့တုတ်လို့တုတန်၊ လူတွေတုတ်လို့ တုတ်။ ဘာလို့ ငါဒီလိုဖြစ်လဲ။ ငါ ကာယကံနဲ့ ဝစီကံ ငါ့ကလေးကစားသလို မနောတစ်လုံး ဉာဏ်ကို တစ်လုံးတည်းယူထားတယ်။ ဒီဉာဏ်နဲ့ အပြင်ကို အကုန်ရမ်းနေတာပဲ။ အပြင်ရမ်းတော့ အပြင်ပညတ် ယူတဲ့လူတွေက ဟာ နှလုံးသားကပေါက်နေတယ်။ ဆူးပေါ်ဖက်ကျ ဖက်ပေါက်တယ်၊ ဖက်ပေါ်ဆူးကျ ဖက်ပေါက်တယ်။ ဘုန်းကြီးလည်း ပေါက်တာပဲ။ လူလည်း ပေါက်တာပဲ။ ပေါက်လို့ရိုက်တာပေါ့ဗျ။ ပေါက်လို့ ဒီလိုလုပ်တာပေါ့ဗျ။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်ဘူး။ ရထားတဲ့ဉာဏ် သူ့ကိုတိုင်ပင်ရ မယ်နော်။ မဂ် သူ့ပေါ်က ကျော်ကျော်တက်သွားတယ်။ သင်္ကန်းအစုံ(၄၀)လောက်ပေးပါ။ သင်္ကန်းတွေ

လာယူ ကောင်းပါတယ်ဗျာ။ ဒါတွေကတော့ ဘုန်းကြီးစားပေါက်ထွင်ပေးတာ။ ဘုန်းကြီးက ကံဘုန်းကြီးလား၊ ဉာဏ်ဘုန်းကြီးလား ကြည့်ဦး။ ဟော ငါ့ဆရာ ဉာဏ်ဖြစ်နေပြီ။ အဲဒီတော့ သူလည်းပင်ပန်းတယ်။ ငါလည်း ပင်ပန်းတာကွာ။ သူတို့လိုချင်လည်း ပေးလိုက်ကွာ။ ပိုက်ဆံမယူနဲ့ကွာ။ ဒါပေါ့ဗျ။ ဒီမှာ ထင်းလေးခွေ၊ ရေလေးခပ်။ အဲဒါလှူတာ။ အမြတ်ဆုံးပဲ။ စေတနာမှန်ဖို့လိုတယ်နော်။ ခင်ဗျားတို့ လှူတတ်ဖို့လိုတယ်ဆိုတာ အဲဒါခေါ်တာ။ မရှိမယ့်ရှိမယ့်လေးနဲ့ ဆံပင်လေးရောင်းလှူတာ။ ဒါ သူ့ဟာသူ ဘယ်သူ့လည်းဖွင့်မပြော၊ ဆံပင်ရောင်းလှူတာ။ ကြည့်စမ်း ဟိုဘုရားခေတ်တုန်းက ရဟန်းခုနစ်ပါး ရှိတယ်။ အမေရေ ကျွန်တော်တို့၊ ကျွန်မတို့ ထမင်းစားဖို့ အဲဒီဇရပ်မှာစောင့်နေမယ်။ ရဟန်းတွေ ဆွမ်းခံသွားမယ်ဆိုပြီးတော့ ဆွမ်းကျန်၊ ကွမ်းကျန်လေး စားဖို့စောင့်နေတယ်။ စောင့်နေတော့ ရဟန်းတွေက မြို့ထဲကပြန်လာပြီတော့ကပ်မှ ဆွမ်းမရဘူး။ အဲ အမေရေ အဲဖွင့်ကြည့်တော့ ဘယ်သူ့မှာလည်း မရဘူး။ သမီးဆံပင်လေးသွားရောင်းမယ်ဆိုပြီးတော့ သွားရောင်းတာ။ ရောင်းပြီးတော့ ရဟန်းတွေကို ဆွမ်းကပ်တယ်နော်။ ဒီလိုစေတနာမျိုးမှန်မှ ဟိုက ရဟန်းကလည်းစစ်တယ်။ ခင်ဗျားကလည်း စေတနာစစ်တယ်။ ဆုမတောင်းနဲ့။ ဟာ နဘယံ ဘေးမရှိတဲ့။ စံပြမရှိ။ ဝိသုဒ္ဓိတဲ့။ ကြည့်စမ်း ရေးထားတယ်။ သူလုပ်နေတာ။ ကြည့်စမ်း ဘုန်းကြီးကို ပိုက်ဆံရတာပေါ့။ ဒီသင်္ကန်းတွေရောင်းစားတဲ့ သင်္ကန်းတွေ ဘယ်သူ့ဆီရောက်လဲ။ ဘုန်းကြီးဆီရောက်တာပဲ။ အကုန်ရောက်တာပဲ။ ဟာ ခင်ဗျားတို့ သနားဖို့ သိပ်ကောင်းတယ်။ မလုပ်ကောင်းတာတွေကို မလုပ်ရဘူး။ ဘာပဲဖြစ်ဖြစ် ဆားလေးနဲ့ ထမင်းလေးနဲ့ စား၊ ဩော် တို့ဆရာက ဉာဏ်ဖြစ်နေပြီကွာ။ တို့က ကံစွဲသေးတယ်ကွ။ သူက မစွဲတော့ဘူးကွ။ အဲ သူ့မှာလည်း ပိုက်ဆံတွေပြည့်စုံတယ်။ ဟိုမှာလည်း ငွေ(၁၀၀)သိန်း ဟိုမှာလည်း သေတ္တာထဲမှာရှိတယ်။ နောက်ထပ် မင်း ဘုရားတည်ဦးမလား။ လာ လာဦးကွတဲ့။ ဟာ ကြည့်စမ်း ရှာထားတာ။ သူက အသက်အသေခံပြီးတော့ မကောင်းပါဘူးဗျာ။ အသေခံပြီးရှာတာ။ သာသနာကို အသိတရားရလို့ ဒီသာသနာကို ယုံကြည်သွားတာနော်။ အဲဒါကို နောက်ကလိုက်တတ်ဖို့လိုတယ်။ အဲဒါရဖို့ အပါယ် ဗိတ်မယ်။ နိဗ္ဗာန်ကူးမယ်။ ဘုန်းကြီးစကားနားထောင် ကုတ်ကုတ်ကလေးနေ။ တစ်ယောက်နဲ့ တစ်ယောက် သမ္မာလေးနဲ့သုံး။ သက္ကာယဒိဋ္ဌိကံတွေ၊ မိစ္ဆာဒိဋ္ဌိကံတွေ၊ အတ္တဒိဋ္ဌိကံတွေနဲ့ မလုပ်နဲ့။ ဩော် အေး အေး အေး ဘုန်းကြီးကို တို့ပါရမီဖြည့်မယ်။ ဟဲ့ ဘုန်းကြီးကို စိတ်ညစ်အောင် တို့ မလုပ်ဘူးဟဲ့။ ဟော သဘောလေး၊ သဘောလေးနော်။ အဲဒါကြောင့် လှူတတ်ဖို့လိုတယ်။ နေတတ်ဖို့ လိုတယ်။ စားတတ်ဖို့လိုတယ်၊ နေတတ်ဖို့လိုတယ်။ ဘာလုပ်မလဲဗျ။ ပကာသနဟာကြီးတွေ တိုက်ကြီးတွေ၊ ကားကြီးတွေ၊ သဘော်အစင်း(၁၀၀)တို့ ဘာတို့ ဦးဇင်းကတော့ မှန်တာပြောတာ ငါ့အခု ဘုရင်

ပေးတောင် ငါမလုပ်ဘူးကွတဲ့။ ဟ ဟိုတုန်းက ဒလဝမ်။ အဲဒီဗိုလ်ကြီးတင်မြင့် ဆီ သူ့အခန်းထဲမှာ ရှိခိုးပြီးလျှောက်ယူရတယ်။ ဒလဝမ်လေးရဖို့။ ဟောဒီဂုန်နီစက်ရုံဒလဝမ်လေး။ အဲဒီဗိုလ်ကြီးတင်မြင့် ဆီ ရှိခိုးပြီးတော့ ကျွန်တော်ဗျာ ရဲလူထွက်ပါဗိုလ်ကြီးရယ်ဆိုတော့ အဲဒီမှာ ဖုန်းဆက်ပြီးရတာ။ အခု ဘုရင်ပေးပါ။ ဟာ ကျွန်တော်မလုပ်တတ်ပါဘူးဗျာ။ ဆရာကြီးဟာဆရာကြီးလုပ်ပေတော့။ ဟာ ရသွားပြီ။ ဖွင့်ပြောသွားတယ်။ တိုင်ချင်တာတိုင် မဂ်ဉာဏ်ရသွားပြီးတော့ သူတော့သွားမလုပ်နဲ့ ကိုယ့်ဟာကိုယ် ချွေးနည်းစာနဲ့ ကိုယ့်အသိနဲ့ကိုယ်လှူနော်။ အဲဒီတော့ သူများတွေခေါ်ခေါ်မလာနဲ့။ သူများရဲ့ စေတနာ နဲ့ ခင်ဗျားရဲ့ စေတနာ မတူဘူးနော်။ စေတနာကိုပြောသွားတာ။ စေတနာဟာ ဝိသုဒ္ဓိခေါ်တယ်။ စေတနာပုပ်စပ်ရင် အဲဒါကတော့ ဗျာပါဒတဲ့။ အဘိဇ္ဈာတဲ့။ မိစ္ဆာဒိဋ္ဌိတဲ့။ စိတ်ကောင်းမရှိလို့ သူတို့ ဦးဇင်း ကို မနာလိုလို့ ဦးဇင်း ကို ကမ္မာအေးတိုင်တာပေါ့ဗျ။ ခင်ဗျားတို့ မြောင်းမြကသံဃာတွေ သံဃ နာယကတွေ အနိနာလိုရင် တိုင်ပါ့မလားဗျ။ အဲဒီတစ်လုံးတည်းကြည့်။ သူများမနာလို ကိုယ်အကျိုး မရှိ။ ဘာလို့တိုင်ရမလဲ။ ဦးဇင်း သူတို့တိုင်လို့ ကမ္မာအေး အစစ်ခံရတာ။ မဂ်ဉာဏ်ရလို့ အစစ်ခံတာ။ မဟုတ်ရင် ထောင်ထဲရောက်ပြီ။ ဖွင့်ကိုပြောသွားမယ်။ တိုင်ဦးမလားတဲ့။ မင်းဘယ်သူ့တိုင်ဦးမလဲတဲ့။ ကားနှစ်စီးရှိတယ်။ သိမ်းသွားတယ်။ ယူသွား အစောကြီးသွားအပ်တယ်။ ဒီလိုဘုန်းကြီးဗျို့နော်။ ဘယ်လူမှ လိုက်မမှီတော့ဘူး။ မင်းတို့ရှေ့ကမလျှောက်နဲ့ကွ။ နောက်ကသာလိုက်ကွတဲ့။ မကျော်နဲ့ကွ တဲ့။ မနက်က ဆွမ်းစားသွားတယ်။ ဘုန်းကြီးတစ်ပါးရှေ့ကဖြတ်သွားလိုက်တယ်။ တစ်ခါတည်း ထိုးကိုင်ပြီးတော့ ထုတ်ပစ်လိုက်တယ်။ ဒီကျတော့မေးတယ်။ မသိဘူးတဲ့။ မသိရင် မင်းထွက်သွားတဲ့။ ရဟန်းတွေတဲ့။ အပြင်ကိုထုတ်ပစ်လိုက်တဲ့။ ဒီကျောင်းထဲမသွင်းနဲ့ကွတဲ့။ မနက်ကထုတ်ပြီးပြီ။ ရဟန်း တစ်ပါး မှတ်ထား။ နင်တို့ဒီကျောင်းထဲမှာနေရင်နော် ကိုရိုကားယားမလုပ်နဲ့တဲ့။ ဒါ ငါဆိုတယ်။ ရုပ်နာမ် (၂)ပါး ခန္ဓာ(၅)ပါး။ ရုပ်နာမ်သိတဲ့ ရဟန်းခေါ်တယ်။ ရုပ်နာမ်ကိုသိမှ ရုပ်သိလို့ နာမ်သေတာ။ အခု နာမ်သောင်းကြမ်းလို့ ရုပ်ခွေးဖြစ်နေပြီဟာ။ ရုပ်က ဝေဒနာတွေဖြစ်တယ်။ နာမ်ဆင်းရဲတယ်။ ကြည့်စမ်း အမယ်လေးဗျာ။ အမယ်လေး၊ အောင်မလေးဗျာ။ ကြည့်စမ်း ရောဂါကြီးပေါ့။ ရုပ်ကြောင့် နာမ်ဆင်းရဲ တယ်။ ဘာကောင်းလဲ။ ဒါ (၃၁)ဘုံလည်တဲ့တရားတွေချည်းပဲ။ ဒါ အနုစယကိုပြောသွားတာ။ ဒီလို ဘုန်းကြီးဗျို့။ စာတတ်တာမဟုတ်ဘူး။ ကြိုက်မှနေ မကြိုက်ရင် မနေနဲ့။ မရှုပ်နဲ့။ မကောင်းဘူး။ ရှုပ်ချင် ဆူးပေါ်ဖက်ကျရင် ဖက်ပဲပေါက်လိမ့်မယ်။ မလုပ်နဲ့။ နတ်တွေရှိတယ်။ နတ်တွေရှိလို့ ဒီစကားပြောတာ။ နတ်တွေသာမရှိဘူးဆိုရင်တော့ ငါ ပါးစပ်ကနေပြောသွားမယ်။ အတွင်းမှာ နတ်က အကုန်သိတယ်။ မင်းတို့ဘာတွေလုပ်တယ်ဆိုတာ။ အကုန်သိတယ်။ ဒါကြောင့်မို့ ငါသင်ပေးတာ။ နတ်သိတဲ့အသိဟာ

အရိယသစ္စာအသိ၊ အရိယသစ္စာသစ္စာခေါ်တယ်။ ဟောဒီမှာ သမုတိသစ္စာတဲ့၊ ဝိရတိသစ္စာတဲ့။ သဘာဝ သစ္စာတဲ့၊ ပရမတ္ထသစ္စာတဲ့၊ အရိယသစ္စာသစ္စာတဲ့။ အရိယသစ္စာဆိုတာ သူတော်ကောင်း၊ သူမြတ်လောင်း သိတဲ့နတ်၊ နတ်ကောင်းနတ်မြတ်တွေသိတဲ့ အသိတွေခေါ်တယ်။ အဲဒါ နတ်ကသိတော့ ခင်ဗျားတို့ ရှုခိုးမယ်။ အပါယ်ပိတ်ပြီ၊ ဟော သူတို့ကို ငါစောင့်ရှောက်မယ်။ နဘယံ ဘေးမရှိတဲ့။ အဲ ဝေဒနိယ ဒိဋ္ဌ လက်ငင်းပဲ။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်မှီသွားပြီ။ မာန်နဲ့ မဟောက်နဲ့။ မာန်ချည်းသွားဟောက်နေ တာ။ ဘာလို့လဲ။ ကိုယ့်ခန္ဓာမှာ တဏှာရှိတယ်။ တာကိုဗျ တဏှာနဲ့မာန် ဘာကြောင့်ဖြစ်ရလဲ။ ဒိဋ္ဌိကို သူမသိလို့ ဒိဋ္ဌိကိုသိရင် သက်ပွရောက်ရင် ဒိဋ္ဌိသိတယ်၊ အဲဒါ မဂ္ဂင်ရှစ်ပါးသွားတဲ့လမ်းနော်။ ဒိဋ္ဌိကို သိသွားပြီ။ အခု ခင်ဗျားတို့ သမ္မာဒိဋ္ဌိ လျှုတာက သမ္မာဒိဋ္ဌိကြီးနဲ့ မကောင်းတဲ့အကုသိုလ်ကံလုပ်လည်း မကောင်းတဲ့မိစ္ဆာဒိဋ္ဌိကြီးနဲ့။ ကြည့်စမ်း ဒိဋ္ဌိပါနေတယ်။ ပဏ္ဍိတ က ဒိဋ္ဌိမပါဘူးနော်။ သက်ပွရောက် သွားတာကို။ အဲဒီတော့ ပဏ္ဍိတ ကိုလာပြီးတော့ ရေပူရေချမ်း ဟုတ်လား။ တစ်ပြားပဲဖြစ်ဖြစ် တရား နှလုံးသားကိန်းဝပ်ဖို့လိုတယ်။ ခင်ဗျားရဲ့နှလုံးသားက တစ်ချက်ကပ် တစ်ချက်ကိန်းဝပ်ရမယ်၊ နှစ်ချက် ကပ် နှစ်ချက်ကိန်းဝပ်ရမယ်။ အဲဒါမှဗျို့ ခုကြည့်စမ်း။ ခင်ဗျားတို့ ကိုယ့်သားလေးသေတယ်။ အဲဒီတော့ ကိုယ်ကတော့ ဒီမှာဆွမ်းကပ်နေပြီးတော့ ဟိုက သတင်းက သံကြိုးစားလည်းဝင်ရော နားလည်း ကြား ထခုန်တာပဲ။ ဒါ ဥပါဒါန်တရားတွေ။ အဲဒါ (၃၁)ဘုံလည်တာတွေ။ ကြည့်စမ်း ကိုယ့်ကိုကိုယ် မသိလိုက်ဘူး။ ကဲ ခုနက မနက်ကတုန်းက ဘုန်းကြီးကိုဆွဲထုတ်တာ ဒါ ဥပါဒါန်တရားတွေ။ ဒါ ပညတ် နယ်မှာကြည့်မယ်ဆိုရင် ပညတ်နယ်ထဲမှာ လောကီမှာ အမြင်မှန်ကြည့်မယ်ဆိုရင် ဒါ ကံတရားတွေ ဘုန်းကြီးဆွဲထုတ်ပစ်တာ။ နှင်ချပစ်လိုက်တယ်။ ဉာဏ်ရထားတယ်။ ဉာဏ်ရထားလို့ လုပ်ရဲတာ။ မှတ်ထား နင်တို့သွားမလုပ်နဲ့၊ နင်တို့သွားမလုပ်နဲ့။ ကဲ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၆)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၂၀၆)

ဦးဇင်း က စာပေကျမ်းဂန်မတတ်ပါဘူးဗျာ။ အဲဒီတော့ စာမတတ်တဲ့အခါမှာ ပညတ်တရားနဲ့ ပရမတ်တရား၊ သညာတရားနဲ့ ပညာတရား ဒါအသိလေးတွေ။ ဦးဇင်း ပြောတော့ ခုနက ပါဠိများ ဘာမှမတတ်ပါဘူးဗျာ။ ဦးဇင်း က တောထွက်ကြီးပါ။ အသက်ကြီးမှ ဝိပဿနာအသိနဲ့ ရဟန်းဘောင်ကို ရောက်လာပါတယ်။ အဲဒီတော့ သံဃာတော်အရှင်မြတ်၊ ဆရာတော်တွေ။ အဲ သာမဏေတွေ။ ဒကာ၊ ဒကာမအားလုံးရှိကြတဲ့ ခုနစ်ရက်သား၊ ခုနစ်ရက်သမီး ဆရာတော်ကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေ တပည့်တော်က စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကားလေးဟာ မှားယွင်းသွားရင် အားလုံးက သည်းခံကြပါလို့ ဦးဇင်း က မေတ္တာရပ်ခံပါတယ်။ ဘာမှစာမတတ်ပါဘူး။ အဲဒီတော့ အသိလေး ပြောပြပါ့မယ်။ သံသရာလည်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား သဘောလေးသာနာလိုက်။ သဘောလေးဆိုတာက သဘာဝကိုကြည့်လို့ သဘောလို့ပြောတာပါ။ အဲဒီတော့ ဘုရားဟောအရ ကံနော်၊ ကာယကံ၊ ဝစီကံ၊ မနောကံတဲ့ ကံ(၃)ကံရှိတယ်။ ဘယ်ကံက သံသရာလည်သလဲဆိုတော့ မနောကံက လည်တယ်။ အဲဒီတော့ သံသရာလည်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား အဲဒီတော့ မနောဟာ ကံ။ ကံလို့ခေါ်ဝေါ်သမုတ်ထားလိုက်တယ်။ ကံဆိုတဲ့အမည်လေးတော့တပ်ပေးတယ်။ ဒီကံဟာ ဘာကြောင့်ဖြစ်သွားတာလည်းဆိုတော့ သိရမယ်နော်။ ဘာကြောင့်ဖြစ်သလဲ။ သားလေးသေတယ်၊ သမီးလေးသေတယ်။ တစ်ခုခုအလုပ်အကိုင်အဆင်မပြေလို့ သောကပရိဒေဝဆိုတဲ့ ဥပါဒါန်ကံခေါ်တယ်။ အဲဒီကံပဲ။ အဲဒီတော့ ဒီအာရုံ(၅)ပါးနဲ့ မနောကံနဲ့ ပေါင်းဆုံလိုက်တဲ့အခါမှာ သညာကမှတ်ပေးတယ်။ အာရုံပေါ်မှာနော်။ သဘောလေးနော။ သဘောလေးနော။ စာမတတ်ဘူး။ သညာဆိုတာ ပါဠိစကား ဗမာလိုမှတ်တာ။ အဲဒီအမှတ်ကလေးက အာရုံမှာမှတ်လိုက်တော့ အမှတ်များတယ်။ အယူများတယ်။ အစွဲများတယ်။ အဲဒါ ဒိဋ္ဌိလို့ပြောလိမ့်မယ်။ ဦးဇင်း ကတော့ စာမတတ်ဘူးနော်။ အဲဒါဘာလဲ။ သက္ကာယဒိဋ္ဌိလို့ပြောလိမ့်မယ်။ ဦးဇင်း ကတော့ စာတော့မတတ်ဘူးနော်။ အဲဒါဘာလဲ။ သက္ကာယဒိဋ္ဌိလို့ခေါ်လိမ့်မယ်။ သက္ကာယဒိဋ္ဌိဆိုတာ ငါမြင်တယ်ကွ။ ငါ့မျက်စိက အခုမြင်တယ်ကွ။ ငါ့နားက အခုကြားတယ်ကွ။ ငါ့ဘဝင်ကသိပြီ။ မင်းဘာပြောဦးမလဲ။ ဒီလိုမေးခွန်းလေးတွေနဲ့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ဖြစ်လိုက်တော့ စေတနာတွေပျက်ကြတယ်။ ဘာဖြစ်လို့စေတနာတွေပျက်သလဲ။ လောဘ၊ ဒေါသဖြစ်သွားတယ်နော်။ ကိုယ့်စိတ်ကိုယ်စစ်။ အာရုံနဲ့မနော ဒါကြောင့်မို့ ဘုရားက သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါအနတ္တတဲ့နော်။ အဲဒါ ဘုရားဟောအရ ကံကိုဟောတာ။ မှန်တာပေါ့။ အခု ဒကာ၊ ဒကာမတွေ အားလုံးရှိကြတဲ့ လူ့ဘုံမှာ

မှန်တယ်။ ဘာမှန်လဲ။ သမုတိသစ္စာမှန်တာပေါ့။ သမုတိသစ္စာက ဝိရတီသစ္စာ၊ ဝိရတီသစ္စာက သဘာဝသစ္စာ။ ပရမတ္ထသစ္စာက အရိယတ္ထသစ္စာ။ အရိယတ္ထသစ္စာနဲ့ သမုတိသစ္စာက ကွာနေတယ်ဗျနော်။ သမုတိသစ္စာမှန်တယ်။ အခု ဦးဇင်း တို့နေထိုင်တဲ့ဘုံလည်း သမုတိသစ္စာမှန်ပါတယ်။ သံသရာကို စိတ်မချရဘူး။ ကိုယ့်စိတ်ကို ကိုယ်စစ်ပေတော့။ ဘာလို့စိတ်မချရလဲ။ ဥပါဒါန်အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံနော်။ ဒါဘာဖြစ်လဲ။ အာရုံနဲ့ပေါင်းတယ်။ အာရုံနဲ့ဘာနဲ့ပေါင်းလဲ။ သညာနဲ့ပေါင်းတယ်။ အဲဒီတော့ ဘုရားက ပညတ်တယ်နော်။ ပညတ်ပါတယ်။ ဒါတွေက ဦးဇင်းကလည်းစာမတတ်တော့ သဘောလေးမှားသွားရင် ဆရာတော်၊ သမားတော် အားလုံးရှိကြတဲ့ ထေရ်ကြီးဝါကြီးသံဃာတော်အရှင်သူမြတ်၊ ကိုရင်လေးကအစ တပည့်တော် စာမတတ်ပါဘူးတဲ့။ အားလုံးတောင်းပန်ဝန်ချပါတယ်တဲ့။ ပညတ်နဲ့ ပရမတ်ကိုဗျ။ သညာနဲ့ ပညာကိုဗျ။ အတ္တနဲ့ အနတ္တကိုဗျ။ လောကီနဲ့ လောကုတ္တရာကိုဗျ။ အဲဒါလေးကိုပြောပြတာပါ။ အသိလေးနဲ့ ပြောပြတာ။ အဲဒီတော့ ခုနကပြောသလိုပေါ့ ကာယကံ(၃)ပါးရှိပါတယ်။ ဝစီကံ(၄)ပါးရှိပါတယ်။ မနောကံ(၃)ပါးရှိပါတယ်။ အဲဒီ ကာယကံ(၃)ပါးကတော့ ဘာလဲ။ စာကရေးထားပါတယ်။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ အဲဒီ ပါဏာတိပါတာ ဘာကြောင့်ရိုက်သလဲ အာရုံကြောင့် အာရုံနဲ့ သညာနဲ့ပေါင်းတော့ သင်္ခါရဖြစ်သွားတယ်ဗျို့ သောမနဿ ဝမ်းမြောက်သွားတယ်။ ငါး ကလည်း အင်မတန်ကောင်းတဲ့ငါးကြီးပဲ။ အင်မတန်မှ မိုးတွေကလည်းရွာတယ်။ ချောင်း၊ အိုင်၊ အင်း များကလည်း ရေတွေကြီးတော့ ငါးတွေက တစ်ခါတည်းတက်တာ။ တက်တဲ့အခါကျတော့ ငါးတွေရဲ့ နာမည် နံပါတ်ကတော့ ဩော် ငါးသလောက်တွေပါလား၊ ငါးကြင်းတွေပါလား၊ ငါးမြစ်ချင်းတွေပါလား။ အဲဒီအာရုံမှာသာယာတယ်နော်။ သာယာတော့ တစ်ခါတည်း တုတ်ဆွဲ၊ ဓါးဆွဲပြီးတော့ ခုတ်တာပဲဗျို့ အဲဒါ ပါဏာတိပါတာ။ အဲဒါ ဘုရားပညတ်ခဲ့ပါတယ်။ မလုပ်နဲ့။ ဒါ အဒိန္နဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။ အဲ ဘုရားပညတ်ပါတယ်။ သူများပိုင်ဆိုင်သော မူးမတ်မှစ၍ ရေတွင်း၊ ရေကန်တွေ မြင်တယ်။ မင်းမျက်စိ တွေ့မြင်ပေမယ့် သွားမယူနဲ့။ မင်းအယူမှားနေပြီ။ အမှတ်မှားနေပြီ။ အစွဲမှားနေပြီ။ အဲဒါ မင်းမလုပ်နဲ့တဲ့။ ဘုရားပညတ်ပါတယ်။ ဘာဖြစ်လို့ဒါတွေပညတ်လဲ။ နိဗ္ဗာန် တစ်မဂ်တစ်ဖိုလ် ကိုရအောင် ဘုရားကပညတ်တာပါနော်။ ခင်ဗျားတို့ နိဗ္ဗာန်ရမယ်။ အဲဒီတော့ ဇဝနဉာဏ်၊ စင်္ကြံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ ဒါတွေရေးပါတယ်။ ဒါ ဘုရားဟောအရ ပါ။ ဇဝနဉာဏ်။ အဲ ခုနကပြောသလိုပေါ့။ ဒီဉာဏ်တွေဟာ လောကုတ္တရာဉာဏ်ကြီးတွေ။ အဲဒီဉာဏ် တွေရအောင် ဒါတွေ ဒါတွေကို ဘုရားကပညတ်တာပါ။ ဒီမှာသွားစွဲလိုက်ရင် ဥပါဒါန်တွေဖြစ်တယ်။ ဥပါဒါန်ဆိုရင်

ကံဖြစ်တယ်နော်။ အဲဒါကြောင့် ပြန်ကြမှာ။ အိုရမယ်၊ နာရမယ်၊ သေရမယ်။ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရား စိတ်သာချ။ အဲဒီစိတ်က မအိုဘူး၊ ရုပ်က ရုပ်တွေးကြည့်ပေါ့ဗျာ။ ကိုယ့်ခေါင်းက ဆံပင်တွေဖြူကုန်ပြီ။ အဲ နားတွေလည်း လေးလာပြီ။ ခါးတွေလည်း ကိုင်းလာပြီ။ အဲ ဆေးရုံမှာရောက်နေကြတယ်။ ကမ္မဝဋ်ပေါ့။ ဟော ဘုရားကရေးပြန်ပြီ။ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ဒါသိရမယ်။ ဩော် ငါ ကမ္မဝဋ် ဒုက္ခပါလား။ ဩော် ကံကြောင့် ငါ ဥပါဒါန်ကြောင့် ငါ ဒုက္ခတွေဖြစ်နေပါလားနော်။ ဥပါဒါန်ကံခေါ်တယ်ဗျ။ အဲဒါ အနုသယအာရုံနဲ့ပေါင်း ရောဂါတွေကဖောက်ပြန်ပြီးတော့ အမယ်လေး ရုပ်က အကျိုးတရားမှာ။ အဲဒီတော့ အကြောင်းတရားက ခံစားရတယ်ဗျို့ အကျိုးပေါ်မှာ အကြောင်း။ အမယ်လေး အမယ်လေး ဘေးကသားသမီးက စောင့်ရှောက်ကူညီနိုင်ဖို့ပဲရှိတယ်။ သူခံစားနေရတဲ့ ဒုက္ခဝေဒနာကို သမီးကလည်း မယူနိုင်ဘူး၊ သားကလည်း မယူနိုင်ဘူး။ သူ့မှာဖြစ်နေတာ အဲဒီဒုက္ခကြီး ကြည့်။ ဘေးက သားသမီးကလည်း ကူညီထောက်ပံ့ပေးနိုင်တယ်နော်။ ဘယ်လောက် ဒီရုပ်ကြီးလိုချင်သေးသလား။ အဲဒီရုပ်ကြီးနဲ့ အဲဒီနာမ်ကြီးဟာ အို ဘုရား၊ ဘုရား ထမင်းမစားနိုင်ဘူး၊ မစားချင်တော့ပါဘူး။ လည်ချောင်းမှာ အနာတွေဖြစ်လို့။ ဩော် ဗိုက်ထဲမှာ သွေး၊ ပြည်၊ သလိပ်တွေနော်။ ဒါ ကိလေသာရဲ့ နှိပ်စက်မှုဒဏ်တွေကို ခံနေရတယ်။ ကိလေသာဓါတ်တွေရဲ့ နှိပ်စက်မှုဒဏ်တွေ ခံနေရတယ်။ မသိဘူးတဲ့ သူတို့။ အဲ သူတို့သိတာ အာရုံနောက်ကိုလိုက်ကြတာပဲ ဗျို့ လောဘ၊ ဒေါသ၊ မောဟ။ အဲ ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ချင်းစာတဲ့ စိတ်ထားပါ။ ဗြဟ္မစိုရ်တရားတွေထားပါတဲ့။ ဒါတွေပြောတာပါ။ ဒါ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ အပြင်မှာ ဩော် သူတော်ကောင်းရဲ့စိတ်တွေ ဩော် အေး အေး အေး။ ဩော် အေး အေး အေး နော်။ ဒါတွေကို အပြင်မှာစင်ကြယ်မှ အပြင်သီလမှန်မှ အတွင်းသမာဓိ အဓိစိတ္တဆိုတာ စိတ်ကလေးက ငြိမ်ဝပ်ပိပြားလာလိမ့်မယ်နော်။ ဦးဇင်း က စာမတတ်ဘူးပြောတဲ့ အခါမှာ သူက ခန္ဓာသိတဲ့ဟာတွေကို သူအာရုံကျလို့ ပြောပြောသွားတာ။ အဲဒီတော့ ဒါလေးတွေကို ဒကာ၊ ဒကာမ အဲဒီဘဝမှာ တွေ့ရတယ်၊ ကြုံရမယ်၊ ဆုံကြမယ်။ ကွဲကြမှာကိုဗျ။ အဲဒီတော့ မကွဲခင် မအိုခင်၊ မနာခင်၊ မသေခင်မှာ ဦးပဏ္ဍိတ ဟောသွားတဲ့အသိ ယုံပါလို့ ဦးဇင်း မပြောဘူး။ လေ့လာပါ၊ စုံစမ်းပါနော်။ သုံးသပ်ပါ၊ လုပ်ကြည့်ပါ။ အလုပ်ကို လုပ်မှသိမယ်။ သိမှ ပယ်မယ်၊ ပယ်မှ မဂ်ဆိုက် ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ ဒါလေးတွေ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ခုနက သီလ ဆိုတာ သူများအသက်ကိုသတ်ပြီ၊ သူများပစ္စည်းကိုခိုးပြီ။ ဒါတွေဟာ တွေးကြည့်ပေါ့ဗျာ။ အဲဒါ ဘုရား ဟောထားတာ

တွေနော်။ ပညတ်ပစ်ခဲ့ပါတယ်။ မိစ္ဆာအယူတွေကို မယူပါနဲ့တဲ့။ သမ္မာအယူကို ယူပါတဲ့နော်။ သမ္မာဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒီမဂ္ဂင်ရှစ်ပါးနဲ့ မိမိရဲ့စိတ်ကိုစစ်ပါ။ အဲဒီဟာတွေ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ အဲဒါဘာမဂ္ဂင်လဲ။ သီလမဂ္ဂင်ခေါ်တယ်။ ဒါ သီလမဂ္ဂင်ဆိုတာ သီလမဂ္ဂင်ဖြစ်အောင် ငါဘယ်လိုလုပ်ရမလဲ။ ကောင်းပြီ။ ခုနက ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး ပေါင်းလိုက်တဲ့အခါ အဲဒါ ဦးဇင်း ကတော့ သဘောလေးနဲ့တော့ ပြောပြပြီပေါ့ဗျာ။ အဲ ခင်ဗျားတို့စာတတ်တဲ့ပုဂ္ဂိုလ်တွေကတော့ သိပါတယ်။ အဲဒီတော့ ကာယကံ(၃)ပါး၊ ဝစီကံ (၄)ပါး၊ မနောကံ(၃)ပါးပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါး။ အဲဒီဒုစရိုက်(၁၀)ပါးမှာ ဘယ်ဒုစရိုက်က သံသရာလည်သလဲ။ ဘယ်ကံကလည်သလဲ။ အဲဒါကိုလည်းကြည့်ဦးနော်။ အဲဒီတော့ ငါသည် ဘယ်ကံကလည်သလဲ။ မနောကံကလည်တယ်။ မနောကံ(၃)ပါးက ဘာတွေလဲ။ ဘာတွေဟောသလဲ။ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ မိစ္ဆာဒိဋ္ဌိရယ်နော်။ အဲဒီ(၃)ခုကြောင့် ဒိဋ္ဌိသတ် ခင်ဗျားဒိဋ္ဌိသတ်တဲ့အခါမှာ ကျွဲကူးရင် ရေပါတယ်။ အပြင်သီလလုံပြီဗျို့။ တင်ပလ္လင်ခွေပြီးတော့ ကာယကံ၊ ဝစီကံတွေလုပ်နေ မနောကံသတ်တယ်။ ဗျာပါဒဆိုတာ စိုးရိမ်ကြောင့်ကြသောကပဋိဒေဝ ဥပါဒါန်ကံခေါ်တယ်။ အဲဒီကံကို ဒီကံတွေကို မင်းနှလုံးမသွင်းနဲ့။ ထိတယ်၊ သိတယ်။ ထိတာကရုပ်၊ သိတာကနာမ် အဲဒီတော့ ကာယသတိပဋ္ဌာန်ကို မင်းလုပ်ပြီ၊ သမ္မတိသစ္စာမှန်နေပြီ။ ငါ့တပည့် သမ္မတိသစ္စာမှန်အောင်လုပ်လိုက်။ အဲဒီတော့ သမ္မတိသစ္စာမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ။ ဘုရားဟောအရ မဂ္ဂင်ရှစ်ပါး။ အဲဒီတော့ လမ်းဆုံးတော့ မင်းရွာတွေ့လိမ့်မယ်။ မင်းရဲ့ ယုံကြည်မှုသဒ္ဓါ၊ မင်းရဲ့ကြိုးစားမှုဝီရိယ၊ မင်းရဲ့ သဒ္ဓါဗိုလ်ရယ်၊ ဝီရိယဗိုလ်ရယ်၊ သီလဗိုလ်ရယ်၊ သမာဓိဗိုလ်ရယ်၊ ပညာဗိုလ်ရယ်နော်။ ဒါ ဝိပဿနာ သူလုပ်ပြီ။ အဲဒီတော့ ဒီလိုတင်ပလ္လင်ခွေထိုင်လိုက်တဲ့အခါမှာ သူ ဥပမာပေါ့ဗျာ။ ဦးဇင်း သဘောလေးပြောတာ။ ဦးဇင်း က စာမတတ်ဘူး။ လက်ကလေးပိုက်ပြီးတော့ တရားရှုတယ်ပေါ့။ ဒါ ဘာလို့လုပ်ရလဲ။ သစ်တုံးကြီးများ လှဲဆွဲသလိုပဲ ရှမ်းရှမ်းနဲ့ နားကကြားတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူရိုင်းကိုဗျ။ စာမတတ်ဆိုတော့ လူရိုင်းဆိုတော့ စေတသိတ်ကိုသတ်တာ။ တွေးစိတ်ပေါ့ဗျာ။ မြင်စိတ်(၅)ပါးကိုလည်း သတ်မယ်။ မမြင်ချင်တော့ဘူး၊ မကြားချင်တော့ဘူး၊ မသိချင်တော့ဘူး။ အဲ မထိချင်တော့ဘူး။ အာရုံ(၅)ပါးလည်းသတ်ပြီ။ အဲဒီ အယူမှား၊ အဲဒီ အာရုံတွေကိုယူထားတဲ့အတွက် အယူမှား၊ အမှတ်မှား၊ အစွဲမှားဆိုတဲ့ ဒိဋ္ဌိ ဟိုး နောက်နောင်တုန်းကဟာတွေလည်း ပေါ်လာလိမ့်မယ်။ ခုချိန်မှာနော်။ နောက်နောင်တုန်းကဟာတွေပေါ်လာလိမ့်မယ်။ ခင်ဗျား သူ့အာရုံက ပေါ်ချင်ပေါ်လာလိမ့်မယ်။ အဓိစိတ္တမှာ မငြိမ်သေးတာပဲ။ ပရမ်းပတာဖြစ်နေတယ်။ အဲဒီတော့ ဒီလိုစိတ်ကလေးကို အာရုံ(၅)ပါးနဲ့ မပေါင်းနဲ့။

မြင်ချင်လား မမြင်ချင်ဘူး၊ ကြားချင်လား မကြားချင်ဘူး၊ သိချင်လား မသိချင်ဘူး။ အဲဒါပေါ့ဗျာ။ အဲဒီတော့ ဒီစေတသိတ်က လောကီစိတ်တွေ။ သားတွေးလိုက်၊ သမီးတွေးလိုက်။ ဒါ ဥပါဒါန် စိတ်ကလေးတွေ။ အနုသယစိတ်ကလေးတွေ။ ဒါစွဲလို့တွေးတာ။ ဒါ ဥပါဒါန်အနုသယခေါ်တယ်နော်။ ဒါကြောင့်မို့ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ကာယသတိပဋ္ဌာန်၊ ဝေဒနာ သတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်။ သဘောလေးပဲနော။ သဘောလေး။ သဘာဝကိုသိလိမ့်မယ်နော်။ သဘာဝဆိုတော့ ပရမတ်ဓါတ်ကို သူကတွေ့အောင်ရှာခိုင်းတာ။ အဲဒီတော့ ပညတ်ဓါတ်ကနေပြီးတော့ ပရမတ်ဓါတ်ကို ကူးရတယ်။ သညာကိုသိရမယ်။ အတ္တကိုလည်းသိရမယ်။ ကိုယ့်ဟာကိုယ်သိရမယ်။ အဲဒီတော့ ဒါတွေဟာ သမုတိသစ္စာမှာ မှန်ပါတယ်နော်။ အဲဒါတွေဟာ ဗျာပါဒ၊ အဘိဇ္ဈာကိုသူသတ် တယ်။ ဒီဌီကြောင့် ဗျာပါဒ၊ အဘိဇ္ဈာဖြစ်ရတာ။ ဗျာပါဒဆိုတာ စိုးရိမ်ကြောင့်ကြတဲ့စိတ်တွေ၊ သောက ပဋိဒေဝ စာတော့မတတ်ပါဘူးဗျာ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ။ ဘယ်ကံလဲ။ မနော အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါး။ အခုဟောနေတာ။ အာရုံကိုဟောနေတာ။ အာရုံနဲ့ ခုနက ကာယသတိပဋ္ဌာန်မှာ ကာယကံ၊ ဝစီကံက အပြင်သီလလုံနေ ပြီ။ သူများအသက်မသတ်တော့ဘူး။ သူများပစ္စည်းလည်း မခိုးတော့ဘူး။ သူများသားမယားလည်း မဖျက်ဆီးတော့ဘူး။ သေရည်သေရက်လည်း မသောက်တော့ဘူး။ ဝိကာလဘောဇနာလည်း မစား တော့ဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်း ခြင်း၊ မဖွယ်မရာသောဟာတွေကို သူမလုပ်တော့ဘူး။ ရပ်ကွက်မှာလည်း မဖွယ်မရာသောဟာတွေကို လည်း မပြောဘူး။ အဲ ကြီးတဲ့သူကို ရိုသေတယ်၊ ငယ်တဲ့သူကို သနားတယ်။ သူကြင်နာလာပြီ။ တဖြည်းဖြည်းသူလုပ်လာပြီ။ အပြင်မှာသူစင်ကြယ်အောင်လုပ်တယ်။ အပြင်သီလမှာ အတွင်းသမာဓိ ငြိမ်ဝပ်ပိပြားလာမယ်နော်။ ဒါ စိတ်တွေစစ်တာ။ ဘာနဲ့စစ်လဲ။ သမ္မာနဲ့စစ်တယ်။ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ သီလမဂ္ဂင်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ သမ္မာဝါယာမ ဆိုတာ သမ္မာဆိုတာ ကောင်းသောအလုပ်၊ ဝါယာမဆိုတာ အမြဲတမ်း နေ့ရော၊ ညရောသူလုပ်နေပြီ။ ဟိုက သမ္မာဝါစာ၊ ဒီက သမ္မာဝါယာမ။ မတူဘူး။ တစ်လုံးနဲ့တစ်လုံးမတူလိုက်ဘူး။ သတိလေးထား။ ဒီဘဝပြန်ကြမှာ။ ကိုယ့်ဖအေလိုအောက်မေ့တယ်၊ ကိုယ့်အစ်ကိုကြီးလိုအောက်မေ့တယ်၊ ကိုယ့်အစ်မ ကြီးလိုအောက်မေ့တယ်။ တရားဟာ ခံစားရတယ်နော်။ တကယ် ကိုယ်လုပ်ရင် တကယ်ခံစားရတယ် တရားတွေပါနော်။ ကိုယ်က မြင်တယ်၊ ကြားတယ်။ ဒါပဲရှိတာပေါ့ဗျာ။ အဲဒီတော့ အဲဒါကို ဗုဒ္ဓ၊ ဓမ္မ ဆိုတာ ယုံကြည်တယ်။ ဗုဒ္ဓဆိုတဲ့ ဗုဒ္ဓရဲ့သွားတဲ့လမ်းစဉ် ဓမ္မဆိုတာက ခန္ဓာက သစ္စာလေးပါးကိုခေါ်တာ

နော်။ သဘောလေး စာတော့မတတ်ဘူး။ သဘောလေးသာနာလိုက် ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ။ ဟော ခင်ဗျားတို့ရေးထားတာ။ ဒါကြောင့်မို့ စာကမှန်၏ ဉာဏ်မမီ၊ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဟော သူ့ခံစားရတယ်။ ပြောပြီလေ။ အဲဒီတော့ စာမဖတ်တတ်တော့ ကိုယ်တတ်တဲ့အသိလုပ်ပါတယ်ဗျာတဲ့၊ အဲဒီတော့ ဒါတွေကိုလည်း ကိုယ့်စိတ်လည်း ကိုယ်စစ်ပါတဲ့။ ကိုယ့်စိတ်ကို ဘာနဲ့စစ်ရမလဲ။ မဂ္ဂင်နဲ့စစ်ပါတဲ့။ အဲဒီမဂ္ဂင်နဲ့စစ်လို့ရှိရင်တဲ့ ခင်ဗျားကြာရင်သိလာလိမ့်မယ်တဲ့။ ခင်ဗျား မဂ္ဂင်က မှန်တယ်နော်တဲ့။ မဂ္ဂင်ရှစ်ပါးက မှန်တယ်နော်တဲ့။ ခင်ဗျားစိတ်နဲ့ အာရုံနဲ့မကွဲတဲ့အတွက်ကြောင့် ခင်ဗျားမှာ သညာ သခီရဥပါဒါန်ဖြစ်နေတယ်။ ဟော အာရုံ၊ အာရုံ(၅)ပါး တဏှာတွေနော်။ အင်မတန်နုတဲ့တဏှာတွေ။ ဘုရားကျိမ်းတာ။ ဒီတဏှာကိုကျိမ်းတာ။ အဲဒီတော့ မြင်လိုက်တဲ့အခါမှာ အမယ်လေး မနောက အေးဒကာ၊ ဒကာမကတော့ ဘယ်သိမလဲဗျ။ အဲဒီဘုန်းကြီးကတော့ အို အိုး သာယာလိုက်တာ။ ဒါထယ်ထွန်ကွ၊ တက်ကွ။ ဒါ ငွေသိန်း(၄၀)ကွ၊ ဒါ (၆)သိန်းကွ။ အဲ ဘုန်းကြီးကို သောမနဿ။ မနောကမနောကံက သာယာနေတယ်။ အဲဒီဝတ္ထုကာမကို သူကမြင်ပြီဗျို့၊ ဘာနဲ့မြင်သလဲ။ သညာနဲ့မြင်ထားတယ်။ အဲဒါ ရဟန်းပေါ်မှာမူတည်ပါတယ်နော်။ ဒါကြောင့်မို့ သမုတိသစ္စာ မှန်ဖို့လိုတယ်။ တဏှာပါနေတယ်။ သာယာတယ်။ အတွင်းတဏှာ။ အပြင်အာရုံကို အတွင်းတဏှာနဲ့ပေါင်းလိုက်တယ်။ ဒါတွေဟာသိပ်အရေးကြီးပါတယ်။ ဒါကြောင့် မဂ္ဂင်ရှစ်ပါးက အစစ်အမှန် နိဗ္ဗာန်ကိုသွားတာ။ ကိလေသာကာမယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာပုဂ္ဂိုလ်မကြိုက်ဘူးတဲ့။ အရိယာဆိုတာဘာလဲ။ အေး ဆိုပြမယ်တဲ့။ ငါ အရိယာမဟုတ်ဘူးနော်တဲ့။ မပြောဘူးနော်တဲ့။ ငါရဟန္တာလည်း မပြောဘူးနော်တဲ့။ သဒ္ဒါဂါမ်လည်း မပြောဘူးနော်။ စာမတတ်ဘူးတဲ့၊ အနာဂါမ်လည်း ငါမပြောဘူး။ စိတ်အကြောင်းလေးသာပြောသွားတာ။ စိတ်အကြောင်းလေးသာ သဘောလေး။ အဲဒီတော့ ကိုယ့်ဟာကိုယ် တတ်သရွေ့ မှတ်သရွေ့လုပ်တာ။ ကျွဲကူးရေပါလိမ့်မယ်။ အဲဒီတော့ ခုနကအရိယာဆိုတဲ့ အရိယာဟာ ဘာလုပ်သွားလဲ။ အေး အရိယာပြောမယ်။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ။ အရိယထသစ္စာ။ အရိယထသစ္စာတွေ အာရုံနောက် မနောမလိုက်ဘူးပေါ့ကွတဲ့။ အာရုံပြတ်သွားပြီတဲ့။ ငါစာတော့မတတ်ဘူး။ အဲဒီတော့ ဒီအာရုံတွေနောက် အတွင်းအာရုံဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့ကွာတဲ့။ တဏှာသိပြီပေါ့ကွာတဲ့။ သွေးသားလည်းပြောင်းတယ်ကွာတဲ့။ စိတ်လည်းပြောင်းသွားပြီ။ ဟော သူပြောသွားပြီ။ သွေးသားလည်းပြောင်းတယ်၊ သွေးသားဘာလဲကိလေသာသွေးသားတွေပေါ့ကွာတဲ့။ ဟုတ်တယ်ကွတဲ့၊ အဲဒီတော့ ဒီအာရုံကိုလည်း ငါသိပြီကွာတဲ့။

ငါတော့ထုတ်မပြောတတ်ဘူး။ သဘောလေးနဲ့သာနာကြပေတော့ကွာတဲ့။ အဲဒီတော့ ဘာ ဒီ ဦးပဏ္ဍိတ စိတ်ကို ဘာနဲ့တိုက်လည်းဆိုတော့ သမ္မာနဲ့တိုက်သွားတယ်။ ဟော ဝိနည်းလည်းသူမသိပါဘူး။ အဲဒီတော့ ဝိနည်းလည်း မသိပါဘူးဗျာတဲ့။ အသက်ကလည်းကြီးပြီတဲ့။ ဒီဝိနည်းစာကို ဖတ်ပါဆိုလို့ စာမှမတတ်တာကြီး။ (၂)တန်းတည်းတတ်တယ်။ မူလတန်း (၂)တန်းတည်းတတ်တယ်။ တောသား ပါတဲ့။ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာမှာနေပါတယ်တဲ့။ ဖအေနာမည် ဦးချိုတိုး ပါ မအေနာမည် ဒေါ်အုန်းမေ ပါတဲ့။ ညီအစ်ကိုမောင်နှမ(၆)ယောက်ရှိတယ်တဲ့။ သူ ဒုတိယလူပါတဲ့။ ပထမက သောင်းကြည် ဆိုတာ ဒကာမလေးပါတဲ့။ တစ်ယောက်မှမရှိတော့ဘူးတဲ့နော်။ ဘယ်လောက်ရင်နာဖို့ ကောင်းသလဲ။ လူပြည်ရောက်လာတယ်။ မသိတော့ အဲ မရှိတာက ရှာရင်ရတယ်။ မသိတာ အခက်ဆုံး ပဲဗျို့။ ဦးဇင်း လည်း လူ့ဘဝက တော်တော်မကောင်းခဲ့ပါဘူးနော်။ မကောင်းခဲ့ပါဘူး။ ဦးဇင်း သိတာပေါ့။ အရက်ပုလင်း ဘုံဆိုင်မှာနေတယ်။ ပုလင်းကလာတာမဟုတ် ကိုယ်ကစွဲလို့သောက်တာ။ ဒါ ဥပါဒါန် ပေါ့။ ဒါ မိစ္ဆာအယူတွေ။ ကြည့်စမ်း သေများသေရင် (၃၁)ဘုံဟောထားတာ။ လိုက်ကြည့်လိုက်တာ အိုဒိုး ဘုရား ဘုရား။ သိသွားတော့ ကြောက်သွားတယ်ဗျို့။ မသိတဲ့သူတွေက အဲ့ဒါပေါ့ဗျာ။ အတိတ်၊ ပစ္စုပ္ပန်ကနေကြည့်။ အတိတ်ကိုလည်း သိလိမ့်မယ်။ အနာဂတ်ကိုလည်း မြင်လိမ့်မယ်နော်။ သဘောလေး အင်မတန်ထူးတဲ့တရားတွေ။ ဒီမဂ္ဂင်ရှစ်ပါးကို လက်မလွှတ်ပါနဲ့။ အာရုံနဲ့ ဒိဋ္ဌိကိုသတ် သွားတာပါ။ သူ့မှာ သီလတွေလည်းဖြစ်ကုန်ပြီ၊ ကြည့်စမ်း တရားထိုင်တယ်၊ ဆေးလိပ်တောင် မသောက် ဘူး။ ရေတောင် မသောက်တော့ဘူး။ ခင်ဗျားတို့တွေးကြည့်။ ဝိနည်းနဲ့ အဲဒီမဂ္ဂင်ရှစ်ပါး သီလနဲ့ တစ်ကယ်မဂ္ဂင်က လမ်းသွားတဲ့ပုဂ္ဂိုလ်နဲ့ယှဉ်ကြည့်၊ ဒါ သစ္စာနဲ့ပြောတာ။ ဒကာ၊ ဒကာမတွေကလည်း သမုတိသစ္စာဆိုတာ အဲ ရှစ်ပါးသီလယူတယ်လို့၊ ငါးပါးသီလယူတယ်၊ ငါးပါးသီလ သူကြိုက်တာယူ တာပေါ့။ ဒါ မှန်တာပေါ့။ သမုတိသစ္စာပဲ။ သံသရာကိုနော် တွေးကြည့်ပေါ့။ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်။ ခင်ဗျား ဥပါဒါန် သားသေ ပူမှာပဲ။ သမီးသေ ခင်ဗျားဥပါဒါန် ပူမှာပဲ။ အဲ တစ်ခုခု ခင်ဗျားအလုပ်အကိုင်အဆင်မပြေဘူး။ အလုပ်ပြုတ်သွားတယ်ဆို စိတ်ဆင်းရဲတာ ပူတာပေါ့။ စိတ်ကို အေးနေရမယ်။ ခင်ဗျားတဏှာဖြစ်သွားတာကို တဏှာကြောင့် ဥပါဒါန်ဖြစ်တာပေါ့။ သူကဆိုထားတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရတဲ့။ သင်္ခါရကြောင့် တဏှာတဲ့။ တဏှာကြောင့် ဥပါဒါန်တဲ့။ ဥပါဒါန် ကံ ဒါ သံသရာလည်တဲ့တရားတွေ။ သံသရာပြတ်အောင် မဂ္ဂင်ရှစ်ပါးနဲ့သွားမှသာလျှင် ကိုယ့်စိတ်ကိုစစ်နော်။ ဒါကြောင့်မို့ နေကြထိုင်ကြတဲ့အခါမှာ အခု သားလေး တစ်ခုခု သူများကိုသွားရိုက်လိုက်တယ်။ သူများ ကို သွားဆဲလိုက်တယ်။ ဖမ်းရောဗျို့။ ဟိုက သွားရိုက်တာကိုဗျ။ သူ သွားရိုက်တဲ့အခါကျတော့ ဖမ်းတာ

ပေါ့ဗျ။ ဦးပဏ္ဍိတ အခုသွားရိုက်ကြည့်ပါလား။ ဦးပဏ္ဍိတ ကို ဖမ်းမှာပေါ့။ အရေးယူမှာပေါ့နော်။ အဲဒီတော့ ၃၂၃-၃၂၄-၃၂၅-၃၂၆ ဒါတွေဟာ ရိုက်မှုတွေ။ ကိုယ်မလုပ်ရင် ဘာမှမဖြစ်ဘူး။ ကိုယ်သွားလုပ်တာကို။ အဲ ကိုယ်သွားလုပ်တော့ ကိုယ်ဟာကိုယ်နေတတ်ဖို့လိုတယ်။ စားတတ်ဖို့ လိုတယ်၊ သွားတတ်ဖို့လိုတယ်။ အဲဒါ သွားရိုက်လိုက်တော့ ပုဒ်မတပ်တော့ ပုဒ်မတပ်လည်းတပ်ကော (၃၂၆)လည်းဖြစ်လည်းဖြစ်ရော ရဲအရေးပိုင်တာပဲဗျို့။ ဟ မအေ က ပူတာပဲဗျို့။ သူသွားရိုက်တာကိုဗျနော်။ အဲဒီလိုကျင့်ထားတဲ့ပုဂ္ဂိုလ်ကလေ အပြစ်ကိုမဖြစ်ခင်ကသိတယ်။ အဲဒါဆို သဘောပေါက်ရောပေါ့ဗျာ။ အဲဒီတော့ ပုထုဇဉ်က အပြစ်ကိုဖြစ်ပြီးမှ အချုပ်ထဲရောက်မှ ကျွန်တော်မှားပါလား။ ဒီအရက်တွေသောက်တာ ကျွန်တော်မှားပါလား။ ဟော သူ့ကိုယ်သူမှားတယ်ဆိုကတည်းက မသောက်ခင်က သိရမယ်။ မကောင်းဘူးဆိုတာကိုသိရမယ်နော်။ ဒါကြောင့်မို့ အင်မတန်မှ ခင်ဗျားတို့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ အင်မတန်မှ ညီအစ်ကိုရင်းလိုထားပါ။ ခြောက်အေး အေး အေး စေတနာမပျက်ပါနဲ့။ ဘယ်သူပျက်ပျက် မင်းစေတနာမပျက်ပါနဲ့တဲ့။ အဲဒီတော့ စေတနာတွေပျက်တယ်ဆိုတာ သညာဖြစ်လို့ပျက်ရတာ။ ပညာဖြစ်ရင် မပျက်ပါဘူး။ အတွင်းကိုသွားပြီး စွဲတာကိုနော်။ အဲဒါလေးတွေအရေးကြီးပါတယ်။ ကိုယ့်လမ်းကိုယ်ပြန်မှာ။ ခင်ဗျားတို့တွေးကြည့်။ အဖေတသတ် ဘယ်သူနဲ့ပေါင်းလဲ။ ဒေဝဒတ်နဲ့ပေါင်းလို့ အပေါင်းအသင်းမှားလို့ပျက်တတ်တယ်။ အပေါင်းအသင်းကောင်းလို့လဲ တက်တတ်တယ်နော်။ ကြည့်ပြီးတော့ ကိုယ်က ဦးနှောက်ဉာဏ်လေးနဲ့ပေါင်း။ ကံလေးနဲ့သွားမပေါင်းနဲ့။ ကံ ဉာဏ် ဝီရိယတွေလို့ရေးထားတယ်။ ကံဆိုတာ စေတနာကိုခေါ်တာ။ အဲဒီတော့ ဒါလေးတွေဟာ သိပ်အရေးကြီးပါတယ်နော်။ နေတတ်ဖို့ ဦးဇင်း လည်း ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ ကံကုန်ရင် ပြန်ရမယ်။ ကမ္မဝဋ်တဲ့၊ ဘဝဝဋ်တဲ့၊ ဝိဘာဂဝဋ်တဲ့။ ဘုရားကဟောထားတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်။ ခန္ဓာမှာရှာနော်။ ဒုက္ခဆိုတာဘာလဲ။ အနိစ္စဆိုတာ မမြဲဘူး။ မမြဲဘူး ဘာတွေမမြဲလဲ။ ရုပ်နာမ်မမြဲဘူးပေါ့။ ရုပ်နာမ်မသိတာ အဝိဇ္ဇာဉာဏ်။ သဘောလေး သဘောလေးသာနာလိုက်။ အဲ ရုပ်နာမ်တွေမသိဘူး။ ရုပ်နာမ်သိအောင်လုပ်ချင် ဝိပဿနာရှုကြ။ အမေတို့ အစ်မကြီးကို အစ်ကိုကြီးတို့ ကျင့်ကြ၊ ကြံကြ၊ လူ့ဘုံဟာ အမြတ်ဆုံး။ လူ့ဘုံမှာ ဟောထားတယ်။ ဒုလ္လဘ(၅)ပါးရှိတယ်။ ဦးဇင်း ကတော့ ဆိုပြမယ်။ ဒါတော့ သဘောလေးနဲ့ဆိုပြမယ်။ ဟောဒီလူ့ဘုံမှာ လူ့ဘုံရောက်လို့ ဒါသိတာ။ ဒါသိလို့ ဒါပြောပြတာ။ ဗုဒ္ဓေါဘာဝေါ ဘုရားဖြစ်ခြင်းကို

ဒုလ္လဘော လူ့ဘဝမှာ ခဲယဉ်းစွာရအပ်ပေ၏။ သဒ္ဓါ သမ္ပတ္တိ ရတနာသုံးပါး ကံ ကံ၏အကျိုး ကြည်ညို ခြင်း၊ ယုံကြည်ခြင်း သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ခဲယဉ်းတာကို ရတယ်နော်။ သမ္မုရိသဘာဝေါ ဒုလ္လဘော ရသေ့ရဟန်းအဖြစ်ကိုလည်း ခဲယဉ်းစွာရအပ်ပေ၏။ အဲ သဓမ္မ သူတော်ကောင်းတရားနာကြားရပေခြင်းကိုလည်း ခဲယဉ်းစွာရအပ်ပေ၏။ ဒါ ကြိုးစားပါ။ ဒါ ဘုရားဟောအရ အဲဒီဒုလ္လဘာ အတွင်းထဲမှာ ရုပ်နဲ့ မပြန်နဲ့။ ဘုရားဆုပန်ရင် ဘုရားဖြစ်အောင်ကြိုးစား ရင် ငါရပါတယ်။ ကြိုးစားသူများ တစ်တောင်ကျင့်ရင် ကိုယ်နှစ်တောင်ကျင့်၊ ဘုရားဆုပန်တာကိုဗျ။ အာရုံတွေသတ်။ ဒိဋ္ဌိတွေသတ်။ အဲဒါ အာရုံလည်းသတ်တတ်ဖို့လိုတယ်။ ဒိဋ္ဌိသတ်တတ်ဖို့လည်းလို တယ်။ ဒီမဂ္ဂင်ရှစ်ပါးနဲ့သွား။ အဲဒီမဂ္ဂင်ရှစ်ပါးက ခင်ဗျား သမ္မာဝါစာတွေခေါ်တာ၊ သမ္မာတွေကောင်းတဲ့ မင်္ဂလာတရားတော်မြတ်တွေခေါ်တယ်။ မိစ္ဆာမဟုတ်ပါဘူးနော်။ အင်မတန် အေး ခုနက ခင်ဗျားတို့ ရှစ်ပါးယူထားတဲ့သီလ သူများအသက် မသတ်ပါဘူး။ အာရုံတော့ မထိန်းဘူး။ အာရုံမထိန်းနိုင်ရင် အာရုံကို ဘာကြောင့်မထိန်းနိုင်လဲတွေးကြည့်ပေါ့။ အဲဒီအာရုံကိုမထိန်းနိုင်ရင် ရုပ်နာမ်မသိတာ။ အာရုံ(၆)ပါးကိုဗျ။ အဲဒီတော့ ရုပ်နာမ်နှစ်ပါးကိုမသိတော့ အာရုံကိုသူမထိန်းနိုင်တော့ဘူး။ အာရုံ မထိန်းနိုင်ရင် သူ့မှာ သညာကပါလာတယ်။ အမှတ်ကပါလာတယ်။ ဟောဒါ ငါ့သမီးလေးပဲ။ ဟောဒါ ငါ့သားလေးပဲ။ ဟောဒါက စာအုပ်၊ ဟောဒါက ခဲတံ။ ဟုတ်တာပေါ့။ ဒါ သမုတိသစ္စာ။ သိပ်မှန်တယ်။ မပယ်ပါဘူး။ ဦးဇင်း မပယ်ဘူး။ မစွဲနဲ့နော်။ ပညတ်ကိုမပယ်ပါဘူး။ မစွဲနဲ့၊ ကိုယ်ကမစွဲနဲ့။ စွဲရင်ကံဖြစ် သွားလိမ့်မယ်။ ဥပါဒါန်ဖြစ်သွားလိမ့်မယ်။ ဥပါဒါန်ဆိုတာ သံသရာလည်နိုင်တယ်။ သံသရာလည်တယ် နော်။ အခုသံသရာလည်နေတာ၊ ခင်ဗျားတို့ရေးထားတာပဲ။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စတဲ့ ဟာချပြီ။ ဘုရားက သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စဆိုတာ ဥပမာ အာရုံကျက်စားတာပေါ့ဗျာ။ အဲဒီအာရုံတွေ ခင်ဗျားကျက်စားတာပဲ။ ကျက်စားတော့ဘာဖြစ်လဲ။ သင်္ခါရပေါ့ဗျာ။ အဲဒါပါပဲ။ အဲဒါ သညာနော်။ ဒီသညာဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်။ သမုတိသစ္စာနယ်ထဲမှာရှိတယ်။ အဲဒီသမုတိသစ္စာနယ်ထဲကနေပြီးတော့ အရိယသစ္စာကို ဖြစ်အောင် လုပ်။ ကိုယ်လုပ် ကိုယ်ရမှာပဲ။ ကိုယ့်ဟာကိုယ်ခံစားရမယ်။ ဘယ်သူ့မှ ဘာမှမပြောနဲ့။ သူများပါးရိုက် လည်း သည်းခံ၊ သူများလက်သီးနဲ့ထိုးလည်း သည်းခံ၊ သူများပေးမှစားနော်။ ကိုယ်ကသွားပြီးတော့ အဲဒီအာရုံက ဟိုမှာ ဒကာမြင်ရင်တစ်မျိုးဖြစ်မယ်။ မျက်နှာမြင် တစ်မျိုးဖြစ်မယ်။ ကိုယ့်စိတ်ကို မနိုင် သေးဘူး။ ကိုယ့်စိတ်က သညာဖြစ်နေသေးတယ်။ ပညာမဟုတ်သေးဘူး။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်လို့ခေါ်ထားတာပဲဗျ။ ခင်ဗျားတို့စာကရေးထားတယ်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် အဲဒီသုံးချက်

လွှတ်ရင် နိဗ္ဗာန်ပေါ့။ ဒါတွေမှမစွဲတာပဲတဲ့။ ရုပ်လည်းသိပြီ။ ဒုက္ခသစ္စာကြီး။ သမုဒယလည်းသိပြီ။ အဲဒါ ခင်ဗျားတို့ အင်မတန်ထူးမြတ်တဲ့ ဘုရားက ထမင်းပွဲကြီးကို ခူးပေးတာနော်။ ခင်ဗျားတို့ အဆင်သင့် ကောက်စားဖို့ပဲ။ အဲဒါများ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ။ တဏှာ မာန ဒိဋ္ဌိကို ကိုင်ပြလို့မရဘူး။ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် ကိုင်ပြလို့ မရဘူး။ ခင်ဗျားအပေါ်မူတည်တယ်။ ခင်ဗျား ကိလေသာနဲ့ တဏှာဖြစ်နေတယ်။ အဲဒီတော့ ခင်ဗျားဟာ ခင်ဗျားပေါ့။ ဒါကြောင့်မို့ ဘုရားက သစ္စာတွေထားပစ်ခဲ့တယ်။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ။ ကိုင်ပြလို့မရလို့ သစ္စာတွေ လိမ်ပြောမှာစိုးလို့ ဘုန်းကြီးက မင်္ဂမရပဲနဲ့ မင်္ဂရတယ်။ ဖိုလ်မရပဲနဲ့ ဖိုလ်ရတယ်။ ဒကာ၊ ဒကာမတွေဆီမှာ ကြွားဝါပြီးတောင်းတယ်။ တစ်ချို့ဘုန်းကြီးတွေလည်းရှိမှာပေါ့ဗျာ။ မရှိတဲ့ဘုန်းကြီးလည်း မရှိဘူးပေါ့။ ဘယ်သူ့ကိုမှ မပြောဘူး။ သူ့အပေါ်မှာမူတည်တာ။ မူတည်တဲ့သူ ဥပမာလေး သဘောလေးနော်။ လူတွေလည်းကြည့်ပေါ့။ တစ်ယောက်နဲ့တစ်ယောက် လူတစ်ရာမှာ အဲဒီတစ်ရာရဲ့အသိတွေဟာ စေတနာချင်းတူပါ့မလား။ မတူဘူး။ စေတနာကိုပြောသွားတာ။ ဒီစေတနာဟာ ဘယ်သူပဲပျက် ငါ့သမီးကိုလည်း ဟိုကရိုက်တယ်၊ ငါစေတနာထားမယ်။ ခေါင်းရင်းအိမ်ကလည်း ငါ့ကိုဆဲတယ်၊ ငါစေတနာမပျက်ဘူး။ သူ့အပေါ်မှာ ငါစေတနာမပျက်ဘူး။ ငါခံမယ်။ ငါမြေကြီးတွေ သူမတရားလာယူတယ်။ ငါမြင်တယ်၊ ငါမလုပ်ဘူး။ စေတနာထားမယ်။ ယူပါစေ။ ဟော ဒီလိုစေတနာတွေထား။ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ် တယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာမစင်ကြယ်တော့ ခန္ဓာမှာမစင်ကြယ် ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ခင်ဗျားတို့ရဲ့ နှလုံးသွင်းမှုအပေါ်မှာမူတည်တယ်နော်။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်ပါနဲ့။ ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့။ ဩော် အမေရော အဘွားရော သွားရင်းနဲ့ ခင်ဗျားတို့မတွေ့ဘူးလား။ သားလေးတွေ၊ သမီးလေးတွေ လှူတယ်လေ။ ဇူဇကာပုဏ္ဏားကြီးကို အဲဒီတော့ အင်မတန် ဒီလိုဘဝတွေ ဘဝတွေကို မျိုးစေ့ချသွားတာ။ စေတနာတွေကို မျိုးစေ့ချသွားတယ်။ နောက်ဆုံးမှ ဘုရားသွားဖြစ်တယ်နော်။ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ အဲ တစ်ဘဝ ငါးဘာတွေနဲ့လာခဲ့ရတယ်။ ငါးဘာတွေဖြစ် တယ်။ အဲဒါတွေနော်။ အာ ဘုရား ဘုရား။ သူ့ကိုယ်သူ အာ ဘုရား ဘုရား။ ဒီလိုဖြစ်နေတယ်။ ဩော် သာသနာနဲ့ပတ်သက်လို့ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီဆိုတဲ့ စာရေးထား တယ်။ အဲဒီပုဂ္ဂိုလ်က စာလည်းဘာမှမတတ်ဘူးတဲ့။ ဘာမှလည်း မတတ်ဘူး။ ဘုရားတောင် မရှိခိုး တတ်ပါဘူးဗျာ။ ခင်ဗျား ညစာစားလို့ အာပတ်လည်းမဖြေတတ်ပါဘူးဗျာ။ အဲ တောင်ဆဲလို့ဆဲ၊

မြောက်ဆဲလို့ဆဲ သူကဆဲပါတယ်ဗျာ။ အဲဒါဘာလဲ။ ဒကာ၊ ဒကာမတွေကို ဩော် နင်တို့ယူထားတဲ့ အခုအထိ ငါကဆဲပြလိုက်တယ် နင့်ကို။ အဲဒီတော့ နင့်ကိုဆဲပြလိုက်ပြီ။ နင့်နားကြားပြီ။ နင်စိတ်ထဲမှာ ဘယ်လိုလဲ ဟာ ဒေါသဖြစ်တာပေါ့ဗျာ။ အရှင်ဘုရားပေါ်မှာ။ စေတနာပျက်ပြီး ဒေါသဖြစ်တာပေါ့ဘုရား တဲ့။ နင် ဒီအယူကိုဘာလို့ယူရလဲတဲ့။ ငါက ဆဲပြပြီတဲ့။ နင်ဘာလို့ယူသလဲတဲ့။ ငါကဆဲပြတာ။ မိစ္ဆာ အယူနဲ့ဆဲပြီးထားတဲ့ နင်မိစ္ဆာ မဖြစ်ပါစေနဲ့တဲ့။ အဲဒီလောက်ထိ စာမတတ်တဲ့ လူက အထဲကိုဆွဲသွင်း တာ။ သူမရဘူး။ သူ့သညာက မှတ်တယ်နော်။ ဒီက ပညာနဲ့ဆဲတာ။ သူက သညာနဲ့ယူထားတယ်။ ဩော် ဘုရား ဘုရား။ အခုလာမယ့် ဝိသုဒ္ဓိမဟာမြိုင်ကမ္ဘာန်းဒွာနက လာမယ့် ဦးပဏ္ဍိတ ရဲ့ ဇနီးရှိ ပါတယ်။ ဖြစ်လာခဲ့တယ်။ စကားများလာခဲ့တယ်။ လည်ပင်းကို ဖိကိုင်ပြီးတော့ လုပ်ဖြစ်ခဲ့တယ်။ ဩော် မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ် အာရုံပေါ်မှာ မနာလိုဘူး။ သူများမနာလို ကိုယ့်အကျိုးမရှိနော်။ ဘယ်လောက်အစွဲဥပါဒါန်ကြီးသလဲဆိုတာ တွက်သာကြည့်ပေတော့ဗျို့နော်။ အကုန်ဆွဲသွင်းတာ။ ငါကျင့်နေပြီတဲ့။ မင်းတို့စစ်ချင်တဲ့ ဆရာတော် သမတော်ရှိတယ်။ စစ်ပါတဲ့။ မင်းတို့စစ်ပါတဲ့။ အေး ငါကလည်းသိသလောက်အကုန်ပြောသွားမယ်တဲ့။ ငါလည်း မမြဲပါဘူးတဲ့။ စစ်တဲ့။ အဲဒီတော့ စစ်လိုက်လို့ ငါဟာ သွက်ချာပါတော လျှောက် တောင်ပြော၊ မြောက်ပြောဆိုရင် သင်္ကန်းချွတ်ခိုင်းတဲ့။ ငါချွတ်ပေးပါ့မယ်တဲ့။ ချွတ်ပေးမယ်တဲ့။ ငါ လူဝတ်လူစားလဲသွားမယ်တဲ့။ ပြန်မယ် တဲ့။ ငါတောထဲမှာနေတတ်ပါပြီ၊ စားတတ်ပါပြီ၊ သွားတတ်ပါပြီ၊ သေတတ်ပါပြီတဲ့။ ငါ့ဟာငါ အေးအေး လေး ဆားလေးနဲ့ ထမင်းလေး ငါစားတတ်ပါပြီကွာတဲ့။ သိသွားပါပြီကွာတဲ့။ ငါ ရုပ်နာမ်ရဲ့အကြောင်းကို ငါလည်း ထုတ်မပြတတ်ဘူးတဲ့။ အဲဒီတော့ ပြောပြတယ်တဲ့။ မင်းတို့ကြည့်ပြီးနေ၊ ကြည့်ပြီးစားနော်တဲ့။ မင်းတို့ သီလပြည့်စုံအောင်ဆောက်တည်ကြတဲ့။ ဒီကရေးထားတယ်။ သီလက အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဟိုကဆိုထားတဲ့သီလက သီလ၊ ဒါန၊ ဘာဝနာနော်။ ဟိုဘက်ကရေးထားတယ်။ သီလ၊ သမာဓိ၊ ဘာဝနာပေါ့ဗျာ။ စာတော့မတတ်ဘူး။ အဲဒီသီလမှန်တယ်နော်တဲ့။ မင်းတို့သီလတွေ မှန်တယ် နော်တဲ့။ မင်းတို့ ဥပါဒါန်ကြတော့ လွတ်သလားတဲ့။ အဲဒါ ငါမေးပြီတဲ့။ ဥပါဒါန်လွတ်တာဟာ အာရုံပဲ ကွာတဲ့ အာသဝက္ခယဉာဏ်ရမှ ဥပါဒါန်တွေလွတ်မယ်နော်တဲ့။ အဲဒါ ခင်ဗျားတို့လုပ်ကြပါ၊ ကိုင်ကြပါ။ လူ့ဘုံဟာ အမြတ်ဆုံးပါတဲ့။ အရှုံးနဲ့မပြန်ပါနဲ့တဲ့။ ခင်ဗျား ကံတရားရှိပါတယ်ဗျာ။ ဈာန်တရားရှိပါတယ် ဗျာတဲ့။ ဉာဏ်တရားရှိပါတယ်ဗျာတဲ့။ ခင်ဗျားအပေါ်မူတည်ပါတယ်။ ခင်ဗျားနေတတ်ဖို့ ထိုင်တတ်ဖို့ လိုပါတယ်ဗျာတဲ့။ စာပေကျမ်းဂန်တွေ မှန်ပါတယ်ဗျာတဲ့။ ခင်ဗျားစိတ်မှန်ဖို့လိုပါတယ်ဗျာ။ ခင်ဗျား စိတ်ပဲတဲ့နော်။ ဘုရားရေးထားတယ်နော်တဲ့။ ဦးပဏ္ဍိတ ကတော့ ဘာမှ စာမတတ်ဘူးတဲ့။ ဦးပဏ္ဍိတ

က သွားတာ။ ဒီသမ္မာနဲ့သွားပါတယ်ဗျာတဲ့။ မဂ္ဂင်ရှစ်ပါးနဲ့ သူသွားပါတယ်တဲ့။ အဲဒီတော့ အဲဒီမဂ္ဂင်ရှစ်ပါးနဲ့သွားတော့ ဘာတွေတွေ့လဲ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတဲ့။ ဟော သညာမဟုတ်တော့ဘူး။ ပညာဖြစ်သွားပြီ။ ဘယ်လောက်အံ့ဩဖို့ကောင်းလဲ။ အဲဒီသုံးလုံးကို အဆီအနှစ်ထုတ်တော့ ကောခမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်ပြီတဲ့။ ဘယ်သီလချုပ်သလဲ။ ဟော တွေးကြည့်။ အပြင်သီလအာရုံနဲ့မပေါင်းလို့ချုပ်တာ။ ထားလိုက်တာ။ ဉာဏ်နဲ့ချုပ်ထားလိုက်တာနော်။ အဲဒီတော့ အတွင်းသီလအနှစ်က အဲဝပ်နေပြီ။ အပြင်သီလက လုပ်စရာမလိုတော့ဘူး။ ခုနကဆဲပြတာတွေ့လား။ အဲဒီတော့ ကာယကံ၊ ဝစီကံတွေလုပ်ပြကုန်ပြီ။ အဲဒီတော့မှ ကြက်သီးမိုးသိန်းထပြီး ခုနက ဘယ်လိုဘုန်းကြီးလည်းကွာ၊ ဝိသုဒ္ဓိသီလတဲ့။ ဟော အတွင်းသီလချုပ်ထားတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်ထားပြီတဲ့၊ အတွင်းဉာဏ်ဖြစ်တော့ အပြင်သီလချုပ်တာပေါ့။ ဒီသဘောပဲတဲ့၊ အဲဒီတော့ ဒီဝိပဿနာ ခင်ဗျားတို့ဗျာတဲ့ လုပ်ကြပါ၊ ကိုင်ကြပါ၊ အင်မတန်မှ အဲဒီဝိပဿနာနဲ့ ခင်ဗျားတို့ မနောကံကို စီစစ်တဲ့၊ ဗျာပါဒ အဘိဇ္ဈာ ငါ့ရှိသေးသလား။ စိုးရိမ်ကြောင့်ကြ သောကပရိဒေဝရှိသေးသလား။ ကိုယ့်ဟာကိုယ်သိရမယ်။ ရှိရင်တဲ့ နေတတ်ဖို့လိုပါတယ်။ ဝိရတီသစ္စာ မှန်အောင်လုပ်တဲ့၊ ဝိရတီသစ္စာမမှန်လို့ သဘာဝကိုမသိတာတဲ့။ သဘာဝကိုမသိလို့ ပရမတ္ထအမှန်ကို တရားမမြင်သေးဘူးတဲ့၊ အရိယာကိုမရောက်သေးဘူးတဲ့၊ အရိယာဆိုတာ အာရုံရောက်မယ်နော်တဲ့၊ အာရုံသတ်တော့မှ အဲ ခင်ဗျားမှာဘာဖြစ်လဲ။ ဓမ္မဖြစ်လိမ့်မယ်တဲ့၊ အဲဒီအချက်သုံးချက်ကဆိုရင် ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီတဲ့။ ဓမ္မဆိုတာ ခန္ဓာခေါ်တယ်နော်။ ဓမ္မနဲ့ ခန္ဓာနဲ့ပေါင်းတော့ ဓမ္မခန္ဓာရှစ်သောင်းလေးထောင်။ အဘိဓမ္မာတရားတွေ စိတ်ပိုင်းတွေဟောသွားတာနော်။ အဲဒီစိတ်ပိုင်းတွေဟောသွားတာနော်တဲ့။ ခုနက ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဆိုတာရှိပါတယ်။ ဟုတ်တယ်တဲ့ ရှိတယ်တဲ့၊ အဲဒါခင်ဗျားကြည့်ပေတော့တဲ့၊ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဆိုတာရှိတယ်တဲ့၊ ဟုတ်တယ်တဲ့၊ အဲဒါရှိလို့အဲဒီအလုပ်လည်းလုပ်တတ်တာတဲ့၊ အဲဒါမရှိရင် မလုပ်တတ်ဘူးတဲ့၊ ဟော အသေချာပြောပြီနော်။ ဒီဝိနည်း၊ သုတ္တန်ရှိလို့ သူဒီအကျင့်ကို ကျင့်လို့ရတာပါတဲ့၊ ဒါပေမယ့် ရဟန္တာမပြောပါဘူးတဲ့၊ ဘုရားလည်း မပြောပါဘူးတဲ့၊ အနာဂါမ်လည်း မပြောပါဘူးတဲ့၊ သောတာပန်လည်း မပြောပါဘူးတဲ့၊ သဒ္ဒါဂါမ်လည်း မပြောပါဘူးတဲ့။ ငါ့ရဲ့စိတ်ကလေးကိုလည်း အကြောင်းသာတင်ပြတာပါတဲ့၊ အစတုန်းက မကောင်းပါဘူးတဲ့၊ လူဆိုးပါတဲ့၊ သူ့နာမည်က မြမောင် တဲ့၊ အဲဒီတော့ ဒီလိုသူလည်း တွေပေလာတာ ဒီခေတ်ကျမှ ဒီလိုဖြစ်ပါတယ်တဲ့၊ ခိုင်းပါတဲ့၊ သူ့ကိုခိုင်းပါတဲ့၊ လာခိုင်းပါတဲ့၊ သူတတ်နိုင်တဲ့ဟာကို

သူလုပ်ပေးပါ့မယ်တဲ့။ မတတ်နိုင်ရင်တော့ ကျွန်တော် ဦးပဏ္ဍိတ မတတ်နိုင်ပါဘူးဗျာ။ ဒါ ခုနက မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိရှိတယ်နော်တဲ့။ တောင်ပိုင်တွေ၊ ကွင်းပိုင်တွေ၊ တစ္ဆေ သရဲ၊ ယက္ခ၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ ရှိတယ်နော်တဲ့။ နာမ်ကောင်တွေနော်တဲ့။ ရုပ်မရှိဘူးနော်တဲ့။ အဲဒီတော့ ဒီနာမ်ကောင်တွေ ဘယ်လို သဘော၊ လယ်လိုဖျက်ဆီးတယ်ဆိုတာ လူတွေက ကံမပြတ်သေးတော့ လူတွေကို သူတို့က ကံနိမ့်ရင် လုပ်တယ်ဗျို့နော်။ အဲဒါတွေရှိတယ်။ အဲဒီတော့ ခုနက သွေးသားနဲ့ဖြစ်တဲ့ရောဂါကတော့ ငါလည်း မတတ်နိုင်ဘူးတဲ့။ ပယောဂနဲ့ပတ်သက်လို့ကကတော့ လာခဲ့ပါတဲ့။ သူပြောပြီလေ။ ကူညီမယ်တဲ့။ ခင်ဗျားတို့က ဦးပဏ္ဍိတ ကို အားလုံး သံဃာတော်အရှင်မြတ်တွေကို ကျောင်းဆောက်ပေးတာလည်း ခင်ဗျားတို့ပဲတဲ့။ ရေတွင်းရေကန်လှူတာလည်း ခင်ဗျားတို့ပဲတဲ့။ သင်္ကန်းအဝတ်အစား၊ ဆေးကွမ်း လှူတာလည်း ခင်ဗျားတို့ပဲတဲ့။ ခင်ဗျားတို့ကို ကျေးဇူးဆပ်မယ်နော်တဲ့။ လာပါတဲ့။ ခုနက သွေးသားနဲ့ ပတ်သက်တဲ့ရောဂါ၊ ပယောဂနဲ့ဖြစ်တဲ့ရောဂါ၊ ပယောဂနဲ့ဖြစ်တဲ့ရောဂါက မှီလာပြီနော်။ နာမ်ကောင်တွေ မှီလာပြီ။ အဲဒီတော့ ဦးဇင်းကြီး ဒီမှာတစ်ရက်၊ နှစ်ရက်နေဦးမယ်။ မနက်ဖြန်တစ်နေ့ ဟောဦးမယ်။ အဲ နောက်ရက်ကျ သူမြောင်းမြကိုပြန်မယ်နော်။ မြောင်းမြမှာနေတယ်။ နေတာကတော့ တောထဲမှာ နေတာ။ တောထဲမှာ သူက လူဝတ်နေတာ။ ရဟန်းတက်ပါဆိုတော့ မလုပ်ပါရစေနဲ့၊ စာမတတ်ဘူး။ မလုပ်ပါရစေနဲ့ တောင်းပန်တယ်။ မတတ်ဘူး။ ကိုယ့်ဟာကိုယ်နေမယ်။ ဟာ ရဟန်းမတက်ချင်ရင် ခင်ဗျား ဒီလောက်ဖြစ်တာ ကိုရင်ကြီး ပဲလုပ်ပါရစေဗျာဆိုတဲ့ ကိုရင်ကြီး အဆင့်ရတယ်။ အဲဒီတော့ ကိုရင်ကြီး ဘယ်မှာစီးသလဲ။ ဓမ္မရက္ခိတ မှာစီးတယ်။ ကျွန်းတောမှာစီးပါတယ်။ အဲဒီတော့ ကိုရင်ကြီး ဟာ အမြဲတမ်း သူတို့ဆီ ဆွမ်းခံတယ်။ သူတို့ပေးတာစားတယ်။ ကိုယ့်အလုပ် ကိုယ်လုပ်တယ်။ ကိုယ့်ဟာကိုယ် ဝါးကျောင်းလေးနဲ့နေတယ်။ နောက်ကျတော့ တပည့်တော်ဘုရားလို့ ဟိုရှမ်းစု ဂျုံးဂျုံကျမှာ တရားသွားထိုင်ပါရစေလို့။ ဒီမှာလူတွေအားကြီးလာပြီလို့ တပည့်တော်ကို ဗေဒင်ဆရာလို မေးကုန်ပြီလို့။ ဟာ ဥပဇ္ဈာယ်ဆရာအမိန့်မပေးပဲနဲ့ ဥပဇ္ဈာယ်ဆရာအမိန့်မပေးရင် ခင်ဗျားမသွားနဲ့တဲ့။ လာ ကိုရင်ကြီးကို ဒါဖြင့်ရင်ဗျာလို့ ဒီဒကာ၊ ဒကာမတွေလာကုန်ပြီလို့။ ခင်ဗျားဘယ်လိုလုပ်မလဲလို့။ အာ လာတာ အရှင်ဘုရား ဒါ အရှင်ဘုရားကိုယုံကြည်လို့လာတာပေါ့ဟ။ ဒီကလည်း တရားက တော်တော်ဖြစ်နေသေးတယ်။ တရားကလည်း ဘယ်မှခရီးမပေါက်ရောက်သေးဘူး။ လာနေပြီလို့။ အာ စောင့်ရှောက်ပါဗျာတဲ့။ အဲဒီတော့ အရှင်ဘုရား တစ်ရက် နောက်ရက်တစ်ရက် တပည့်တော် ထွက်တော့မယ်ဘုရားလို့ ကိုရင်ကြီးကထွက်တော့မယ်။ ကိုရင်ကြီးနဲ့ ငါးလကျော်တယ် နေရစ်ခဲ့တယ်။ လူ့ဘဝမှာ နှစ်နှစ်ကျော်တယ်။ တရားကျင့်ခဲ့တယ်။ အဲ ကိုရင်ကြီး နဲ့ ငါးလကျော်မှာ ထွက်ခဲ့ရတယ်။

ဒါ ဉပါဒါန်ရဲ့ သညာ သင်္ခါရ ဉပါဒါန်တွေပေါ့ဗျာ။ အနုသယတွေပေါ့ဗျာ။ အာရုံနဲ့ အနုသယဖြစ်နေသေးတယ်။ လိမ်နေသေးတယ်။ သမ္မာလေးကတော့ လုပ်ထားတာအမှန်ပဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တနဲ့ လုပ်ထားတယ်။ အလုပ်ကလေးကို အဲဒီတော့ ကိုယ့်ရဲ့ မိရိုးဖလာအယူဝါဒတွေက ရှိသေးတာကို ဘယ်နှယ့်မှ မလုပ်တတ်ဘူး။ အဲဒီတော့ ကိုရင်ကြီးနဲ့ လူထွက်ပြီးတော့ ဟိုအိမ္မဲ့နားက ရှမ်းစုကျေးရွာမှာ အင်းတမိရှမ်းစုဆရာတော်က ဆရာတော်နာမည်က ဇောတိက၊ ကျောင်းနာမည်ကတော့ အာသွက္ခယကျောင်းတိုက်။ အဲဒီမှာဆိုရင် ပြန်စီးတာပဲ။ အဲဒီတော့ ကိုရင်စီးတော့ ဆရာတော်ကြီးက မျက်စိနှစ်ခုမမြင်ရဘူး။ မမြင်တော့ ဦးဇင်း ဆွမ်းခံတယ်။ အဲဒီလိုပဲနေတယ် ထိုင်တယ်။ နောက်ကျတော့ အဲ လာပြန်ရောဗျို့ လူတွေက ဟာ လာပြန်ရော။ ဘယ်လိုဖြစ်ရောလည်းတော့မသိဘူး။ ပြေးရပြန်ရောဗျို့။ အဲဒီရှမ်းစုကနေပြီးတော့ ဘယ်ရောက်လဲ။ ညောင်ပင်ကြီး စဥ့်ကူးနားက ညောင်ပင်ကြီး။ အဲဒီတော့မှ အဲဒီလိုပဲကျင့်တယ်။ နောက်ကနေလိုက်လာတယ်။ ဒီကလည်းပြေးတာပဲ။ ဩော် ခုတော့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းဌာနမှာနေပါတယ်။ ဩော် အေး အေး အေး။ ဒါပဲပြောတတ်တယ်နော်။ အင်မတန်အေးတဲ့တရားတွေ။ သူက စိတ်ခါတ်လို့ခေါ်ထားတယ်။ စိတ်ပြီးရင် ဓါတ်ပဲ။ အခု ဒီဓါတ်ကလေးဟာ စိတ်နဲ့ ပေဟာ မြင်လိုက်တာ သိတာစိတ်၊ ကြားလိုက်တာ သိတာစိတ်၊ နံလိုက်တာ သိတာစိတ်။ အဲဒီမှာ မှတ်တာ။ အရာဝတ္ထုတွေကိုမှတ်တယ်။ အဲဒါတွေကို အမှတ်များ၊ အယူများ၊ အစွဲများဖြစ်နေတယ်။ သမုတိသစ္စာမှာ ဒီနေရာမှာလိုနေတယ်။ အဲဒီ သမုတိသစ္စာကနေပြီးတော့ အရိယတ္ထသစ္စာကိုတက်၊ အရိယတ္ထသစ္စာမှာ လမ်းမှာရှိတဲ့ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စ (၃)ပါးရှိတယ်။ အဲဒီနေရာမှာ ဉာဏ်စိုက်၊ ခန္ဓာမှာ ဉာဏ်စိုက်တယ်။ အဲဒီတော့ ဒုက္ခဝေဒနာ၊ သုခဝေဒနာ။ အဲဒီမှာကြည့်ပေတော့။ ကိုယ်လည်းမှန်အောင်နေ၊ အဓိပတိမှန်အောင်နေ အပ္ပမာဒေန သမ္မာဒေထ ကိုယ့်စိတ်ကိုယ်စစ်။ မဂ္ဂင်နဲ့စစ်။ အဲဒီတော့ စစ်တတ်ဖို့လိုတယ်နော်။ စစ်တော့မှ သတိပဋ္ဌာန်တွေ၊ သမပဋ္ဌာန်တွေ။ ခင်ဗျား သိလာလိမ့်မယ်။ ခင်ဗျားဟာခင်ဗျားသိမယ်။ ရှေ့ကိုလည်း မမျှော်နဲ့။ နောက်ကိုလည်း မတွေးနဲ့။ ပစ္စုပ္ပန်တည့်တည့်လေးကြည့်။ အဲဒါ သစ္စာတရားတွေ။ မြင်လိုက်တဲ့အာရုံ၊ ကြားလိုက်တဲ့အာရုံ၊ နံလိုက်တဲ့အာရုံ၊ သညာနဲ့မယူနဲ့၊ ပညာနဲ့ယူ။ အတ္တနဲ့နှလုံးမသွင်းနဲ့၊ အနတ္တနဲ့နှလုံးသွင်း။ အဲဒီတော့ ဒါလေးတွေလိုတယ်။ အရှင်ဘုရားတို့ရဲ့အပေါ်မှာ ဒကာကြီး၊ ဒကာမကြီးတို့ရဲ့အပေါ်မှာ အားလုံးရှိကြတဲ့ တရားနာတဲ့ ကိုယ့်အမိအဖများ ကျင့်ကြပါ၊ ကြံကြပါနော်။ ဦးပဏ္ဍိတဟာ ဘာမှမတတ်ပါဘူး။ ဘာမှ မတတ်ဘူး။ အဲဒီလိုဖြစ်တာပဲ ထုတ်ပြလို့တော့မရဘူး။ ကံတရားရှိတယ်တဲ့၊ သူပြောသွားတယ်။ ဈာန်တရားရှိတယ်တဲ့။ ပြောသွားတယ်။ ဉာဏ်တရားရှိတယ်တဲ့၊ သူပြောသွားတယ်။ အဲဒီသုံးပါးကိုတော့

ကိုယ်တတ်နိုင်တဲ့ဝန်ကိုထမ်း။ အကယ်၍များ ကိုယ့်ဝိပဿနာလုပ်လိုက်တဲ့အခါမှာ ခင်ဗျားရဲ့ ကာယသခ်ီရ၊ ဝစီသခ်ီရ၊ မနောသခ်ီရတွေကို သူငြိမ်ဝပ်ပြီးတော့ အမိစိတ္တလေးဖြစ်ရင်တော်ပါပြီဗျာ။ ခင်ဗျား အပါယ်ပိတ်တာပဲဗျို့နော်။ ဒုစရိုက်(၁၀)ပါး မကောင်းတဲ့မိစ္ဆာအယူတွေပယ်။ ဘုရားယူထားတဲ့ အယူသမ္မာအယူကို ခင်ဗျားယူထားတာ။ မိစ္ဆာအယူမဟုတ်တော့ဘူး။ အပါယ်ပိတ်တရားတွေပဲဟာ။ အဲဒီတော့ ခင်ဗျားရဲ့ဝိဉာဉ်လေးဟာ ရုပ်နာမ်လေးပေါ့ဗျာ။ အဲ သမ္မာလေးနဲ့ယူတော့၊ ကျွဲဆို နတ်ပြည်ရောက်ရောပေါ့ဗျာ။ သေခါနီးမှသိမယ်။ ဦးဇင်း က စာမတတ်လို့နော်။ စာမတတ်ဘူး။ အဲဒီတော့ ပုံလေတဲ့ငှက်ခါး နားမှသိမယ်။ တစ်နေ့လုံးအော်နေတဲ့ကြက် ဘဲ၊ ဥတော့တစ်လုံးတည်းပါပဲ။ ခင်ဗျားတို့အပေါ်မူတည်တယ်။ အဲဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါ ဘုရား။ )

ဖြောင်းမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၇)**

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၆၉)

ဦးဇင်း တို့ ယခုကာလခေတ် အားလုံးနေထိုင်ကြတဲ့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတဲ့။ စာလိုညွှန်းပြီးတော့သိထားတယ်။ စိတ်ပိုင်းတွေ ကာယကံရဲ့လုပ်ရှားမှု၊ ဝစီကံရဲ့လှုပ်ရှားမှု၊ မနောကံရဲ့ လှုပ်ရှားမှု အချိန်ကာလအားလုံး ဦးပဏ္ဍိတ အစရှိပါတယ်။ ရှိနေပြားသော်လည်း ဒီအသိ ခန္ဓာသိ၊ ခန္ဓာဘဝင်ရဲ့အသိ။ အဲဒီတော့ ပညတ်အာရုံနဲ့ ပရမတ်အာရုံရှိတယ်။ ပညတ်အာရုံက အာရုံ(၅)ပါး။ အဲဒီတော့ မြင်ကြ၊ ကြားကြ၊ နံကြ ဒါ ပညတ်အာရုံကိုယူထားကြတယ်။ မလွတ်ကြပါဘူး။ ဦးပဏ္ဍိတ လည်း မလွတ်ပါဘူး။ အဲဒီတော့ ဒီကံတွေဟာ သွားစွဲရင် ဥပါဒါန်နှလုံးသားထဲက ဥပါဒါန်ဖြစ်တတ်တယ်။ ဖြစ်တတ်လို့ရှိရင် သက္ကာရဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ယူရင် အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ကံလို့ခေါ်ဝေါ်သမုတ်ထားတယ်။ ကံဆိုတာ သံသရာကို လည်တတ်တဲ့တရားပါတဲ့။ (၃၁)ဘုံမလွတ်ဘူးလို့ ဒီလိုခန္ဓာသိက သဘောလေးနဲ့ပြောပြပါမယ်။ အဲဒီတော့ (၃၁)ဘုံလွတ်တဲ့အသိကတော့ ဝိပဿနာတရား။ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါး။ ကျင့်ကြံအပ်တဲ့အခါမှာ ခန္ဓာ(၅)ပါးရဲ့အမြင် အနေအထား။ ရုပ်နာမ်သဘောသိရအောင် ဘယ်လို ကာယကံထိန်းရမယ်၊ ဝစီကံထိန်းရမယ်၊ မနောကံ ထိန်းရမယ်။ ကာယကံကတော့ စာနဲ့ရေးထားတယ်။ (၃)ပါးလို့ခေါ်ပါတယ်။ ဝစီကံကတော့ (၄)ပါးလို့ခေါ်ပါတယ်။ မနောကံကတော့ (၃)ပါးလို့ခေါ်ပါတယ်။ အားလုံးပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါး။ ဒီ ဒုစရိုက်(၁၀)ပါးက မဂ္ဂင်။ ဝိပဿနာတရားများနဲ့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးကို အဲဒီ ထိ သတိ ထိ သိ သတိ လို့ စေတသိတ်က မိမိရဲ့နှလုံးသားသိရမယ်။ ထိသိ သတိလို့ ဒီလိုရေးထားပါတယ်။ ထိသိ သတိက ထိတာကရုပ်၊ သိတာကနာမ်။ ရုပ်နာမ်ကိုသိသွားတဲ့ အသိလေးဟာ ဝိဇ္ဇာဉာဏ်လို့ခေါ်ပါတယ်။ စာကသတ်မှတ်ပါတယ်။ အဲဒီတော့ ရုပ်နာမ်ကိုမသိတော့ ထိသိ သတိ၊ မသိတဲ့အခါမှာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်။ ဒီဟာတွေ သုမ္မာရပါတယ်။ သီလဆိုတာက အပြင်ကို အာရုံ(၅)ပါးကို စင်ကြယ်ပါတယ်။ အဲဒီတော့ သမာဓိဆိုတာက မနောရဲ့တွေးတောမှုဆိုတာကတော့ စာလိုဆိုစေတသိတ်လို့ခေါ်ပါတယ်။ အဲဒီတော့ စေတသိတ်နဲ့ စိတ်ဟာ ခေါင်းပါးလာတယ်။ အဲဒါကတော့ အပါယ်ပိတ်တဲ့တရားပါပဲ။ သောတပန်ရဲ့ အသိ၊ သဒ္ဒါဂါမ်ရဲ့ အသိ၊ အနာဂါမ်ရဲ့ အသိဆိုတာကတော့ သောတပန်အသိဆိုတာကတော့ ဒါ ဥပမာပြောကြမယ်ဆိုရင် ဥပမာ ဥပမေယျရဲ့ သာဓကကို တင်ပြလိုက်တဲ့အခါမှာ သောတပန်ရဲ့အသိက ဘယ်လိုလဲဘုရား။ အေး သောတပန်ရဲ့အသိကတော့ မကျင့်မကြံနိုင်ဘူး။ ဘုရားအစစ်ကို သူယုံကြည်တယ်။ တရားအစစ်ကို သူယုံကြည်တယ်။ သံဃာအစစ်ကို သူယုံကြည်တယ်တဲ့။ အဲဒီလိုယုံကြည်တဲ့ကာလခေတ်အချိန်ဟာ ဒီလို သာသနာ(၂၅၀၀)မှာပွင့်နေတဲ့

သာသနာ ပဋိဝေဒသာသနာ၊ ပဋိပတ္တိသာသနာ၊ ပရိယတ္တိသာသနာတွေရှိပါတယ်။ ရှိတဲ့အခါမှာ အကယ်၍ သူ့ရဲ့သဒ္ဓါဗိုလ်တွေ၊ သူ့ရဲ့ ယုံကြည်တဲ့သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေနဲ့ သူစိတ်ကထက်သန်မွန်မြတ်လှပါတယ်။ အဲဒီလို ဒီခေတ်ဒီကာလမှာ အချိန်အခါ သာသနာ (၂၅၀၀)မှာ အခု ဒီခေတ်အတွက် သဒ္ဓါယုံကြည်တဲ့အတွက် အဲဒီတော့ ပဋိဝေဒသာသနာကလည်း ပေါ်ထွန်းလာတဲ့အတွက် အဲဒီလိုပုဂ္ဂိုလ်မျိုးကို ကိုယ့်ရဲ့ မိမိရဲ့နှလုံးသားထဲက စေတနာစစ်၊ စေတနာမှန်နဲ့ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီရဲ့စေတနာက ဘယ်လိုခေါ်မလဲဆိုတော့ ပါဠိလိုဆိုရင် ဝိသုဒ္ဓိရဲ့သီလလို့ခေါ်ပါတယ်။ ဘာဖြစ်လို့ ဝိသုဒ္ဓိရဲ့သီလခေါ်လဲ။ သီလဆိုတာ စာလိုခေါ်ဝေါ်သမုတ်တာပါ။ အဲဒီတော့ သီလစေတနာဆိုတာကတော့ သီလလို့ဆိုပါတယ်။ မင်းရဲ့စေတနာက ဘုရားကိုယုံကြည်တယ်၊ တရားကိုယုံကြည်တယ်၊ သံဃာကိုယုံကြည်တယ်ဆိုတဲ့ အသိရဲ့သဒ္ဓါနဲ့ သူကလှူထားလိုက်တာပါ။ ဒီလိုလှူဒါန်းလိုက်တဲ့အလှူသည် ကျွဲကူးရင် ရေပါတယ်။ စေတနာစစ်တဲ့အခါမှာ အပြင်ရဲ့ဒါနလေးက ပညတ်တာ။ ပညတ်ဒါနလေးကို တပည့်တော်၊ တပည့်တော်မတို့သည် မစွဲပါဘူးဘုရားတဲ့။ သူ့ရဲ့နှလုံးသားထဲက အင်မတန်စေတနာကထွန်းပြီးတော့ ဝတ္ထုတွေကို လှူလိုက်တာပါ။ အဲဒီတော့ အလှူခံတဲ့ရဟန်းကလည်း အထူးစစ်ရမယ်။ ဘယ်လိုစစ်ရမလဲဆိုတော့ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိဿစေတီ။ မင်းလှူသွားတဲ့ အလှူတွေဟာ ပရိဘောဂစေတီကိုလည်း ငါပြုခဲ့ပါပြီ။ အဲဒီတော့ ဥဒ္ဒိဿစေတီကိုလည်း ငါပြုခဲ့ပါပြီ။ အဲဒီတော့ ဒီလိုစေတီမျိုးကိုလည်း ငါပြုခဲ့တယ်။ ဓမ္မစေတီဆိုတာ သစ္စာ(၄)ပါးရတဲ့ပုဂ္ဂိုလ်ခေါ်တယ်။ အဲဒီသစ္စာလေးပါးရတဲ့သူကို နှလုံးသားထဲက လိုက်လှဲစွာနဲ့ စေတနာစစ်မှန်နဲ့ လှူလိုက်တဲ့အခါမှာ လှူတဲ့ဝတ္ထုကတော့ ပညတ် နှလုံးသားထဲက စေတနာက ပရမတ်။ အဲဒါ သောတပန်ခေါ်ပါတယ်နော်။ အဲဒီလို သောတပန်အဆင့်ကနေပြီးတော့ ဩော် ငါသောတပန်နဲ့ ငါ မတင်းတိမ်သေးဘူးကွဲ့။ ငါ အလုပ်ကိုကြိုးစားဦးမယ်ဆိုပြီးတော့ ခန္ဓာက ရုပ်နာမ်(၂)ပါးကျင့်ကြံအားထုတ်တဲ့အခါမှာ ကာယကံ(၃)ပါးကလည်း ငြိမ်တယ်။ ဝစီကံ(၄)ပါးကလည်း ငြိမ်တယ်။ မနောကံကိုသတ်တယ်။ မနောကံဆိုတာ အစွဲတရား။ တစ်ဘဝပြီး တစ်ဘဝ။ တစ်ဘဝပြီး တစ်ဘဝ။ စွဲလို့ငါ ဥပါဒါန်ကြောင့် ကံဖြစ်တယ်။ ကံကြောင့် ငါ ဒုက္ခသစ္စာကို ငါသိခဲ့ပြီ၊ ဒုက္ခသစ္စာကို ငါဖြတ်မယ်ဆိုပြီးတော့ အဲဒီကံကို ဉာဏ်နဲ့ဖြတ်မယ်။ အဲဒီဘဝထဲမှာ အကယ်၍ ပြတ်သွားရင် သောတပန်ကနေပြီးတော့ အနာဂါမ်ကိုတက်တယ်နော်။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ အဲဒီအပြောင်းအလဲရှိသလို ခင်ဗျားတို့ရဲ့ စိတ်တွေကလည်း အပြောင်းအလဲရှိတယ်။ ဒါကြောင့် မလို့ ကိုယ့်ဟာကိုယ် ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ဒုစရိုက်(၁၀)ပါးကို အတွင်းကလုံမှသာလျှင်

ကာယကံမှာစင်ကြယ်မယ်၊ ဝစီကံမှာစင်ကြယ်မယ်။ အတွင်းက ဘာတွေလုံသလဲဆိုတော့ ငါလောကီရဲ့ အကြောင်းတွေ ဘာမှငါမတွေးပါဘူး။ ဘာမှလည်း ငါမစွဲပါဘူးဆိုရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ အင်မတန် ထူးမယ်။ အဲဒီတော့ အပြင်မှာကတော့ ကံတော့ကံပဲ။ ဘုရားလေးတည်ဦးမယ်။ သွားပြီးတော့ ငါဘုရား တွေကိုပြုပြင်ဦးမယ်။ ဘာလေးကိုလုပ်ဦးမယ်ဆိုတဲ့ကံကတော့ အဲဒီတော့ သမ္မာကံခေါ်တယ်။ သမ္မာ ကံပေမယ့် သူ့မှာ ဒိဋ္ဌိလေးပါနေတဲ့အတွက်ကြောင့် သမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်။ သမ္မာဒိဋ္ဌိနဲ့ သူက အဲ သစ္စာလေးပါးရတဲ့ပုဂ္ဂိုလ်နဲ့လာပြီးတော့ အဲဒီတော့ ကုသလာနံ ခင်ဗျားတို့ကောင်းမှုကုသိုလ်တွေပြု ကြတယ်။ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယော။ ဝေဒနိယ ဒိဋ္ဌလက်ငင်းမျက်မှောက်အကျိုးပေးမယ်တဲ့။ ချက်ချင်းလက်ငင်းအကျိုးပေးမယ်တဲ့။ ဘာတွေအကျိုးပေးမလဲ။ တစ်အချက်ကတော့ ကျန်းမာရေး လာဘ်တွေရမယ်။ ခင်ဗျားရဲ့စေတနာကလည်း အလွန်ကောင်းတယ်။ အဲဒီသာသနာလေးကတော့ သူဟာ နည်းပါးတဲ့အတွက် ရှိသမျှ သူ့မှာလှူလိုက်တယ်။ စေတနာကတော့ မြင့်မိုရ်တောင်ကြီးမက သူဟာ ကြီးမားတယ်။ အဲဒီစေတနာနဲ့သူဟာ ဒီခေတ်၊ ဒီကာလ၊ ဒီအချိန်မှာ သူ့မှာအကျိုးပေးမယ်။ ကျန်းမာရေးလာဘ်လည်းရမယ်။ စီးပွားရေးလာဘ်ရမယ်။ စီးပွားရေးလာဘ်ကတော့ ရှေးဘုန်းရှေးကံ တွေပါရင်လည်းရမယ်။ အဲဒီတော့ ပစ္စုပ္ပန်မှာ ရှေးက အကျိုးလေးနဲ့တော့ ကံနဲ့ ဝီရိယအကျိုးလေး ကတော့ ထမင်းတလုတ်တော့စားရမယ်။ ခုနက စေတနာစစ်၊ စေတနာမှန်ကတော့ အပါယ်ပိတ်မယ့် တရားတွေ။ အဲဒီတော့ အလှူခံတဲ့ရဟန်းကလည်း ဓမ္မအစစ်ဖြစ်တယ်။ လာပြီးတော့တိုက်ဆိုင်ကြတာ။ ဒီ သာသနာ(၂၅၀၀)ဟာနော် လူမျိုးမရွေး၊ ဘာသာမရွေး ဘယ်သူမဆို မိမိရဲ့စေတနာလေးက အလွန် ထက်သန်တယ်။ ဩော် ဒီရဟန်းကို ငါယုံကြည်တယ်။ ဒီတရားကို ငါယုံကြည်တယ်။ ဒီသံဃာကိုလည်း ငါယုံကြည်တယ်။ အဲဒီရဟန်းကတော့ သူ့ရဲ့သစ္စာလေးပါး ငါ ရဟန္တာကြီး၊ ငါ ဘုရားကြီးလို့မပြောပါ ဘူး။ သူ့ရဲ့ နေမှု၊ စားမှု၊ သွားမှု၊ လာမှုနဲ့ သူ့ကိုအထူးတလည် အဲဒီတော့ ဒကာ၊ ဒကာမတွေရဲ့ ကိုးကွယ် တယ်။ စေတနာရှိတယ်ဆိုရင် သူ့အပေါ်မှာမူတည်ပါတယ်။ အဲဒါဘာဖြစ်လို့လဲဆိုတော့ ခေတ်ကလည်း ပြောင်းလဲတယ်။ အနိစ္စဆိုတာ မမြဲဘူး။ အာရုံတွေမမြဲဘူး။ ဒုက္ခဆိုတာ ငါ့ကံရုပ်ဒုက္ခပါလား။ ကံကြောင့် ငါ ဒီရုပ်ကြီးရတာ ဒုက္ခပါလား။ အတိတ်ရဲ့ကံကြောင့် ဒီရုပ်ကြီးရတာ။ ငါ ဒုက္ခပါလား၊ ဒုက္ခကိုလည်း သိတယ်။ အဲဒီတော့ အနတ္တဆိုတာ သဘာဝသဘောတရားတွေပဲ။ ဩော် ဖြစ်လာရင် ပျက်မယ်ကွဲ့။ ဒီသို့လုပ်ထားတဲ့အတွက်ကြောင့် ကောင်းရာသုဂတိကိုရောက်မယ်။ ခေတ်ကလည်း ပြောင်းလဲတယ်။ ရုပ်တွေကလည်း ပြောင်းလဲတယ်။ စိတ်တွေကလည်း ပြောင်းလဲတယ်နော်။ အဲဒီတော့ ဒါတွေမကဘူး အခုနေကြတဲ့ခေတ်ဆိုတာ ဒကာကြီးတို့သိကြပါတယ်ဗျာ။ ဘယ်လိုလဲဆိုတာ။ ဟိုရှေးရှေးကခေတ်နဲ့

ဟိုရှေးရှေးက မင်းနဲ့ အခုမင်းနော် ကြည့်ကြပါ။ အဲဒီတော့ ဒကာကြီးတို့ ဒကာမကြီးတို့အားလုံး ဦးဇင်း တို့ပါ ဒီခေတ်မှာနေထိုင်ကြတဲ့ပုဂ္ဂိုလ်များအားလုံး ပြောင်းရဦးမှာပဲ။ တစ်ဘဝပြီးတစ်ဘဝ ပြောင်းရဦး မှာပဲ။ မပြောင်းခင်အခါမှာ သူတော်ကောင်း သူမြတ်လောင်းနဲ့လာပြီးတော့ တွေ့တဲ့အခါ ခင်ဗျားတို့ရဲ့ ဒါနပြုတဲ့အလှူတွေ ပစ္စည်းလေးပါး ဒကာပြုတဲ့လူပုဂ္ဂိုလ်တွေ အဲဒီခေတ်က ပုဂ္ဂိုလ်တွေရမယ်။ ခေတ် ပြောင်းသွားရင် ဦးဇင်း တို့ ရုပ်နာမ်တွေကလည်း တစ်နေ့သောအခါမှာ အိုရမယ်၊ နာရမယ်၊ သေရ မယ်။ ဦးဇင်း တို့ ဒီဘဝပြောင်းရမယ်နော်။ သဘောလေးသာ သတိလေးထား။ အဲဒီတော့ ကိုယ့်ထက် ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့် တရားထားပါ။ ဖြုတ္တစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို တဏှာ၊ မာနတွေကို လျော့ထားပါ။ တဏှာဆိုတာက အဲဒီစက္ကူပေါ်မှာ သာယာတာ တဏှာ၊ ကိုယ့်နားလေးမှာ သာယာတာ တဏှာ၊ ကိုယ့်အသံမှာသာယာတာ တဏှာ၊ ကိုယ့်ဇီဝှါမှာ သာယာတာ တဏှာ။ ဒီတဏှာကိုသွားပြီး မစွဲနဲ့။ ဩော် အေး အေး အေး ကြံ့ရာ မှီရာကိုသာ ကိုယ့်ရဲ့စားတာပေါ့ဗျာ။ ခန္ဓာဝန်ရဲ့ဒုက္ခပဲ။ အဲဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား။ ဘာဆင်းရဲသလဲ စိတ်ကလေးက ဆင်းရဲတယ်နော်။ စိတ်ဆင်းရဲ တယ်။ စိတ်မဆင်းရဲပါစေနဲ့တဲ့။ ဘုရားကဟောပါတယ်။ စိတ်ဆင်းရဲတယ်ဆိုတာကတော့ သွားစွဲလို့ ကိုယ်လိုချင်တာကိုမရလို့ စိတ်ဆင်းရဲတယ်။ ဩော် ငါလုပ်တာမှားနေပါလား။ ငါစိတ်ကလေး မဆင်းရဲ ဘူး။ ရုပ်ဆင်းရဲပါစေ။ ရုပ်ကလေး ငါနဲ့တန်တာဝတ်မယ်၊ ရုပ်ကလေးတန်တာသာနေမယ်။ စိတ်ကလေး ကို မဆင်းရဲအောင် သူက အမျိုးမျိုး။ သူ့စိတ်ကိုစစ်ပြီးတော့ နေပါတယ်။ ခုနက ပစ္စည်းဝတ္ထုတွေရတာ ကတော့ သူ့ရဲ့ ရှေးဘုန်းရှေးကံတွေ။ သူ့ရဲ့ ခုနက သစ္စာလေးပါးရတဲ့ပုဂ္ဂိုလ်နဲ့ သူကလည်း စေတနာ မှန်တဲ့ပုဂ္ဂိုလ်နဲ့ သွားကြုံကြိုက်ပြီး လှူလိုက်တော့ သူ့ရဲ့ ရှေးဘုန်းရှေးကံတွေက ပြန်ရတာပါနော်။ သူပြန်ရတာ ဦးပဏ္ဍိတ က အစတုန်းက လူဆိုး၊ လူပေ၊ လူမိုက်၊ လူဆိုးကြီးပါ။ အဲဒီတော့ သူ့ရဲ့လုပ်တဲ့ စေတနာကလည်း အင်မတန်ကောင်းတယ်။ သူ့ရဲ့ ဝိပဿနာကလည်း အလွန်ကောင်းတယ်ဆိုတော့ သူက နဂိုမူလက အလွန်ဆင်းရဲတဲ့လူပါ။ အဲဒီတော့ ဒီလိုအသိတရားတွေကို ကောင်းရာမွန်ရာ စိတ်ကလေးက သန့်သန့်ရှင်းရှင်း စေတနာတွေကရှိတယ်။ အဲဒီကံက ပစ္စုပ္ပန်ကံကနေပြီးတော့ ရှေးဘုန်းရှေးကံတွေရသင့်ရထိုက်တဲ့ဟာတွေကို အခု ဒီလိုလုပ်တဲ့သူ့ရဲ့ စေတနာကြောင့် ပြန်ရတာ ပါ။ ဒကာကြီးတို့ ဒကာမကြီးတို့လည်း ဆင်းရဲနေတယ်။ ဆင်းရဲနေတဲ့အခါမှာ ခုနကပုဂ္ဂိုလ်နဲ့လာပြီး တော့ သစ္စာလေးပါးရတဲ့ပုဂ္ဂိုလ်နဲ့ လာပြီးပေါင်းလိုက်တဲ့အခါမှာ သူက စေတနာမှန်တယ်။ အဲဒါတွေ ကို သူလုပ်လိုက်တာ။ သိလို့လုပ်လိုက်တဲ့အခါမှာ ရှေးဘုန်းရှေးကံတွေ။ အဲဒါတွေဟာ အဲဒီပစ္စုပ္ပန်

ဘုံမှာ အကုန်ပြန်ရမယ်။ ဒီသဘောပဲ။ အဲဒီတော့ ဒကာကြီးတို့ ဒကာမကြီးတို့ ရှေ့ကိုလည်း မမျှော်နဲ့။ နောက်ကိုလည်း မတွေးနဲ့။ ငါရဲ့နှလုံးသွင်းတာက ဩဇာ ဖြစ်သမျှအကြောင်း မမြဲပါလား။ အနိစ္စ အနိစ္စဆိုတာ မမြဲပါလား။ ဒုက္ခဆိုတာ ဆင်းရဲပါလား။ ဒုက္ခဆိုတာ ဆင်းရဲတယ်။ အနတ္တဆိုတာ အစိုးရတာမဟုတ်ပါလား။ ဒါလေးကိုနှလုံးသွင်းရင် နှလုံးသွင်းတာက မှန်တယ်။ ယောဒီနှလုံးသွင်းတာ ဘယ်ခေတ်မှာနှလုံးသွင်းသလဲ။ ပစ္စုပ္ပန်ခေတ်မှာ နှလုံးသွင်းတယ်။ နှလုံးသွင်းတာကလည်း မှန်တယ်။ အဲဒီလိုမှန်တဲ့အခါမှာ ရှေးဘုန်းရှေးကံတွေက လာပြီးတော့ဗျို။ အဲဒီ ဒကာကြီးနဲ့ ဒကာမကြီးဟာ သူ့ရဲ့ စေတနာအရ အဲဒီတော့ ရှေးဘုန်းရှေးကံတွေဟာ အတိတ်ကမရှိခဲ့သော် သူ့ရဲ့အားနည်းချက်တွေ ကလည်း မှန်တယ်။ ယောဒီကံကျိုးတွေကလည်း သူ့ကိုအကျိုးပေးတယ်။ ဝီရိယအကျိုးတွေကလည်း ပေးတယ်။ ထမင်းတလုတ်တော့ စားရမယ်ဗျ။ သူများထက်တော့ မချမ်းသာဘူးဗျ။ အဲဒီလိုသဘော လေးကို သတိလေးထား။ ဒီခေတ်ကလည်း အပြောင်းအလဲရှိပါတယ်။ ရုပ်တွေကလည်း အနိစ္စ၊ အနတ္တဆိုတဲ့ အိုရမယ်၊ နာရမယ်၊ သေရမယ်။ အဲဒီရုပ်တရား၊ နာမ်တရားတွေဟာ အပြောင်းအလဲ ရှိပါတယ်။ ဦးဇင်း တို့ ခင်ဗျားတို့ အဲဒီသွားရင် ပြန်ရဦးမယ်။ အဲဒီတော့ လူ့ဘုံမှာရှိပါတယ်။ စာကရှိပါ တယ်။ နတ်ဘုံက ဘယ်နှစ်ဘုံ၊ ဗြဟ္မာ့ဘုံက ဘယ်နှစ်ဘုံ၊ အပါယ်ဘုံက ဘယ်နှစ်ဘုံဆိုတာ ရေးထား တော့ အားလုံးပေါင်းတော့မှ ဘုံ (၃၁)ဘုံ။ လူ့ဘုံကနေပြီးတော့ ကွယ်လွန်အနိစ္စမရောက်ခင် ဦးဇင်း တို့ရဲ့ ခုနက ဒီရုပ်နာမ်တွေ ပြောင်းလဲရဦးမယ့်ကိစ္စတွေ မပြောင်းလဲခင်မှာ ကိုယ့်ညီအစ်ကိုမောင်နှမ လို ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ။ ဒီကအသိလေးမှန်ရမယ်။ အဲဒီတော့ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဦးပဏ္ဍိတ ကတော့ စာမတတ်တော့ စိတ်ကလေးရဲ့ ယောတာ ဘယ်စိတ်လည်း ဘဝင်စိတ်ကလေး နော်။ ဒီဘဝင်စိတ်ကလေးဟာ ဒီဟာကို ပညတ်အာရုံကို ငါ့ကို စက္ခုအာရုံကလည်း မှတ်ပြီးတော့ စွဲတယ်။ ကိုယ့်နားကြားလိုက်တယ်။ ကြားတဲ့အာရုံကလည်း ကိုယ့်နားကကြားလိုက်တယ်။ အာရုံ ကလည်း မှတ်ပြီးတော့စွဲလိုက်တယ်။ မကောင်းတာကိုစွဲတယ်။ ကောင်းတာလည်းစွဲတယ်။ အဲဒီတော့ မြင်တာလည်း မှတ်ပြီးတော့စွဲလိုက်တယ်။ မကောင်းတာလည်း မြင်တယ်၊ ကောင်းတာကိုလည်း စွဲတယ်။ ကောင်းတာကို စွဲတယ်နော်။ ဒီအစွဲ မကောင်းတာ ဘာစွဲလဲ။ အကယ်၍ ခင်ဗျားက မြမောင် ဆိုပြီးတော့ ဆဲလိုက်တဲ့အခါမှာ မြမောင် ရဲ့ အသိက ဩော် ငါကိုလူတောထဲမှာဆဲပါလား ဆိုတော့ အဲဒီဟာကို မှတ်ပြီးတော့ စွဲမိတယ်ဆိုတော့မှ မြမောင် မှာ အကုသိုလ်ဖြစ် ဒေါသဖြစ်သွားတယ်။ အဲ မြမောင် မှာ ထိပေါက်တယ်၊ ချမ်းသာတယ်။ မြမောင် အလွန်ကောင်းတယ်။ မြမောင် ကို မှတ်ပြီးတော့ မြမောင် စိတ်ကလေးချမ်းသာတယ်။ အဲဒါ သံသရာလည်တဲ့တရားတွေ။ ဩော် မြမောင် လည်း မမြဲ

ပါလား။ ပြောတဲ့သူလည်း မမြဲပါလား။ ငါမမြဲတော့ မစွဲဘူး၊ မစွဲတော့ ကံမဖြစ်ဘူး။ ကံမဖြစ်တော့ ခင်ဗျားမှာ မနောလေးက အေးတာပေါ့ဗျာ။ အခုအေးလို့ရှိရင် အနာဂတ်မှာလည်း အေးလိမ့်မယ်နော်။ အဲဒီတော့ ခင်ဗျားတို့ရဲ့ ရှေးဘုန်းရှေးကံတွေလည်း တချို့ပါတဲ့သူပါတယ်။ မပါတဲ့သူ မပါဘူးနော်။ သဘောလေးပဲ။ ကံရဲ့တရားတွေ။ ကံရဲ့ အစွဲဥပါဒါန်တရားတွေ သူ့ရဲ့လျှို့ဝှက်လိုက်တဲ့အခါမှာ သစ္စာလေးပါးနဲ့ အဲဒီပုဂ္ဂိုလ်နဲ့ သွားတွဲမှ သူ့ရဲ့ရှေးဘုန်းရှေးကံတွေ လာပေါ်တာ။ သူရသွားတာ ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင်။ ပါးစပ်ကပြောတယ်။ အလွန် သူ့မှာ လာဘ်လာဘဖွံ့ဖြိုးတယ်။ ကာယမှာလည်း အလွန်တင့်တယ်တယ်။ ကျန်းမာရေးလာဘ်လည်း အလွန်ကောင်းတယ်။ ဒီသဘော ပဲ။ တစ်နေ့တော့ ဒီကာလ၊ ဒီခေတ်မှာ ဦးဇင်း လည်း မမြဲပါဘူး။ သွားရမှာပဲနော်။ အချိန်ကျရင် ကံကုန် ရင် သွားရမှာပဲ။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးလည်း အချိန်ကျရင် သွားရမှာပဲ။ ဦးဇင်း က စာမတတ်ပါဘူးနော်။ ခေတ်ရှိတယ်။ ကာလရှိတယ်။ အဲဒီတော့ အတိတ်ရှိတယ်။ အတိတ်က သူ့ရဲ့ချခဲ့တဲ့ ဒါနမျိုးစေ့တွေ၊ သီလမျိုးစေ့တွေ ချပစ်ခဲ့တော့ ပစ္စုပ္ပန်မှာလာပြီးတော့ သူ့မှာ အသက်ရှည် တာ။ အဲ ခုနက စီးပွားရေးရတာတွေ သူကရတယ်ဗျ။ ဦးဇင်း တို့က အတိတ်ကလည်း ဒါန မျိုးစေ့ ခေါင်းပါးတယ်။ သီလမျိုးစေ့ခေါင်းပါးရင် ပစ္စုပ္ပန်မှာလူဖြစ်ပေမယ့် ဝီရိယအကျိုးတွေ၊ ကံအကျိုး လေးလောက်ပဲ စားရပါတယ်ဗျာ။ အဲဒါ တစ်ယောက်နဲ့တစ်ယောက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီနော်။ နေကြရတယ်နော်။ အကယ်၍ ဒကာလေးက ဟိုအတိတ်ကပါလာတယ်။ ဒကာကြီးက မပါဘူးဆိုရင် အဲဒါ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ။ ဒကာမလေးရဲ့ ရှေးဘုန်း ရှေးကံတွေပါလာရင် သူက လုပ်သမျှ အကုန်လုံး အလုပ်အကိုင်တွေအကုန်ဖြစ်တယ်။ ဒကာကြီးက မဖြစ်ဘူးနော်။ ဒီသဘောပဲ။ အဲဒါလေး တွေကို သဘောလေးကျင့်ပြီးတော့ ဩော် ငါကတော့ ခေတ်ကတော့ အပြောင်းအလဲရှိတယ်။ အဲဒီ တော့ အုပ်ချုပ်တာလည်း အပြောင်းအလဲရှိတယ်။ တို့လည်း တစ်နေ့ တို့ရုပ်၊ တို့နာမ်တွေလည်း အပြောင်းအလဲရှိတယ်။ ပြောင်းတဲ့အခါမှာ ဘုရားအစစ်ကိုဖူးရပါပြီ။ တရားအစစ်ကိုလည်း နာခဲ့ရပါ ပြီ။ သံဃာအစစ်ကိုလည်း တွေ့ခဲ့ရပါပြီ။ အဲဒီလို ခင်ဗျားတို့လှူလိုက်တဲ့ ကုသလာနံ၊ ဓမ္မာနံ။ ဓမ္မဖြစ် နေပြီ။ ကုသလာနံ ဓမ္မာနံ ပေါတုဆိုတာ ချက်ချင်းမျက်မှောက်အကျိုးပေးပါတယ်တဲ့။ ခင်ဗျားကလည်း စစ်ရမယ်။ နှလုံးသားက စေတနာကလည်း စစ်ရမယ်ဆိုရင် ခင်ဗျားတို့ ကျန်းမာရေးလာဘ်လည်း ရတယ်။ ရှေးဘုန်းရှေးကံကလည်း ထပြီးတော့ မီးခဲပြာဖုံး အကုန်လုံးအကြွဲတွေဖြစ်တယ်ဗျနော်။ ရှေးဘုန်း ရှေးကံပါတော့ ခင်ဗျားတို့ အဲဒီကံက သူတို့အကျိုးပေးတယ်။ ငါတော့ အကျိုးမပေးဘူး။ တစ်ယောက်နဲ့တစ်ယောက် မိစ္ဆရိယစိတ် မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ် ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်၊

လောဘစိတ်တို့ဖြစ်နေတယ်။ သူကံက အလွန်ကောင်းတယ်။ အဲဒီကံကောင်းတဲ့သူနဲ့ ကိုယ်နဲ့ အဲ သူကတော့ ကံကောင်းပါလား။ ငါကတော့ ကံနိမ့်ပါလား။ အဲဒီတော့ ကံကျိုးရင် ကံဆယ်တယ်။ ကံ ပေါက်ရင် ကံဖာတယ်။ ကံနိမ့်တော့ ကံမြှင့်တယ်။ အခု ဦးပဏ္ဍိတ ထိုင်တယ်ဆိုတာ လှူဒါနပဲ။ ဒါတွေ ဟာ ဟော ဒီဘဝမှာလာလှူတာ။ ဒီဘဝမှာ လာလှူတဲ့အတွက်ကြောင့် ဒီဘဝမှာလည်း လက်ငင်း မျက်မှောက်အကျိုးပေးနိုင်တယ်။ ဟို အနာဂတ်မှာလည်း သွားအကျိုးပေးနိုင်တယ်။ ဒီသဘောပဲ။ အဲဒါကြောင့်မို့ ဩော် အေး အေး အေး။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဘုံ(၃)ပါး။ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတဲ့။ အဲဒီဩကာသလောကနဲ့ သတ္တလောက ဒီနှစ်ခုကို ဘယ်သူ က အုပ်ချုပ်နေလဲဆိုရင် သင်္ခါရလောကက ချယ်လှယ်နေတယ်ဗျို့။ ဒီသင်္ခါရဆိုတဲ့ လောကကြီးဟာ ချယ်လှယ်နေတော့ အဲဒီတော့ သင်္ခါရဆိုတာ အခု ဟိုဟာတစ်မျိုး၊ ဒီဟာတစ်မျိုး။ စိတ်ကလေးတွေ ပြောင်းပြောင်းသွားတယ်။ မကောင်းတာလဲ ပြောင်းတယ်၊ သူများပြောတာလည်း ယုံကြည်တယ်။ ကိုယ်လည်း မမြင်ရ။ အဲဒီသင်္ခါရလောကကြီးက အုပ်ချုပ်တယ်။ အတ္တလောကနဲ့ ဩကာသလောက အဲဒီပုဂ္ဂိုလ်က ဩော် အေး အေး သူလည်း ခံနေရတယ်နော်။ သင်္ခါရက အဲဒီတော့ ဒီနှစ်ခုကို သင်္ခါရ က အုပ်ချုပ်နေတဲ့အတွက် ဩော် ငါ့မနောဟာ စေတသိတ်ကို ကင်းနေပါသလား။ ငါ သူများပြောတာ လည်းယုံတယ်၊ ငါကလည်း ကင်းနေပြီ။ အဲဒါတွေ ဒီစိတ်ကလေး။ အဲဒီဘဝင်စိတ်ကလေးကို ဦးပဏ္ဍိတ က ဥပါဒါန်စိတ်ကလေးကိုဟောနေတာ။ ဩော် မမြဲပါလားကွယ်။ ဩော် ငါကြားတာ မမြဲပါလားကွဲ့။ စားပါစေ၊ သောက်ပါစေ။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ။ ငါမစားပါဘူး။ စားပါစေ၊ သောက်ပါစေ။ သူ့ရဲ့ စေတနာအလွန်ကောင်းတဲ့အတွက်ကြောင့် သူ့ရဲ့ ပစ္စုပ္ပန်မှာလည်း အသက်ကိုရှည်တယ်၊ ကျန်းမာရေး လာဘ်လည်းရတယ်။ အနာမျိုး(၉၆)ပါးဝေဒနာလည်း ကင်းရှင်းတယ်နော်။ ဒါ ခင်ဗျားတို့စေတနာက ခင်ဗျားတို့ယုံကြည်တာ။ ဟိုကအကျင့်ဖြစ်နေတယ်။ သစ္စာလေးပါးရသေးတယ်။ သူကတော့ စာမတတ် ပေမတတ် ဆဲရင်လည်း ဆဲတယ်၊ ဆိုရင်လည်း ဆိုတယ်။ ဒါပေမယ့် ဆဲတယ်ဆိုတယ်ပေမယ့် ခတ္တခဏ ပဲ။ တော်ကြာကျတော့ ကျွေးလိုက်ပါကွာ၊ ပေးလိုက်ပါကွာ။ ငါမစားပါဘူး။ ဒီလိုလုပ်တဲ့ပုဂ္ဂိုလ် ခင်ဗျား တို့တွေးပါ။ ဟိုမနေ့တုန်းကလာတဲ့ သရက်ကုန်းကဘုန်းကြီး အဲ သင်္ကန်းတွေလည်းပေးလိုက်တယ်။ ဒကာကြီး ဦးအုန်းမြင့် ရယ်။ အဲဒီတော့ စောင်လေး။ သူမပြန်ခင်မှာ စောင်လေးလည်း ဝယ်ပေးပါ၊ ခြင်ထောင်လေးလည်း ဝယ်ပေးပါ။ အဲဒါဘာလဲ။ စေတနာပေါ့ဗျာ။ အဲဒါ အတိတ်လည်းကောင်း၊ အနာဂတ်လည်းကောင်း။ အဲဒီတော့ ကိုယ်ကလည်း စေတနာအလွန်ကောင်း။ ဩော် ချုံပါစေကွဲ့။ ဩော် ခြင်တွေဘာတွေကိုက်မယ်ကွဲ့။ စားပါစေ၊ သောက်ပါစေ၊ ဒီလိုစေတနာတွေက ပစ္စုပ္ပန်တည့်တည့်

လေးမှာ ဘုရားအစစ်ကိုလည်းယုံကြည်ပါတယ်၊ တရားအစစ်ကိုလည်း ယုံကြည်ပါတယ်။ သံဃာအစစ်ကိုလည်း ယုံကြည်ပါတယ်တဲ့။ အဲဒီလိုယုံကြည်တဲ့ သရဏဂုံ(၃)ပါးတည်တဲ့အတွက်ကြောင့် အပါယ်တွေပိတ်တဲ့အတွက်ကြောင့် ခင်ဗျားတို့ အပါယ်တွေပိတ်ကြ။ တဖြည်းဖြည်း။ အဲဒီတော့ ပိတ်မယ်။ ဒီအပင်ကြီးက တဖြည်းဖြည်း အပင်ကဖြစ်လာတဲ့အခါ ဘာပင်မှန်းမသိဘူး။ နောက်ကျတော့ အပင်ကပွင့်လာတယ်။ အဲ အသီးတွေလည်းဖြစ်လာတယ်။ ဩော် ဒါက ဘာပင်လဲ။ အသီးကလည်း သီးလာပြီ၊ အပွင့်ကလည်း ပွင့်လာပြီ၊ အဲဒီတော့မှ ခင်ဗျားတို့သတိရမယ်နော်။ သတိလေးရမယ်။ အပင်ကတော့ ဘာပင်မှန်းရယ်လို့ ခန့်မှန်းလို့မရသေးဘူး။ အဲဒီတော့ ပွင့်လာတဲ့အခါမှာလည်း သိရမယ်။ သီးလာတဲ့အခါမှာလည်း သိရမယ်။ ခင်ဗျားတို့စားမယ့်အရသာကိုလည်း သိရမယ်။ အဲဒီတော့ ဒီဘဝမှာ အဲဒီတော့ မအိုခင်၊ မနာခင်၊ မသေခင်မှာ ခေတ်အပြောင်းအလဲလည်းရှိသလို ရုပ်အပြောင်းအလဲတွေရှိပါတယ်။ ပြောင်းရတော့မယ်။ ဘဝကို ပြောင်းရတော့မယ်။ မပြောင်းခင် အခါမှာ ချစ်ချစ်ခင်ခင်နဲ့ ကြင်ကြင်နာနာနဲ့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ကိုယ့်ကလေးကိုလည်းချော့ ပြီးတော့ပြော။ ဩော် ကလေးရယ် စားပါ၊ ကလေးလေးလည်း ချော့ပေါင်းတယ်။ လူကြီးလည်း ချော့ပေါင်းတယ်။ အဲဒီလိုစိတ်မျိုးတွေထားရင် အလွန်တိုင်းပြည်လည်းကောင်းမယ်။ အဲဒီရပ်ကွက်ကြီးလည်း ကောင်းမယ်၊ လူကြီးမင်းများကလည်း ပြောတာဆိုတာကို ကိုယ်က လေးစားတယ်။ သူခိုင်းတာကို လုပ်ပေးတယ်။ သူခိုင်းတဲ့အလုပ်ကို လုပ်ပေးတယ်။ အဲဒီလိုနေထိုင်သွားမယ်ဆိုရင် ခင်ဗျားတို့မှာ အင်မတန်အကျိုးရှိပါတယ်ဗျာတဲ့။ ဒါလောက်ဆို တော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၈)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် ( ၂၀၈ )

ဦးဖင်း က စာပေကျွမ်းကျင်မတတ်ဘူးနော်။ စာပယ်တာမဟုတ်ဘူး။ ငယ်စဉ်တောင်ကျေးက ဖအေ၊ မအေက ကျောင်းမထားနိုင်လို့ ကျောင်းမနေရဘူး။ အဲဒီတော့ ကျောင်းမနေရတော့ တောမှာ နေတယ်။ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာမှာနေတယ်။ ဦးဖင်း ရဲ့ ဖအေ က ဦးချိတိုး၊ မအေ က ဒေါ်အုံးမေ။ ဦးဖင်း ရဲ့ ထေရုပ္ပတ္တိရဲ့အကြောင်းလေးပေါ့ဗျာ။ ကံအကြောင်းလေးပေါ့၊ ပညတ်အကြောင်း လေးပေါ့ဗျာနော်။ ဒါလေးကို သဘောလေးလောက်ပြောပြပါ့မယ်။ စွဲတာကိုဗျ။ အဲဒီတော့ စွဲတော့ အဲဒီတော့ ကျောင်းမနေနိုင်တော့ စာမတတ်တော့ ပညတ်နဲ့ ပရမတ် စကားပြောတဲ့အခါမှာ အားလုံး ပညတ်နယ်ထဲမှာ ဘုရားပညတ်ထားတဲ့နယ်ထဲမှာနေထိုင်ရပါတယ်။ အဲဒီတော့ နေထိုင်တဲ့အခါမှာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ စကားလေးပြောလိုက်တဲ့အခါမှာ စာပေမတတ်တော့ ပြောတဲ့အခါမှာ မှားယွင်းရင် အားလုံးဆရာတော်ကြီးတွေ၊ သံဃာတော်မြတ်တွေ၊ ကိုရင်လေးတွေ အားလုံးရှိတဲ့ တပည့်တော်က တောင်းပန်ပါတယ်။ စာမတတ်လို့ပါတဲ့။ စာပယ်တာမဟုတ်ပါဘူးတဲ့။ စာရှိလို့ ဒီအသိ တွေ သိရပါတယ်တဲ့။ တပည့်တော်ဟာ အတန်းစာတွေ ကျောင်းမှာမသင်ခဲ့လို့ မတတ်တာကို ဒါ အရှင်ဘုရားတို့အားလုံးရှိကြတဲ့ ဆရာတော်ကြီးတွေ၊ သမားတော်တွေ၊ သံဃာတော်တွေ၊ ကိုရင်လေး တွေကစလို့ တပည့်တော်က တောင်းပန်ပါတယ်တဲ့။ စာမတတ်လို့မှားသွားမယ်ဆိုရင် ခွင့်လွှတ်ပါတဲ့။ ဒကာ၊ ဒကာမတွေများလည်း ယခုလို တရားအသိလေးနဲ့နာကြတဲ့အခါမှာလည်း ဦးပဏ္ဍိတ က စာပေ ကျွမ်းကျင်မတတ်တော့ ဒကာ၊ ဒကာမတွေမှာလည်း ဦးပဏ္ဍိတ ဒီအသိတရားပြောလိုက်ရင် မှားယွင်း သွားရင် ပညတ်မှာမှားမယ်ဆိုရင် သည်းခံကြပါတဲ့။ ဦးပဏ္ဍိတက တောင်းပန်ပါတယ်တဲ့။ ဘုရား ဟောတဲ့အသိတရားပေါ့ဗျာနော်။ အသိတရားဟာ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံ သော သင်္ခါရဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တတဲ့။ ဒါ ပါဠိလိုရေးလိုက်တာပါပဲနော်။ မြန်မာ လို ခန္ဓာသိကပြောမယ်ဆိုရင် သဗ္ဗေဆိုတာ သတ္တဝါခေါ်တယ်။ သင်္ခါရဆိုတာ သညာကြောင့် သင်္ခါရတွေ ဖြစ်လာတယ်။ သညာဆိုတာ ပါဠိစကားပါပဲ။ ဗမာလိုမှတ်တာပေါ့။ ဟောဒါ ယောက်ျား၊ ဟောဒါ မိန်းမ၊ ဒါ အဖေ၊ ဒါ အမေ မှတ်တာ။ အဲဒါကို သညာလို့ခေါ်ပါတယ်။ သညာကြောင့် သင်္ခါရဆိုတာ အာရုံနဲ့ မနော။ အဲဒီတော့ ဒါလေးဟာ အငဲမတန်နုတယ်နော်။ စိတ်ကလေးကိုဟောတာ။ စိတ်ကလေးကို ဘဝင်စိတ်ကလေးကိုဟောတာ။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ မနောစိတ်ကလေးကိုပြောပြတာပါ။ ဒီမနောစိတ်ကလေးဟာ ဇကောမဂ္ဂမဟုတ်တော့ဘူးနော်။ သင်္ခါရတွေဖြစ်နေကြတယ်။ အဲဒီတော့ ဒီသင်္ခါရတွေဟာ ဘာကြောင့်ဖြစ်သလဲ။ ကြည့်မယ်ဆိုရင်တော့ ကိလေသာနဲ့ တဏှာတဲ့။ ကိလေသာနဲ့

တဏှာ၊ ကိလေသာက ရုပ်တရား၊ တဏှာဟာ နာမ်တရား။ အဲဒီတော့ ကိလေသာမှာ ပေါ့ဒီ ကိလေသာရုပ်တရားမှာ တဏှာရှိတယ်တဲ့နော်။ ဘုရားပညတ်တာ။ တဏှာကို ပညတ်သွားတယ်။ တဏှာရှိတယ်တဲ့နော်။ ဒီတဏှာကိုသတ်ပါတဲ့။ အဲဒီတော့ ဒီတဏှာကိုမြင်အောင် အစွန်းမြင်အောင် ကြည့်ပါတဲ့။ ဒါ ကိုယ်နဲ့ရင်းရုရမယ်နော်။ အဲဒီတော့ တဏှာနဲ့ ကိလေသာ စာမတတ်တော့ အဲဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ။ သစ္စာလေးပါးနော်။ သစ္စာလေးပါး။ ဒါ သစ္စာလေးပါး ဟိုသစ္စာက သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာနော် သဘောလေး။ အဲဒါ စာနဲ့ဆိုပြတာ။ ဒီသစ္စာတွေဟာ ဘယ်လိုလဲ။ အရိယတ္ထသစ္စာ၊ သမုတိသစ္စာက ဘယ်လို၊ အရိယတ္ထသစ္စာက ဘယ်လို။ ဒါ သစ္စာ သစ္စာမှန်မှ မေတ္တာအောင်မယ်ဗျို့ ကိလေသာတဏှာဆိုတာက အားလုံး သတ္တဝါတိုင်းရှိပါ တယ်နော်။ သတ္တဝါတိုင်းရှိတယ်။ ကျားတစ်ကောင်ဟာ သူ့ဟာသူထိုင်နေတယ်။ ရှေ့မှာ ဂျီတစ်ကောင် ဖြတ်သွားရင် ကျားက ငါ့အစာပဲဆိုပြီး ကိုက်သတ်တာပဲနော်။ အဲဒါဘာလဲဆိုတော့ တွေးတောင်ကြည့် ပေတော့။ အကြောင်းသတ်လို့တော့ ကျားက ဘယ်သိပါ့မလဲ။ အကြောင်းသတ်လို့မလွယ်တော့ဘူး။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ ဒီအကြောင်းသတ်လို့မရရင် အဲ ခင်ဗျားသံသရာ အနာဂတ်ကိုကော လွတ်ပါ့ မလားတဲ့။ အဲဒီတော့ ပစ္စုပ္ပန်ဘုံကနေပြီးတော့ အဲဓါလေးတွေတွေ့သွားပြီးတော့ အကြောင်းသတ်ရ တယ်၊ အကျိုးပေါ်မှာ အကြောင်းရှိတယ်နော်။ ဒါ နိဗ္ဗာန်သွားမယ့်လမ်းတွေပဲ။ သဘောလေးနဲ့ ပြောပြ တာပါနော်။ ဒါကြောင့် အကြောင်းသတ်တော့မယ်တဲ့။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားဆိုတာ တရားအားထုတ်တယ်တဲ့။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန် တဲ့။ လက်ကလေးပိုက်တယ်တဲ့။ ဂေါဇကံကောင်းတယ်။ ဥတုသပ္ပာယ၊ ဘောဇဉ်သပ္ပာယမျှတနေရာ၊ စိတ်အေးတဲ့ နေရာမှာသွားပြီးတော့ အာရုံကိုနှလုံးသွင်းပြီတဲ့နော်။ အဲဒီတော့ တောရွာမှာဆောက်တည် တဲ့အခါမှာ သူ့ရဲ့တရားထိုင်ပြီးတော့ ဒီနှာခေါင်းနှစ်ပေါက်ရဲ့ ဝင်လေ ထွက်လေ၊ ဝင်လေ ထွက်လေ ဒလစဉ်၊ ဒလစပ်ရှိတယ်။ အမှုမဲ့အမှတ်မဲ့နေကြတော့ မျက်စိနဲ့ မနေခနဲ့ပေါင်း၊ ကိုယ့်နားနဲ့ မနော နဲ့ပေါင်း၊ လျှာနဲ့ ကိုယ့်မနောနဲ့ပေါင်း။ ဒီနှာခေါင်းနှစ်ပေါက်ကို သတိမထားကြတာပဲ။ အဲဒီနှာခေါင်း နှစ်ပေါက် ကို ဝင်လေထွက်လေ သူ့ဟာ ဒလစဉ် ဒလစပ် အိပ်လည်းရှိတယ်၊ စားလည်းရှိတယ်၊ သွားလည်းရှိတယ်၊ လျောင်းလည်းရှိတယ်။ အဲဒီအာရုံလေးကို ဝင်တာလည်းသိတယ်၊ ထွက်တာလည်း သိတယ်ဆိုတဲ့ အဲဒီအာရုံလေးကို အာရုံလေးမှာ ဘဝင်ကသိတာပဲ။ အဲဒါမှ သိတော့မှ စိတ်ခေါ်ပါတယ်။

သိစိတ်ခေါ် တယ်။ အဲဒီသိစိတ်ကလေးဟာ ဘဝင်စိတ်ကလေးဟာ ဒီအာရုံဝင်လိုက်ထွက်လိုက်လုပ်တဲ့ အာရုံလေး ကို အသိလေးကပ်ထားတယ်နော်။ ဒါကာယသတိပဋ္ဌာန်ပဲ။ အဲဒီတော့ ဝင်လေထွက်လေရဲ့ အာရုံနဲ့ သတိလေးကပ်ထားတဲ့အခါကျတော့ သူဘာလဲ။ ခုနက ဒုစရိုက် ဝိစိကိစ္ဆ ဈေးမရောင်းတော့ ဘူး။ ကျောင်းမတက်တော့ဘူး။ ဘာမှမလုပ်တော့ဘူး။ အထွေထွေတွေ ဘာမှသူမလုပ်တော့ဘူး။ အာရုံ (၅)ပါးကို သူပယ်ပြီတဲ့နော်။ စက္ခုအာရုံ၊ နားသောတအာရုံ ဒီအာရုံကိုသူပယ်သွားပြီ။ ပယ်တဲ့အခါကျ တော့ ဘုရားရဲ့ကျင့်တဲ့အသိတရားတွေကို သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ် တွေ၊ ပညာဗိုလ်တွေတဲ့။ ဗိုလ်တွေနဲ့တက်တာ။ သဒ္ဓါဆိုတာ ယုံကြည်တယ်။ ငါလုပ်မယ်ကွာ။ အဲဒီတော့ လုပ်လိုက်တာ ဝီရိယဆိုတာ အလွန်ကောင်းတာ။ ခံစားတာ ဝိစိကိစ္ဆ ရေခပ်ခြင်း၊ ကျောင်းတက်ခြင်း၊ ဘာလုပ်ခြင်း၊ ရုံးတက်ခြင်း ဘာမှမလုပ်တော့ဘူး။ မလုပ်တဲ့အခါ တင်ပလ္လင်လေးခွေပြီးတော့ အဲဒီ အာရုံကို တစ်စိုက်မတ်မတ် အဲဒါကို အာရုံလေးကိုသိတာကို ဘဝင်စိတ်က ဘဝင်စိတ်လို့ခေါ်တယ်။ ဒါလေးကိုသိသွားပြီ။ သိသွားတဲ့အခါမှာ ဒီစိတ်ကလေးဟာ ဘဝင်စိတ်ကလေးဟာ ကြီးလာတယ်။ အာရုံ(၅)ပါးမှာ ပယ်ထားတဲ့ကံတွေပေါ့ဗျာ။ အဲဒါတွေကိုလည်း အပြင်မှာစင်ကြယ်တယ်၊ အပြင်မှာ စင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး၊ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ သဘောလေးနဲ့ နာ။ သဘောလေးပဲ တရားဟာ ကိုယ်မှာရှိတယ်။ အဲဒီတော့ အပြင်မှာဘာတွေစင်ကြယ်လဲ။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ဒုစရိုက်(၁၀)ပါးရဲ့ အနုသယကံတွေ သူဘာမှမလုပ်ဘူး။ သူဘာလုပ်လဲ။ ထိတာက ထိတယ်၊ သိတယ်၊ ထိတာကရုပ် သိတာကနာမ်။ အနတ္တတရားကိုထူထောင်တာနော်။ ဘုရားပညတ်တာတွေကို သူလွှတ်နေပြီ။ လွှတ်အောင်ရုန်းနေပြီနော်။ ဒါ သဘောလေးနဲ့နာ။ စာ မတတ်ဘူးနော်။ သဘောလေးနဲ့ ကိုယ့်ဟာကိုယ် တရားအားထုတ်တယ်။ အဲဒီတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း ကြာလာတဲ့အခါကျတော့ အသိလေးက ဘဝင် အသိလေးကငြိမ်လာတယ်။ အဲဒါ အခိစိတ္တခေါ်တယ်။ အဲဒီတော့ လောဘနဲ့ ဒေါသခေါင်းပါးတယ်။ မောဟဆိုတာ လောဘကြောင့် ဒေါသကြောင့် မောဟ မောမောပန်းပန်းနဲ့ရှာတဲ့ဟာကို သူမရှာတော့ဘူး။ အမောမခံဘူး။ ရုပ်အကျိုး၊ နာမ်အကြောင်းတဲ့။ နာမ်ကြောင့် ရုပ်ဒုက္ခရောက်နေတယ်။ အဲ နာမ်ကြောင့် ရုပ်ဒုက္ခရောက်တယ်။ ဘယ်လိုရောက်သလဲ။ ရုပ်ဒုက္ခဘယ်လိုရောက်သလဲ။ တရားအားထုတ်တယ်။ မခံသာမှန်ပါဘိဒီတရား၊ ခံသာချင် သံသရာကြောမျောလိမ့်မယ်ဗျာ။ တရားထိုင်တဲ့အခါကျတော့ အမယ်လေး ဝေဒနာတွေ ဒင်းကြမ်းပေါ်တယ် ဗျို့နော်။ ဝေဒနာတွေဒင်းကြမ်းပေါ်တဲ့အခါကျတော့ အဲဒီတော့မှ ဝေဒနာ၊ သညာ၊

သခ်ီရ၊ ဥပါဒါန် ကံ တဏှာဖြစ်သွားလိမ့်မယ်။ အဲဒီမှာ ဝေဒနာတွေပေါ်မှာ။ ပေါ်တော့ သညာကမှတ်ပေးတယ်ဗျို့။ အာ ဖြတ်ပစ်လိုက်၊ နာတယ်ကွ။ မင်းစိတ်ကလေးဆင်းရဲနေပြီကွ၊ စိတ်ကလေးဆင်းရဲနေပြီကွ။ ရုပ်ကြောင့် စိတ်ဆင်းရဲတယ်တဲ့။ ဘုရားက စိတ်မဆင်းရဲပါစေနဲ့တဲ့၊ ရုပ်ဆင်းရဲပါစေတဲ့။ ဒါဘုရားဟောအရ ကိုယ်မှာ စိတ်ဆင်းရဲနေပြီ။ အဲ စိတ်ကလေးက ဒီဝေဒနာကိုခံစားနေရတယ်နော်။ ဝေဒနာတွေခံစားရတော့ စိတ်ဆင်းရဲတယ်။ စိတ်ညစ်တယ်။ အဲ ဝေဒနာကိုဖျက်ပစ်လိုက်တယ်။ ဝေဒနာကို အဆုံးမဖြတ်နိုင်တော့ဘူး။ ဒီလိုနဲ့နေရော ပြော်ဘုရား ဘုရား ဒုက္ခသစ္စာမှန်ပါလား။ ဒုက္ခ ပြော် အတိတ်ရဲ့ ဘဝအနန္တက ငါဟာ ကံပဲ။ ဥပါဒါန်မပြတ်လို့ ဒီဘဝမှာ မနုဿသဘာဝေါ ဒုလ္လဘော။ လူ့ဘဝမှာ ခဲယဉ်းစွာငါရတယ်။ သမ္မာလေးနဲ့ရတယ်။ မိစ္ဆာနဲ့ရတာကတော့ သတ္တဝါတွေပဲ။ ငါ သမ္မာလေးနဲ့ အလွန်ထူးမြတ်တဲ့ အဲ သဘောလေး ငါဟာ လူသားဖြစ်ပါတယ်။ အဲဒီတော့ ခရစ်ယာန်လည်းမဟုတ် ဘာမှလည်းမဟုတ်။ ဗမာလူမျိုး ငါ ဗုဒ္ဓဘာသာလူမျိုး။ ငါအလုပ်မလုပ်လိုတာ၊ ငါဟာ ဒီအလုပ်တွေမလုပ်လိုတာ။ ငါမသိတာ အင်မတန်မှထူးပါတယ်။ မနုဿသဘာဝေါဒုလ္လဘော အဲဒီတော့ ဒုလ္လဘ(၅)ပါးထဲမှာ ဗုဒ္ဓေါဘာဝေါ ဘုရားဖြစ်ခြင်းကို ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ကြိုးစားရင်ရမယ်။ ခင်ဗျားကြိုးစားရင် ရမယ်နော်။ မနုဿသဘာဝေါ ဒုလ္လဘော လူ့ဘဝမှာ ခဲယဉ်းစွာရအပ်ပေ၏တဲ့။ စာမတတ်လို့နော်။ သူဆိုတတ်သလို ဆိုပေးလိုက်တာ။ သဒ္ဓါသံပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းတာကိုရအပ်ပေ၏တဲ့။ သဗ္ဗုရိသဘာဝေါ ဒုလ္လဘော ရသေ့ရဟန်းအဖြစ်ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ သစ္စမသဝဏံ သူတော်ကောင်းတရားစကား နာကြားရပေခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ဇဝံဒိဝသေဒိသေ ဘုရားက ခြေဆေးအိမ်တွင်းမှာ အဲဒီဒုလ္လဘ(၅)ပါးကို အမြဲတမ်းဟောပါတယ်ဗျာ။ ဒါဖြင့် ဒီကံက ဘယ်လိုလဲ သူ့ဒုလ္လဘ(၅)ပါး အပြင်ကံတွေက ဘယာကံတွေ။ ပကာသနကံနော်။ ဒါက အဓိပတိစေတနာကံခေါ် တယ်နော်။ ကံချင်းတော့ ကံပေမယ့်၊ ကံခြင်းမတူဘူး။ ဘယာကံတွေ၊ ပကာသနဂုဏ်တင်ပြီးလှူတဲ့ အလှူတွေ။ ကံတွေ။ ပကာသနကံနော်။ အဲဒါတွေ တွေးကြည့်။ ဘုရားလက်သည်းပေါ်ကသဲနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ခြေဖဝါးနင်းထားတဲ့သဲ ဘယ်သူကများသလဲ။ ဟော ခြေဖဝါးကများတယ်။ လက်သည်ပေါ်က အဲဒါ ငါ နောက်လိုက်မယ်။ အဲဒါ ဒုလ္လဘ(၅)ပါးပဲနော်။ အပ္ပမာဒေန သမ္မာဒေထတဲ့ ဘုရားပြောထားပြီ။ ပညတ်နဲ့ ပရမတ်ရှိတယ်။ ပညတ်ကိုမပယ်ဘူး။ ပညတ်နဲ့ သာသနာ ရှိတယ်။ ကံသာသနာခေါ်တယ်။ ပညတ်ရဲ့ သာသနာကံ သာသနာခေါ်တယ်။ ပရမတ်ရဲ့ သာသနာဟာ အနတ္တသာသနာခေါ်တယ်။ ပဋိဝေဓနော်။

သေချာလေးမှတ်ထား။ ပညတ်ရဲ့ သာသနာကံ။ သာသနာ ပညတ်ကိုစွဲတာကိုဗျ။ ဘုရားပညတ်တာ။ သမ္မာလေးနဲ့စွဲတော့ သမ္မာနဲ့စွဲတော့ ဘာဖြစ်လဲ။ နတ်ပြည်ရောက်မယ်၊ ဗြဟ္မာ့ဘုံရောက်မယ်။ ကောင်းရာမွန်ရာရောက်မယ်။ သမ္မာနဲ့စွဲတော့ မိစ္ဆာဒိဋ္ဌိ သက္ကာရ ဒိဋ္ဌိ၊ အတ္တဒိဋ္ဌိနဲ့သွားရင်တော့ မင်းအပေါ်မှာမူတည်တယ်နော်။ အဲဒါ မိစ္ဆာနဲ့သွားတာ။ အပြင်ကိစ္စတွေ၊ အတွင်းကိစ္စတွေ။ အဲဒီတော့ ငွေရရင် ငွေနဲ့ တင်းမတိမ်နဲ့။ ငွေထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရရင် ရွှေနဲ့ တင်းမတိမ်နဲ့။ ရွှေထက်ကောင်းတာ ကျောက်ရှိတယ်။ ကျောက်ကတော့ သယံဇာတမြေကြီးက ထွက်လာတာ။ အဲ အရည်အသွေးကလည်းကောင်းတယ်။ ဂေါ်ကြိုးကလည်း ကောင်းတယ်။ သူတို့ဟာ ကမ္မာကကြိုက် တယ်ဗျို့။ အဲဒီတော့ သီလနဲ့ တင်းမတိမ်နဲ့၊ သမာဓိနဲ့ တင်းမတိမ်နဲ့။ ပညာရအောင် ရှာပေတော့။ ပညာဆိုတာ ဉာဏ်ပဲ။ လောကကိုသိတယ်နော်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် ဘုံ(၃)ပါးကိုသိတဲ့ ရဟန်းခေါ်တယ်။ အဲဒါပညာပဲ။ ခင်ဗျားတို့မေးချင်တာမေးနော်။ ဒါ ဦးပဏ္ဍိတ က ခင်ဗျားတို့ကို ဖအေလို၊ မအေလို၊ အစ်ကိုလို အာ အကုန်လုံးပဲ။ အဲ သူအင်မတန်မှ ညီအစ်ကိုမောင်နှမနော်။ ဆွေတော် အပေါင်းမျိုးတော်အပေါင်း၊ ဆွေတော်အပေါင်း မျိုးတော်အပေါင်းဆိုတာ အတိတ် နဲ့ ပစ္စုပ္ပန်နော်။ အတိတ်ရဲ့ ဘဝအနန္တ အရိုးတောင်နဲ့ပုံတဲ့ လမိုင်းမရှိ။ တောင်ပိုင်တွေ၊ ကွင်းပိုင်တွေ၊ ယက္ခ၊ ဂုမ္ဘန်၊ ဂန္ဓဗ္ဗ ဘယ်သူမှချွတ်သွားတာမဟုတ်ဘူး။ ဦးပဏ္ဍိတ က ချွတ်တယ်။ ချွတ်လို့မရတဲ့သူကို မချွတ်ဘူး။ လူမှာလည်း ချွတ်လို့ရတဲ့သူကို ချွတ်တယ်။ ချွတ်လို့မရတဲ့သူကို မချွတ်ဘူး။ အနားကပ်နေတဲ့ မိန်းမတို့ သားတို့၊ သမီးတို့ သူ့စေတနာကမမှန်ဘူး။ ဦးပဏ္ဍိတရဲ့ ရလာတဲ့ပစ္စည်းကိုတော့ စားတယ်၊ ဒါပေါ့ဗျာ။ ဖအေ၊ မအေ ငါလူဆိုတော့ ပေးရတာပေါ့နော်။ ကိုယ်ကမစွဲတာ။ သူက စွဲ။ သူက အတ္တ။ ဒီက အနတ္တ ဘယ်သူသိလဲ။ ဒီနှလုံးသား ဘယ်သူသိလဲနော်။ ဒါကြောင့်မို့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ် တယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်တဲ့။ သံသရာ ဘယ်ကစသလဲ ခန္ဓာကစတယ်တဲ့။ သံသရာဘယ်ကပြတ်သလဲ ခန္ဓာကစလို့ပြတ်တယ်တဲ့၊ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ အခုရသွားပြီ၊ အပုသည်မဟုတ်ဘူး၊ အအေးသည် ခင်ဗျားတို့မှာ ကြည့်မယ်ဆိုရင် သောကပဋိဒေဝ။ လင့်အတွက် ပဋိဒေဝ၊ သမီးအတွက် ပဋိဒေဝ ပူတာ ပူတာ။ ကိုယ်ကသွားစွဲတာကိုဗျ။ အဲဒါ ကိုယ်ကစွဲထားရင် ကံကြောင့် တဏှာကြောင့် ကံဖြစ်တာဗျို့။ ဟာ တဏှာကြောင့် ကံဖြစ်တာ။ ကြည့် ဝေသန္တရာမင်းကြီးဟာ သူ့သားတွေ၊ သမီးတွေကို လှူလိုက်တယ်၊ ပုဏ္ဏားလှူလိုက်တော့ ပုဏ္ဏားက ဖအေရှေ့မှာ ရိုက်တယ်ဗျို့။ ဟာ ရိုက်လိုက်တာ အကြီးအကျယ်။ ဖအေကမြင်လိုက်တော့ စိတ်ထဲမှာ ဟာ မကောင်းဘူး။ သံလျက်စွဲတယ်။ အဲဒါဘာလဲ။ တဏှာကြောင့် မာန်ဖြစ်တာပေါ့ဗျ။ အဲ

အဲဒီမာန်က အသညာတနိဗ္ဗာန်ကို ပိတ်ထားတယ်နော်။ ဒီမာန်ပဲ။ အင်မတန် ကြောက်မက်ဖွယ်ကောင်းတယ်။ ကိုယ့်ထက်ကြီးတဲ့သူကိုရှိသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကိုယ်မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့။ ခင်ဗျားတို့ကိုမလုပ်နဲ့လို့မပြောဘူး။ မစွဲနဲ့တဲ့။ စွဲရင် ကံဖြစ်သွားလိမ့်မယ်နော်။ မစွဲဘူးဆိုရင်တော့ ဉာဏ်ပေါ့ဗျာ။ အပူသည်တွေ လင်ကြောင့်ပူရတာတစ်မျိုး၊ သောကတွေ သောကပဋိဒေဝ။ အဲ ဗျာပါဒတွေဖြစ်။ အဲ ဇာတိတဲ့။ မရဏတဲ့။ ဇရာတဲ့။ စာက ရေးထားတယ်။ ဇာတိဆိုတာပါဠိလိုရေးတယ်။ ဗမာလိုအဓိပ္ပါယ်ပေါက်မပေါက်တော့မသိဘူး။ ဇာတိ၊ စရဏ၊ ခန္ဓာဆိုတဲ့အကြောင်း (၃)ကြောင်းရှိတယ်။ ဦးဇင်း က စာမတတ်ဘူး။ ခင်ဗျား ဟိုကဆိုပေးရင် ဒီက ခန္ဓာသိကပြောတတ်တယ်။ အဲဒီစာမတတ်တော့ လက်တန်းလောက်တော့ ဆိုတတ်တယ်။ ခင်ဗျားစာအုပ်ယူလာပြီးတော့ ထုတ်မေးလိုက်။ ဒီက ဗမာလိုပြောပေးမယ်။ ပါဠိ အနက် အဓိပ္ပါယ် ရှိတယ်။ ပါဠိဆိုတာ သဒ္ဒေ ဆိုတာ ပါဠိစကားတွေ။ ဟေတုပစ္စယော၊ အနန္တရပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပယုတ္တပစ္စယော။ ဟုတ်တယ်ဗျို့ သိပ်မှန်တာပဲ။ ဒီစာ ဒါ ပါဠိစကားတွေ။ အနက်က အဲဒီစာကို သိပ်သဘောကျတာ။ ထောက်ခံတယ်။ အနက်သမားကနော်။ ဒါကြောင့်မို့ အေးကွာတဲ့။ ကရင်မတစ်ယောက်က အဲဆရာတော်ကြီးက ပဋ္ဌာန်းရွတ်ကြတယ်။ အဲ ကရင်မက ဘာမှမသိဘူး။ သဒ္ဓါ ယုံယုံကြည်ကြည်နဲ့ လှူတာပဲဗျာတဲ့။ အကယ်၍ သိတယ်ဆိုရင် သူ့ရှောင်တတ်တာပေါ့ဗျာတဲ့။ မသိတော့လည်း မရှောင်တတ်ဘူးဗျာ။ တဏှာကို ရှောင်တတ်တာပေါ့ဗျာတဲ့။ ကြည့်စမ်း ကိလေသာ တဏှာ ဟော ဒီ ကိလေသာမှာ တဏှာရှိတယ်နော်။ ဟောဒီရုပ်တရားမှာ တဏှာရှိတယ်။ အဲဒီတော့ စက္ခုအာရုံ မျက်စိမြင်တော့ မျက်စိလေးမြင်လိုက်တော့ သိတာပေါ့ဗျာ။ သိတာကက စိတ်။ ဟော အဲဒီစိတ်ကလေးဟာ မြင်တဲ့အရာဝတ္ထုကို မမှတ်ဘူးလား။ ကဲ မှတ်ပါတယ်ဘုရားတဲ့။ အဲ မှတ်လိုက်တယ်ဗျို့ ဟောဒါ ယောက်ျားလေးပဲဗျာ။ ဟောဒါ မိန်းကလေးပဲ။ မှန်တယ်ကွာတဲ့။ ခင်ဗျားပြောတာ သိပ်မှန်တယ်ဗျာ။ အဲဒီအမှတ်ကြောင့် သင်္ခါရ ဥပါဒါန်ကံတွေဖြစ်တာ။ သံသရာလည်တာ။ သူပဲဗျို့ အဲဒါ သညာသိ။ ပညာတော့ သဘောပေါက်သွားပြီ။ ဟိုက အတ္တသိ။ ဒီက အနတ္တသိ။ ဟိုက ပညတ်သိ ဒီက ပရမတ်သိနော်။ ပညတ်ကိုမပယ်ဘူး။ ပညတ်သာသနာရှိတယ်။ ပရမတ်ရဲ့ သာသနာလည်းရှိတာပဲ။ အတ္တရဲ့ သာသနာလည်းရှိတာပဲ။ အနတ္တ ရဲ့ သာသနာလည်းရှိတာပဲ။ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးရှာရမယ်။ ခန္ဓာငါးပါးဆိုတာ သဘောလေးပဲ။ ခန္ဓာဆိုတာ ရုပ်တရား၊ ခန္ဓာဆိုတာ မနောသိ ဟော ဝေဒနာ၊

သညာ၊ သင်္ခါရ၊ ဥပါဒါန် ကံ ဒါ ခင်ဗျားတို့ကိုပောလိုက်တာ။ အဲဒီတော့ အဲဒီငါးပါးကို ကိုယ်က အမြဲတမ်းတရားနှလုံးသွင်းပြီးတော့ ဩော် ဒီခန္ဓာ(၅)ပါးရဲ့ ငါမသိလို့ အဝိဇ္ဇာတွေဖြစ်နေပါလား။ ခန္ဓာ(၅)ပါးသိရင် ဝိဇ္ဇာဉာဏ်ဖြစ်မယ်။ ရုပ်နာမ်ကိုလည်း ငါသိမယ်။ ရုပ်နာမ်သိချင်လို့ ခန္ဓာ(၅)ပါး နဲ့ရင်းရှာရတယ်။ အဲဒီလို ခန္ဓာ(၅)ပါးနဲ့ ရင်းရှာတဲ့အခါမှာ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာ စင်ကြယ် တယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်တယ်။ ဘာဖြစ်လို့လဲ။ သူ လောဘ၊ ဒေါသခေါင်းပါး သွားပြီး။ ကြည့်စမ်း ဘာမှ ရေလည်းမသောက်တော့ဘူး။ ဘယ်မှလည်း ဟိုနား ဒီနားမသွားတော့ဘူး။ တင်ပလ္လင်ခွေနေတာ။ သူနှလုံးသွင်းနေပြီ။ အဲဒီတော့ ကာယကံ(၃)ပါးကလည်း ငြိမ်ပြီ။ ဝစီကံ(၄)ပါး ကလည်း ရေတောင်၊ ဆေးလိပ်တောင်မသောက်ဘူး။ ဟော ဝစီကံလည်းပိတ်ထားပြီ။ မနောကံကို အဲဒီမနောကံကို ကံကိုသိရင်တော့ အာရုံကိုတင်လိုက်နော်။ နှာခေါင်းနှစ်ပေါက်ရဲ့ ဝင်လေထွက်လေရဲ့ အာရုံကို သိလာတော့ ဩော် ထိတာကရုပ်၊ သိတာကနာမ်။ ထိတာမမြဲဘူး။ သိတာလည်း မမြဲဘူး။ တစ်စိုက်မက်မက်မနေဘူး။ အမြဲတမ်း လှုပ်ရှားမှုရှိနေတယ်။ အဲ မမြဲတာက အနိစ္စပါလား။ မမြဲတဲ့ အာရုံဟာ အနိစ္စပါလား။ ဟော မမြဲတာကို ငါမြဲတယ်လို့သွားစွဲတာ။ ငါ ဒုက္ခပါလား။ သွားစွဲပြီလေ။ အဲဒါသွားပြီးတော့ အာရုံကိုသွားစွဲရော။ ကံကြောင့် ဒုက္ခပါလား။ ဩော် ဒုက္ခသစ္စာပါလား။ ဩော် အနတ္တဆိုတာ ခန္ဓာ(၅)ပါးရဲ့ ထုံးလိုမွှေ ရေလိုနှောက်တော့ အဲဒီတော့ သွေး၊ သည်းခြေ လေ၊ သလိပ် က ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောက ဓါတ်လေးပါးက ငါ့ကိုသတ်မယ့်အကြောင်းကြီးပါလား။ ဟာ ဟောဒါ ပညတ်၊ ဟောဒါ ပရမတ် အစွန်းကိုမြင်အောင်ကြည့်ပေတော့တဲ့။ ဟောဒါ သညာရုပ်၊ ဟောဒါ ပရမတ်၊ ဓါတ်ပရမတတ်။ အဲဒီတော့ ဦးဇင်း က မပြောတတ်လို့ စိတ်၊ ဓါတ် ဝိပဿနာခေါ် တယ်။ အဲဒီစိတ်ဓါတ်ဝိပဿာကိုရောက်ရင် ဓမ္မနုပဿနာကို နီးနီးလေးပဲ။ ဟာ ခင်ဗျားတို့ ကိုယ်နဲ့ရင်း ရှာနော်။ မှန်အောင်လည်းလုပ်။ အဲဒါပြီးတော့ သစ္စာကိုလည်းထား။ သမုတိသစ္စာ၊ ဝီရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ။ ဒါ ဘုရားဟောအရ အဲဒီသစ္စာနဲ့ မိမိရဲ့နှလုံးသားအသိ နဲ့ တစ်ထပ်တည်းဖြစ်ပါစေ။ အဲဒီတော့ ကံတရားဟာ အစွဲတရား။ အဲဒီအစွဲတရားရှိရင် မစွဲတဲ့နေရာ ရှိတယ်။ အဲဒီအစွဲတရားကလေးနဲ့ သမ္မာအသိလေးနဲ့ ကံကိုယူတယ်။ မိစ္ဆာအသိ၊ သက္ကာယရအသိ၊ ဒိဋ္ဌိ အသိတွေနဲ့ မယူဘူး။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ ဘုရားရေးတဲ့ မဂ္ဂင်ရှစ်ပါး၊ မဂ္ဂင် ရှစ်ပါးနဲ့ မိမိရဲ့နှလုံးအသိနဲ့ တစ်ထပ်တည်းထား။ သမ္မာဆိုတာဘာလဲ။ မှန်သောအယူပဲ။ အဲ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာအာဇီဝဆိုတာ သူထိုင်နေတာ ခင်ဗျားလာကျွေးတာ၊ လာပေးတာ။ သူတောင်းစားတာလည်းမဟုတ်ဘူး။ သွားလုပ်တာလည်းမဟုတ်ဘူး။ သူ့ကို စေတနာ

ရှိလို့ လာကျွေးတယ်။ ဒကာ၊ ဒကာမတွေက အဲဒါစားတယ်။ အဲဒါ သမ္မာအာဇီဝ၊ သမ္မာကမ္မန္တဆိုတာ ဒီကံတွေကို စာတော့မတတ်ဘူးနော်။ မှားရင်သည်းခံပေါ့။ သမ္မာဝါစာဆိုတာ အလုပ်။ အဲ အလုပ်ကနေ ကံမဖြစ်အောင် မိစ္ဆာကံတွေမဖြစ်အောင် သမ္မာကမ္မန္တကံထည့်ထားတယ်။ အဲဒီမိစ္ဆာကံတွေမဖြစ်အောင် ကိုယ်က သတိအမြဲထားပြီး သမ္မာကံလေးနဲ့ သမ္မာကံနဲ့ တက်တက်သွားတယ်နော်။ အင်မတန် ကောင်းတဲ့ သမ္မာကံလေးနဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိနော် တည်ကြည်ရတယ်။ အဲဒါသမာဓိပဲ။ စိတ်နဲ့ စေတသိတ်ကိုသတ်ပြီဗျို့။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်။ အဲဒီတော့ မနောနဲ့မပေါင်းဘူး။ စေတသိတ်လည်း မဖြစ်တော့ဘူး။ ဟော တစ်ခါတည်းကြည်လာပြီဗျို့။ နှလုံးသားကြည်လာပြီ။ လောကီအကြောင်းတွေ တစ်ခုမှမပေါ်တော့ဘူး။ အဲဒါ ခင်ဗျားတရားထိုင်တဲ့ နိဝရဏတွေ ဟိုကပေါ်လိုက်၊ ဒီကပေါ်လိုက်။ လောကီအနုသယတွေ ပေါ် နေတယ်။ အဲဒါကံပဲ။ ကံ သီလခေါ်တယ်။ (၃၁)ဘုံမလွတ်သေးဘူးနော်။ အစွဲဥပါဒါန်မပြတ်သေးဘူး။ အဲဒီတော့မှ စိတ်၊ စေတသိတ်ငြိမ်သွားပြီ။ အဲဒါလာပြီးတော့ မနှောက်ယှက်တော့ဘူး။ အဲဒါမှ ရုပ်မှာရှိတဲ့ တဏှာကို ပြန်သတ်တာ။ အဲဒါကြောင့်မို့ စိတ်၊ စေတသိတ်၊ ရုပ်လွတ်သွားရင် နိဗ္ဗာန်နဲ့နီးနီးလေးပဲ။ အဲဒါအကျိုးတရားက ဒုက္ခသစ္စာ၊ အကြောင်းတရားက သမုတိသစ္စာ။ သတ်တော့သေရော။ သေတော့ အေးတာပဲဗျို့။ အေးတော့ အပူသည်တွေကလာတော့တာပဲဗျို့။ ချဲပေါက်ချင်တဲ့လူနဲ့ ထီပေါက်ချင်တဲ့ လူနဲ့။ အာ ကလေးရေနစ်လို့ဖြစ်တဲ့လူနဲ့။ ဗေဒင်ဆရာကြီးဖြစ်တာပဲဗျို့။ ဦးပဏ္ဍိတ က ကောင်းပါတယ် ဗျာ။ ကောင်းပါတယ်ဗျာ။ ရတဲ့အသပြာတွေကို ဘုရားတွေလျှောက်ထည့်တယ်။ ဟိုတုန်းက လူဆိုး တစ်ယောက်နော်။ သူများဟာတွေလိမ်၊ ခိုး၊ သူများပစ္စည်းတွေလုပ်ခဲ့တယ်။ သိမှ မသိတာကိုဗျ။ အဲဒီတော့ ငါးတွေရှာ အကုန်သတ်၊ အကုန်လုပ်။ နားမှမလည်တာကိုးဗျ။ အတ္တကြီးပေါ့။ အစွဲတရား ကြီးပေါ့။ လူ့လမိုင်းလို့ခေါ်ပါတယ်နော်။ ဘယ်သူပြောပြော ဘယ်သူဆိုဆိုမရတော့ အဲဒီတော့မှ လောကီကို အားကိုးစရာမရှိဘူး။ သမီးကလည်း ဖအေကိုပစ်ပယ်ပြီ။ မိန်းမကလည်း လင်ကိုပစ်ပယ် အကုန်ပစ်ပယ်။ ဘာလို့လဲ။ ဖအေမှ မကောင်းတာကိုဗျ။ အရက်မူးလိုက်၊ ကလေးတွေရိုက်လိုက်၊ မိန်းမကိုဆဲလိုက်။ လင်ဆိုးမယား တစ်ဖားဖား။ သားဆိုးအမေ တတေတေ။ ဒါတွေပေါ့ဗျာ။ ရှေးလူကြီး တွေစကားပုံရှိပါတယ်။ ဦးဖင်း က အားကြီးဆိုးတာ။ အိမ်တောင် အနားမကပ်၊ ငါ့အဖေ ဦးမြမောင် ဆိုတာ သူတို့မပြောဘူး။ ဖအေမှ မကောင်းတာ။ ဦးပဏ္ဍိတ မကောင်းဘူး။ အဲဒီတော့မှ တရား အားထုတ်။ လောကီမှာ အားကိုးစရာမရှိဘူး။ စာကလည်း မတတ်၊ ပေကလည်း မတတ်။ အဲဒီတော့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါး ငါရှာမှုပဲဆိုပြီးတော့ အဲဒီတော့ အပြင်မှာစင်ကြယ်ရင် ခန္ဓာစင်ကြယ်မယ်။

ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ ဒါကြောင့်မို့ ခင်ဗျားတို့ကို ကိုယ့်ဖအေလို၊ ကိုယ့်မအေလို ကိုယ့်အစ်မကြီးလို၊ ကိုယ့်ညီမလို အားလုံးဆွေတော်အပေါင်း မျိုးတော်အပေါင်း ဒီဘဝနောက်ဆုံးဘဝပြန်ကြရမှာ။ အနတ္တတရား။ ဟောဒီရုပ်က အိုရဦးမယ်၊ ဟောဒီရုပ်က နာရဦးမယ်၊ ဟောဒီရုပ်က သေရဦးမယ်နော်။ ခင်ဗျားတို့ ရုပ်ကတော့ အိုမယ်၊ စိတ်ကတော့ မအိုဘူးဗျို့။ အဲဒီတော့ စိတ်က အဲဒီစိတ်ကလေးက ဘာဖြစ်ဖြစ် သာယာတာကိုခံစားတာ တဏှာ။ အဲဒီတော့ ဇီဝှါမှာ အရသာသိတာလေးက ခံစားတာ။ တဏှာတွေဟာ ခင်ဗျားတို့တွေးတောင်ကြည့်ဗျာ။ အဲဒီတဏှာတွေ ဟာ ချော်အေး အေး အေး။ ငါးသလောက်လေးချက်စား၊ ငါးသလောက်နုပ်ကလေးချက်စား၊ ကြက်သားလေးစားလိုက်။ ကြည့်စမ်း အဲဒီတော့ ဒါတွေဟာ တွေးကြည့်ပေါ့ဗျာ။ အဲဒါ တဏှာကိုသတ်တာပါ။ ကိလေသာပေါ်မှာရှိတဲ့ တဏှာတွေသတ်တာ။ ချော် အဲတော့ စိတ်ကလေးကခံစားတယ်။ အရသာမှာလည်း ခံစားတယ်၊ စက္ခုမှာလည်း ခံစားတယ်။ ဇီဝှါမှာလည်း ခံစားတယ်။ အကုန်ခံစားတယ်။ (၃၁)ဘုံ ဘယ်လွတ်တော့မှာလဲ။ အဲဒီတော့ လောဘတွေကလည်းဖြစ်ကုန်ပြီ။ ဒေါသတွေကလည်းဖြစ်ကုန်ပြီ၊ မောဟ မောမောပန်းပန်းနဲ့ရှာတယ်။ ကိုယ့်ကိုယ်ကိုယ်မသိတော့ဘူး။ မောမှန်းလည်းမသိတော့ဘူး။ ရှာကြပြီ။ သေရမယ် ပြုရမယ် မကြောက်တော့ဘူး။ အဲ ပိုက်ဆံရရင် လုပ်မယ်။ ဘာဖြစ်ဖြစ် လုပ်တော့မှာပေါ့ဗျာ။ ဘယ်လောက်ကြောက်ဖို့ကောင်းလည်းနော်။ ဒါကြောင့်မို့ ခင်ဗျားတို့ တရားကိုနှလုံးသွင်းကြပါ။ တရားကိုနှလုံးသွင်းကြပါ။ အဲဒီတော့ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ သီလနဲ့ဆေးကြောပါ၊ ဒါနနဲ့ ဆေးကြောပါ၊ ဘာဝနာနဲ့ ပွားများပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးဟာ အဓိသီလနဲ့ဆေးကြောတယ်၊ အဓိစိတ္တနဲ့ဆေးကြောတယ်၊ အဓိပညာနဲ့ဆေးကြောတယ်နော်။ နောက်ဆုံးဘဝပဲ။ ခင်ဗျားတို့လည်းပြန်ရမှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်ရမှာပဲ။ အဲဒီတော့ မပြန်ခင်မှာ မရဏသေမင်းရဲ့လက်ကို လွတ်အောင် ဉာဏ်လေးနဲ့ပြန်။ အဲဒီတော့ ကံလေးနဲ့ပြန်ရင်တော့ မရဏသေမင်းကတော့ ခင်ဗျားတို့ကံနဲ့ပြန်ရင်တော့ သူဦးမှာပဲ။ ဉာဏ်နဲ့ပြန်ရင်တော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ ဉာဏ်ဆိုတာ အာရုံခေါ်တယ်။ အဲ အာသဝက္ခယဉာဏ်ဆိုရင်တော့ အာရုံကိုသိသွားပြီ။ အဲဒီအာရုံကိုမသိတာ ကံ။ အာရုံသိတာက ဉာဏ်။ သဘောလေးနဲ့နော။ အခင်မတန်နုတယ်နော်။ ဒါကြောင့်မို့ ဘာပဲဖြစ်ဖြစ် ကျင့်ကြပါ၊ ကြံကြပါ။ လူများများနဲ့ စကားသွားမပြောနဲ့။ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်။ ကိုယ့်စိတ်ကိုသာ ကိုယ်စစ်။ သူများစိတ်ကို သွားမစစ်နဲ့။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး၊ ခန္ဓာမှာမစင်

ကြည့်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ကိုယ့်စိတ်ကိုယ်စစ်။ ဗြော် ငါ သီလဆိုတာ အုတ်ပန္ထက်ရိုက်တယ်။ သီလဆိုတာဘာလဲ။ အဲဒီတော့ အရိယကန္တသီလက လောဘနဲ့ ဒေါသခေါင်းပါးတယ်။ မစွဲဘူး။ အဲဒီ ပုထုဇဉ်သီလကတော့ အဲဒီတော့ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး အဲဒါတွေကို သူများ အသက်မသတ်ပါဘူး၊ သူများပစ္စည်း မခိုးပါဘူး၊ သူများသားမယား မဖျက်ဆီးပါဘူး။ သေရည်သေရက် မသောက်ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ ဝိလေပန တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါဘူး။ ဟောဒါတွေကတော့ မလုပ်ဘူး။ ကဲ ခင်ဗျားမေးပြီတဲ့။ ခင်ဗျားသားလေးနဲ့ သမီးလေးသေတော့ ခင်ဗျားဘယ်လိုနေမလဲ။ အဲဒီ ခင်ဗျားယူထားတဲ့ အဲဒီပညတ်သီလ။ အဲဒါ ဘုရားပညတ်တဲ့သီလတဲ့။ ခင်ဗျားယူထားပြီတဲ့။ ပရမတ် သီလမဟုတ်တော့ဘူးတဲ့။ ခင်ဗျားသားတွေ၊ သမီးတွေသေရင် ခင်ဗျားဘယ်လိုနေမလဲ။ ဟာ ဘုန်းဘုန်း ရယ်။ ပူတာပေါ့ဗျာ။ အေး ခုနကယူထားတဲ့သီလက ကယ်နိုင်ပါ့မလားတဲ့။ ကယ်နိုင်ပါ့မလားတဲ့။ ခင်ဗျားစိတ် ခင်ဗျားပူနေပြီ။ အနုစယစိတ်ဖြတ်တာ သူပဲ။ တစ်ချက်ပဲဖြတ်ရတယ်။ အဲသွားပြီ။ အဲဒီ မဂ်ကို မဂ်ဉာဏ်ကိုဆုတောင်းကြ။ ဒီမဂ်ဉာဏ်ရရင် ခင်ဗျားသွားပြီနော်။ မဂ်ဉာဏ်ရဖို့အရေးကြီးပါတယ်။ အဲဒီအတ္တကိုဖြတ်ပြီ။ အဲဒီတော့ အနတ္တကိုမြင်သွားပြီ။ ဗြော် သဘာဝသဘောတရား အနတ္တ ငါရုပ် မဟုတ်ပါလား၊ ငါအငှားကြီးပါလား။ ကိုယ့်ဟာကိုယ် ဉာဏ်နဲ့ကြည့်။ အဲဒီတော့ ဦးဇင်း ကနေပြီးတော့ မြောင်းမြကလာပါတယ်ဗျာ။ အဲဒီတော့ ဒီမှာရှိတဲ့ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မ စေတီလို့ စာကရေးထားတယ်။ ဦးဇင်း အလှူခံပေးမယ်။ လှူလိုက်တဲ့အခါမှာ ခင်ဗျားတို့ရဲ့ ပုပ္ပ၊ မုဥ္စ၊ ပရဆိုတဲ့ စေတနာ၊ အလှူခံတဲ့ရဟန်း ဦးပဏ္ဍိတ က သစ္စာမှန်ရမယ်။ အပ်ပေါက်ထဲမှာ အပ်ကြိုးထိုး ပေးလိုက်မယ်။ ခင်ဗျားကို စေတနာရှိရင် တစ်ပြားလှူလှူ၊ နှစ်ပြားလှူလှူ၊ ဘာလှူလှူ၊ ပန်းလှူလှူ၊ ရေလှူလှူ ခင်ဗျားတို့ဆီ ဦးဇင်း အလှူခံပေးမယ်။ အဲဒီဒါနတွေနဲ့ ဦးဇင်းက ကယ်သွားတယ်။ အဲဒါ ခင်ဗျားစိတ်ကို ခင်ဗျားစစ်။ ခင်ဗျားစိတ်ကလေးကို ခင်ဗျားသီလဖြစ်အောင်လုပ်။ အဲဒီတော့ တိုင်းပြည် ကြီးမှာလည်းနေကြတယ်။ သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားတယ်ဗျနော်။ သူတို့ရဲ့ လုပ်နေတဲ့လုပ်ငန်းတွေကလည်း အင်မတန်တာဝန်ကြီးတယ်။ ကိုယ်က ကိုယ့်အိမ်ကိုယ်လုပ်တာ။ သူ့ခင်ဗျာ အများလုပ်ရတဲ့အလုပ်။ အဲဒီတော့ဘာဖြစ်ဖြစ် ဒီပုဂ္ဂိုလ်တွေနဲ့ ကိုယ်က စေတနာမှန်ဖို့လို တယ်။ အဲ လူကြီးမင်းများ ရပ်ကွက်ကလာခိုင်းတယ်။ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကျွန်တော်လုပ်ပေးပါ့မယ်။ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကျွန်တော်လုပ်ပေးမယ်။ အဲဒီလုပ်ပေးတဲ့သဒ္ဓါသံပတ္တိဆိုတဲ့ လုပ်ငန်းတွေ နတ်တွေ ရှိပါတယ်။ စေတနာမှန်အောင်လုပ်ပေးပါ။ ဗြော် တို့အိမ်မှာချည်းပဲ ခဏခဏလာခေါ်တယ်။ ကိုယ့်

အိမ်မှာပဲလာခေါ်တယ်။ ခင်ဗျား မနောကံပေါက်ပြီနော်။ စေတနာပျက်သွားပြီ။ စေတနာပျက်သွားရင် ခင်ဗျားဘာဖြစ်လဲ။ ခင်ဗျား ဝိသုဒ္ဓိမစင်ကြယ်တော့ဘူး။ သီလဝိသုဒ္ဓိစင်ကြယ်မှ (၃၁)ဘုံလွတ်မယ်။ သီလဝိသုဒ္ဓိမစင်ကြယ်တော့ အာရုံကြောင့် မစင်ကြယ်တဲ့အတွက် (၃၁)ဘုံ ခင်ဗျားအပေါ်မှာမူတည်တယ်။ ဒါပေမယ့် လူကြီးမင်းများကတော့ သူ့ရဲ့အလကားခိုင်းတာမဟုတ်ဘူး။ တိုင်းပြည်ကောင်းကျိုးရှိအောင် အားလုံး နောက်လူနောက်သားကလေးတွေနေနိုင်အောင် အခုကနေ အပင်ကို ရေလောင်းနေတာ။ ဒါကြောင့်မို့ သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားတယ်။ သစ်ပင်ကိုသာမှီခိုပြီး အားပြုကြတဲ့ ခင်ဗျားတို့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ ဟိုက ကျွန်းပင်ကြီး၊ ကိုယ်က ကိုင်းပင်လေး သွားမှီခိုကြတဲ့ ကိုယ်အသိတရားမှန်ဖို့လိုတယ်။ ကိုယ့်စေတနာမှန်ဖို့လိုတယ်။ သူဘာပဲပြောပြော ကိုယ့်စေတနာမပျက်ပါနဲ့တဲ့။ သူတစ်ပါးအပေါ်မှာ မပျက်ပါနဲ့တဲ့။ စေတနာလည်းရတယ်။ အလုပ်လည်း ဖြစ်တယ်။ ခင်ဗျားမှာ သီလလည်းမှန်တယ်နော်။ ဝိသုဒ္ဓိသီလခေါ်တယ်။ နိဗ္ဗာန်ကူးမယ့်သီလတွေ။ အတွင်းသီလတွေ အပြင်ကိုသွားပြီးတော့ ဟာ ဒီလူကြီးဟာ ငါ့ခဏခဏခိုင်းတာပဲ။ ဟော ဆိုတော့ မနောပေါက်တယ်။ စိတ္တဝိသုဒ္ဓိမဖြစ်တော့ဘူးနော်။ သီလဆိုတာ အမျိုးမျိုး။ ဘုရားသီလရှိတယ်၊ ရဟန္တာသီလရှိတယ်၊ သဒ္ဓါဂါမ်သီလရှိတယ်။ သောတပန်သီလရှိတယ်နော်။ အနာဂါမ်သီလရှိတယ်။ ဒီလိုသီလမျိုးတွေကို နှလုံးသွင်းတတ်ဖို့ အပ္ပမာဒေန၊ သမ္ပာဒေထတဲ့။ ဖြော် မမြဲပါလား၊ သူလည်း မမြဲပါလား၊ ငါလည်း မမြဲပါလား။ ဒါကောင်းမှုကုသိုလ်စေတနာတွေပဲတဲ့။ တို့လုပ်ပေးမယ်တဲ့။ စေတနာနဲ့လုပ်ပေးနော်။ မြောင်းတွေသန့်ရှင်းအောင်လုပ်ပေးတယ်။ မြက်တွေရှင်းပေးတယ်။ ဟော လုပ်ပေးတယ်။ ကိုယ့်အိမ်မှာတော့ ရှိတာ၊ မရှိတာ ကိုယ့်ကံပဲဗျို့နော်။ အရှေ့ရဲ့ ရှေးဘုန်းရှေးကံ အားနည်းချက်နည်းသွားရင်တော့ ပစ္စုပ္ပန်ရဲ့ကံလေး၊ စေတနာရဲ့ကံလေးတော့ ထမင်းတစ်လုပ်တော့ လှလှစားရတယ်ဗျို့။ စေတနာလေးနဲ့လှူကြ။ အဲဒီတော့ ဦးပဏ္ဍိတ က ခင်ဗျားတို့ဝတ္ထုတွေကိုစွဲရင် ဦးပဏ္ဍိတ ကံအောက်ရောက်သွားမယ်နော်။ ဦးဇင်း က ဉာဏ်လေးနဲ့ ကံကိုအလှူခံတဲ့အတွက် ဟောဒီ ဉာဏ်မျိုးစေ့တွေ မဂ်မျိုးစေ့တွေ ခင်ဗျားတို့ကိုလာပေးတာ။ ခင်ဗျားတို့ အဲဒါယူတတ်ဖို့လိုတယ်။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါ ဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၂၉)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၂၉)
## ၁၃၆၅ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ (၂၀.၃.၂၀၁၄)ရက်နေ့၊ ည(၇း၀၀)နာရီ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးတော်မူသော ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ ၏ ခန္ဓာသိ၊ ခန္ဓာကျင့် ဝိသုဒ္ဓိဝိပဿနာတရားတော်

ဦးဇင်း က မြန်မာစာမတတ်တဲ့ တောထွက်ကြီးပဲဖြစ်ပါတယ်နော်။ ဒီလိုလူစား ကျောင်းမနေခဲ့လို့ စာမတတ်တာပါ။ အဲဒီတော့ ဦးဇင်း တို့နေရတဲ့နေရာက သရက်ကုန်းကျေးရွာ တောနယ်။ အဲဒီတော့ မူလတန်းကျောင်းတွေရှိတယ်။ ကျောင်းမထားနိုင်ဘူး။ ဘယ်လောက်ဆင်းရဲလဲလို့နော်။ အဲဒီတော့ ဆင်းရဲတယ်၊ ချမ်းသာတယ်။ ဆင်းရဲတာလည်း ကံပဲ၊ ချမ်းသာတာလည်း ကံပဲ။ အဲဒီတော့ စာကရေးထားတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ။ ဘယ်ကံက ဆင်းရဲသလဲလို့။ မနောကံက အာရုံငါးပါးပေါ်မှာ အဲဒီတော့ မနောအနုသယစိတ်ကလေးက ဆင်းရဲတယ်။ စိတ်ကလေးချမ်းသာတယ်။ ဒါတွေက (၃၁)ဘုံလည်တဲ့ကံတရားတွေပဲ။ သဘောလေးနဲ့သာ ကိုယ့်စိတ်ကိုယ်စစ်ပြီးတော့ နာကြပေတော့။ အဲဒီတော့ သူတို့ဆင်းရဲနွမ်းပါးပြီးတော့ အမိအဖက သားသမီး(၆)ယောက်ကို လုပ်ကျွေးသမှုပြုတယ်။ သားသမီးလေးတွေကလည်း ငယ်စဉ်တောင်ကျေးအရွယ်လေးတွေပေါ့ဗျာ။ ဦးဇင်း က ဒုတိယသားပေါ့။ ဒါ လူ့ပြည်ကိုရောက်လာပြီနော်။ မနုဿဘာဝေါ ဒုလ္လဘော လူ့ဘဝကို ခဲယဉ်းစွာရအပ်ပေ၏ဆိုတဲ့ ပစ္စုပ္ပန်ဘုံ လူ့ဘုံပေါ့။ အဲဒီတော့ မြမောင် ရောက်လာပြီ။ ရောက်လာတော့လည်း မိရိုးဖလာအယူပေါ့ဗျာ။ မအေက ဒီလိုကောင်းကောင်းစားရတယ်ဆိုရင် သုံးသုံး။ ဖအေကလည်း ကောင်းကောင်းလေးစားရရင် သုံးပေါ့။ ကံတရားတွေပေါ့။ မသိလို့လုပ်ကြတာ။ အဲဒီတော့ အခုဟောတဲ့ အသိတရားက သစ္စာတရား။ အဲဒီတော့ အားလုံးရှိကြတဲ့ ဆရာတော်၊ သံဃာတော် ထေရ်ကြီးဝါကြီး အားလုံး ကိုရင်တွေကအစ ဆရာတော်ကြီးတွေအထိ တပည့်တော်က စာပေမတတ်တော့ အရှင်ဘုရားတို့လည်းသိပါတယ်။ အဲဒီတော့ ဒကာ၊ ဒကာမတွေ၊ ယောဂီများ၊ သီလရှင်များ ဦးဇင်း က စာမတတ်ပါဘူးလို့ ဝန်ခံထားတယ်။ အဲဒီတော့ ပညတ်နယ်ထဲမှာ စကားပြောတဲ့အခါမှာ မှားယွင်းရင် ဦးဇင်းက တောင်းပန်ပါတယ်။ စာမှ မတတ်တာ။ အဲဒီတော့ ခန္ဓာသိနဲ့ စာသိ ဒီနေရာမှာ သဘောလေး စာသိက ဘယ်လို၊ ခန္ဓာသိက ဘယ်လိုနော်။ အဲဒီတော့ ဦးဇင်းတို့ရဲ့သစ္စာလေးပါးဟာ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာဆိုတာက စာနဲ့တော့ရေးထားတယ်။ ဒါကြောင့်မို့ စာကမှန်၏ ဉာဏ်မမီ ထိအောင်သူမသိဘူးတဲ့။ ကံကမသိဘူး၊ ဉာဏ်နဲ့ကြည့်မှ သဘောပေါက်လိမ့်မယ်။

ဉာဏ်နဲ့ ဆိုတာ ဂမ္ဘီရဉာဏ်၊ ဝေနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ၊ အသဝက္ခယ ဉာဏ် အာရုံပြတ်သွားတဲ့ဉာဏ်ခေါ်တယ်။ (၃၁)ဘုံလွတ်တဲ့ဉာဏ်ခေါ်တယ်။ အဲဒါ မဂ်ဉာဏ်ခေါ်တယ်။ အနုသယစိတ်၊ လောကီစိတ်တွေ စိတ်နဲ့ စေတသိတ်က ကျော်သွားပြီ။ ဘယ်သူသိလဲ။ အဲဒီတော့ အဲဒါတွေက ကျင့်မယ့်လမ်းကို သဘောလေးနဲ့ ဦးဇင်း ပြောတာပါ။ ကာယသတိပဋ္ဌာန်တဲ့၊ ကိုယ်ကာယ မှာရှိတဲ့ သတိပဋ္ဌာန်တဲ့၊ သတိထားပါတဲ့၊ ကာယကံ၊ ဝစီကံ၊ မနောကံနော်။ ဒါလေးတွေကို ကိုယ်က ကျင့်ရမယ်။ ကာယသတိပဋ္ဌာန်ဆိုတော့ ဆိုတတ်တယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်လို့ (၄)ချက်ရေးထားတယ်။ ဒီက ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား။ ဟောဒါ နိယောဓေသစ္စာ၊ မဂ္ဂသစ္စာ။ သစ္စာတွေထည့်ထားတယ်။ အဲဒီတော့ သစ္စာတွေမှန်မှလည်း မေတ္တာတွေအောင်မြင်မယ်နော်။ ခုနကရေးထားတယ်။ သမုတိသစ္စာ တဲ့၊ အရိယထသစ္စာ။ ရဟန်း၊ ဘုရား ပစ္စုပ္ပန်တည့်တည့်လေးသုံးသွားတာ။ တည့်တည့်လေးပဲသုံး သွားတာ။ မလိမ်ဘူး၊ မညာဘူးနော်။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့ အကြောင်း၊ စားလိုက်တဲ့အကြောင်း။ အဲဒီအကြောင်းတွေသတ်တတ်ဖို့လိုတယ်။ အဲဒီအကြောင်းကို ဉာဏ်နဲ့သတ်ရမယ်။ အဲဒီအကြောင်းကို ကံနဲ့သတ်ရင်တော့ (၃၁)ဘုံမလွတ်ဘူး။ စိတ်သာချပေတော့၊ ခင်ဗျားရေးထားတာပဲ။ စာက သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ ဒါကံတရားကိုဟောတာ။ မနောကံ ဥပါဒါန်ဟောတာ။ ဥပါဒါန် လို့ စာကရေးထားတယ်နော်။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိတဲ့။ ဒါ ဘုရားဟောတာ။ ဗျာပါဒဆိုတာကလည်း စိုးရိမ်ကြောင့်ကြတဲ့ သောကပရိဒေဝ။ သားအတွက်နဲ့ ပူရတာတစ်မျိုး၊ မိန်းမအတွက်နဲ့ ပူရတာတစ် မျိုး၊ အရာဝတ္ထုတစ်ခုခုမပြည့်စုံလို့ ပူရတာကတစ်မျိုး။ ကိုယ်လုပ်လိုက်လို့ အကြံအစည်မအောင်မြင် လို့ ပူရတာတစ်မျိုး။ ဒါအစွဲတွေပဲ။ အဲဒါ ဥပါဒါန်ခေါ်တယ်။ မနောကိုဟောနေတာ။ စာတတ်တဲ့ရဟန်း မဟုတ်ဘူး။ ကံဟောနေတာ။ ဥပါဒါန်တရားကိုဟောနေတာ။ ဟိုမှာ ရေးထားတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတဲ့၊ ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဒိဋ္ဌိရယ်။ ဟော အဲဒါမနော စာရေးထားတာလည်း ကာယကံ သူများအသက် မသတ်နဲ့၊ သူများပစ္စည်း မခိုးနဲ့၊ သူများသားမယား မဖျက်ဆီးနဲ့၊ အဲဒါ ကာယကံ။ အဲဒါရှောင်ထားလို့ရတယ်။ ဝစီကံ မုသာဝါဒကံတွေ ကံတွေကိုသိအောင်ရေးထားတယ်။ အဲဒါ စာကရေးထားတယ်။ ဉာဏ်နဲ့သိမှ ကံကိုသဘောပေါက်မယ်။ ငါလို့ပြောထားတာ၊ ကံပါလာ။ အစွဲ ပါလာသိရမယ်။ သိတော့ပယ်တယ်၊ ပယ်တော့ မဂ်ဖိုလ်ရတယ်။ ပဋ္ဌိတ က ဟောတယ်နော်။ သဘော လေးပဲပြောမယ်။ ပစ္စုပ္ပန်ပြတ်တယ်။ သစ္စာနဲ့ဟောသွားတာ။ လိမ်တာမဟုတ်ဘူး၊ ညာတာမဟုတ်ဘူး

နော်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဒါ ဝိပဿနာရဲ့သွားမယ့်လမ်း။ အဲဒီကံကို ဘာနဲ့ဖြတ်မလဲ။ ဟော ကိလေသာတဏှာနဲ့ သိသလားတဲ့။ မေးပြီ။ စာသမားကို ကိလေသာနဲ့ တဏှာရှိသလားတဲ့။ ရှိပါတယ် တဲ့။ ရှိရင် တစ်ယောက်နဲ့တစ်ယောက် အသိချင်းတူနိုင်ပါ့မလားတဲ့။ မေးပြီ။ စာတတ်ကို စာတတ် ဘာမှမပြောတော့ဘူး။ တစ်ခါ မြစိမ်း မေးပြန်ပြီ။ မြစိမ်း က ငါ့ကိုပြောတယ်။ ငါ အဲဒီတော့သိတယ်။ ချောက်ထဲလျှောကျ။ မြစိမ်းက ငါ့ကိုစာတတ်လမ်းပြ တစ်နာရီလေးကိုဟောရင် နောက်ဆုံးကျတော့ အရှင်ဘုရားတဲ့ ဒီလောက်တောင်မှ တပည့်တော် သာသနာပြုတာတဲ့။ တင်ပလ္လင်ခွေလေးနဲ့တဲ့။ အခု အရှင်ဘုရားတွေ့တဲ့အသိဉာဏ်ထဲမှာ ဘာကြောင့် သာသနာမပွင့်လဲတဲ့။ မေးပြီ။ စာတတ်တဲ့အကောင် က စာမတတ်တဲ့အကောင်ကိုဖြေပြီ။ ဒီက အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ တပည့်တော် အာရုံ(၆)ပါးလွတ်ပါပြီဘုရားတဲ့။ ဟော ဝန်ခံပြီ။ စာတွေပြောသွားပြီ။ ပဏ္ဍိတနော်။ ငါကျင့်ဖွယ်ကိစ္စအကုန်ပြီးသွားပြီတဲ့။ အဲဒီတော့ သွေးသားပြောင်း သွားပြီကွတဲ့။ သွေးသားပြောင်းလို့ ငါစိတ်ပြောင်းသွားပြီကွတဲ့။ ကဲလာကြတဲ့။ မင်းတို့မှန်တယ်ကွတဲ့။ မင်းတို့ကစာကွတဲ့။ မင်းတို့ယူတဲ့သစ္စာက စာတွေကွတဲ့။ ငါယူတဲ့အယူက အသိကွတဲ့။ မင်းရှောင်ထား တာက ဝိနည်း (၂၂၇)သွယ်။ မင်းရှောင်ထားတာပေါ့။ အဲဒါအကာ။ မနောကျတော့ မင်းရှောင်လို့ရ မလား။ တဏှာ၊ မာန၊ ဒိဋ္ဌိ မင်းရှောင်လို့ရမလား။ စာဘယ်လိုရေးထားလဲပြော။ သစ္စာလေးနဲ့ပြော။ အဲဒါ အရိယထသစ္စာ တည့်တည့်လေးငါပြောသွားတာ။ မင်းတို့ကမှန်ပေမယ့် တစ်ယောက်နဲ့တစ် ယောက် အသိချင်းမတူဘူး။ မင်းတတ်တယ်ကွာ။ ဝါတော် (၄၀/၅၀)လောက်ရှိတယ်။ အသက်(၁၀၀) နေပေမယ့် အချိန်မစီးဘူးကွတဲ့။ ဟော စာမတတ်တဲ့အကောင်က ပြောပြီနော်။ ဆူးပေါ်ဖက်ကျရင် ဖက်ပေါက်တယ်မလားတဲ့။ ဖက်ပေါ်ဆူးကျရင် ဖက်ပေါက်တယ်မလားတဲ့။ မင်းတို့သံဃာတွေ ငါ့ကို မေးပြီးပြီမို့လား။ မင်းတို့အလယ်တောရကလည်း ငါတို့လုပ်ပြီမဟုတ်လား။ သံဃာဘယ်နှစ်ပါး၊ သီလရှင်ဘယ်နှစ်ပါး၊ ယောဂီဘယ်နှစ်ပါး၊ ဂေါပကဘယ်နှစ်ယောက်။ ဒါကို ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်နှစ်နာရီ၊ ဘယ်အချိန် ကိုလာခဲ့ပါ ဟောကြည့်စမ်း။ ဒါ အရေးကြီး သွေးနီးရှိပါစေ။ ဟော အလယ်တောရက ငါ့ကိုခေါ်တယ်။ ငါ့ကို တစ်ယောက်တည်းခေါ်ပါလား။ ဘာလို့ လူအုပ်ကြီးခေါ်ရလဲ။ ဒီလူအုပ်ကြီးက ငါ့ရဲ့ ဩဝါဒခံမှာ။ မင်းရဲ့ ဩဝါဒကိုခံမလား။ မင်းတို့ နိုင်ငံတော်အစိုးရ မေးပါ။ ဘုန်းကြီးလည်း မင်းတို့တိုင်နေကြတယ်။ တားချင်သလိုတားကြတယ်။ တရားမဟောရ၊ ရောဝတီတိုင်း မဟောရ။ မင်းတို့ လိုက်လိုက်တိုင်နေတယ်။ မင်းတို့ ငါပြောမယ်။ တစ်ခွန်းတည်းရယ်။ ငါလိုကျင့်

ပါလား။ မင်းတို့ မကျင့်ပဲနဲ့ ငါ့ကိုပြောနေတယ်။ မင်းစစ်လို့ ငါမဖြေနိုင်ရင် သင်္ကန်းချွတ်ပြီးတော့ ဟောဒီကျောင်းက ထွက်သွားမယ်။ မင်းတို့ကို ငါမေးလို့ မင်းတို့မဖြေနိုင်ရင် မင်းကို ငါမချွတ်ဘူး။ မင်းတို့အသိတွေနဲ့လျှောက်လုပ်နေတာ အဖွဲ့က ဘာမှ မသိရာဘူး။ မဇ္ဈိမယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်မြင်လား။ ငါ့မှာဖြစ်နေတာ မြမောင် ပလိပ်လူထွက်မှန်တယ်။ စာမတတ်ဘူး မှန်တယ်။ အခု ငါဘာလုပ်သလဲ။ ငါအသိကို သိလား။ ငါဘာတွေကျင့်သလဲ။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ လေးချက်ကိုငါကျင့်ထားတာ။ တောထဲမှာနေပြီး ငါကျင့်တာ။ စိတ်ကိုကျင့်တာ။ စိတ်က ခါတ်ဖြစ်သွားတာ။ ဒါကြောင့် စိတ်ခါတ်။ ခါတ်ကို ဘာခေါ်လဲ။ ပညတ်လို့ခေါ်တယ်။ မင်းတို့စိတ်ကို ပညတ်လို့ခေါ်တယ်။ မှတ်ထားဦး။ မင်းမေးချင်တာမေး။ ငါ့ကိုအထင်မသေးနဲ့။ စာတတ်တယ်/စာမတတ်ဘူး အထင်သေးစရာမလိုဘူး။ သူများမြောက်တိုင်းလည်း ငါမမြောက်ဘူး။ သူများခြောက်တိုင်းလည်း ငါမကြောက်ဘူး။ မင်းတို့တွေ ဟိုမှာ စာကရေးထားတယ် မိစ္ဆာဒိဋ္ဌိ။ ဒိဋ္ဌိနဲ့ တဏှာ ဘယ်သူ့သတ်မလဲ။ ဒိဋ္ဌိသတ်မလား။ မင်းတို့ ဒိဋ္ဌိသတ်ပြီး နှလုံးသွင်းပြီးတရားတိုင်သလား။ တဏှာကျတော့ မင်း သတ်လို့ရသလား။ မင်း ကွင်းထဲမှာ ဘာလို့နပန်းလုံးလဲ။ အဲဒါတဏှာပေါ့ကွ။ သေကုန်ပြီတဲ့။ မင်းတို့လုပ်ချင်တာလျှောက်လုပ်ပြီးတော့ သာသနာ့အဝတ်ကို ဝတ်ထားတယ်၊ မင်းလုပ်တာ လူမသိဘူး အောက်မေ့မလား။ မင်းတို့လုပ်တာ ဘာပြောဦးမလဲ။ မင်းတို့ အခု တစ်ခုချင်း ငါ့ကိုမေး၊ တစ်ပါးစီ မေး။ မမေးပဲနဲ့ မင်းသဘောနဲ့ မင်းလိုက်သွားတယ်။ အဲဒါ ဟိုအစိုးရကမသိဘူး။ တစ်ယောက်နဲ့တစ်ယောက် မနာလိုလို့တိုင်တာ။ မင်းက ငါ့ကိုတိုင်တာ၊ မနာလိုလို့ တိုင်တာ။ ဟာ အဲဒီတော့ ကံတရားရှိတယ်ဗျို့။ အစွဲဥပါဒါန် ကံ တစ်ဘဝပြီး တစ်ဘဝ စွဲလာတဲ့ကံ။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိပြောလိုက်ပြီ။ ခင်ဗျားတို့ ဒုလ္လဘ(၅)ပါးထဲမှာ ဖြစ်တာ။ တရားက ဆိုပြမယ်။ ဒီက ဗုဒ္ဓေါ ဘာဝေါ ဘုရားဖြစ်ခြင်းကို ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ မှတ်ထားဦး။ ခင်ဗျားတို့ စာတတ်တွေ မနုတဿဘာဝေါ ဒုလ္လဘော။ လူ့ဘဝမှ ခဲယဉ်းစွာရအပ်ပေ၏တဲ့။ သဒ္ဓါ သံပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဒါ ဒကာ၊ ဒကာမတွေ နားကြားဖို့လိုတယ်။ သိဖို့လိုတယ်။ သဘောပေါက်ဖို့လိုတယ်။ ရတနာသုံးတန်လို့ရေးထားတယ်။ ဟော အပြင်က အကာက ဘာကောက်သွားလဲ။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတဲ့ အနှစ်က ဘာကောက်လဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ။ ဟော ကံကို ကောက်သွားတယ်။ ဒီကံတွေကို ငါဖြတ်မှ ဝိပဿနာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒီကံတွေ ဖြတ်မှ သတ်မှ အခြေခံဝိပဿနာကို

ငါသိတော့မှ ငါ့မှာ နှလုံးမှာကိန်းဝပ်ပြီ သဘောပေါက်လား။ အကုန်မှန်နေတယ်။ စာတော့စာပဲနော်။ ရတနာသုံးတန် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ နောက်ဆုံးတော့ အဲဒါပါပဲဗျာ။ တွေ့လား။ အကာကို ယူသွားတာ။ အနှစ်ကိုယူရမယ်။ ကာယကံ ကိုယ်မှရှိတာ။ ကာယကံ၊ ဝစီကံ၊ မနောကံ။ သဗ္ဗဒေါသ အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ဒါ ကျင့်အပ်မယ့်တရား၊ သိအပ်မယ့်တရား၊ ပယ်အပ်မယ့်တရား။ အဲဒီတော့ ခင်ဗျားတို့အကြောင်းက မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း။ အဲဒါ ဝိပဿနာလုပ်နေပြီ။ လုပ်နေတဲ့အကြောင်းပြောတာ။ လုပ်နေပြီ။ တရားတော့ မဟောသေးဘူး။ ပြော်ာ အဲဒီတော့ ဇကောဓမ္မောပဲသိတာ။ စေတသိက်ပဲသိတာ။ အဲ တွေးစိတ်လည်း သိရမယ်။ အဲဒါတွေဟော တရားလည်းထိုင်တယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ အနုသယလာလာပြီးတော့ လောကီအကြောင်းတွေ တွေးနေတယ်။ ကိုယ်စွဲလို့ တွေးတာ။ ကိုယ့်အပြစ်ကို ကိုယ်ရှာ၊ ကိုယ်စွဲလို့ တွေးတာ။ ဒါဘာလဲ။ စေတသိက်ခေါ်တယ်။ ကံတွေ တွေးလည်း အာရုံ(၅)ပါးဖြစ်ပေါ်လာတဲ့အကြောင်းကို သူ့နှလုံးသားမှာတွေးတယ်။ အဲဒါ သံသရာ လည်မယ်။ သီလတော့ သီလပဲ။ မစင်ကြယ်သေးဘူး။ အဲဒီကံကြောင်းလာတော့ အကျိုးရလိမ့်မယ်။ အဲဒါ ကိလေသာနဲ့တဏှာ။ အဲဒီအကြောင်းမှာ ကိလေသာနဲ့တဏှာ။ ကိလေသာက ရုပ်တရား၊ အကြောင်းက နာမ်တရား။ ကြည့်စမ်း အကျိုးလာမှ အကြောင်းပြတ်မယ်။ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရား။ ဟော ဘုရားက စိတ်မဆင်းရဲပါစေနဲ့တဲ့။ ရုပ်ဆင်းရဲပါစေတဲ့။ အခု ခင်ဗျားတို့ စိတ် ဆင်းရဲနေပြီ။ သင်္ခါရမေတ္တာ။ သင်္ခါရကြီး ထည့်ထားတယ်။ ဘယ်လောက် ကြောက်ဖို့ကောင်းလဲ။ သင်္ခါရ။ လောကီရဲ့ သင်္ခါရတွေဖြစ်နေတယ်။ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ ဟိုစကားပြောလိုက်၊ လွှက်ရည်သောက်လိုက်။ မုန့်ဟင်းခါးစားလိုက်။ အကုန်လုံး စိတ်ကလေးတစ်ခုပြီးတစ်ခု ခုန်ခုန်ပြီး သွားတာ။ လောကီနယ်ထဲမှာ ပညတ်နယ်ထဲမှာ။ ပညတ်ကိုယူလည်း ယူတယ်၊ စွဲလည်း စွဲတယ်။ အဲဒါ သင်္ခါရပေါ့ဗျ။ ကဲ ပရမတ်ကပြောသွားပြီ။ ခေါ်ပရမတ်။ ပရမတ်ဆိုတာ တရားအစစ်အမှန် ခေါ်တာ။ အနတ္တတရားကြီးခေါ်တယ်။ အဲဒါကြောင့်မို့ ရဟန်းအမျိုးအစားရှိတယ်။ ကံရဟန်းရှိတယ်။ တဏှာမသတ်တဲ့ ရဟန်းရှိတယ်။ တဏှာသတ်တဲ့ ရဟန်းရှိတယ်။ ဘာတွေလုပ်တယ်၊ ဘာတွေဆိုတာ ငါအကုန်ပြောမှာ။ မင်းဘာလုပ်တယ်ဆိုတာ ငါအကုန်ပြောမယ်။ အဲဒါ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ မှန်သလားတဲ့။ သမုတိသစ္စာတောင်မှ မင်းမနည်းကြိုးစားဦးကွတဲ့။ ဟော့ ရဟန်းကြီးတဲ့။ မင်းကို မေးရအောင်ကွာတဲ့။ ဟာ မင်းတို့ ငါစာမတတ်ဘူးလို့ပြောထားတယ်။ ငါ့ အထင်မသေးနဲ့ အင်္ဂလိမာလလိုပဲ မသိတော့ သူသတ်တာပေါ့ကွ၊ ဘုရားနဲ့တွေ့တော့ ဘုရားချွတ်လို့

ငါကျွတ်သွားတာပဲကွ။ အဲဒါစာပဲ။ စာကမှန်၏ ဉာဏ်မမိ ထိအောင်သူမသိဘူး။ ငါဉာဏ်နဲ့သိတာ။ စာနဲ့သိရင် မင်းစာကို စွဲသွားလိမ့်မယ်။ မင်းက စာကိုကွ။ မင်းက ကံကိုကွ။ မင်းက အစွဲဥပါဒါန်ကံကွ။ မင်းက စာတတ်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေတာ။ မင်းက ငါ့ကိုစော်လိမ့်မယ်။ စာအားကိုးပြီး လုပ်တာ။ ငါ့မှာ ရုပ်ကြီးပဲ။ အဲဒါ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ။ ကာယနုပဿနာ ဆိုတာ ဘာလဲဗျတဲ့။ အေး မင်းကိုယ်မှာကွာ တဲ့။ ကုတ်တယ်ကွာ တဲ့။ ယားလိုက်တာ ကုတ်လို့ ကောင်းလိုက်တာ။ အဲဒါ မင်း(၃၁)ဘုံလည်ပြီ။ အတ္တနဲ့ ကုတ်ထားတာ။ အနတ္တရရင်လေ ထုံးလိုမွှေ ရေလိုနှောက်လိုက်။ မင်းတို့ချွတ်ဆိုရင် ချွတ်ပေးလိုက်မယ်။ မင်းတို့ မသိဘူး။ ဟာ ကုတ်လိုက်တာ အဲဒီလိုအတ္တနဲ့ကုတ်ရင်တော့ လည်မယ်။ မင်းတို့ အသေချာပြောသွားပြီ။ အနတ္တနဲ့ကုတ်မှ ဉာဏ်နဲ့ကုတ်မှ ကံနဲ့ ကုတ်ရင် မင်းသေချာပေါက် အဲဒါ ကာယနုပဿနာပါပဲ။ ဉာဏ်နဲ့ ကုတ်။ အခုက ပြောလိုက်။ တန်းပြောလိုက်တာ။ အဲဒါ ဉာဏ်သမား။ ဖက်ပေါ်ဆူးကျ ဖက်ပေါက်သွားလိမ့်မယ်။ ဆူးပေါ်ဖက်ကျ ဖက်ပေါက်သွားလိမ့်မယ်။ ဖက်က မင်းတို့ ပရမတ်က ထိုးလိမ့်မယ်။ မင်းတို့ကို ထိုးလိမ့်မယ်။ ထိုးလည်းထိုးနေပါပြီ။ မင်းတို့နောက်သိလာလိမ့်မယ်နော်။ အခု ပြောသွားပြီတွေ့လား။ ပညတ်နဲ့ ပရမတ်ကိုပြောသွားပြီ။ လာခဲ့ မင်းတို့၊ မင်းတို့မလာရင် ချိန်းမယ်ကွာ။ ဘယ်နေရာချိန်းမလဲ။ ငါထောင်လည်းမကြောက်ဘူးတဲ့။ ငါဝန်ခံပြီကွာတဲ့။ တဏှာ၊ မာန၊ သတ်တဲ့ တရားကွ ဟော့ကောင်ရ။ တဏှာဆိုတာ ကိလေသာမှာရှိတယ်ကွတဲ့။ အမှတ်ဆိုတာကွတဲ့ တဏှာရှိလို့ မာန်ပါနေတာကွ။ ဟော့ကောင်ရဲ့ အဲဒီမာန်ကို ငါသိသွားပြီတဲ့။ ဉာဏ်နဲ့ သိသွားပြီကွ။ အဲဒီတော့မှ တဏှာကို ဉာဏ်နဲ့ သိသွားပြီကွတဲ့။ အဲဒီတော့ မာန်ပြုတ်ပြီကွတဲ့။ အခု မင်းတို့ ငါတို့ပြောတာ မာန်ဖြစ်နေကြတယ်။ ဒါလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

ရေမြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ် (၁၃၀)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

ဖုန်း - ၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၂၅၁၆၂၀၁၂၈

၀၉-၄၄၇၅၇၂၃၅၅

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၁၃၀)

စာပေကျမ်းဂန်ဘာမှမတတ်ဘူးနော် စာမတတ်တော့အားလုံးဆရာတော်တွေ၊ သံဃာတော်အရှင်မြတ်များ၊ ယောဂီပုဂ္ဂိုလ်များ၊ ဒကာ၊ ဒကာမများအားလုံးကို ဦးဇင်းကစာမတတ်၊ ပေမတတ်တော့ ခန္ဓာသိ စိတ်ပိုင်းသဘော လောက်ပြောပြတာပါ အမှားယွင်းပါရင် အားလုံးကခွင့်လွှတ်ပါသူက စာမမတတ်တာ ဦးဇင်းရဲ့ ထေရုပ္ပတ္တိကိုပြောပြီး မှ တရားရဲ့ ကျင့်စဉ်အကြောင်းကိုပြောပြပ့ါမယ် အစတုန်းကတော့မှားပါတယ် အယူမှား၊ အမှတ်မှား၊ အစွဲမှား၊ ဒုစရိုက် (၁၀)ပါးအာရုံနဲ့ ပေါင်းတော့ မိစ္ဆာကံတွေဖြစ်ပါတယ်၊ ကံ(၅)ပါးကို မရှောင်ဘူး၊ မရှောင်ရင် ရှုပ်နာမ်(၂)ပါးကို မသိဘူးနော် ဒါကြောင့် ဦးဇင်းက ထေရုပ္ပတ္တိအကြောင်းကို ပြောပြပါမယ်၊ ဦးဇင်းရဲ့ ဇာတိကတော့ သရက်ကုန်းနားကပါ အဖေ နာမည်ကတော့ ဦးချိုးထိုး အမိနာမည်ကတော့ ဒေါ်အုန်းမေတဲ့၊ ဒေါ်အုန်းမေနဲ့ ဦးချိုးထိုးတို့မှ ကလေး(၆)ယောက် ရှိတယ် ဦးဇင်းက ဒုတိယလူ၊ ပထမဆုံးကလေးက မသောင်းကြည်လို့ခေါ်ပါတယ်၊ အဲဒီတော့သူတို့တွေဟာ အင်မတန် မှ ဆင်းရဲနွမ်းပါးကြပါတယ် တောမှာနေပြီးတော့ အဲ့ဒီတော့ ခေတ်မပျက်သေးဘူးဗျာ ဒီလိုပဲ ကူလီလုပ်စားရပါတယ် အဖေကလည်း အာရုံ(၆)ပါးနဲ့ပေါင်းတယ်၊ မအေကလည်းအာရုံ(၆)ပါးနဲ့ပေါင်းတယ် အဲဒီတော့သားလေးတွေက သိတတ်တဲ့အချိန်ကျတော့ အာရုံ(၆)ပါးနဲ့ ပေါင်းလိုက်တဲ့ မြင်လိုက်တဲ့အခါမှာ ရှိးရှိးတန်တန်သူများလယ်ကွင်းထဲမှာ ကောက်သင်းသွားကောက်တယ်၊ ကောင်သီးသင်းဆိုတာက ကောက်ရိတ်ပြီးမှကျန်တဲ့ ကောက်နှံလေးတွေကို လိုက်ကောက် တယ် ဒီကောက်နှံလေးတွေကို လိုက်ကောက်တဲ့အခါကျတော့ အဲဒီလူငယ်မြမောင်ဆိုတဲ့လူတစ်ယောက်က အသက်(၁၃)အရွယ်က အဲဒီလိုကောက်သင်းကောက်တဲ့အချိန်မှာ သူမှာသိမ်မရဘူး၊ အဲဒီကောက်သင်းကောက်တဲ့ လယ်ကွင်းထဲမှာ ကောက်လှိုင်းတွေက မရှိဘူးအဲဒီတော့ အိမ်ကအကြံအဖန်လုပ်ပြီးတော့ ကပ်ကြေး၊ ယူလာပါတယ် ကတ်ကြေးယူလာပြီးတော့ စပါးနှံအဖျားတွေကို ဖြတ်တယ်ပြီးတော့ တောင်းမှာအဝတ်ကလေးနဲ့ အုပ်ပြီးတော့ အိမ်ပြန်လာတော့ဒါ အဲဒါသူများပစ္စည်းတွေကို ခိုးတာ အဒိန္နာဒါနာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ တဲ့ဘုရား။

ပညတ်တာကိုသူကမသိတော့ မှားတာပေ့ါဗျာ၊ ခိုးတာပေ့ါနော်၊ အဲဒါဦးဇင်းရဲ့ ထေရုပ္ပတ္တိအကြောင်းကို ဟောတာ ကံတရား၊ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံ(၃)ကံဟာ သံသရာကိုလည်တယ် မနောကံကလည်တာပါ ကာယကံနဲ့ ဝစီကံနဲ့က ကျူးလွန်တာပါ မနောကံက မကျူးလွန်ဘဲနဲ့ အာရုံကိုသွားစွဲလို့ ကံဖြစ်တာဗျို့ ဒီအာရုံမှာ မှတ်တယ်ဗျို့ ဒီလိုလုပ်ရင် ဒီလိုရမယ် ဒီလိုပြုရင်ဒီလိုဖြစ်မယ်ဆိုတဲ့ အသိကသူမှာရှိတယ် ကလေးပေမဲ့သိတယ် အိမ်ရောက်လာတဲ့အခါကျတော့ သူဘာလုပ်လည်းအိမ်ခြေရင်းမှာ ဆာလာအိတ်ကလေးခင်းပြီးတော့ စပါးနှံတွေကို ထည့်မွှေတော့ စပါးစေ့လေးတွေ ကြွေလာတဲ့အခါကျတော့ သူနို့ဆီဘူးကလေးနဲ့ ချိန်တယ် အိမ်မှာကတော့ ဆင်းရဲ တော့ ပြည်တောင်တွေဘာတွေမရှိဘူး အဲဒီနို့ဆီခွက်နဲ့ တစ်ခွက်ပြီးတစ်ခွက်ချိန်တယ် (၁)ပြည်၊ (၂)ပြည်ရတော့ တရုတ်ဆိုင်ကိုသွားတယ် ကျင်မကွီဆိုတဲ့ တရုတ်ဆိုင်မှာသွားရောင်းပါတယ်။ ရောင်းရတဲ့အခါမှာ ဘာဖြစ်လာလည်းဆို တော့ ပိုက်ဆံလေးရလာတယ်။ ကလေးဆိုတော့ပျော်တာပေ့ါဗျာ သောမနဿဖြစ်တာပေ့ါ ဝမ်းကိုသာနေတယ် စိတ်ကလေးချမ်းသာတယ်နော် ကံလေးဖြစ်နေတယ် သူမသိဘူး၊ အဝိဇ္ဇာကဖုံးလွှမ်းနေတယ် ဝိဇ္ဇာဆိုတာအာရုံ(၆)ပါး အဝိဇ္ဇာနဲ့ မောဟန့်တွဲတော့ ပိုရှုပ်ကုန်တာပေ့ါဗျာ။

အဲဒီမောဟက ဘာလည်းကိုလေသာရဲ့ သွေးသားတွေမဝင်ဘူး၊ ကျင့်လည်းမကျင့်ဘူးနော်၊ မောဟကြောင့် လောဘ၊ ဒေါသဖြစ်တာအဲဒီအာရုံကပြပေးတာနော် အဲဒါတွေသူရောင်းပြီးတော့ တရုတ်ကြီးက ပိုက်ဆံတွေပေးတော့ မြေပဲတွေ၊ ကြံသကာလေးတွေရလာတယ်၊ အဲဒီပိုတဲ့ပိုက်ဆံတွေကို ဒိုးတယ်၊ ကျောက်အံ ဒိုးတိုက်တယ် ခလေးဆိုတော့လုပ်တာပေါ့ဗျာ၊ အဲဒါတွေနဲ့စားတယ် ဒီပိုက်ဆံတွေကို သူသုံးတယ် ဝမ်းကိုသာနေတာဘဲ ရှုံးရင်တော့ သူစိတ်ဆင်းရဲမှာဘဲ ဒိုးထိုးလို့နိုင်ရင် သူစိတ်ကလေးဝမ်းကိုသာနေတာဘဲ စိတ်စိတ်ကလေး ဒီစိတ်က လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအင်မတန်မှ နုတယ် အာရုံကိုလိုက်တာ အာရုံကိုမသိမ်းနိုင်တော့ဘူးနော် စက္ခုအာရုံ နားသောတအာရုံ နံ့သာအာရုံ ဇိဝှါအာရုံ ဒါအနုသယစိတ္တနုပဿနာကိုပြောပြတာပါဗျာ၊ စိတ္တနုပဿနာ ကနေပြီးတော့ ကာယနုပဿနာကိုကူးသွားပါတယ်၊ ကာယဆိုတာက ဒိုးထိုးတာတို့ ဝစီကပြောတို့ အကုန်လုံး သွက်ချာပါဒ ကိုလည်းတာဘဲဗျို့ အဲဒါကံဘဲ အဲဒါဘာကံလည်း မိမိကံတွေ သမ္မာကံမဟုတ်ဘူး အဲငါသိတယ်၊ ငါတတ်တယ်၊ ငါသွားမယ်၊ ငါနားလည်တယ်၊ ဒါကုန်ရင်သွားဖြတ်မယ် ဒါတွေပေါ့ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ အစွဲမှားတော့ ကံဖြစ်တယ်နော် သံသရာလည်တဲ့တရားတွေ အင်မတန်ကြောက်မက်ဖွယ်ကောင်းပါ တယ်နော် ဦးဇင်းဒါတွေလုပ်ခဲ့ပါတယ် အဲဒီလိုလုပ်တဲ့အခါ (၁၆)နှစ်၊ (၁၇)နှစ်အရွယ်မှာ စပါးသယ်ပါတယ် မအေကို လုပ်ကျွေးတယ် မိခင်၊ ဖခင်ကို လုပ်ကျွေးတယ်နော် ဒါတွေအင်မတန်မှ ထူးပါတယ်၊ ငယ်ငယ်ကတည်းက ငှါ့အဖေ အမေကို လုပ်ကျွေးရမယ်ဆိုတဲ့ အသိတော့မရှိဘူးပေါ့ဗျာ၊ လောဘတွေနဲ့ ငါစဉ်းစားရမှာဘဲ သောက်ရမှာဘဲ နွေလ သီတင်းပေါက်ရင်စပါးသယ်မယ်၊ အဲအိမ်မှာ ဝက်သား၊ ကြက်သားဝယ်စားမယ် ဒီလိုအသိတွေနဲ့ မအေခိုင်းလည်း လုပ်တယ်၊ ဖအေခိုင်းလည်းလုပ်တယ်နော် ကိုယ်လည်းနေချင်တာနေတယ် ကလေးကိုဗျာ ဒီလိုလုပ်နေတာတွေဟာ ကံတရားတွေ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဉပါဒန်၊ ဉပါဒန်ကြောင့်ဘဝတဲ့ စာရေးထားတယ်နော် အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါး အဲဒီတော့၊ သင်္ခါရဆိုတာအာရုံပေါ်တွေမှာ အကုန်လုံးလောကီကို အားကိုးပြီးတော့ ယူထားတာဘဲဗျာ၊ လောကီအာရုံကိုမပယ်ဘူးနော် ဒါလေးတွေက အနုလုံပဋိလုံ သဘောလေးတွေ ဒါလေးတွေဟာရှိပါတယ်ကံတရားတွေ ကံဆိုတာမိမိပြုလုပ်တဲ့ကံရှိတယ်၊ မိမိမပြုလုပ်ဘဲစွဲတာရှိတယ်တယ် အဲဒါ ဒိုးသွားထိုးတာစွဲလို့ပေါ့၊ ဒိုးဝိုင်းမှာဆူနေရင်သူပျော်နေတာဘဲ အဲဒါသူသွားထိုးတာအစွဲလို့လုပ်တာပေါ့ဗျာ အရက်ပုလင်း လည်းဆုံဆိုင်မှာတင်ထားတယ် ပုလင်းကလာတာမဟုတ်ဘူး ကိုယ်စွဲလို့သောက်တာ ဒါတွေက မိစ္ဆာကံတွေနော် အင်မတန်ကြောက်မက်ဖွယ်ကောင်းပါတယ်။ ဒါကြောင့်မသိတာထက် မရှိတာကရှာရင်ရတယ် မသိတာအခက်ဆုံး ဘဲနော် ပြောတော့ ပြောတာဘဲ စာတွေတတ် အသံကကောင်းစာကလည်းတတ် အင်မတန်မှ ထူးမြတ်ပါတယ်ဗျာ နော် ခန္ဓာကသိတော့ အော်အေးအဲဒီတော့ ခုနက ဦးမြမောင်ရဲ့ စာရိတ္တအကြောင်းသူပြောပြပြီနော် မကောင်းတဲ့ ဒုစရိုက်တွေပါဘဲ မကောင်းတဲ့အယူတွေယူပါတယ် မကောင်းတာတွေလုပ်ပါတယ် စိတ်ထဲမှာထင်တာ လျှောက်လုပ်ပါ တယ်။ ဒါတွေဟာမိစ္ဆာအယူတွေ အဲဒီတော့ အဲဒီတော့ မိစ္ဆာဆိုတာ ဉပမာ ဘာလည်းဆိုတာက ငါသိတယ်၊ ငါမြင်တယ်၊ ငါတတ်တယ်၊ ငါလုပ်ရင်ဖြစ်တယ်ဆိုတဲ့ စာလိုဆိုမိစ္ဆာခေါ်တယ်ဗျာ၊ ဦးဇင်းကစာတော့ စာမှာ စိတ်နဲ့သင်ရတာကိုဗျာ အတ္တဆိုတာက ဘာလည်းဆိုတော့ အားလုံးမသိနားမလည်တော့ဘူး။ သူဘာမှမသိဘူး။

ဘုရားမှန်း၊ တရားသိတယ် သူသိတာက လောကီကံအကြောင်းဘဲ အကုန်လုံးသိတာ လောကုတ္တရာ အာရုံမဟုတ်တော့ဘူး လောကီအကြောင်းတွေကို အထွေထွေကောင်းတာလည်း သူယူမယ်မကောင်းတာလည်း ယူမယ် ဘုရားလည်းရှစ်ခိုးမယ် ကံတရားကို နှလုံးသွင်းတဲ့အတွက်ကြောင့် အတ္တလို့ခေါ်လိမ့်မယ်နော် ခုနက မိစ္ဆာက တော့ သူလုပ်ပြီး ငါသတ္တာန်ဆော်မယ်၊ ရေထမ်းမယ်၊ ငါလုပ်မယ်၊ ဒါကစာလို့တော့ မိစ္ဆာအလုပ်ကလေးတွေတော့ သူထင်တာလုပ်မယ် ဒါလေးတွေနော် စာကတော့ရေးထားတာစာနဲ့ အသိနဲ့ကတော့ နည်းနည်းများရင်များမှာပေါ့ဗျာ၊ အဲဒီတော့ပညတ်ကိုခေါ်ဝေါ်သမုတ်ပြီးတော့နာမည်နံပါတ်တပ်ပေးလိုက်တယ ပညတ်ကိုတပ်ပေးတာ ဥပမာယောက်ျား လေးလို့အမှန်ကလည်း ယောကျ်ားလေးဘဲဟော့ ယောကျ်ားဒါကမိန်းကလေးလို့ခေါ်မယ် အဲဒီတော့ မိန်းကလေးကို မိန်မ၊ ယောကျ်ားလေးကို ယောကျ်ားအဲဒီမိန်းကလေးကို မိန်းမ မိန်းမဒီလိုခေါ်လို့မရတော့ဘူး ပညတ်နယ်ထဲမှာ ခေါ်ဝေါ်သမုတ်ပေးရမယ်။ မိန်းကလေးကို မအေလည်းမိန်းမ၊ မယားလည်းမိန်မ။ သမီးလည်းမိန်းမ ဒါတွေက သဘောလေးနဲ့ နာမည်နံပါတ်တပ်ပေးရတယ်။ အဲမိန်းကလေးကို မိန်းမကိုဒေါ်အုံးမေ ဒါမအေ အစ်မကြီးကို ဒေါ်သန်းမြ ဒီလိုနာမည်နံပါတ်တပ်ပေးတာ ပညတ်ကိုတပ်ပေးတော့ အဲဒီပေါ်မှာ သာယာစွဲခန်းနေကြတာနော် အဲဒီကိစ္စလေး တွေရှိပါတယ်။ အင်မတန်မှနက်နဲခက်ခဲတဲ့အကြောင်းလေးတွေ အဲဒီတော့ ပညတ်မှာ အမှတ်တပ် ပေးတယ် သညာကမှတ်ပေးလိုက်တယ် ဟောဒါကမင်းအမေကွ၊ ဒါကမင်းအဖေကွ၊ နာမည်လေးတွေတပ်ပေးတာ အဲဒီတော့မှ သွားစွဲတာနော် စွဲရင်ကံဘဲ သံသရာလည်တာဘဲအပါယ်ကျတယ်လည်းမပြောဘူး နတ်ပြည်ရောက် တယ်လည်း မပြောဘူး လည်တာကိုခေါ်တာလောကီရဲ့ အာရုံမှာ သူမထွက်နိုင်တော့ဘူး ဒီဟာကြီးက သူမထွက်နိုင် တော့ဘူး၊ ဒါကြောင့်မို့ မင်းတို့လူကြြပါ၊ တန်းကြပါ၊ မင်္ဂလာ(၃၈)ဖြာ ဗောဓိပက္ခိယတရား၊ သုတ္တာန်၊ ဝိနည်း၊ အဘိဓမ္မာတွေ ထားပစ်ခဲ့တယ်၊ ဒီပုဂ္ဂိုလ်တွေကျင့်လည်း မကျင့်တော့ဘူး၊ အဲဒီတော့ ဒီတွက်ရာ တွက်ကြောင်း၊ လမ်းကြောင်းကို ရှာရတော့မယ်၊ ခုနကဦးမြမောင်ဟာ ဒီလိုနဲ့ဒီလိုလုပ်ခဲ့တယ် ကံတရားတွေ မိစ္ဆာကံ တွေသူများလယ်ကွင်းထဲက စပါးတွေကိုဖျက်တယ်၊ တံမန်လုပ်ပြီးငါးတွေရှာတယ်၊ ငါးတွေရရင်ပျော်တယ်၊ ချက်စားတယ်၊ ဒါတွေဟာ ငါသိတယ်၊ ငါတတ်တယ်၊ ငါနားလည်တယ် ဒီလိုအသိမျိုးနဲ့ ရှာဖွေစားသောက်တဲ့ လူတစ်ယောက်ပါနော်၊ အင်မတန် ကြောက်မက်ဖွယ်ကောင်းတယ်၊ မသိနိုင်ဘူးဒါတွေဟာပေါ့ပေါ့လုပ်တယ်၊ ပေါ့ပေါ့ စားတယ်အဲဒီတော့ ဦးမြမောင်ဟာ ဒီဟာတွေကို သူဘာမှမသိတော့ အသက်အရွယ်ဒီလောကီရဲ့ အာရုံတွေဟာ ဒီလိုသိမ်းပိုက်ပြီးတော့ ကံတရားတွေ ကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ သောမနဿစိတ်၊ ဒေါမနဿစိတ် ဒါတွေကိုသူလုပ်ပါတယ် ကံတရားတွေ သောမနဿမှာလည်း ကံဘဲ၊ ဒေါမနဿမှာလည်းကံဘဲ အဲဒီကံဆိုတာ မနောကံ၊ အာရုံနဲ့ပေါင်းလို့ ပြောတာ ဒါပေမဲ့ သူများအသက်မသတ်ဘူး၊ သူများပစ္စည်းမခိုးဘူး၊ သူများ သားမယားမဖျက်စီးသေးဘူး အာရုံနောက် ကို လိုက်လိုက်ပြီးစွဲတာ အာရုံနောက်ကိုကောင်းတာလည်း စွဲတယ် မကောင်းတာလည်းစွဲတယ်၊ မကောင်းတာ မြမောင်ကိုဆဲတယ် နားမှာကြားလိုက်တယ်၊ ကြားရင်မှတ်တယ် ဒေါသဖြစ် တယ်၊ ဟောကံဖြစ်ပြန်ပြီး မြမောင်ရေ ကျိုက်ထီးရိုးဘုရားသွားမယ် အာလိုက်တယ်။

အဲဒါကံတရားတွေ သံသရာလည်တဲ့တရားဘဲ (၃၀)ဘုံမထွက်နိုင်တော့ဘူး ဒါကြောင့်မို့ အဇ္ဈတ္တအယူ၊ မိစ္ဆာအယူ သမ္မာအယူဒါတွေဟာ ကံတရားတွေခေါ်တယ်နော် သဘောလေးနဲ့နာ ဘယ်ကံလည်း မနောကံဘာဖြစ်လို့လည်း သူကအာရုံကိုယူထားလို့ ဟော့မြမောင်လို့ဆဲလိုက်ရင် ဒီကနေမြမောင်ဘယ်ကောင်ပါလိမ့်ကွာ နားကလည်းမကြား တကြားနဲ့ နောက်တစ်နေ့တော့သိဒုံးမှာပေါ့ကွာ အဲဒီအာရုံကိုယူလိုက်တာမှတ်တာ မှတ်တာကကောင်းတယ် မကောင်းတယ် အဲဒါကိုငါ့ဆဲတာဘဲဆိုတာကို ယူလိုက်တော့ မနောကံဖျင်းကနဲ့ဖြစ်သွားတယ် အဲဒါ ဒေါသပေါ့ဗျာ ဒေါသဖြစ်တယ်ဆိုရင်သီလရှိပုံ့မလားနော် သီလဘယ်နှစ်မျိုးရှိသလည်းတဲ့ခင်ဗျာတို့သိကြပါ အဲဒီတော့ ပေ့ါပေ့ါဆဆ နဲ့ယူတဲ့သီလလည်းရှိမယ် လေးလေးနက်နက်နဲ့ယူတဲ့သီလလည်းရှိမယ် အဲဒီတော့ဒီဘုံမှာခင်ဗျားတို့လည်းပြန်ကြမှာဘဲ တစ်ယောက်ပြီးတစ်ယောက် အဲမရဏသေမင်းကအချိန်ကျရင်ကံကုန်ရင်ခင်ဗျားတို့လည်းခေါ်မှာဘဲ ဦးပဏ္ဍိတလည်း သွားရမှာဘဲ ကမ်းနားသစ်ပင်ဘဲဗျို့ အဲဒီတော့ကမ်းပြိုရင်တော့ ဒီသစ်ပင်လဲမှာဘဲ စိတ်သာချ အဲဒီတော့ ကိုယ့်အလုပ် ကိုလုပ် နှလုံးသွင်းပြီးတော့ အာရုံ(၆)ပါးကိုပယ်ရတော့မယ် အာရုံနောက်မလိုက်နဲ့တော့ စက္ခုအာရုံနားသော တအာရုံနောက်ကို မလိုက်နဲ့တော့ လိုက်ရင်ဥပါဒါန်ကံတွေဖြစ်မှာဆိုးလို့ ရုပ်ကုဋေ(၅)ထောင် နာမ်ကုဋေ(၁)သိန်း ဖြစ်ပျက်မှ မသိရင်ကိလေသာကြွေးတင်တယ်တဲ့ ဘုရားဟောအရ ဦးဇင်းက ဥပမာလေးပြောပြမယ် စာမတတ်လို့နော် ခင်ဗျားတို့သဘောလေးနဲ့ ပြောပေးလိုက်မယ် ရုပ်ကုဋေ(၅)ထောင်၊ နာမ်ကုဋေ(၁)သိန်းဖြစ်ပျက်မှမသိရင် ကိလေသာ ကြွေးတင်တယ်တဲ့နော် ရုပ်ကုဋေ(၅)ထောင်ဆို ခန္ဓာ(၅)ပါးခေါ်တယ် မလုပ်ဘူး မလုပ်ဘူး တရားကိုခန္ဓာ(၅)ပါး လုပ်ချင်နာမ်ကုဋေ(၁)သိန်းကို သူသိနိုင်တယ်နော် ရုပ်ကုဋေ(၅)ထောင်လည်း သူမလုပ်ဘူး နာမ်ကုဋေ(၁)သိန်းလည်း သူမသတ်ဘူး အဲဒီတော့ အဲဒါရုပ်နာမ်ပါဘဲ ဖြစ်ပျက်မှ မသိရင်တင်ပါပြီဗျာ၊ သမာဓိရအောင် ကြိုးစားကြပါဦး ဦးပဏ္ဍိတ ကခင်ဗျာတို့ကိုယ်စား ဒီလူက ကျင့်လာတာ လူတစ်ယောက်စာလောက်နဲ့ သူတစ်ယောက်ထဲချနေတာနော် ခင်ဗျားတို့ မြင်ပြီးမလား သူစိတ်ထဲမှာ စိတ်ဆိုးခြင်း၊ ဒေါသဖြစ်ခြင်း၊ သူစိတ်ထဲမှာမရှိဘူး ခိုင်းတာဘယ်သူခိုင်းခိုင်း လာဆိုဟုတ်ကဲ့ ဟုတ်ကဲ့ပြောသွားတာ အဲဒါအသိတရားရသွားပြီး ဟိုတုန်းကဒီလိုခိုင်းကြည့်ပါလားနော် ဒါအလုပ်ကပေးတဲ့တရားတွေ ပါခင်ဗျားတို့အပေါ်မှာ မှုတည်တယ်အလုပ်ကပေးတဲ့တရားတွေ အပြောတရားမဟုတ်ပါဘူး အလုပ်တရားခေါ်တယ် ဒါကြောင့်မို့ ကိုယ်အဖေလို၊ ကိုယ့်အမကြီးလို့ မျက်ရည်ကျရတယ်နော် အာရုံခြင်းမတူတော့ဘူး၊ သိပ်သနားတယ် ဒါဘယ်လိုလုပ်ပြောရမလဲလည်း အော်အေး အေးအေးသူများဆဲလည်း အော်အေးအေးအေးသူများက မကျွေးလည်း အော်အေးအေးအေး အဲဒါဘာဘဲဗျာ ဒါအလုပ်သမားရဲ့အသိကိုပြောသွားတာပေ့ါဗျာနော် ဒါကြောင့်မို့ ကိုယ့်ကျင့် တရားထားပါ၊ ဗြဟ္မစိုတရားထားပါ၊ သံဝေဂတရားထားပါ၊ ကိုယ်မှာရှိတဲ့စေတနာကိုသူမှာအပေါ်မှာ စေတနာကောင်းပါ သူများပျက်ပေမဲ့ ကိုယ့်မပျက်ပါစေနဲ့ အဲဒီလိုထားသွားရင်ခင်ဗျား အပါယ်ပိတ်တယ်ခင်ဗျားမကျင့်နိုင်ခင် ခင်ဗျားစိတ် ကိုသာခင်ဗျားထိန်းပေးထားတဲ့ ဒီကကျင့်ထားတဲ့ လူရဲ့စကားကိုခင်ဗျားမြေဝယ်မကျနားထောင်တဲ့ ဒါဘယ်သူ့အတွက် လည်း ခင်ဗျားအတွက် ဟိုလူကဆဲလည်းခင်ဗျာ စေတနာမပျက်နဲ့ဗျာ ခင်ဗျားမြေကြီးတွေကို လုယူလည်းခင်ဗျာ စေတနာမပျက်နဲ့ဗျာ သူများမနာလိုကိုယ်အကျိုးမရှိ မိစ္ဆာရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစစိတ်၊ မနာလိုဝန်တိုမိစ္ဆာစိတ် အဲဒီအာရုံပေါ်မှာဖြစ်တယ် မနောကံပြောင်းတတ်တယ်၊ သားအတွက်၊ သမီးအတွက်၊ ထမင်းဟင်းချန်ထားတယ်။

ဒင်းကဖွင့်လှန်ပြီး အကောင်းစားတယ် ငါ့သမီးကျောင်းကပြန်လာရင် ဘာစားမလဲ၊ ဟောစေတနာပျက်တယ် ကြည့်စမ်းအစွဲစွဲ၊ သမီးသွားစွဲ၊ သားသွားစွဲ၊ ပစ္စည်းသွားစွဲရင်တော့ တစ်ခါထဲ ဥပါဒါန်ဖြစ်ပြီး ဒေါသဖြစ်တာဘဲဗျို့ ဟိုလူက တော့ စားတာဘဲဗျာနော် အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ် မသိတော့ဘူး မပယ်နိုင်ဘူး သိရင်ပယ်မယ်နော် ဒါကြောင့်ဝိပဿနာကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ၊ နေထွက်လာရင် နေဝင်သွားလိမ့်မယ် လူပြည်ရောက်လာရင် အိုမယ်၊ နာမယ်၊ သေမယ် ရုပ်ကိုဟောကားတာရုပ်ကြောင့်နာမ်၊ နာမ်ကြောင့်ရုပ်ဖြစ်နေပြီး စာတော့မတတ်ဘူး အဲဒီတော့ ရုပ်ကအကျိုးနာမ်ကအကြောင်းတရားမြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့ အကြောင်း၊ ဒီအကြောင်းကိုသတ်ရမယ်နော် ဒီအကြောင်းတရားကိုသတ်တာဘဲ ပစ္စုပ္ပန်တည့်တည့်လေး ရှေ့လည်း မမျှော်နဲ့နောက်လည်းမတွေးနဲ့ တည့်တည့်လေးသတ်လိုက် အော်မြင်ပ့ါလား၊ ငါးနားကြားပါလား၊ ငါ့ဆဲပါလား အဲဒီ အကြောင်းသတ်ပစ်လိုက်၊ မြင်လိုက်ပါလား ကိုးရိုးကားယားငါရှောင်ပေးမယ်ဟဲ့၊ ဒီလိုစေတနာတွေထားနော် ကိုယ့် အတွက် ကိုယ်လုံအောင်ထိန်းသွားပြီနော် ဒါကြောင့်မို့ ခင်ဗျားတို့ရဲ့ စေတနာတွေ အင်မတန်မှ အဲဒီစေတနာတွေ နိဗ္ဗာန်ရောက်သွားမယ် အခုတော့ စေတနာက ပျက်တယ် သမီး၊ သား၊ ဆွေမျိုးညာသကာအရင်းအချာတော့ ရှော့ဟယ် ရှော့ဟယ် ဟိုလူတွေ ခလေးတွေကျတော့ ဘယာမပေးမဖြစ်လို့သာ ဘယာအနေနဲ့ပေးလိုက်ရတာ စေတနာ မပါဘူးနော် စိတ်ကလေးကို သဘောလေးနဲ့ ပြောသွားတာစိတ်ဆိုတာထုတ်ပြလို့မရဘူး၊ မြင်လိုက်တော့မှ သိတာဟာ စိတ်သိသွားပြီလေ ခွဲခြားထားတာ သညာစွဲလန်းတာက ဥပါဒါန်ဘာကြောင့်စွဲတာလည်း တဏှာကြောင့်ဖြစ်တာဘဲ အဲဒီတဏှာသတ်ရတော့မယ်ဒီညကျင့်တဲ့ သဘောလေးကိုပြောပြပ့ါမယ်၊ ကာယ သတိ ပဋ္ဌာန်တဲ့အေးကွာတဲ့ ငါပယ်တော့မယ်တဲ့ ရုပ်ကွက်နေပြီးတော့ ငါဆင်းတော့မယ်တဲ့ အာရုံအယူတွေကို ငါပယ်တော့မယ်တဲ့ ဟောအာရုံ ပယ်ပြီနော် စက္ခုအာရုံ၊ နားသောကအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ အာရုံ(၅)ပါးကို ငါအရင်တုန်းက သူများစပါးတွေ ကိုလိုက်လုပ်တယ်၊ အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ ချဲတွေထိုးတယ်၊ ချဲရောင်းတယ် ငါအကုန်လုပ်တယ်ကွာတဲ့ စားတော့အများခံတော့ငါတစ်ယောက်ထဲဘဲတဲ့ ဒါတွေဟာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအာစိတ်ကို ဆင်းရဲသော သဘောတွေ ဒီအာရုံတွေကိုငါပယ်မယ်၊ ဒီဒုစရိုက်တွေကိုပယ်မယ် ဝီစိကိစ္ဆတွေကိုလည်းငါပယ်တော့မယ်၊ ပယ်တဲ့အခါမှာ သူဟာသူ တောစပ်နားမှာတစ်ယောက်ထဲထိုင်ပြီးတော့ လက်ကလေးပိုက်ပြီးတော့အဲသူ ရှုတော့ဟာဘဲ ဗျို့ ဘာလို့ရှုရလည်း သူကအိမ်စိတ်ကမကုန်ဘူး လောကီစိတ်တွေမကုန်ဘူး အဲဒီတော့ ထိုင်နေတဲ့အခါမှာ မယား တွေးလိုက်၊ သားတွေးလိုက်၊ သမီးတွေးလိုက်၊ အရက်ဆိုင်တွေးလိုက်၊ ချဲတွေးလိုက်၊ အကုန်တွေးချင်တာ လျှောက် တွေးတော့ကာဘဲ အဲဒီအတွေးတွေက အနုသယဘဝင်မှာ လာပြီးတော့ဝင်တယ် အဲဒီတော့ ဒီလိုထိုင်တဲ့အခါမှာလည်း နှာသီးနှာဖျားဝကို သူရဲ့အသိကပ်မထားဘူး ထိုင်တော့ထိုင်တယ် တရားကတော့သူတရားထိုင်တယ်လို့သာပြောတယ် လျှောက်တွေးနေတယ် အဲဒီတွေးမယ့်အစားကို နှာသီးနှာဖျားကပ် ကပ်လို့လည်းမရဘူး ဒီအတွေးက ကိလေသာ အတွေးတွေက ဒင်းကြမ်းဝင်လာတာဘဲ ဟာအတွေး နီဝရဏတွေကဝင်လာတော့ ခုနကပြင်းပြင်းလေး ရှုပေးတယ် ဘာလို့ရှုလာလည်းဆိုတော့ လောကီရဲ့တဏှာ ဥပါဒါန်တွေရဲ့ အစွဲတွေစွဲလို့ တွေးတဲ့ကံလေးတွေကို ကျွန်တော်ပယ် တော့ပါဗျာတဲ့၊ အဲဒါတွေကိုနှင်းကန်ပြီးတော့ ရှုတော့မတွေးနိုင်တော့ဘူးပေါ့ဗျာတဲ့ အဲဒါဘဲဗျာတဲ့ မှတ်လည်းမနေတော့ ဘူးတဲ့။

အဲဒါပေါ်လို့တင်လို့ မပေါ်အောင်လုပ်တယ်ဗျာတဲ့ အဲဒါရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းကြာအောင်လုပ်တယ် ဘယ်ကိုမှမသွားတော့ဘူး၊ ဘယ်သူမှလည်းကိုယ့်ဆီမလာတော့ဘူး၊ ကိုယ်ကလည်း သူတို့ဆီမသွားတော့ဘူး အဲဒီတော့ ထမင်းဘယ်လိုစားလည်းဆိုတော့ ဒီလိုထိုင်နေတဲ့အခါမှာ ထင်းခုတ်တဲ့ ကရင်အမျိုးသားတွေက လာကြတယ်တဲ့အခါ တောင်ခြေမှာ ဦးဖင်းကိုတွေ့သွားတယ်ခင်ဗျား ဘယ်ကလည်းတဲ့ ကျွန်တော်မြောင်းမြကတဲ့ အဲဒီတော့ လူဝတ်နဲ့ပဲ ဘာလာဘုပ်လည်းတဲ့ ဒီကိုဘာလို့လာလည်းတဲ့ ကျွန်တော်ဝိပဿနာ တရားလာကျင့်တာပေါ့ဗျာတဲ့၊ ခင်ဗျားမှတ်ပုံတင်ပါသလားတဲ့၊ ကျွန်တော်မှတ်ပုံတင်တော့မပါဘူးတဲ့ ခင်ဗျားဘယ်ရပ်ကွက်က လာလည်းတဲ့ မြိုင်မာလာ(၂)လမ်း၊ အိမ်အမှတ်(၇၀)ကလာတယ်၊ ကျွန်တော်နာမည်မြမောင် ခင်ဗျာတို့မြောင်းမြမှာ ဝိပဿနာတရားစခန်းတွေမရှိဘူးလာတဲ့ ရှိပါတယ်ဗျာတဲ့ ဘာလို့အဲဒီမှာမလုပ်လည်းတဲ့ အဲဒီမှာကထမင်းဖိုး၊ ဟင်းဖိုး၊ ကျွန်တော်လည်းမပေးနိုင်ဘူးတဲ့ အခုကျွန်တော်ဝတ်တဲ့အဝတ်အစားလည်းမြင်ပြီမို့လားတဲ့ အဲဒီလိုနေရာမျိုးနဲ့ ကျွန်တော်ရဲ့နေမှုထိုင်မှု၊ လုပ်မှု၊ စားမှု အခြေအနေမျိုး မကောင်းတာနဲ့ ကျွန်တော်အဲဒီကို မသွားဘူးဗျာတဲ့ ကျွန်တော်ဟာ ကျွန်တော်တောမှလာပြီးကျင့်တာပေါ့ဗျာ၊ ဒါဖြင့်ခင်ဗျား ဘယ်သူကထမင်းကျွေးမလည်းတဲ့ ကျွေးလည်းစားမယ်ဗျာ မကျွေးလည်းမစားဘူးပေါ့တဲ့အား စကားပြောတာ ဒီလိုပြောလို့မရဘူးတဲ့ ကျွေးမဲ့သူရှိမှာသာလျှင် ခင်ဗျားခန္ဓာရဲ့ မနက်တစ်နပ်၊ ညတစ်နပ်ခင်ဗျားဒီဟာစားနိုင်မှ ဒီအလုပ်လုပ်နိုင်မှာပေါ့ဗျာတဲ့ အချိန်ကာလမှာ ကျွေးမဲ့သူရှိရင်တော့ အထူးကောင်းတာပေါ့ဗျာ ကျွန်တော်ကလည်း ဘယ်သူမှမသိတော့ ဘယ်သူကျွေးပါ၊ ဘယ်ဝါကျွေးပါ၊ ဘယ်လိုလုပ်ပြောမလဲတဲ့ခင်ဗျား၊ စေတနာရှိရင် ခင်ဗျာကျွေးရင်စားမှာပေါ့တဲ့၊ ခင်ဗျားစေတနာမရှိရင်တော့မစားရဘူးပေါ့ဗျာတဲ့ ကျွန်တော်အနေနဲ့စိတ်ထဲ ဒါဘဲထားပါတယ်တဲ့ ဒါဖြင့်ကျွန်တော်ကျွေးမယ်ဗျာတဲ့ ကရင်ပေါလုညောင်ပင်ကြီးက သုံးပန်လှက ကရင်ပေါ်လု သူကသူပုန်အလင်းဝင်ထားတဲ့ သူပုန်ကရင်ကကျွေးတာဘဲဗျို့ အဲမနက်ကျလာပြီးတော့ မတ်ကပ်ကလေးရပ်ပြီးတော့ သူကိုပြောတယ် ခင်ဗျားထမင်းချိုင့်အဲဒီမှာသာချထား ကျွန်တော်အချိန်ကျရင် ထစားမယ် ခင်ဗျားကျွန်တော်ကိုမစောင့်နဲ့ ခင်ဗျားအလုပ်ရှိတာသာသွားလုပ် ချိုင့်လေးတော့လာချထားတယ် ဟုတ်ကဲ့တဲ့ ချိုင့်လေးချထားပြီး သူထိုင်တာဘဲ ထိုင်ပြီးတော့အခါမှာ နေ့ရောညာရောသူလုပ်ပါတယ်၊ သရဲကလည်းကြောက်လို့ ကရင်ရွာတောင်ခြေမှာ တောထဲမှာထိုင်တာ အင်မတန်လိုချင်လွန်းလို့နော် ဒီအသိဟာ သဗ္ဗါဗိုလ် ဘုရား၊ တရား၊ သံဃာ ဘုရားသခင်မြတ်ကြီးဟာ (၆)နှစ်တိုင်တိုင် အဲတရားအားထုတ်တာနော် အဲဒီလိုဘဲ တရားရှာရင်ကိုယ်မှာ ရှိတယ်ဆိုတော့ လုပ်တာပေါ့ဗျာ ဝေဘူစာအုပ်ကလေးလည်း အိတ်ထဲထည့်ထားတယ် အဲဒါတရားရှာတာဘဲ ဘယ်သူမှ အာရုံနဲ့မပေါင်းဘူး ခုနက ကရင်တစ်ယောက်ဘဲလာ ထမင်းပေးတယ်၊ စကားလေးဘဲပြောလိုက်တယ်ခင်ဗျား၊ ထမင်းချိုင့်ထားပြီး ပြန်ပေတော့တဲ့ အဲဒီလိုကျင့်လိုက်၊ လုပ်လိုက်၊ ကျင့်လိုက်၊ လုပ်လိုက် သူ့မှာဖဲရိုက်တဲ့ ဝိစီကိစ္စ အာရုံနောက်ကို သူမလိုက်တော့ဘူး၊ အာရုံနောက်မလိုက်ချင် ကာယကံကလည်းငြိမ်ပြီး၊ ဝစီကံကလည်းငြိမ်ပြီး မနောကံကလည်း ဗျာပါဒဆိုတော့ သမီးကိုတွေးသေးလား၊ သားကိုတွေးသေးလား၊ စီးပွားရေးသောက၊ ပူပင်သောက၊ လောကီအကြောင်းတွေဗျာ၊ ပါဒငါတွေးသေးသလား အနုသယ၊ ဗျာပါဒရယ်၊ မိစ္ဆာဒိဋ္ဌိရယ်၊ အဘိဇ္ဈာရယ်၊ ဒီသုံးလုံးကိုသတ်တာ အဲဒီဗျာပါဒဆိုတာ အိမ်မှာကျန်ခဲ့တဲ့ သားမယား၊ သားသမီး၊ ဆွေမျိုးညာတကာအတွက် သူပူဆွေး တောက်လေနေတာ ဘယ်လိုနေလည်း၊ ဘယ်စားလည်း၊ ဒီကနေထိုင်တွေးတာ ဟိုကတော့ ဘာမှမသိဘူး။

ဒီကတော့စွဲလို့ တွေးတာ အဲဒါဗျာပါဒ အဲမိစ္ဆာဒိဋ္ဌိ ဒိဋ္ဌိကိုသတ်တာ အဘိဇ္ဈာနော်ဝန်တို့ မိစ္ဆာစိတ်၊ ကုက္ကုစ္စစိတ်၊ ဘာစိတ်၊ ညာစိတ်တွေးလို့ဗျာ အဲဒါတွေသတ်တာဘဲ အဲဒါအနတ္တနဲ့သတ်တယ် ဟိုကအတ္တ၊ ဒီကအနတ္တနဲ့ချတာ ထိတာကရုပ်သိတာကနာမ် ထိတာလည်းမမြဲဘူး၊ သိတာလည်းမမြဲဘူး သုလုပ်ပြီး အဲဒီတော့မှ ဒုစရိုက် ရှာသူတို့ရဲ့ နေထိုင်ကြတဲ့ပိုင်းသွားချင်သေးလား၊ အရက်ပိုင်းသွားချင်သေးလား၊ ဘာလုပ်မလည်း၊ ညာလုပ်မလည်း၊ အထွေထွေအလုပ် ကာယကံ သုံးပါးလည်းငြိမ်သွားပြီး ဝစီကံ(၄)ပါးလည်းငြိမ်သွားပြီး သူဘယ်မှမသွားတာရေတောင်မသောက်ဘူး ဆေးလိပ်မသောက်ဘူးနော် ဝိနည်းထက်ကောင်းတယ်နော် ပြောပြမယ်ဆိုရင် ဝိနည်းထက်ကောင်းတယ် သူစိတ်ကို ချုပ်ထားတယ်၊ ရုပ်လည်းချုပ်ထားလိုက်တယ် သညာနဲ့ချုပ်ထားလုပ်တယ်၊ ဒီပညာကိုလိုချင်လို့ ဒီဟာတွေ ချုပ်ထားရတယ် အော် ငါထိုင်မယ်၊ ဝုတ်မိသဲကိုင် တက်နိုင်ဖျားရောက် ဘယ်ကိုမှမသွားဘူး ဒီလိုကျင့်တဲ့ ရဟန်းခေါ်တယ်နော် အာရုံ နောက်ကိုလည်း မလိုက်တော့ဘူး မနောအာရုံကလည်းဗျာပါဒရယ်၊ မိစ္ဆာဒိဋ္ဌိရယ်၊ အဘိဇ္ဈာရယ် အဲဒါပူဆွေးသောက ပရိဒေဝကျန်ရစ်ခဲ့တဲ့လူတွေ၊ ငါရဲ့ဆွေမျိုးတွေ ငါရဲ့သားခြင်းတွေအားလုံးရှိတဲ့ သူတို့တော့ ဘယ်သိပ့်မလဲ ဒီကအဲဒါတွေ လည်း ဟောအဲဒိဋ္ဌိကလည်းသေတော့ သူမတွေးဘူးပေါ့ဗျာ၊ အဲဒီတော့ဗျာပါဒ မိစ္ဆာဒိဋ္ဌိ အဘိဇ္ဈာ ငြိမ်သွားတာပေါ့ဗျာ၊ အဲဒီတော့မှ အမိစိတ္တဖြစ်လာတယ် အမိသီလကအပြင်မှာ စင်ကြယ်ထားတယ်နော် ထွက်မရှာ ဘူး၊ ထွက်လည်းမလာဘူး၊ ကရင်ကလာပို့တယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဆိုတာမှန်သောအယူ၊ သမ္မာအာဇီဝဆိုတာ ထိုင်နေတာသူလာကျွေးတာသွားပြီး ဆွမ်းခံတာမဟုတ်ဘူး၊ အဲဒီကျင့်တာ ဆွမ်းခံတာမဟုတ်ဘူး စာပေကျမ်းဂန်းအရနဲ့ ပါဠိအလာနဲ့ပြောတယ်ဗျာ ထိုင်နေတာ သူအသက်ကိုသေသေရှင်ရှင်နော် သမ္မာအာဇီဝဆိုတာ သမ္မာဆိုတာကောင်းသောအလုပ် အာဇီဝဆိုတာသူရဲ့မှန်တာကိုစားမယ်၊ ခြေတစ်လှမ်းတောင်မလှမ်းတော့ဘူး၊ လာပေးရတယ်၊ အဲဒါပေးလို့စားတာနော် ဆာရင်စားမယ်၊ မဆာရင်မစားဘူးပေ့ါဗျာ သပိတ်တောင်မကိုင်တော့ဘူး သူလာကျွေးတာစေတနာနဲ့ လာကျွေးတာ ကရင်ပေါ်လုကကျွေးတာစားတာဘဲ ကာယသတိပဋ္ဌာန်းမှာ သူရဲ့ကာယမှာသိတဲ့ အယူဝါဒတွေ မှားယွင်းတဲ့အချက် တွေဟာ ဒီနေရာမှ သဘောလေးပေါက်လာတယ် အဲဒီတော့ဟိုတုန်းက အတ္တတွေ နဲ့ ယူထားတယ်ကံတွေနဲ့ ယူထားတယ် ဟိုတုန်းကမိစ္ဆာအယူ အတ္တတွေနဲ့ယူထားတယ် အဲဒီတော့ အခုသမ္မာဒိဋ္ဌိ ဖြစ်နေတယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝကံတော့ကံဘဲ ဒီကံကအလုပ်ပေါ်မှာလုပ်တဲ့ ကံခေါ်တယ် အလုပ်တရားပေါ်မှာ လုပ်တဲ့ကံခေါ်တယ်၊ သမ္မာပေမဲ့အမျိုးအစားရှိတယ် လယ်လုပ်တာလည်း သမ္မာဘဲ ခင်ဗျာတို့ ကောင်းသော၊ ရောင်းဝယ်လုပ်စားတာလည်း သမ္မာဘဲ ဒါအလုပ်ကလာတဲ့ သမ္မာခေါ်တယ်နော် သေချာလေး နာသမ္မာ ကတော့ အကုန်လုံးပြောလိုက်တာပါဘဲ မိစ္ဆာကလည်း အကုန်ပြောဒီနေရာမှာခွဲပြီး သမ္မာဝါစာသမ္မာ ကမ္မန္တ၊ သမ္မာ အာဇီဝသူထိုင်နေတာ မှန်တာကို သူကျင့်တာမှန်တာကို သူပြောမယ် မှန်တာကို အသက်မွေးဝမ်းကျောင်းပြုတယ် ဒါဘဲရှိတယ် ဒါဇမာလိုပြန်တာ အဲဒီတော့ ဒီကနေပြီးတော့ အပြင်ရဲ့လောက အတွင်းရဲ့လောကရဲ့ အသိစိတ်ကလေး တွေဟာ ခေါင်းပါးတယ် ဒီလိုအသိတွေမှန်လာပြီး အပြင်သီလလည်း အုတ်ပန္နက်ရိုက်ပြီးပြီးအတွင်းသမာဓိလည်း တည်ကြည်ပြီ ဝေဒနာကိုလှမ်းရှုလိုက်တယ် အကျိုးပေါ်မှာပေါ်လာတဲ့အကြောင်းရှုပြီး ဒီကောင်နှစ်ကောင်က သီးခံတော့ မှ ဝေဒနာနီရောခါတဖျာနီရောဝေါ ဝေဒနာက တဏှာကိုမကူးစေနဲ့၊ ဒီနေရာမှာ သမာဓိပိုတင်လိုက်ပြီး တင်လိုက်တဲ့ အခါကျတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ ဟောသမာဓိတင်တော့မယ်၊ သမ္မာဝါယာမ၊ သမ္မာဆိုတာ ကောင်းသောအလုပ် ဝါယာမဆိုတာ နေ့ရောညရောလုပ်ပြီ ဒါဝိရိယကိုတင်ပြီ ဝိရိယကိုတင်တဲ့အတွက်ကြောင့်

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမတဲ့အသိကို သမ္မာသတိ၊ သမ္မာသတိနဲ့ရတဲ့ အသိကို သမ္မာ သမာဓိ တက်သွားပြီး အသိလေးတွေနော် ကိုယ်စိတ်ကိုယ်စစ်ပြီမှ အလုပ်ကိုလုပ်ပြီးမှ အသိကိုပြန်ပြောပြတာ အဲဒါကဖြည်းဖြည်းသတ်သတ်သွားတာ ဘယ်ရောက်လာလည်း ဝေဒနာသတိပဋ္ဌာန်းကိုရောက်လာတာ ဝေဒနာ သတိပဋ္ဌာန်းမှတစ်နှစ်ကျော် နှစ်နှစ်ကိုယ်လူပြည်မှာ မိုက်သလောက် သူများပစ္စည်းတွေခိုးတာ သူများပစ္စည်းတွေ လိမ်တာ သူများသားမယားတွေဖျက်ဆီးတာ လောကီမှာ ရှုပ်ပွေလုပ်ထားတာ ဒီနေရာမှ ခံရတာဘဲဗျို့ မခံသာမှန်ပါဘိ ဒီတရားဟာ သားကလည်းလာမကူးဘူး၊ သမီးကလည်းလာမကူးဘူး၊ ဘယ်သူမှမကူးဘူး ဝေဒနာမှာလည်း တဏှာမရော စေနဲ့ တဏှာရောတယ်ဆိုတာ စိတ်ချမ်းသာတာပေါ့၊ အဲဒီနေ့လည်း အလုပ်တစ်ခုကိုဖျက်ပစ်လိုက်တယ် စိတ်ချမ်းသာ တဏှာခေါ်တယ်နော် အဲဒီတော့ဝေဒနာကို နှလုံးသွင်းတယ် ဒီအကောင်ဟာ ဘာလည်းကွ အင်မတန်မှ မခံနိုင်တဲ့ ဝေဒနာကြီးပါလား၊ အရင်တုန်းက ငါဖဲရိုက်တယ်၊ ပေါ်ကာဆွဲတယ်အခုတော့ကျင့်တာဘဲဗျို့ တောအင်မတန်မှ ကိုယ်ဟာကိုသိရမယ် အဲဒီတော့မှ သိရတယ် အော်အေးအေးအေး လိုချင်သေး လား ဒီရုပ်တွေ ဒီနာမ်တွေဟာ အကျိုးတရား ဒုက္ခသစ္စာခေါ်တယ် အကြောင်းတရားက သမုဒယသစ္စာခေါ်တယ် အကျိုးပေါ်အကြောင်းနော် အကျိုးကဖောက်ပြန်တယ် မခံနိုင်တော့ ခန္ဓာဆိုတာ ဟောဒါနာမ်ဆိုတာ ဟောဒါဒီနေရာမှာ ဉာဏ်ဝင်ပြီး ဉာဏ်ဝင်ဖို့အရေးကြီးတယ် အကျိုးကတော့ အမယ်လေးပြင်းပြင်းထန်ထန်နဲ့ အကျိုးတရားက ခါတ်လေးပါးက ဖောက်ပြန်နေတာ ခါတ်မရောက်သေးဘူး ဖောက်ပြန်တာ အမယ်လေး၊ အမယ်လေး ကိုယ်ဟာကို ရှုကွက်ကို မရှုနိုင်ဘူး ဆောင်းဥတုတောင်မှ ချွေးပြန်နေတယ်လေးနာရီလောက်ကြီး ချွေးပြန်နေတယ် အော်အဲဒီလို ဖြစ်တဲ့ဒုက္ခကြီးကို ငါတော်ပါပြီလို့လည်း ရပ်မထားတော့ဘူး သွားပြီးလုပ်တာဘဲဗျို့ အဲဒီတော့ တဖြည်းဖြည်းတက်လာ တဲ့အခါမှာ အသိတရားတွေနော် မခံသာမှန်ပါဘိ ဒီတရားဆိုတာ သူသီးခံတာနော် ခုနက ကာယသတိပဋ္ဌာန်မှာ သီလရယ်၊ သမာဓိရယ် သူကအဲဒီဝေဒနာကို သီးခံပြီးတော့ တဖြည်းဖြည်းဝေဒနာလျော့လာတယ် အဲဒီတော့ ဦးဇင်း တို့မြောင်းမြမြို့ကနေပြီးတော့ ရန်ကုန်ကိုရောက်လာတယ် ရန်ကုန်ကနေပြီးတော့ ပဲခူးရောက်တယ် ပဲခူးကနေပြီးတော့ ဘယ်ရောက်လည်း သနပ်ပင်ရောက်တယ် သနပ်ပင်ကနေပြီးတော့ ဘယ်ရောက်လည်း ကျိုက်ပဒိုင်ရောက်တယ် ဆရာတော် ဦးသီလရဲ့ တဆောင်းကျောက်ရုပ်ကလေးတွေ့တယ် အဲဒီကနေပြီးတော့ ဦးဇင်းတို့ ကျိုပဒိုင်ကို ညသန်းခေါင်ယံရောက်တယ် ဦးဇင်းသိတာပေါ့ အော်အေးအေးအေး သဘောပေါက်တယ် တွေ့တဲ့နေရာ တရားအား ထုတ်တယ် ဖြူးနေရာရောက်လည်း ဖြူးမှာအားထုတ်တယ် လူတွေ့ရင် ခေါင်းလေးခြုံထားတယ် လူ့ဘဝနော်တဖက် လေးအုပ်ထားတယ် စွပ်ကျယ်လေးဝတ်ထားတယ် ပုဆိုးလေးလည်းခပ်လတ်လတ် အဲဒါလေးဝတ်ပြီး လူတောထဲမှာ မနေဘူး ပိုနောက်ဘက်မှာသွားနေတယ် ကိုယ်ကရှောင်တယ် ကိုယ်ကျင့်လာတဲ့အသိတွေကို တစ်ရွာတစ်ကျေးမှာ တစ်နယ်နဲ့တစ်နယ်သွားရတာကို အလုပ်လုပ်တာကို လူတွေကလည်းမသိဘူး ဘာရယ်ညာရယ်မသိဘူး အဲဒါသွား ရော ရန်ကုန်ကနေ ပဲခူး ပဲခူးကနေပြီး သနပ်ပင်ကနေပြီးတော့ သွားတာပေါ့ဗျာ၊ ကျိုက်သသန်ဘုရားကနေပြီးတော့ ဦးသီလဆိုတဲ့ တောင်ကိုရောက်သွားပါတယ် အဲဒီလိုကျင့်တာ ဖြူးလည်းရောက် သွားပါတယ် နေရာမလပ် သူလျှောက်သွားတယ်။

သူရွှေဘလျောင်းမှာလည်းကျင့်ပါတယ် သူလူတွေနဲ့မနေဘူး အဲဒီလိုလုပ်ပြီး အဲဒီလိုဘဲ ဒကာ၊ ဒကာမတွေက မုန့်ဟင်းခါးကျွေးလိုက်၊ ထမင်းကျွေးလိုက်၊ ပိုက်ဆံတွေပေးလိုက် အဲဒီတော့ ဒီတရားကျင့်တာ ကိလေသာနဲ့ မြဲမောင်မှာ ဆောက်လုပ်ထားတဲ့ ရုပ်တရားခေါ်တယ် အမှန်တော့ ကိလေသာနဲ့ ဆောက်လုပ်ထားတဲ့ ရုပ်ခေါ်တယ် အဲဒီ ကိလေသာရဲ့ သွေးသားတွေကို သတ်ပစ်တာ စင်ကြယ်အောင်သတ်ပစ်လိုက်တာ သွေးသားခမ်းခြောက်အောင် သတ်ပစ်လိုက်တာ အဲဒီသွေးသားမစင်ကြယ်တော့ အာရုံ(၆)ခုအပေါ်မှာ အကုန်ဖြစ်နေတယ် ကိလေသာရဲ့သွေးသား တွေဖြစ်တဲ့အတွက် တဏှာက သွားသွားပြီ လက်လှမ်းတယ်နော် ဒါကြောင့်မို့ဘုရားကသိတော်မူတော့ သုတ္တန်ပိနည်း အဘိဓမ္မာတော်တားပစ်ခဲ့တာနော် အဘိဓမ္မာဆိုတာ ဟိုကပဟာအဘိဓမ္မာ ဒီကဓမ္မခန္ဓာနဲ့ပေါင်းတယ် ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင် အဘိဓမ္မာဆိုတဲ့ ကိုတင်စားပေးလိုက်တာ ခန္ဓာကဖြစ်သွားတဲ့ ကိစ္စတွေနော် ဒါကြောင့်မို့ မပြောပါဘူး ဦးဇင်းဘာမှမပြောဘူး ခင်ဗျားတို့လက်တွေ့ပါ ပုသိမ်မြို့မှာ လူအုပ်ကို အုံးအုံးထနေတာဘဲ ဦးဇင်းက စာမတတ်ဘူး ဘာမှလည်းပရိတ်မရွတ်တတ်ဘူး ဘုန်းကြီးတော့ ဘုန်းကြီးတစ်ပါးနဲ့တစ်ပါး မတူဘူးနော် သူတတ်တဲ့ ပညာကိုယ်မတတ်ဘူး သူတတ်ပညာကို ကိုယ်သိတယ် ကိုယ်တတ်တဲ့ပညာကို သူမေးပြန်တော့လည်း သူမသိဘူးလား သိလားမပြောတတ်ဘူး အဲသူတို့ကဖမ်းပြီးတော့ ဝါဘယ်နှစ်ဝါလည်းဒါမှန်တာပေါ့ သူဘက်ကမေးတာမှန်တယ် သူကစည်းကမ်းရှိတာ ဒီကစည်းကမ်းမရှိဘူး အာရုံအသိကိုထိန်းထားတယ် အသိလေးကိုတားတယ် ဒီလောကီအာရုံ တွေကို သူကိုင်တာတွယ်တာသူသတိစွဲတာမှ မဟုတ်တာနော် သူမှာစည်းကမ်းမရှိဘူး စည်းကမ်းရှိတာစွဲတာနော် အဲဒီလို အနုသယ ဂမ္ဘီရဉာဏ်၊ ဇာနညာဏ်စကျွဲဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉဏာဥဒပါဒိတကယ် ဂမ္ဘီရဖြစ်မှ နတ်ကလာမှာ သိကြားကလာမှာတောင် ပိုင်ကွင်းပိုင်၊ တစ္ဆေ သရဲ၊ ယက္ခ၊ ဂန္ဓာန်၊ ဂန္ဓပ္ပအဲခင်ဗျားတွေးကြည့် အတွင်း ကာမလုံရင်အပြင် ကောလုံပါ့မလား၊ အနုသယကို ဟောတာနော် ကိုယ်ဟောသွားတာ အာသွက္ခယကို ဟောသွားတဲ့ ကာယနဲ့ဟောသွားတဲ့ အာသွက္ခယာဉာဏ်လို့ခေါ်တယ် ဟိုကအာသွက္ခယက်လို့ခေါ်တယ် ဟိုက အာသွက္ခယက်လို့ခေါ်တယ် အဲဒါကွာနေပြီကံဆိုတာဘာလည်း အစွဲအစွဲတရားခေါ်တယ် ကာယကံမဟုတ်ဘူး ကာယကံ၊ ဝစီကံမပါဘူး အဲဒီမြင်လိုက်တော့ ဒါဘယ်သူ၊ ဒါဘယ်ဝါမှတ်တာ ဒီအမှတ်တွေနဲ့သွားရင်သွားပြီး ဒီဘုန်းကြီး သွားပြီနော် သစ္စာနဲ့ဟောတာ သမုတိသစ္စာ၊ ပီရသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာခင်ဗျားကို့ ပုသိမ်မြို့မှာ ဘုရားကြီးရဲ့တန်ဆောင်းကြီးမှာခင်ဗျားတို့မြင်မှာပေါ့၊ ခင်ဗျားတို့ ကျွန်ဝယ်စူးဆိုတာလာတယ် အဲဒါနဂါး လုပ်ပြတယ်၊ ခင်ဗျားတို့မြို့ကဘဲ ဒီကဘာလာတာမဟုတ်ဘူး ဘုန်းကြီးကလည်းသိတယ် အေးအေးအေး ဒါဘဲနော် ချွတ်ပါတဲ့ ချွတ်ပါဘုရားတဲ့ ဘာတွေဘာတွေရှိတယ်ဆိုတော့ အဲဒီအသိကိုထုတ်ပြပါတဲ့ ဘယ်လိုထုတ်ပြရမလဲယုံရင် ပြောသွားမယ် အင်မတန်မှထူးတယ် ဒီလိုသံဃာမျိုးနဲ့ ဒီလိုဒါနအစစ်ဒါနမှန်နဲ့ သီလစစ်၊ သီလမှန်နဲ့ အဝိဇ္ဇာကိုဆေး ကြောရမယ် ကိုယ်ကမလုပ်နိုင်ဘူး အဝိဇ္ဇာဆိုတာအာရုံ(၆)ပါး ဘယ်သံဃာဖြစ်ဖြစ်၊ ဒကာ၊ ဒကာမများက လှူရ တော့မယ်နော် ဒါကိုဘုန်းကြီးပဏ္ဏိတမှ ဒီလိုမစွဲပါနဲ့ ပုဂ္ဂလဒိဋ္ဌမစွဲနဲ့နော် အဲခင်ဗျားတို့လှူတတ်ဖို့လိုတယ် ဟိုဆရာတော် လည်းလှူ ဒီဆရာတော်လည်းလှူ သူဘာဘဲလုပ်လုပ် အရက်ဘဲသောက်သောက်သူ့သင်္ကန်းလေးဝတ်ထားရင် တော်ပြီလှူလိုက်၊ သူ့အကြောင်း၊ ကိုယ့်အကြောင်းမလုပ်နဲ့ သူ့အကြောင်းကို ကိုယ့်အကြောင်းလုပ်ရင်စေတနာပျက် သွားလိမ့်မယ်နော်။

လှူဖတ်ဖို့လိုတယ် အာဒီဘုန်းကြီးကကွာ ကလေးဘဝကအရက်တွေသောက် ဘာတွေသောက် မူးယစ်သောက်စားတယ် ကိုယ့်စေတနာပျက်ပြီပျက်ရင် ကိုယ်သိလရှိပါ့မလားနော်၊ သိတတ်ဖို့လိုတယ် မရှိတာထက်မသိတာမရှိတာကရှာရင်ရတယ် မသိတာကအခက်ဆုံးအသိလေးတစ်လုံးယူထား ခင်ဗျာတို့ဘာမှ ကျင့်မနေနဲ့ဗျာတဲ့ စေတနာတာမပျက်နဲ့ ခင်ဗျာစိတ်ခင်ဗျားစစ်ဟိုမှာ ခင်ဗျားတို့ဆဲနေတယ် ခင်ဗျားနှလုံးသားက စေတနာ အဲဒီအာရုံကိုခင်ဗျားယူရင် ဒေါသဖြစ်သွားလိမ့်မယ် စေတနာလေးထား စေတနာလေးထားအဲဒီတော့ ခင်ဗျားသီလလည်းမရှိ၊ သမာဓိလည်းမရှိ အဲဒီတော့ သမာဓိလေးရအောင် လုပ်လိုက် သမာဓိဆိုတာ ဝိပဿနာဒါလေး လုပ်ပေး အာရုံနောက်ကိုခင်ဗျားမမှတ်နဲ့ ကောင်းတာမှန်းမသိ မကောင်းတာမှန်းမသိရင် ခင်ဗျားခံ အဲဒါ ဦးပဏ္ဍိတက သင်ပေးတာ ဘယ်သူဆဲဆဲ ဘယ်သူလုပ်လုပ် ဘယ်သူဘာပြောပြော ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆားလေးနဲ့ ထမင်းလေးစား လူမမြင်ရဘူး အသိမှန်ဖို့လိုတယ် အခုတော့ အာဟာရကိုလိုက်ပြီးတော့ ငါးသလောက်၊ ကြက်သား၊ ဘဲသား၊ ဝက်သား အလုပ်တော့တာဘဲ ကိလေသာနဲ့ တဏှာဒင်းကြမ်းဖြစ်နေပြီ ဘယ်နယ်မှ ဘုန်းကြီးမတတ်နိုင်တော့ဘူး ဒါပေမဲ့ ဒီဒါနမျိုးစေ့ ဒီဘဝလာပြီးတော့ (၅)သောင်း၊ (၁)သိန်း၊ (၂)သိန်းလှူရပြီ သူ့စေတနာကို ဒါပေမဲ့ သူလည်းယူထားတဲ့ အယူကကိလေသာနဲ့ တဏှာကဒင်းကြမ်းဖြစ်နေတယ်ဗျို့ အဲဒီတော့ လူတစ်ရာမှ ကိုးဆယ်ကိုးယောက်က အတ္တဖြစ်နေတယ်နော် အနတ္တတရားကိုရှာ အနတ္တရားကိုရှာလို့မရှာနိုင်ဘူးဆိုရင် သမ္မာကိုယူရမယ် မိစ္ဆာကိုပယ်ရမယ် အဲဒီတော့ ဒါတွေနဲ့လှူဒါန်းပြီးတော့ ဒီလူ့ဘဝမှာ ရက်တိုတိုနေရတဲ့အတွက် တို့ချွေတာပြီးသုံးမယ်တို့ သင့်တော်သလိုလောက်လှူမယ်၊ တို့စေတနာလည်းမပျက်ဘူး တို့ကုတ်ကုတ်ကလေးနေမယ် ရပ်သူရွာသူလည်း တို့လေးစားအောင်နေမယ် အခုတော့မင်းဘယ်လောက်ရှိလည်း ငါဘယ်လောက်ရှိလည်း အဲဒါပေါ့ လောင်းကြတာပေါ့ ချဲလောင်းကြတာပေါ့ ဘယ်လိုပြောမလည်းနော် ခင်ဗျားတို့အပေါ်မှာ မူတည်ပါတယ် ခွေးဖြစ်မယ်၊ ကြောင်ဖြစ်မယ်၊ တိရိစ္ဆာန်ဖြစ်မယ်၊ ပြိတ္တာဖြစ်မယ်၊ အသူရကာယ်ဖြစ်မယ်၊ ဒါတွေကစာတွေ ဦးပဏ္ဍိတမြင်တယ်မြင်လို့ ကုတ်သွားတာ ကြောက်လို့ လူ့ဘုံမှာမလုပ်တာ ဟိုတုန်းကမမြင်တော့ မကြောက်ဘူး၊ မကြောက်တော့ထင်တာတွေ လျှောက်လုပ်တာ အဲဒါခင်ဗျားတို့နားထောင် သိပ်ကြောက်ဖို့ကောင်းတယ်နော် သူကကျင့်ထားတဲ့လူတစ်ယောက် ကျင့်ထားပါတယ် ငါသိပ်ကိုကျင့်ထားပါတယ် လူတော့ထုတ်မပြဘူး မင်းငါကိုယုံကြည်ရင် ဒါတွေမင်းမလုပ်ပါနဲ့ သူငယ်ချင်းရယ် ငါးတောင်းပန်ပါတယ် မင်းတောင်းပန်ပါတယ်ကွာ မင်းအရိယာကိုရိုက်ထားတာလည်းမဟုတ်ဘူး ဆဲထားတာလည်း မဟုတ်ဘူး မအေကိုလည်းပြောမိတာမဟုတ်ဘူး မင်းအဲဒါပြောတဲ့ အသိလေးယူထား မကောင်းတာတွေ မလုပ်နဲ့ ငါကတော့မြင်ရတော့ သိရတော့ ငါလည်းကြောက်သွားပြီကွာတဲ့ ဟိုတုန်းကဒါတွေ မမြင်ရတော့ မသိရတော့ ငါလည်းဖွတ်လုပ်တာဘဲကွာ မင်းတို့မလုပ်ကြနဲ့တော့ သူငယ်ချင်းတို့ ငါလည်းအဲဒါတွေ ထုတ်ပြပါဆိုလို့ ဘယ်လိုထုတ်ပြရမလည်း ငါမင်းကိုသစ္စာနဲ့ပြောပြီးနားထောင်ပါ မင်းတို့အာရုံ(၆)ပါး မလွတ်သေးဘူး အဲဒီအာရုံ(၆)ပါးမလွတ်သေးရင် ကံကွ မင်းကံကမိစ္ဆာကံတွေဖြစ်ရင်တောင်ပိုင်း၊ ကွင်းပိုင်၊ တစ္ဆေ သရဲ ဂုမ္ဘန်၊ ယက္ခ၊ ရန္တပူ မင်းတို့အိမ်မှာ ခေါက်တုံ့ခေါက်ပြန်ဝင်လိမ့်မယ်ကွတဲ့ ခေတ်လိမ့်မယ်ကွတဲ့ အဲဒီအကောင်တွေက မင်းကကံကွတဲ့ ငါကအာရုံ(၆)ပါးလွတ်နေပြီကွာတဲ့ အဲဒီအကောင်တွေက ငါကိုအဲဒီအကောင်တွေက ရှစ်ခိုးတယ်ကွ အဲဒါမင်းကို ငါဘယ်လိုထုတ်ပြရမလည်း ကွ ခုနကမင်းတို့ ရွှေဝယ်လူက လူမတွေ့လားကွတဲ့ နဂါးကွ မင်းကြီးကွ အကြီးဆုံးကြီးဘဲကွတဲ့။

အဲဒါကလာရှစ်ခိုးတယ်ကွ လူးပြတယ်ကွ၊ မင်းလာဖူးမလား အေးငါဖူးတယ်၊ ငါနဲ့ ဘုရားသာသနာပြုတယ့်ကွ အဲဒါသိပေါ့ကွ၊ အဲဒီပွဲကကြည့်တတ်ဖို့လိုတယ်ကွ အဘိုးကြီးကိုခါးကုန်းကုန်း မသေပါနဲ့အုံး နောင်နှစ်ခါ တန်ဆောင်မုန်းပွဲကြည့်ပါအုံး မင်းဒီပွဲကြည့်လိုက် ကြည့်တတ်ဖို့လိုတယ်ကွ မင်းတို့ကကံတွေကွ အာရုံ(၆)ပါး မလွှတ် သေးဘူးကွ၊ မလွှတ်သေးတော့မင်းတို့ ဒါတွေတွေ့မလားတဲ့ အာရုံ(၆)ပါးလွှတ်သွားတဲ့ ဝိဇ္ဇာဉာဏ်ကသိတယ်ကွ သိလို့ ပြောတာ မင်းတို့ ငါလိုလည်းလိုက်မလုပ်နဲ့တဲ့ ငါဆီကအသိတာ မင်းတို့ယူထားတဲ့ လိုက်မလုပ်နဲ့ကွ ဒါပေမဲ့ ငါခိုင်းတာမင်းတို့လုပ်ပေါ့ကွ မင်းကငါ့ကိုပါရမီဖြည့်တာပေးတာမင်းအသိလေးနဲ့ ဖြည့်ပေးပါနော် မင်းတို့လုပ်နေတဲ့ အလုပ်တွေ ငါသိတယ်တဲ့ ငါမပြောရဲဘူး ကြောက်တယ် ဆူးပေါ်ဖက်ကျရင် ဖက်ပေါက်တယ် ဖက်ပေါ်ဆူးကျရင် ဖက်ပေါက်တယ် တစ်လုံးရတစ်လုံးယူကွ အဲဒါအပါယ်ပိတ်တယ် နတ်ပြည်မှာလေဟာ ဘယ်လောက်ကောင်းသလည်း အဲနတ်ပြည်မှာလည်း ကဏ္ဍာပါဘဲကွာတဲ့ အဲလူ့ထက်စာရင် ကောက်လည်းမရိတ်ရတော့ဘူး၊ ကောက်လည်းမရိတ်ရ တော့ဘူး၊ ပျိုးလည်းမနုတ်ရတော့ဘူး၊ ချဲလည်းမထိုးရတော့ဘူးကွ ဘာမှမလုပ်ရတော့ဘူး၊ မင်းနတ်သမီးတွေက အားကြီးဘဲကွ အဲဒါဘယ်လောက်ကောင်းသလဲနော် ဘုရားရဲဉာဏ်ဟာ ဟိုနတ်ပြည်မှာ အေးမင်းမိန်းထက်ချောတဲ့ ဟာတွေရှိတယ်ကွတဲ့ မဂ်လာဆောင်တာ သပိတ်ကလေးထမ်းလိုက်တာ ဘုရားရဲ့ဉာဏ်က လာလိုက်ခဲ့တဲ့ အမယ်လေး ဟိုကနေပြီးတော့ မောင်ရင်ဆက်ဆက်လာခဲ့နော်တဲ့ အေးပါကွာတဲ့ သပိတ်ကလေးထမ်းပြီးလိုက်သွားတော့ ဘုရားက ဟော့ကောင်ဟိုတောထဲက မျောက်မကြီးသစ်ငုတ်တိုပေါ်မှာ ထိုင်နေတာ မင်းမိန်းမနဲ့ဘယ်သူက ချောသလည်းတဲ့ ဟာဘုရားမို့ မိန်းမကညားကာစမင်္ဂလာဆောင်ဘဲရှိအုံးဖို့ မနက်ဘက်အဲဒီသပိတ်ထမ်းလာရတယ်ဗျို့ မင်းမိန်းမနဲ့ အဲဒီမျောက်မဘယ်သူကချောသလဲတဲ့ တောထဲမှာမေးတယ်ဟာ စိတ်ထဲသူမကောင်းဘူး ဟိုမှာစိတ်က မိန်းမဆီ ရောက်နေတယ် သူနဲ့မင်္ဂလာဆောင်တဲ့ အမျိုးသမီးဆီရောက်နေတယ် သူကသပိတ်ထမ်းလာရတယ်နော် ဘယ်လောက်ကြောက်ဖို့ကောင်းလည်းလို့ လူကတော့ဖြစ်နေပြီ မနောအာရုံကဖြစ်နေပြီ ကိုယ်ဘယ်ရောက်နေပြီး လည်းတွေ့တာကြည့်တော့ဗျာ အဲဒါကိုဟောတာပါဗျာ အဲဒါမှတ်ထားအဲဒီအာရုံက ကိုယ့်သတ်တာဘဲဗျို့ အဲဒီတော့ နတ်ပြည်ခေါ်သွားတဲ့အခါကျတော့ မင်းမိန်းမထက် ချောတာမင်းမလိုချင်ဘူးဘား ငါပြမယ် ဟိုကဘုရားကိုဗျ မြတ်စွာဘုရားဆိုတော့ ဖန်ဆင်းလို့ရတာပေါ့ဗျာ၊ ဦးမြမောင်ဘာတတ်လည်း ဘာမှမတတ်ဘူးနော် လွှက်ခြောက် ကဓေးဖြစ် အဲဒါလောကီအကြောင်းကဟာတွေ အဲဒါအလကားဟာတွေ အဲဒါနဲ့ သာသနာပြုတာ စာမတတ်လို့ ဒါဖြစ်တာနော် အဲဒီတော့ခုနက ဘုရားကပြတယ် ပြတဲ့အခါကျတော့အား သူဒီနတ်သမီးလိုချင်တော့ ထိုင်တာပေါ့ တရားဟာထိုင်တော့တော်တော်နဲ့မရဘူးဗျာ ထိုင်ဟယ်လုပ်ဟယ်နဲ့ကြာတော့ တရားသူပေါက်လာတယ်ယူလေတဲ့ မယူချင်တော့ဘူးဗျာတဲ့ ဟိုလည်းမသွားတော့ဘူးဗျာတဲ့ ဟောဘယ်လောက်ကောင်းသလဲပေါ့ဗျာနော် စာမတတ်လို့ ပြောသွားတာ ဒါကြောင့်မို့ခင်ဗျားတို့ကို ဖအေလို၊ အမေလို၊ အစ်ကိုလို၊ ဦးဇင်းကဒီဘဝမှာတွေ့တယ်၊ ဆုံတယ်၊ ကြုံတယ်၊ ကွဲရမှာ အနတ္တကိုဗျ ကွဲရမှာကအနတ္တ ပြန်ရမှာကိုအသက်ကလည်း (၇၀)ကျော်ပြီ လိမ်လိမ်မာမာနဲ့ မိဘကိုရိုရို သေသေနဲ့ ခင်ဗျားတို့နေကြ စားကြ နိုင်ငံတော်အစိုးရ ခိုင်းတာလည်းလုပ်ကြ ပိုက်ဆံ၊ ဝတ္ထုများနဲ့ ဝတ္ထုရှိမှ စိတ်ချမ်း သာမယ် အဲဒီဝတ္ထုကိုလည်း သမ္မာလေးနဲ့ ရှာဖွေပြီးတော့သုံးပါ ပေါက်တတ်ကရတွေမလုပ်နဲ့ လုပ်ချင်တော့ ဒီဘဝ ကံနိမ့်ရင်ခံရလိမ့်မယ်၊ အဲဒီတောင်ပိုင်း၊ ကွင်းပိုင်း၊ တခွေ သရဲ၊ ရမ္မန်၊ ယက္ခ၊ ဂန္ဓဗ္ဗအထဲရောက်သွားလိမ့်မယ်။

ကိုယ်ကမိစ္ဆာအယူတွေလုပ်တာဘဲ ကံနိမ့်ရင်ကားတိုက်ပြီးသေရော၊ စက်ဘီးလဲပြီးသေရော၊ ရေချိုးရင်းနဲ့လည်း သေမယ်၊ ခင်ဗျားတို့ ဆေးရုံသွားကြည့် ဘာရောဂါလို့မှန်းမပြောတတ်ဘူးနော်၊ ဆရာဝန်တွေက ရောဂါအမည်တပ်တတ်တယ် တချို့ကလည်း မတပ်တတ်ဘူးနော် ကံတွေဟာကံနိမ့်တဲ့အခါ ကျတော့နတ်ကလည်းဖမ်းစားတယ် ကရင်နတ်ကလည်းဖမ်းစားတယ်၊ ဟာနတ်ကလည်းဖမ်းစားတယ်၊ တရုတ်နတ်ကလည်းဖမ်းစားတယ်၊ ဟာကိုယ်က ကံကိုဗျာ၊ အဲဒီတော့ဒီကံတွေကို လွတ်သွားရင်အာရုံနောက်ကို ကိုယ်ကံမဖြစ်ရင် နတ်ကကိုယ်ကိုရှစ်ခိုးတယ် တောင်ပိုင်ကလည်း ရှစ်ခိုးတယ်၊ အသက်လည်းရှည်တယ်၊ လာဘ်လာဘလည်းပေါများတယ် အပါယ်လေးတံခါးလည်း ပိတ်တယ် ဘယ်လောက်ကောင်းသလည်းလို့ ဒီဝိပဿနာကိုလုပ်ကြပါ အပြင်မှာစင်ကြယ်မှခန္ဓာမှာစင်ကြယ်မယ် ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်၊ အပြင်မှာမြင်လိုက်တဲ့အာရုံပေါ်မှာ ကြားလိုက်တဲ့အာရုံပေါ်မှာ၊ နံလိုက်တဲ့ အာရုံပေါ်မှာ စားလိုက်တဲ့အာရုံပေါ်မှာ ထိလိုက်တဲ့အာရုံပေါ်မှာ ကိုယ်ကျင့်တရားထားပါ။ စာနာတဲ့စိတ်ထားပါ၊ စာနာတဲ့စိတ်ထားရင် ကိုယ့်ကျင့်တရားခေါ်ပါတယ် သံဝေဂတရားဆိုတာ အရိုးတောင်လိုပုံသေရတယ် ငါသွေးသားတွေ ဟာမမြဲပါလား ပျက်စီးရမှာပါလား၊ ပထဝီဓါတ်၊ တေဇောဓါတ်၊ အာပေါဓာတ်၊ ဝါယောဓါတ်၊ ဓါတ်တွေကလည်း ဖောက်ပြန်တယ်၊ အဲဒီဓါတ်တွေဖောက်ပြန်တဲ့အခါမှာ နာမ်ကလည်းခံစားတယ်၊ ဓါတ်ဖောက်ပြန်မှ နာမ်ကခံစားတယ် အသိကခံစားတယ် အဲဒါတွေအကျိုးနဲ့အကြောင်း အကျိုးနဲ့အကြောင်း ဒါလေးတွေကို သတိထားပြီး တော့ ကိုယ့်ခန္ဓာကို ကိုယ်ဉာဏ်စိုက်ပြီးတော့ကြည့်ပါရှုပါနော်၊ ဒါလေးတွေလုပ်တဲ့အခါမှာ ဒုစရိုက် (၁၀)ပါးလည်း လုံတယ် မနောကလည်းလုံတယ် အပြင်လည်းလုံးတယ်၊ အဲဒါတွေဘယ်လောက်ကောင်းလည်းလို့ ခင်ဗျားတို့ စီးပွားရေး သူထက်ငါကောင်းရောင်းလိုက်ကြတာ အထည်တွေတန်းတိုးပြီးရောင်းထားတာ အာတစ်ခါတည်း လမ်းကြီးတောင် ပိတ်ထားရတာ အဲဒီလောက်အထိ အစိုးရကလည်း အခွင့်အရေးပေးထားတာ ပြည်သူသွားတဲ့ လမ်းမကြီး တစ်ခုနော် တားဆီးကန့်ကွက်တယ်ဆိုတာ ဥပဒေရှိတယ် သူပိတ်ပေးတာ အဲဒါတွေလူထုရောင်းရပါစေ စားရပါစေ၊ အော်အေးအေး အေးနော်၊ ဟိုပုဂ္ဂိုလ်ကသိတတ်သလို ကိုယ်ကလည်းပြန်သိရမယ် ဒါတစ်ဖက်နဲ့တစ်ဖက် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ကျွန်းပင်ကကြီးတယ် ကိုင်းပင်ကမှီခိုတယ် အဲမှီခိုတတ်ဖို့လိုတယ် ကျွန်းပင်ကလည်းကိုင်းပင်ကို အော်ငါ့ကိုမှီခိုင် ပါလားဆိုတဲ့ အကြောင်းလေးတော့ သိရမှာပေါ့ ဟိုကလည်း အကြောင်လေးသိရမယ်နော် ဒါလေးတွေနေတတ်ဖို့ စားတတ်ဖို့ သေတော့သေမှာဘဲ သူဌေးလည်းသေမှာဘဲ ဘုန်းကြီးလည်းသေမှာဘဲ ဘုရင်လည်းသေမှာဘဲ အဲဒီရုပ်နာမ်လွတ်ဖို့လိုတယ် ဘာလွတ်ရမှာလည်း ဝိဉာဉ်လွတ်ရမယ် ဝိဉာဉ်လေးခုနက စပါးကြီးဖြစ်တယ် ကောသလမင်းခင်ဗျားတို့ ရေတွင်းပေါင်း၊ ရေကန်ပေါင်း လှူတဲ့မင်းကြီးဟာ သေတာစပါးကြီးဖြစ်တာစွဲလို့ အသံကိုသွားစွဲတာလိုက်တာ ဘယ်လောက်ကြောက်ဖို့ကောင်းလည်း လှူတာဘဲ အဆမတန်လှူတာ အကြီးအကျယ် လှူတာနော် ဒီအသံလေးကိုကြားလိုက်တော့ သူမှတ်ပြီးတော့စွဲတာနော် ပိန်းမြက်ခဏတော့ စပါးကြီးဖြစ်တာ ခင်ဗျားတို့ ဟိုရဟန်းကြီးတစ်ပါးလည်း လှေပေါ်တတ်လိုက်တာ လူးသွားလိုက် တာ ပရိတ်အိုးသွားကိုင်လိုက်တာ ပိန်းမြက်ပြတ် တော့ဟာ ငါသိမ်တက်ရအုံးမယ်၊ ငါသိမ်တက်ရအုံးမယ် ကုမ္မေပေါင်း ရှစ်သောင်းလေးထောင်ခင်ဗျာ သီလတွေ လုပ်ရက်သားနဲ့ ဒီအစွဲကြတော့ သူမသတ်နိုင်တော့ဘူး အဲကုမ္မေပေါင်းရှစ် သောင်းလေးထောင်တတ်ထားတဲ့ သီလတွေဗျာ။

အဲဒီပိန်းပြက်ဖိုးလေးသွားစွဲလိုက်တာ သိမ်တက်ရဒုံးမယ် သိမ်တက်ရဒုံးမယ် သိမ်မတက်ခင်လမ်းခုလပ်မှာ သေတယ် အဲပိန်းနဂါးကြီးဖြစ် အကောင်အကြီးကြီးဖြစ်တာ ဒါဒီရဲ့ဘဝမှာ အဲဒီအစွဲကြောင့်ခံရဒုံးမယ် အဲဒီကနေ လွတ်အောင် ကိုယ်အသိဉာဏ်လေးနဲ့ ရုန်းထွက်နိုင်အောင် ဒါနစစ်ကလည်းရပြီ၊ တို့သီလစစ်လုပ်ဖို့လိုတယ်၊ တို့ဒါန စစ်မင်္ဂမျိုးစေ့ရပြီ အဲဒါဒါနသူများလက်ထဲမှာ ရောက်အောင်ကို သိမ်းသိမ်းဆည်းဆည်းနဲ့ ဒါလေးကိုရင်ဝယ်ပိုက်ပြီးတော့ ငါလုပ်သမျှ အကြံအစည်တွေ မကောင်းပါသလား မလုပ်နဲ့ကိုယ့်ဒါနမင်္ဂဒါနခေါ်တယ်၊ မင်္ဂမျိုးစေ့မတူဘူး ဒီက ကျင့်ထားတဲ့ရဟန်းခေါ်တယ် ရှိရှိသေသေနဲ့ ဒီပုသိမ်မြို့မှာ လာပြီးတော့ ဒီမြို့သူ၊ မြို့သားတွေကို လာပေးတာနော် ဒီရတဲ့ပိုက်ဆံဝတ္ထုတွေကို ဒီပုသိမ်ဘုရားကြီးမှာ အကုန်ထားခဲ့တယ် ခွက်ထဲကပိုက်ဆံနည်းနည်းပါပါး (၆)ထောင်ဘဲ ဦးဖင်းယူသွားတယ် ဆင်းရဲတဲ့သူပေးပစ်တာလာလေစားကြကွာ ကျွေးတာကိုယ်ကျိုးအတွက်မဟုတ်ပါဘူး သာသနာ အကျိုးကိုလုပ်ပေးတာပါ လူတွေလည်းငတ်နေတဲ့လူ၊ ဆင်းရဲတဲ့လူ ထမင်းမှ မစားရတာဝယ်စားကြတဲ့ပေးတာ အဲဒါပြီးရောပေါ့ဗျာ။

(သာဓု သာဓု သာဓုပါဘုရား)

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

(၁၃-၉-၂၀၀၂) ရန်ကုန်မြို့၊ သာကေတ၊ ဓိနမာန်အောင်ဘုရားတွင်

ဝိသုဒ္ဓိဆရာတော်ဟောကြားတော်မူသော

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ် (၁၃၁)


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

ဖုန်း - ၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၂၅၁၆၂၀၁၂၈

၀၉-၄၄၇၅၇၂၃၅၅

### ၁၃၆၄ - ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၈)ရက်၊ (၃၁-၈-၂၀၀၂)ရက်နေ့
### သာကေတမြို့နယ်၊ ဇိနတ်မာန်အောင်ဘုရား ဝိမုတ္တိရသဓမ္မာရုံကြီး၌
### ဝိသုဒ္ဓိဆရာတော်ဦးပဏ္ဍိတ၏
### ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

စာပေကျမ်းဂန်မတတ်ဘူး နော်ငယ်ငယ်ကစာတွေသင်မလာတဲ့အတွက်ကြောင့် စာမတတ်ပါဘူးတဲ့ အားလုံး ရှိကြတဲ့ ဒကာ၊ ဒကာမ၊ တရားနာကြတဲ့ ပရိတ်သတ်အပေါင်း၊ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်အားလုံးရှိကြတဲ့ ကိုရင်လေးကစပြီးတော့ ဆရာတော်အထိတပည့်တော်ဟာ စာပေကျမ်းဂန်မ တတ်တဲ့အတွက် စကားပြောတဲ့အခါ မှားယွင်းမှုပါရင် အားလုံးသီးခံပါတဲ့ စာနဲ့စိတ်နဲ့တစ်ထပ်တည်းဖြစ်အောင်ပြောရမဲ့ တရား၊ အဲဒါတွေက အင်မတန် အရေးကြီးတယ်နော် အဲဒါကြောင့်မို့ စာနဲ့ဘဝစိတ်နဲ့တစ်ထပ်တည်းဖြစ်မှာ သစ္စာလို့ခေါ်တယ်၊ အဲဒါကြောင့်မို့ စာမတတ်ပေမဲ့ ခန္ဓာသိလေးတော့ သဘောလေးပြောသွားမယ် ဘာကြောင့်စာမတတ်လည်းတဲ့ သူဟာအသက် (၅၀) ကျော် အရွယ်လောက်မှ လောကီကို အားကိုးစရာမရှိလို့ လောကုတ္တရာကို နှလုံးသွင်းပြီးတော့ အနတ္တတရားကိုရှာတာပါ ကိုယ်ဖြစ်နေတာက အတ္တတွေဖြစ်နေတယ် အတ္တဆိုတာ ဇမာလိုအစွဲငါမြင်တယ်၊ ငါးကြားတယ် အဲဒါအစွဲ စာလိုဆိုတော့ အတ္တတဲ့ စာနဲ့စိတ်နဲ့ ငါ့မိန်းမ၊ ငါးသားဘဲ အဲဒါက အတ္တကနေပြီးတော့ သွားမှတ်တာ ဒါငါ့မိန်းမ၊ ဟော့ဒါ ငါ့သား၊ ဟော့ဒါငါ့သမီး၊ အဲဒါသညာခေါ်တယ်အမှတ်ခေါ်တယ်နော် ဒါကခန္ဓာနဲ့ စာနဲ့ သဘောလေးပြောပေးတာ အဲဒီတော့ အတ္တနယ်ကနေပြီးတော့ အနတ္တနယ်ကို သဘောလေးလောက်ဦးဖင်းပြောသွားပါ့မယ်။ စာပေကျမ်းဂန်း၊ ရေးထားတယ် ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ်တရားရှိတယ်၊ ကိုယ်မှာရှာတဲ့နော်ကိုယ်မှာရှာရင်သိမယ်၊ ဘုရားကဟောထားတယ်၊ ကံတရားကို သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စတဲ့ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တတဲ့၊ သင်္ခါရဆိုတဲ့အကြောင်းလေးထည့်ထားတယ်နော် သဗ္ဗေဆိုတာက အဲဒါတွက်တာကြည့်ပေတော့ဗျို့ ဒါကလည်းအစွဲတရားနော် အဲဒီတော့ ခင်ဗျားတို့ လူတင်မကဘူး ကြက်ကလေး တစ်ကောင်၊ တောထဲကယူလာတဲ့ ကြက်ဖလေး ဟိုမှာမြို့ထဲက ကြက်ဖလေးနဲ့ ချပေးရင်ခွပ်တာဘဲ အဲဒါအစွဲ အစွဲကို ဟောနေတာ ကံကိုပြောနေတာနော်၊ ဘယ်ကံလည်း မနောကံ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သံသရာဘယ်ကစသလည်း မနောကံကစတယ်၊ သံသရာဘယ်ကပြတ်သလဲ၊ မနောကံကပြတ်တယ်၊ နိဗ္ဗာန်သည် ခန္ဓာမှစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်တဲ့ ဒါစာလေးနဲ့ရေးထားတယ်နော် ဘယ်သီလမှာချုပ်လည်းတဲ့အပြင်၊ သီလပညတ်သီလကို ပရမတ်ကချုပ်ထားတယ်၊ သဘောလေးသာနာဒါဝိပဿနာ ဝိပဿနာရဲ့အလုပ်ပြောတာနော်၊ ဒါကြောင့်မို့ သဗ္ဗေ အလုံးစုံသောသင်္ခါရ အနတ္တတဲ့ အဲဒီမှာပါနေတယ်၊ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ ခန္ဓာမှာဉာဏ်စိုက်၊ အဲဒီတော့ တရားအားထုတ်၊ တရားအားထုတ်ချင်ရင် အခုခင်ဗျားတို့ယူထားတဲ့ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ ငါးပါးသီလမှန်တယ်ဗျို့ သိပ်မှန်တယ်ဗျို့ သူ့ထက်မှန်တဲ့သီလရှိသေးတယ်တဲ့ ဘယ်သီလလည်းမနောတဲ့ စာကရေးထားတယ်၊ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိတဲ့အဲဒီသီလအမြတ်ဆုံးဘဲတဲ့ ဟိုသီလကတော့၊ ကာယကံ၊ ဝစီကံသူများအသက်မသတ်ပါဘူး၊ သူများပစ္စည်းမခိုးပါဘူး၊ သူများသားမယားမဖျက်စီးပါဘူး၊ သေရည်သေရက်မသောက်ပါဘူး၊ ဝိကာလ၊ ဘောဇနာမစားပါဘူး၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပနတီးခြင်း၊ မှုတ်ခြင်းနှံ့သာ လိမ်းခြင်း၊ မဖွယ်မရာမပြောပါဘူး မလုပ်ပါဘူး၊ ဟောဒါအပြင်သီလရှောင်ထားတဲ့ သီလခင်ဗျာတို့ ရှောင်ထားတဲ့ သီလ၊ ဟိုသီလ

ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိသီလကဆောင်ထားတဲ့သီလ၊ ပညာသီလ၊ ဟိုအပြင်ကသီလက သညာသီလမှတ်ထား ခင်ဗျာတို့ သဘောလေးနဲ့ ပြောသွားမယ်အဲဒီတော့ ကိုယ်လုပ်မယ်လုပ်လည်း အသီးတစ်ရာအညှာတစ်ခု၊ အသီးတွေ လျှောက်ပြီးတော့ ဖြုတ်နေရင်ကြာတယ်ဗျို့ အဲဒီတော့ တရားထိုင်၊ ကျွဲကူးရင်ရေပါတယ်အပြင် သီလတွေ၊ ကာယကံ၊ ဝစီကံ၊ သီလတွေအကုန်ချုပ်ရမယ် မနောသတ်မယ်၊ ခုနက ခင်ဗျာတို့ယူထားတဲ့ သီလကတော့ မှန်ပါတယ်၊ သိပ်မှန်တယ်၊ ဒါပေမဲ့ အဲဒီသီလခင်ဗျာမှန်ပေမဲ့ ခင်ဗျားသားလေးရေနစ်သေတယ် ခင်ဗျားတိုက်တွေ၊ ပစ္စည်းတွေ မီးလောင်တယ်ဆိုရင် ပိုင်ရှင်ဘယ်လိုနေမလဲ ပူတာပေါ့၊ဘုန်းဘုန်းရယ်တဲ့ ပူတာပေါ့ ဘုရားတဲ့ သားလေးလည်း သေ၊ သမီးတွေလည်းသေ၊ တိုက်တွေလည်းမီးလောင်တယ်၊ ဥပမာဖြစ်သွားရင် ပိုင်ရှင်ဘယ်လိုနေမလည်း ပူတာပေါ့၊ ဘုန်းဘုန်းရယ်၊ အဲဒီအပူခင်ဗျာယူထားတဲ့သီလတွေအပြင် သီလတွေနဲ့ ဒီစိတ်ကလေးကိုသတ်လို့ရပါ့မလားတဲ့ မရပါဘူး ဘုန်းဘုန်းရယ်တဲ့ ပေါ့သူကပြောတယ်မရပါဘူးတဲ့၊ အဲဒီသီလဆိုတာ သားတွေ၊ သမီးတွေလည်း မသေတိုက်တွေလည်း မီးလောင်တယ် အဲဒါသူမပူတဲ့၊ အေးတယ်တဲ့ သူ့ရင်ထဲမှာ အေးနေတယ်တဲ့ အဲဒီအရာကိုမှတ်လည်း မမှတ်ဘူး၊ ယူလည်းမယူဘူးတဲ့ အဲဒါပညာဘဲဗျို့နော် သညာက ပညာကိုကူးလိုက် ဝိပဿနာ ဝိဆိုတာအထူးဘဲ အဲဒါလုပ်ခင်ဗျားကို စားကောင်းသောက်ကောင်းလုပ်တဲ့ သီလမှန်တယ်နော် အစွဲတရားမပယ်နိုင်တဲ့ သီလတွေလုပ်နေတယ် အဲဒါရှောင်ထားတဲ့ သီလအပြင်သီလအတွင်း သီလရှိတယ် ဒါကြောင့်မို့ စာကရေးထားတယ် သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာတဲ့ ဟောစာရေးထားတယ်၊ စာသွားမဖျက်နဲ့ စာကသိပ်ထူးတဲ့စာ၊ စာနဲ့စိတ်နဲ့တစ်ထပ်တည်းဖြစ်အောင်လုပ်နော် ဒါမှခင်ဗျားသိလိမ့်မယ် စာနဲ့စိတ်နဲ့တစ်ထပ်တည်းဖြစ်မှ အရိယသစ္စာခေါ်တယ် စာနဲ့မနောစိတ်နဲ့မဖြစ်ရင် အဲဒါသမုတိသစ္စာခေါ်တယ်၊ သမုတိရဟန်းခေါ်တယ်၊ ဟိုဟာက အရိယာရဟန်းခေါ်တယ်မှတ်ထားစာနဲ့စိတ်မှန်မှာ စာမတတ်ပေမဲ့ သဘောလေးကို သူပြောပြောသွားတယ်နော်။ ဒါကြောင့်မို့ သဗ္ဗေအလုံးစုံသော သင်္ခါရ၊ အနိစ္စာ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ၊ ဒုက္ခာ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ၊ အနတ္တာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တခန္ဓာမှာ ဉာဏ်စိုက် အဲဒီတော့ဒီကာယကံတွေ၊ ဝစီကံတွေ၊ မနောကံတွေဟာ ဘယ်ကဖြစ်သလည်း နော်ခင်ဗျားတို့တွေးကြည့်၊ မနောကံလို့ခေါ်ထားတယ် ကံဆိုတာဖွေးတာကြည့်ပေတော့ဗျို့ ကံဆိုတာ ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုတဲ့ကံရှိတယ်ဗျာ၊ ကိုယ်ပြုလုပ်တဲ့ကံကတော့သွားရိုက်တာပေါ့ဗျာ၊ သွားဆဲတာပေါ့ဗျာ၊ အဲဒါ ကိုယ်ပြုလုပ်တဲ့ကံကိုယ်မပြုလုပ်တဲ့ကံ အဲဒီကံက ခြေမရှိ လက်မရှိတဲ့ကံက သိပ်ကြောက်ဖို့ကောင်းတယ် သံသရာလည်တာ သူဘဲနော်မှော်တရား၊ မြုပ်တရား၊ ပေါ်တရားရှိတယ်အဲဒါကျင့်ကြ ကြံကြ အားထုတ်ကြ စာမတတ်ဘူး၊ အဲဒီတော့ သံသရာလည်တဲ့တရားနဲ့ သံသရာပြတ်တဲ့တရား ဘယ်ဟာကောင်းသလည်း ပြတ်တဲ့တရားကောင်းတယ်။ ပြတ်တဲ့တရားကောင်းရင် ကံကိုဖြတ်ဖြစ်လိုက်စွဲရင်၊ ကံမစွဲရင်ဉာဏ် ဒါဘဲရှိတယ်၊ ဘာဉာဏ်လည်း ဂမ္ဘီရဉာဏ်၊ အာဂနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာလောကော၊ ဥဒပါဒိ၊ ဉာဏဥဒပါဒိရေးထားတယ်၊ အသက္ကာယာဉာဏ် အာရုံမှာပညာနဲ့ ယူတာ အာရုံမှာသညာနဲ့ယူထား တယ်။ ကံဖြစ်တာပေါ့ဗျာ အာရုံအမှတ်နဲ့ယူထားတယ်မှတ်ထား အဲဒါကံဘဲ အဲဒါကံခေါ်တာအလယ်လေး ငါ့သမီးလေး ရိုက်လိုက်တာဆိုတော့ မအေကတစ်ခါတည်း၊ အံကြိတ်ပြီးတော့ သူကလေးကိုထိတော့၊ သူ့ဒေါသဖြစ်သွားတယ်ဗျို့။

အဲ့ဒါအမှတ်ပေါ့ဗျာ အမှတ်ကြောင့် သခ်ီရတွေဖြစ်ကုန်တာနော် သညာသခ်ီရ ဥပါဒါန်ကံတွေဖြစ်ကုန်တာ သံသရာဘယ်ကစလည်းအဲဒီခန္ဓာကစတယ် ဘာကြောင့်စသလည်း အာရုံကိုမလွှတ်လို့ဖြစ်တာ ဒီဟာအင်မတန် နုတဲ့တရား ဘာတရားလည်း စိတ္တနု ပဿနာကို ပြောတာဓမ္မနုပဿနာကို သိလို့ဟောတာသေချာလေးပြောသွားမယ် သက်န်းချုတ်ပါဆိုချုတ်ပေးလိုက်မယ်ရသွားပြီး ပဏ္ဍိတကနော် ဒါကိုယ်အဖေတွေ အမေတွေအလုပ်လုပ်မှ ဒါတစ်ချက် ခုတ်၊ နှစ်ချက်ဖြတ်တယ်၊ အဲဘယ်ခုတ်မလဲ မနောကိုသတ်မနောကိုသတ်ရင် ကာယဝစီကံငြိမ်တယ်။ အဲဒီအကောင် သတ်ရင် ကာယဝစီကံငြိမ်တယ်၊ အပြင်ကံတွေလုံတယ်အပြင်မှာ စင်ကြယ်မှာ ခန္ဓာစင်ကြယ်မယ် ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ် ဝိပဿနာက ဉာဏ်စခန်းခေါ်တယ် သမထနဲ့တင်းတိမ်တာတာတော့ အဲဒီအကောင်တွေပေါ့ ဗျာ၊ ဝိဇ္ဇာမိုရ်တို့၊ ဝိဇ္ဇာပေါက်တို့ အရိယာဝိဇ္ဇာတို့၊ သမထနဲ့ တင်းတိမ်တာကတော့မှန်ပါတယ်ဗျာ။ အပျက်ကိုရှုပါ ဒါကြောင့်မို့ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်၊ ခန္ဓာမှစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ ဝိပဿနာဉာဏ် စခန်းခေါ်တယ်။ ဉာဏ်အစစ်ဉာဏ်လေးသက်သက်ဘဲနော် အဲဒီဉာဏ်ရသွားရင် ခင်ဗျာတို့သိပါလိမ့်မယ်ဗျာ။ အဲ့ဒါ ဆုတောင်းတာ အဲဒီဉာဏ်ပါဘဲ မဂ်ဉာဏ်ပါဘဲ အဲ့တော့ မဂ္ဂင်ရှစ်ပါးလမ်းဆုံးတော့ ရွာတွေ့တော့ အဲဒါဉာဏ်ခေါ်တယ်။ တကယ်တွေ့ရင် တကယ်ဉာဏ်ရတယ်။ မတွေ့ရင်တော့မသိဘူးပေါ့ဗျာ၊ အဲဒီတော့အနတ္တနဲ့ အတ္တဆိုတာ ဗမာလိုစိတ်ကသွားစွဲတာ ငါမြင်တယ်ကွ၊ ငါကြားတယ်ကွ၊ အယူမှားတယ်ငါလို့ယူထားတယ်နော် ဒုက္ခသစ္စာကို မသိဘူးနော် သူစွဲတော့မယ် ငါမြင်တယ် ငါကြားတယ်၊ ငါမှတ်တယ်၊ ဟောသညာက မှတ်ပေးတယ်။ ပညာမဟုတ် ဘူး၊ သညာက ကိုယ်သိတဲ့အသိ သညာခေါ်တယ်၊ အဲဒီအစွဲဥပါဒါန်ကြောင့် ကံလို့ခေါ်ပါတယ်။ ဘယ်ကံလည်း မနောကံ ဘယ်သူနဲ့ ပေါင်းလည်း၊ စက္ခုနဲ့မနောနဲ့ပေါင်းတယ်၊ နားသောတနဲ့ မနောနဲ့ပေါင်းတယ်၊ နှံသာနဲ့မနောနဲ့ ပေါင်းတယ်၊ ဇိဝှါနဲ့မနောနဲ့ပေါင်းတယ်။ ကိုယ်နဲ့မနောနဲ့ပေါင်းတယ် စာတော့မဟုတ်ဘူးနော် အဲဒီတော့ မြင်လိုက်တယ် ကားလေးပေါ့ ကောင်းကွာမင်းအဲဒီကားလေးက (၁၀)သိန်းတန်တယ် မင်းငါကိုကွာ (၆)သိန်းဘဲပေးပါကွာ၊ ဟာဝမ်း သာလိုက်တာ ဟိုကကားပိုင်ရှင်က (၁၀)သိန်းတန်တဲ့ပစ္စည်းကို (၆)သိန်းကိုရောင်းတယ် ဝယ်မဲ့အကောင်ကလည်း သူ့လက်ထဲမှာ (၁၀)သိန်းလောက်ရှိတယ်။ သာယာတာ တဏှာခေါ်တယ်၊ အဲ့ဒီတဏှာက ဥပါဒါန်းကံဖြစ်တယ်ဗျို့။

အဲ့ဒီကားလေးကို သွားသာယာတာ အသံမှာလည်း သာယာတယ်။ စက္ခုမှာလည်းသာယာတယ်၊ နားသောတ မှာလည်းသာယာတယ်၊ ဈေးကလည်း(၁၀)သိန်းက (၆)သိန်းကြားတယ်၊ မျက်စိကလည်းမြင်လိုက်တော့ ကားလေး ကလည်း ရုပ်ကလေးလှရဲ့သားနဲ့ အမယ်လေး ဝမ်းကိုသာနေတာဘဲနော် အဲဒါကို ကိုယ်လည်းပင်းကိုကြိုးကွင်းချည် ထားတာ မသိဘူး၊ အဲဒါတဏှာဘဲ တဏှာကနေကံဖြစ်တာ အဲဒါသံသရာလည်တဲ့ တရားဘဲ သံသရာအခုလည်နေတာ နောက်အနာဂတ်ကိုလည်းသွားလိမ့်မယ်။ ဘာနဲ့သွားမလည်း အနာဂတ်ကိုသွားမယ်ဆိုတဲ့လမ်းကလေးက စာတော့ မဟုတ်ဘူး စာရေးထားတယ်။ ကိလေသာဝဋ်တဲ့ ကမ္မဝဋ်တဲ့၊ ဘဝဝဋ်တဲ့၊ ဝိဘာကဝဋ်တဲ့ ပါသွားပြီး သူမပယ်ဘူး ဘာကို မပယ်လည်း၊ သူမပယ်တဲ့အကြောင်းလေးက ကမ္မာဘဝ၊ ဘဝါသ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါးအပြင်၊ အာရုံ(၅)ပါးနဲ့အတွင်းနဲ့ ပေါင်းတယ်နော် ပေါင်းလိုက်တယ်၊ ပေါင်းပြီးတော့ သညာနဲ့ပေါင်းထား တယ်။

ကြည့်စမ်းအမှတ်နဲ့ပေါင်းထားတာ ပညာနဲ့သာပေါင်းထားရင် ထူးသေးတယ်ဗျို့ သညာနဲ့ ငါသိတဲ့သညာနဲ့ပေါင်းတယ်။ ငါမြင်တယ်ဆိုကတည်းကသွားပြီးနော် အဲဒါရုပ်ကိလေသာ ကိလေသာက ဒုက္ခသစ္စာကို မသိဘူး၊ ဒုက္ခသစ္စာကိုမသိတော့ သမုဒယသစ္စာအကျိုးနဲ့အကြောင်းကို သတ်လို့မရတော့ဘူးဗျို့ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း ဟောအဲဒါအကြောင်းဘဲ အကျိုးတရားပေါ်က အကြောင်းတရားတွေဖြစ်နေတာ ကိုယ်စိတ်ကိုယ်စစ်သူများ စိတ်သွားမစစ်နဲ့ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့နော်၊ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ် ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ် ကိုယ့်လက်ကြီးတဲ့သူလည်း ရှိသေးရမယ်၊ ကိုယ်ကျင့်တရားထားရမယ်၊ ဗြဟ္မာစိုတရားထားရမယ်၊ သံဝေဂတရားထားရမယ်၊ ကိုယ့်ကိုကိုမာန်တွေ၊ ရာဇမာန်တွေ၊ ခနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ စာမာန်တွေပယ်လိုက် မစွဲနဲ့ အဲ့ဒီတော့ ဒါကပယ်ရမယ့် ခင်ဗျာလိုချင်တာကို နိဗ္ဗာန်ကို မင်္ဂဉာဏ်လိုချင်တာကို ကမ္မသဝ၊ ကဝိသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟော အဲဒိဒိဋ္ဌိသတ်ပြီးတော့ ဒိဋ္ဌိနဲ့အာရုံ(၆)ပါးနဲ့ မယူနဲ့တော့ဗျာ၊ အဝိဇ္ဇာဆိုတာ အဲဟာ အာရုံ(၆)ပါးပေါ့ဗျာ၊ ဒိဋ္ဌာသဝဆိုတာ ဒိဋ္ဌဟောတရားထိုင်ပြီး ဟောအာရုံ(၅)ပါးပယ်ပြီ အဲဒီအကောင်တွေ မြင်ချင်လား၊ မမြင်ချင်ဘူး၊ မကြားချင်းဘူး၊ မနောကလည်းမသိချင်တော့ဘူး၊ ဟောအဲဒီအပြင် အာရုံ(၅)ခုကို ငါမယူတော့ပါဘူးကွာတဲ့ သိလည်းမသိချင်တော့ပါဘူးကွာတဲ့ အဲဒီတော့တရားထိုင်တော့ ဟောဒီနှာခေါင်းနှစ်ပေါက် ဦးဇင်းရဲ့ သဘောလေးပြောမယ်၊ ဝင်သွားလိုက်၊ ထွက်သွားလိုက်၊ ဝင်သွားလိုက်၊ ထွက်သွားလိုက် အဲဒီလိုဝင်တယ် ထွက်တယ်၊ ဝင်တယ်၊ ထွက်တယ်ဆိုတဲ့ခင်ဗျာသိချင်ရင် အဲဒါလေးကို သတိလေးထားဝင်တာကိုလည်း သိကယ် ထွက်တာကိုလည်းသိတယ်။

သတိလေးထား အဲ့ဒီတော့မှ ခင်ဗျားအသိလေးသိလာလိမ့်မယ်၊ ခင်ဗျာစိတ်ကလေးသိလာလိမ့်မယ်၊ စိတ်ကလေးဘယ်မှာနေလဲ ဒီမှာနေတယ် ဟောဒီအာရုံမှာနေတယ် အဲဒီဘဝင်စိတ်ကလေးက ဒီအာရုံမှာနေတယ်၊ ဝင်တာသိတယ်၊ ထွက်တာသိတယ်၊ အဲဒါအမိစိတ္တခေါ်တယ် အဲဒီစိတ်ကလေး စိတ်ကလေးအကြောင်းပြောတာနော် အဲ့ဒီတော့မှခင်ဗျားမှာ အဲဒီစိတ်ကလေးငြိမ်တော့မှ တလိုဘယ်လိုခေါ်လည်း သမာဓိလိုခေါ်တယ်၊ ဟာအဲဒါသမာဓိ ဘဲ သဘောလေးဟောတာ ဉာဏ်ဘက်ကို မရောက်သေးဘူး အဲ့ဒီဘဝင်စိတ်ကလေးကိုထိန်းထားတယ်၊ ဆင်းလိုက်၊ တက်လိုက်၊ စာမတတ်ဘူးနော်၊ သဘောပြောတာ အာရုံလေးကို ခင်ဗျားမှတ်ထား၊ သတိလေးထား၊ အာရုံကို သတိလေးထားတော့ စိတ်အကြောင်းကို သိလာမယ်ဆိုလဲ မနေနဲ့သတိလေးထား၊ သတိလေးထားတော့ မျက်ခြေမပျက် ကစ်ခါတည်း ဒီအာရုံကို သတိအမြဲကပ်ထား အဲဒီတော့သတိလေးကပ်ထားတော့ စိတ်ကလေးငြိမ်လာလိမ့်မယ် အဲဒါအမိ စိတ္တခေါ်တယ် အဲဝင်တဲ့ထွက်တဲ့အာရုံက၊ တခြားဘဝင်က ဘာတွေသွားတွေးလည်းဆိုတော့ အိမ်ရောက်လိုက်၊ ဟောရောက်လိုက်၊ တောင်ရောက်လိုက်၊ မြောက်ရောက်လိုက်၊ ပုဂံရောက်လိုက်၊ ဈေးရောက်လိုက်၊ အဲဒီလို စိတ်ကလေးတွေဟာ ပျံ့နှံ့ ပြီ ရောက်နေတဲ့အတွက်ကြောင့် ဒါသခါရလို့ခေါ်လိမ့်မယ်လို့ထင်တယ် ဦးဇင်းကစာမှ မတတ် ဘာကိုနော် ဒါကြောင့်မို့ ရုပ်ကုဋေ (၅)ထောင်နာမ်၊ ကုဋေတသိန်းဖြစ်ပျက်မှ မသိရင်ကိလေသာ ကြွေးတင်တယ်၊ ဘာကြွေးတွေတင်လဲ တဏှာကြွေးတွေတင်နေတယ်၊ ရုပ်ကိုမသိလို့ တဏှာကြွေးတွေ

တင်နေပဟာ အဲ့ဒီတဏှာကြွေးတွေတင်တော့လည်း ပြန်ပြီးသံသရာနော်၊ တဏှာသတ်တဲ့ ရဟန်းခေါ်တယ် ဇာမတတ်ပေမဲ့ ပြောသွားမယ်၊ ခင်ဗျားတို့ကို တဏှာကို ကစားသွားတယ် တဏှာကိုဉာဏ်နဲ့ကစားသွားတယ် မှတ်ထားအုံးနော်၊ အဲ့ဒီ တော့ အဲဒီလိုငြိမ်လာတဲ့အခါကျတော့ ဘဝင်လေးက စိတ်လို့သာခေါ်ဝေါ် သမုတ်ထားတာကိုင်ပြလို့မရဘူး၊ ထုတ်ပြလို့ လဲမရဘူး၊ ဘုရားက ပညတ်ခဲ့တယ်နော် ပညတ်တရားရှိတယ်၊ ပရမတ်တရားရှိတယ်၊ ဘာတွေပညတ်သလည်း ကံသမားတွေကို ပညတ်တာကံဘုန်းကြီးတွေကို ပညတ်တာအဲဒီလိုဘဲပြောတော့မယ် ကံဆိုတာက သမုတိသစ္စာ ခေါ်တယ် ဟိုမှာတက်ထားတဲ့ အရိယာသစ္စာ သူတို့အနားကပ်တာတောင်မသိဘူးနော်၊ အနားကပ်နေတဲ့ပုဂ္ဂိုလ်တွေ တောင်မသိဘူး အဲ့ဒီလောက်ပဲနော် ဒါကြောင့် ဒီဝိပဿနာကို လုပ်ကြပါ။ သက်နိုးဝတ်ပြီးတော့ ခင်ဗျားတို့ကို ဟောသွားတာ မလိမ်ဘူး၊ လိမ်တဲ့တရားမဟုတ်ဘူး အရိယာသစ္စာခေါ်တယ်နော် သမုတိသစ္စာခေါ်တယ်၊ အဲဒီအရိယ သစ္စာခေါ်တာ ဘာတွေလုပ်သွားလဲည်း ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာတွေလား၊ ဒါတွေလုပ်သွားပြီးတော့ ဂဏကြေသွားတာ ခန္ဓာငါးပါးကို ထုံးလိုမွှေ ရေလိုနှောက်မှ ရုပ်နာမ်လိုသိတာ အဲ့ဒီရုပ်နာမ်ဟာ ကိုယ့်ဒုက္ခပေးတဲ့ ကံတရားကြီးပဲ အဲဒါကိုအဟုတ်အောက်မေ့တယ် အားကြည့်စမ်းရုပ်ကမသိတော့ ဘာဖြစ်လည်းဆို သညာသင်္ခါရ ဥပါဒါန်းနာမ်ခန္ဓာလေးပါးကလိမ်ပြီးဗျို့ နာမ်နိုင်းတာရုပ်ခွေးဖြစ်နေပြီဟာ နာမ်ကခိုင်းထားတယ် အမယ်လေး ခြေမရှိ လက်မရှိတဲ့ အကောင်ကခိုင်းထားတယ် ရုပ်ကခွေးဖြစ်တာဘဲဗျို့ ဘယ်သူခိုင်ထားလည်း နာမ်တဏှာကခိုင်းထားတာ မှတ်ထား ရုပ်ခွေးဖြစ်နေပြီ ကိုယ့်ကိုကိုယ့်ခွေးဖြစ်လို့ဖြစ်မှန်းလည်း မသိနော် အဲ့ဒီရုပ်ကြီးက ဝေဒနာ၊ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား သမုဒယသစ္စာ၊ ဆင်းရဲခြင်းအကြောင်းအမှန်တရား နိရောဓ နဲ့ မဂ်အဲ့ဒါအကောင်းဆုံးဘဲ တန်ဖိုးမဖြတ်နိုင်ဘူးနော် အဲဒါသစ္စာလေးပါး အဲဒါဘုရားမှဟောတာမှတ်ထားအုံး ကံကိုဟောသွားတာ ဥပါဒါန်းကိုဟောသွားတာအခုကံပြတ်လား ကိုယ်စိတ်ကိုယ်စစ်ခင်းဗျာ သစ္စာနဲ့သာပြောနော် စိတ္တာနုပဿနာ စိတ်ကနေ ခါတ်ဖြစ်မှ ဒီကံကိုသိမှာနော် အဲဒီတော့စိတ်ဆိုတာမြင်တာပေါ့၊ ငါသိတာစိတ်ပေါ့ အဲဒီသိတဲ့စိတ်ကလေးက ဘာနဲ့သိသလည်း ငါမေးမယ်ကျွန်တော်သညာနဲ့သိတာအေးတော်ပြီ ပြန်ပေတော့တဲ့မင်း နော် အမှတ်နဲ့သိထားတယ် အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ သောမနဿ၊ ဒေါမနဿ၊ ဒါကံတရားတွေအစွဲတရားတွေ ကိုယ့်ကို ကိုယ်စွဲနေတာ အဲဒါ(၃၁)ဘုံလည်နိုင်တဲ့တရားတွေနော် ခုနက အပါယ်ကို သွားတာသက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ အဲဒါစာနော်၊ အဲဒါအတ္တဒိဋ္ဌိတွေ မိစ္ဆာဒိဋ္ဌိတွေ ဒိဋ္ဌိတွေပါတယ်နော်၊ အဲ့ဒီတော့ ဝိပဿနာ တရားထိုင်အာရုံ(၅)ပါး ယယ်အတွင်းထိတယ်၊ သိတယ်၊ အနတ္တရှုအတ္တပယ် အဲဒါဒိဋ္ဌိသတ်တာ ဒိဋ္ဌိကအာရုံနဲ့ မနော ပေါင်းတာ ပေါင်းပြီးတော့မှ သင်္ခါရတွေဖြစ်ကုန်တာ သညာသင်္ခါရတွေဖြစ်ကုန်တာ ဒိဋ္ဌိကိုသတ်မှ တဏှာပြတ်မှာနော် အဲဒီဟာအာရုံနဲ့ ဒသဒဒဒသသဒဒဒဒဒဒပေါင်းထားတာအဲဒီမနောနဲ့ အာရုံပေါင်းထားတာအဲဒါ ဒိဋ္ဌိလို့ခေါ်မယ်၊ အဲဒီတော့ သွားစွဲတာ ငါမြင် တယ်၊ ငါကြားတယ်ဆိုတာက ငါမြင်တယ်ဆိုတာက အတ္တစွဲတာက သညာလုပ်လို့ စွဲလိုက်တာအမှတ်ကလုပ်လို့ စွဲလိုက်တာ အဲငါမြင်တယ်ကွဆိုတာ အတ္တမစွဲသေးဘူးမြင်တဲ့ အာရုံမှာဘာနဲ့မြင်သလည်းအမှတ်နဲ့မြင်တာစွဲတော့မယ် အာငံ့မိန်းမလာတယ်ဟေ့ သားလေးရေဆီးကြိုကြရအောင် ပြီးနေပြီကံတွေက မသိလိုက်ဘူးနော် ဒါကြောင့်မို့ သဗ္ဗေအလုံးစုံသော သင်္ခါရ၊ အနတ္တ၊ တရားထိုင်အပြင် သီလရှိတယ် ပညတ်သီလရှိတယ် ပရမတ်သီလရှိတယ်၊ အတ္တသီလရှိတယ်၊ အနတ္တသီလရှိတယ်နော် သညာသီလရှိတယ်၊ ပညာသီလရှိတယ် အဲဒီတော့ကံတရားရှိတယ်။

ကံတရားဆိုတာဘာလဲ အဲကံတရားဆိုတာက ခင်ဗျားတို့ရဲ့ လုပ်ကြတယ်တန်းကြတယ်၊ ဒါနရဲ့ကုသိုလ်တွေ သီလရဲ့ကုသိုလ်တွေ ဘာဝနာရဲ့ကုသိုလ်တွေလုပ်ကြတာ တန်းကြပါတယ် အလှူခံတဲ့ဘုန်းကြီးကလည်းကံဟောဝတ္တု ကမ္မနှင့် ငါမှာရှိတာက ကိလေသာကမ္မနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏ကိုယ်လည်းကြိုက်၏ အရိယာက မကြိုက်ဘူးကဲ့ဟော အရိယာထည့်ထားပြီးတွေ့လား ပိုက်ဆံလေး(၆)သိန်း၊ (၇)သိန်းလာလှူတယ် ဘုန်းကြီးက ဒကာမကြီး ကလှူတော့ သင်္ကန်းကလည်း ၄-၅-၆စုံဟာ ဘုန်းကြီးကပြုံးပြုံးနဲ့ ဝတ္ထုကမ္မမြင်နေပြီအမှတ်နဲ့ မြင်နေပြီဟော မနောက သာယာနေပြီ ဒကာလည်းဆင်းသွားရောပိုက်ဆံတွေအကုန်ယူ ဟိုကျောင်းမှရှိတဲ့အဖော်တွေသိမှာဆိုးလို့ အကုန် ဖျာအောက်ထိုးထားတာနော် စိတ်ခါတ်အော်လာတော့လည်း တစ်ယောက်ထဲပြန်တော့လည်း တစ်ယောက်ထဲ အဲဒါတွေက သာယာတာ တဏှာတွေခေါ်တယ် တဏှာခေါ်တယ်မှတ်ထား သေချာပြောသွားမယ်ချွတ်ပါဆိုလည်း ချွတ်ပေးပါမယ် ပြီးဦးဇင်းသရက်ကုန်းမှာနေတယ် သီးကွင်းသရက်ကုန်းအိမ်မဲနားမှာ လူနာမည်ကမြမောင်၊ ရဟန်း နာမည်ကပဏ္ဍိတ၊ ပါတယ်နှစ်ဝါမှမရှိဘူး၊ ၃-၄ဝါဘဲရှိတယ်နော် ကိုရင်လေးထိုင်ရှစ်ခိုးဆိုလည်း ခိုးမှာဘဲ ဒကာမတွေနဲ့ ထမင်းစားတယ်တဲ့ ဟုတ်တယ်တဲ့ စားတယ်တဲ့ သူအကုန်ပြောသွားပြီးလေ ဉာဏ်ကိုဗျာ အဲဒီဉာဏ်ကသူဘဲသိတယ် အဲဒီလိုဝိပဿနာစာမတတ် ပေမတတ်ရဟန်းပဏ္ဍိတဆိုတာအဲ့ဒါဗျို့ မှတ်ထားအဲဒီတော့ သူ့ဘာနဲ့သာသနာပြုလည်း လက်ဖက်ခြောက်ကဆေးဖြစ်တယ် အဲရေကဆေးဖြစ်တယ်၊ မြွေဟောက်ကိုက်လာတယ် လာခဲ့တောင်ပိုင်ကွင်းပိုင်၊ ယကျွ၊ ဂူမှန်၊ ဂန္ဓပ္ပလုပ်တယ် လာခဲ့ပျောက်တဲ့သူပျောက်တယ်သေတဲ့ သူသေတယ် ပျောက်တယ်လို့မပြောဘူး၊ ဒါလောကီအကြောင်းတွေ သီလကောင်းတာကိုဗျာ သူ့သီလအလွန်စင်ကြယ်တဲ့သီလကိုဗျာနော် အာရုံပြတ်တဲ့ သီလတွေခေါ်တယ် သူ့သီလက ဘယ်လောက်ကောင်းလဲ။ အဲဒီတော့မှ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေ၊ ဘုမ္မိယသိုက်တွေက မနေနိုင်ဘူး အဲဒါဦးဇင်းကိုဘယ်လိုပြောလည်းဆို အဲဒီဦးဇင်းက လမိုင်းတွေနဲ့ပေါင်းတာတဲ့ ဟုတ်တယ်တဲ့ အေးမင်းလမိုင်းနဲ့ပေါင်းတယ်လို့ထင်လည်း ငါခံပါတယ်ကွာတဲ့ကုန်းလမိုင်း၊ ရေလမိုင်း အာကာလမိုင်း၊ လမိုင်း(၃)မျိုး မင်းသိသလားတဲ့ အဲမေးတော့လည်းမရဘူး အေးအေးကောင်းပါတယ်ကွာတဲ့ အဲဒီတော့သဘောပေါ့ဗျာ၊ ဦးဇင်းကတော့ ဒီသီလအကြောင်းတွေ သီလပြည့်စုံအောင်ဆောက်တည်ကြ သီလပြည့်စုံလျှင် အခုလည်းချမ်းသာ မယ် နောင်လည်းချမ်းသာမယ်တဲ့ ဒါဆရာတော်ဘေဒကဟောတာ သီလတွေဆိုတာ ခုနက ဝိနည်း(၂၂၇)သွယ် ယူတဲ့သီလနဲ့ ရှစ်ပါးသီလနဲ့တော့ မတူဘူးဗျို့ လူတော့လူဘဲ ယူတဲ့အသိမတူဘူးအသိလေးပြောတာ သူတော်တော် လေးထိန်းထားတယ် အဲဒီဆရာတော်ကြီးကတော်တော်လေးထိန်းထားတယ် အဲခင်ဗျားရှစ်ပါးသီလကလည်း အလိုအလျောက်ထိန်းထားရတဲ့သီလ အဲဒီလိုသီလတွေနဲ့ထိန်ထားတဲ့ အာရုံကိုထိန်းတဲ့ သီလနဲ့မတူဘူးဗျို့ အဲဒါကတော့ ဝိပဿနာအလုပ်လုပ်မှ သိမယ်သိမှပယ်မယ် ပယ်ရင်တော့ခင်ဗျား မဂ်ဗိုလ်ပေါ့ဗျာ မကောင်းတာ ပယ်တာပေါ့ ကံပယ်တာတဏှာပယ်တာ အဲဒါတွေ လူပြည်မှာ ဒီဘဝနောက်ဆုံးခင်ဗျားတို့ဦးဇင်းတို့က ဟောဒီဘဝမှာ အာဂန္တုဧည့်သည်တွေ ခင်ဗျားတို့ပြန်ရဦးမယ်နော် အဲဒါလေးတွေကို သံဝေဂလေကိုကြည့် အတိတ်ပြန်ကြည့် အနာဂတ်ပြန်မှဲ့ လမ်းကိုလည်း ဟောဒီပစ္စုပ္ပန်က ဉာဏ်နဲ့ကြည့် အဲဒါကိုယ့်လမ်းကိုသာလျှောက်ပေတော့ အခုခင်ဗျား တို့စွဲနေကြတဲ့ ဥပါဒါန်းကံတွေဗျာပါ အတ္တဒိဋ္ဌိတွေ ဒိဋ္ဌိမသတ်တော့ အဲဒါတွေဖြစ်နေတယ် အဲဒီတော့ နှလုံးသား မှာတစ်ခါတည်းပူလိုက်တာသမီးလေးကျောင်းတက်သွားတယ် အဲကျောင်းဆင်းလာတော့ သမီးလေးမပါဘူး။

ဘယ်ရောက်မှန်းမသိ မအေနဲ့ ဖအေက အဲဒါပူတာဘဲဗျို့ အဲဒါဘာလည်း စွဲတာတဏှာဥပါဒန်းကံတွေ အဲဒီလိုစွဲတဲ့ ဥပါဒန်းတဏှာ ဥပါဒါန်းကံတွေကို မဂ်ဉာဏ်နဲ့သတ်မှရမယ် ဘယ်လိုသီလနဲ့မှ သတ်လို့မရဘူး မဂ်ဉာဏ်ရရင်အေးပြီ အစလည်းအေးရင် နောင်လည်းအေးမှာဘဲ အစပူရင် နောက်လည်းပူမှာဘဲ အဲဒါတွေ ခင်ဗျား တို့ပေါ်မှာ တာဝန်ရှိတယ် ခင်ဗျားတို့ အာဂန္တုဧည့်သည်တွေ ဦးပဏ္ဍိတလည်း အာဂန္တုဧည့်သည် ပြန်ရဖုံးမယ်နော် မရဏသေမင်းက ကံကုန်ရင်ခေါ်လိမ့်မယ် အဲဒီတော့ မရဏသေမင်းက ကံကုန်ရင်ခေါ်မယ် အဲဒီတော့ မရဏသေမင်း မဦးခင် ဉာဏ်နဲ့သွား ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏဥဒပါဒိဉာဏ်ဆိုတာ မစွဲတာ စွဲရင်ကံမစွဲရင်ဉာဏ် ဒါကိုယ်စိတ်ကိုယ်စစ် မဂ္ဂင်ရှစ်ပါးနဲ့စစ် အဲဒီတော့ခင်ဗျားတို့ရဲ့ ဒါနရဲ့ ကုသိုလ်တွေသီလရဲ့ ကုသိုလ်တွေဆိုတော့ သီလဆိုတာ စင်ကြယ်တာပေါ့ဗျာ နှလုံးသားရဲ့စေတနာဟာ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး သူ့ရဲ့စေတနာတွေဟာ စင်ကြယ်နေတယ် လူမျိုးမရွေးဘာသာမရွေး သူပေးနေတာစေတနာစားပါကွ သောက်ပါကွ သူပေးနေတယ် ဘယ်လောက်ကောင်းတဲ့ စေတနာလည်း အဲဒီစေတနာက (၃၁)ဘုံလွတ်တဲ့ စေတနာ ဝိသုဒ္ဓိ စေတနာ ခေါ်တယ် အဲဒီစေတနာမှန်မှ လှူတဲ့ပစ္စည်းလေးကသြောင်စေ့လောက်ဖြစ်ပါစေ ပြောထားတယ် စေတနာရှိလို့ လှူလိုက်တာ အဲဒီဦးပဏ္ဍိတဘယ်လှူမလည်းဗျ အဲဒါစေတနာကိုလှူလိုက်တာ အဲဒီဝတ္ထုကိုလှူလိုက်တာ အဲဒါ ခင်ဗျားတို့တစ်ချက်ခုတ် နှစ်ချက်ပြတ်ဘဲ ဦးဖင်းပေဘာဒီကနေ အလှူခံမယ်ရတဲ့ပိုက်ဆံကို ဟောဒီမှာ အကုန်ပေးပစ် ခဲ့မယ် အဲခင်ဗျာတို့လှူဖို့အဆင်သင့်ထုတ်သာထားပြီးတော့ အဲ့တရားပွဲလည်းပြီးပြီးဗျို့ (သာဓု သာဓု သာဓုပါဘုရား)

ဖြောင်းမြမြို့
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၃၂)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဆရာတော် ဦးပဏ္ဍိတ ၏ ခန္ဓာသိ၊ ခန္ဓာကချင့် ဝိသုဒ္ဓိဝိပဿနာတရားတော်၊ အမှတ်စဉ်(၁၃၂)

ဦးဇင်း က စာပေကျမ်းဂန်မတတ်တော့ လာပြီးတော့ တရားနာကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေအားလုံး ဦးပဏ္ဍိတ စာပေကျမ်းဂန်မတတ်ပါဘူး။ ဘာမှမတတ်ပါဘူး။ အဲဒီလိုပြောလိုက်တဲ့အခါမှာ စာနဲ့မဟုတ်ပဲနဲ့ ကိုယ့်ပင်ကိုယ်ကအသိနဲ့ပေါ့ဗျာ။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါတဲ့နော်။ ဆရာတော် သမားတော်တွေ ထေရ်ကြီးဝါကြီးအားလုံး သံဃာလေးတွေ၊ ကိုရင်လေးတွေကအစ တပည့်တော်ဟာ ကာယဝစီ၊ မနောပြီးတော့ ဝစီကပြောတဲ့အခါမှာ ပညတ်အမိပ္ပါယ်နဲ့ မလုပ်တတ်တဲ့အတွက်ကြောင့် အဲဒါအားလုံး ဆရာတော်၊ သမားတော်၊ ဆရာတော်ကြီးတွေ သည်းခံပါတဲ့။ ကိုရင်လေးတွေလည်း သည်းခံပါတဲ့။ အရှင်ဘုရားတို့ကိုတောင်းပန်ပါတယ်တဲ့။ ဒကာ၊ ဒကာမများကိုလည်း အားလုံးတောင်းပန်ပါတယ်တဲ့။ သူ့အသိ ခန္ဓာသိ။ အဲဟောတဲ့တရားပါတဲ့။ ခန္ဓာသိဆိုတော့ ဘဝင်စိတ်ခေါ်တယ်နော်။ ဘဝင်စိတ် အတွင်းစိတ်တွေခေါ်တယ်။ အဲဒီစိတ်ကို ဥပမာ၊ ဥပမေယျနဲ့ သာဓကလေးတစ်ခုတင်ပြတာပါ။ ဦးဇင်း ကလည်း ဒီနေရာမှာ သစ္စာနဲ့ဟောတယ်။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာတွေရှိပါတယ်။ တရားနာတဲ့ ပရိတ်သတ်များကိုလည်း ဦးပဏ္ဍိတ ပြောတာမယုံနဲ့။ ကိုယ့်ဟာကိုယ်လေ့လာသုံးသပ်ပါ။ အလုပ်လည်း လုပ်ကြည့်ပါ။ လုပ်မှသိမယ်။ သိတဲ့အခါကျတော့ ဟုတ်ပါလား။ မဟုတ်ဘူးလားဆိုတာ ကိုယ့်ဟာကို သိရမယ်။ ဒါအလုပ်တရားခေါ်တယ်။ အလုပ်၊ အသိ၊ ခန္ဓာကသိတာ အဲဒါလေးတွေကို ဦးဇင်း က ဥပမာ၊ ဥပမေယျနဲ့ပြောပြပါ့မယ်။ ဘုရားဟောတာ ဦးဇင်း က စာမှမတတ်တော့ တစ်နေ့လည်းဒါပဲ၊ တစ်နေ့လည်း ဒါပဲ။ ခါတ်သဘောလေးတွေပေါ့ဗျာ။ အဲဒီတော့ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဓမ္မ အနတ္တတဲ့။ ဓမ္မ အနတ္တနော်။ စာရေးထားတယ်။ အဲဒီတော့ ဒီဟာတွေဟာ ဘာတွေလည်းဆိုတော့ ကံတရားတွေ။ ကံတရားတွေဟာ (၃၁)ဘုံလွှတ်တဲ့ ကံပြတ်တဲ့တရားရှိတယ်။ (၃၁)ဘုံမလွှတ်တဲ့ ကံနဲ့လည်နေတဲ့တရားရှိတယ်နော်။ ဒါသဘောလေးပဲ။ အဲဒီတော့ ဘယ်ကံလည်းပြတ်တယ်ဆိုတာကို ဘယ်ဟာကိုပြတ်သလဲ။ အဲဒီတော့ အာရုံနဲ့မနော၊ အာရုံနောက်မလိုက်လို့ရှိရင် မနောကံဟာ မြင်တာ မတ်တပ်၊ ကြားတာ မတ်တပ်၊ နံတာ မတ်တပ်၊ ထိတာ မတ်တပ်၊ သိတာ မတ်တပ် သစ္စာနဲ့ခင်ပျားတို့ကိုဟောလိုက်ပြီ။ အဲဒါကံပြတ်တဲ့ရဟန်းလို့ခေါ်တယ်။ ကံပြတ်တဲ့ ဒကာ၊ ဒကာမလို့ခေါ်တယ်။ အဲဒီတော့ ဒီအာရုံ(၅)ပါးကို အခုပစ္စုပ္ပန်တည့်တည့်လေးပဲ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့

အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း၊ မနောဓမ္မာရုံက ဒါတွေကို ၅ ခုနဲ့ပေါင်းတာ။ သဘောလေးနဲ့သတ်။ အဲဒါကို သစ္စာလို့ခေါ်တယ်။ မှန်မှန်ကန်ကန်နဲ့ တိတိကျကျ၊ ပြတ်ပြတ်သားသားဟောသွားတာ။ အဲဒါ သစ္စာခေါ်တယ်နော်။ သမုတိသစ္စာနဲ့ ဝိရတိ သစ္စာမတူဘူး။ ဝိရတိသစ္စာနဲ့ သဘာဝသစ္စာမတူဘူး။ သဘာဝသစ္စာနဲ့ ပရမတ္ထသစ္စာမတူဘူး။ ပရမတ္ထ သစ္စာဆိုတာ ခါတ်ပရမတ်ခေါ်တယ်နော်။ အသေအချာလေးနော်။ ဓါတ်ပရမတ်တဲ့ဟော့ ဓမ္မကိုကူးလိမ့် မယ်။ ဒါ သူ့ဟာသူကျင့်သွားတဲ့ ခန္ဓာကသိတဲ့အသိတွေ၊ သင်္ခါရရုပ်တာနဲ့ သင်္ခါရဖြစ်နေတဲ့ ပဋိစ္စ သမုပ္ပါဒ် လည်တယ်၊ မလည်တယ် ခန္ဓာမှာရှိတယ်နော်။ ဒါ စာပေကျမ်းဂန်မတတ်ပါဘူး။ သူ့အမှန်သစ္စာတွေနဲ့ ဟောတာနော်။ ဒါကြောင့်မို့ ဥပမာလေးဆိုရင် သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့၊ ဘုရားဟောအရ ဒါကံကိုဟောတာ။ အခုဖြစ်နေတာက ဦးဖင်း တို့ ဒကာ၊ ဒကာမများဖြစ်နေကြတာ ကမ္မာသဝ၊ ဘဝါ သဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဲဒီအဝိဇ္ဇာနဲ့ ကျင်လည်ကျက်စားပြီးတော့ သညာ၊ သင်္ခါရကဖြစ်နေ တယ်။ သညာကြောင့် သင်္ခါရဖြစ်တယ်။ သညာဆိုတာ အမှတ်တရားခေါ်တယ်။ ဟောဒါ ရေပုံး၊ ဟော့ဒါ ကြိုး။ အဲဒီနှစ်ခုခွဲခြားတာ အမှတ်ခေါ်တယ်။ အမှတ်ကိုသွားပြီးတော့ သာယာရင် တဏှာခေါ်တယ်။ အဲဒါ (၃၁)ဘုံလည်တဲ့စိတ်ကလေးခေါ်တယ်။ ဘဝင်စိတ်ကလေး အာရုံနဲ့ ပေါင်းလိုက်တာ သာယာ လိုက်တာနော်။ ရဟန်းကြီးတစ်ပါးဟာ ဥပမာပေါ့ ဒါသဘောလေးပဲ။ လူကြီးမင်းများပြောလို့ ဦးဖင်း ပြောတာ။ ရဟန်းကြီးတစ်ပါးဟာ အဲ ဆွမ်းခံထွက်တဲ့အခါမှာ သစ်ပင်ကြီးတစ်ပင်မှာ ကသစ်ပန်းတွေ ချထားတာ ပန်းတွေဆိုတာ မွှေးကြိုင်နေတာပဲ။ အဲဒီလိုရှုလိုက်တော့ နတ်ကြီးက ဒီရဟန်းခိုးတယ်တဲ့၊ မခိုးပါဘူးတဲ့ ဟာ ခိုးတယ်တဲ့၊ မခိုးဘူးတဲ့၊ အဲဒါသဘောလေးပဲနော်နော်။ ဒါဆိုရင် သဘောပေါက်တာ ပေါ့နော်။ ဆံပင်တစ်ချောင်းကို စိတ်လိုက်လို့ရှိရင် ၃၆ စိတ်ရှိတယ်။ စိတ်ပေးပါတဲ့၊ ခေါင်းကဆံပင်ကို ဆွဲနုတ်လိုက်ပါတယ်တဲ့၊ ရပြီလားတဲ့ ၃၆ စိတ်။ ၃၆ စိတ်ဖြစ်တော့ အဲဒီတစ်စိတ်ပြစမ်းတဲ့ဆိုတော့ ပြတယ်၊ အဲဒီ ၁ စိတ်ကို တစ်ခါပြန်ပြီးတော့ ၃၆ စိတ် စိတ်လိုက်ပါဦးတဲ့၊ ဟော စိတ်လိုက်တော့ ဘာမှမရှိတော့ဘူး။ အဲမရှိတဲ့ဟာကိုသွားသိတာနော်။ သဘောလေးပဲနော်နော်။ စာတော့မတတ်ဘူး။ အခုဒီရေပုလင်းတွေ ဒီလွှက်ခြောက်တွေဟာ လောကီအကြောင်းတွေပဲ။ လောကုတ္တရာမှန်ရင် လောကီကို ကျွဲကူးရင် ရေပါတယ်။ အစတုန်းက ရေထမ်းတဲ့ မြမောင်၊ အစတုန်း က ဖဲပိုင်းမှာလည်း ထောင်စားတဲ့လူတစ်ယောက်။ ဒီလိုလား မဖြစ်ဘူး။ ဒီလိုသာဖြစ်ရင် သူတိုက်တွေ၊ ဘာတွေဆောက် မှာပေါ့နော်။ မကောင်းတဲ့ဟာလုပ်တာကို မကောင်းတာလုပ်ရင် မကောင်းတာ အကျိုးပေးမယ်။ ကောင်းတာလုပ်ရင် ကောင်းတာအကျိုးပေးမယ်။ မိမိအပေါ်မှာမူတည်တယ်။ သဘောလေးသာနော်။

ဒီဘဝမှာ ဒီရုပ်ကြီးဟာ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် ရုပ်လက္ခဏာကြီး ၃ ပါး စိတ်မဆိုးဘူး။ ရုပ်ကသွားလိမ့်မယ်။ အဲဒီရုပ်ကိုကြည့်ခြင်းအားဖြင့် သံဝေဂကျဖို့ကောင်းတယ်။ အဲ ကိုယ့်ခေါင်းတွေကဆံပင်တွေဖြူကုန်ပြီ။ အဲ ဘိုးဘွားရိပ်သာလည်း ဦးဇင်း တစ်ခါမှမမြင်ဖူးပါဘူး။ အဲ ရောက်သွားပါတယ်။ မြောင်းမြမှာလည်း ဘိုးဘွားရိပ်သာကိုမမြင်ပါဘူး။ အဲဒီအထဲလည်း မဝင်ဘူးပါဘူး။ ကြည့်လိုက်တယ် ဒါကို ဦးဇင်း ကတော့သိတာပေါ့။ သိတယ်တဲ့ ငါအကုန်သိတယ်တဲ့။ မပြောဘူးတဲ့။ ငါ့အလုပ် မဟုတ်ဘူးတဲ့နော်။ လောကီအနတ္တနယ်တွင်းနဲ့ အနတ္တနယ်ကို သဘောလေးကျင့်ထားတယ်။ သူက ဩော် အေး အေး အေး။ အဲဒါမှန်လို့ နတ်သိကြားက ဗြဟ္မာဘုံမှီရသိုက်ကလာရတာပါ။ ဒါ သူတို့လုပ်နေတာ။ ဦးပဏ္ဍိတ အရက်သောက်တယ်။ မကောင်းတဲ့ဒုစရိုက်တွေ လူ့ဘဝက လုပ်တုန်းက ဒီ နတ်၊ သိကြား၊ ဗြဟ္မာ၊ ဘုံမှီက သူလုပ်ပေးသလားနော်။ အခု တောင်ပေါ်ကပြန်လာတယ်။ ဘုန်းကြီးတစ်ခါမှ မအားဘူးနော်။ ကျေးဇူးတင်ပါတယ်။ ပုသိမ်မြို့သူ၊ မြို့သားတွေ အင်မတန်လှိုက်လှဲစွာနဲ့။ အားလုံးရှိတဲ့ ခုနှစ်ရက်သားသမီးအပေါင်းများ သူ့သာဝကရှိတဲ့သူ၊ သူ့သာဝကမရှိတဲ့သူ။ ဒါပေမယ့် ဘယ်လိုမှ မအောက်မေ့ပါဘူးနော်။ တရားက ကိုယ်မှာရှိတယ်။ ကိုယ်မှာရှိတဲ့အသိစိတ်ကိုနော်။ အဲဒီခန္ဓာမှာသိတဲ့ ခန္ဓာနဲ့ဓမ္မနဲ့ပေါင်းတော့ ဓမ္မခန္ဓာရှစ်သောင်းလေးထောင်။ အဘိဓမ္မာအစိတ်အပိုင်းတွေပျောသွားတာ။ ဒါသဘောလေးသာနော်။ ဘယ်သူ့ကိုမှမပြောဘူးနော်။ တရားဆိုတာ ခုနက ဘုရား ၄ ဆူပွင့်တယ်။ အခုခင်ဗျားတို့စာထဲမှာရေးတာပဲ။ ဒါသဘောလေးသာနော ၄ ဆူပွင့်တာ တစ်ဆူနဲ့တစ်ဆူတူသလား။ ဉာဏ်တော်ခြင်းမတူဘူးနော်။ မှန်တယ်။ ဘုရားတွေတော့ဖြစ်ကုန်ပြီ။ ဟုတ်တယ်နော်။ ဒီမြတ်စွာဘုရားကြတော့ ခင်ဗျားနဲ့တွေ့ပြီပေါ့။ ခင်ဗျားတို့စာတတ်တယ်။ အတုလား၊ အတုမရှိနော်။ ဇာတ်တော်ပေါင်းတွေ ဘယ်လောက် ဘယ်လောက် နှစ်ပေါင်းဘယ်လောက် ဘယ်နှစ်ဘဝက သူ ပါရမီတော်ဖြည့်လာသလဲ။ ဒါတွေရှိတယ်ဗျ။ နောက် မီးခဲပြာဖုံးတွေရှိတယ်။ အထင်လည်းမသေးနဲ့။ အထင်လည်းမကြီးနဲ့။ သူများမြှောက်တိုင်းလည်း မမြောက်နဲ့၊ သူများချောက်တိုင်းလည်း မကြောက်နဲ့။ အလယ်ကသွား ကိုယ်မှန်ရင် ကြောက်စရာမလိုဘူး။ ကိုယ့်မှားရင် ကိုရင်လေးကအစ ကြောက်တယ်နော်။ ကိုယ့်ကိုယ်ကိုအားကိုးတယ်။ နတ်ကိုအားကိုးတာမဟုတ်ဘူး။ နတ်ကိုခေါ်ခိုင်းတာ သိုက်ကိုခေါ်ခိုင်းတာ။ ကိုယ့်ကိုယ်ကို အားကိုးတယ်နော်။ ကိုယ်ကတတ်စရာမလိုဘူး။ ကံသမားမှ ပွဲတင်တာ။ ဒါသဘောလေးသာနော။ ဘယ်လောက်ထူးတဲ့ ဝိပဿနာတောင် မလုပ်ဘူးတဲ့ ရေကူးလွဲနေကြတယ်။ အဲဒီ ဦးပဏ္ဍိတ ဟာ အစကမကောင်းတဲ့လူတစ်ယောက်နော်။ အင်မတန်မှ မကောင်းဘူး။ ဒီလိုဖြစ်ပါလား။ မဖြစ်ဘူး ရေထမ်းစားရတယ်။ လူနှိပ်စားရတယ်။ စာလည်း တစ်လုံးမှမတတ်ဘူးနော်။ သားသမီး

၄ ယောက်၊ မိန်းမရှိတယ်။ အဲဒီမိသားစု မနက်ည ပြည့်ပြည့်စုံစုံမစားရဘူး။ ငံပြာရည်တောင် တစ်ခါထဲ ကောက်ရိုးငံပြာရည်ကိုစားရတယ်။ ငရုတ်သီးတောင်မှ မစားရဘူးနော်။ ရေထမ်းတာလုပ်မှ ပိုက်ဆံ ရတယ်။ ပိုက်ဆံရမှ ဆန်လေးဘာလေးဝယ်ချက်စားရတယ်။ ဘယ်လောက်ကမ္ဘဝဋ်ကြောက်ဖို့ကောင်း လဲ။ ဘဝဝဋ်လည်း မလုပ်တော့ဘူး။ အာရုံ ၆ ပါးကိုမလွှတ်ဘူး။ အဲဒီတော့ နောင်တဟာ နောင်မှရ တယ်။ ကြိုးစားကြပါ။ ပြန်ကြလိမ့်မယ်။ ဦးပဏ္ဍိတ လည်း ပြန်မှာပဲ။ ခင်ဗျားတို့လည်း ပြန်မယ်။ ဒီရုပ်နာမ် နှစ်ပါးမလွှတ်ချင်ရင် ဒီဝိညာဉ်ဟာ ဝင်ကစွပ်တွေဖြစ်ကုန်လိမ့်မယ်။ စိတ်သာချ ဒီဘဝ ဘုရင်၊ သူဌေးဟာ ခင်ဗျားတို့ချမ်းသာတာဟုတ်တယ်။ ခင်ဗျားတို့ထက်မကလှူတဲ့ ရေတွင်းပေါင်း၊ ရေကန်ပေါင်းများစွာ လှူတဲ့ ပုဂ္ဂိုလ်ကြီးတောင်ဗျ။ ဟော စပါးကြီးသွားဖြစ်တယ်။ ကုဋေပေါင်း ၅ သောင်း၊ ၆ သောင်း တတ်နိုင်တဲ့ သီလအင်မတန်မှပြည့်စုံတဲ့ လူကြီးတောင် ပိန်းနဂါးသွားဖြစ်တယ်။ အစွဲမှတ်ထား။ အဲဒီလိုစွဲရင် အဲဒါ မစွဲတဲ့နေရာရှိတယ်။ ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေ တစ်သိန်း။ ဖြစ်ပျက်မှမသိရင် ကိလေသာကြွေးတင်တယ်။ စာရေးထားတယ်။ အဲဒီကြွေးကို ဘာနဲ့ဆပ်မလဲ။ ဒီကြွေးကို ဘာနဲ့ဆပ် မလဲနော်။ သဘောလေးပဲ။ သီလမဂ္ဂင်နဲ့ဆပ်သွား။ ဒါနမဂ္ဂင်နဲ့ဆပ်သွား။ ဘာဝနာပွားသွား။ ကိုယ့်အလုပ် ကိုယ်လုပ်။ အခုဘဝမှာ သားတွေ၊ သမီးတွေမှန်တယ်။ အိမ်သူအိမ်သားတွေမှန်တယ်။ အဲဒါတွေ မှန်တယ်။ အဲစေတနာခြင်းမတူဘူး။ ဘုရားကဟောတာ စေတနာဟောတာ။ ဘယ်သူပျက်ပျက် ကိုယ်မပျက်ပါနဲ့တဲ့။ အဲဒီတော့ ဘယ်သူတွေကပဲပျက်ပျက် မင်းအာရုံပေါ်မှာ မင်းစေတနာမပျက်ပါနဲ့ တဲ့။ ဘာတွေပဲလုပ်လုပ်၊ ဘာတွေပဲပြောပြော မင်းစေတနာမပျက်နဲ့တဲ့။ အဲဒါ ဝိသုဒ္ဓိသီလခေါ်တယ်။ မနောသီလခေါ်တယ်။ အဲဒါ နိဗ္ဗာန်သွားတဲ့သီလခေါ်တယ်။ မှတ်ထား အဲဒီတော့ တစ်ဦးနဲ့တစ်ဦး သူများ ပစ္စည်းခိုးတယ်၊ သူများဟာ လိမ်တယ်ဆိုတော့ စေတနာမရှိလို့ သွားခိုးတာပေါ့တဲ့။ စေတနာရှိ ဘယ်ခိုး မလဲနော်။ ကိုယ့်စိတ်ကိုယ်စစ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ အကြောင်းသတ်တဲ့ တရား၊ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ သူများအတင်းသွားမပြောနဲ့။ သူများငတ် ပေါက်ကို ကိုယ်ကသွားပြောရင် ဟောသူများငတ်ပြီ၊ ကိုယ်ဒုက္ခရောက်ပြီ၊ ရောက်လိမ့်မယ်နော်။ ဥပမာ ခင်ဗျားတို့စာရေးထားတယ်။ သုတ္တန်ကရေးထားတယ်။ ရှင်သီဝလိလေးဟာ သူ့အမေဟာ ခုနစ်နှစ် လောက် ဗိုက်ထဲမှာလွယ်ရတယ်။ သူလည်း ခုနစ်နှစ်လောက် အောင်းနေရတယ်။ အဲဒါတောင် ရှင်သီဝလိ ဟိုးဘဝတုန်းက သူက ဘုရင့်သားကို အကြံညဏ်ပေးတယ်။ ဒီလိုလုပ်ကွ၊ ဒီလိုကိုင်ကွ ဆိုပြီးတော့ မအေစကားနားထောင်တယ်။ ဟော ဒီဘဝကျတော့ ဒီလိုဖြစ်တာ အဲဒီသဘောလေးတွေ။ အဲဒါ အင်မတန်ကြောက်ဖို့ကောင်းတာ။ အဂ္ဂိုလိမာလ သူ့ဆရာက ပါမောက္ခဆရာက ပညာနဲ့နှိပ်စက်

တယ်နော်။ ဆရာက သူ့အတတ်ပညာ အဲဒါလောကီပညာဆိုတာ သညာခေါ်တယ်။ လောကီအကြောင်းကိုခေါ်တယ်။ အဲဒါ သညာခေါ်တယ်။ လောကုတ္တရာမှ ပညာအစစ်ခေါ်တာ။ အဲဒါမှ အနှစ်ခေါ်တာနော်။ သညာမှန်းလည်းမသိ၊ ပညာမှန်းလည်းမသိ လောကီပညာ သညာနဲ့တတ်ပေးလိုက်တာ ဆရာက တပည့်ကို ဟာ သူ့မိဖုရားကို ဟိုကောင်တွေကကုန်းချောပြီးတော့ အဲဒီရေချိုးခန်းမှာလဲသွားတော့ သူ့ခမျာ ပွေ့တင်တာ။ အဲဘာဖြစ်တယ်၊ ညာဖြစ်တယ်။ အဲ ဆရာက သူများပြောတာယုံတယ်။ အဲ ယုံတော့ တပည့်ကို ကိုယ်ကိုယ်တိုင်သတ်ရမှာခက်နေတယ်။ ပညာနဲ့နှိပ်စက်တယ်။ ဟိုဘုရင်မင်းညီမင်းသားတွေတော့ ဆင်းသွားပြီတဲ့။ မင်းကျန်သေးတယ်။ မင်းအဲဒီလူတွေရဲ့အတတ်ပညာထက်ကိုးဆယ်မြင့်မယ်တဲ့။ ငါခိုင်းတာလုပ်တဲ့။ လုပ်မယ်တဲ့။ မင်းသစ္စာပြုပေတော့တဲ့။ အဲပြုပြီတဲ့။ ဟောလက်ညှိုးပေါင်းတစ်ထောင်လိုက်ဖြတ်ပြီး နောက်ဆုံးတော့ အမေ့လက်ညှိုးသူဖြတ်တော့မယ်။ သူ ပဉ္စနန္တရိယကံထိုက်တော့မယ်။ အဲဒီတော့ ဘုရားက ကယ်တာနော်။ အဲဒါ ဘုရား ဦးပဏ္ဍိတ က အသိလေးပြောတာ။ ဘုရားလည်းမဟုတ်၊ ရဟန္တာလည်းမဟုတ်ဘူး။ အနာဂါမ်မဟုတ်ဘူး။ သောတပန်လည်း မဟုတ်ဘူး။ အသိလေးကိုပြောတာ။ ဦးပဏ္ဍိတ ပြောတာမယုံနဲ့ဦး။ စေတနာကိုထားပါတယ်။ ဘယ်သူ့ပဲပျက်ပျက်ပါတဲ့။ ဘာမှ မင်းလှူပါလို့လည်းမပြောပါဘူးတဲ့။ မင်း အဲဒီစေတနာလေးထားရင်လေတဲ့ အပါယ်လေးပါးတံခါးပိတ်တယ်တဲ့ကွ။ မှတ်ထားတဲ့။ မင်း ဆုမတောင်းနဲ့။ မင်းစိတ်ကိုမင်းထိန်းထားတဲ့။ နိုင်အောင်ထိန်းထားလိုက်ပါ။ အာရုံပေါ်မှာ အာရုံနဲ့မနော သမ္မာကိုလုပ်ပါ။ မိစ္ဆာကိုမလုပ်ပါနဲ့။ မိစ္ဆာက အလိုလိုဖြစ်နေတာ။ အဲ မိစ္ဆာဒိဋ္ဌိတဲ့။ အပြင်အာရုံယူတာ ဒိဋ္ဌိ။ ဒိဋ္ဌိဆိုတာက အာရုံနဲ့မနောအယူမှားတယ်။ အဲဒီအာရုံကိုယူလိုက်တာမှားနေပြီ။ ဒါလုပ်ရင် ဒါရပါတယ်။ ဒါလုပ်ရင်တော့ ဒါဖြစ်မှာပဲ။ ယူထားပြီး မကောင်းတဲ့အာရုံ၊ မကောင်းတဲ့ဟာတွေကို သူယူထားတယ်။ အဲဒါ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲ စွဲပြီ။ အဲဒါကံပေါ့ဗျာနော်။ မိစ္ဆာဒိဋ္ဌိယူထားတဲ့အယူ၊ အဲဒါ ဒိဋ္ဌိအရင်သတ်။ ဒိဋ္ဌိဆိုတာ ဝိပဿနာနဲ့သတ်မှရတယ်။ ဒိဋ္ဌိသတ်ရင် တဏှာဖြစ်တယ်။ ဟော အဲဒီတော့လာပြီနော်။ တဏှာပြတ်ပြီ။ ရှုတယ်၊ ရှုတယ်။ မနောသတ်တာ အာရုံနဲ့မပေါင်းဘူး။ အာရုံ ၅ ပါးနဲ့မပေါင်းဘူး။ မနောကိုသတ်နေတယ်။ စေတသိတ်ကိုတွေးသလား၊ လောကီအကြောင်းတွေ တွေးသလား။ ကိုင်း တွေးသေးသလား။ တွေးသေးသလား။ အဲ မိန်းမတွေးသလား၊ သား တွေးသလား။ ဘာ ရွှေကိုလည်း မျှော်သလား၊ ဘာသလား၊ ညာသလား။ အဲဒီအယူမှား၊ အမှတ်မှား၊ အစွဲမှားကို သတ်တာ။ အဲဒီတော့မှ တဏှာဟာရပ်နေတာဟာ အာရုံ ၅ ပါးဟာ ကာယကံ၊ ဝစီကံ၊ မနောကံ အဲကာယကံတွေကလည်း သူများအသတ်မသတ်ဘူး။ သူများပစ္စည်းမခိုးဘူး။ သူများသားမယား

မဖျက်ဆီးဘူး။ သေရည်သေရက်မသောက်ဘူး။ မဟုတ်မမှန်တာလည်း မပြောဘူးတဲ့။ နိစ္စ၊ ဂီတ၊ ဝါဒိတ ဘာမှ တီးခြင်း၊ မှုတ်ခြင်းမလုပ်ဘူး။ အဲဒီကာယကံ၊ ဝစီကံကလည်း တစ်ခါတည်း မနှောသတ်တာနဲ့ ကျွဲကူးရေပါတယ်။ ဒီကောင်တွေက ငြိမ်ပေးရတယ်။ သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက် လုပ်နေတာ ထိတယ်၊ သိတယ်၊ ဒါပဲသိတယ်။ အဲဒီတော့ တဏှာကရပ်နေပြီ။ ပြတ်တယ်လို့မပြောဘူး။ အာရုံသတ်ထားတာကို အဲ အာရုံသတ်တော့ ဒီနှာခေါင်းနှစ်ပေါက်ရဲ့ ဘဝင်ရဲ့အသိလေးက အာရုံ အသိလေးဟာ နှာခေါင်းနှစ်ပေါက် အာရုံမှာလာပြောင်းထားလိုက်ပြီ။ တစ်ခါတည်း သူ့မှာ ဘာဖြစ်လဲ။ ဟာ အကုန်လုံး ဒုစရိုက် ၁၀ ပါးအလုံး၊ အာရုံ ၅ ပါးအလုံး ငြိနေပြီ။ ဘယ်လောက်ကောင်းလဲ။ တဏှာလည်းပြတ်နေပြီ။ ဒီ ကောင်းတဲ့တရားကိုတော့ မလုပ်ကြဘူး။ အာရုံတွေနဲ့ပေါင်းနေကြတော့ ဒိဋ္ဌိ၊ တဏှာဖြစ်တော့တာပဲ။ သံသရာလည်တော့တာပဲ။ ဒါကြောင့် ဒိဋ္ဌိနဲ့ တဏှာပြတ်အောင် ထိတယ်၊ သိတယ်၊ ဝင်တယ်၊ ထွက်တယ်။ ဝိပဿနာတရားအားထုတ်။ ကျွဲကူးရင် ရေပါတယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိခွဲနှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိမဂ္ဂသစ္စာတော်အမှတ် (၁၃၃)


ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာသမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

ဦးဇင်းကာဇာမာစာမတတ်ဘူး။ ဦးဇင်းကမတတ်တော့ ဦးဇင်းမှာက နောက်ကြောင်းကမကောင်းခဲ့ဘူး။ အဲ့ဒီတော့ နောက်ကြောင်းတွေမကောင်းခဲ့လည်း နောက်ကလုပ်လာတဲ့ ဒုစရိုက်တွေသိပ်ပြီးတော့ အပြစ်ကြီးတာပေါ့။ မကောင်းတာတွေ ဒါဘာလည်း မိစ္ဆာအယူဝါဒနဲ့ ယူပြီတော့ သားမယားများကို ရှာကျွေးတယ်။ အဲ့ဒီတော့ သားမယား မရခင်ကလည်း သူမသိပါဘူး။ သူဟာသူနေချင်သလိုနေ၊ ထိုင်ချင်သလိုထိုင် လူပျိုဘဝကလည်း လုပ်ခဲ့ပါတယ်နော်။ ဒါတွေဟာ အတ္တအယူတွေပါတဲ့။ အဲ့ဒီတော့ ပထမအရွယ်၊ ဒုတိယအရွယ်၊ အရွယ်နှစ်ပါးကတော့ဆိုးခဲ့ပါတယ်။ တတိယအရွယ်မှာကတော့ သူနောင်တဆိုတာ နောင်မှရတဲ့အသိတရား အဲ့ဒီတော့အသက် ၅၀နှစ်အရွယ်ရောက်မှ စာပေကျမ်းဂန်မတတ်တော့ သူသိတဲ့ အသိပညာနဲ့ သူနှလုံးသွင်းပါတယ်။ အဲ့ဒီတော့ စာပေကျမ်းဂန်ကရေးထားတာ၊ ဘုရားကရေးထားတဲ့အခါမှာ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာလို့ (၃) ရပ်ရှိပါတယ်။ အားလုံး ဒကာ၊ ဒကာမ၊ သံဃာတော်အရှင်မြတ်တွေ အကုန်သိပါတယ်။ အဲ့ဒီတော့ ဒီသာသနာ (၃) ရပ်ရှိတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ပါးနဲ့တစ်ပါး အသိကမတူကြဘူး။ စာကတော့တူတာပေါ့ဗျာ။ အသိမတူဘူး။ ဘယ်အသိလည်း မနောအသိမတူဘူး။ စာကတော့တူကြတာပေါ့။ တစ်ပြီးရင် နှစ်၊ နှစ်ပြီးရင် သုံး၊ တစ်အုပ်ကုန်ရင် နောက်တစ်အုပ် သူဖတ်မယ်။ စာကတော့ လူတိုင်းဖတ်မယ်။ ဒါကတော့ လူတိုင်းဖတ်တတ်ပါတယ်။ ဦးဇင်းကငယ်စဉ်တောင်ကျေးက စာပေကျမ်းဂန် မတတ်ခဲ့ဘူး။ နှစ်တန်းဘဲတတ်တယ်။ အဲ့ဒီတော့ အသက်အရွယ်ကြီးပြန်တော့လည်း သက်န်းမစီးဘူး။ အသက်အရွယ် ငယ်ပြန်တော့လည်း သက်န်းမစီးခဲ့ပါဘူး။ အဲ့ဒီတော့ မိရိုးဖလာအနေနဲ့တော့ အမေအမေက သင်္ကန်းစီးပေးပါတယ်။ ခုနှစ်ရက်တောင်ဦးဇင်းမပြည့်ပါဘူး။ လူထွက်လာခဲ့ပါတယ်နော်။ အဲ့ဒီတော့ စိတ်မပါရင် ကိုယ်ကထွက်ချင်တာဘဲဗျို့။ အဲ့ဒီတော့စိတ်ပါတဲ့အလုပ်နဲ့ပ စိတ်မပါတဲ့အလုပ်ပေါ့ဗျာ။ အဲ့ဒီတော့ ခုနကပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာလို့ ဘုရားကဟောကြားတော်မူပါတယ်။ နောက်ဘာတွေထားပစ်ခဲ့သေးလည်းဆိုတော့ ဝိနည်းရယ်၊ သုတ္တန်ရယ်၊ အဘိဓမ္မာရယ်လို့ထားရစ်ခဲ့ပါတယ်။ အဲ့ဒီရဟန်းများဟာ ဝိနည်းဒေသနာတွေ လေ့လာဖတ်သားရပါတယ်။ ဝိနည်းကျမ်းတွေသိမှသာလျှင် အပြင်မှာနေတတ်၊ စားတတ်၊ သွားတတ်၊ လာတတ်မယ်။ ဝိနည်းကျမ်းတွေကို မသိရင် ဒီရဟန်းဟာ အင်မတန်မှ တစ်ပါးနဲ့တစ်ပါး ပြောကြဆိုကြမယ်၊ ဝိနည်းမကတတ်တာကို သုတ္တန်ဆိုတာကတော့ ဘုရားရဲ့ဇာတ်တော်ပေါင်းတွေ ဘုရားရဲ့ဖြစ်တောင်ပေါင်းတွေ ဒါတွေကို ဟိုရှေးရှေးတုန်းကပဟာတွေကို ပြန်လည် မွှမ်းမံပြီးတော့ ဒကာ၊ ဒကာမများကို ဟောကြားပြောပြတဲ့အတွက်ကြောင့် ဘာဖြစ်လည်း ဒကာ၊ ဒကာမတွေက ကိုယ်ကျင့်တရားလေးတွေဖြစ်လာတယ်။ သံဝေဂတရားလေးတွေ ဖြစ်လာတယ်။ ဗြဟ္မစိုတရားလေးတွေဖြစ်လာတယ်။ သုတ္တန်က တရားတွေဟောဒါ တဒင်္ဂလေး သံဝေဂလေးရရင် အပါယ်ပိတ်သလားလို့ ကိုယ်စိတ်ကိုယ်စစ် ဒါအရေးကြီးပါတယ်။ အပါယ်ပိတ်တာကတစ်ချက်၊ အပါယ်ပိတ်သွားတဲ့ အသိတရားတွေကို မှန်တယ်။ မှားတယ်။ ဝေဖန်ပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ။ မေးမြန်းပါ။ ဒါအသိတစ်လုံးဟာ အင်မတန်မှ တန်ဖိုးမဖြတ်နိုင်ဘူး။ မရှိရင်ရှာရင်ရမယ်။ မသိတာဟာ အခက်ဆုံး ဒီအသိတွေဟာ ပြောလိုက်တဲ့အခါမှာ ဒကာ၊ ဒကာမတွေဟာ စာပေကျမ်းဂန်တတ်ပါတယ်။ သံဃာတော်အရှင်မြတ်တွေ လည်းတတ်ပါတယ်။ အသိဆိုတာ မနောကဘဝင်အသိခေါ်ပါတယ်။ အဲ့ဒီအသိတစ်လုံးလေးရဖို့ဟာ အင်မတန်မှ နက်နဲ ခက်ခဲနက်ရှိုင်းပါတယ်။ ဒါကြောင့်မို့နက်တယ်၊ နက်ရှိုင်းတယ်ဆိုတာ

ခုနက ပါဠိရှိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။ ဝိနည်းရှိရင် သုတ္တန်ရှိတယ်။ အဘိဓမ္မာရှိတယ်။ တစ်ခုနဲ့တစ်ခုတော့ မတူဘူးဗျ။ ဒါဖြင့်ရင် အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။ အဓိပ္ပါယ်ရှိရင် အဲပါဠိလိုရှိတယ်။ အဲဒါလည်း (၃) မျိုးဗျနော်။ အသေချာလေး မှတ်ထား။ အဲ့ဒီတော့ သီလမှာလည်း အဓိသီလတဲ့။ အဓိစိတ္တတဲ့။ အဓိပညာတဲ့ သေချာလေးနော သူပြောလိုက်ပြီ။ ဒါသစ္စာနဲ့ ဟောလိုက်တဲ့တရား အဓိဆိုတာက ထိုင်ရာကမထသီလတဲ့။ အဓိစိတ္တတဲ့ သီလမပါတော့ဘူး။ စိတ်ကတစ်ပါးနဲ့ တစ်ပါးမတူဘူးဗျနော်။ အဲ့ဒီနေရာမှာ အင်မတန်မှ နက်နဲခက်ခဲသွားပါပြီတဲ့။ အဓိသီလ ပြီးရင် အဓိစိတ္တတဲ့။ အဓိပညာကတော့ ပညာကိုပြောပြမှာပေ့ါဗျာ။ ဒါဘုရားဟောအရ သစ္စာတွေနဲ့ပြောတဲ့ တရားတွေခေါ်ပါတယ်။ အဲခုနကပြောတဲ့ သီလ၊ ဒါန၊ ဘာဝနာ ဒါကတစ်မျိုး သီလ၊ ဒါန၊ ဘာဝနာက ဘာလည်း ကိုယ်အပြစ်ကိုယ်ပြန်ကြည့်။ ကိုယ့်အပြစ်ကိုပြန်ကြည့် အဲ့ဒီတော့ သီလရယ်၊ ဒါနရယ်၊ ဘာဝနာရယ်။ အဲ့ဒီတော့သူမှာ သီလအခြေခံဖြစ်နေပြီ။ အဲ့ဒီတော့ သီလ ဇီဝမှာ သမုတိသစ္စာတဲ့ အပြင်လောကကြီးဟာ သမုတိသစ္စာဘဲ ငါ့အိမ်တွင်းမှာလည်း သမုတိသစ္စာဘဲ လမ်းသွားတဲ့အခါမှာလည်း သမုတိသစ္စာဘဲ ကိုယ့်ရဲ့နှလုံးသားက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဆိုတဲ့ အယူဝါဒ၊ မိစ္ဆာအယူမဟုတ် ပါဘူး။ ဒါပေမယ့် ကိုယ့်အယူ သမ္မာ ဒိဋ္ဌိ ပါနေတဲ့အတွက် ဒိဋ္ဌိကိုဖြုတ်ထားလိုက်ပြီးတော့ သမ္မာလေးနဲ့သုံးပေးလိုက်တယ်။ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝအဲဒီလို သမ္မာတွေ စက္ခုအာရုံမှာလည်း မြင်တာလည်း သမ္မာ၊ ကိုယ်နားလေးက ကြားတာလည်း သမ္မာ၊ သမ္မာဘယ်ကလည်း မနောကသမ္မာအပြင် (၅) ပါးက သစ္စာ၊ အတွင်းသမ္မာနော်။ အပြင်ကမြင်လိုက်တာက သစ္စာ၊ သစ္စာမှန်မှ ဒီမှာနှလုံးသားမှာ သမ္မာဖြစ်မယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာနော်။ ဦးဇင်းကြီးက ကျင့်ထားတဲ့ပုဂ္ဂိုလ်တစ်ယောက် ခေါ်တယ်။ သစ္စာနဲ့ ဟောပေးလိုက်တာနော်။ စာကရေးထားတယ်။ ဘာလည်း (၃၁) ဘုံ ဦးဇင်း မျက်ရည်ကျတယ်။ သူများအတွက်တွေ အော်ငါလည်း စာမတတ်ဘူးကွာ။ ဟောဒီဘုံဟာလေ မမြဲဘူးကွ။ မင်းတို့လည်းမသိ၊ ငါကလည်း ထုတ်မပြတတ်။ အေးမင်းတို့အစွဲတွေကလည်း မိစ္ဆာ ဒိဋ္ဌိတွေနဲ့စွဲ မင်းတို့ကျန်ရစ်ခဲ့လိမ့်မယ်။ ဒီဘုံဟာအသက်က ဒီလောက်ဘဲ နေရမယ်ကွ။ မင်းတို့စာတတ်တွေကွ ဖြဟ္မာဘုံရဲ့ သက်တမ်းဘယ်လောက်ရှိသလဲ။ နတ်ရဲ့သက်တမ်း ဘယ်လောက်ရှိလည်း။ မင်းဘယ်လောက်မှမမြဲဘူး။ သူငယ်ချင်းရဲ့ သူပြောပြတယ်နော်။ သစ္စာတွေနဲ့ပြောပြတယ်။ ငိုပြတယ်။ ငါတော့ကြောက်ပြီကွာတဲ့။ မင်းတို့ဘယ်လောက်မှမရှိတဲ့ သက်တမ်းကိုမင်းတို့ အစွဲဥပါဒါန်တွေက အဝိဇ္ဇာ ကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝသူငယ်ချင်းရေရေ မင်းတော့ သေရေးကြည့်လုပ်ပါကွာတဲ့။ ကြည့်လုပ်တဲ့ ငါလည်း မပြောတတ်တော့ဘူးတဲ့။ ဒီလူဘုံဟာ နိဗ္ဗာန်ကိုလည်း သွားလို့ရပါတယ်ကွာတဲ့။ ဖြဟ္မာဘုံကိုလည်း သွားလို့ရပါတယ်ကွာတဲ့။ နတ်ဘုံကိုလည်း သွားလို့ရပါတယ်ကွာတဲ့။ မင်း ရပ်ပြစ်ရှစ်ပါးဘုံကိုလည်း သွားလို့ရပါတယ်ကွာတဲ့။ အဲ့ဒီတော့ အပါယ်လေးဘုံကိုလည်း မင်းသွားလို့ ရပါတယ်ကွာတဲ့။ အပါယ်လေးဘုံတော့ မသွားကြပါနဲ့ကွာတဲ့။ ငါမင်းတို့ကို သေချာသစ္စာနဲ့ ဟောပါတယ်ကွာတဲ့။ နားထောင်ကြပါတဲ့။ မင်းတို့နားထောင်ကြ။ ငါကမိုက်ထားတဲ့ ကျင်းတူးအောင်မိုက်ထားတဲ့လူက ငါကံနဲ့ငါဉာဏ်နဲ့ ငါဝီရိယနဲ့ဖြစ်လာလို့ မင်းတို့ပြန်ပြောပြီး ငါလည်းမမြဲတော့ဘူး။ ငါလည်းမကြာဘူး။ မင်းတို့နားထောင်ကြ အေး မင်းသားမယား ကိုယ်ဖို့

မပြောဘူး။ မင်းစီးပွားရေး ပယ်ဖို့မပြောဘူး။ မင်းအသိ အကျိုးရှိတာကို နှလုံးသွင်းလိုက် ပါတဲ့။ မင်းသိသွားသရင် နှလုံးသွင်းလိုက်ပါတဲ့။ နောက်ဆုတ်လိုက်ပါတဲ့။ သမ္မာနဲ့ မင်းအမြဲနှလုံးသွင်းတဲ့ အပြင်လောက ကြီးကသစ္စာဖောက်၊ သစ္စာထားမှ သမ္မာမှန်မယ်။ သမ္မာမှန်မှ သစ္စာမှန်မယ်။ အဲ့ဒါအပယ်ပိတ်တယ်။ သူငယ်ချင်းရေတဲ့ မင်းငါလျှုတော်ရောပေ့ါတဲ့။ ငါဆီကမြေပြဇာခါတ်ကောင်းတော့ မင်းမျိုးစေ့အောင်သွားပြီတဲ့။ အဲ့ဒါမဂ်အောင်သွားတဲ့ သူမဂ်မျိုးစေ့စိုက်သွားတာသူငယ်ချင်း သိပ်မလျှုနဲ့။ မင်းစေတနာကို ငါတားတာမဟုတ်။ မင်းသိအောင် ပြောတာ။ ငါကိုမင်းယုံကြည်သွားရင် ဒီပြင်သံဃာကဆရာတော်များကို သွားလှုပါသူငယ်ချင်း။ ပြောတာပါ။ အဲ့ဒီလိုတရားစစ်၊ တရားမှန်၊ သံဃာစစ်၊ သံဃာမှန် အဲခင်ဗျားတို့သိကြပြီ၊ မြင်ကြပြီ၊ ဦးဇင်းရဲ့ဘဝက မကောင်းခဲ့ဘူး မကောင်းခဲ့တဲ့အခါမှာ ပြောကြမယ်ဆိုရင် ဒီဘဝလာပြီးတော့ ဖြစ်ရတော့ ဟိုတုန်းကဒါပေ့ါဗျာ။ သစ္စာဆိုခဲ့တယ် သိုက်ပါတယ်။ ခါတ်ပါတယ်။ အဲ့ဒီတော့ နတ်တွေပါတယ်။ ဒီပုဂ္ဂိုလ်တွေက အဲ့ဒီပုဂ္ဂိုလ် ကိုအောင်အောင်လုပ်ပေးတာ သူတို့ကဘဲ ဒီပစ္စည်းတွေလှူတာလည်း သူတို့ဘဲဆေးပုလင်းကဆေးပုလင်းဖြစ်တာလည်း သူတို့ဘဲအကုန်လုံး သူတို့ဘဲဦးပဏ္ဍိတက သစ္စာထားတယ်နော်။ သစ္စာထားလို့ မေတ္တာတွေအောင်တာနော်။ ဒါကြောင့်မို့ ဒီဟာကနောင်အုံးအုံး ဖြစ်အုံးမယ်။ ခင်ဗျားတို့ဒီသာသနာဟာ သိုက်ပါတယ်။ သိုက်တွေကလည်း မနေနိုင်တော့ဘူး။ ခါတ်တွေကလည်း မနေနိုင်တော့ဘူး။ သူ့ရဲ့သာသနာကိုဗျနော်။ နတ်တွေကလည်း မနေနိုင်တော့ဘူး။ သူတို့လာကြတယ်။ သူတို့ဘယ်နှယ်မှလုပ်လို့မရတော့ဘူး။ သူတို့ရဲ့သာသနာနဲ့ မှီပြီးတော့လာပွင့်တဲ့ သာသနာခေါ်ပါတယ် ဗျာနော်။ ဒါကြောင့်လို့ ကိုယ်နေတတ်ဖို့လိုတယ်။ သူဟာသူပြောကြတယ်ဆိုကြတယ်။ ပြောကြတယ်လုပ်ကြတယ်။ မနေ့ကဦးဇင်းကြီး ရဟန်းလေးတစ်ပါးကို ပြောမိပါတယ်။ ဦးစမ်သိန်းလည်းရှိပါတယ်။ ရန်ကုန်ကဗိုလ်တစ်ထောင်က မြနန်းနွယ်တဲ့ ညီအစ်ကိုမောင်နှမ (၅) ယောက်ရှိတယ်။ အဲ့ဒီတော့ ဒီရက်ဒီနေ့ပေ့ါ။ သူလှူမယ်တဲ့။ ရွှေတွေ၊ ငွေတွေ လှူမယ်။ အဲ့ဒီလူထုရှေ့မှာ သူလှူမယ်တဲ့။ သူလူထုကို မြောင်းမြမြို့ကို ကြေငြာလိုက်အုံးမယ်တဲ့။ သူတို့လှူမယ့်နေ့ရက် ကိုလှူထုအကြောင်းကြားပြီး လူထုရှေ့မှာ ဒီပစ္စည်းတွေလှူမယ်တဲ့။ သူကဟိုဆရာကြီး ဦးစမ်သိန်းကို စာလေးရေးပြီးတော့ မြို့ထဲမှာအအော်ခိုင်းတယ်။ ဦးဇင်းကမြင်လိုက်တယ်။ မြင်လိုက်တော့ ဒကာကြီးကလည်း သူတို့ရဲ့ ဗိုလ်တစ်ထောင် ညီအစ်ကိုမောင်နှမ မြနန်းနွယ် ပုဂ္ဂိုလ်တွေက လှူမယ်တဲ့။ ဦးပဏ္ဍိတကို ဒီနေ့ ဒီလ ဒီမိနစ် ဒီအချိန်မှာ လှူမယ်ဒါကြောင့် မြို့သူမြို့သားကို ကြေငြာပြီးမြို့သားရဲ့ ရှေ့မှာလှူပေးပါမယ်တဲ့။ ဒီအသိကို ဟိုဆရာကြီး ဦးဟန်သိန်း ကိုပေးလိုက်တယ်။ အော်ပေးပါဗျာတဲ့။ ဦးဇင်းကအဲဒါကိုကြားတော့ ဒကာကြီး ဒကာကြီးကို ဦးဇင်းပြောမယ်။ ဦးဇင်းနေရတာမလွတ်ဘူး။ အဲ့ဒီတော့ ဘာမလွတ်တာလည်းတဲ့။ ပဋိပက္ခရှိတယ်။ ဒကာကြီးပဋိပက္ခက အလိုလိုမှ ဦးဇင်းကစာပေကျမ်းဂန်မတတ်တော့ ပဋိပက္ခမှာလည်း စကားပြောတော့။ ဒုတ်ထိုးအိုးပေါက် ပဋိပက္ခမှာလည်း စကားပြောတာ ဒုတ်ထိုးအိုးပေါက် အဲ့ဒီတော့ ဆရာကြီးရယ် အဲဒါကတော့သွားကြေငြာရင် တော်တော်လေး ခက်မယ်။ ဟိုကတကယ်မြနန်းနွယ်က ပုဂ္ဂိုလ်ကသူလှူသွားတဲ့ ပစ္စည်းတောင် လူမသိဘူး။ သူကကြေငြာမယ်ဆိုတော့ အများရှိတယ်။ နိုင်ငံတော်အစိုးရလည်းရှိတယ်။ ထေကြီးဝါကြီး သံဃာတော်အရှင်သူမြတ်များကလည်း ရှိတယ်။ အဲ့ဒီတော့ ဦးဇင်းကနေရစားရတာအေးကြပ်တယ်။ အဲဒီသံဃာခေါ်ပေးစမ်းပါဆိုပြီးတော့ ခေါ်ခိုင်းတယ်။ လာတယ်။

ခင်ဗျားမနေနဲ့တော့ သွားပေတော့လို့ခင်ဗျား တစ်ကယ်လည်းမဟုတ်ဘူးတဲ့။ ခင်ဗျားဟာတော်တော်ခက်တာပဲဗျ။ ခင်ဗျားတို့ တရားရှာရှာရမှာဗျ။ တရားမရှာဘဲ ထင်ရာလုပ်နေတယ်သွားတဲ့ သူတောင်းပန်းတယ်။ ကာယကံမှုတွေ၊ ဝစီကံမှုတွေ မနောကံမှုတွေအပြစ်ကြီး၊ အပြစ်ငယ်ရှိရင် ခွင့်လွှတ်ပါဘုရားတဲ့။ ခွင့်လွှတ်တော်မူပါတဲ့။ နေပါရစေတဲ့။ မနေနဲ့တဲ့ နင်များမကြာမီထွက်ပါတဲ့။ ဒီလိုနှင်လိုက်တယ်နော်။ ဒါဘာလည်းဆိုတော့ လှူချင်လည်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ အလိုလိုမှဒီကစာမတတ်ပေမတတ်၊ ဘာမှနားလည်တဲ့ ရဟန်းလည်းမဟုတ်။ အဲ့ဒီတော့ ဒါကြီးဟာသွားကြေငြာလိုက်လို့ရှိရင် လာကြမှာ၊ လာကြည့်မှာ မြနန်းနွယ်ဆိုတဲ့ သိုက်မောင်နှမ ငါးယောက်ဆိုတာ လာကြည့်ဖို့မှာ။ အဲ့ဒီတော့ တော်တော်လေး အခက်သား၊ မှန်လည်းခက်၊ မှားလည်းခက်ဖို့မှာ နော်။ ဒါလေးတွေဟာ ကိုယ်လှူချင်ရင် ကြိတ်ပြီးတော့ လှူရင်ပြီးတာပေါ့ဗျာ။ ဘုရားကစေတနာကို ဟောသွားတာပါ။ ပုဗ္ဗမုဥ္စပရဆိုတဲ့ စေတနာကိုဟောသွားတာပါ။ ဒီစေတနာမှန်မှ အဲသီလမှန်မယ်ဗျ။ သီလဆိုတာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ အဲ့ဒီလောဘ၊ ဒေါသတွေဖြစ်ကုန်တယ်ဗျို့ ဒါတွေဖြစ်သွားရင် စေတနာပျက်သွားရင် သီလပျက်မယ်။ ကိုယ့်စိတ်ကိုယ်ထိန်းထားနော်။ ခုနက ဖြဟ္မာဘုံက သက်တမ်းဘယ်လောက်နေရတယ်။ နတ်ဘုံက သက်တမ်းဘယ်လောက်နေရတယ်။ အဲခုနကသက်တမ်းတွေ ရေကျတော့ ပိုပြီးတော့သက်တမ်းကများတယ်ဗျနော်။ အဲဒါတွေကို ရင်နာလွန်းလို့ ဦးဇင်းမျက်ရည်ကျတာ။ လူတွေမသိနိုင်တော့ဘူး။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ တဏှာတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ အစွဲတရားဥပါဒါန် မိစ္ဆာ ဒိဋ္ဌိတွေနဲ့စွဲ သမ္မာအယူကတော့ လျှော့တော့လျှော့ပါတယ်။ ပြန်ပြန်ပြီးတော့ မိစ္ဆာတွေကဖြစ်ဖြစ်တော့ခက်တာပေါ့ဗျာနော်။ ဒီနေ့ကစ၍ ခင်ဗျားတို့စိတ်တွေက ပြောင်းနော်။ မပြောင်းရင်တော့ ခင်ဗျားတို့ထိုက်နဲ့ ခင်ဗျားတို့ကံ၊ ဦးဇင်းကလည်း သစ္စာနဲ့သစ္စာထိုက်တဲ့ အသိတရားတွေကို ဟောပြောပြပါတယ်။ သိကြားမင်းလည်းရှိပါတယ်။ ဗြဟ္မာမင်းလဲရှိပါတယ်။ နတ်တွေလည်းရှိပါတယ်။ ဘုမ္မိကသိုက်တွေလည်း ရှိပါတယ်။ အမှန်ရတာ ဉာဏ်နဲ့ ဦးဇင်းပြောတာပါ။ ခင်ဗျားတို့ဒီလိုမှစိတ်တွေ မပြောင်းရင်တော့ ဦးဇင်းလည်းဘာမှမတတ်နိုင်ဘူးနော်။ သီလရအောင်လို့ ကိုယ်ထက်ကြီးတဲ့ သူကိုရိုသေပါ။ ကိုယ်နဲ့ တန်းတူကိုကြင်နာပါ။ ကိုယ်အောက်ကသူကိုသနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုတရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ ဓာမာန်တွေ စိတ်ပါတဲ့အလုပ်နဲ့ စိတ်မပါတဲ့အလုပ် ဟောမနောက စိတ်ကလေးပါရင် အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ် ဒါတွေဟာ သံသရာလည်တဲ့အရာတွေနော်။ ဇကောခမ္မော မရတောင်မှ သမ္မာအယူကိုယူ သမုတိသစ္စာကို မှန်ပါစေ။ ကိုယ်ထက်ကြီးတဲ့လူကိုလည်း ရိုသေပါ။ ကိုယ်ထက်ငယ်တဲ့သူလည်း ကြင်နာပါ။ ကြင်နာပါနော်။ ဒါတွေဟာ သီလတွေ၊ သူကအဓိသီလဆိုတာ အဓိထည့်တားပြီးနော်။ အဓိဆိုတာမြင်တာ။ သီလ၊ ကြားတာ သီလ၊ နံတာသီလ၊ စားတာသီလ၊ ထိတာသီလ၊ သိတာသီလ၊ အဓိသီလခေါ်တယ်။ အဲဒါတွေကို ဒီကသစ္စာနဲ့ပြောတာ။ အဲဒီတော့ ဒီလိုသီလမျိုးဖြစ်အောင် အပြင်မှာမြင်တာ သမုတိသစ္စာအတွင်းမှာ ပရမတ္ထသစ္စာ၊ ဒီလိုထားရမယ်နော်။ ဒီလိုထားမှသာလျှင် ခင်ဗျားတို့ရဲ့ လုပ်တိုင်းလည်းအောင်မြင်တယ်။ ဟော အသက်ကလည်း ရှည်တယ်။ အသက်ကလည်း လှူပြည်မှာရှည်တယ်။ ကျန်းမာရေးတွေလာဒ်ရတယ်။ စီးပွားရေးတွေလာဒ်ရတယ်။

အပါယ်လေးတံခါး ပိတ်တယ်။ ကြည့်စမ်းနော်။ ခင်ဗျားတို့ခုနက မနက်ကတုန်းက ထမင်းသွားစားတယ်။ အော် အေး အေး ဟုတ်တာပေါ့။ ဒီဥပမာပေါ့ဗျာ။ ဘိုးတော်ကြီးတွေ ဘာကိုသူတို့ပေးလည်း။ ဘိုးတော်ကြီးတွေကိုတစ်ခါတည်း ပိတ်နီလေးနဲ့ အုန်းသီးလေးနဲ့ ဘာလေးနဲ့ အာဘိုးဘိုးကြီးတို့ နတ်ရုပ်တွေဟုတ်တာပေါ့။ သိပ်မှန်တာပေါ့။ သူ့အိမ်မှာ အဲဒါသူထားတာဟုတ်တယ်တဲ့။ ဘယ်လိုဟုတ်တာလည်း။ ဦးပဏ္ဍိတရဲ့ အေးအဲဒါတွေဟာလေ အိမ်ရှင်တို့ အကျိုးပေးတယ်။ ဘာတွေအကျိုးပေးလည်း ကျန်းမာရေးလည်း အကျိုးပေးတယ်။ အိမ်မှာလာဒ်လာဘဖွံ့ဖြိုးတယ်။ ရန်သူမျိုးလည်း သိပ်မရှိဘူး။ လင်မယားတွေလည်း ရန်မဖြစ်ဘူး။ ဒီကစာမတတ်လို့။ အဲဒါလာဆဲလာ အကောင်းတယ်။ အပါယ်တော့ပိတ်သလား။ အဲ့ဒါတွေတွေးကြည့် သစ္စာလေးပါးရမှ မပိတ်တာနော်။ ခင်ဗျားတို့တွေးကြည့်။ သစ္စာလေးပါးဆိုတာ စိတ်အကြောင်းကိုပြောတာ။ ဟိုဟာက ပုဂ္ဂိုလ်ကို သူကကိုးကွယ်တာ။ အဲ့ဒီတော့ပုဂ္ဂိုလ်က ဘာတွေပေးလည်း ကျန်းမာရေးလာဒ်ရတယ်။ စီးပွားရေးလာဒ်ရတယ်။ အဲလူတကာတွေနဲ့ သင့်သင့်မြတ်မြတ် နေတယ်။ အဲ့ဒီပုဂ္ဂိုလ် ပုဂ္ဂိုလ်ကအကျိုးပေးတာ။ အဲဒါလည်းကိုးကွယ်ထိုက်ပါတယ်တဲ့နော်။ အဲ့ဒီတော့ ခုနက သစ္စာတရားလည်း နှလုံးမှာထားပါတဲ့။ မြင်တာသီလ၊ ကြားတာသီလ၊ ဒါသီလ သူကရေးထားတယ်။ အဓိသီလတဲ့။ အဓိစိတ္တဆိုတာ စိတ်ကလေးဟာတည့်နေပြီ။ မြင်တာကိုစိတ်ကလေးက မလိုက်တော့ဘူး။ ကြားတဲ့အာရုံကို စိတ်ကလေးက မလိုက်တော့ဘူး။ ဟောအဲဒါအဓိစိတ္တခေါ်တယ်။ အဲ့ဒီလိုရအောင် ကြိုးစားကြပါနော်။ လူ့ပြည်မှာ အဲသက်တမ်းတိုလိမ့်မယ်။ ဦးဖင်းကစ တိုမှာ။ ဘယ်လောက်မှနေရတာမဟုတ်ဘူး။ (၇၅) နှစ်တမ်းကြည့်စမ်း၊ အဲဒါတောင်မှ ပါးရေတွေတွန့်၊ ဘာတွေတွန့် ညည်းကတာလည်း၊ ကျုပ်ကဘာလည်း နင်ကဘာလည်း ငါကဘာဟာ ဒုက္ခတွေရောက်ကုန်ပါပြီဗျို့၊ မျက်ရည်ကျတယ်ငါလည်း မတတ်နိုင်ဘူး။ ခက်ပြီအခုမှ အဲပြေးရရင်ကောင်းမှာဘဲ။ ဒီထီးကလည်း မတင်သေး။ အဲ့ဒီပုဂ္ဂိုလ်တွေပါတယ်ဗျ။ သိုက်တွေပါတယ်။ နတ်တွေလည်းပါတယ်။ သူတို့ရဲ့ သာသနာ ဦးဖင်းကသစ္စာ၊ သစ္စာမှန်မှ သူတို့တွေက နာမ်ပုဂ္ဂိုလ်တွေ အဲ့ဒီတော့ နတ်ပြည်ကလူ့ပြည်တိုလာတယ်။ အဲသိုက်က လူ့ပြည်ကိုလာတယ်ဟာ။ အပါယ်လေးဘုံကလည်း လူ့ပြည်ကိုလာတယ်။ အဲဒါခင်ဗျားတို့ သိကြလားဆိုတော့ မသိဘူး။ အေး အေး အေး ငါကလည်း အေး အေး ငါလည်းမသိပါဘူးကွာ။ ခင်ဗျားတို့မေးကြည့် အသေချာပြောပေးလိုက်အုံးမယ်။ ဦးဖင်းကြီးအိမ်ကုလားကလာတယ်။ ကုလားကလာတဲ့အခါ အစ်ကိုကြီးတဲ့ ကျွန်တော် ဗေဒင်ကြည့်စမ်းပါတဲ့။ ငါဘာမှမလုပ်တတ်။ အစ်ကိုကြီး ကြည့်စမ်းပါတဲ့။ ဟာမလုပ်တတ်ဘူးဟာ အစ်ကိုကြီးကြည့်ပါ။ ဒိုဘီကုန်းက ကြက်ရောင်းတာ ကုလားနာမည်လေဘူး။ ကျုံမငေးကုလားသေပြီး အဲ့ဒီမှာ မေးရင်ရတယ်။ သူ့သမီးကလှလှတဲ့။ အသေအချာပြောလိုက်အုံးမယ်။ အဲဒါလာရောဗျို့ဗျာ။ ဒီလောက်တောင်ရှိတယ်။ လက်ကြည့်တယ်။ စာမတတ်ဘူး။ လက်ကြည့်တော့လည်း လက္ခဏာဘာသိလို့လည်း လာစမ်းကုလားကြည့်လိုက်တယ်။ နင်အခုဘယ်သွားမလို့လည်းတဲ့။ အစ်ကိုကြီးတဲ့ ဟိုက်ဘဲ့မရောက်တရောက် လိပ်ပုတ်ကျုတော့။ အဲ့ဒီကိုသွားမယ်။ မသွားနဲ့ နင်လေ့မြန်မြန်ရောင်းစားပစ်လိုက်။ နင်လေ့ရောင်းစားလိုက်ဟာ။ အစ်ကိုကြီးဘယ်ကဒီလိုပြောလို့ နင်သေလိမ့်မယ်။ နင်အဲ့ဒီလေ့နဲ့ သွားရင်နင်ပြန်မလာတော့ဘူး။ နင့်မိန်းမပါဒုက္ခရောက်မယ်။ နင်ဘာအောက်မေ့လည်း ကုလားဟာ စိတ်ကောင်းမလားလို့ လာကြည့်တယ်။ အစ်ကိုကြီးရယ်။ သေမယ်ပြောတယ်။ အာဆိုပြီးတော့ ကုလားသွားသရော

နောက်ကျနစွပ်ကျယ်လေးဝတ်ပြီး လာပြန်ရော ခမောက်ကလေးဆောင်းပြီး အစ်ကိုကြီးရေတဲ့ ငါထွက်တော့မယ်တဲ့။ ခင်ဗျားပြောလို့မရဘူးလား။ ခင်ဗျားသေလိမ့်မယ်ဗျ။ မသွားနဲ့ဗျ။ ဒီလိုဟောလိုက်တာ။ တက်အပ်ကို ဟောလိုက်တာ။ အဲကုလားသွားရောဗျို့။ အဲသူတို့ကမျှစ်တို့၊ ကွမ်းတို့ဘာတို့ပေါ့ဗျာ။ ကုန်စိမ်းရော၊ ကုန်ခြောက်ရော လှေနဲ့သွားတာ။ လှေကစပါး (၃၀) ကျော် (၄၀) လောက်ပါမယ်။ ဘောက်တူကြီးနဲ့ပ။ ပေါင်မိုးတွေလုပ်ပြီးထွက်သွား။ အဲထွက်လည်းထွက်ရော အဲ့ဒီမှာခင်ဗျားနဲ့ကုလား လိပ်ပုတ်ရောက်တော့ သဗ္ဗာန်ခတ် ရင်းနဲ့ နေပြီးတော့ တစ်ခါတည်းကုလား အပူတက်ပြီးတော့ခတ်ရင်းနဲ့လဲရော။ လဲတော့မိန်းမကလန့်ပြီး တစ်ခါတည်း သတိလစ်ပြီးလဲသွားရော။ ကုလားလည်းသတိလစ်ရော။ အဲ့ဒီလိပ်ပုတ်က ခရစ်ယာန်လူမျိုးတွေက အဲ့ဒီလှေကို လိုက်ပို့တာ။ ကုလားအဲ့ဒီမှာတင်သေရော။ မိန်းမကြီးကတော့ နာနပ်ယူရတယ်။ အဲ့ဒီမြောင်းမြဆေးရုံရောက်တဲ့အခါ ကျတော့ မူဆလင်လူမျိုးအဲ့ဒီတော့ အဲ့ဒီသတင်းတွေကြားတယ်။ ဖေဖင်ကြည့်တယ်။ ဖေဖင်ကမသွားနဲ့ နင်သေလိမ့်မယ် ဆိုတာ အဲ့ဒါနိမယ်ကြီးတာဘဲဗျို့။ အဲ့ဒီတော့မှ ဒူသမီးလှလှ ကွက်သစ်ကမချိုနဲ့ ကုလားတင်မြင့်က ကိုးကွယ်တော့တာ ဘဲဗျ။ ကိုယ်ကဖာသိဖာသာ အရှုးလိုနေတယ်။ နောက်တစ်ခါ ကုလားတင်မြင့်ရဲ့ကွက်သစ်မှာ (၂) နှစ်ကျော်လောက် ကျင့်ပြီးတော့ ဘယ်ရောက်လည်းဆိုတော့ ဟောခမ္မရက္ခိတ ကျွန်းတောနားကျောင်းရောက်တယ်။ ကျွန်းတောကုန်းနားကျောင်းရောက်တော့ မထူးပါဘူးကွာ။ မင်းတို့ငါ့သင်္ကန်းတော့စီးတော့မယ်ကွာ။ မင်းတို့လူဘောင်က တယ်ပြီးရှုပ်တာဘဲ သူဟာသုဝမ်းထဲထားတာ သူများတော့ မပြောဘူး။ စီးမယ်ဆိုပြီး သင်္ကန်းစီးရော စီးတော့ပါပါတယ်။ ဦးဇင်းရဲ့ဒကာမ သူမေးပါ။ အဲ့ဒီတော့ ခေါင်းရိတ်ရော ခေါင်းရိတ်တော့ အဲငါတော့ဒီသင်္ကန်းကနေ မချွတ်တော့ပါဘူး။ ဘဝတုံးဆုံးအောင်ဝတ်တော့ပါမယ်ဆို အာသင်္ကန်း စီးပေးတဲ့သူတွေက ပျော်တာပေ့။ အဲ့ဒီတော့ ရဟန်းတက်ပါ။ ရဟန်းမတက်ပါရစေနဲ့ ကိုရင်ကြီးနဲ့နေပါရစေ။ စာလည်းမတတ်ပေလည်းမတတ်၊ ဘာမှမတတ်ဘူး။ ကိုယ်ကိုရင်နဲ့ တရားရှာမယ်ဆိုပြီး ကိုရင်နဲ့နေရပါတယ်နော်။ မေးပါ။ အဲ့ဒီမှာကိုရင်နဲ့နေတယ်ဗျို့။ အဲခင်ဗျားဒေါ်ငွေအခု ရန်ကုန်မှာ သူဌေးကိုဖြစ်နေပြီနော်။ အားအကြီးအကျယ်ဘဲ။ သဘောလေးဘဲနော်ပါ။ အဲသူကနေပြီးတော့ ဒီလိုသင်္ကန်းစီးပြီးတော့ဘဲ ဒေါ်ငွေကနေပြီးတော့ အာမုန့်တွေကျွေး၊ ဘာတွေကျွေးတာပေ့ါဗျာ။ သူကမြောင်းမြမှာနေဘူးသေးတာကို။ အဲသူက လှူတယ်ဗျ။ ဦးဇင်းကြီးကို အဲ့ဒီမှာ ကိုရင်ဖြစ်ရောဗျို့။ ဖြစ်လည်းဖြစ်ရော သွားကြတာပေ့ါဗျာ။ ညနေမိုးချုပ်တော့ သူတို့အိမ်သူတို့ပြန် ကိုရင်ကြီးကတော့ ဝါးကျောင်းလေးမှာ အဲ့ဒီမှာ ဦးစန်းအောင်ကအဲ့ဒီမှာ သူ့အဖွဲ့ရွှေရင်ကျော်ဂိုဏ်းအဖွဲ့တွေပါဗျာ။ ဆောက်ပေးတာပေ့ါဗျာ။ ဝါးကျောင်းဖြစ်တာဘဲဗျို့။ ဘာဖြစ်ဖြစ်အဲ့ဒီမှာကျင့်တာ။ အဲ့ဒီမှာလာကြပြန်ရောဗျို့။ ဘယ်သူတွေလည်း အဲ့ဒီအနီးအနားက ကရင်တွေလာတယ်ဗျ။ ကရင်တွေလာတဲ့အခါကျတော့ ကရင်မက ကိုရင်ကြီးရယ်ငါတော့နင်တို့လို စကားမပြောတတ် တော့ နင်ငါနဲ့ဘဲပြောချင်ဗျာ။ ပြောချင်သလိုတာပြော။ ကြိုက်သလိုတာပြော။ နင်ခြံဖွင့်ပေးပါ။ ငါ့လင်က ငါ့ကိုမပေါင်း တော့ဘူးတဲ့။ ငါရန်ကုန်မှာသွားပြီးတော့ သူများအိမ်မှာ အလုပ်အကိုင်နဲ့နေရမယ်တဲ့။ ဟာသူကြည့်လိုက်တော့ သနားကမားလေး။ နင့်လင်ကဘယ်မှာလည်း။ ငါ့လင်ကကပ်စီးနဲ့ပွဲရုံမှာ ဟနင်လင်ပေါင်းမှာကွ။ မပေါင်းဘူးတဲ့။ ငါ့လင်က တမျိုးတဲ့။ ငါ့အကြောင်းကိုသူသိတော့ ပိုပြီးတော့မပေါင်းတာပေ့ါတဲ့။ ငါမပြောချင်းဘူးတဲ့။ ကရင်မက အဲ့လိုပြောတယ်။

ဒါပြင့် နင့်ကလေးဘယ်နှစ်ယောက်ရှိလည်း။ ကလေး (၃) ယောက်ရှိတယ်တဲ့။ သားအငယ်လေး (၅) နှစ်သားကတော့ ငါ့ဆီမှာတဲ့။ ကျန်တဲ့ကလေးကတော့ သမီးလေးနဲ့ သားလေးကတော့ သူ့ဆီမှာတဲ့။ အခုဘယ်မှာလည်းလို့ ကပ်စီးနဲ့ ပွဲရုံမှာလုပ်တယ်။ အာငါပြောရင်ပြန်ပေါင်းရင် နင်ငါ့ထမင်းကျွေးမှာလား။ အာကျွေးတာပေါ့။ ကိုရင်ကြီးရယ်။ အားကြီးကျွေးမယ်တဲ့။ အေးငါ့ကိုထမင်းကျွေးမယ်နော်။ အေးအေး သူပြောရောဗျို့ နင့်သားဟာနက်ဖြန်ခါ သန်ဘက်ခါ လာလိမ့်မယ်ဟာ။ မလာဘူးတဲ့။ ငါသားပါမလာဘူးတဲ့။ မလာဘူးတဲ့။ နင်အသိနဲ့မပြောနဲ့။ ငါပြောတာနားထောင်အုံး။ နားထောင်ပါ့မယ်တဲ့။ နင်သားဖျားလာလိမ့်မယ်။ ဖောင်ခြုံလာလိမ့်မယ်။ နင်အိမ်ကိုထိုးလာလိမ့်မယ်။ နင့်သားလာရင် ငါ့ကိုလာခေါ်။ ခေါ်မလား။ ခေါ်မယ်တဲ့။ သန်ဘက်ခါကျတော့ သူ့သားလာရောဗျို့။ ဘယ်အချိန်လာလည်းတော့ ဘယ်သိမလည်း လာတော့။သူလာခေါ်တယ်။ အဲကိုရင်ကြီးက လိုက်သွားရောဗျို့။ ကရင်မကလာတာ။ သူတို့ဟို ကျွန်းတော လက်ဝါးကပ်တိုင်နားမှာ ဟိုချောင်းထဲမှာ လိုက်သွားတော့ သူ့အိမ်တက်တော့ မုတ်ဆိတ်ကြီးနဲ့ ဆံပင်ကလည်း ရှည်ရှည်နဲ့ အင်္ဂလိပ်ရုပ်ကြီး အဲ့ဒီမှာ ဦးဖင်းရစ်ခိုးပါတယ်။ ရှစ်ခိုးပြီးတော့ ဘယ်မှာလည်း နင့်သား အခန်းထဲမှာတဲ့။ ငါဝင်ရမလားတဲ့။ အေးဝင်တဲ့။ သူကမီးချောင်က စားပြောတယ်။ ကိုယ်ကအခန်းထဲဝင်တယ်။ လာဟော့ကောင် လာနင်ဘာဖြစ်လည်း ဖျားတယ်တဲ့။ အကြီးအကျယ်ဖျားတာ။ အေးဒါဘာတော်လည်း မအေ၊ ဟိုနင်နဲ့ နေတာ ဘာတော်လည်း အဖေ။ ဟင်လင်မယားတွေကွဲနေပြီ။ နင်ပြန်ပေါင်းအောင်လုပ်ပေး။ သူတို့ကိစ္စတဲ့ ကျွန်တော် လုပ်လို့မရဘူးတဲ့။ လုပ်လို့ရတယ်။ နင်ဘာမှမပြောနဲ့ နင့်အဖေဆီသွား။ နင်ဒီကငါခေါင်းကိုင်ပေးအုံးမယ်။ နင့်အဖေဆီသွား။ သွားပြီးတော့ အဖေရယ်။ ကျွန်တော်အမေက အင်မတန်ဆင်းရဲနွမ်းပါးပါတယ်၊ ကျွန်တော်ညီလေး ကလည်း ထမင်းမစားရပါဘူး။ ကျွန်တော်ပါသွားတဲ့ပိုက်ဆံလေးကလည်း (၁၇) ကျပ် (၁၅) ကျပ်ကလည်း အမေ့ပေးတယ်။ အဲ့ဒါစားရတယ်။ အဖေရယ်၊ ပြန်ပေါင်းပါ၊ ဒါလေးဘဲနင်ပြော ပြေမလား။ အေးဒါလေးတော့ ငါပြောမယ်။ ပေါင်းတာမပေါင်းတာ သူ့အကြောင်း ပြောဖို့ကနင့်အကြောင်း ပြောမလား ပြောမယ်။ အေး ပြောရင်လာလိုက်ခဲ့၊ မင်းခေါင်းကိုယ်ငင်မယ်။ ခေါင်းကိုင်တယ်။ လုပ်ပေးလိုက်တာ အဲ့ဒီကရင်လေးဟာ သွားရောဗျို့ ဖအေကိုအကြောင်းပြောတာ။ ဟာဒုန်းစိုင်းလာတယ်ဗျို့ ဒီလောက်ရှိတဲ့ ဝါးဆစ်ဗူးထဲမှာ ပိုက်ဆံတွေလိပ်ထားတယ်။ မိန်းမကိုပစ်ပေးလိုက်တယ်။ အဲ့ဒီတော့ အဲဒီကရင်မလေးကလာပြီးတော့ လင်ပန်းနဲ့လေ ပဲပေါင်းကြော်တွေ၊ မျှစ်ငပိ ကြော်တွေ၊ မျှစ်ဟင်းတွေ၊ ချဉ်ပေါင်းဟင်းတွေ ဟာဘန်းကြီးနဲ့ကို ဟိုဘုန်းကြီးကိုမပေး ဆရာတော်မပေးဘဲ ဒီမှာ လာကပ်တယ်။ ဟာ အဲ့ဒီမှာစားတာဘဲဗျို့ တဝတပြဲဘဲ။ အေးကရင်မလေး နင်ဟာတော့ စားပြီပိုတာတွေ နင်လည်းစား ကျန်တာလည်း ခွေးကျွေးလိုက်။ ကဲသွားပြီတော့၊ ကိုရင်ကြီးရေတဲ့ နောက်နှစ်ဦးရှိသေးတယ် ကြည့်ပါအုံးတဲ့၊ ငါမကြည့် တော့ဘူး။ ငါလည်းပြေးတော့မယ်လုပ်ရတယ်နော်။ အဲ့ဒီမှာပြေးရတာဘဲဗျို့နော်။ အဲ့ဒီတော့ ပြေးတဲ့အခါကျတော့ အဲသူဘယ်လိုလုပ်လည်းဆိုတော့ တပည့်တော်ဘုရားလို့ ဒီမှာနေလို့ရှိရင်တော့ တပည့်တော်တရားမကျင့်ရတော့ဘူး။ ဘုရားလို့စမ်းချောက်သွားပါရစေဘုရားလို့ဆိုတော့ ဆရာတော်က ဘယ်လိုပြန်ပြောလည်း။ ကိုရင်ကြီးတဲ့။ သံဃာတွေသန့်ရှင်းရေး ဖြစ်နေတယ်တဲ့။ သန့်ရှင်းရေးအစိုးရက လုပ်နေတဲ့အတွက်ကြောင့်တဲ့ ကျုပ်ဟောဒီစမ်းချောက် ကိုမလွှတ်ရဲဘူးတဲ့။ ကျောင်းပရဝုဏ်ထဲမှာ ကျင့်ပါ၊ ကြံပါ။ အားထုတ်ပါတဲ့။ ကျောင်းပရဝုဏ်ထဲ လူတွေလာပြီးလေ။

ဒါဖြင့်တပည့်တော်ထွက်မယ်ဆိုပြီး ထွက်လာတာပါဗျာ။ ထွက်လာတဲ့အခါကျတော့ ဘယ်ပြန်ရောက်လည်းဆိုတော့ လူထွက်လာပြီ သင်္ကန်းလေးတော့ပြန်တောင်းလိုက်သေးတယ်။ တပည့်ဘုရားလို အဲ့ဒီသင်္ကန်လေးစွန့်ပါလို့ စွန့်တယ်။ စွန့်ပြီးတော့ သင်္ကန်းလေးပြန်ယူလာပြီး မရှိချိုတဲ့ကွက်သစ်ရောက်လာတယ်။ ရောက်လာတော့ ဦးဖင်းကြီး မြိုင်မာလာ (၂) လမ်းသွားတာကို ကိုယ်အိမ်ကိုယ်ပြန်ဝှာပေါ့။ အဲခဏပြန်တာပါ။ ပြန်တဲ့အခါကျတော့ ဖွေးဖွေးကိုမေးတယ်။ စန်အောင်ရှိလား ရှိပါတယ်တဲ့။ သူတို့ကတော့ စောစောကတည်းကကြားလိမ့်မယ်နဲ့တူပါတယ်။ သတင်းထွက်ပြီး ထွက်လာတော့ စောင်လေးခြုလာတယ်။ လူမြင်မှာစိုးလို့ ခြုံပြီးတော့ညဘက်လာတော့ အဲမနက်ကျတော့ ဦးစန်းအောင် ပြောတယ်။ ဦးဖင်းတော့လူထွက်လာပြီ။ လက်ကြီးပိုက်ပြီး ခေါင်းကြီးအောက်စိုက်ချထားတယ်။ ဦးဆန်းအောင် ဦးဖင်းအဝတ်တော့ ပြောင်းသွားပြီ။ စိတ်ကတော့မပြောင်းဘူး။ နောင်တကာကြီးတို့အမျိုးရှိတဲ့ အိမ်မဲမြို့နယ်၊ အင်းတမိ ရှမ်းစုကျောင်းမှာ ကိုရင်ကြီးစီးမယ် တကာကြီးစီစဉ်ပေးပါ။ ဦးဆန်းအောင်ကလည်း လုပ်ပေးပါမယ်ပြောတယ်။ (သာဓု . . . သာဓု. . . သာဓု . . . ) (ပထမပိုင်းပြီးပါပြီ။ ဒုတိယပိုင်းဆက်ရန်)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ခါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၀၆၂၀၀၂၈၊ ၀၉-၄၄၇၅၇၂၃၅၅

ဗြောင်းမြဖြို့
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၃၄)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၃၄)

ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ ပြီးတော့ အသက်ကြီးမှ ရဟန်းဘောင်ကိုရောက်လာတာ။ တောထွက်ကြီးပါ။ သူ ဘာမှ လူ့ဘဝမှာ အစွဲဥပါဒါန်ကြောင့်၊ အတ္တကြောင့် သူက လောဘ၊ ဒေါသ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ အနောက အာရုံပေါ်မှာ ကျက်စားတယ်ဗျို့။ အဲဒီတော့ သူ စာမတတ်ပါဘူးလို့ ဝန်ခံထားလိုက်ပြီနော်။ အားလုံးရှိကြတဲ့ ဒကာ၊ ဒကာမတွေ၊ သံဃာတော်အရှင်သူမြတ်၊ ဆရာတော်၊ ထေရ်ကြီး ဝါကြီး၊ ရှင်သာမဏေကအစ တပည့်တော် ပြောမှားဆိုမှား၊ ဒီအတ္တနယ်ထဲမှာ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါတဲ့နော်။ အနတ္တနယ်ထဲမှာ စာမရှိဘူး။ ဒါကြောင့်မို့ အတ္တကို အားလုံးတောင်းပန်ထားတယ်။ အနတ္တဆိုတာ သူကိုယ်တိုင်သိလို့၊ ရရှိလို့ အနတ္တကြွေးကြော်တာတဲ့နော်။ ခင်ဗျားတို့ အသေချာ နောက်ဆုံးအသိတရားတွေပဲ။ အဲဒီတော့ သံသရာ ဘယ်ကစသလဲတဲ့နော်။ တစ်ဘဝပြီး တစ်ဘဝ ခင်ဗျားတို့ စာနဲ့ရေးထားတာပဲ။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းရှိတယ်။ သံသရာ ဘယ်ကစသလဲတဲ့။ ဟော ကာယကံ၊ ဝစီကံ၊ မနောကံ က စတာပဲတဲ့။ သံသရာ ဘယ်ကစလို့လဲတဲ့။ မနောကံက စလို့လည်ပါတယ်တဲ့။ သံသရာဘယ်က စလို့ပြတ်သလဲတဲ့။ မနောကံက စလို့ပြတ်ပါတယ်တဲ့။ အဲဒါ ခင်ဗျားတို့အသေချာလေး အင်မတန်မှ ဒါ(၃၁)ဘုံလွတ်တဲ့တရား။ (၃၁)ဘုံမလွတ်တဲ့တရား အပါယ်ကိုသွားမယ့်တရား။ ဒါတွေအားလုံးလည်းရှိတယ်။ ဘုရားခေတ်မှာလည်း ရှိတာပဲ။ ဘုရားခေတ်မှာ သုပ္ပဗုဒ္ဓတို့၊ အဇာတသတ်တို့၊ ဒေဝဒတ်တို့ ဒါ ဘုရားခေတ်မှာရှိတယ်။ ခင်ဗျားတို့ စာတတ်တွေပဲ။ စာတတ်တွေ ဦးဇင်း ကတော့ စာမတတ်ဘူး။ အဲဒါ သုတ္တန်ကို ဆွဲထုတ်ပေးလိုက်တာ။ ဒါ ကျင့်တရားမဟုတ်ဘူးနော်။ ကျင့်တဲ့အသိက အနတ္တ။ အဲဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရားပဲတဲ့။ ဒါ ဘုရားဟောအရနော်။ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရားပဲတဲ့။ ဘာလဲ စိတ်ဆင်းရဲတယ်။ ဘုရားကပြောတယ်။ စိတ်မဆင်းရဲပါစေနဲ့။ ရုပ်ဆင်းရဲပါစေတဲ့။ ဟော စိတ်ဆင်းရဲတယ်ဆိုတာ ဘာကြောင့်လဲ။ သွားစွဲတာကိုဗျ။ ခင်ဗျား အတ္တကို အတ္တဆိုတော့ စွဲတာပေ့ါ။ အဲဒါ အတ္တနယ်ထဲမှာ ဟောတဲ့ အသိတရားတွေပဲ။ အတ္တဆိုတာ အာရုံ(၆)ပါး ပျော်မြူးနေတဲ့ အာရုံနဲ့ မနော။ အဲဒါ အနုစယ (၃၁)ဘုံလည်တဲ့တရား။ အပါယ်ကျတယ်လို့ ခင်ဗျားတို့ကို မပြောဘူး။ အဲဒီတော့ ဒီအတ္တတရားတွေဟာ၊ တို့ဟာ သံသရာခရီးတွင်းလျှောက်ဖြစ်နေပါလား။ အဲဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရားပဲတဲ့။ ဒါ စာရေးထားတယ်နော်။ တစ်ခါပြန်ပြီးတော့ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရားပဲတဲ့။ အကြောင်းအမှန်တရား၊ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း၊ အဲဒီအကြောင်းဟာ ကိုယ်ဘာနဲ့ယှု

ထားသလဲနော်။ သညာကြောင့်၊ ခင်ဗျားတို့အမှတ်ကြောင့် ကံဖြစ်ကြလိမ့်မယ်။ အတ္တကိုဗျ။ အာရုံ (၆)ပါးမှ မလွတ်တော့ မနောကဖြစ်တတ်တဲ့အမှတ်ကိုဗျ။ အဲဒီတော့ ငါ့သမီးလေး၊ ငါ့သားလေး၊ သူများရိုက်ပါလားလို့ အဖေ၊ အမေက ကြားတယ်။ ဒါ ပစ္စုပ္ပန်တည့်တည့်လေးပဲ။ ရှေ့လည်း မမျှော်နဲ့။ နောက်လည်း မတွေးနဲ့။ တည့်တည့်လေးသိတဲ့တရားခေါ်တယ်။ အဲဒါ ခန္ဓာသိခေါ်တယ်။ အဲဒါ ဩော် ငါ့သမီးတွေ၊ သားတွေ ရိုက်လိုက်ပါလား မြင်လိုက်တော့မှ အဖေ၊ အမေက တစ်ခါတည်းဘာဖြစ်လဲ။ ရိုက်တဲ့သူအပေါ်မှာ စေတနာပျက်သွားတယ်။ နှလုံးသားက စေတနာပျက်သွားရင် မာန်ဖြစ်လာလိမ့်မယ်။ ဟော မနောကပဲဖြစ်လိမ့်မယ်။ အဲဒီတော့ ဒီမာန်ဟာ ဟော ဒီဘဝမှာ သညာတနိဗ္ဗာန်ကို ပိတ်ထားတာသူပဲ။ အဲဒီမာန်ပဲနော်။ ဘာဖြစ်လို့ ဒီမာန်လည်း တဏှာကြောင့်ကိုဗျ။ ငါ့သမီးလေးကိုရိုက်တယ်။ ယူလိုက်တယ်။ စွဲလိုက်တယ်။ သမီးလေးကိုစွဲတယ်ဆိုတာက တဏှာ။ ယူတာကသညာနဲ့ ယူထားတယ်။ ပညာမဟုတ်ဘူး။ သညာ။ ကိုယ်သိတဲ့ အသိအတ္တ၊ သိတဲ့အသိ အဲဒါကို သညာခေါ်တယ်။ အေး ဒါလေးပြောပြပေးမယ် မှားရင်သည်းခံပေတော့။ ဒါတွေကဘာလဲ ကံတရားကိုဟော သွားတာ။ ဘယ်ကံကိုဟောလည်း။ မနောကံကိုဟောတာ။ သံသရာဘယ်ကစသလဲ။ မနောကံက စတယ်လို့ပြောပါတယ်။ သံသရာ ဘယ်ကပြတ်သလဲ။ မနောကံက စလို့ပြတ်ပါတယ်တဲ့။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာချုပ်တယ်။ စာရေးထားတယ်။ စာနဲ့စိတ်နဲ့ တစ်ထပ်တည်း ဖြစ်မှ အရိယာရဟန္တာတို့ ဘုရားလို့ခေါ်တယ်နော်။ ခင်ဗျားတို့ ဒီအဆင့်တွေဟာနော် အများကြီးပဲ ရှိတယ်။ အားကြီးပဲ။ အဲဒီတော့ ဒီသညာကြောင့် ဥပါဒါန်တွေဖြစ်နေကြတယ်။ ဘာလဲ။ အတ္တနယ်မှ မလွတ်တာကိုဗျ။ အနတ္တနယ်ကိုမှ မရောက်တာ။ အတ္တနယ်ထဲမှာ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ။ ဟော အဲဒါ အတ္တနယ်ထဲမှာ ဟောနေတာ။ တရားတွေ ဉာဏ်နဲ့ဟောနေတာ။ အနတ္တက ကြည့်စမ်း အဲဒီတော့ ဒီလိုခန္ဓာသိ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ (၂)ခုဟောနေပြီ။ နိယောဓနဲ့ မဂ် မပြောသေးဘူးနော်။ နိယောဓနဲ့ မဂ် မပြောသေးပါဘူး။ နိယောဓနဲ့ မဂ်ရလို့ ဒီ(၂)ခုကိုပြောတာ။ ခင်ဗျား စာကလည်းရေးထားတယ်။ ဟော ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုတဲ့ မင်းစိတ်ကိုစစ်ပါတဲ့။ ဘယ်စိတ်လဲ။ မနောတဲ့။ မနောစစ်လို့ရှိရင်တဲ့ ကာယဝစီလည်း ငြိမ်တယ်တဲ့။ အာရုံက ဂယယ်(၆)ပေါက်ရှိတဲ့ဟာမှာ အပြင်အာရုံ(၃)ပေါက်ပိတ်လိုက်ပါတဲ့။ ဒါအပြင်ခေါ်တယ်။ ဒါပညတ်ခေါ်တယ်။ တွေ့လား။ ပညတ်ကိုပိတ်လိုက်ပါတဲ့။ (၅)ပေါက် မျက်စိတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ နားတံခါး၊ ကိုယ်တံခါး အဲဒီ(၅)ပေါက်ပိတ်ချင်တဲ့ ဒီမနော ဟာ တောင်ပို့ထဲက ဖွတ်ကထွက်လာလိမ့်မယ်တဲ့။ ကြာရင် မင်းကျင့်လာလို့ ရက်ပေါင်း၊ လပေါင်း၊

နှစ်ပေါင်းကြာရင် မင်းအသိလေးရှိလာလိမ့်မယ်တဲ့။ ကြာရင် မင်းကျင့်လာလို့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းကြာရင် မင်းအသိလေးရှိလာလိမ့်မယ်တဲ့။ ဘာသိတယ်ဆိုတာ မင်းဟာမင်း သူများသွားမမေးနဲ့။ မင်းသိလိမ့်မယ်တဲ့။ မင်းမှန်ဖို့လိုတယ်တဲ့။ အဲ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါ ဘုရားဟောတဲ့စာ ဗမာလိုပြန်မယ်ဆိုရင် မှန်မှာပေ့ါ။ သမ္မာဆိုတာ ကောင်းသောအလုပ်တဲ့။ သမ္မာ ဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတဲ့ စာသုံးလုံးရေးထားတယ်။ အဲဒီတော့ မှန်တာကိုကျင့်ပါတယ်တဲ့။ မှန်တာကိုပြောပါတယ်တဲ့။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါတယ်တဲ့။ ဒါ ဗမာလိုပြန်လိုက် တာ။ ငါ့ဟာငါထိုင်နေတာကွ။ မှန်တာကိုကျင့်ပါတယ်တဲ့။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါ တယ်တဲ့။ ဟောဒီစကားတစ်ခုမှားရင်တော့ သည်းခံ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ အကြောင်းလေးတွေ သူထိုင်နေတာတဲ့။ သူ့ကိုယုံကြည်လို့ လာပေးတယ်တဲ့။ စားချင်စားမယ်။ မစားချင် မစားဘူးတဲ့။ အကပ်တော့ခံလိုက်ပြီတဲ့။ မင်းစေတနာကို အလှူခံလိုက်ပြီတဲ့။ ဟော မင်းရဲ့စေတနာကို ငါ အလှူခံလိုက်ပြီတဲ့။ ချထားတဲ့ စားတာ မစားတာ ငါ့အကြောင်းပဲတဲ့။ လှူတာ မလှူတာ မင်း အကြောင်းကွတဲ့။ မင်းတို့ အတွက်ရှိတယ်ကွ။ စာမတတ်တော့ တစ်ခါတည်း ဒဲ့ဒိုးနဲ့ချနေတာနော်။ အေး ငါအလှူခံပြီး စားတာ၊ မစားတာ ငါ့အကြောင်းပဲတဲ့။ မင်းရဲ့စေတနာကို ငါအလှူခံလိုက်ပြီတဲ့။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတာ အဲဒါသီလအုတ်ပန္နက်ရိုက်နေပြီကွ။ သီလဖြစ်လာတဲ့ အကြောင်းလေးကို ပြောပြတာ။ လာစမ်းပါကွာတဲ့။ အပြင်မှာစင်ကြယ်ရင် အပြင်အာရုံ(၅)ပါး။ အပြင် မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ခန္ဓာမှာ ဘာ စင်ကြယ်လဲ။ မနောအာရုံ(၅)ပါးကိုပယ်ပြီလေ။ အဲဒီတော့ ပယ်အပ်မည့်တရား၊ ကျင့်အပ်မည့်တရား၊ သိအပ်မည့်တရား၊ ပယ်အပ်မည့်တရားက ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်တဲ့။ အဲဒီဝဋ် လေးပါးကို လွတ်မြောက်ရမယ်။ အဲဒါ ကိုယ်သိရမယ်။ ကိုယ်ကျင့်တဲ့သူ သိရမယ်။ မှတ်ထား ပယ်အပ် မည့်တရား ပယ်ပြီး ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါး။ တွေ့ လား။ အတွေ့နယ်တဲ့။ အဲဒါ အသေချာလေးမှတ်ထား။ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ ဒီဘက်က ရုပ်နာမ်ကိုမသိဘူး။ စာကို မိုးပျံအောင်တတ်ထားတယ်။ စာနဲ့ လေးနက်တဲ့သဘောတွေ ရှိတယ်။ အဲဒါဘာလဲ။ တဏှာမာနဒိဋ္ဌိနော်။ ဟောဒီကာလ သူတို့ပါလိမ့်မယ်။ သတိကျပ်ကျပ်သာထား။ ဘာဖြစ်လို့လဲ သာသနာ(၂၅၀၀) ခင်ဗျားတို့ရေးထားပြီ။ သာသနာ(၂၅၀၀) ဟောနှစ်ပေါင်း(၂၅၀၀) သာသနာ(၂၅၀၀) မင်းကောင်းတစ်ဆက် မှတ်ကြပေတော့။ အခု သာသနာ(၂၅၀၀)ကျော်နေပြီနော်။ ဘဝင်တွေမမြင့်နဲ့။ မာန်တွေမလုပ်နဲ့။ ခင်ဗျားတို့ လောဘ၊ ဒေါသ၊ မောဟ၊ သမာဓိနဲ့သုံးသွား။ ဒီ

အသိတရားရရင် ဘုံ(၃၁)ဘုံ ဘုရားကလွတ်အောင်တောင်သွားပြီးတော့တဲ့ကွာတဲ့။ ဒါ ဘုရားက ဟောတာ။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလအုတ်ပန္နက်ရိုက်လိုက်ပြီ၊ တွေ့လား။ အပြင်မှာစင်ကြယ်ပြီ၊ အာရုံ(၅)ပါး ဘာနဲ့ယှဉ်ထားလဲ။ သမ္မာနဲ့ယှဉ်ထားတယ်။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေပယ်ပြီ။ ဒီအယူကို မယူဘူး။ ဟော ဥပေက္ခာတယ်ဆိုတာ ဒီဟာကို ငါမယူဘူးကွ။ ငါ့အလုပ်မဟုတ်ဘူးကွ။ ဟာ အဲဒါတွေက အတ္တနဲ့ယှဉ်ထားလို့ အတ္တလူတော့ လူပဲ။ မင်းလည်းလူပဲ။ ငါလည်းလူပဲ။ အတ္တကယှဉ်ထားလို့ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ။ အဲဒါအတ္တသမားယူတဲ့ အယူတွေ ခေါ်တယ်။ ဒီတော့ ဘယ်လောက်ရင်နာဖို့ကောင်းလဲ။ ဘုန်းကြီးက ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် မျက်ရည်ကျတယ်နော်။ ခင်ဗျားတို့ မျက်ရည်ကျတယ်။ ငါက လူ့ဘဝက အလွန်ဆိုးခဲ့တဲ့ လူတစ်ယောက်ပါကွာတဲ့။ ခုံဖိနပ်လောက်တောင် အဖိုးမတန်ပါဘူးကွာတဲ့။ ငါ့ဘဝဟာ ဒီဘဝတော့ ဒီဘဝ ငါအလွန်ဆိုးပါတယ်ကွာတဲ့။ သူများပစ္စည်းတွေလည်း ငါလိမ်တယ်ကွ။ လူကြီးတွေလည်း လိမ်တယ်ကွတဲ့။ ရဲထဲမှာလည်း အဖွဲ့ကကောင်းတယ်ကွ။ ငါမကောင်းဘူးကွတဲ့။ ငါ အခုပြောပြီလေ။ ပြောသွားပြီ။ သူသွားတော့မှာကို မင်းတို့မလုပ်ကြပါနဲ့ကွာ။ တောင်းပန်တယ်။ မင်းတို့မလုပ်ကြနဲ့နော်။ သတိလေးထားသွား။ အဲဒီတော့ ဒါတွေ အတ္တနယ်ထဲက အယူမှား၊ အမှတ်မှား၊ အစွဲမှားတဲ့ဟာတွေကို ကိုယ်သတိထားပေ့ါဗျာနော်။ သတိလေးထား၊ လှူတိုင်း ငါ နိဗ္ဗာန်ရောက်မယ်လို့မထင်နဲ့။ အလုပ်လုပ်မှ ဒီအသိကိုသိမယ်။ သိမှပယ်မယ်။ ပယ်မှ မဂ်ဖိုလ်ရမယ်။ ဒီအလုပ်လုပ်လို့ ဒီအသိသိလို့ ခင်ဗျားတို့ကိုဟောတာ။ အစက ဦးမြမောင် ဟာ ရေထမ်းတယ်။ လူနှိပ်တယ်။ ရဲလုပ်တယ်။ ကြည့်စမ်း အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားလုပ်ခဲ့တယ်။ လူမသိဘူး။ သူလုပ်တဲ့ မကောင်းတဲ့ဟာတွေလည်း ပြန်မပြောဘူး။ အခုပြန်ပြောပြီနော်။ ခင်ဗျားတို့ပိုက်ဆံမရှိတာကို ရှာရင်ရတယ်။ မသိတာအခက်ဆုံး။ ခင်ဗျားတို့သိတာက အတ္တအသိတွေ။ ဒီက ဦးမြမောင် သိတာက အနတ္တအသိ။ ခင်ဗျားတို့အတ္တအသိတွေ။ အတ္တဆိုတာ အစွဲတွေ။ အနတ္တဆိုတာ မစွဲတော့ဘူး။ ဟော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ကြိုးဖြတ်ပြီနော်။ ခုနက ပယ်အပ်တဲ့တရား ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပကဝဋ် ဟော ကမ္မဝဋ်ပြတ်သွားပြီ။ ဘဝဝဋ်ကိုလည်း သူလွတ်ပြီနော်။ အထွေထွေဘာမှမလုပ်ရတော့ဘူး။ ဝိပါကဝဋ်ကိုလည်း သူဖြတ်ရမယ်။ ရပြီနော်။ ကိလေသာဝဋ်ကတော့ ရုပ်ကြီးကျန်တယ်ဗျို့။ ရုပ်ကြီးကျန်ခဲ့သေးတယ်။ ဒါက အေးတော့အေးပေမယ့် ရုပ်ကြီးကျန်နေတဲ့အခါ ဗွါရ(၉)ပေါက် သူ့မှာ ကျင်ကြီး၊ ကျင်ငယ်နဲ့၊ သူ့ကို အင်မတန်ကံစိတ်၊ ဥတုအာဟာရနဲ့ အပြင်ခါတ်လေးပါးနဲ့ညီမျှအောင် သုံးဆောင်ပြီးတော့ ကျန်းမာမှုရှိမှ ခင်ဗျားတို့ ဒီခန္ဓာသိတရားတွေကို ဟောတာနော်။ ခန္ဓာသိတရား။

အရင်လိုမဟုတ်တော့ဘူး။ သီလဆိုတာက မိမိစိတ်ကိုထိန်းမှ စိတ္တဝိသုဒ္ဓိဖြစ်ရင် စိတ္တဝိသုဒ္ဓိဖြစ်ပြီ။ ကဲ စိတ္တဝိသုဒ္ဓိတဲ့။ အဲ ခုနက စိတ္တဝိသုဒ္ဓိဖြစ်တယ်ဆိုရင် စာလိုဆိုရင် ဝိမုတ္တိစိတ္တဝိသုဒ္ဓိက ဝိမုတ္တိဖြစ်သွားပြီ။ ဝိ ဆိုတာ အထူးပဲလွတ်မြောက်သွားပြီ။ ဖွင့်ပြောမှ ခင်ဗျားတို့သိတယ်။ အဲဒါကြောင့် မျက်ရည်ကျတာနော်။ ဦးပဏ္ဍိတ ဟာ ဒီညောင်လေးပင်ကိုရောက်လာတဲ့အခါ ဝါးတောကြီးပဲ။ ဘာမှမရှိဘူး။ လေးစင်တိုင်လေးနဲ့လာတဲ့ ဘုန်းကြီးကျောင်းပိုင်မဟုတ်ဘူး။ ခြုံတောထဲမှာ ဖြုပြီးတော့ သူများကျောင်းကို ကပ်နေတဲ့ ရဟန်းမဟုတ်ဘူး။ သူများသေပြီး တက်နေတဲ့ရဟန်းမဟုတ်ဘူးနော်။ ဆရာတော်ကြီး သေပြီးတော့တက်တဲ့အကောင်မဟုတ်ဘူး။ ဝါးတောထဲကဖြစ်တာ၊ လေးစင်တိုင်လေးနဲ့ ဖြစ်လာတာ။ အဲဒီတော့မှ ဒါကြီးတွေဖြစ်ကုန်တာနော်။ ခင်ဗျားတို့ကြည့်လိုက်။ မေး အဲဒီအနီးတစ်ဝိုက် အဲဒါ လေးစင်တိုင်လေးနဲ့ဖြစ်တာ။ ဖြစ်လာတဲ့အခါမှာ သူသိပြီ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်ကို ဘုံ(၃)ပါး ကိုမြင်လာပြီ။ ဒါ ဉာဏ်တွေပေါ့။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ် စက္ခုဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာ ဥဒပါဒိ၊ အာသဝက္ခယဉာဏ်ခေါ်တယ်။ ကံ မဟုတ်ဘူး။ အာရုံပြတ်သွားမှ ရှင်းအောင်ပြောသွားမယ်။ ဒါ ဝိပဿနာ။ ဒါ ဝိအထူးပဲ။ ဝိပဿနာက ရုပ်နာမ်ကိုမြင်အောင်ကြည့်။ အဲဒီတော့မှ ဩော် ငါ့ကို လာလှူကြတဲ့ ဂျပန်ကလည်း လှူတယ်။ အခုပင့်တာလည်း အကြီးကျယ်မသွားနိုင်လို့ပါ။ ဂျပန် ကလည်း ငါ့ခေါ်တယ်။ ငါ့အကုန်ခေါ်တယ်။ ဘာဖြစ်လို့ခေါ်လဲ။ ဦးပဏ္ဍိတ ကို သူတို့တိုင်းပြည်မှာ ဦးဇင်းနဲ့ပါလာတဲ့ ဦးဇင်း နာမည်တောင်မေ့သွားတယ်။ (၄)ရက်ထဲနေတယ်။ အများကြီးနေသူတို့ လိုက်ပြမယ်။ ငါ ဒီဟာတွေ လိုက်ကြည့်စရာမလိုဘူးတဲ့။ ငါ့ကိစ္စပြီးရင် ငါပြန်မယ်တဲ့။ ကိုယ့်ကိစ္စကို ကိုယ် ညတွင်းချင်းပြီးအောင်လုပ်တယ်။ ဦးဇင်း ကိုမေး သိုက်တွေပူးနေကြတယ်။ ဘုန်းကြီး လည်းတွေ့ရော ဝူး ဝူး ဝူး နဲ့။ ဟာ အဲဒီမှာပူးနေကြတာ။ နဂါးသိုက်တွေ အဲဒီလိုသွားချွတ်တာ။ နာမ် ကောင်တွေ ရုပ်ကြည့်ပြီးတော့ နာမ်ကောင်တွေလာပူးတာနော်။ ဘာမှ တရားဟောတာမဟုတ်ဘူး။ တရားဟောတယ်လို့မထင်နဲ့။ နာမ်ကောင်တွေရှိတယ်။ ခင်ဗျားတို့ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးလို့ ရေးထားတာပဲ။ ကဲ ရုပ်ရှိရင် နာမ် ရှိတယ်။ ထုတ်ပြပါဆိုလို့ ဘယ်လိုလုပ်ထုတ်ပြရမလဲ။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါသီလမဂ္ဂင်ပဲ။ အုတ်ပန္နက်ရိုက်တာ။ အဲဒီ သမ္မာအာဇီဝ၊ သမ္မာကမ္မန္တ၊ သမ္မာဝါစာ က ဘယ်သတိပဋ္ဌာန်ထဲမှာရောက်နေလဲဆိုတော့ ကာယသတိပဋ္ဌာန်ထဲမှာ ရောက်နေတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတာ ဘယ်နေရာရောက်နေလဲ။ အေး မင်းကြည့်ပေါ့ကွာတဲ့။ ကာယ သတိပဋ္ဌာန်ထဲမှာ ရောက်နေတယ်ကွတဲ့။ သတိပဋ္ဌာန်လည်း အစာကျေ အောင်ကြည့်ကွ။ မင်းတို့ စားကောင်းသောက်ကောင်း လုပ်မနေနဲ့ကွတဲ့။ ဆရာကပြောနေပြီ။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ ကာယသတိပဋ္ဌာန်ကို အစာကြေသွားပြီ။ အပြင်မှာလည်း စင်ကြယ်သွားပြီ။ အပြင်သီလ အတွင်းသီလ အုတ်ပန္နက်ရိုက်သွားပြီ။ အဲဒါဘာလဲ။ မဂ္ဂင်ရှစ်ပါးပဲ။ မဂ္ဂင်ရှစ်ပါးကို အားကိုးတယ်။ ယုံကြည်တယ်။ လေးစားတယ်နော်။ ဒီမဂ္ဂင်ရှစ်ပါးက နိဗ္ဗာန်ကိုသွားတာ။ နိဗ္ဗာန်ဆိုတာ အေးငြိမ်းခြင်း ဓါတ်ရတာ။ နှလုံးသားက အေးငြိမ်းခြင်းဓါတ်ရတာ။ ဗမာလိုပြောတာ။ ခင်ဗျားတို့ကို လိမ်ပြောရင် အဝီစိရောက်သွားမယ်။ အေးငြိမ်းခြင်းဓါတ်ရထားတာ။ ဒါကြောင့်မို့ ဒီနေရာမှာ အုံးအုံးကျပ်ကျပ် ဖြစ်လာလိမ့်မယ်။ နောက်ဖြစ်လာလိမ့်မယ်တဲ့။ နီးလေ ဖြစ်လေ၊ နီးလေ ဖြစ်လေ။ အဲဒီတော့ ခင်ဗျား တို့တွေးကြည့်။ အဲဒီတော့ ဟိုအတိတ်နဲ့ အနာဂတ်ပြောရရင် ခင်ဗျားတို့ ပစ္စုပ္ပာန်တည့်တည့်ပဲကောင်းပါတယ်။ အဲဒီတော့ ခင်ဗျားတို့ရဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒါ သီလမဂ္ဂင်ကွ။ မင်း စိတ်နဲ့ မင်းနှလုံးသားနဲ့ အဲဒီအာရုံနဲ့ မင်းမပေါင်းနဲ့နော်။ ပေါင်းခဲ့သော် သမ္မာနဲ့ပေါင်းပါတဲ့။ မင်းမှာ သညာမပယ်နိုင်သေးဘူး သူငယ်ချင်းတဲ့။ ပညာလိုင်းကို မင်းမရောက် သေးဘူးတဲ့။ အဲဒီ မင်းရဲ့အပြင် မှာစင်ကြယ်လာပြီတဲ့။ ခန္ဓာမှာလည်း စင်ကြယ်။ နှလုံးသားလေးလည်း မင်းမှာ သွေးသစ်တွေ၊ လောကီ စိတ်တွေ၊ လောကီအတ္တစိတ်တွေ မင်းမှာခေါင်းပါးသွားပြီတဲ့။ ပညတ် ကိုလည်း မင်းပယ်လာပြီတဲ့နော်။ မင်းစိတ် မင်းစစ်လိုက်တဲ့သူငယ်ချင်း။ မင်းတက်လာပြီဆိုတော့ ဘယ်နေရာကို မင်းရောက်လာပြီလဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒါ ကာယသတိပဋ္ဌာန် ကို မင်းဂဏာကျေလာပြီတဲ့။ ကာယ သတိပဋ္ဌာန်ကနေ မင်းတက်ပေတော့ကွာတဲ့။ ဘယ်အာရုံကို မင်း ဝေဒနာအာရုံ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန် မှတ်ထား။ အလကားရဟန်းမဟုတ်ဘူး။ ဒါ ခန္ဓာကသိတဲ့ အသိတွေ။ ငါသိသလို မင်းတို့သိကြ။ လွှင့်မပစ်ကြနဲ့။ လုပ်ကြ။ ဒါကို အခုပေးတာ။ ကာယသတိပဋ္ဌာန်ကနေပြီးတော့ မင်း ဂဏာကျေသွားပြီကွာတဲ့။ အပြင်လည်း စင်ကြယ်လာတယ်ကွ တဲ့။ အပြင်မှာ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က လူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကို ကိုယ် မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန် တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့။ စွဲရင် အတ္တဖြစ်သွားလိမ့်မယ်နော်။ အတ္တဖြစ်သွားမှာစိုးလို့ မစွဲနဲ့တဲ့။ ဩော် အဲဒါတွေကို မင်းစင်ကြယ်အောင် သူငယ်ချင်းရေတဲ့ မင်းအာရုံပေါ်မှာ အေးကွာတဲ့ မင်းကအရှုံးပေး လိုက်ပြီတော့တဲ့။ မင်းအခုကြောက်လွန်လွန်းလို့ မင်းလုပ်နေပြီမှလားတဲ့။ ဟုတ်တယ်ကွ။ ဘဝကြောက် လွန်လွန်းလို့ လုပ် သူငယ်ချင်းရေတဲ့။ အိမ်မှာ ဆယ်ယောက်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် အသိမတူပါဘူးကွာ။ ငါဟောတာ အသိ

ဟောတာနော်တဲ့။ တူတဲ့သူရမယ်နော်တဲ့။ စာမဟုတ်ဘူးနော်။ မတူတဲ့သူ မရဘူးနော်တဲ့။ ငှါသားလည်းရှိတယ်။ မယားလည်းရှိတယ်။ အဲဒီတော့ မိသားစု(၆)ယောက် (၇)ယောက်ရှိတယ်။ ဖအေသိသလို သားသမီးသိပ့်ါမလား။ မယားသိပ့်ါမလား။ သိရင်ရမယ်။ မသိရင် မရဘူးဗျ။ ကိုယ့်အိမ်တွင်းထဲကလူကို ပြောပြတာ။ နားထောင်တဲ့သူ ရမယ်။ နားမထောင်တဲ့သူ မရဘူး။ ဒါပေ့ါ အဲဒီတော့ ကာယသတိပဋ္ဌာန်ကနေပြီးတော့ ဂဏၭတွေပြီးတော့ ဝေဒနာသတိပဋ္ဌာန်။ ဟောဒီရုပ်က ယိမ်းတာလည်း ဝေဒနာ၊ တွန်းတာလည်း ဝေဒနာ၊ ပူတာလည်း ဝေဒနာ၊ အေးတာလည်း ဝေဒနာ၊ တောင့်တာလည်း ဝေဒနာ။ ဝေဒနာကိုကြည့် ခုနက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ သီလအုတ်ပန္တက်ရိုက်ထားပြီ။ သမာဓိကလည်း ကောင်းနေပြီ။ သမာဓိဆိုတာ နှလုံးသားတည်ကြည်လာတယ်။ အပြင်မှာစင်ကြယ်လာတယ်။ ဒီနှစ်ခုက မဝင်နိုင်အောင် အတ္တအစွဲတွေမဝင်နိုင်အောင်ဒီကောင်က ထိန်းထားတယ်တွေ့လား။ ဝေဒနာအာရုံကို တစ်ခုတည်းသွားမကြည့်နဲ့။ ဝေဒနာအာရုံကိုရှုနိုင်အောင် ဟိုသားသမီးအာရုံကို မဝင်နိုင်အောင် ဒီကောင်ကထိန်းထားတယ်။ သီလနဲ့ သမာဓိကဘယ်လောက်ထူးသလဲလို့။ ဝေဒနာအာရုံမှာ ဂရုစိုက်ပြီးတော့ ဩော် ဘုရား ဘုရား မခံသာမှန်ပါဘိဒီတရား ခံသာရင် သံသရာကြောမှာ စိတ်ဆင်းရဲနေပြီ။ ဟော ဘာကြောင့် စိတ်ဆင်းရဲလည်း သညာသင်္ခါရ ဗမာလိုပဲပြန်ပေးမယ်။ အဲဒီတော့ အတ္တဆိုတာ အစွဲသညာဆိုတာက ကိုယ် မှတ်တာ။ အဲဒီအစွဲနဲ့ အမှတ်နဲ့ တစ်ခါတည်းထိကုန်တာ။ သင်္ခါရဖြစ်တာပဲဗျို့နော်။ စိတ်ကိုဟောနေတာ။ အဲဒီတော့မှဝင်တာလေးကိုဆင်ခြင်ပြီးတော့ ဩော် ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်တွေ ဘဝမှာ ငါခံနေရပါလား။ ဩော် အေး အေး အေး သားကလည်းမကျွေးနိုင်ဘူး။ သမီးကလည်း မကျွေးနိုင်ဘူး။ ကိုယ့်ကံကိုးဗျ။ နောက်က အတိတ်ကမကောင်းတဲ့ ဒုစရိုက်ကံတွေလုပ်လာတော့ ဒီမှာ သရဲ တစ္ဆေ အပါယ်လေးမှာသွားခံရတာမဟုတ်ဘူး။ ဒီမှာ လူ့ပြည်မှာတင်ခံနေရတာ။ ဟိုဘဝသွားခံရမှာ မဟုတ်ဘူး။ ဒီဘဝနောက်နောင်တုန်းက မြမောင် ဟာ ပုလိပ်လုပ်လာတယ်။ ကလိမ်ကကျစ်တွေ လုပ်လာတယ်။ ရေထမ်းလာတယ်။ သူများဟာတွေ ခိုးတယ်၊ လိမ်တယ်၊ ညာတယ်။ အဲဒါ သိကြားမင်း ကလည်းသိတယ်။ နတ်မင်းကလည်း သိတယ်။ ကိုယ်စောင့်နတ်ကလည်း သိတယ်။ သာသနာစောင့်နတ်ကလည်း သိတယ်။ ဒီကောင် ဒါတွေကိုကုန်မှ ဒီဟာတွေကိုတတ်မှ သူသွားရမည့်လမ်း သူ့လမ်းကဒီမှာ ကြွေးတွေအကုန်ဆပ်ပစ်ခဲ့တာ။ ရတဲ့ကြွေးတွေလည်း အကုန်ယူသွားတယ်။ အဲဒီ အကုန်ဆပ်တယ်။ ပေးတဲ့သူတွေလည်း လာပေးတယ်။ သူကလည်း အကုန်ဆပ်တယ်။ အဲဒီတော့ ဒီဝေဒနာတွေ အကုန်ပေါ်လာတယ်နော်။ ပေါ်လာတော့ ခုနက သီလမဂ္ဂင်နဲ့ သမာဓိမဂ္ဂင်လေးက သမာဓိဆိုတာ

နှလုံးသားကြည်နေတာ။ သီလဆိုတာက အပြင်မှာစင်ကြယ်တယ်။ သူက လောဘ၊ ဒေါသ၊ တဏှာ မာန်နဲ့ကြည့်ရင် လျော့ပါးတယ်ပေါ့ဗျာ။ အပြင်မှာစင်ကြယ်တယ်။ ဩော် အေး အေး နှလုံးသား ကလည်း စင်ကြယ်တော့ ဒီဝေဒနာရဲ့အာရုံမှာ တစ်ခါတည်း သူက အာရုံပေါ်မှာ အတိအကျဝင်နိုင် အောင်လုပ်ပေးတယ်။ ဟိုဟာတွေက အတ္တတွေ၊ အစွဲတွေက မလာဘူး။ သူက အဲဒီမှာ ဝေဒနာ ရှိတယ်။ အဲဒါဝေဒနာစခန်းပဲ။ ဩော် ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ် အေး အေး အေး ဘယ်သူ သိမလဲ။ ခံနေရတာ။ အဲဒီကနေပြီးတော့ ဝေဒနာကနေပြီးတော့ သူကြည့်နေတယ်။ ဟာ ဝေဒနာတွေ လျော့ပါးပါလား။ ဩော် အေး အေး အေး ဝေဒနာမှာ တဏှာရှိတယ်။ တဏှာဆိုတာ စိတ်ချမ်းသာ တယ်။ အသီလေးချမ်းသာတယ်။ အမယ်လေး ပျော်နေတာပဲ။ အသီလေးချမ်းသာတယ်။ ချမ်းသာ တာပဲ တင်းတိမ်မနေနဲ့။ ဆင်းရဲတာလည်း တင်းမတိမ်တဲ့။ သဘောကိုသာကြည့်။ အဲဒီတော့ ဖား သူငယ်လေးဟာ သဲဒဏ်ကလည်း ဗိုက်အောက်ကပူ။ နေပူကို အဲအပေါ်ကလည်း ပူ၊ အောက်ကလည်း ပူ၊ ဖားလေးဟာ ဟစိ ဟစိနဲ့ ရေအိုင်လည်းတွေ့ရော တစ်ခါတည်း ဝုန်းဆို ခုန်ချလိုက်တာပဲ။ ဒီသဘော ပဲ ဝေဒနာလည်း သဘောလေးပဲထားရော။ ရေကန်ထဲခုန်ချရော။ မတက်ချင်တော့ဘူး။ စိမ်နေပြီ။ အဲဒီတော့ နောက်တစ်ဆင့်သွားရအုံးမယ်။ စိမ်လို့လည်း မရဘူး။ အေး ဝေဒနာကနေပြီးတော့ ခုနက ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်။ စိတ်ကနေပြီးတော့ ဓါတ်ကိုကူးသွားတာ။ စိတ်ကနေပြီးတော့ အတ္တနယ်ထဲကနေ အနတ္တနယ်ကို ဓါတ်ကူးသွားတာပါ။ သဘာဝသဘောတရား နော်။ အဲဒီတော့ ကိုယ်ပဲသိတယ်။ ဩော် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ သိစိတ်၊ ထိစိတ် မှန်တာပေါ့ဗျာ။ မှန်ပါတယ်ဗျာ။ သူ တရားဝင်တဲ့အခါကျတော့ စိတ်မရှိတော့ဘူး။ တရားဝင်သွားတဲ့လူတစ်ယောက် တရားပေါက်သွားတဲ့လူတစ်ယောက် တရားအားထုတ်လိုက်တဲ့အခါ စိတ်မရှိတော့ဘူး။ သဘောလေး ပဲ။ ဓါတ်ကလည်း ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော အဲဒီဓါတ်က ပညတ်ကို ဦးစီးထားတယ်နော်။ ဦးစီးထားတယ်။ ဒါကြောင့်မို့ ပညတ်မမြဲပါဘူးကွာတဲ့။ မင်းတို့ မြဲတယ်လို့ထင်နေကြတာ။ အနတ္တ ဦးစီးထားပါတယ်တဲ့။ ဒါ ဦးဖင်းရဲ့သဘောလေးပြောတာပါ။ အဲဒီတော့ ခုနက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတာက ဇမာလိုပြန်မယ်ဆိုရင် သွေး၊ သည်းခြေ၊ လေ၊ သလိပ်ဆိုတော့ ခင်ဗျား တို့ရဲ့အသက်(၇၀)(၈၀)အရွယ်နဲ့ (၂၀)အရွယ်နဲ့ ပျမ်းမျှကြည့်။ (၇၀)(၈၀)က သွေးအားက နည်းကုန် ပြီဗျို့။ စိတ်ကမအိုဘူး။ ရုပ်အိုလာပြီဗျို့။ အခုပြောတာက စိတ်ပြောနေတာ။ ရုပ်အကျိုးကိုပြပြီးတော့ အကြောင်းသတ်လိုက်တာဆိုတာ အကျိုးက ဒုက္ခသစ္စာ၊ အကြောင်းက သမုဒယသစ္စာ။ ဒီစွဲတဲ့ဥပါဒါန် ကို ခင်ဗျားတို့ကိုင်ပြီးတော့ လှုပ်ပြနော်။ အဲဒီတော့ ဘာနဲ့စွဲလဲ။ အတ္တနဲ့စွဲတာ။ ကဲ အယူမှား၊ အမှတ်

များ၊ အစွဲများတော့ ဩော် သီလတော့ပြည့်စုံပါရဲ့ ခင်ဗျားတို့ ဒီနေ့ဆောက်တည်ထားတဲ့သီလသဒ္ဓါဗိုလ်တွေ သဒ္ဓါဆိုတာ ယုံကြည်တာ။ သဒ္ဓါဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေနော်။ ရဟန်းပေမယ့် ကမ္ဘာနိုင်ငံမှာရှိပါတယ်။ ထေရ်ကြီးဝါကြီး မြေလျှောက်ရဟန်းတွေလည်းရှိပါတယ်။ မြေလျှောက်ရဟန္တာတွေလည်းရှိပါတယ်။ လူမသိလို့ပါနော်။ ခင်ဗျားတို့ တွေ့တဲ့အခါ ကျင့်တဲ့ဘုန်းကြီးမေးပါ။ ဝိဇ္ဇာတို့ကို၊ ဝိဇ္ဇာပေါက်တို့ကိုမေးကြည့်တဲ့။ ဘုန်းကြီးကိုမေး၊ အလုပ်သမားကိုမေး၊ မြေလျှောက်ရဟန္တာတွေရှိတယ်။ လူမသိဘူး။ သူလိုကိုယ်လိုပဲ။ သူလည်းရဟန်း၊ ငါလည်းရဟန်းလိုပဲ။ ပညတ်ယူပြီး ပညတ်အသိတွေ၊ ပညတ်အယူတွေနဲ့ယူပြီးတော့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ ကျင့်နေကြတာ။ အဲဒါ ပညတ်နယ်ထဲမှာပဲဗျို့ အဲဒါပရမတ်ကသိတယ်။ အေးကွာ အေး အေး နောက်ဆုံးအရှုံးပေးတာ နလုံးအေးတယ်နော်။ သိတာကိုဗျ။ အဲဒီတော့ ဒါတွေဟာ သာသနာပြုကြတဲ့အခါမှာ ဦးဇင်းတို့ပြုကြတဲ့အခါမှာ ပရိယတ္တိသာသနာ၊ ပရိယတ္တိလည်းပြုတာပဲ။ ပဋိပတ္တိလည်း သူ့အသိနဲ့သူပြုသွားတာပဲ။ သာသနာတွေလား။ ဝါးကျောင်းလေးကနေပြီးတော့ ဒါဝါးကျောင်း ဝါး ဝါး သူ့မှာကျောင်းမရှိဘူး။ လေးစင်တိုင်လေးနဲ့ သူများကျောင်းအသစ်တွေဆောက်လုပ်ထားတဲ့၊ ဆရာတော်ကြီးတွေ ပျံလွန်တော်မူသွားတဲ့နောက် လူငယ်တွေက တက်နေတာ။ ခင်ဗျားတို့တွေးပါ။ လူငယ်တွေက တက်နေတာ။ ငါတယ်သူမှ အားမကိုးဘူးကွ။ ဘယ်ကျောင်းကန်မှ အားမကိုးဘူး။ ငါ့ကိုယ်ငါ တောရဆောက်တည်ပြီးနေတာ။ ငါလာဆောက်ပေးတာကွ။ ဆောက်ပေးတာကွ။ ဟော့ကောင်ရဲ့ဂျပန်ကလည်း လှူတယ်ကွ။ ထိုင်ဝမ်ကလည်း လှူတယ်ကွ။ ဟောင်ကောင်ကလည်း လှူတယ်ကွ။ ပိုက်ဆံတွေ ငါ့လှူတယ်ကွ။ ဒီကနေ ငါလှမ်းတောင်းရင် ပေးတယ်ကွ။ ဂျပန်မှာ ဗမာပြည်ကလူတွေရှိတယ်ကွ။ အဲဒီသူတွေက ငါ့ပေးတာကွ။ ကဲ အဲဒီတော့ ဒီလိုပိုက်ဆံတွေရပြီးတော့ ဒီလိုသာသနာတွေပြုပြီးတော့ ဝါးတောထဲကပြုတဲ့ကျောင်း။ အဲဒီတော့ အတိတ်ကိုကြည့်လိုက်တဲ့အခါကျတော့ ဩော် ငါ အေး အေး အေး ခန္ဓာအသိနဲ့ကြည့်တဲ့အခါကျတော့ ကိုယ်ကျင့်တရား၊ ဖြဟ္မစိုရ်တရား ထွေးကုန်ပြီဗျို့ ဩော် ငါတော့ လွတ်တော့လာပြီကွာ။ စိတ်တော့မချရသေးဘူးကွ။ လွတ်တော့လာပြီ။ လွတ်မှန်းတော့ ငါသိလာပြီ။ စိတ်တော့မချသေးဘူးကွ။ အဲဒီတော့ ဒါတွေကို ငါ့ကိုလာလှူကြတယ်။ ကြက်တွေလာလှူလိုက်၊ ဝက်တွေလာလှူလိုက်၊ ဆိတ်တွေလာလှူလိုက်၊ သိုးတွေလာလှူလိုက်၊ နွားတွေလာလှူလိုက်၊ ကျွဲတွေလာလှူလိုက်။ ဒါတွေကို ငါ့လာလှူတယ်။ ဩော် ငါ အလှူလက်ခံမှပဲ။ ပစာမြွေတွေလည်း လာလှူလိုက်၊ တောကြောင်တွေလာလှူလိုက်။ ဩော် အကုန်လာလှူတာပါပဲ။ ကြက်တွေလည်း အကောင်(၃၀)(၄၀) လာလှူတာ။ ဩော် အေး အေး အေး အဲဒါကနေပြီးတော့ သူတို့အစာတွေ ဘာတွေ လုပ်ကျွေးတယ်။

ဝက်တွေကိုကျွေးတယ်။ စေတနာရှိလို့ စေတနာကိုဖော်ပြပြတာပါ။ စေတနာရှိလို့ ဒါတွေကို သူကျွေးမွေးတာပါ။ သူတို့ဆီက အမြတ်ရတာမဟုတ်ပါဘူးခင်ဗျား။ စေတနာမရှိရင် ကြက်သား သတ်စားတာပေါ့ဗျ၊ ဝက်သားစားတာပေါ့ဗျ။ အဲဒါအတွက်တွေဗျ။ စတော့ မိုးပျံအောင်တတ်ပြီးတော့ ကြက်သားတွေကိုက်စား၊ ဝက်သားတွေကိုက်စား။ စေတနာမှန်တော့ ဟင်းခွက်ကြည့်တာနဲ့ မစားတော့ဘူး။ တွေ့လား ခင်ဗျားတို့ကို မလိမ်ဘူး။ အစားမှာလည်း သူခြိုးခြံတယ်။ အနေမှာလည်း သူခြိုးခြံတယ်။ သူသိတာကိုးဗျ။ အဲဒီတော့မှ ဒီကောင်တွေကိုသတ်ပြီး ရောင်းစားတာလည်းမဟုတ်ဘူး။ အကောင်လုံးထိုးလည်း ရောင်းစားတာမဟုတ်ဘူး။ ဒီကောင်တွေကို မလုပ်ကြနဲ့နော်။ လမ်းတောင် မလျှောက်နိုင်ပါလား။ စေတနာနော် စေတနာ မရှိရင်သတ်စားမှာပေါ့ဗျ။ ကြက်တွေသတ်စားမှာပေါ့။ ရောင်းစားမှာပေါ့။ စေတနာမရှိလို့ ရောင်းစားတာ။ သူရောင်းမစားဘူး။ သူဘာမှမလုပ်ဘူး။ မွေးတဲ့လူတောင် တစ်နေ့ကို လေးရာ၊ ငါးရာ တစ်နေ့ကို လေးထောင်ကျော်လောက်ပေးရတယ်။ ဒါ ဒီကောင်တွေကို ကျွေးမွေးစောင့်ရှောက်တဲ့လူတွေကို ပဏ္ဍိတ က ပေးတာ။ ဘယ်နှစ်နှစ်ရှိပြီလဲ ပေးထားတာ။ ကဲ ခင်ဗျားတို့မေးသာကြည့်ပေတော့တဲ့။ အဲဒါ ဓာတုစေတီ၊ ပရိဘောဂစေတီ အဲဒါခေါ်တယ်ဗျာ။ သာသနာကို ပွင့်လင်းအောင်နော်။ ရေနံဆီတစ်ပုံးကို ပေပါတစ်ပုံးကို ရတယ်။ ပေပါတစ်လုံးကို အလကားရတာမဟုတ်ဘူး။။ ဟိုအကူတွေကိုလည်း ပေးရတယ်။ ရေနံဆီဘိုးလည်းပေးရတယ်။ ဒါ ဘယ်ကပိုက်ဆံရလဲ။ ဒကာ၊ ဒကာမတွေ ယုံကြည်မှုနဲ့ ပဏ္ဍိတ ကို ယုံကြည်မှုနဲ့ လာပေးတာဟာ အုန်းလက်ကို ထစ်ချနေတာပဲ။ ဘာလို့လဲဘုရား။ ဘာလို့လဲဘုရား။ ကြည့်စမ်း မလိုပါဘူး။ ဒကာကြီးရယ်၊ ဒကာမကြီးရယ် ပြည့်စုံပါတယ်။ အဲဒီလိုလက်နဲ့တားထားရတာ လက်နဲ့တားထားရတယ်။ စားချင်တာဝယ်ပေးတယ်။ လုပ်ပေးတယ်။ ဘုန်းကြီး သက်သာအောင် ခရီးဝေးသွားရင် သက်သာနိုင်အောင် အမျိုးမျိုး ဒကာ၊ ဒကာမတွေက လုပ်ပေးတယ်။ အဲဒီသာသနာဖွင့်တာက အဲဒီဒကာ၊ ဒကာမတွေ ဖွင့်သွားတာ။ သူတို့ ရေပေါ်ဆီကိုစားသွားတာ။ အဲဒါ ကတုံး ကတုံးချင်းကတော့ တွေးသာကြည့်ပေတော့ဗျာ။ ဦးဇင်း လည်း ကတုံးပါ။ ကတုံးပဲ ပြောရတော့မှာပေါ့နော်။ အဲ ကတုံး က ထက်တယ်ဗျ။ အဲဒါ ဒကာ၊ ဒကာမတွေနောက်ဆုံးဘဝ သူ့ရဲ့စေတနာဟာ သူ့ရဲ့အပေါ်မှာ ဘယ်လောက်အထိမှုတည်တယ်ဆိုတာ အလှူခံတဲ့ရဟန်းကလည်း စစ်ရမယ်။ သမုတိသစ္စာစစ်ရမယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ။ အရိယတ္ထသစ္စာဆိုတာပြောပြမယ်။ ရဟန်း၊ ဘုရား တန်မိုး ဖြတ်လို့မရတဲ့သူပေါ့ဗျာ။ အဲဒါ အရိယတ္ထသစ္စာ။ အရိယထသစ္စာဆိုတာ အနုကာလပေဟာချက်ပဲ။ ပုသိမ်ကလာလှူတာ ရှစ်သိန်းလား၊ ကိုးသိန်းလား။ ပေဟာ လှူပြီး သစ္စာကလုပ်ပြီ။ သစ္စာ သူ့ဟာသူ

သိတယ်။ ဝဋ္ဋကမ္မနှင့် ၎င်းမှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယ က မကြိုက်ဘူးတဲ့။ အလှူတော့ခံတယ်ဗျို့ တွေ့လား။ အဲဒီလို အလှူမျိုးကို ရှာပေတော့။ ကတုံးတော့ ကတုံးပဲ။ ဦးဇင်းလည်း ကတုံးပဲ။ အဲဒါကြည့်တောင်လုပ်ကြ ရမယ်။ ကုသိုလ် ဟိုကဒုလ္လဘ(၅)ပါးထဲက ဒကာ၊ ဒကာမရဲ့စေတနာ ကြည့်စမ်း။ သဒ္ဓါ သံပတ္တိရတနာ သုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာနဲ့ သူရတယ်။ အင်မတန်ခဲယဉ်းတယ်။ ဒီလိုပုဂ္ဂိုလ်မျိုး အင်မတန်ရှားတယ်။ ဟာ သူကလည်း သူ့အသိနဲ့ သူချနေတာပဲ။ အဲဒါ မိသားစုအိမ်မှာ(၁၀)ယောက်ရှိတယ်။ အဲဒီသူတစ်ယောက်က ချတယ်။ ကြည့်စမ်း။ အဲဒါ ဒါနကနေပြီး ဒါနမျိုးစေ့ကို ငါပေးနိုင်တယ်ကွ။ ဟော ပဏ္ဍိတ က ပြောပြီ။ ဒါနဝတ္ထု ဒါနကို ငါပေးနိုင်တယ်။ အလှူခံတယ်။ အလှူခံလို့ရတယ်။ အလှူခံပေးမယ်ကွ။ မင်းတို့ကို ငါကယ် နိုင်တာ အဲဒီတစ်ခုနဲ့ကယ်လိုက်မယ်နော်တဲ့။ မင်းကြည့်ပြီးတော့သာလှူ ပြီးတော့တဲ့ ဟော သဒ္ဓါသံပတ္တိ ရတနာသုံးတန် ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းတို့လည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ဒိဝသေ ဒိဝသေ ဒုလ္လဘ(၅)ပါးတို့ ဟောသွားတာ။ အဲဒါ ကံရဲ့စေတနာ အဲဒီတော့ ဒီဒါနလှူလိုက်တဲ့အကျိုးသည် စေတနာအပင်ပေါက်လာလိမ့်မယ်။ သူ့ဟာသူ သိတယ်။ သူများမသိပေမယ့် သူသိတယ်။ သူ့မေးကြည့်။ အဲဒီဒါနကနေ အဆက်ဖြစ်သွားတာ စေတနာ။ အဲ စေတနာက ဝိသုဒ္ဓိသီလဒါနက ပညတ်စင်ကြယ်တယ်နော်။ ပညတ်မှာ အဲဒီ ဒကာ၊ ဒကာမက စင်ကြယ်တယ်။ စေတနာက ဝိသုဒ္ဓိစိတ် အပါယ်ပိတ်တဲ့သီလခေါ်တယ်။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု ... သာဓု ... သာဓု )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် MP-3 ။ ပုဒ်ရေ MM-17 မှ ကူးယူဖော်ပြပါသည်။ )

ပြောင်းမြို့
ဝိသုဒ္ဓိမဟာမြိုင်ကမ္ဘဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိမွေသစ္စာတရားတော်

ဝိသုဒ္ဓိမမွေသစ္စာတရားတော်အမှတ်(၁၃၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၃၅)

စာပေကျမ်းဂန်မတတ်တော့ ခန္ဓာကသိတဲ့ အသိလေးတွေကို ပြောပြပါ့မယ်ဗျာ။ ခန္ဓာမှာ ကံနဲ့ ဉာဏ်နဲ့ရှိတယ်။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံ(၃)ကံဟာ မနောကံဟာ အကြီးဆုံးပါပဲ။ အဲဒီမနောကံကို ကိုယ်က ဝိပဿနာတရားများကို နှလုံးသွင်းလိုက်လို့ နှလုံးသွင်းကြမယ်ဆိုရင် အဲဒီတော့ ကာယကံရယ်၊ ဝစီကံရယ်၊ မနောကံရယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ ကာယကံဆိုတာက ပါဏာတိပါတာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ ဒါ ကာယကံသဘောလေးပေါ့ဗျာ။ ဝစီကံကတော့ ခုနက ဝစီက သူများကိုဆဲတယ်။ တိုင်းတယ်၊ မနုတာသသဆိုတဲ့ အကြောင်းလေးတွေပေါ့ဗျာ။ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလ္လာပ။ ဦးဇင်း က စာပေကျမ်းဂန်မတတ်တော့ ခုနက ပြောသွားတဲ့ပါဠိစကားတွေ ဗမာလိုတော့ စိတ်အပိုင်းပဲ။ စိတ်အပိုင်းဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံ ၃ ကံဟာ ဘယ်ကံကြီးသလဲဆိုတော့ မနောကံကြီးတယ်ဆိုတာ မိမိရဲ့အသိလေးပြောပါဆိုရင် ကမ္မဝဋ်တဲ့၊ ဘဝဝဋ်တဲ့၊ ဝိပါကဝဋ်တဲ့။ ကမ္မဝဋ်ဆိုတာက အတိတ်က ပစ္စုပ္ပန်မှာ အခုရောက်ရှိလာတာက စက္ခုအာရုံ၊ နားသောတအာရုံ၊ နှံသာအာရုံ အာရုံ ၅ ပါးခေါ်တယ်။ အာရုံ(၅)ပါးနဲ့ မနောကံနဲ့ပေါင်းလိုက်တဲ့အခါကျတော့ ၆ ခုခေါ်တယ်။ အဲဒီအာရုံနောက်ကိုသွားပြီးတော့ ကိုယ်ကနေပြီးတော့ သာယာတယ်။ စွဲလမ်းတယ်ဆိုရင် ဒါ ဥပါဒါန်လို့ခေါ်ပါတယ်။ ဥပါဒါန်ဟာ ဘာကြောင့်ဖြစ်တာလည်း။ ကံကြောင့်ဖြစ်တာပါနော်။ သားသေလို့ပူရတယ်။ သမီးသေလို့ပူရတယ်။ သောကပရိဒေဝ၊ ဒေါမနဿဆိုတဲ့ စာပေကျမ်းဂန်ကရေးထားပါတယ်။ ဘယ်လိုအကြောင်းကြောင့် ဒီစာက သောကပရိဒေဝ၊ ဒေါမနဿဆိုတာ ဒါ ပါဠိစကားတွေ။ ဗမာလိုတော့ ဥပါဒါန်လို့ခေါ်ပါတယ်။ ဥပါဒါန်ဆိုတာ မနောပူတာပါဗျာ။ သားအတွက်နဲ့ပူ၊ သမီးအတွက်နဲ့ပူတယ်။ သားရေနစ်သေသွားလို့ မအေကပူတယ်။ အဲဒီတော့ ဒီဟာတွေဟာ ဘာလည်းဆိုတော့ ဥပါဒါန်၊ ဥပါဒါန်ဟာ ဘာကြောင့်ဖြစ်သလဲ။ ကံကြောင့်ဖြစ်တာ။ ဒီကံကို ကိုင်ပြလို့လည်းမရဘူး။ ထုတ်ပြလို့လည်းမရဘူး။ ကံဆိုတာ ယုံကြည်ရမယ်။ အဲဒီတော့ အခု ဒကာ၊ ဒကာမများလှူကြတဲ့ ပုပ္ပ၊ မုဋ္ဌ၊ ပရဆိုတဲ့ စေတနာသုံးတန် သဒ္ဓါ၊ သံပတ္တိ ရတနာသုံးတန် ကံကံ၏ အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဒါလည်း ကံပဲ။ ဟို ဒီကံဟာ သမ္မာအယူကံ။ ဟိုဟာက ဥပါဒါန်ဖြစ်တာ။ မိစ္ဆာအယူကံ။ အဲဒီကံကို ကိုယ်က သိထားဖို့လိုပါတယ်။ ခုနက စာပေကျမ်းဂန်ကရေးထားတယ်။ လှူကြတယ်။ တန်းကြတယ်။ အဲဒီတော့အားလုံးလုပ်ကြတယ်။ အဲဒီတော့ကိုယ့်ရဲ့ကောင်းမှုကုသိုလ်တွေလုပ်ကြတယ်။ သမ္မာဒိဋ္ဌိ

ကံလို့ခေါ်ပါတယ်။ ဟိုဟာက မိစ္ဆာဒိဋ္ဌိကံလို့ခေါ်တယ်။ မိစ္ဆာဒိဋ္ဌိကံဆိုတာ ဥပမာလေးပြောကြမယ်ဆိုရင် အစွဲပေါ့ဗျာ။ သားစွဲ၊ သမီးစွဲ၊ ခုနက ငါ့သမီး၊ ငါ့သား၊ မယားဆိုတာလည်း အစွဲဥပါဒါန်လို့ခေါ်ပါတယ်။ အဲဒီအကြောင်းဟာ သူသတ်လို့မရဘူးနော်။ အဲဒီအကြောင်းက ဘာနဲ့သတ်မလဲ။ အဲဒီဥပါဒါန်ရဲ့ အကြောင်းက မဂ်ဉာဏ်ရရင် အေးတာပဲ။ မပူတော့ဘူး။ ဓါတ်ဆီပုံးက ရေဖြစ်သွားတာပဲ။ အဲဒါ ကျင့်တဲ့သူကသိတယ်။ ဒါကြောင့်မို့ ကာယကံ၊ ဝစီကံ၊ မနောကံကို ဒီကံကိုသတ်ချင်ရင် အဲဒီ ကံလေး တစ်လုံးကိုသတ်ချင်ရင် ဘာတွေဖြစ်လာလည်း။ သီလမဂ္ဂင်ဖြစ်လာတယ်။ သမာဓိမဂ္ဂင်ဖြစ်လာတယ်။ ပညာမဂ္ဂင်ဖြစ်လာတယ်။ သီလမဂ္ဂင်ဆိုတာက ဘယ်လိုအကြောင်းလည်း။ လောဘအာရုံ၊ ဒေါသအာရုံ သူ့မှာခေါင်းပါးတယ်။ သူ့ရဲ့ဝိပဿနာတရားများကို နှလုံးသွင်းနေတယ်။ ဘာကိုနှလုံးသွင်းနေလဲ။ ထိတာကရုပ်၊ သိတာကနာမ် ဒါ အနတ္တတရား။ အဲဒီတော့ ဒီအနတ္တတရားတွေကို နှလုံးသွင်းရင် အတ္တအနုသယ ကလေးက သူ့မှာတွေးတောခြင်း၊ ကြံဆခြင်း၊ ပြုလုပ်ခြင်းမရှိပါဘူးနော်။ ဒါကြောင့်မို့ ထိတာကရုပ်၊ သိတာကနာမ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်။ ဘာပြုလို့လည်း။ ကံကို သတ်တော့ သီလ၊ သမာဓိ၊ ပညာဖြစ်တယ်။ သီလဆိုတာ လောဘ၊ ဒေါသခေါင်းပါးတယ်။ သမာဓိဆိုတာ စိတ်ကလေးက မနောလေးကတည်ကြည်တယ်။ နှာသီးနှာဖျားဝမှာတင်ထားတယ်။ လောကီအကြောင်းကိုမတွေးဘူး။ အဲဒါ အဓိစိတ္တခေါ်ပါတယ်။ အဲဒီအရာဝတ္ထုကို တက်သွားတဲ့အခါကျတော့ ပညာ။ ပညာပိုင်းကိုရောက်လာပါတယ်။ ဒါတွေဘာကြောင့်ဖြစ်ရသလည်း။ ကံကိုသတ်တာပါ။ ကံဆိုတာက ဥပါဒါန်လို့ခေါ်ပါတယ်။ ဥပါဒါန်ကြောင့် ကံဖြစ်တာနော်။ ဒီကံကို တရားထိုင်တဲ့အခါက ထိတယ်၊ သိတယ်၊ ထိတာကရုပ်၊ သိတာကနာမ်။ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ အဲဒီ အနတ္တလုပ်တာနဲ့ အပြင်သီလ၊ အတွင်းသမာဓိဖြစ်ပါတယ်။ အဲဒါလေးကို အကယ်၍ ကိုယ့်ကုသိုလ်ကံ အလျောက်နဲ့ ကံပြတ်သွားရင် အဲဒီကံပြတ်သွားရင်အေးတာပဲ။ ဒီကံမပြတ်လို့ လူတွေမှာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဒါတွေသဘောလေးတွေဖြစ်ကြပါတယ်။ စာကရေးထားတယ်။ အဝိဇ္ဇာဆိုတာ အာရုံ ၆ ပါး၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝတဲ့။ ဒီဘဝပြောတာ။ ဒါကြောင့်မို့ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်တဲ့။ ဒီလိုစာကရေးထားတယ်။ ဒီကမ္မဝဋ် မှ မပယ်နိုင်ရင် ဘဝဝဋ်ကိုလည်း သူမလွတ်ဘူးနော်။ ဒီကမ္မဝဋ် ကိုပယ်ရင် ဘဝဝဋ်ကို ဟောဒီဘဝမှာလည်း အေးတာပဲ။ ဒီကံကြောင့် ဥပါဒါန်ဖြစ်တာ။ ဥပါဒါန်ဖြစ်လို့ ပူတာ။ အဲဒီတော့ ဒီဘဝမှာလည်း သူပူတယ်။ အဲဒီတော့ ဒီဘဝမှာအေးရမယ်။ ဥပါဒါန်ပြတ်ရမယ်။ အဲဒီတော့ ဒီဥပါဒါန်ဟာ ဘာကြောင့်ဖြစ်တာလည်း။ ကံကြောင့်ဖြစ်တာ။ ဘယ်ကံလည်း။ မနောကံ။ အဲဒီတော့

ဒီတရားတွေကိုကျင့်လိုက်တဲ့အခါကျတော့ အနတ္တတရားကို ထိတာကရုပ်၊ သိတာကနာမ်၊ ထိတည လည်း မမြဲဘူး။ သိတာကလည်း မမြဲဘူး။ အဲဒီလိုကံကိုသတ်တဲ့အခါမှာ ဘာတွေဖြစ်လာလဲ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်ပါတယ်။ တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်ပါတယ်။ ဒါတွေဟာ အင်မတန် အံ့ဩစရာ ကိုယ်လုပ်မှ ကိုယ်သိမယ်။ ကိုယ်လုပ်တော့ ကိုယ်သိတော့ ပယ်တာပေါ့။ ပယ်တော့ မဂ် ဆိုက်တယ်။ ဖိုလ်ဆိုက်တယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ အဲဒါတွေကို ဒကာ၊ ဒကာမများက မဒိုခင်၊ မနာခင်၊ မသေခင်မှာ ကိုယ့်အိမ်မှာနေတဲ့အခါမှာ အကယ်၍များ အိပ်ယာမဝင်ခင် ကိုယ့် အာစိန္နကံ အဲဒါလေးတွေ ထိတာကရုပ်၊ သိတာက နာမ်တရားလေး။ ထိုင်ပေးပါ။ အဲဒီလိုတရားလေး ထိုင်ပေး တဲ့အခါကျတော့ အပြင်မှာ ဘယ်လိုနေမလည်း။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ မှန်တာကို ကျင့်ပါ။ မှန်တာကိုပြောပါ၊ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုပါ။ ဒါတွေကိုလည်း ကိုယ့်စိတ်ကို ကိုယ်စစ်ရမယ်။ အဲဒီလို ကိုယ့်စိတ်ကို ကိုယ်စစ်တဲ့အခါကျတော့ ဘာနဲ့စစ်မလဲ။ ဩော် ငါ ဒါတွေဟာ မိစ္ဆာအယူပါလား၊ သမ္မာအယူပါလား။ အဲဒီတော့ ဒါလေးတွေသိရမယ်။ မိစ္ဆာအယူကိုပယ်ရမယ်။ မိစ္ဆာအယူဆိုတာ ဘယ်လိုသဘောလဲ။ ဥပမာ ခင်ဗျားသားလေး ကိုယ့်အိမ်ရှေ့မှာကစားတယ်။ ကစားတဲ့အခါကျတော့ လူကြီးတစ်ယောက်က ကလေးကို ရိုက်တယ်။ ကလေးရဲ့အမေက မြင်လိုက် တယ်။ မြင်လိုက်တော့ ကလေးကို ငါ့ရင်ခွင်ကမွေးထားတဲ့သားလေးပဲဆိုတာ အဲဒါ သာယာတာ။ တဏှာ။ တဏှာကြောင့် သူ့မှာဘာဖြစ်လဲ။ မာန်ဖြစ်တယ်။ မာန်ဆိုတာ ဒေါသပေါ့ဗျာ။ အဲဒီတော့ တဏှာရယ်၊ မာနရယ်။ အဲဒီနှစ်ခု ဘယ်သူကလုပ်လိုက်လဲဆိုတော့ ဒိဋ္ဌိကလုပ်လိုက်တယ်။ အဲဒီတော့ ဒီကလေးကိုရိုက်လိုက်တော့ သူကမာန်ဖြစ်တော့ ဆဲရေးတိုင်းထွာနဲ့။ ကာယကံတွေ၊ ဝစီကံတွေ သူ့ဖြစ်တယ်။ ဘာဖြစ်လို့လဲ။ မျက်စိမြင်တော့ ဘဝင်က သိတယ်။ သိတော့ ဒါကိုသူမှတ်တယ်။ ဒါ ငါ့ကလေးပဲ။ ငါ့ကလေးကိုရိုက်တာ ဟိုကလေးလေးကို သူရိုက်တာမဟုတ်ဘူး။ ငါ့ကလေးမှ ရွေးရိုက်တာ။ မအေက မှတ်တာ။ မှတ်တာက သညာ။ အဲဒီသညာကနေပြီးတော့ သူဘာဖြစ်လဲ။ အဲဒီတော့ သညာကနေပြီးတော့ ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်က ဘာကြောင့်ဖြစ်ရသလဲ။ ကံကြောင့် ဖြစ်တာ။ အဲဒါလေးတွေက အင်မတန်မှအရေးကြီးပါတယ်။ ဒါ ခင်ဗျားတို့ပေါ်မှာမူတည်ပါတယ်။ ဒီလို မိစ္ဆာအယူနဲ့သွားမယ်ဆိုရင် အပါယ်လေးဘုံကိုသွားမယ်။ အဲဒီတော့ အပါယ်လေးဘုံကိုမရောက် အောင် ခင်ဗျားတို့ ဦးပဏ္ဍိတ တို့ ဘယ်ကလာလဲ။ အတိတ်က လာတယ်။ အတိတ်က ဘာနဲ့လာလဲ။ သမ္မာအယူနဲ့လာတယ်။ သမ္မာအယူနဲ့လာတော့ ဟောဒီ လောကီပစ္စုပ္ပန်ဘုံမှာ မနုဿဘာဝေါ ဒုလ္လဘောဆိုတဲ့ ဘဝကိုဖြစ်လာပါတယ်။ အဲဒီတော့ အတိတ်က မိစ္ဆာအယူနဲ့လာတဲ့ဟာတွေ

တိရစ္ဆာန်တွေဖြစ်နေတယ်။ ဒါတွေဟာ သိဖို့လိုပါတယ်။ မိစ္ဆာအယူနဲ့ သေသွားရင် တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ နစ်သထက်နစ်ပြီ။ အဲဒီတော့ ဘယ်လို နစ်သလဲ။ လူ့ဘုံမှာ ကိုယ့်ရဲ့ အယူအစွဲမှား၊ အယူမှားတယ်၊ အစွဲမှားတယ်၊ အမှတ်မှားတယ်။ ငါဆိုတဲ့ အယူကို ယူထားတယ်။ အဲဒီတော့ ငါလို့ယူထားတဲ့အယူကို သမ္မာဖြစ်အောင်လုပ်။ ခုနက ကိုယ့်ကလေးကို ရိုက်လိုက်တယ်။ ဩော် ဦးကြီးရယ် ကျွန်မကလေးပါ။ ကျွန်မတောင်းပန်ပါတယ်ဦးကြီးရယ်။ ကျွန်မကလေးလေးပါ။ အဲဒီတော့ အကျိုးအကြောင်းနဲ့။ အဲဒီတော့ ဦးကြီးကိုတောင်းပန်တယ်။ ၃၈ ဖြာမင်္ဂလာနဲ့ သူ လေးလေးစားစားနဲ့တောင်းပန်တယ်။ အဲဒါ သမ္မာအယူ။ အဲဒီတော့ သမ္မာအယူမဟုတ်ပဲနဲ့ မိစ္ဆာ အယူတွေဖြစ်နေတော့ ကျုပ်ကလေးမှန်းရိုက်တာ။ ကျုပ်မြင်တာပေါ့။ အဲဒီတော့ ခွန်းကြီးခွန်းငယ်နဲ့ ဒေါသကြီးဖြစ်ပြီးတော့ အဲဒီတော့ ဒီဒေါသဟာ ဘာကြောင့်ဖြစ်ရလဲ။ တဏှာကြောင့်ဖြစ်တာ။ တဏှာ နဲ့ အဲဒီဒေါသမာန်နဲ့ပေါင်းလိုက်တယ်။ အဲဒီနှစ်ခုကို ဘယ်သူကလုပ်လိုက်လဲ။ ဒိဋ္ဌိကလုပ်တယ်။ အဲဒီဒိဋ္ဌိလုပ်တာမြင်တာနဲ့ သူမှားသွားပြီ။ သူယူတဲ့ အယူကလည်းမှားတယ်။ အမှတ်ကလည်း ဟိုကလေးတော့မရိုက်ဘူး။ ငါ့ကလေးကိုရိုက်တယ်။ ဒါမှတ်တာ။ မှတ်တဲ့အခါကနေ ဘာဖြစ်လဲ။ ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ဘာကြောင့်ဖြစ်လဲ။ ကံကြောင့်ဖြစ်တယ်။ အဲဒါ မိစ္ဆာအယူတွေခေါ်တယ်။ အဲဒီတော့ ကိုယ့်ကလေးကိုရိုက်လို့ရှိရင် ကိုယ်ကတောင်းတောင်းပန်ပန်နဲ့ အဲဒီတော့ ဦးကြီးကို ကျွန်မကလေးပါရှင်။ အကျိုးအကြောင်းနဲ့ အဲ သာယာငြိမ့်ညောင်းတဲ့ ကိုယ့်စေတနာလည်းမပျက်ဘူး။ သူ့စေတနာလည်း မပျက်ဘူး။ အဲဒါ သမ္မာအယူခေါ်တယ်။ အဲဒါလေးတွေကို ကိုယ်က ကိုယ့်စိတ်ကို ကိုယ်စစ်တတ်ဖို့လိုတယ်။ ကိုယ်လာတာလည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက် တည်း။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားပါတယ်။ ပါဏာတိပါတာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ တဲ့။ အဲဒီအယူကို ငါမယူဘူးကွတဲ့။ အဲဒီအယူဟာ ဘာလဲဆိုတော့ ပါဏာတိပါတာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိဆိုတာ ပါဠိလိုရေးထားတယ်။ မြန်မာလိုတော့ သူများအကောင် တွေဘာတွေသတ်တာပေါ့ဗျာ။ အဲ ဒါသူများအကောင်သတ်တော့ မျက်စိမြင်တာပေါ့ခင်ဗျာ။ မျက်စိ မြင်တော့ မြစ်ချောင်းအင်းအိုင်ထဲမှာ ငါးတွေ တစ်ခါတည်း ငါးကြင်းတို့၊ ငါးသိုင်းတို့၊ ငါးဘတ်တို့ မြင်တာပေါ့။ မြင်တော့ ခင်ဗျားမှာ သောမနဿဖြစ်နေတယ်။ အဲဒါကို သွားသာယာတာ။ အဲ သောမနဿဖြစ်တော့ ခင်ဗျားရှာမယ်။ ဒီငါးက အလိုအလျောက်မလာဘူး။ ခင်ဗျား တုတ်တွေ၊ ဓါးတွေရှာတော့။ အဲဒီငါးကို ဓါးကိုကိုင်ပြီးတော့ ခင်ဗျား အဲဒီငါးကိုခုတ်တာ။ အဲဒါ ကာယကံ မြောက်ခေါ်တယ်။ အဲဒီအယူဝါဒကို ဘုရားကမယူဘူး။ အဒိန္နာဒါနာဆိုတာ သူများပိုင်ဆိုင်သော

ပစ္စည်းကို ပစ္စည်းရှင်မသိပဲနဲ့ ကိုယ်ကနေပြီးတော့ယူလာတယ်။ အဲဒီအယူကိုလည်း ဘုရားကမယူဘူး။ ကာမေသုမိစ္ဆာစာရာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ။ သူများသားမယား အဲဒီတော့ နစ်နာသွားအောင်၊ ဆုံးရှုံးလောက်အောင်၊ ပျက်စီးလောက်အောင် သူမကြံစည်ဘူး။ အဲဒါ ဘုရားကလည်း ဒီအယူတွေကို တားမြစ်ပါတယ်နော်။ အဲဒီတော့ ခုနက မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ။ ခုနက ဝစီကံ။ အဲဒီတော့ မနောကံကျတော့ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ။ အဲဒီတော့ အိမ်ပေါ် လူတက်လာရင် တစ်ခါတည်း ဒေါသကိုဖြစ်တာပဲ။ အဲဒီလူကလည်း ခြေထောက်မှာရွှံ့တွေပေလာတယ်။ ကိုယ့်အိမ်ကလည်း လျှာထိုးအိမ်။ အိမ် တစ်ခါတည်းမြင်လိုက်တော့ ဘဝင်စိတ်က တစ်ခါတည်း ဒေါသဖြစ်သွားတယ်ဗျို့။ အဲဒါ မစားရ မသောက်ရပဲနဲ့ ဒေါသဖြစ်တယ်ဆို သီလပျက်တာပဲ။ အဲဒီမနောကံက ပေါက်တာပဲ။ အဲဒါတွေသိပ်အရေးကြီးပါတယ်။ ခုနကပြောသလို ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ။ အဲဒီတော့ မျက်စိကမြင်လိုက်တယ်၊ နားကကြားလိုက်တယ်၊ နှာခေါင်းကနံလိုက်တယ်၊ ဇိဝှါကစားလိုက်တယ်။ ဒါတွေဖြစ်တတ်တယ်။ အဲဒီလိုစိတ်ကလေးတွေကို စစ်တတ်ဖို့လိုပါတယ်။ ဩော် မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား။ မမြဲတော့ မစွဲတော့ အေးတာပေါ့ဗျ။ သွားစွဲရင် ဥပါဒါန်ကံဖြစ်တယ်ဗျနော်။ ပုတာပဲ သောမနဿကံ၊ ဒေါမနဿကံ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ။ ကံဆိုတာ သံသရာလည်တဲ့တရားခေါ်တယ်။ သံသရာပြတ်တဲ့တရားကတော့ ဇောကမ္မောတဲ့၊ အဲဒါ သံသရာပြတ်တာပဲ။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်။ သီလမှာ ဘာချုပ်လဲ။ ဉာဏ်ကချုပ်ထားတယ်။ ဒါကြောင့်မို့ အင်မတန်မှ ထူးမြတ်တဲ့သစ္စာတွေ။ သမုဒယသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာလို့ စာကရေးထားပါတယ်။ ဒါကြောင့်မို့ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်တဲ့။ သူက ခံစားရတာကို တရားရဲ့အရသာကို ခံစားရတာ။ တရားဆိုတာ ဥပမာသဘောလေးပြောတာပေါ့ဗျာ။ သဘောလေးပြောတဲ့အခါကျတော့ စိတ်ပေါ့ဗျာ။ အဲဒီစိတ်ဆိုတာ သူသိသွားပြီ။ အဲဒီစိတ်က ဘယ်ကလာသလဲဆိုတာကိုလည်း သိသွားပြီ။ အဲဒီစိတ်ကို စိတ်အတိုင်းထားတတ်တယ်ဗျ။ အဲ မြင်တာ မတ်တပ်၊ ကြားတာ မတ်တပ်၊ နံတာ မတ်တပ်၊ စားတာ မတ်တပ်၊ ထိတာ မတ်တပ်။ စာတော့မတတ်ဘူးနော်။ အဲဒါတွေကို သူ့ကိုမဝေဖန်ဘူး။ ဩော် အဲဒါပညာခေါ်တယ်။ အဲဒီပညာတွေကို ဘယ်ကရလဲ။ ဝိပဿနာလုပ်လို့သိတာ။ နဂိုမူလက ဘာမှမသိဘူး။ အင်မတန်ဆိုးတယ်။ အင်မတန်ရှုပ်တယ်။ အင်မတန်လိမ်တယ်။ ကောက်ကျစ်စဉ်းလဲတယ်။ အဲ လစ်ရင်ခိုးတယ်၊ လိမ်တယ်၊ ညာတယ်။ ဒီသဘောတွေရှိတယ်။ အဲဒီတော့

အရင်တုန်းက ဦးပဏ္ဍိတ ရဲ့အသိနဲ့ အခုအသိနဲ့က မတူပါဘူး။ သွေးသားပြောင်းတယ်၊ စိတ်ပြောင်းတယ်။ သွေးသားကလည်း ကိလေသာနဲ့တဏှာ သွေးသားတွေပြောင်းပြီးတော့ မမ္မဆိုတဲ့ အဲနှလုံးသားကဖြစ်နေတာပါ။ အဲဒါတွေကိုကျင့်ရမယ်။ ခန္ဓာ ၅ ပါးကိုရင်းရမယ်။ ခန္ဓာ ၅ ပါးမှာ ဉာဏ်စိုက်ရမယ်။ ခန္ဓာ ၅ ပါးမှာ ဉာဏ်စိုက်တော့မှ အဲဒီခန္ဓာ ၅ ပါးမှာ ဂဏာကျေမှ ရုပ်နာမ်နှစ်ပါးသိမယ်။ ရုပ်နာမ်သိသွားတော့ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ရုပ်နာမ်နှစ်ပါးမသိတာ အဝိဇ္ဇာခေါ်တယ်။ အဲဒီအဝိဇ္ဇာက ဘာလဲ။ အာရုံ ၆ ပါးက ဘယ်ကဖြစ်သလဲ။ မနောကဖြစ်တာ။ မြင်တော့ သိတယ်၊ ကြားတော့ သိတယ်၊ နံတော့ သိတယ်။ သိတာစိတ်။ အဲဒီတော့ လောကုတ္တရာမှာ ဒီစိတ်မရှိဘူး။ သဘောပဲရှိတယ်။ သဘာဝ သဘောပဲရှိတယ်။ သဘာဝဘာလဲ။ သဘောကဘာလဲ။ သဘောက သဘာဝကိုသိလို့ သဘောလို့ခေါ်တာ။ သဘာဝဆိုတာ ဓါတ်ကြီးလေးပါးခေါ်တယ်။ ဒီဓါတ်ကြီးလေးပါးရှိလို့ အခုတရားတွေဟောနိုင်တယ်၊ သွားနိုင်တယ်၊ လာနိုင်တယ်၊ စားနိုင်တယ်။ ဒီဓါတ်တစ်ပါးပါးလောက်ပျက်စီးသွားရင် သေမှာပဲဗျနော်။ အဲဒီတော့ ဒါကြီးဟာ ဓါတ်ကြီးလေးပါးက မမြဲဘူး။ သူ့သဘာဝ သူဖြစ်နေတာပါတဲ့။ အချိန်ကျရင် သွားလိမ့်မယ်တဲ့။ အဲဒီတော့ ဒီဓါတ်ကြီး သွားမြင်တာ။ သြော် အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တဆိုတာ သဘာဝတရားကိုခေါ်တာပါနော်။ ခုနက အနိစ္စနဲ့ ဒုက္ခဟာ ခန္ဓာမှာ ဉာဏ်စိုက်တော့ အဲဒီရုပ်ကြီးဟာ ကာမဝဋ်ဒုက္ခကြီးဖြစ်နေတာ။ အဲဒီဒုက္ခကြီးဟာ ဘယ်ကလာလဲ။ အတိတ်ကလာတာ။ ဘာနဲ့လာလဲ။ ကံနဲ့လာတာ။ အဲဒါကြောင့်မို့ ကမ္မဝဋ်ဒုက္ခ။ အဲဒါကြီးဖြစ်နေတာ။ အဲဒီကမ္မဝဋ်ဒုက္ခကို မသိလို့ ခုနက အာရုံ ၆ ပါးကို မပယ်နိုင်ဘူး။ ကမ္မဝဋ် ဒုက္ခကိုသိရင် အာရုံ ၆ ပါးကို သဘောပေါက်သွားပြီနော်။ ဒါတွေ ခင်ဗျားတို့အပေါ်မှာမူတည်ပါတယ်။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်ရမှာပဲ။ အဲဒီတော့ ဒီတရားတွေကျင့်လိုက်မယ်ဆိုရင် ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ဒီအနတ္တကို နှလုံးသွင်းရင် အတ္တကိုပယ်တယ်။ သီလလည်းဖြစ်တယ်။ သမာဓိလည်းဖြစ်တယ်။ ပညာလည်းဖြစ်တယ်။ အကယ်၍ ဉာဏ်မရတောင်မှ ကိုယ်က ဒါတွေဖြစ်နေပြီ။ သီလဖြစ်တယ်ဆိုရင် သီလတည်နေပြီ။ ဝိသုဒ္ဓိသီလဖြစ်နေပြီဆိုရင် အပါယ်ပိတ်တယ်။ သမာဓိတွေဖြစ်နေပြီဆိုရင် ဗြဟ္မာ့ဘုံရောက်မယ်။ အဲဒါတွေကို ကိုယ်က အလကား ကိုယ့်မှာအချိန်မဖြုန်းပဲနဲ့ ဒါတွေကို စိတ်ကိုစစ်နေတာ။ ငါ အတ္တစိတ်လား၊ အနတ္တစိတ်လား။ ကိုယ့်ကိုယ်ကိုစစ်ဖို့လိုတယ်။ အချိန်ကလည်း နီးလာပြီနော်။ သာသနာကလည်း ၂၅၀၀ မှာ အခု သိုက်တို့၊ ဓာတ်တို့၊ နတ်တို့ အဲဒီတော့ ဓါတ်တွေ၊ သိုက်တွေ၊ နတ်တွေက သိတယ်။ အဲဒီတော့ ရုပ်မရှိဘူး။ နာမ်ကောင်က သိတယ်။ လူတွေမှာ လောဘ၊ ဒေါသ၊ မောဟ အဲဒီတော့ ဒီခန္ဓာဝန်ရဲ့ မနက်တစ်ထပ်၊ ညတစ်ထပ် ကိုယ့်အကြောင်းတင်မဟုတ်ဘူး။

သံယောဇဉ်အကြောင်းပါပူရတယ်။ အင်မတန်မှ သောကပရိဒေဝ၊ ဒေါမနဿဆိုတဲ့ ဥပါဒါန်ဆိုတဲ့ ဒါကံကိုခေါ်တယ်။ အစွဲကိုခေါ်တားထယ်။ ဥပါဒါန်ကိုပြောပြတာ။ ဒါတွေဖြစ်နေတာ။ အဲဒါ သံသရာလည်တဲ့တရား။ ခင်ဗျားတို့အပါယ်ကျတယ်မပြောဘူး။ နတ်ပြည်ရောက်တယ်မပြောဘူး။ အဲ အဝီစိရောက်တယ်မပြောဘူး။ သံသရာလည်တာ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ။ ဒီဝိဉာဉ်လေးဟာ ပဟောဒိရုပ်ကလပ်ကြီးဟာ ကံကုန်ရင် ခင်ဗျားသေမှာပဲ။ ဦးပဏ္ဍိတ လည်း ကံကုန်ရင်သေမှာပဲ။ အဲဒီတော့ ကံလေးမကုန်အောင် အတိတ်ရဲ့ကံလေးက ကုန်လို့ရှိရင် ပစ္စုပ္ပန်ကံဆက်တယ်။ ပစ္စုပ္ပန်ကံ ဘာဆက်လဲ။ လှူကြတယ်၊ တန်းကြတယ်။ သူက သီလဆောက်တည်ထားတယ်။ အဲဒါ ပစ္စုပ္ပန်ကံက ပြန်ဆက်ထားတာ။ အတိတ်ရဲ့ကံက သူကုန်ပြီ။ အဲ ပစ္စုပ္ပန်ရဲ့ကံကို သူဆက်တယ်။ ဒါကြောင့်မို့ ဘုရားကု ကုကြတယ်။ သူတော်ကောင်း သူမြတ်လောင်းနဲ့ မှီဝဲပြီးတော့ သူတော်ကောင်း သူမြတ်လောင်းရဲ့ စကားတွေကို သူနားထောင်တယ်။ ဒါတွေကို ကံဆက်နေတယ်။ အဲဒါလည်း သဘောမပေါက်ဘူး။ ခင်ဗျားတို့ အခုလှူလိုက်တယ်။ ဒါနဟာ ရဟန္တာကိုလှူလိုက်ရင် ရဟန္တာမျိုးစေ့ရတယ်။ သမထဘုန်းကြီး လှူရင် သမထမျိုးစေ့ရမယ်။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရမယ်။ ခင်ဗျားအစားကို သူက ခန္ဓာနဲ့ ရင်းရှာထားတဲ့တရားနော်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ သူကနေပြီးတော့ ဒါတွေကိုကျင့်ထားတဲ့တရား။ အဲဒီတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုသိသွားတယ်။ အဲဒီတော့ နိယောခနဲ့ မဂ်ရတယ်လို့မပြောဘူး နော်။ အင်မတန်မှထူးတဲ့တရားတွေ။ အဲဒီတော့ ဒါတွေသူ ဘယ်ဟာတွေကိုပယ်သလဲ။ သူ လူ့ဘဝမှာ ဘာတွေပယ်သလဲ။ ကာမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဝိဇ္ဇာဆိုတာ အာရုံ ၆ ပါး တောင်ပို့မှာ ဂရယ် ၆ ပေါက်ရှိတယ်။ ဂရယ် ၆ ပေါက်ရှိတာ ၅ ပေါက်ပိတ်တယ်။ အဲဒီတော့ မနောကို မနောတစ်ပေါက်ကို သူဖွင့်ထားတယ်။ အဲဒီတော့ ဥပမာပြောကြမယ်ဆိုရင် တောထဲတောင်ထဲမှာ မျက်စိမမြင်ချင်ဘူး၊ နားမကြားချင်ဘူး၊ မနံချင်ဘူး၊ မထိချင်ဘူး။ အဲဒီတော့ မနောကိုထိတာကရုပ်၊ သိတာကနာမ်။ ဒီဖွတ်ကိုဖမ်းနေတာ။ ဒီစိတ်ကိုဖမ်းနေတာ။ အဲဒီစိတ်ကလေးငြိမ်လာတယ်နော်။ စိတ်ဖမ်းတတ်ဖို့လိုတယ်။ စိတ်မဖမ်းတတ်ရင် မျက်စိက ထွက်လိုက်၊ နားကထွက်လိုက်၊ နှာခေါင်းက ထွက်လိုက်။ အကုန်လျှောက်ထွက်နေတယ်။ အဲဒီတော့ ဒါလေးတွေဟာ ကိုယ်ကကျင့်ရမယ်၊ ကြံရမယ်။ နှလုံးသွင်းရမယ်။ အကျိုးရှိရမယ်။ ဒါကြောင့်မို့ တောင်ပို့မှာဂရယ် ၆ ပေါက်ရှိတယ်။ ဂရယ် ၅ ပေါက်ကိုပိတ်ပါ။ တစ်ပေါက်ကိုဖွင့်လိုက်ဆိုတာ အဲဒီဘဝင်စိတ်ကလေးကို အနတ္တ နှလုံးသွင်းနေရမယ်။ ဘဝင်စိတ်ကလေးဟာ အခုတော့ အာရုံ ၅ ပါးနဲ့ပေါင်းနေတယ်။ မျက်စိနဲ့ပေါင်းလိုက်၊ နားနဲ့ ပေါင်းလိုက်၊ နှာခေါင်း အကုန်လုံးလျှောက်ပေါင်းတော့ ဒီစိတ်ကလေးက ဂဏှာမငြိမ်တော့ဘူးဗျို့။

အဲဒီတော့ ကံတွေဖြစ်တယ်။ သောမနဿကံ၊ ဒေါမနဿကံ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ သူက အလိုအလျောက် ကိလေသာကငုတ်နေတာ။ ကိလေသာငုတ်နေတာ အကြောင်းရှိတယ်။ ထပြီးတော့ တစ်ခုခုနဲ့ အဲတဏှာနဲ့ပတ်သက်တဲ့အကြောင်းတွေရှိရင် ထ ထောင်းကနဲဖြစ်တာပဲ။ တဏှာဆိုတာ သာယာတဲ့ကိစ္စတွေ။ ခင်ဗျား မော်တော်ကား သိန်း ၂၀ လောက်တန်တယ်။ သူများရိုက်ချိုးတယ်။ ရိုက်ချိုးရင် ခင်ဗျားစိတ်ထဲမှာ ဘယ်လိုနေမလဲ။ ဟာ ဒေါသဖြစ်တာပေါ့ဗျာ။ ဒါ သိန်း ၂၀ လောက်ပေး ရတယ်ဗျာတဲ့။ ကျွန်တော့်ဟာကျွန်တော် လမ်းဘေးရပ်ထားတယ်။ ဘာလို့ရိုက်သလဲတဲ့။ ကျွန်တော့် ပစ္စည်းပဲတဲ့။ ဘာလို့ရိုက်သလဲတဲ့။ မှန်တာပေါ့။ သူပြောတာသိပ်မှန်တာ။ အဲဒီကားလေးကို သွားပြီးတော့ စွဲလမ်းသာယာတာ တဏှာခေါ်တယ်။ ကားလေးကို သာယာတာ အဲဒီတော့ အဲဒါတဏှာ။ တဏှာ ကြောင့် မာန်ဖြစ်တယ်။ အဲဒါ ဒိဋ္ဌိခေါ်တယ်။ ဒိဋ္ဌိကလုပ်ပေးလိုက်တော့ ဒါတွေဟာ အနုစယစိတ်တွေ။ ဒါ အရိယာပုဂ္ဂိုလ်များကျင့်သွားတဲ့စိတ်တွေခေါ်တယ်။ ခင်ဗျားတို့ကျင့်ရမယ့်စိတ်က သီလမဂ္ဂင်၊ သမာဓိ မဂ္ဂင်ဖြစ်အောင်လုပ်။ အဲဒီတော့ ခင်ဗျားတို့ တရားထိုင်။ အဲဒီတရားထိုင်တဲ့အခါ စိတ်စစ်။ အတ္တစိတ် လား၊ အနတ္တစိတ်လား။ အဲဒါစစ်တတ်ဖို့လိုတယ်။ သူများနဲ့ စကားမပြောနဲ့။ ကိုယ့်စာကိုယ် အဲလိုစစ်လို့ ကိုယ်က သိသိလာတာ ပညာခေါ်တယ်။ အဲဒါ ခင်ဗျားတို့အတွက်တွေ။ အဲဒီ ဒါနမျိုးစေ့က ဒါနလှူရင် ဒါနမျိုးစေ့ရမယ်။ သမထဘုန်းကြီးလှူရင် သမထမျိုးစေ့ရမယ်။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရမယ်။ ဒါနက ကျင့်ရဲ့သားနဲ့ သီလမမှန်ရင် ခင်ဗျားတို့ခံပဲ။ ခံပဲဗျို့။ ဦးဇင်း ကျင့်ထားတာ ဦးဇင်း က ဒါကိုထုတ် ပြပါဆိုလို့လည်း ထုတ်မပြတတ်ဘူး။ ဦးဇင်း ပြောတာတွေဟာ သစ္စာတွေနဲ့ပြောတာ။ ခင်ဗျားတို့ သမုတိ သစ္စာနယ်ထဲမှာ ပြောတာ။ အဲဒီသမုတိသစ္စာနယ်ကနေပြီးတော့ ဘယ်နယ်ကပြောလည်း။ အဲ ခုနက ပရမတ္ထသစ္စာကနေပြီးတော့ သူပြောနေတာနော်။ အဲဒါလေးတွေကို သူကကျင့်ထားတယ်။ ခန္ဓာက သိတာလေးတွေကိုပြောတယ်။ ခုနက အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ။ အဲဒါ သံသရာလည်တဲ့တရား။ အဲဒီသံသရာလည်တဲ့တရားကို သမ္မာလေးဖြစ်အောင်လုပ်။ မိစ္ဆာမဖြစ်ပါစေနဲ့။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မှန်တာကိုကျင့်ပါ၊ မှန်တာကိုပြောပါ၊ မှန်တာကိုအသက်မွေးဝမ်းကြောင်းပြုပါ။ အဲဒါ သီလမဂ္ဂင် အခြေခံ သီလအုတ်ပန္နက်ရိုက်ထားတယ်။ အဲ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ တဲ့။ ဒါ မဂ္ဂင်ရှစ်ပါးနဲ့ ခင်ဗျားတို့ရဲ့ နှလုံးသားအသိနဲ့ ဘုရားရဲ့စာနဲ့ အခုထိ ဒီစာတွေမပျောက်သေးပါ ဘူး။ ဘုရားရဲ့ရွှေညာဏ်တော်။ စာနဲ့ ခင်ဗျားတို့နှလုံးသားအသိနဲ့ တစ်ထပ်တည်းထားရင် ခင်ဗျားတို့ ထူးလာမှာပေါ့ဗျာ။ အဲဒါတွေကို ခုနက စာကကော့မှန်ပါတယ်။ စိတ်တွေကတော့ ဂယောက်ဂယက်

တွေဖြစ်လို့နော်။ ဂယောက်ဂယက်ဆိုတာ ဒီစိတ်က အဲဒီအာရုံ ၆ ပါးက ကိုယ့်နောက်တစ် ကောက်ကောက်ပါနေတာ။ သဘော်စီးလည်း ပါတာပဲဗျ။ အိမ်သာတက်လည်း ပါတာပဲဗျ။ အကုန်ပါတယ်။ အာရုံ ၆ ပါးက အဲဒီအာရုံ ၆ ပါးကို ဟောနေတာ။ ဒါကိုဟောနေတာ။ ဥပါဒါန်ကို ဟောနေတာ။ သံသရာလည်တာ အဲဒီအာရုံ ၆ ပါးကို တစ်ခုတည်းဖြစ်အောင်သူလုပ်တယ်။ အဲဒီတော့ တစ်ခုတည်းဖြစ်တဲ့အခါကတော့ ဘဝင်စိတ်ကလေးကို ထိတာကရုပ်၊ သိတာက အနတ္တစိတ်ဖြစ်အောင်လုပ်တယ်။ အတ္တစိတ် ဒီအချိန်မှာ အတ္တစိတ်ကမရှိတော့ဘူး။ အဲဒီတော့ အတ္တစိတ်မရှိပါလား သိလိုက်တာ ပညာပဲ။ အဲဒီတော့ ဒီလိုပညာလေးရလာတော့ ခင်ဗျားမှာ အမိသီလ၊ အမိစိတ္တ၊ အမိပညာဖြစ်ပါတယ်။ ဒါတွေဟာ အင်မတန်ဝိနည်းထက် ကောင်းပါတယ်။ ခင်ဗျားမှာ ရေလည်းမသောက်ဘူး။ သူများတဘက်သားနဲ့လည်း စကားမပြောတော့ဘူး။ ဘာအာရုံနောက်ကိုမှ မလိုက်တော့ဘူး။ ခင်ဗျားရဲ့မနောနဲ့ နှာသီးနှာဖျားဝမှာ ထိတာကရုပ်၊ သိတာကနာမ်။ ဒီအာရုံနောက်ကိုလိုက်တာ။ အဲဒီတော့ ဒါလေးတွေကို အကျိုးရှိအောင် အဲဒါလေးတွေက ခင်ဗျားတို့ရဲ့အတွက် ဦးပဏ္ဍိတ လုပ်ရင် ဦးပဏ္ဍိတ ရဲ့အတွက်။ ခင်ဗျားလုပ်ရင် ခင်ဗျားအတွက်။ အဲဒီတော့ ဒီလိုအလုပ်ကိုလုပ်လာရင် ကိုယ်က ဘယ်လိုလဲ။ အပြင်မှာ မင်္ဂလာ ၃၈ ဖြာ။ ဩော် မင်္ဂလာ ၃၈ ဖြာ ဦးဇင်းက စာမတတ်ဘူး။ ယံမင်္ဂလံ ဒွါဒသဟိ စိန္တယိံသု သဒေဝကာ သောတ္ထာနံ နာဓိဂစ္ဆန္တိ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။ မင်္ဂလလို့ခေါ်ထားပါတယ်။ ဘယ်သူဖြစ်ဖြစ် ဟုတ်ကဲ့အစ်ကိုကြီး၊ ဟုတ်ကဲ့ညီမလေး။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ အပြင်ရဲ့ ကံတွေကိုစင်ကြယ်မှ အတွင်းမှာ ဉာဏ်ဖြစ်မယ်။ အပြင်မှာ ဉာဏ်ဖြစ်လို့ အပြင်မှာ စင်ကြယ်တယ်။ အပြင်မှာမစင်ကြယ်ရင် အတွင်းမှာလည်း ဉာဏ်မဖြစ်ဘူးနော်။ အပြင်ရဲ့ကံတွေဆိုတာ သတ္တာသပတ္တိ ရတနာသုံးတန် စေတနာကို ကံခေါ်တယ်။ ဘယ်သူ့ဖြစ်ဖြစ် ခင်ဗျားစေတနာရှိတယ်။ ဟိုလူ့အပေါ်မှာလည်း စေတနာရှိတယ်။ ဒီလူ့အပေါ်မှာလည်း စေတနာရှိတယ်။ စားပါဦးကြီးရဲ့ စားပါအစ်မကြီးရဲ့။ ဒါစေတနာတွေ။ အဲဒီစေတနာတွေဟာ ကံ။ အဲဒီအပြင်ကံတွေကိုစင်ကြယ်မှ အတွင်းမှာ ဉာဏ်ဖြစ်မယ်နော်။ ဒါတွေဟာ ခင်ဗျားတို့အတွက်တွေပါ။ ဒါတွေမှမလုပ်လို့ အပြင်ကျတော့ ဟော ခင်ဗျားမနောကျ ဖောက်ပြီ။ အာ အသံကြားတာနဲ့ ဒီကစေတနာပျက်ပြီ။ ကိုယ့်ယို့ကားယားတွေပြော၊ ကိုယ့်ယို့ကားယားတွေလုပ်။ နှလုံးသားစေတနာပျက်ပြီ။ စေတနာပျက်လို့ရှိရင် ခင်ဗျားဘာဖြစ်မလဲ။ သီလပျက်တယ်နော်။ ဒီသီလတွေပျက်မယ်၊ စေတနာဆိုတာ နှလုံးသားကိုခေါ်တာ။ အဲဒီတော့ စေတနာတွေဟာ အလွန် အယုတ်၊ အလတ်၊ အမြတ်မရွေးနဲ့။ စေတနာတွေဟာ လက်ရည်တပြင်တည်းထား။ အဲဒါ ဘုရားမှာ ထားတာ။ အဲ ပုထုဇဉ်က မထားနိုင်ဘူးနော်။ ကိုယ့်စေတနာကိုယ်စစ်။ ဒါကြောင့်မို့

စေတနာကိုယူပြီးတော့ ဘုရားတွေတည်တယ်။ ကျောင်းတွေဆောက်တယ်။ ရေတွင်းရေကန်တွေ ပြုတယ်။ စေတနာဟာ သညာအမှတ် မှတ်တဲ့ စေတနာဟာနော် စိတ်မချရဘူး။ အဲဒီတော့ ပညာ စေတနာကိုယူရတယ်။ ဒီပညာစေတနာ ဘယ်ကရသလဲ။ ဝိပဿနာက အနတ္တအသိလေး။ သူက အနတ္တက နိုင်လုံလာတာ။ အတ္တလေးတွေကိုလည်း သိလာတာ။ အဲဒါ ပညာခေါ်တယ်။ ဪ အတ္တပါလား။ ဪ အနတ္တပါလား။ အဲဒီဟာလေးတွေကို စိတ်ကိုစစ်တတ်တော့ ပညာခေါ်တယ်။ အဲဒီနှစ်ခုကိုသိတာ ပညာခေါ်တယ်။ ဪ ထိတာကရုပ်၊ သိတာကနာမ်။ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ ခုနက ဒုစရိုက်ဆယ်ပါးက လုံနေပြီ။ သူများအသက်မသတ်ဘူး။ သူများ ပစ္စည်းမခိုးဘူး။ သူများသားမယား မဖျက်ဆီးဘူး။ ဒါ အပြင်ကံတွေ။ သူဘာမှမလုပ်ဘူး။ အဲဒီလို ဆောက်တည်လိုက်တဲ့ ယုံကြည်မှုဆိုတဲ့ သဒ္ဓါ၊ သဒ္ဓါကနေ ဝီရိယကူးတယ်။ ဝီရိယဖြစ်လာတော့ သီလဒုတ်ပန္နက်ရိုက်တယ်။ ဒါ အင်မတန်မှထူးတယ်။ အဲဒီလိုလုပ်လိုက်တဲ့အခါမှာ ကိုယ့်စိတ်ကိုယ် စစ်ရမယ်။ စစ်တတ်ဖို့လိုတယ်။ ကိုယ့်တရားတော့ ထိုင်တတ်ပြီးတော့ စိတ်လည်းမစစ်တတ်ဘူး။ ဘာဖြစ်လို့စိတ်မစစ်တတ်လဲ၊ ပညာပိုင်းမရောက်သေးဘူး။ သညာပိုင်းဖြစ်နေတယ်။ တရားထိုင် နိုင်းတယ်ဆိုတာ စိတ်စစ်နိုင်းတာ။ တရားထိုင်တဲ့အသိနဲ့ တရားမထိုင်တဲ့အသိ။ အဲဒါကိုယ့်ဟာ ကိုယ်စစ်။ ကိုယ့်ဟာကိုယ်နှလုံးသွင်းပြီးတော့ ဟုတ်/မဟုတ်ဆိုတာ ကိုယ့်သတိလေးထား၊ သတိ အမြဲတမ်းထားနော်။ အဲဒီတရားထိုင်နိုင်းတယ်ဆိုတာ စိတ်ကိုစစ်ဖို့ အထိုင်နိုင်းတာ။ အဲဒီစိတ်ကိုစစ်မှ ပညာဖြစ်မယ်။ စိတ်မစစ်တတ်ရင် သညာဖြစ်သွားလိမ့်မယ်။ ဒါ ခင်ဗျားတို့အတွက် ကံကလိုက်တာ။ ဒါသီလကိုရဖို့။ အဲဒီတော့ ဒီစေတနာတွေဟာ အပြင်မှာ ဪ လူကြီးမင်းများခိုင်းတယ်ဗျာ။ ကျွန်တော် လုပ်ပေးပါမယ်ဗျာ။ တကယ့်စေတနာ သူရှိတယ်နော်။ ဒီလိုစေတနာရှိတော့ ဒီကံတွေက စေတနာရဲ့ ပုဗ္ဗ မုဉ္စ ပရဆိုတဲ့ စေတနာအကောင်းတွေ။ အဲဒီကံတွေက သူ့အကျိုးပေးတယ်။ ဘာတွေအကျိုး ပေးလဲ။ ကျန်းမာရေးလည်းကောင်းတယ်၊ စီးပွားရေးလည်းကောင်းတယ်၊ အပ္ပါယ်လေးပါးတံခါး ပိတ်တယ်။ ကြည့်စမ်း ဒီစေတနာ လူတွေမသိလို့။ ဟာ ငါ့ပဲခိုင်းတာကို ငါဆီကပဲပိုက်ဆံတောင်းတာပဲ။ အဲဒီတော့ ပြောတော့လူကြီး။ မပြောဘူး။ မနောကပေါက်ပြီ။ စေတနာပျက်ပြီ။ ကြည့်စမ်း ပေးလည်း ပေးရသေးတယ်။ လုပ်လည်းလုပ်ရသေးတယ်။ စေတနာထားရမယ်။ ဘာပဲဖြစ်ဖြစ် ဪ ငါ့ရဲ့ ကုသိုလ်ကံပဲလေ။ ငါ့မှမြင်တယ်၊ အလုပ်ခိုင်းတယ်၊ ငါလုပ်ပေးမယ်။ ငါ့မရှိတာကို ရှိတာငါပေးမယ်။ တောင်းပန်မယ်။ ငါ့မှာ ထမင်းတောင်ချက်စားစရာမရှိဘူး။ ငါတောင်းပန်မယ်။ သူတောင်းပန်တယ်။ အဲဒီတော့ ဒီလိုလူကြီးတွေမကောင်းရင် ကိုယ်လည်း ဒီရပ်ကွက်မှာမနေနဲ့။ ကိုယ်ကတရားသမားကိုဗျ။

အဲဒီတော့ ဘုရားကရေးထားတယ်။ လူမိုက်ရှိရင်တဲ့ လူလိမ္မာကတရားကျင့်ဖို့မလွယ်ဘူးကွတဲ့။ ခါးမြတောထဲမှာသွားပြီးတော့နေရင်တဲ့ မင်း ဥပမာ ငါက စာမတတ်ဘူးကွာတဲ့။ ကျေးလေးက လေကြီးမိုးကြီးတိုက်တယ်ကွ။ ခါးမြအိမ်မှာ တစ်ကောင်ရောက်သွားတယ်ကွ။ အဲဒီကျေးလေးက သူတို့လုပ်တာတွေ ကိုင်တာတွေသိတော့ ဟော ကျေးလေးက ဘယ်လိုလဲ ထလေ၊ တိုက်လေ၊ ထလေ၊ တိုက်လေ။ ဟော ဘုန်းကြီးကျောင်းရောက်သွားတဲ့ ကျေးက ကြွေးစည်ထုလေ၊ ဘုရားရှိခိုးလေ။ ဟောဒီသဘောပဲ။ မကောင်းတဲ့သူနဲ့ မပေါင်းသင်းနဲ့။ ကောင်းတဲ့သူနဲ့ ကိုယ်ကပေါင်း။ ကိုယ်ကတရားသမားကို။ သူစိတ်ဆိုးအောင် ကိုယ်ကသွားမပြောနဲ့။ ကိုယ်ကရှောင်ရမှာကို သူမကောင်းဘူး၊ ကိုယ်ရှောင်မယ်။ သူ့သွားမပြောနဲ့။ သူဘာလုပ်လုပ် လုပ်ချင်တာလုပ် ကိုယ့်ဟာကိုယ် ရှောင်တတ်ဖို့လိုတယ်။ ကိုယ်က အနာခံရမယ်။ ဒါတွေ သည်းခံရမယ်။ သူ့ကိုဘက်တိုက်ရင် ကိုယ့်မှာအကျိုးမရှိဘူး။ ကိုယ့်မှာ သီလပျက်မယ်။ ဒါကြောင့်မို့ နေတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ သွားတတ်ဖို့လိုတယ်၊ သေတတ်ဖို့လိုတယ်နော်။ အင်မတန်အရေးကြီးတယ်။ သူက လူမိုက်၊ ကိုယ်သိတာပေါ့။ ငါလူမိုက်လာတယ်ကွာ။ သူအကြောင်းလည်း ကိုယ်မပြောဘူး။ ကိုယ်ပညာရှိတာပေါ့။ အဝေးက ရှောင်တယ်။ မနေတော့ဘူးကွာ။ ဒီနေရာမှာ အဲဒီလိုရှောင်သွားတာ။ အဲဒါ ရှောင်တတ်ဖို့လိုတယ်။ ဒါကြောင့်မို့ အဇာတသတ် ဘယ်သူနဲ့ပေါင်းလဲ။ ဒေဝဒတ်နဲ့ပေါင်းတယ်နော်။ အဇာတသတ် ဒေဝဒတ်နဲ့ပေါင်းတယ်။ အင်္ဂုလိမာလ ဘယ်သူနဲ့ပေါင်းလဲ။ ပါမောက္ခဆရာခိုင်းလို့ လုပ်တယ်။ ဆရာကခိုင်းတော့ လုပ်တယ်။ အဲဒီတော့ ဆရာခိုင်းတိုင်း ကိုယ်ကပညာနဲ့သုံးသပ်ရတယ်။ ဆရာခိုင်းတိုင်း ကိုယ်က ခေါင်းမညိတ်နဲ့။ ဒီဆရာကောင်းလား၊ မကောင်းဘူးလား။ မကောင်းရင်ပြောင်းမယ်။ အဲဒီတော့ အဇာတသတ်လည်း သွားပေါင်းမိလို့ ဒေဝဒတ်သွားပေါင်းလို့ အောက်ရောက်တယ်။ ဒါ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ သူ့တော့ သွားခံမပြောနဲ့။ ခံပြောရင် ကိုယ့်မှာသီလပျက်မယ်။ ကိုယ့်မှာ မဂ္ဂအန္တရာယ်တွေဖြစ်သွားမှာ။ ကိုယ့်တရားလိုချင်တာကို ဒါကြောင့်မို့ အခန်းပိတ်တယ်နော်။ သေချာလေး အရက်သောက်တယ်။ သူ့ဟာသူသောက်။ သူ့အကြောင်းမပြောနဲ့။ ကိုယ့်ဟာကိုယ်နေတတ်ဖို့ လိုတယ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ အကြောင်းသတ်ရမယ်။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်းနော်။ ကိုယ်သိဖို့ ပညာရှိဖို့လိုတယ်။ သညာနဲ့ နှလုံးမသွင်းနဲ့။ ပညာနဲ့ နှလုံးသွင်း။ ဒါ ခင်ဗျားတို့အတွက်တွေပါနော်။ နေတတ်ဖို့လိုတယ်။ ကိုယ့်ဟာကိုယ်မိသားစုတွေ ကိုယ့်ရဲ့စေတနာတွေ ကိုယ့်ဟာကိုယ် ဘာလေးနဲ့ စားရစားရ နှလုံးမှာ စေတနာတွေမှန်ဖို့လိုပါတယ်။ အဲဒီလိုစေတနာတွေမှန်ရင် မိသားစုတွေမှာ အဲဒီကံတွေက

ခုနက ရောဂါဘယတွေ ကင်းချင်လာပြီနော်။ ဒီကပ်တွေလွတ်မယ်။ ဒီကပ်ကြီးသုံးပါးကို လွတ်သွားလိမ့်မယ်။ ဒီကပ်ကြီးသုံးပါးမလွတ်တာ ဘာကြောင့်လဲ။ ကာယကံ သောင်းကျန်းမှုတွေ၊ ဝစီကံဖေါက်ပြန်မှုတွေ၊ မနောကံ မိစ္ဆာရိယစိတ်တွေလုပ်တာ။ အဲဒီသုံးကံကိုကျူးလွန်လို့ အဲဒီကပ်ထဲရောက်တာ မှတ်ထားဦး။ သဘောလေးနဲ့သာ နာနော်။ သေကြမှာပဲ ဦးပဏ္ဍိတ ကလည်း သေမှာပဲ။ ခင်ဗျားတို့တရားနာတဲ့သူတွေလည်း သေမှာပဲ။ တရားဟာ နာတတ်ဖို့လိုတယ်။ ရင်ဝမှာ အသိစိုက်ဖို့လိုတယ်။ တရားကနာတော့ နာတာပဲ။ ခင်ဗျားတို့ နားကြားတာပဲ ကြားတော့သိတာပဲရှိတာ။ အဲဒီဦးပဏ္ဍိတ ကပြောတာ ခင်ဗျားတို့ကြားတာရှိတာ။ ကြားပြီး နာတာပဲရှိတယ်။ ဟိုလူက အသိဝင်သွားတာ။ အဲဒီအသိက ဆွဲထုတ်လို့မရဘူး။ အပါယ်ပိတ်တာပဲဗျို့နော်။ လူတိုင်းဖြစ်သလားဆိုတော့လူတိုင်းမဖြစ်ဘူး။ သူ့အကြောင်းနဲ့ သူ့အကျိုး။ သူ့ရဲ့စေတနာ ဒီကလည်း ဓမ္မစစ်ရမယ်။ သူကလည်းစေတနာစစ်ရမယ်။ အဲဒါအကြောင်းအကျိုး ကုသလာနံ၊ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဘုရားဟောအရ ချက်ချင်းဝေဒနိယဒိဋ္ဌလက်ငင်းဖြစ်တယ်။ စေတနာမှန်ဖို့လိုတယ်နော်။ ပညာတွေနဲ့တစ်ခါတည်း အတွင်းမှာတော့ ချပြီဟေ့၊ မဲလို့ အပြင်မှာကတော့ အစ်ကိုကြီးရေ ဘယ်ကပြန်လာလဲ။ အာ ဘယ်လို ဘယ်ချမ်းသာ။ ဟော ခင်ဗျားတို့တွေးကြည့်၊ ခင်ဗျားတို့ ဗိုလ်အောင်မြင်၊ ဗိုလ်ထွေးကိုခေါ်သတ်တာ။ အကြောင်းသတ်လဲ စာနဲ့ရေးထားတာ။ လိုက်တွေးတာ။ သူများရဲ့စိတ်ကိုသိရင် သူသွားတောင် မသွားဘူး။ မသိလို့သွားလို့သေရတာပေါ့။ အဲဒါတွေးတောင်ကြည့်ပေတော့ဗျို့၊ ဒါကြောင့်မို့သညာဟာ အင်မတန်ကြောက်ဖို့ကောင်းပါတယ်ဗျာနော်။ တစ်ခါတည်း ခေါ်လိုက်တာ၊ ခေါ်လိုက်တဲ့အခါကျတော့ ဟိုလူက ဩော် ငါ့ရဲ့အပေါင်းအသင်း။ ငါ့ဆရာပဲဆိုသွားတာ တစ်ခါတည်း ထမင်းကျွေးပြီးတော့ အကုန်ပစ်သတ်လိုက်တာနော်။ ဒါဘာလဲ ခင်ဗျားတို့တွေးကြည့်၊ ဆရာဆိုပြီးတော့ သူသွားတာ။ အဲဒီတော့ ကိုယ့်ကိုယ်ကိုစစ်။ သူများသွားမယုံနဲ့၊ အဲဒါတွေနေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ တရားရဖို့လိုတယ်။ ဒီတောနက်ကြီးထဲမှာလာပြီးတော့ ဆောက်ထားတာနော်။ ဦးပဏ္ဍိတဘာမှသိတာမဟုတ်ဘူး။ ဘာမှ ဒီနေရာကိုရောက်ဖူးတာလည်းမဟုတ်ဘူး။ အဲဒီတော့ ဒီနေရာရဲ့အခြေအနေ ဘူမိနက်သံ။ ဩော် ဒီရဲ့ ပုဂ္ဂိုလ်တွေ။ အဲဒါကြောင့်လို့ လာပြီးတော့လုပ်ပေးတာပါ။ ဘာမှစာတတ်တာလည်းမဟုတ်ဘူး။ ခင်ဗျားတို့တွေးကြည့်၊ နိုင်ငံတော်အစိုးရဆီက တစ်ပြားမှမတောင်းဘူးနော်။ သူတစ်ပြားမှမတောင်းဘူး။ မှတ်ထား။ အဲဒီက သူ့ကို ဒကာ၊ ဒကာမများလှူကြတယ်။ တန်းကြတယ်။ နိုင်ငံခြားက ထိုင်ဝမ်ကပေးတယ်။ ဒါတွေနဲ့လုပ်ပေးလိုက်တာ။ သူနေတော့အစုတ်ပလုတ်နဲ့နေတာ။ စာက တစ်လုံးမှတတ်တာမဟုတ်ဘူးနော်။ တစ်ခုမှတတ်တာမဟုတ်ဘူး။

ဘာစာမှမတတ်ဘူး။ ခင်ဗျားတို့ သီလတောင်းရင် မပေးတတ်ဘူး။ ရေစက်ချတာလည်း မလုပ်တတ်ဘူး။ လူသေလို့လည်း။ ဪ ဘာတတ်လည်း အေး မင်းငါတတ်တဲ့ပညာ လာကြည့်လှည့်တဲ့။ အေး မင်းလာကြည့်လှည့်တဲ့။ လာခဲ့တဲ့။ မင်းကို တစ်နေ့ကိုတစ်ထောင်ပေးမယ်ကွတဲ့။ အဲဒါ မင်းငါ့အကြောင်း သိရောပေါ့ကွတဲ့။ စာတော့မတတ်ဘူး။ အဲဒီလိုကွ။ ခေါင်းပါတယ်ကွ။ သတ္တိရှိတယ်ကွ။ မှတ်ထားတဲ့။ မင်းတို့ ဒါပေမယ့် ငါကတော့ စာမတတ်တော့ ငါလိုဖြစ်ပါစေ၊ ငါလိုတတ်ပါစေ။ မင်းတို့တောကြီးထဲမှာ လာဆောက်ထားတာ။ အလကားဆောက်တာမဟုတ်ဘူး။ အကြောင်းရှိလို့ လာလုပ်ပေးတာ။ အဲဒါ တွေကိုလာပြီးတော့ ခုနကလိုပြောတယ်။ ကိုယ့်ရဲ့မကောင်းတာတွေကို ဒုစရိုက်တွေကိုပယ်ဖြစ်လိုက်။ ပယ်ရင်လေ ခင်ဗျား ရဟန္တာတောင် တက်ဖြစ်တယ်။ ဘာဖြစ်လို့လဲ ကိုယ့်အရိယာမှ မသတ်သေးတာပဲ။ အင်္ဂုလိမာလကြည့်ပေါ့နော်။ ရဟန္တာဖြစ်တာပဲ။ ဒါတွေဟာ ကိုယ်ကသိရင် ပယ်လိုက်။ မကောင်းတာ ပယ်လိုက်။ ချက်ချင်း ခင်ဗျားမှာ အထူးသီလတို့၊ သမာဓိတို့၊ ပညာတို့ဖြစ်တယ်။ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာတဲ့။ ဒီလိုရေးထားတယ်။ ကုသိုလ်ရေးကရတယ်။ ငရဲက တစ်ပိဿာတောင်ဖြစ်နေပြီ နော်။ အဲဒီငရဲကို အနတ္တနဲ့နှလုံးသွင်းပြီး ဆေးပစ်လိုက် တစ်ခါတည်းပြတ်တာပဲ။ အဲဒါ ခင်ဗျားတို့ တွေးကြည့် ကျေးကလာ တစ်ဆယ့်ခြောက်တိုင်းပြည် ဝေဠုသုမဏ အကုန်လုံးသတ်။ ပစ်တာ တစ်ယောက်နဲ့တစ်ယောက်နဲ့ တစ်ပိုင်းပဲရှိတယ်နော်။ အဲဒီကံတွေဟာ ခုနကအရိယာမပါဘူး။ အဲဒီတော့ ခုနကဟာတွေက ဘာတွေလဲ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ သရဏဂုံသုံးပါး မတည်တဲ့အကောင်တွေ အဲဒီမတည်တဲ့အကောင်တွေခေါ်တာ။ ဒီလောက်ဆို သဘော ပေါက်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် MP-3 ပုဒ်ရေ MM-18 မှ ကူးယူဖော်ပြပါသည်။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၃၆)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၃၆)

တရားနာတဲ့ပုဂ္ဂိုလ်များ၊ ဆရာတော်ကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေအားလုံး၊ ရှင်သာမဏေတွေ အားလုံး တပည့်တော်က စာမတတ်တော့ ပြောမှားဆိုမှားရှိရင်လည်း ခွင့်လွှတ်ပါ။ အဲဒီတော့ တရားနာတဲ့ပရိတ်သတ် သူတော်ကောင်းအပေါင်းများလည်း ဦးပဏ္ဍိတက စာပေကျမ်းဂန် မတတ်တဲ့အခါ ပညတ် နဲ့ ပရမတ် သဘောလေးနဲ့ပြောသွားတဲ့အခါမှာ ပြောသွားတဲ့အသိလေးတွေ မှားသွားတယ်ဆိုရင် သည်းခံပါ။ ဦးဇင်း က စာပေကျမ်းဂန် မတတ်ပါဘူးဗျာ။ ခန္ဓာသိကို ပြောပြပါ့မယ်။ ဒီခန္ဓာသိ ပြောကြတဲ့အခါမှာ ကိုယ့်အာရုံလေးနဲ့ အသိသဘောလေးပေါ့။ အားလုံးကို ဦးဇင်း က စာပေ ကျမ်းဂန်မတတ်တော့ တရားနာတဲ့ ပရိတ်သတ်များ၊ သံဃာတော် ထေရ်ကြီးဝါကြီး ဆရာတော်များ၊ ရှင်သာမဏေများ အားလုံး တပည့်တော်က စာမတတ်တော့ ပြောတဲ့စကားမှာ မှားသွားရင် ခွင့်လွှတ် ပါလို့ တပည့်တော် တောင်းပန်ပါတယ်ဗျာ။ ဒါဖြင့် ခန္ဓာသိလေးကို သဘောလေးနဲ့ပြောပြပါ့မယ်။ ဦးဇင်း ကတော့ စာပေကျမ်းဂန်မတတ်တော့ ခန္ဓာသိ သဘောလေးပေါ့ဗျာ။ အဲဒီတော့ ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ်တရားရှိတယ်။ အဲဒီသုံးခုကို သဘောလေးနဲ့၊ အသိလေးတွေ နှလုံးသွင်း ကြဖို့ ဒါဖြင့် ကောင်းပြီ။ ခန္ဓာသိကို ပြောရမယ်ဆိုရင် ဦးဇင်း က ဝိပဿနာတရားများကို ကာယသတိ ပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်လို့ (၄)ပါးရှိပါတယ်။ အဲဒီတော့ သတိပဋ္ဌာန်(၄)ပါးရှိသလို မဂ္ဂင်(၈)ပါးနဲ့ အာရုံနဲ့ မိမိရဲ့ မနောဘဝင်နဲ့ တိုက်တာပေါ့ဗျာ။ အဲဒီတော့ ဒီမဂ္ဂင်(၈)ပါးနဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတဲ့။ ဘုရားဟောတဲ့ စာနဲ့ စိတ်နဲ့ တစ်ထပ်တည်းဖြစ်အောင် တစ်ထပ်တည်း ဖြစ်မှ စိတ်ကမှန်တယ်။ သဘောလေးနော်။ အဲဒီတော့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးရဲ့အကြောင်းကို သဘောနဲ့ ပြောပြပါ့မယ်။ ခန္ဓာ(၅)ပါး သူကျင့်ကြံပါတယ်။ ဒီခန္ဓာကြီးဟာ ကိလေသာရဲ့ရုပ်တရားကြီး ပါပဲ။ စာလိုဆိုရင်တော့ ဒီကိလေသာနဲ့ ရုပ်တရားကြီးကို ဘာကြောင့် ကံတွေဖြစ်ရတာလဲ။ ကမ္မဝဋ် ဖြစ်ရတာလဲ၊ ဘာကြောင့် ဘဝကို မလွတ်တာလဲဆိုတဲ့ သဘောလေးပါပဲ။ ဟိုက စာနဲ့ရေးထားတယ်။ အဲဒီတော့ ဒီကိလေသာရုပ်ကြီးဟာ အကျိုးတရားခေါ်ပါတယ်။ အဲဒီတော့ ခုနက မဂ္ဂင်(၈)ပါးနဲ့ နှလုံးသွင်းပြီးတော့ နှလုံးသွင်းတဲ့အခါမှာ အာရုံကိုလည်း ပယ်ပါတယ်၊ အာရုံ(၅)ပါးကိုလည်း ပယ်ပါတယ်။ ဒုစရိုက်ကံ (၁၀)ပါးကိုလည်းပယ်ပါတယ်။ မယူပါဘူး။ ဒုစရိုက်(၁၀)ပါးရဲ့ ကံကိုလည်း သူ မယူပါဘူး။ ဘာယူသလဲ။ မဂ္ဂင်(၈)ပါးယူတယ်။ အဲဒီတော့ မဂ္ဂင်(၈)ပါးနဲ့ ဘုရားဟောအရ မဂ္ဂင် (၈)ပါးနဲ့ မိမိရဲ့နှလုံးသားကို စစ်တော့တာပဲဗျို့။ စစ်တဲ့အခါမှာ ဒီလို တင်ပလ္လင်ခွေပြီးတော့ စိတ်ငြိမ်တဲ့

အရပ်မှာ တရားကိုနှလုံးသွင်းလိုက်တယ်။ ဩော် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါ ဘုရားဟောတဲ့ သီလမဂ္ဂင်တွေပါလား။ ဒီ သီလမဂ္ဂင်ကို ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ် ကိုပယ်မှာကိုဗျ။ သဘောလေးနဲ့ အသိလေးသာ နာလိုက်။ ကိလေသာဝဋ်ဆိုတာ ဒီကိလေသာမှာ စာမတတ်လို့နော် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပေးတော့။ အဲဒီကိလေသာရပ်မှာ တဏှာရှိတယ်။ ကိလေသာနဲ့ တဏှာတွဲနေတယ်။ ခုနကရေးထားပြီ။ ဦးဇင်းပြောသွားပြီ။ ကံတရား၊ ဈာန်တရား၊ ဉာဏ်တရား (၃)မျိုး သဘောလေးပြောပေးမယ်။ အဲဒီတော့ ဒီကိလေသာမှာ တဏှာရှိတော့ တင်ပလ္လင်လေးခွေပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဒါ ပါဠိစကားတွေ၊ ဗမာလိုပြန်လိုက်မယ်ဆိုရင်တော့ ဦးဇင်းက ဦးဇင်းရဲ့အသိပေါ့ဗျာ။ မှန်တာကိုကျင့်ပါတယ်တဲ့။ မှန်တာကိုပြောပါတယ်တဲ့။ မှန်တာကိုအသက်မွေးဝမ်းကျောင်းပြုပါတယ်တဲ့။ သူထိုင်နေတာ။ တရားနှလုံးသွင်းပြီးတော့ ခုနက အာရုံ(၅)ပါး။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ။ ဒီအာရုံဟာ သိပ်နုတယ်နော်။ ဒါ အနုသယစိတ် ခါတ်နုပဿနာ ဒါကိုသတ်နေတာ။ ကာယနုပဿနာနဲ့ ဝေဒနာနုပဿာကို မဟောသေးဘူး။ အခု စိတ်ခါတ်နုပဿနာကို ပြောနေတာ။ အဲဒီတရားထိုင်တဲ့အခါမှာ ငါ့ရဲ့ အာရုံ(၅)ပါးကို ငါအမှတ်နဲ့ ငါသညာအမှတ်နဲ့ နှလုံးသားက ငါသွင်းသလား။ အဲဒီတော့ တရားထိုင်တဲ့အခါမှာ တရားမထိုင်ခင်တုန်းက အာရုံအမှတ်နဲ့ သညာအမှတ်နဲ့ နှလုံးယူသလား၊ ငါမယူပါလား။ အာရုံ(၅)ပါးလည်း မယူဘူး၊ စွဲလန်းတဲ့ဉပါဒါန်ကံလည်း ငါပယ်ပြီ။ အဲဒါ စိတ်ခါတ်နုပဿနာ ဒါကိုသတ်နေတာ။ ကာယနုပဿနာနဲ့ ဝေဒနာနုပဿနာကို မဟောသေးဘူး။ အခုစိတ်ခါတ်နုပဿနာကိုပြောနေတာ။ အဲဒီတရားထိုင်နေတဲ့အခါမှာ ငါ့ရဲ့အာရုံ(၅)ပါးကို ငါအမှတ်နဲ့ ငါသညာအမှတ်နဲ့ နှလုံးသားက ငါသွင်းသလား။ အဲဒီတော့ တရားထိုင်တဲ့အခါမှာ တရားမထိုင်ခင်တုန်းက အာရုံအမှတ်နဲ့ သညာအမှတ်နဲ့ နှလုံးယူသလား။ ငါမယူပါလား။ အာရုံ(၅)ပါးလည်း မယူဘူး၊ စွဲလန်းတဲ့ ဉပါဒါန်ကံလည်း ငါပယ်ပြီ။ အဲဒါ စိတ်ခါတ်နုပဿနာမှာ တက်လာတယ်။ အဲဒီတော့ စိတ်ခါတ်နုပဿာတက်လာတော့ အဓိသီလ၊ အဓိစိတ္တ သူစိတ်ကလေးက လောကီရဲ့ အာရုံတွေဟာ ငြိမ်လာတယ်။ လောကီရဲ့အာရုံ အနုသယတွေငြိမ်လာတယ်။ ရုပ်နာမ်ရဲ့အကြောင်း ပြောတာနော်။ အဲဒီတော့ ခန္ဓာငါးပါးကို ခုနက ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ကာယသတိပဋ္ဌာန် နဲ့ ဝေဒနာသတိပဋ္ဌာန်ကို ထားပစ်ခဲ့တယ်။ အခု ဟောနေတာ စိတ္တသတိပဋ္ဌာန်ကို ဟောနေတယ်။ အဲဒီတော့ ငါ့စိတ်ကလေးက ငြိမ်လား၊ ဘဝင်လေးက ငြိမ်လား။ အတွင်းငြိမ်လား၊ အပြင်အာရုံနောက် ငါပါသေးသလား။ ဩော် ငါမပါဘူး။ ကိုယ့်စိတ်ကိုယ်စစ်တယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ အဲဒါ

သမာဓိမဂ္ဂင် သိက္ခာ(၃)ပါးနော်။ သိက္ခာ(၃)ပါးကို ဘယ်သူကဦးစီးလဲ။ ကောဓမ္မောက ဦးစီးတယ်။ ကောဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာ ဆုံးတယ်၊ သီလမှာချုပ်တယ်။ ဘယ်လို သီလတွေချုပ်သလဲ။ ချုပ်ပုံချုပ်နည်း ပညတ်သီလ၊ ပရမတ် သီလ။ အဲဒါ ရုပ်နာမ်လို့ခေါ်လိမ့်မယ်နော်။ သဘောလေးနဲ့နော။ ပရမတ်ဆိုတာ ဓါတ်မသေသေးဘူး။ လှုပ်ရှားမှုတွေရှိနေတယ်။ တစ်ခါတည်း သူ့အာရုံနဲ့ သူ့မနောက ဘဝင်က လောကီအာရုံမလာဘူး။ ဓါတ်အာရုံ လာတယ်။ ဟိုက လောကီအာရုံ၊ ဥပါဒါန်ကံအာရုံကိုလည်း ပယ်ထားပြီ။ ဒီ နှလုံးသားရဲ့ ဘာတွေလည်းဆိုတော့ ဘုရားဟောတော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဒီလိုသဘောလေး နဲ့ပြောတယ်။ ဦးဇင်း က စာမတတ်တော့ သွေး၊ သည်းခြေ၊ လေ၊ သလိပ် အချက်(၄)ချက်က ဖျက်ဆီး နိုင်တဲ့အရာတွေခေါ်တယ်။ အဲဒီတော့မှ သွေးအားနည်းတယ်။ သိတယ်။ သည်းခြေသည် ဂယောင် ခြောက်ခြားဖြစ်တယ်။ သိတယ်နော်။ ဒီနေ့ ချွဲတွေထတယ်။ သိတယ်။ သလိပ်တွေထတယ်။ သိတယ်။ ဒါအသိတွေပြောတာ။ ဒါဖြင့် ကောင်းပြီ။ ကာယနုပဿနာမှာ ဒီလိုစိတ်တွေကို စစ်ဆေးတဲ့အခါမှာ သြော် အေး အေး အေး။ အဲဒီတော့ အပြင်မှာ စင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ် တော့ ဉာဏ်မှာစင်ကြယ်တယ်။ သဘောလေးပဲ။ အပြင်ဘာလဲ။ အာရုံတွေအမှတ်နဲ့ မယူတော့ဘူး။ အဲဒီတော့ မယူတော့ မစွဲဘူးပေါ့။ မစွဲတော့ မပူတော့ အေးတာပေါ့။ ဒါဉာဏ်ခေါ်တယ်။ ဒီဉာဏ်က ဘယ်ကရလဲ။ ရုပ်နာမ်ကရတာ။ သဘောလေးပဲ။ အဲဒီတော့ စိတ္တာနုပဿနာမှာ စိတ်ကနေပြီးတော့ ဓါတ်ဘက်ကိုကူးသွားတယ်။ စိတ်ဆိုရင် မှတ်မယ်။ စိတ်ဆိုရင် သညာရှိတယ်။ ဓါတ်ဆိုရင် သဘာဝ သဘောသိတယ်။ ဒီနေရာမှာ ခန္ဓာမှာ ဉာဏ်စိုက်ထားတာ။ သဘောလေးပဲ။ ခုနက သီလမဂ္ဂင်ဖြစ် နေတယ်။ သမာဓိမဂ္ဂင် ဖြစ်နေတယ်။ ဒါက ပညာမဂ္ဂင်ခေါ် တယ်။ ပညာမဂ္ဂင်ကနေ သူ ဓမ္မကို သူကူး လိမ့်မယ်။ သဘောလေးနဲ့နော။ ဒါ ဦးပဏ္ဍိတ ရတယ်မပြောဘူး။ နေတတ်ဖို့၊ စားတတ်ဖို့၊ သွားတတ်ဖို့၊ လာတတ်ဖို့လိုတယ်။ ကျင့်တတ်ဖို့လိုတယ်။ သိအပ်မည့်တရား၊ ပယ်အပ်မည့်တရား၊ ကျင့်အပ်မည့် တရား။ ဒါတွေရှိတယ်နော်။ ခင်ဗျားတို့ကြိုးစားရင် ယုံကြည်တာက သဒ္ဓါ။ သဒ္ဓါကောင်းလာရင် ဘာဖြစ်လာမလဲ။ သြော် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ (၆)နှစ်တိုင်တိုင် တရား အားထုတ်ပါလား။ သူ့နာမည်က သိဒ္ဓတ္ထမင်းသား။ သူက သားတွေ၊ မယားတွေကို ပယ်သွားပါလား။ သူ့ရဲ့ပိုင်ဆိုင်တဲ့ပစ္စည်းတွေ ဘောဂပစ္စည်းတွေကို ပယ်သွားပါလား။ အဲဒီတော့မှ ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ (၄)ပါးပယ်ပြီ၊ လောကမှာ သူစွဲနေတဲ့ဟာတွေကို သိသွားတော့ ပယ်ကုန်ပြီ။ အဲဒီတော့ ဒါတွေပယ်သွားတဲ့အခါမှာ တောတောင်ကန္တာရမှာရောက်လာတဲ့ အဝိဇ္ဇာကို ဘာနဲ့

သတ်မလဲ။ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါး။ ဒါအနုသယသတ်ရတော့မယ်။ သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်နေတာ။ ဒါ အနုစယသတ်ပြီ။ ဝိစိကိစ္ဆတွေပါယ်ပြီ။ ဘာမှမလုပ်တော့ဘူး။ အနုသယကိုသတ်မယ်။ အဲဒီတော့ ဒီလိုသတ်တဲ့အခါမှာ အတွင်းသတ်မလား၊ အပြင်သတ်မလား။ အဲဒီတော့ အပြင်ကို အာရုံကိုပယ်ထားလိုက်တယ်။ ကံကိုလည်း ပယ်ထားလိုက်တယ်။ ဟော အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ရုပ်မှာရှိတဲ့ လက္ခဏာရေး(၃)ပါး။ ကိလေသာရုပ်မှာရှိတဲ့ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော၊ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘောက အရှုခံတရားတွေ။ အနတ္တစိုက်သွားတဲ့သူကတော့ လောကသိသွားပြီ။ လောကကို သိသွားပြီနော်။ ကျင့်တာကိုဗျ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာကသိတယ်။ ဂမ္ဘီရဉာဏ်ခေါ်တယ်။ ဂမ္ဘီရဉာဏ်ဆိုတာ ဘာခေါ်လဲ။ စာနဲ့ရေးထားတယ်။ ဂမ္ဘီရဉာဏ်ဆိုတာတဲ့ ရုပ်နာမ်ကိုဖေါက်ထွင်းပြီး သိတဲ့ဉာဏ်ကိုခေါ်တယ်။ အဲဒါ ဂမ္ဘီရဉာဏ်ပဲ။ ဇဝနဉာဏ်ဆိုတာ မင်းပြောလိုက်တဲ့စကား ငါသိတယ်ကွတဲ့။ အတိုကောက်နဲ့ရေးထား ဇဝနဉာဏ်။ ဦးဇင်း ကတော့ စာမတတ်ဘူး။ ခင်ဗျားသဘောလေးနဲ့နာ။ သိပ်ပြီးတော့ ဒီတရားကိုလုပ်ကြပါ၊ ကိုင်ကြပါ၊ အားထုတ်ကြပါဆိုတာ အားပေးတဲ့ အားပေးခြင်း လာပြောတာပါနော်။ ဒီကတော့ စာမတတ်တော့ သဘောလေးနဲ့လိုက်သွားတယ်။ ဂမ္ဘီရဉာဏ်ကိုလည်းပြောသွားပြီ။ ဇဝနဉာဏ်ဆိုတာ စကားပြောတဲ့အခါမှာ အီ အဲ ဒတ်နေတာမဟုတ်ဘူး။ လောကီနဲ့ လောကုတ္တရာ သူဘာတွေသုံးထားတယ်ဆိုတာ အဲဒါ အနတ္တသမားကသိတယ်။ ပညာသမားကသိတယ်။ သညာသမားသုံးတာကို ပညာသမားကသိတယ်။ သညာက ပညာကိုမသိဘူး။ အဲဒါတွေ ဒီလိုဖြစ်နေတယ်။ အဲဒီတော့ ဒီတရားတွေကို ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါး၊ ရုပ်နာမ်(၂)ပါးက အကျိုးတရား၊ ရုပ်က အကျိုးတရား။ အဲဒါ ကိလေသာရုပ်ခေါ်တယ်။ အခု ဒီဘဝရတာ ဒီဘဝဘာနဲ့ရလဲ။ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဒီကံတွေဟာမပြတ်လို့ ဘဝအသချေနဲ့ဖြစ်လာရတဲ့ကံတွေပါ။ ဒါကြောင့်မို့ ဒီကံ စာကတော့ ရေးထားလားတော့မသိဘူး။ ဦးဇင်း ဆိုပြမယ်။ လေးအသချေနဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်အသချေနဲ့ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သချေနဲ့ ကမ္ဘာတစ်သိန်းတဲ့ ဒါစာရေးထားတယ်။ ဒါကံကိုရေးထားတာ။ အင်း အဲဒီကံတွေနဲ့ လူ့ပြည်ရောက်လို့ဗျ။ အပါယ်လေးဘုံ ရောက်လိုက်၊ နတ်ဘုံရောက်လိုက်၊ ဗြဟ္မာ့ဘုံရောက်လိုက်။ ဗြဟ္မာ့ဘုံရောက်တာက သူက ဈာန်သမား။ သူရောက်လိမ့်မယ်။ ဝိပဿနာထိုင်တဲ့အခါကျတော့ ဈာန်တန်ခိုးပေါ့ဗျာ။ အဲဒါကတော့ ကျင့်တဲ့သူပဲ သိလိမ့်မယ်။ အဲဒါကတော့ ဗြဟ္မာ့ဘုံပဲ သွားလိမ့်မယ်လို့ထင်တယ်ဗျို့။ အဲ သူက ဟိုဘဝတွေ ဘဝတွေလည်း သိမှာပေါ့ဗျ။ အဲဒီတော့ နတ်ဘုံကတော့ အပါယ်လေးပါးတံခါးပိတ်သွားတယ်။ မကောင်းတဲ့ဒုစရိုက်ကိုလည်း မလုပ်

ပါဘူး။ အပါယ်လေးပါးတံခါးလည်း ပိတ်ပါတယ်။ မကောင်းတဲ့အယူဝါဒတွေကိုလည်း မယူပါဘူး။ သူက ဝိနည်းလေးနဲ့သုံးသွားတာ။ ဗုဒ္ဓေါလေးနဲ့သုံးသွားတယ်။ ဂုဏ်တော်လေးနဲ့ သုံးသွားတယ်။ စာပေကျမ်းဂန်ဖတ်သွားတယ်။ သူ့ရဲ့ သိသလောက်၊ မှတ်သလောက် ကောင်းတဲ့ကုသိုလ်အမျိုးအစားတွေကို သူလုပ်သွားတယ်။ မကောင်းတာမလုပ်ပါဘူး။ စိတ်ကိုလည်း ဝိနည်းနဲ့သူထိန်းထားပါတယ်။ အာရုံလည်း သူ့အာရုံလည်းကောင်းတဲ့အသိလေးနဲ့ ထိန်းထားပါတယ်။ ဒါအသိပြောတာ။ စိတ်ကလေး၊ စိတ်ကလေး။ ခြောက် ဒါမလုပ်နဲ့၊ ဒါမလုပ်နဲ့။ ဘုရားပညတ်တယ်။ ပညတ်တော်(၁၀)ပါး၊ ဝိနည်း(၂၂၇)သွယ်။ ဒီသိမှုစိတ်ကလေးက ဒါနဲ့ထိန်းထားတယ်။ မြင်တော့ မျက်စိမြင်တော့ သိတာပေါ့ဗျ။ သိတာစိတ်ပဲ။ သညာသိနဲ့ ပညာသိ ဒီမှာကွာတယ်။ ကံသိနဲ့ ဉာဏ်သိ ဒီနေရာမှာကွာတယ်။ ကံသိက သမ္မာနဲ့သိရမယ်။ သက္ကာယ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တ ဒါတွေနဲ့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတယ်။ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ့်စိတ်ကို မဂ္ဂင်နဲ့မစစ်တတ်တော့ သက္ကာယဒိဋ္ဌိမှန်းလည်း မသိ၊ အတ္တဒိဋ္ဌိမှန်းလည်း မသိနော်။ မိစ္ဆာဒိဋ္ဌိမှန်းလည်း မသိ၊ ဒီဝိပဿနာကို မလုပ်တော့နော် သဘောလေး ဝိပဿနာကို လုပ်တော့ သမ္မာသိတယ်။ ဒါ ငါ သမ္မာအသိပါလား။ ရှေ့ကမှားရင် နောက်ကမဂ်သိတယ်၊ မဂ်ကလေးက သိတယ်။ ဒါမှားသွားပါလား။ ခြောက် ဒါ မှန်ပါလား သူသိတယ်။ အဲဒါ နတ်ပြည်ရောက်တဲ့လူနော်။ စိတ်ကို စစ်သွားတာ။ ဒါမကောင်းဘူး၊ ဒါကောင်းတယ်။ အဲဒါက သဘောပေါ့ဗျာ။ (၃၁)ဘုံတော့ မလွတ်ဘူးဗျ။ ဗြဟ္မာ့ဘုံရောက်တဲ့လူလည်း မလွတ်ဘူးဗျ။ နတ်ပြည်ရောက်တဲ့လူလည်း မလွတ်ဘူး။ ဟိုပုဂ္ဂိုလ်က လွတ်လိမ့်မယ်။ ရုပ်နာမ်နှစ်ခု ထွက်သွားတဲ့လူက ရုပ်လည်းမစွဲဘူး၊ နာမ်လည်းမစွဲဘူး။ သဘောလေးပဲ။ သဘာဝကို သဘောနဲ့သိသွားတဲ့ပုဂ္ဂိုလ်က (၃၁)ဘုံလွတ်ပြီ။ အခုလွတ်နေတာ သေမှလွတ်တာမဟုတ်ဘူး။ မစွဲတာ။ ဒါကြောင့်မို့ရေးထားတယ်။ ကာမဝတ္ထုငါ့မှာရှိတာက ကိလေသာကာမနှင့်ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာပုဂ္ဂိုလ် မကြိုက်ဘူးတဲ့။ သဘောလေးနာ ရေးထားတယ်။ ဒါကြောင့်မို့ စာကမှန်၏၊ ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က ခံစားရတယ်။ ဟော သူခံစားရပြီလေ။ သူကြိုးစားတာကိုဗျ။ ခန္ဓာနဲ့ရင်းရှာတဲ့တရား။ အဲဒါ ရုပ်နာမ်ကို သိချင်လို့ ဒီရုပ်နာမ်တွေက တစ်ဘဝပြီးတစ်ဘဝ။ သံသရာလည်တာသူပဲ။ အဲဒီတော့ ခန္ဓာ(၅)ပါးနဲ့ရင်းရှာတဲ့အခါကျတော့ အတိတ်က ရလာတဲ့ မနုဿဘာဝေါ ဒုလ္လဘောဆိုတဲ့ ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ အတိတ်ကလာတော့ ဘာနဲ့လာလဲ။ ကောင်းမှုကုသိုလ်နဲ့လာတာ။ သမ္မာလေးနဲ့လာတာ။ မိစ္ဆာနဲ့လာတာမဟုတ်ဘူး။ မိစ္ဆာနဲ့လာတာက နွားတွေ၊ ကြွက်တွေ၊ ခွေးတွေဖြစ်တာ။ အဲဒါ မိစ္ဆာမှတ်ထား။ စာတော့မတတ်ဘူး။

သမ္မာလေးနဲ့ သူတော်ကောင်းစိတ်ကလေးနဲ့လာလို့ အင်မတန်မှထူးမြတ်တဲ့ သူတော်ကောင်းစိတ်နဲ့ လာလို့ မနုဿဘာဝေါ ဒုလ္လဘော လူ့ဘဝကို ခဲယဉ်းစွာရအပ်ပေ၏။ ပြီးတော့ ဟိုရှေ့ကရေးထား တယ်။ ဗုဒ္ဓုပ္ပါဒ ဘာဝေါ ဒုလ္လဘော။ ဘုရားဖြစ်ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ နောက် တစ်ခါရေးထားတာက သဒ္ဓါသံပတ္တိ ရတနာသုံးပါး ကံ ကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါ ကြည်ဖြူရှိခြင်းတို့လည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဟော ရေးထားတယ်။ (၃)မျိုးရှိ သွားပြီ။ ပဗ္ဗဇိတဘာဝေါအဖြစ်တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ (၄)မျိုးရှိသွားပြီတဲ့။ သဒ္ဓမ္မ သာဝန သူတော်ကောင်းတရားစကား နာကြားရပေခြင်းကိုလည်း ခဲယဉ်းစွာရအပ်ပေ၏။ ဒုလ္လဘ(၅)ပါး။ အဲဒီ ဒုလ္လဘ(၅)ပါးကို ခန္ဓာမှာရှာပေတော့။ ခင်ဗျားခန္ဓာမှာ ရှာပေတော့။ ဟိုက စာခန္ဓာ မှာရှာ။ ရှာမှသိမယ်။ သိမှပယ်မယ်။ ပယ်မှ မဂ်ဆိုက်၊ ဖိုလ်ဆိုက်။ သိ၊ ပယ်၊ ဆိုက်၊ ပွား။ အဲဒီတော့ သွေးသားပြောင်းတော့ စိတ်ပြောင်းတယ်။ ဟာ သွေးသားကလည်း ကိလေသာ ဦးချိုတိုး နဲ့ ဒေါ်အုန်းမေ ဦးဇင်း ရဲ့အဖေ ဦးချိုတိုး၊ မအေ ဒေါ်အုန်းမေ တွေးကြည့်ပေါ့ဗျ။ ကြက်,ကြက်ခြင်းလိုက်တော့ ကြက် ကလေးပေါ့ဗျ။ ဝက်,ဝက်ခြင်းလိုက်တော့ ဝက်ကလေးပေါ့ဗျ။ သဘောလေးသာနာ။ ဒါ စာမတတ်ဘူး။ ဒါ ကိလေသာရုပ်ကြီး။ အညစ်အကြေးရုပ်ကြီး။ အဲဒါကို အကောင်းအမွန်းတင်နေကြတယ်။ ရုပ်ကို သတ်၊ ပသနေကြတယ်။ နာမ်ကိုမသိတော့ ရုပ်ခွေးဖြစ်နေပြီ။ ရုပ်ခွေးဖြစ်နေပြီ။ အဲဒါ နာမ်ခိုင်းတာ လျှောက်လုပ်နေတယ်။ အဲဒါ ရုပ်နာမ်ပဲဗျို့။ အဲဒါ ကံတရားတွေ၊ ကံဟာ (၃၁)ဘုံလည်တာတွေ။ အဲဒီ တော့ ခန္ဓာ(၅)ပါးနဲ့ရှာတယ်။ အဲဒီတော့ မနုဿဘာဝေါ ဒုလ္လဘောဆိုတဲ့ ဦးချိုးတိုး နဲ့ ဒေါ်အုန်းမေ မွေးလိုက်တဲ့ ကိလေသာရုပ်အညစ်အကြေးတွေကို သူစင်ကြယ်အောင် သူလုပ်မယ်။ စင်ကြယ်အောင် သူလုပ်တာပဲ။ တရားထိုင်တယ်။ ဘယ်သူနဲ့မှ စကားမပြောဘူး။ ကာယကံ(၃)ပါး မကောင်းတဲ့အယူဝါဒ ဝစီကံ(၄)ပါး မကောင်းတဲ့အယူဝါဒ၊ မနောကံ မကောင်းတဲ့အယူဝါဒ၊ ဗျာပါဒ အဘိဇ္ဈာ၊ ဒိဋ္ဌိ ဟောဒီ အယူဝါဒတွေကိုပယ်။ ဒုလ္လဘ(၅)ပါးနော်။ ခန္ဓာ(၅)ပါးနဲ့ရှင်းရှာပြီ။ ရှာတဲ့အခါကျတော့ အဲ အမယ်လေး ကိလေသာကမ္မဇရုပ် ဘုရား ဘုရား သီလ အပြင်မှာစင်ကြယ်တယ်။ စိတ်၊ စေတသိတ် စင်ကြယ် သွားပြီ။ ထိုင်နေတယ်။ အာရုံနဲ့မပေါင်းဘူး။ ကံနဲ့မပေါင်းဘူး။ မဂ်နဲ့ပေါင်းတယ်။ သဘောသာနာလိုက်။ မဂ်ရသေးလားဆိုတော့ မရဘူး။ ဘုရားဟောတဲ့ မဂ္ဂင်ရှစ်ပါးလမ်းဆုံးရင်တော့ ရွာတွေ့လိမ့်မယ်။ အဲဒါနဲ့ တစ်ထပ်တည်း ဘုရားနင်းသွားတဲ့ခြေရာကို လိုက်သွားတာနော်။ သဘောလေးသာနာ ခင်ဗျားတို့ အကုန်ပြန်ကြမှာပဲ။ နောက်ဆုံး လူ့ဘုံမှာ မရဏသေမင်းက ကံကုန်ရင်ခေါ်လိမ့်မယ်။ စိတ်သာချ။ ဒါကြောင့် ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ ဘာနဲ့ဆေးကြောလည်း သီလစစ်၊ သီလမှန်နဲ့ဆေးကြော ပါ။ ဒါနစစ်၊ ဒါနမှန်နဲ့ ဆေးကြောပါ။ ဘာဝနာစစ်၊ ဘာဝနာမှန်နဲ့ ပွားများပါ။ ပွားတတ်ဖို့လိုတယ်နော်။

အခုဘာဖြစ်နေလဲ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ တစ်ယောက်နဲ့တစ်ယောက် မနာလိုကြဘူး။ မစ္ဆရိယစိတ်ဖြစ်လိုက်၊ ကုက္ကုစ္စ စိတ်ဖြစ်လိုက်။ ညည်းကဘာလဲ၊ ကျုပ်ကဘာလဲ။ မင်းကဘာလဲဖြစ်ကုန်တာ။ အာရုံတွေကြောင့်ဖြစ်ကုန်တာ။ မနောမှာဖြစ်နေတာ။ အဲဒီတော့မှ ကာယ ဝစီပါလာတော့တယ်ဗျို့။ အဲဒီတော့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပေါ့ဗျာ။ ခင်ဗျားတို့ အသိတရားတွေ မှန်ဖို့လိုတယ်။ အချိန်ကိုမဖြုန်းနဲ့။ ဒီအသိလေးရသွားရင် အပါယ်ပိတ်တယ်။ ခင်ဗျားဟာခင်ဗျား သိလိမ့်မယ်။ သိမှပိတ်မှာ။ စာနဲ့ပိတ်လို့က အပါယ်ပိတ်တယ်လို့သာ စာကရေးတာ။ အပါယ်ပိတ်တယ် လို့ အဓိပ္ပါယ်မပေါက်ဘူး။ ပါဠိ အနက်အဓိပ္ပါယ်။ အဓိပ္ပါယ်သဘောပေါက်အောင်ကျင့်။ အဲဒီတော့ ဘာတွေလည်းဆိုတာသိမယ်။ ဒီ ဦးပဏ္ဍိတ ခေါ် ဦးမြမောင် ဘာမှတတ်တာမဟုတ်ဘူး။ ဘာမှသိတာ မဟုတ်ဘူး။ လူဆိုး၊ လူကောင်းမဟုတ်ဘူးနော်။ စွဲလမ်းတယ်။ မကောင်းတဲ့ သက္ကာယဒိဋ္ဌိတွေယူတယ်။ မိစ္ဆာဒိဋ္ဌိတွေယူတယ်။ အတ္တဆိုတာ အစွဲတွေလုပ်တယ်။ မကောင်းတာတွေလျှောက်စွဲတာ။ စွဲတော့ ဒါ ဥပါဒါန်ကံတွေပဲဗျ။ ဘယ်ကံလဲ မနောကံ။ သံသရာဘယ်ကစလဲ အဲဒီမနောကံကစတယ်။ ဘယ်သူနဲ့ ပေါင်းလဲ။ အာရုံ(၅)ပါးနဲ့ပေါင်းတယ်။ ပေါင်းလိုက်တော့ သခ်ီရဖြစ်တယ်။ သဗ္ဗေ အလုံးစုံသောသခ်ီရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သခ်ီရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သခ်ီရအနတ္တ။ ဒါ ကံကို ဘုရားဟော သွားတာ။ အဲဒီတော့ ဒီကောင်တွေ၊ ဒီကံတွေဟာ သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ ဟော အတ္တဒိဋ္ဌိကံ ဒီကံတွေ ပယ်ပြီး သမ္မာလုပ်တာနော်။ ကောင်းတဲ့ကံလုပ်တာ လုပ်တော့မှ အမယ်လေး ကိလေသာရဲ့ဒဏ်ရာ ဒဏ်ချက်တွေကို ဝဋ်တွေကံနေရပြီဗျို့။ ဟော ကိလေသာရုပ်ခါတ်လေးပါး နှိပ်စက်တယ်။ ရုပ်နဲ့ပေါင်း တော့ (၅)ခုခေါ်တယ်။ သဘောလေး။ အဲ ခါတ်လေးပါး ဟော ရုပ်က ရုပ်နဲ့ပေါင်းတယ်။ ခါတ်လေးပါး ဖဟာဒါ ခါတ်လေးပါး။ အဲဒါ ခါတ်လေးပါးက နာမ်ခေါ်တယ်။ ဟောဒါရုပ်ခေါ်တယ်။ ဟောဒါ ရုပ်ကြီး။ ဘဝအနန္တက လူ့ဘဝရောက်လာတယ်။ အဲဒါ ရုပ်ဟောတာ။ နာမ်ခန္ဓာ(၄)ပါး။ အဲဒီနှစ်ခုက ကပ်နေ တယ်။ ကိလေသာနဲ့ တဏှာနဲ့က ကပ်နေတယ်။ အဲဒါပဲဗျို့ သဘောလေးသာနာနော်။ သညာ၊ သခ်ီရ၊ ဥပါဒါန်ကံဟာ နာမ်ခန္ဓာလေးပါး။ အဲဒါ နာမ်ကောင်တွေခေါ်တယ်။ ရုပ်ကိုကပ်နေတယ်။ ကိလေသာ အဲဒီနေရာမှာ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉဒပါဒိ၊ အာလောကောဉဒပါဒိ၊ ဉာဏဉဒပါဒိ။ အဲဒါနဲ့ကြည့်၊ အဲဒါနဲ့ကြည့်မှ ခင်ဗျား အေးလည်းအေးမယ်၊ တစ်မျိုးဖြစ်သွားပြီ။ ဦးပဏ္ဍိတ ရတယ် မပြောဘူး။ သဘောနဲ့သာဟောတာ။ သီလဟာ အမျိုးအစားရှိတယ်နော်။ ခုနက ပညတ်သီလလည်း မှန်တယ်၊ ပရမတ်သီလလည်း မှန်တယ်။ ဉာဏ်မပေါက်တော့ ဖြဟ္မာ့ဘုံရောက်လိမ့်မယ်ဗျို့ သဘော လေးသာနာ ဒီလောက်ဆို တော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် MP-3 ပုဒ်ရေ MM-19 မှ ကူးယူဖော်ပြပါသည်။ )

ပြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၃၇)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၃၇)

ဦးဖင်း က စာပေကျမ်းဂန်မတတ်ဘူး။ တောထွက်ကြီးနော်။ ဒါက ဦးဖင်း ရဲ့ ပြောမဲ့အသိတရား က ကံတရားလို့ခေါ်တယ်။ စာကရေးထားတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံလို့ရေးထားတယ်။ ကံဆိုတာ မိမိပြုလုပ်တဲ့ကံရှိတယ်။ မိမိမပြုလုပ်တဲ့ကံရှိတယ်။ သံသရာဘယ်ကစလည်း။ ခန္ဓာကစတယ် တဲ့။ သံသရာဘယ်ကစလို့လည်သလဲတဲ့၊ ခန္ဓာကစလို့လည်တယ်တဲ့။ သံသရာဘယ်ကစလို့ပြတ်သလဲ တဲ့။ ခန္ဓာကစလို့ပြတ်တယ်တဲ့။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်တဲ့။ အဲဒါ စာနလုံးသားအေးငြိမ်းခြင်းမဲတ်ရမှ ဒီတရားကိုပြောတာနော်။ အေးတယ်၊ ပူတယ် ဒီသဘော တွေရှိတယ်။ ဘာလို့ပူသလဲ၊ ဘာကြောင့် ပူသလဲ။ သားလေးတစ်ဝိုတစ်ခုဖြစ်သွားရင် မအေ၊ ဖအေ က အဲဒီအသံကိုမှတ်ပြီးတော့ ယူတဲ့အတွက်ကြောင့် ဗျာပါဒဖြစ်တဲ့ကံ မနောကံ အဓိကကံကိုပြောနေ တာ။ မနောကံ သံသရာလည်တာလည်း မနောကံကလည်တာနော်။ ကံလို့ရေးထားတယ်။ ကံဆိုတာ စာလိုရေးတယ်တဲ့၊ ဗမာလိုပြောစမ်းပါတဲ့၊ မင်းသွားစွဲရင်တဲ့ မင်းစွဲလို့ရှိရင်တဲ့၊ ပါဏာတိပါတာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ၊ ကာမေသုမိစ္ဆာစာရာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ စာရေးထားတယ်တဲ့။ စာက အဲဒီငါးကိုမင်းမြင်ပြီလား။ မြင်တဲ့ အခါကျတော့ ဘာငါး ဘာငါး မင်းမမှတ်ဘူးလား။ မှတ်တာ သညာ။ အဲဒီသညာပေါ်မှာ မင်းစိတ်ကလေး မသာယာဘူးလား။ သာယာတာ။ အဲဒါမင်းလက်နဲ့ရိုက်တာပဲဗျို့။ အဲဒါ စွဲလမ်းတာကံ။ အဲဒီငါးကိုသွား စွဲတာ ကံနော်။ ကိုယ်က ဒီကံကိုမစွဲပါဘူးဆိုရင် ဘာမှမဖြစ်ဘူး။ ဒါက သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ။ ဒါ အရိယထသစ္စာ။ ပစ္စုပ္ပန်တည့်တည့်လေးကို ကံအကြောင်းကိုပြော သွားတာ။ အဲဒါ အရိယာကပြောသွားတာ။ အသိတွေ၊ အစွဲဥပါဒါန်ကံသွားစွဲရင် ကံ အဲဒါ အရိယထ သစ္စာခေါ်တယ်။ အဲဒီတော့ ခုနက စာကရေးထားတယ်။ ဘာတွေရေးထားလဲ။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ် ဟာ စာကရေးထားပြီ။ ပါဠိရှိရင် အနက်ရှိတယ်။ အနက်ကိုပြောပြလို့ ယုံကြည်ရင် သဘောပေါက်တယ်။ အဲဒါ ပါဠိအနက်အဓိပ္ပါယ်လို့ရှိတယ်။ ဒါစာတော့မတတ်ဘူး။ ခုနကရေးထား တယ်တွေလား။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ် ဒါအစွဲဥပါဒါန်ကံတွေကိုပြောတဲ့တရား ခေါ်တယ်။ အဲဒါ အရိယထသစ္စာခေါ်တယ်။ ဘယ်သူမှမပြောနိုင်ဘူး။ ဒီတရားကိုနော်။ ခန္ဓာက ဉာဏ်နဲ့ ပြောသွားတဲ့တရားတွေ။ အဲဒီတော့ ကံကိုဉာဏ်နဲ့ပြောသွားတဲ့တရားတွေ။ တက်ပြောစမ်းပါနော်။ အဲဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား။ ပြောလာပြီ။ ကိလေသာဝဋ်ကိုစော်တော့မယ်။ ချတော့ မယ်။ အဲဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်း

အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒါ သစ္စာလေးပါး။ အဲဒီသစ္စာလေးပါးကို ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝကို သူကဖြေရှင်းမယ်။ အဲဒါကိုရှင်းတော့မယ်။ ဒုက္ခသစ္စာ ဝိပဿနာနော်။ ဝိပဿနာရဲ့လိုင်း။ အဲဒီတော့ ဝိပဿနာရဲ့လိုင်းကို ဘေးချိတ်ထားလိုက်တယ်။ ဒါ ဉာဏ်နဲ့ပေါ်လာသွားပြီ၊ အဲဒီတော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အလောကောဥဒပါဒိ၊ ဉာဏဥဒပါဒိ ကံကို ဉာဏ်နဲ့ ပေါ်သွားပြီ။ အေး ကံလေး၊ အသိလေး နှလုံးသွင်းကြည့်၊ အဲဒီတော့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်။ ပေါ်ဒါရေးထားပြီနော်။ သတ္တဝါတွေကိုရေးထားတယ်။ အဲ သတ္တဝါတွေကိုရေးထားရင် ဒီက ဘာဖြစ်လို့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား။ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်းအမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒါ မဂ္ဂင်ရှစ်ပါးကရတဲ့ဉာဏ်ခေါ်တယ်။ တိုတိုပဲ လုပ်ငန်းကျင့်ဖွယ် ကိစ္စကို မပြောတော့ဘူး။ အဲဒါ ဉာဏ်နဲ့ပေါ်သွားတာ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ။ အဲဒါ မဂ္ဂင်ကရသွားတဲ့ဉာဏ် မှတ်ထား။ အဲဒီဗတော့ ဒုက္ခသစ္စာ ဩော် ဘုရား ဘုရား။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား။ ဩော် အေး အေး အေး ဒုက္ခ။ အဲဒီရုပ်ကြီးရတာ ပညတ် ရုပ်ကြီးရတာ။ ဒုက္ခပဲ။ ဒါ စာလိုဆို ပညတ်။ ဗမာလိုဆို ရုပ်။ အဲဒီရုပ်မှာဖြစ်နေတဲ့ အနာမျိုး ၉၆ ပါး ဝေဒနာတွေ ကံနှိမ့်တဲ့အခါကျရင် ဩော် စိတ်ဆင်းရဲလိုက်တာ။ ထမင်းမစားနိုင်၊ ဟင်းမစားနိုင်။ ဩော် ဘုရား ဘုရား။ ဒုက္ခ ဒုက္ခ ဒုက္ခ။ ဝိဝဋ်ကြွေးကြီးဟာ အဲဒီတော့ ဒုက္ခသစ္စာကြီးဟာ တယ်မှန်ပါလား။ ငါစိတ်ကလေးဆင်းရဲနေပါလား။ အမလေး ရုပ်ကိုစွဲနေတာနော်။ ငါလို့ယူနေတယ်။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ ကံ အဲဒီကံ စိတ်ဆင်းရဲနေပြီ။ အောင်မလေး ကိုက်လိုက်တာ။ အောင်မလေး အောင့်လိုက်တာ။ အဲဒါရုပ်ကြောင့် နာမ်ဒုက္ခရောက်တာ။ နာမ်ကြောင့် ရုပ်ဒုက္ခရောက်တာ။ ကြည့်စမ်း။ အဲဒါ ဒုက္ခသစ္စာကြီးပဲ။ နိဗ္ဗာန်ဟာလေ ရုပ်နာမ်မရှိဘူး။ အေးငြိမ်းခြင်းဓါတ်ခန္ဓာဝန် ကို ပြန်လာရတယ်နော်။ ရသွားပြီ။ ဟိုဘက်ကမ်းကူးသွားပြီ၊ ကူးသွားပြီးပြီ။ ဘယ်သူသိလိုက်လဲ။ အေးငြိမ်းခြင်းဓါတ် ရုပ်တရား၊ နာမ်တရား သူ့ကို အဲဒီကံတွေက မနှိပ်စက်တော့ဘူး။ ဉာဏ်ရသွားပြီ။ ပွင့်ပွင့်လင်းလင်းပြောသွားမယ်။ အခု သက်နီးချွတ်ပါဆို ချွတ်ပေးလိုက်မယ်။ ထွက်သွားမယ်။ လာပါ အချိန်မရွေးချွတ်ပေးလိုက်မယ်။ ရသွားပြီကွတဲ့။ နှိပ်စက်နေတာ စိတ်နဲ့ စေတသိတ်က နှိပ်စက်နေတာ။ အဲဒါဘာလဲ။ မင်းစိတ်ယူထားလိုက်တယ်၊ ကြာင်စိတ်ယူထားလိုက်တယ်။ နံစိတ်ယူထားလိုက်တယ်။ သဘောကိုပေါက်နေတာ။ အဲဒါတွေက တဏှာတွေ။ သိပ်နတယ်။ အာရုံ အာသဝက္ခယဉာဏ်လို့ခေါ်ထားတာပဲ။ အဲဒါကို ပြန်ပြောတာ။ ခင်ဗျားတို့ကို အဲဒီတော့ ဒီလိုကိလေသာ ဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ကိလေသာဝဋ်။ ဩော် ငါ့ကံပဲ၊ ငါ့ကံအစွဲတရားပဲ။ ငါ့ရုပ်ကို ငါစွဲနေတာပါလား။

သားသမီးကို ငါစွဲနေတာပါလား။ သံသရာကို တစ်ဘဝပြီးတစ်ဘဝ ငါလည်ရဦးမှာပဲ။ ခြောက် ငါ မိုက်လိုက်တာကွာ။ အဲဒီတော့ ဒီကံတရားဟာ စာကတော့ ကံ၊ ငါကတော့ စွဲနေတာပါလား။ စွဲနေရင် ကံပဲ။ သူများအသက်ကို ငါမသတ်ဘူး။ ငါမစွဲလို့ မသတ်ချင်၊ အဲဒါကံမဟုတ်ဘူးပေါ့ဗျာ။ သွားပြီးတော့ ပိသာလောက်ရှိတဲ့ ငါးမြစ်ချင်းတို့ ငါးဒန်တို့ အဲဒါကြီး သူသွားသတ်တာ။ အဲဒါကံပေါ့ဗျ။ စွဲရင်ကံပဲ၊ မစွဲရင် ဉာဏ်ပဲ။ တိုတိုလေးပဲ။ အဲဒီတော့ ဒီတရားကိုထိုင်တယ်။ အဲဒီတော့ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ကမ္မသဝဆိုတာ ကမ္မဆိုတာ ပယ်မယ်။ သူက ဘဝကိုလွတ်အောင်ရှန်းမယ်။ ဟောဒီပစ္စုပ္ပန်ဘဝ ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ ဒိဋ္ဌိကိုငါသတ်မယ်။ ဟော အဝိဇ္ဇာအာရုံ ၆ ပါးက ဝိဇ္ဇာဉာဏ်နဲ့ရဖို့ ကျင့်မှရမယ်။ စာဘယ်လောက်ပဲ မိုးပျံအောင်တက်နေပါစေ၊ ဝိဇ္ဇာဉာဏ်ရဖို့မလွယ်ဘူး။ စာကမျောတရားခေါ်တယ်။ ပညတ်ခေါ်တယ်။ မှတ်ထားဦးနော်။ နှလုံးသားရဲ့ခါတ် ပရမတ်၊ ဓါတ်ပရမတ် ဆိုတာက အနတ္တခေါ်တယ်။ စာက အတ္တခေါ်တယ်။ ကိုယ်ကစွဲတာ။ အဲဒါ အရိယထသစ္စာက ပစ္စုပ္ပန် တည့်တည့်လေးကိုဟောတာ။ ရှေ့မမျှော်နဲ့။ နောက်မတွေးနဲ့။ အခု မင်းဖြစ်နေတဲ့ကိစ္စကိုပြောတာ။ မင်းမှန်တာ ငါပြော ပစ္စုပ္ပန်တည့်တည့်လေး မင်းသိတဲ့အသိကိုပြောတာ။ မင်းအသိနဲ့ ငါ့အသိမတူဘူး။ လူတော့လူပဲ။ မင်းကစာတတ်တယ်။ ငါက စာမတတ်ဘူး။ ငါဝနိခံထားလိုက်ပြီ။ အဲဒီတော့ ခင်ဗျားတို့ သဘောလေးပေါ့ဗျာ။ ဘယ်သူမှ ငါအားကိုးတာမဟုတ်ဘူးနော်။ ငါ့ကိုယ်ငါယုံကြည်တယ်။ ငါနတ်ကို လည်း အားကိုးတာမဟုတ်ဘူး။ ကွင်းပိုင်ကိုလည်း အားကိုးတာမဟုတ်ဘူး။ ဘိုးဘိုးအောင် လည်း ငါအားကိုးတာမဟုတ်ဘူး။ ဘိုးမင်းခေါင် လည်း ငါအားကိုးတာမဟုတ်ဘူး။ မင်းတို့နိုင်းလို့ ဒါလုပ်ပေးပါ ဆို ကောင်းသားပဲ။ ငါက ပိုက်ဆံရှိတာပဲကွ။ ငါစွဲတာမဟုတ်ဘူး။ မင်းတို့ ဒါလုပ်ခိုင်းတာ။ မင်းတို့စွဲ လို့လုပ်ခိုင်းတာ။ ငါက စွဲတာမဟုတ်ဘူး။ ပညတ်မှာ ပညတ်ကို ငါပယ်တာမဟုတ်ဘူး။ ငါက မစွဲတာ။ ကဲ အဲဒါ အရိယထသစ္စာတွေပဲ။ အဲဒါ ဉာဏ်တွေပဲ။ မင်းကစွဲတော့ ကံ၊ ငါကမစွဲဘူး ဉာဏ်။ ဟောဒီဟာ တွေလုပ်ပေးပါ ကောင်းသားပဲ။ ငါက ပိုက်ဆံထုတ်ပေးတယ်၊ ငါစွဲတာမဟုတ်ဘူး။ မင်းတို့ကံသမားတွေ စွဲတာ။ ငါဆီ သိုက်တွေ၊ ဓါတ်တွေ၊ နတ်တွေ လာပူးတယ်။ ငါပူးတာမဟုတ်ဘူး။ ငါစွဲတာမဟုတ်ဘူး။ သူတို့ကလာစွဲတာနော်။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဒါဉာဏ်ကသိသွားပြီ၊ သိသွားလို့ ကို ပြတာ။ ကံကမသိဘူး။ အစွဲသမားကမသိဘူး။ အဲဒါ ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ။ ဟောဒီဘဝ ကလွတ်အောင်ရှန်း။ ဟောဒီဘဝက ဒိဋ္ဌိကိုသိမယ်၊ သတ်မယ်၊ မဂ္ဂင်ရှစ်ပါးနဲ့ကျင့်မယ်။ အသေခံကျင့် တာ။ မင်းတို့နှိပ်စက်တာ။ ငါအကုန်အရှုံးပေးမယ်။ အကုန်အရှုံးပေးသွားမယ်နော်။ အဲဒီတော့ ဒုက္ခ သစ္စာ ဆင်းရဲခြင်းအမှန်တရားဆိုတော့ အခုအားလုံးဖြစ်နေပြီ။ အားလုံးဖြစ်နေပြီ။ ဘာကြောင့်ဖြစ်နေ

သလဲ။ ကိုယ့်စိတ်ကာ ကိုယ်စစ်လိုက်ပြီးတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားတဲ့။ စိတ်ဆင်းရဲနေပြီ။ စိတ်ကို မနောကို ငါဟောနေတာ။ ရုပ်ကိုပြပြီး မနောကိုဟောနေတာ။ အဲဒီရုပ်ကြီးကပြတာ။ ပညတ်ရုပ်ကြီးပြပြီးတော့ အတွင်းရဲ့ ကံနဲ့ဉာဏ်ကိုသာ ထားပေးနေတာ ဉာဏ်ရအောင်လုပ်ကွတဲ့။ မရဏာသေမင်းမဦးခင် ဉာဏ်ဦးအောင်လုပ်ကွတဲ့။ မင်းတို့လို ဗိုလ်ချုပ်အလုပ် အခုလုပ် အခုရတယ်။ ဒီအသိတရားကမလွယ်ဘူးကွ။ အခုသွားလုပ် အခုရတယ်။ သူဌေးဖြစ်အောင် မရှိတာကို ရှာရင်ရတယ်။ မသိတာဟာ အခက်ဆုံးပဲ။ မသိလို့ အခုဟောနေတာ။ ကဲ ကံသိနဲ့ ဉာဏ်သိ။ အခုဟောနေတာ။ မင်းတို့အကုန် ကံတွေပဲ။ အဲဒါက အရှုံးပေးပြီး ဉာဏ်က အေးကွာ၊ မင်းလုပ် ငါအေးအေးပဲ ချွတ်ပေးလိုက်တော့မယ်ကွာ။ ငါသွားတော့မယ်။ ဟာ တောထဲမှာ ငါ့ဟာငါစားတတ်ပြီကွ။ သေတတ်ပြီကွတဲ့။ ငါ့အာရုံနဲ့ငါ နေသွားပြီကွ။ ငါအတွင်းအာရုံယူတာကွ။ အပြင်အာရုံ ၅ ပါးကိုတဲ့ ငါက ပညာဉာဏ်နဲ့နဲ့သာယူထားတာတဲ့။ ကြည့်စမ်း အဲဒါလေးကို ငါ့သာသနာပြုနေတာပါကွာတဲ့။ မင်းတို့အပေါ်မှာမူတည်တယ်ကွာတဲ့။ ငါ့ကို စစ်ပါကွာတဲ့။ အောက်ခြေကနေ မင်းတို့စစ်လိုက်ပြီးတော့နော် မင်းတော့ ခိုင်းကြည့်၊ ခိုင်းကြည့်တဲ့ မင်းတို့ ပောဒီမရမ်းကျောင်းမှာ ကရင်တွေ အမျိုးသားတွေရှိတယ်။ မေးကြည့်တဲ့။ ငါ့အကြောင်းကို ငါဗမာပဲကွ။ ဘာဖြစ်တယ်ဆိုတာပြောလိမ့်မယ်နော်တဲ့။ ဒီလိုပုဂ္ဂိုလ်တစ်ယောက် မင်းတို့တိုင်းပြည်မှာရှိတာ အလွန်အေးချမ်းတယ်။ ငါ့ကိုယ်ငါ ကိုယ်ရည်သွေးပြောတာမဟုတ်ဘူး။ ငါက အဲဒီလိုဆင်းရဲဒုက္ခကလာပြီးတော့ ဒီလိုကျင့်လို့ ဒီလိုရတဲ့ကိစ္စကို ထုတ်လည်းမပြတတ်၊ မင်းတို့ကို ကူညီတာ။ ဩော် အေးကြပါစေ။ တောင်ပိုင်၊ ကွင်းပိုင်၊ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ မင်းကံနိမ့်ရင် အဲဒီအကောင်တွေက စော်ကာမင်းမသိဘူး။ ငါကသိတယ်။ ဟော့ကောင်တွေ မင်းကိုပုတီးစိပ်ကြ၊ တရားထိုင်၊ မင်းရဲ့ ဂေါဇကံထဲမှာ မင်းတရားထိုင်၊ ပုတီးစိပ်၊ ဘုရားကိုယုံကြည်ပါ။ တရားကိုယုံကြည်ပါ၊ သံဃာကိုယုံကြည်ပါ။ သံဃာထဲမှာလည်း အမျိုးအစားရှိတာပဲ။ ကောင်းတဲ့သံဃာရှိသလို မကောင်းတဲ့သံဃာရှိတယ်။ လူထဲမှာလည်း ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူရှိတယ်။ နတ်ထဲမှာလည်း ကောင်းတဲ့နတ်ရှိသလို၊ မကောင်းတဲ့နတ်ရှိတယ်။ အဲဒါကိုသိထားဖို့လိုတယ်နော်။ ဒါကြောင့်မို့ အဇာတသတ်၊ ဒေဝဒတ်သွားပေါင်းလို့ ဒုက္ခတွေရောက်တာ။ စဉ်းစားလေ့လာသုံးသပ်ဆုံးဖြတ်ပါ။ သူများပြောတိုင်းလည်းမယုံနဲ့။ သူများအားမကိုးနဲ့နော်။ လေ့လာနော်။ ကိုယ်ကဘာလူမျိုးလည်း၊ ဗုဒ္ဓဘာသာလူမျိုး၊ ခရစ်ယာန်မဟုတ်ဘူး။ မူဆလင်မဟုတ်ဘူး။ ဗုဒ္ဓဘာသာရဲ့ လူမျိုးဆိုတာကြည့် ငါက အကာလား၊ အနှစ်လား။ ပညတ်ကို ငါ ယူလည်းယူတယ်၊ စွဲလည်းစွဲတယ်။ အဲဒီတော့ ပရမတ်ဆိုတဲ့ပုဂ္ဂိုလ်က ပစ္စုပ္ပန်တည့်တည့် ဟာ သူပြောလိမ့်မယ်။ အမှန်ပြောသွားလိမ့်မယ်။ သူကမရှောင်ဘူး။ မီးရထားလမ်းလိုပဲ။

သူက တရိုန်တည်းခုတ်မှာ။ ချွတ်ဆိုချွတ်ပေးလိုက်မယ်။ ထွက်ဆိုထွက်ပေးလိုက်မယ်။ မင်းတို့စဉ်းစား ပေတော့တဲ့နော်။ ကံကိုငါဟောနေတာ။ မင်းတို့ ကာယကံ၊ ဝစီကံဟာ မင်းတို့လုံတာ။ သူများအသတ် မသတ်ဘူး၊ သူများပစ္စည်းမခိုးဘူး၊ သူများသားမယား မဖျက်ဆီးဘူး။ ဒါတောင် မှန်ဦးမှ၊ မနောကံဟာ သံသရာလည်တာ။ သံသရာဘယ်ကစလည်း မနောကစနေတာ။ အာရုံ ၅ ပါး ပညတ်အာရုံတွေ မလွတ်လို့ မင်း ပညတ်ကို ယူလည်းယူတယ်၊ စွဲလည်းစွဲတယ်၊ လည်တာပေါ့။ ဒါအနုသယစိတ္တ နုပဿနာတွေကိုဟောသွားတာ။ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မာနုပဿနာ ကိုဟောနေတာ။ ကျင့်ပြီးပြီ။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာ သတိပဋ္ဌာန်။ အဲဒီသတိပဋ္ဌာန်သုံးခုကို သိသွားပြီ။ ဓမ္မက ငါဒီကံတွေကိုသိသွားပြီ။ ငါစွဲတယ်၊ ငါ့ နှလုံးသားက ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားတယ်။ အေးနေတယ်။ အေးငြိမ်းခြင်းခါတ်ခေါ်တယ်။ ခါတ်လေးပါးချုပ်တယ်နော်။ သံယောဇဉ်ပြတ်တယ်။ ကြည့်စမ်း အဲဒီလိုဘုန်းကြီးမျိုး ခင်ဗျားတို့ရဲ့ စေတနာကလည်း မှန်ရမယ်။ ခင်ဗျား ဘယ်စေတနာလည်း ဒုလ္လဘ ၅ ပါးထဲက စေတနာနဲ့ယူ။ သူက စစ်နေပြီ။ ခင်ဗျားလည်း စေတနာစစ်ရမယ်။ ပကာသနစေတနာနဲ့မလုပ်နဲ့။ ဘယာစေတနာနဲ့မလုပ်နဲ့။ လှူတတ်ဖို့လိုတယ်။ ဒုလ္လဘ ၅ ပါးထဲက သဒ္ဓသံပတ္တိ ရတနာသုံးတန် ကံကံ၏အကျိုး၊ ကံတက်လာပြီ။ ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရပေ၏။ အဲဒီကံနဲ့လှူ။ အဲဒီကလည်း ဓမ္မဖြစ်နေပြီ။ ခင်ဗျားတုတ်နဲ့ရိုက်သတ်တာတောင် မသေဘူး။ ခင်ဗျားရဲ့ယူတာ ပကာသန စေတနာရဲ့ကံတွေ ဘယာရဲ့စေတနာရဲ့ကံတွေနော်။ တဏှာတွေပါနေတယ်။ ဟိုက ဒုလ္လဘ ၅ ပါးထဲက သမ္မာကပါနေတယ်။ တဏှာတော့ တဏှာ။ အဲဒါကြောင့် လှူတတ်ဖို့လိုတယ်။ ခင်ဗျားတို့လည်းသေ မှာပဲ။ ဦးပဏ္ဍိတ လည်း သေမှာပဲ။ ဒီရုပ်ကလပ်ကြီးက ဘဝ ဟိုဘဝကကံနဲ့ အစွဲဥပါဒါန်နဲ့ အဲဒီအစွဲ မပြတ်လို့ ဒီဘဝမှာလာဆက်တာ အကြောင်းနဲ့အကျိုးဖြစ်နေတာ။ ခင်ဗျားတို့ဘဝမှန်းလည်း မသိ၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ အဲဒီအနုသယတဏှာ၊ မာန၊ ဒိဋ္ဌိဆိုတော့ မနော မနောကိုပြောသွားတာ။ အာရုံကိုမလွတ်ဘူး။ ရာထူးကို အားကိုးနေတဲ့ မာန်၊ စာကိုအားကိုးနေတဲ့မာန်၊ မစွဲနဲ့တဲ့ ကြည့်စမ်း သားသမီးကိုအားကိုးနေတဲ့မာန်။ အဲဒါ အရိယာထ သစ္စာက ပစ္စုပ္ပန်တည့်တည့်လေးပဲ။ ဘယ်သူ့မျက်နှာမှမထောက်ဘူး။ အဲဒါ ငါလိုကျင့်ရင် ငါ့လိုဖြစ် မယ်။ မင်းတို့သစ္စာမရှိရင် မင်းတို့ဟာ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲနော်။ အဲဒီတော့ တဏှာရယ်၊ မာန ရယ်၊ ဒိဋ္ဌိရယ်။ အဲဒါသတ်ရမယ်။ ရုပ်မှာရှိတဲ့တဏှာ၊ အာရုံမှာရှိတဲ့တဏှာ။ အဲဒီတော့ ဘယ်သူအရင် သတ်မလဲ။ ဟော မင်းတို့တွေတောင်ကြည့်၊ ဒိဋ္ဌိကိုအရင်သတ်။ ဒိဋ္ဌိဆိုတာ မဂ္ဂင်ကလာတာ။ ဒိဋ္ဌိမရှိမှ

သက်ပြရောက်မယ်။ မင်းတို့ အခုဒိဋ္ဌိကြီးနဲ့ ဒိဋ္ဌိဆိုတာဘာလည်း။ ငါ့မယား၊ ငါ့သား၊ ငါ့ပစ္စည်း၊ ငါ့အိမ်၊ အတ္တအသုံးအနှုန်းတွေနော်။ ဟာချမယ်ကွ၊ ဟာလုပ်မယ်ကွ။ ဒါပေါ့လေနော်။ မှတ်ထား။ စာသမား ဒီနေရာမှာ မပြောနိုင်ဘူး။ သစ္စာလေးပါးပြောမယ်။ ဒုက္ခသစ္စ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ သမား အဲဒီသစ္စာလေးပါးကိုပြောမယ်ဆို ငါဆင်းပေးလိုက်မယ်။ ငါမင်းတရားကိုနာမယ် လာ လာခဲ့။ ကံတရား တွေပြောတာ။ ဘယ်ကံပြောလည်း မနောကံ၊ ကာယကံ၊ ဝစီကံကိုငါပြောတာမဟုတ်ဘူး။ အဲဒီ မနာကံအာရုံ ၅ ပါးမလွတ်ဘူး။ ဒါ အနုသယစိတ်ခေါ်တယ်။ ကိုယ်ပဲသိရမယ်။ အနုသယဆိုတာ ကိုယ့်မနောအာရုံ ကိုယ့်ဟာကိုယ်တွေးမယ်၊ ကြံစည်မယ်၊ ပြုလုပ်မယ်၊ အထမြောက်မယ်။ ဒါ ကိုယ့် ဟာကိုယ်သိရမယ်။ ဒါကံတွေပဲ။ ကိုယ့်အိမ်မှာရှိတဲ့မိန်းမဖော် အိမ်မှာလာပြီးတော့ တစ်လ ၃ ထောင် ၄ ထောင်နဲ့လာလုပ်တဲ့မိန်းမဖော် သူဌေးက သူဌေးမိန်းမတောင်မသိဘူး။ သူဌေးက အဲဒီမိန်းမဖော် ကို ကြံတော့မယ်ပေးပြီး ပိုက်ဆံတွေလုပ်တော့မယ်။ အဲဒါအရိယထသစ္စာမထိုက်ဘူး။ အရိယထသစ္စာ ဆိုတာ ပစ္စုပ္ပန်တည့်တည့်လေးပြောတာ။ ဟာ အိမ်မှာ မိန်းမဖော် ဥပမာ ဥပမာ။ အဲဒါကိုလာပြီးတော့ မယားကလည်းမသိဘူး။ သမီးတွေ၊ သားတွေကလည်း မသိဘူး။ ဟော မိန်းမဖော်ကို သူက ဟာလစ်တဲ့ အချိန်မှာ စကားပြောကုန်ပြီ၊ အာ ဟိုကလည်း သူဌေးမင်းဆိုတော့ သိပ်လိုလားတာပေါ့။ ဟော ဖြစ်ကုန် ပြီဗျို့။ အဲဒါ ကိုယ်ဝန်ရှိလာပြီဗျို့။ အဲ ကိုယ်ဝန်ရှိလာတော့ ဟိုသူ့လက်ညှိုးထိုး၊ ဒီလူ့လက်ညှိုးထိုးတဲ့ ဘူတွေ လက်ညှိုးထိုးလိုက်၊ ဟိုအိမ်မှာနေတဲ့သူတွေကို လက်ညှိုးထိုးလိုက်။ သူက ခေါင်းရှောင်တယ် လေ။ ဖြစ်တာကသူနဲ့ဖြစ်တာ။ ဒါ အရိယထသစ္စာလား။ ကဲ အဲဒါပြီးသွားပြီပေါ့။ အဲဒီလူသေပြီပေါ့။ သိတယ်။ အဲဒါတွေ။ ဒါ ခင်ဗျားတို့ဖြစ်မှာစိုးလို့ပြောတာ။ ဒီအယူဝါဒတွေမယူနဲ့။ ဘုန်းကြီးထဲမှာလည်း ကောင်းတဲ့ဘုန်းကြီးရှိတယ်။ မကောင်းတဲ့ဘုန်းကြီးရှိတယ်။ လူထဲမှာလည်း ကောင်းတဲ့လူရှိတယ်၊ မကောင်းတဲ့လူရှိတယ်။ နတ်ထဲမှာလည်း ကောင်းတဲ့နတ်ရှိတယ်၊ မကောင်းတဲ့နတ်ရှိတယ်။ မှတ်ထား။ မကောင်းတဲ့နတ်ဖြော့ စာလိုဘယ်လိုရေးလည်း မိစ္ဆာနတ်တဲ့။ ကောင်းတဲ့တန်ကြတော့ သမ္မာနတ် တဲ့။ အဲဒါ စာကရေးထားတယ်။ သိပ်မှန်တာပေါ့။ စာကမှန်၏ ဉာဏ်မမှီ။ ကဲဘာဖြစ်ဖြစ် ခင်ဗျားတို့ ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့။ ခင်ဗျားမလုပ်နဲ့မဟုတ်ဘူး။ ဘုရင်လည်း လုပ်ရတာပဲ။ သူ့ခင်ဗျာလည်း တိုင်းပြည် ကောင်းအောင် အဲသူလည်းလုပ်နေတာပဲ။ ဘုရင်လည်း လမ်းတွေဖောက်လို့ဖောက် သူလည်းလုပ်တာ ပဲ။ သူ့စေတနာအကျိုးပေးမယ်။ ဦးပဏ္ဍိတ လည်း ဒီလိုပဲ မှန်ရင် စေတနာအကျိုးပေးမယ်။ အဲဒီကပ်

ထဲက လွတ်အောင်ရှန်းကြပါနော်။ အဲဒီတော့ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ ဩော် အေး အေး အေး။ စားကွဲညီလေး။ ရပ်ကွက်မှာရှိတဲ့ ရပ်ကွက်လူကြီးဘယ်လောက်ပဲမကောင်း ကောင်းကောင်း ကိုယ်ကောင်းအောင်နေမှ ကိုယ်ကောင်းလာတော့ သူက ရိုသေလာမယ်။ သူခိုင်းတာကိုလုပ်တယ်။ မြောင်းဖောက်ပေးဆို ဖောက်တယ်။ ရပ်ကွက်မှာနေတဲ့သူက အကုန်လုပ်ပေးတယ်။ အဲဒီတော့ ရပ်ကွက်လူကြီးက သူ့ကိုလေးစားလာတယ်။ ကိုယ်မှန်တာကိုဗျ။ ကိုယ်မှ မမှန်တာ။ ရပ်ကွက်လူကြီး ကွယ်ရာမှာ သူဆဲတယ်၊ တိုင်းတယ်၊ လုပ်မယ်၊ ကိုင်မယ်။ ဟိုသူ့လှည့်ကြောက်လိုက်၊ ဟိုသူ့တိုက်လိုက်။ ကဲ အဲဒီတော့ ရပ်ကွက် သူ့ရပ်ကွက်မှာလည်းနေသေးတယ်။ သူ့အတင်းတွေလည်း လျှောက်လုပ်တယ်။ သူ့လည်း မကောင်းကြောင်းလျှောက်ပြောတယ်။ ဒါကောင်းမလား။ ဒါ အကုသိုလ်တွေ။ သေလည်း အဲဒီသူက အပါယ်ကိုသွားမှာ။ ကောင်းတဲ့စကားကိုပြောပါ။ နင်တို့လုံချည်တွေဝတ်လိုက်တာ တစ်ထည်ကို ၂ ထောင် ၃ ထောင်။ ဖိနပ်တွေ ၁ ထောင်၊ ၂ ထောင်။ အဲဒီတော့ ကလေးရယ် မလုပ်နဲ့ ရှိတာနဲ့ ခုံဖိနပ်ကလေးစီးလည်း ခြေထောက်မပေါက်ပါဘူးကလေးရယ်။ အဲဒါကြီးစီးလည်း နင့်ပိုက်ဆံကုန်တာပေါ့။ ဘုရားကဟောတယ်။ မြို့ခြံပါ တပေါစပြောပါတယ်ကလေးရယ်။ လုံချည်ကို လှည့်လှည့်ဝတ်ပါ။ ကောင်းတာနေပါ။ လူကြီးမင်းများပြောတဲ့စကား နားထောင်။ အဖေ၊ အမေပြောတဲ့ စကားနားထောင်။ အပေါင်းအသင်းအပင်းကို ကြည့်ပေါင်း။ အပေါင်းအသင်းမကောင်းတော့ ပျက်တတ်တယ်။ ဒါကိုပြောတာ။ ကဲဒီခေတ်မှာကြည့်စမ်း။ ခင်ဗျားတို့မိန်းကလေးတွေ ဒါ မိန်းကလေးတိုင်း ပြောတာမဟုတ်ပါဘူးဗျာ။ တချို့က ပိုက်ဆံလိုချင်တော့ တောက ကလေးတွေ မြို့ခေါ်၊ မြို့ကနေပြီး ယိုးဒယားနယ်ကိုပို့တော့တာပဲဗျို့။ ဘယ်လောက်သနားဖို့ကောင်းလဲ။ ဦးပဏ္ဍိတ အကုန်သိတယ်။ ပြောလို့မရတော့ဘူး။ အဲ နားထောင်တဲ့သူပဲပြောသွားမယ်။ ကိုယ့်သမီးတောင် ကိုယ်ပြောလို့မရတော့ဘူး။ အိမ်မှာ ဆယ်ယောက်ရှိတယ်။ ဥပမာ ဦးပဏ္ဍိတ ဦးမြမောင် အိမ်မှာ ၁၀ ယောက်ရှိတယ်။ ဦးမြမောင် နဲ့ အသိနဲ့ အဲဒီ ၁၀ ယောက်တူပါ့မလား။ အိမ်မှာနေတဲ့သားသမီးတောင် မလွယ်တော့ဘူးဗျ။ ဒါကြောင့်မို့ ချော့ချက်ပြီးတော့ပြော။ ကလေးတွေကိုမဟောက်နဲ့။ လိမ်လိမ်မာမာနဲ့ ကလေးတွေကို ပြော။ ကြာတော့ ကလေးတွေက လိမ္မာလာလိမ့်မယ်နော်။ သူတို့ခေတ်ရောက်နေတယ်။ ဒါကြောင့်မို့လို့ အဖေ၊ အမေက စိတ်ဆင်းရဲတော့ ဒေါသတွေဖြစ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်။ ဟိုရမ်းလိုက်၊ ဒီရမ်းလိုက်။ ဘယ်သူ့မှ မပြောနဲ့။ ခင်ဗျားအပေါ်မှာမူတည်။ အုပ်ထိန်းတဲ့သူမှန် သမ္မာမှန်မှ ကလေးတွေကလည်း လမ်းကိုမြင်မယ်။ လမ်းမှန်မယ်။ အုပ်ထိန်းတက်ဖို့လိုတယ်။ ချော့ပြောကြည့်စမ်း။ ခင်ဗျားတို့ ဟိုတစ်ခြားနိုင်ငံမှာဆိုရင် ၁၄ နှစ်အရွယ်ဆိုရင် လွတ်လပ်ပြီး နောက်ကကျောပိုးလွယ်အိတ်နဲ့ သွားချင်

တာကိုသွား၊ လာချင်တာကိုလာ ဘယ်နဲ့မိဘက ဘယ်နဲ့မှမတတ်တော့ဘူး။ ဒီလိုခေတ်မျိုးတွေ အနောက်နိုင်ငံမှာဖြစ်နေကြတယ်။ အခုဒီမှာလည်း တုလာတယ်။ မလုပ်နဲ့၊ အဖေအမေစကား နားထောင်။ လူကြီး မိဘ စကားနားထောင်၊ ထင်တာတွေ မလုပ်နဲ့။ ဘာပြောပြော သည်းခံနေ၊ မင်း စေတနာမပျက်နဲ့။ မင်းနှလုံးသားထဲက စေတနာအာရုံကြောင့်မှတ်ပြီးယူရင် မင်းစေတနာပျက်မယ်။ စေတနာကိုထိန်းထား။ စေတနာကိုထိန်း။ အဲဒါ ဝိသုဒ္ဓိသီလ။ အဲဒါ ရဟန္တာ၊ ဘုရားတို့ထိန်းတဲ့သီလ။ အဲဒါ ဘုရားတို့ ရဟန္တာ ကို ထိန်းထားတဲ့သီလတွေ။ နှလုံးသားကထိန်းထားတဲ့သီလတွေနော်။ ဝိသုဒ္ဓိတဲ့။ ဒါ ကောာ မမွှောတဲ့၊ ဒါ ခဲရာခဲဆစ် နှလုံးသားတွေရေးထားတာ။ အပြင်ကိုစင်ကြယ် အောင်နေတယ်။ အပြင်ကို သူများအသက်မသတ်ဘူး၊ သူများပစ္စည်းမခိုးဘူး၊ သူများသားမယား မဖျက်ဆီးဘူး။ မနောကြတော့ အစွဲပြတ်တဲ့သီလ။ ဒါကြောင့်မို့ သီလ နိဗ္ဗာန်သည် ခန္ဓာမှစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်တဲ့။ ရေးထားပြီ။ ပညတ်သီလကိုချုပ်ထားလိုက်ပြီ။ မနောသီလက အစွဲပြတ်နေတဲ့၊ ကံပြတ်တဲ့သီလ။ ဟိုဟာက ပညတ်သီလက အစွဲမပြတ်ဘူး။ အဲဒါလေးကို သတိထား။ ဒီလောက်ဆိုကော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် ပုဒ်ရေ MP-3 ပုဒ်ရေ MM-20 မှ ကူးယူဖော်ပြပါသည်။ )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၃၈)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၃၈)

စာပေကျမ်းဂန်မတတ်တဲ့အတွက်ကြောင့် အားလုံး သံဃာတော်အရှင်မြတ်တွေ၊ သီလရှင်တွေ၊ ခုနှစ်ရက်သားသမီးများကို တောင်းပန်ပါတယ်။ စာမတတ်ဘူး။ အဲဒီတော့ ဦးဇင်း ရဲ့ အသိကိုပြောပါမယ်။ အဲဒီအသိနဲ့ ခင်ဗျားတို့ စာပေကျမ်းဂန်နဲ့တိုက်ကြည့်ပါဦး။ ဦးဇင်း ရဲ့ အသိက ဝိပဿနာရဲ့လမ်းသဘောလေးပြောပြပါ့မယ်။ ခုနက စာပေကျမ်းဂန်က ရေးထားတယ်။ ကံတရား၊ ဈာန်တရားတဲ့။ ဉာဏ်တရား။ ဒါစာနဲ့ရေးထားတာ။ ရှိတဲ့ ကံရဲ့အကြောင်းကို ဦးဇင်း က ပြောပြပါ့မယ်။ အားလုံးမှာရှိတဲ့ နေထိုင်ကြတဲ့ ဦးဇင်းရော၊ ဒကာ၊ ဒကာမတွေရော ကာယကံ၊ ဝစီကံ၊ မနောကံ အဲဒီ(၃)ပါးသော ကံဟာ ဘယ်ကံဟာအကြီးဆုံးလဲဘုရားတဲ့။ မေးပါတယ်။ စာမတတ်တဲ့ ရဟန်းက။ စာတတ်တဲ့ ရဟန်းက မနောကံက ကြီးပါတယ်ဘုရားတဲ့။ သူကပြန်ပြောတယ်။ ဒါဖြင့် မနောကံကြီးတယ်ဆိုရင် တပည့်တော် ဘယ်လိုများ ဒီသီလတွေရအောင် စောင့်ထိန်းရပါ့မလဲဘုရားတဲ့။ ပြန်မေးတယ်။ ဒါဖြင့် ကောင်းပြီတဲ့။ ဒီသီလတွေရအောင် ရဟန်းများဟာ ဝိနည်း (၂၂၇)သွယ်ထမ်းဆောင်ပါတဲ့၊ ဝိနည်း (၂၂၇)သွယ်ကို အကျင့်သိက္ခာပုဒ်တွေနဲ့ လိုက်လျော်စွာနေသော မိမိရဲ့နှလုံးသားကိုစစ်ပြီးတော့ (၂၂၇)သွယ်ရဲ့ သိက္ခာပုဒ်ကိုထိန်းမယ်ဆိုရင်တဲ့။ သီလဖြစ်ပါတယ်ဘုရားတဲ့။ သြော် ဟုတ်ပြီ။ ဦးဇင်း က စာမှမတတ်တာကိုဗျ။ အဲဒီတော့ ဦးဇင်း စာမတတ်တော့ ဝိပဿနာပိုင်း ပြောင်းတယ်ဗျို့။ ဦးဇင်း က စာမတတ်တဲ့အတွက်ကြောင့် ကာယကံ၊ ကာယဝစီ မနော။ အခုတော့ ထည့်ထားတာက ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲဒါ ကံသတ်ပြီတဲ့။ အဲဒီတော့ သူကကျင့်တယ်ပေါ့။ လက်ကလေးပိုက်ပြီးတော့ အာနာပါန ထိမှု၊ သိမှုဆိုတဲ့အကြောင်းကို မနောတို့အကြောင်းကို သူသတ်ပါမယ်။ မနောဟာ ကံ။ ကံမဖြစ်အောင် သူသတ်ပါတယ်တဲ့။ အဲဒီတော့ ဒီမနောကံကို ကံဆိုတာ သားသမီးကို စွဲနေသလား၊ သားမယား စွဲနေသလား၊ စီးပွားရေး စွဲသေးလားဆိုတဲ့ ဒီအစွဲတွေဟာ သူဟာ မိမွေးတိုင်း၊ ဖမွေးတိုင်း နေရင်တော့ ဒီအနုသယလေးဟာ ကြိုကြား ကြိုကြားဝင်နေပါတယ်တဲ့၊ နိဝရဏတွေဟာဖြင့် ဒီလိုဝင်လာရင် ဘယ်လိုလုပ်ထားရမလဲဘုရားတဲ့၊ သူ ပြင်းပြင်းထန်ထန်ရှုပါတယ်တဲ့။ ပြင်းပြင်း ထန်ထန်ရှုပြစမ်းပါတဲ့။ ရှုပြပါ့မယ်ဘုရား။ ဒီလိုရှုလိုက်တဲ့အခါမှာ မိမိရဲ့ တွေးတဲ့မနောဟာ တွေး တောနေနိုင်ပါ့မလား။ မနောကံမဖြစ်အောင် သူလုပ်လိုက်တဲ့အတွက်ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံ။ သုံးပါးစလုံး လုံပါတယ်တဲ့၊ ကာယကံသည် ဗမာလိုပြန်မယ်။ ဗမာလိုပြောဆိုရင် ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိတဲ့။ ဘုရားက ဒီအယူတွေကို မယူပါနဲ့တဲ့၊ ဒီအယူတွေဟာ မိစ္ဆာအယူတွေပါတဲ့။ သမ္မာအယူကို ခင်ဗျားလုပ်နေပါပြီတဲ့။ သမ္မာဝါစာ၊ သမ္မ ကမ္မန္တ၊ သမ္မာအာဇီဝ

ဆိုတဲ့ဟာကို လုပ်နေပါပြီတဲ့။ သမ္မာဆိုတာလည်း ကံပဲတဲ့။ ခုနက ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ ဒီအယူကို မိစ္ဆာအယူကို နှလုံးမသွင်းပါနဲ့တဲ့။ မကြံစည်ပါနဲ့တဲ့။ မပြုလုပ်ပါနဲ့တဲ့။ ဘုရားက ပညတ်ထုတ်ထားတယ်။ သမ္မာကိုတော့ နှလုံးသွင်းပါတဲ့။ တစ်ခါ တစ်ဆင့်တက်ပါဦးတဲ့ ဆိုတော့ အဒိန္နာဒါနာ ဦးဇင်းကနော် အစဉ်လိုက်တော့ မဆိုတတ်ဘူး။ ဥပမာ၊ ဥပမေယျနဲ့ ပြောပါ့မယ်။ ကာယကံနဲ့အကြောင်း အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ ဘုရားက ပညတ်ခဲ့ပါတယ်။ အဲဒီအယူဝါဒကို မယူပါနဲ့တဲ့။ အဲဒီတော့ မကြံစည်ပါနဲ့တဲ့။ မပြုလုပ်ပါနဲ့တဲ့။ အဲဒါက မိစ္ဆာအယူတွေ ပါတဲ့။ ခင်ဗျား ဝိပဿနာလိုင်းတက်နေပါတယ်တဲ့။ သမ္မာပဲတဲ့နော်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ မှန်တာကိုကျင့်ပါတယ်။ မှန်တာကိုပြောပါတယ်။ မှန်တာကိုအသက်မွေးဝမ်းကျောင်း ပြုပါတယ်တဲ့။ ဒါ သီလမဂ္ဂင်တဲ့ ခုနကယူလိုက်တဲ့အခါ ကံကို ဘူသတ်ပါတယ်။ အနုသယကံကို သတ်တဲ့အတွက် ဩော် ကာယကံ(၃)ပါးလည်း လုံပါပြီတဲ့။ ဝစီကံ(၄)ပါးလည်း လုံပါပြီတဲ့။ မနောကံကလည်း (၃)ပါးလုံပါပြီတဲ့။ အဲဒါ ဒုစရိုက်(၁၀)ပါးလုံပြီတဲ့။ အဲဒါဘာကိုခေါ်သလဲဆိုတာ ယခင်က ဝိပဿနာနဲ့ သက်ဆိုင်တဲ့အတွက်ကြောင့် ဒါဟာ ဘာသီလခေါ်လဲ။ အမိသီလခေါ်ပါတယ်။ ဒါဖြင့် ကောင်းပြီတဲ့။ တပည့်တော် ဒါမလုပ်ပါဘူးဘုရားတဲ့။ တပည့်တော် အရောင်းအဝယ်လုပ်ပါတယ် ဘုရား။ ဈေးရောင်းဈေးဝယ် သွားလိုက်လာလိုက် အလုပ်အကိုင်အကြီးအကျယ် လုပ်ပါတယ်ဘုရား။ တစ်ခါတစ်လေ အလုပ်သွားနေတဲ့အခါမှာ စကားပြောမိဆိုမိပါတယ်ဘုရားတဲ့။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ သတိမထားဘူးတဲ့။ မုသားသုံးတဲ့အတွက် မိစ္ဆာအယူဖြစ်သွားပါတယ်ဘုရား တဲ့။ အေး ခင်ဗျားအပေါ်မူတည်တယ်တဲ့နော်။ ဆူးပေါ်ဖက်ကျ ဖက်ပေါက်တယ်။ ဖက်ပေါ်ဆူးကျ ဖက် ပေါက်တယ်။ သူ့အလုပ်မရှိဘူး။ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိကိစ္စတွေ သူ့မှာ ဗျာပါဒဥပါဒါန်ဖြစ်ပါတယ်နော်။ အဲဒီတော့ ဒီလိုထူးမြတ်တဲ့ မနုဿဘဝေါ ဒုလ္လဘောဆိုတဲ့ လူ့ဘဝဟာ အခင်မတန်မှ ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဘုရားကဟောတယ်။ ခဲယဉ်းစွာ ရပြန်တော့လည်း သိဖို့လွယ်တယ်မထင်နဲ့တဲ့။ ဆရာကောင်း၊ သမားကောင်းရှာထားနော်။ ခုနက သွားရင်းလာရင်းနဲ့ ဘယ်ကိုသွားတယ်၊ လာတယ်၊ ဘောလုံးကွင်းသွားတယ်၊ ကစားဝိုင်းသွားတယ်။ သွားချင်တာသွား မိန်းမလည်း နေချင်တာနေ၊ ဆိုချင်တာဆိုပေါ့။ ပေါ့ဆဆနဲ့ မုသာဝါဒ လိမ်တာ။ အဲဒါ မိစ္ဆာအယူပဲတဲ့နော်။ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ။ သီလဖြစ်ဖို့က လွယ်တယ်မထင် နဲ့တဲ့။ ဒါနကတော့ လွယ်ပါတယ်တဲ့။ စိတ်ပိုင်းနဲ့ပတ်သက်တဲ့လုပ်ငန်းအရ အရာဝတ္ထုအထွေထွေတွေ ဟာ အခင်မတန်မှ မိစ္ဆာနယ်ထဲမှာများပါတယ်တဲ့။ သမ္မာဟာ မလွယ်ကူပါဘူးတဲ့။ ဒါကံတရားခေါ်တယ်။

ကလမ်းခေါ်တယ်နော်။ ဝိနည်းကလည်း ဝိနည်းသမားကလည်း ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝကိုပယ်ပါအရှင်ဘုရား။ သူ့ကိုပယ်နိုင်းတဲ့အခါမှာ အရှင်ဘုရား ဘာကိုပယ်ရမလဲဘုရားတဲ့။ ဝိနည်းတော် (၂၂၇)သွယ် ပယ်ပြီမလားတဲ့။ နောက်ထပ်တစ်ခါပယ်ရမယ်နော်တဲ့။ ရဟန်းပေါ့ပေါ့ဆဆ မလုပ်နဲ့။ ဘာကိုထပ်ပယ်ရမလဲ။ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ အရှင်ဘုရားလွတ်ပြီလားတဲ့။ စာမတတ်တဲ့ရဟန်းကမေးပြီနော်။ အဲဒီတော့ ဒကာ၊ ဒကာမက ကိုယ်လင်သားပေါ်ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ နေကြထိုင်ကြတဲ့အခါမှာ မုသာဝါဒါ အရေးကြီးပါတယ်။ အဒိန္နာဒါနာအရေးကြီးပါတယ်။ ကာမေသုမိစ္ဆာစာရ အရေးကြီးပါတယ်။ ဟော ဒါတွေ အရေးကြီးသွားပြီ။ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ အရေးကြီးပါတယ်။ မနောက ဗျာပါဒ မိစ္ဆာဒိဋ္ဌိ အဘိဇ္ဈာဒီကောင်ကို မသတ်ဘူး။ ဒီကောင် မသတ်တော့ ဟိုကောင် နာမ်တွေကပွားများလာပြီတဲ့နော်။ ခင်ဗျားတို့ မနောသတ်လိုက်။ မနောက ဗျာပါဒ။ အဲဒီတော့ ဗျာပါဒ ခုနကဆိုသွားတာ ဘာလဲဆိုတော့ အဲ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ အဲဒါသတ်။ မနောသတ်။ အဲဒီတော့ ဒိဋ္ဌိဆိုတာ ဘာကိုခေါ်သလဲ။ ပါဠိလို ဒိဋ္ဌိ၊ ဗမာလိုဆိုရင်၊ စိတ်ပိုင်းနဲ့ပတ်သက်ပြီးပြောရင် အယူမှားတယ်၊ ဘယ်အယူကို ယူလဲ။ လောကီကိုအားကိုးပြီးတော့ ယူထားတယ်။ အဲဒီတော့ အယူမှားတာ၊ အမှတ်မှားတယ်။ (၅၀၀)တန် (၁၀၀၀)တန် (၁)သိန်းတန်။ အဲဒီအပေါ်မှာ သာယာတယ်နော်။ ဒါ အမှတ်။ အစွဲကတော့ ဥပါဒါန်။ အဲဒါအမှတ်။ အဲဒီ အချက်အလက်တွေဟာ သမ္မာနဲ့ သုံးပါ။ မိစ္ဆာနဲ့ မသုံးပါနဲ့တဲ့နော်။ သမ္မာလေးနဲ့သုံးပါ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲဒီလို သမ္မာနဲ့သုံးမှသာလျှင် အပြင်က သမုတိသစ္စာမှန်မယ်တဲ့နော်။ သေချာစာနဲ့ရေးပြပြီးတော့ စာတတ်တဲ့ရဟန်း။ ဒါခန္ဓာသိ ခုနက သစ္စာသိ။ စာသိကမုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ အဲဒါကို ပေါ့ပေါ့ဆဆသုံးလိုက်တယ်။ သုံးလိုက်တဲ့အခါမှာ မိစ္ဆာအယူဖြစ်ပါတယ်။ သမ္မာအယူမဟုတ်ပါဘူး။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ သူများပစ္စည်းကို အပ်ဝိုတစ်ချောင်း။ အဲဒီလို ဒါတွေကိုသူလုပ်တယ်။ အဲဒါ မိစ္ဆာအယူ ဘာလို့ကျင့်ထားတဲ့ စရဏမရှိဘူးတဲ့။ ဘာလဲဆိုတော့ မနောက အဲ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ အဲဒီ သုံးလုံး မသေလို့။ အဲဒါတွေ ပွားများနေတယ်နော်။ အဲဒီတော့ ဒါတွေပွားများတော့ ဟာ အဲလိုတွေဖြစ်ကုန်ပြီဗျို့။ မနောက တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် နားတော့ နားထောင်တာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် ပြောကြတာပေါ့ ဆိုကြတာ ပြောကြတဲ့အခါ နားမှာ ဘာဖြစ်သွားလဲ။ ငါ့သားသမီးက ဘာ၊ ငါ့သားက ဘာ။ လောကီကိုအားကိုးတဲ့မာန်။ အဲဒီမာန် ဘာမာန်လဲ။ မနောမာန်။ အဲဒါ မိစ္ဆာအယူသုံးတယ်။ ဟာပစ်ထည့်လိုက်ပြန်ပြီတစ်လုံးနော်။ မိစ္ဆာအယူပဲတဲ့။ သမ္မာအယူကောင်းပါတယ်။ အစ်ကိုကြီးရယ်

ကောင်းပါတယ်။ အစ်မကြီးရယ် ကောင်းပါတယ်ဗျာ။ အဲ သစ္စာနှလုံးက သမ္မာဖြစ်ရင် အပြင်မှာ သမုတိသစ္စာဖြစ်ပြီ။ အဲဒါ အပါယ်ပိတ်တဲ့တရား။ ကိုယ့်စိတ်ကိုစစ်။ ကိုယ့်စိတ်ကို ဘာစစ်ရမလဲ။ သမ္မာစိတ်မှန်သလား။ မိစ္ဆာဒိဋ္ဌိစိတ်တွေဖြစ်သလား။ အဲဒါကို စစ်ခိုင်းတာပဲ။ စစ်တဲ့အခါကျတော့ ဩော် ငါမလိမ်ပါဘူး။ ငါ မှန်မှန်ကန်ကန် ငါယောက်ျားကိုပြောမယ်။ ဒကာကလည်း ငါ့ဇနီးကို မှန်မှန်ကန်ကန် ပြောမယ်။ ဟာ အဲဒါ သမ္မာပဲနော်။ ပေါ့ပေါ့ဆဆလုပ်တာ ပင်ပန်းတာပေါ့။ ဂူးဝါးနဲ့လုပ်တာ ဦးဇင်းကြီး လုပ်ခဲ့တာ။ ဒါ စိတ်ပိုင်းနဲ့ဆိုင်တယ်။ ဘုရားက ပညတ်ခဲ့တာတွေ မိစ္ဆာအယူ၊ သမ္မာအယူ အဲဒီနှစ်ခုကို သိဖို့လိုတယ်။ သိမယ်ဆိုရင် ဝိပဿနာကိုလုပ်။ ဝိပဿနာလုပ်တဲ့အခါမှာ ခင်ဗျား တရားထိုင်တယ် လက်ကလေးပိုက်ပြီးတော့။ ခုနက ရှုတယ်၊ ရှုတယ်။ တွေးသေးလား မတွေးနိုင်တော့ဘူး။ အဲဒီတော့ မတွေးနိုင်ရင် မနောကမလုံဘူးလား၊ လုံလား။ လုံပါတယ်ဘုရားတဲ့။ အဲဒီလုံတဲ့ ဒီတစ်လုံးမှန်တာနဲ့ ဟိုကောင်တွေဟာ ကျွဲကူးရေပါတယ်နော်။ သမ္မာတွေအကုန်ဖြစ်ကုန်ပါပြီတဲ့။ မိစ္ဆာမဖြစ်တော့ပါဘူးတဲ့။ စိတ်မပျက်နဲ့တဲ့။ ဘာလည်းမတွေ့၊ ညာလည်းမတွေ့ မဝေဖန်ပါနဲ့တဲ့။ ဘာလည်းမတွေ့ ညာလည်း မတွေ့ မဝေဖန်ပါနဲ့တဲ့။ အဲဒါဟာ အင်မတန်မှထူးတဲ့ သီလတဲ့။ ဆရာတော်ဝေဘူ က ဟောတဲ့ သီလ၊ သီလပြည့်စုံအောင်ဆောက်တည်ကြ။ သီလပြည့်စုံလျှင် အခုလည်းချမ်းသာမယ်။ နောင်လည်း ချမ်းသာမယ်။ သံသရာမှာချမ်းသာမယ်။ ဘုရားက ပညတ်ခဲ့ပါတယ်။ ဒါကြောင့်မို့ ဒကာမကြီးရဲ့ အဝိဇ္ဇာကို ဘာနဲ့ဆေးကြောလဲ။ သီလနဲ့ဆေးကြောတယ်။ ဒါနနဲ့ ဆေးကြောတယ်။ ဘာဝနာနဲ့ပွားများတယ်။ ဦးပဏ္ဍိတ ရဲ့ အဝိဇ္ဇာတုံးကြီးကို ဘာနဲ့ဆေးကြောလဲ။ အဓိသီလနဲ့ဆေးကြောတယ်။ အဓိစိတ္တနဲ့ ဆေးကြောတယ်။ အဓိပညာနဲ့ဆေးကြောတယ်နော်။ သီလရယ်၊ အဓိစိတ္တရာယ်၊ ပညာရယ် စာအရ ဆိုရင် ကံတရား၊ ဈာန်တရား၊ ဉာဏ်တရားနော်။ ဈာန်တရား လောကီကိုဝင်သွားပြီ။ သူဝင်စားသွားပြီ။ သီလဆိုတာ လောဘနဲ့ ဒေါသ သူ့အာရုံပေါ်မှာမရှိတော့ဘူး။ လှူလို့သာ ယူတယ်၊ ကျွေးလို့သာ စားတယ်။ အဲ လောဘနဲ့ ဒေါသစိတ်ရဲ့ အပိုင်းသီလဆိုတာ ခေါ်ဝေါ်သမုတ်လိုက်တာ။ သူ့စိတ်ကို စစ်လိုက်တဲ့အခါမှာ လိုချင်တဲ့စိတ်ကလေးရှိသေးလား၊ စားချင်တဲ့စိတ်ကလေး ရှိသေးလား။ အိပ်ချင်တဲ့စိတ်ကလေး ရှိသေးသလား။ ကိုယ့်စိတ်ကိုယ်စစ်ကြည့်။ သမ္မာစိတ်ဖြစ်သလား၊ မိစ္ဆာစိတ်ဖြစ်သလား။ ကိုယ့်စိတ်ကိုယ်စစ်။ ဟော စိတ်ကိုစစ်နေတာ။ ဩော် အေး အေး အေး ဒါ ဒကာ၊ ဒကာမတွေရဲ့လမ်း က သီလရယ်၊ ဒါနရယ်၊ ဘာဝနာရယ်၊ ဟော ဒီဘက်က အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ ဟိုဘက် လိုင်းက ဒကာ၊ ဒကာမတွေနဲ့ ခုနစ်ရက်သား၊ ခုနစ်ရက်သမီးတွေနဲ့ ပုဂ္ဂိုလ်တွေက သီလရယ်၊ ဒါနရယ်၊ ဘာဝနာရယ် သူတို့ ဒါနလုပ်ရတော့မယ်နော်။ ဒီဒါနတွေက သူတို့လှူကြရမယ်။ အဲဒီတော့ လှူတဲ့

အခါမှာလည်း တစ်နေ့နဲ့ တစ်နေ့ ညှောင်စေ့လောက်လှူရင် ညှောင်ပင်ကြီးလောက်ဖြစ်တယ်။ ညှောင်ပင်ကြီးလောက်လှူရင် ညှောင်စေ့လောက်ဖြစ်တယ်။ အဲဒါ စိတ်ကိုဟောတာ။ အဲဒီတော့ ဝတ္ထုက ပညတ် စေတနာ ပရမတ်။ စေတနာက ပုဗ္ဗ၊ မုဉ္စ၊ ပရဆိုတဲ့ စေတနာကာ။ ဘုရားက ကံကို အကြောင်းပြုပြီးတော့ ဟောထားတာ။ အဲဒီတော့ ဩော် အေး အေး အေး။ ဩော် အေး အေး အေး။ ဒီစေတနာတွေမှန်မှ ဒါတွေကို ပညတ်မှာစင်ကြယ်မယ်နော်။ ပညတ်မှာတော့ အရောင်အဆင်းတောက်ပြီးတော့ နှလုံးသားကတော့ ခြဖြစ်နေပြီဗျို့နော်။ ပညတ်ကတော့ အရောင်အဆင်းတွေတောက်လိုက်တာနော်။ အဲဒါ ဦးဇင်းက စာမတတ်လို့နော်။ အဲဒီတော့ ဒါနဟာ ဒါနအထောက်အပံ့ဟာ ဘယ်လိုသဘော အထောက်အပံ့ပါလဲဘုရား။ အေး ငါ ဒါနပြောပြမယ်။ ဥပမာ ဥပမေယျနဲ့ပြောရတော့မယ်။ ဟိုဘက်မြောင်းနဲ့ ဒီဘက်မြောင်း။ အဲဒီတော့ ဝါးပိုးဝါးကြီးခင်းထားတယ်ပေါ့လေတဲ့။ လမ်းခင်းထားတာ။ အဲဒီလမ်းကို ကိုယ်လည်းမလျှောက်ရဲဘူးတဲ့။ လမ်းကတော့ ခင်းတော့ထားတာ။ ဝါးတန်းနဲ့ခင်းထားတယ်။ ကျွန်တော်၊ ကျွန်မတို့ မလျှောက်ရဲဘူးတဲ့။ ဘာလုပ်ရမလဲ။ လက်တန်းလုပ်ပေးရမယ်။ အဲဒီ လက်တန်းလေးလုပ်မှ လက်တန်းလေးက ဝါးလုံးတန်းလေးကိုကိုင်ရတာ။ အဲဒီအောက်က ဝါးလုံးကို ဖြည်းဖြည်းနင်းသွားတာ။ ဟိုဘက်ကမ်းရောက်ရော အဲဒီတော့ ခင်ဗျားရဲ့ အဝိဇ္ဇာတုံးကို ဒါနနဲ့ ဆေးကြောပါ။ သီလနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ဆေးကြောပါ။ ဒါန၊ သီလ၊ ဘာဝနာအကြောင်းကို ဦးဇင်း ပြောပြမယ်။ ဘာဝနာဆိုတာ အဲဒါ သံဝေဂတရားတွေ။ ဒါခေါ်မှာပေါ့။ ဘာဝနာ ဩော် ငါ့ အဖေသေပြီ။ ငါ့ရဲ့ဘဝတွေဟာ ဩော် အေး အေး အေး၊ ဩော် အေး အေး အေး။ အဲဒါ သံဝေဂပဲ။ သံဝေဂတရားတွေနော်။ ငါဟာ ဟိုတုန်းက ကွမ်းသီးပင်တွေရောင်းပါလား။ အဲဒီတော့ ကွမ်းသီးပင်တွေ ငါ ရန်ကုန်မှာရောင်းပါလား။ ငါနေတဲ့နေရာက အေး အေး အေး သူများတော့မပြောဘူး။ ကိုယ့်ဘဝ ကိုယ်မမေ့ဘူးနော်။ ငါတို့ မင်္ဂလာဒုံမှာ ငါတို့ ဒီလိုအိပ်ခဲ့ရတယ်။ ဩော် အေး အေး အေး။ ဘဝဆိုတာ အဲဒီတော့ ဘဝမမေ့နဲ့။ ကိုယ်ကျင့်တရားဖြစ်လာပြီဗျို့။ ဟာ အမျိုးမျိုးဖြစ်တာ။ ကိုယ်လုပ်ခဲ့တဲ့နေရာ ကိုင်ခဲ့တဲ့နေရာ။ ဩော် အေး အေး အေး။ ဩော် ငါ စပါးအိတ်သယ်ခဲ့ရပါလား။ ငါလူတွေနှိပ်ခဲ့ရပါလား။ ဩော် အေး အေး အေး။ သံဝေဂ သံဝေဂ။ အဲဒီတော့ သံဝေဂအုတ်ပန္နက် နှလုံးသားမှာ ကိန်းဝပ်တော့ အဲ ကိုယ်ကျင့်တရားဖြစ်လာပြီဗျို့။ အယုတ်၊ အလတ်မရွေးတော့ဘူးဗျို့။ အေးကွာ၊ စားကြကွာ၊ အေးကွာ၊ အေးကွာ။ အဲဒါ ကိုယ်ကျင့်တရား၊ ဗြဟ္မစိုရ်တရားက သစ္စာထားပါတယ်တဲ့။ ဘာလဲ မနောကံ မင်းတို့အပေါ်မှာ ငါမစွဲပါဘူးကွာတဲ့။ မစွဲတော့ဘူးပြောတာ မင်းတို့ ကံ၊ ကတ္တား၊ ကြိယာနဲ့ ပြောသွားပြီ။ ငါကတော့ စာမတတ်တော့ ငါက ခြောက်ရတယ်ကွာ၊ လှန့်ရတယ်ကွာ၊ ဟောက်ရတယ်ကွာ၊

ဆဲရတယ်ကွ၊ တိုင်းရတယ်ကွာ။ ဒါတွေကို ငါစိတ်မပါပါဘူးကွာ။ မင်းတို့ နောင်စောင့်ကြည့်ဦးပေါ့။ အဲဒါဘာလဲ ဝိပဿနာရဲ့ ဉာဏ်စဉ်နဲ့ အဲဒါကို ဖြစ်ပါတယ်ကွာတဲ့။ ငါဒီဟာကိုလုပ်မယ့်ကိစ္စ ထူးပါလိမ့်မယ်၊ ထူးတဲ့သူကတော့ သမ္မာစေတနာနဲ့၊ လှူတဲ့သူကတော့ ထူးမှာပေါ့ကွာတဲ့။ အေး မိစ္ဆာအယူနဲ့ လုပ်တာတော့ အေး ငါ့သားသမီး၊ သားမယား၊ ဆွေမျိုးညာတကာ ငါ့လည်းမတက်နိုင်တော့ဘူးကွာ။ ငါ ဘာမှမတတ်နိုင်တော့ဘူး။ မင်းတို့ အဲဒီဒါနနဲ့ မင်းတို့ဟာ ဒါနအစစ်အမှန်ရရဲ့သားနဲ့ မင်းတို့က ပေါ့ပေါ့ဆဆနေရင်တော့ ငါဘာတတ်နိုင်မှာလဲတဲ့။ ဒါနက ဓါတ်ရှိတယ်နော်။ ဓါတ်အောင်ထားတဲ့ သူနော်။ ခုနက မင်းတို့ကိုပြောသွားပြီမလားတဲ့။ ရန်ကုန်မြို့မှာ သူရဲ့ရောင်းဝယ်ထားတဲ့ကွမ်းသီးပင်တွေသိတယ်တဲ့။ ဝင်မပြောဘူးတဲ့။ အဲဒါဘာလဲ၊ သံဝေဂနော်၊ သံဝေဂ။ ဩော် အေး အေး အေး၊ ဩော် အေး အေး အေး။ ငါဒီလိုလုပ်ခဲ့ရပါလား။ ဒီလိုကိုင်ခဲ့ရပါလား။ အခုတော့ ငါတစ်မျိုးဖြစ်မှ ကားတွေ၊ လေယာဉ်ပျံတွေစီးရပါလား။ ဩော် အေး အေး အေး၊ ဩော် ပိုက်ဆံတွေပါလား။ ဩော် အေး အေး အေး။ သွေးသားလည်းပြောင်းသွားပါတယ်။ ဘယ်လိုဆရာတော်ပဲဖြစ်ဖြစ် မေးလို့ စုံစမ်းလို့ရပါတယ်။ အကယ်၍ မေးလို့၊ စုံစမ်းလို့ မှန်ကန်တယ်ဆိုရင် ငါပြောတဲ့အသိ မင်းတို့သိပေတော့။ မင်းတို့ ထင်တာတွေ မလုပ်နဲ့နော်။ မင်းတို့အရိယာကို ရိုက်သတ်တာမဟုတ်ပါဘူး။ မသိလို့ မှားပြီးတော့ ပြောမိ ဆိုမိတာ။ မင်းတို့မှာ ဒါ အပြစ်မရှိပါဘူးနော်။ မင်းတို့ဆဲလိုက် တိုင်းလိုက်တယ်ဆိုတာက မင်းတို့က ရှက်ကြောက်ပြီးတော့ လုပ်မလားလို့ ငါဆဲတာပါကွာ။ မင်းတို့က ရှက်ကြောက်ပြီးတော့ ပြန်မလာတာ။ ငါလည်း ဘယ်တတ်နိုင်မှာလည်းကွာ။ မင်းတို့ရှက်မှ လုပ်မှာကွ။ လုပ်မှ သိမှာကွ၊ သိမှ ပယ်မှာကွ။ မိစ္ဆာအယူပယ်မှာ။ အဲဒီမိစ္ဆာအယူပယ်ရင် အဲဒါ သမ္မာအယူ ဖြစ်လာမှာပေါ့ကွတဲ့။ အဲဒါ မင်းအပါယ် ပိတ်တာပေါ့။ မင်းဟာမင်း သိပါတယ်။ သူများ သွားမမေးနဲ့။ မင်းတို့ မိစ္ဆာအယူမပယ်နိုင်ဘူးတဲ့။ ထင်ရာတွေ စွပ်စွပ်ပြောနေတယ်နော်တဲ့။ ဝဇီကံက အင်မတန်ကြောက်ဖို့ကောင်းပါတယ်ကွာတဲ့။ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းပါတယ်ကွာ။ အဲဒီတော့ ဝဇီကံဘာကြောင့်ဖြစ်ရသလဲတဲ့။ မင်းတို့ မနောမလွတ်လို့ဖြစ်တာပေါ့ကွာတဲ့။ မနော ဘယ်သူနဲ့ ပေါင်းလဲ။ အာရုံနဲ့ ပေါင်းထားတယ်ကွာ။ အဲဒီတော့ မင်းတို့ အာသဝက္ခယကံတွေဖြစ်နေပြီတဲ့။ အာသဝက္ခယသမ္မာအယူဖြစ်ရင်တော့ ကောင်းတာပေါ့။ အာသဝက္ခယမိစ္ဆာအယူဖြစ်ရင်တော့ မင်းတို့ ခံရလိမ့်မယ်။ အာသဝက္ခယသမ္မာအယူဖြစ်ရင်တော့ ထူးတာပေါ့ကွာတဲ့။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ မင်းတို့သစ္စာထားရမယ်။ ကိုယ်ကျင့်တရားထားရမယ်။ ဗြဟ္မစိုရ်တရား အဲဒီ(၃)မျိုးထားရင် မင်း အပါယ်ပိတ်တာပေါ့ကွာ။ မင်းတို့အပေါ်မှာမှုတည်တယ်တဲ့။ ငါစိတ်ဟောတာတဲ့၊ စိတ်ဟောတာတဲ့။

ထိုင်ဝမ်မှာသွားတဲ့အခါမှာ ငါဘာမှလည်းရောက်ဖူးတာ မဟုတ်ဘူးတဲ့။ အဲဒီလေယာဉ်ပျံစီးကတည်းက ငါကြောက်တယ်ကွာတဲ့။ အဲဒီ ဟိုလူနှစ်ယောက်ကတော့ စားတယ်ကွာတဲ့။ အဲ အမျိုးသမီးတွေက ကျွေးတယ်ကွာတဲ့။ ထမင်းတွေရော ဟင်းတွေရော ငါ့လာပေးတယ်ကွာတဲ့။ ဟို ဦးဇင်းက စားလေဘုရားတဲ့။ ဟေ့အေး မစားဘူးတဲ့။ ဘာလို့ မစားလဲ။ ကြောက်လို့ မစားတာ။ မှန်တာသစ္စာပဲ။ ဘာဖြစ်လဲ။ ဉာဏ်သမားကကြောက်တာကိုနော်။ ရှေ့ကိုလည်း သိတယ်၊ နောက်ကိုလည်း သိတယ်။ ငါ ကံသမားမဟုတ်ဘူးတဲ့။ ကံသမားဆိုတာ လောဘ၊ ဒေါသ၊ မောဟနဲ့ ပျော်ပျော်ပါးပါးသွားတယ်ကွ။ ဉာဏ်သမားက ဪ အေး အေး အေး နော် အသက်ကို ဘာစောင့်လဲ။ ဉာဏ်စောင့်တယ်ဗျာတဲ့။ ဥစ္စာ ကံစောင့်တာပေါ့။ ဝီရိယအကျိုးပေး အဲဒါပေါ့ကွတဲ့။ အဲဒီတော့ ငါသိတယ် မပြောဘူး။ အဲဒါနဲ့ပဲ ရောက်သွားပါတယ်။ ဦးဇင်း ဒီနေရာ အဲ ယိုးဒယားရောက်သွားပြန်တော့လည်း တစ်ခါ။ အဲ ထိုင်ဝမ်ကြတော့ တော်တော်နာရီများများသွားရပါတယ်ကွ။ ဟာ ရောက်ပြီလား။ ဟာ ဦးဝမ်သိန်း ရောက်ပြီလား။ သူတို့ကတော့ ပျော်ပျော်သွားတာပေါ့။ ငါ့မှာတော့ ညကျတော့ ချမ်းကချမ်းနဲ့။ သူ အမှန်အတိုင်းပြောတာ။ ဟိုရောက်လည်းရောက်ရော ဟိုရောက်တော့ ဗိုက်ဆံလည်းရရော ငါဆဲပြီကွာ။ မင်းတို့ ငါ့ဘာကောင်မှတ်လဲ။ မင်းတို့တွေ သိမယ်။ အဲ မြောင်းမြရောက်တော့ သိမယ်ဗျို့။ အဲဒီတော့ ဆဲပြီ။ အဲဒီမှာ စိတ်နဲ့ပါတ်သတ်ပြီးတဲ့ရောဂါဟာ ဘယ်ဆေးထိုးလို့မှ မရတော့ဘူး။ ဆေးတိုက်လို့လည်း မရတော့ဘူးနော်။ ဆဲလည်းဆဲတယ်နော်။ ဒီလိုသူကြမ်းတယ်။ မင်းတို့ကြွေးတွေလည်း အကုန်ကျေကုန်ပြီတဲ့။ မင်းတို့ကြွေးတွေရှိတော့ ဒီတစ်ယောက်ကို အခွင့်အရေးပေးတော့ နောက်လူတွေက ပျက်တယ်ကွာ။ တရားတောင် တစ်ကယ်တော့အပြစ်ဖြစ်နေတာ။ မင်းတို့ကို မျက်နှာလိုက်ပြီးတော့ မင်းတို့ကို သာသနာပြုနေရတာ သစ္စာလေးပါးငုပ်နေတယ်။ အခု ငါလွတ်လပ်စွာနဲ့ ရတယ်ကွ။ လွတ်လပ်ပြီကွ။ ငါ့ကို ဘယ်သူချုပ်နေလည်း လွပ်လပ်ပြီတဲ့။ မင်းတို့နိုင်ငံရေးသမားတွေ ဒီမိုကရေစီ(၂)ရက်ရှိပြီ ငါရတာ။ ငါလွတ်လပ်သွားပြီကွတဲ့။ မင်းတို့ဟာတွေ အကုန်ကျေကုန်ပြီကွတဲ့။ ဒီလိုရှာဖွေပြီးတော့ ငါသာသနာတွေကို လုပ်ခဲ့ပါတယ်ကွာတဲ့။ မေးကြည့်ပါတဲ့။ အဲဒီကျောင်းကြီးကိုလည်း ငါစာမတတ် ပေမတတ် ဘာမှလည်း ငါနားမလည် ဟာ ယူကွ၊ ယူကွ။ ငါကတော့အေးနေတာ။ အပူတော့ မယူဘူး။ ဒါပေမယ့် ကတိသစ္စာရှိတယ်ကွ။ ထမ်းတယ် လှူတာက လမ်းပေါ်ကကျောက်ခဲ လောက်ပေးတာ မဟုတ်ဘူးကွ။ အဲဒီတော့ ငါထမ်းတယ်ကွ။ ဟော သစ္စာပြောသွားပြီနော်။ ဒါကြောင့်မို့ ဒကာ၊ ဒကာမများ၊ သံဃာတော်အရှင်မြတ်များ ဒီတရားတွေကျင့်နိုင်ပါစေ။ တပည့်တော်ကတော့ တပည့်တော် နေတယ်။ ဒကာ၊ ဒကာမများ ကိုယ့်အလုပ် ကိုယ်လုပ်။ ဘုန်းကြီးဆီ ခဏခဏမလာနဲ့

နော်။ စကားတစ်ခုပြောပြီးပြီ။ ခင်ဗျားတို့သီလရအောင်လုပ်။ ဒုစရိုက်(၁၀)ပါးကို သမ္မာနဲ့လုံအောင် ထိန်း။ မိစ္ဆာ မဖြစ်စေနဲ့။ ကိုယ့်စိတ် ကိုယ်စစ်။ အဲဒီတော့ စစ်တတ်ဖို့လိုတယ်။ ဒီဘဝ ပြန်ကြမှာပဲ။ အကုန်ပြန်မယ်။ သက်ရှိသတ္တဝါများ အကုန်ပြန်ကြမယ်။ အဲဒီတော့ မတော်တဆခွေးဖြစ်မယ်၊ ကြောင်ဖြစ်မယ်။ ဝက်ဖြစ်မယ်။ ဒါတွေသွားဖြစ်ရင်တော့ သွားပြီပေါ့ဗျာနော်။ အဲဒါကြောင့် မျက်ရည်ကျတယ်။ ဒီနေရာမှာ အတူတူ ကိုယ့်အဖေလို၊ အမေလို၊ ကိုယ့်အစ်ကိုလို။ ကိုယ့်နောက် ဘာမှမပါဘူးနော်။ ဒီအတ္တဆိုတာ အစွဲ။ အဲဒီတော့ သမ္မာနဲ့ စွဲ။ မိစ္ဆာနဲ့ မစွဲနဲ့။ မိစ္ဆာ နဲ့ သမ္မာ ခွဲတတ်ဖို့က ဝိပဿနာရဲ့ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် ပြောင်းမှသာလျှင် သမ္မာနဲ့ မိစ္ဆာကိုခွဲလို့ရမယ်။ ဟိုဝိနည်းသမားကို သွားမမေးနဲ့။ ဝိနည်းသမားက ကံကြီးထမ်းထားပြီးတော့ ဘာမှမလုပ်တတ် မကိုင်တတ်နဲ့။ အဲ သူကနေတာ။ အဲဒီတော့ ဟိုဝိနည်းကမှန်တယ်။ တစ်ယောက်ကိုတစ်ယောက် အသိခြင်းမတူဘူး။ အကျင့် မတူဘူး။ အသိ မတူလို့ ဒီတရားတွေဟောနေရတာ။ အသိသာတူရင် ဟောစရာတောင်မလိုတော့ပါဘူးနော်။ အဲဒီတော့ ဦးဇင်း ရဲ့ အသိ ခင်ဗျားတို့ကိုထုတ်ပြီးတော့ပြောတာ မှန်မှန်ကန်ကန်နဲ့ သစ္စာနဲ့ ပြောပြတာပါနော်။ ဒီလိုအသိတွေပြောတဲ့အခါမှာ အဲ သူများအသက် မသတ်နဲ့၊ သူများ ပစ္စည်း မခိုးနဲ့။ သူများသားမယား မဖျက်ဆီးနဲ့။ သေရည်သေရက် မသောက်နဲ့။ မဟုတ်မမှန်တာတွေ မပြောနဲ့။ သူများဆပ်ပြာခဲတွေ မယူနဲ့။ ပေးရင် ယူတဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝနဲ့ နှလုံးသားမှာ အဲဒီမနောရဲ့ အာရုံနဲ့ သမ္မာနဲ့ အပြင်မှာ သမုတိသစ္စာမှန်ပြီဗျတဲ့။ အဲဒါ အပါယ်ပိတ်တယ်ဗျ။ ဒါနက ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်ဗျ။ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်ဗျ။ သမထ လှူရင် သမထမျိုးစေ့ရမယ်ဗျ။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရမယ်ဗျ။ ကံပိုင်းနဲ့ ဉာဏ်ပိုင်းနဲ့ ပညာချင်းမတူဘူး။ အဲဒါ ခင်ဗျားတို့လှူတတ်ဖို့လိုတယ်။ လှူပြီးရင်လည်းတော်ရောပေါ့ဗျ။ ခင်ဗျားတို့ ဒါနဲ့ပြီးပြီလား။ သီလ လုပ်ရမယ်။ ခင်ဗျားတို့ရဲ့ ဒါနရယ်၊ သီလရယ်၊ ဘာဝနာရယ် ဦးပဏ္ဍိတ က အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာနော်။ သူက ဒီလိုင်းကိုသွားတယ်။ ခင်ဗျားတို့က ဒါနတွေက ရဟန္တာကြီး လှူထားပြီ။ ရဟန္တာကြီးလှူထားတော့ ရဟန္တာမျိုးစေ့ရလိမ့်မယ်။ အဲဒီတော့ သီလဆိုတော့ အပါယ်ပိတ်ပြီ။ အဲဒီတော့ အပါယ်ပိတ်တော့ ခင်ဗျား လူ့ပြည်ကနေပြီးတော့ ခင်ဗျားဝိညာဉ်လေးက ဘယ်သွားမလဲ။ နတ်ပြည်တက်မယ်။ နတ်ပြည်က သက်တမ်းကုန်ရင် ဘယ်သွားမလဲ။ အထက်သွားမှာ။ ရဟန္တာကိုလှူထားတဲ့ မျိုးစေ့ရထားလို့ အဲဒါကို ခင်ဗျားတို့လိုက်လှူနေတာ တော်ရောပေါ့။ နည်းနည်းပါးပါးပေါ့နော်။ ကိုယ်ကတော့ သူ့စေတနာနဲ့လှူတာကို ဥပမာ ဥပမေယျနဲ့ပြောပြမယ်။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်နော်။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့

လောက်ဖြစ်တယ်။ မနောကိုတည့်ထားတာနော်။ ဒါကြောင့်မို့ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို ဘာနဲ့ ဆေးကြောမလဲ။ သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ ခုနက ဦးဇင်း ပွားထားပြီ မလား။ ဪ် ဟိုတုန်းက ငါ သမ္မာန်တွေ ခတ်တယ်။ ရေတွေ ထမ်းခဲ့ရတယ်၊ ကွမ်းသီးပင်တွေ ရောင်းခဲ့ရတယ်။ ဟာ ကိုယ်ကျင့်တရားတွေဖြစ်တယ်ဗျို့။ ဪ် ငါ အတော်ဆင်းရဲခဲ့ပါလား။ ဪ် သူတို့လည်း ငါ့လိုဆင်းရဲမှာပဲလို့ တွေးမိတော့ ရော့ကွာ၊ ရော့ကွာ။ သူ့အကုန်ပေးတာ။ တွေးတာပါ။ အဲဒါတွေ တွေးပြီနော်။ အဲဒါတွေ တရားတွေ၊ တရားကျင့်ပြီး ပေးသွားတာ။ ရော့ကွာ(၁)သောင်း၊ ရော့ကွာ(၂)သောင်း၊ ရော့ကွာ(၃)သောင်း၊ ရော့ကွာ(၄)သောင်း။ လှူတာအကုန်ပေးတာ ချန် မထားဘူး။ ကြည့်စမ်း။ အဲဒါတွေ သူများကြွေးတွေလည်း ဆပ်နိုင်တယ်။ သာသနာလည်း ပြုလိုက်၊ လူတွေလည်း စိတ်ချမ်းသာအောင်လုပ်ပေးတာနော်။ ခင်ဗျားတို့ အဲဒါသာတွက်ကြည့်။ ဦးပဏ္ဍိတ ရဲ့ ကိုယ်ရည်သွေးပြီး ပြောတာမဟုတ်ဘူး။ ဂုဏ်ပြိုင်ပြီး ပြောတာမဟုတ်ဘူး။ အထူးအဆန်းနဲ့ ပြော ပြတာ။ အဲဒါတွေကို ခင်ဗျား ဒီလိုမှ ခင်ဗျားတို့ စိတ်တွေ၊ မာန်တွေကို လျော့လိုက်နော်။ မလုပ်နဲ့တဲ့။ နောက် တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်။ ဒိဋ္ဌိဆိုတာ လောကီကို အားကိုးတာ။ ပစ္စည်းကို အားကိုး ထားတယ်။ သားကို အားကိုးထားတယ်။ မယားကို အားကိုးထားတယ်။ အဲဒါ လောကီကိုအားကိုး ထားတယ်။ အဲဒါ အယူမှားနေတယ်။ ပြီးတော့ အမှတ်ကလည်း မှားနေတယ်။ ဟော ဒေါက်တာကြီး၊ ဗိုလ်ချုပ်ကြီးဆိုပြီး အမှတ်မှားနေတယ်။ အဲဒါကို သွားစွဲတယ်။ အဲဒီတော့ ကုပ်ကုပ်ကလေးနေ။ မှန်ရင်ယူထား၊ မမှန်ရင်မယူနဲ့။ ဒါဆိုတော်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် MP-3 ပုဒ်ရေ MM-25 မှ ကူးယူဖော်ပြပါသည်။ )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာစိတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၃၉)**


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

**09-250432050, 09-251620128**

**09-447572355**

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် ( ၂၀၉ )

ဦးဖင်း က စာပေကျမ်းဂန်မတတ်ပါဘူး။ ပြီးတော့ အသက်ကြီးမှရဟန်းဘောင်ကိုရောက်လာတာပါ။ အသက်ဘာ်အရွယ်လောက်မှာရောက်လာလဲ။ (၅၃)နှစ်အရွယ်လောက်မှာ ရဟန်းဘောင်ရောက်ပြီးတော့ တရားတွေဘာတွေအားထုတ်ပါတယ်။ အဲဒီတော့ တရားအားထုတ်တဲ့အသိကို ဦးဖင်း ပြောပြပါ့မယ်။ အားလုံး ဆရာတော်၊ သမားတော်၊ အရှင်သူမြတ်များ အဲဒီတော့ သာမဏေ အားလုံးရှိကြတဲ့သံဃာတွေ၊ အရှင်မြတ်တွေအားလုံး တပည့်တော်က စာမတတ်တဲ့အတွက် ပညတ်နဲ့ ပရမတ်၊ အတ္တနဲ့ အနတ္တ၊ သညာနဲ့ ပညာ ဒါလေးတွေခေါ်ဝေါ်သမုတ်လိုက်တဲ့အခါကျတော့ မှားယွင်းသွားရင် အားလုံး တပည့်တော် အရှင်ဘုရားတို့ကို တောင်းပန်ပါတယ်။ စာမှမတတ်။ အဲဒီတော့ တရားနာကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေ၊ သီလရှင်၊ ယောဂီတို့လည်း ဦးပဏ္ဍိတ က စာမတတ်ဘူးတဲ့။ အသိလေးပဲပြောသွားပါ့မယ်တဲ့။ စိတ်ရဲ့သဘောလေးကိုပြောမယ်။ အဲဒီတော့ ပြောမှားဆိုမှားရှိရင် အားလုံးခွင့်လွှတ်ပါလို့ ဦးဖင်း က ခွင့်တောင်းပါတယ်။ စာမှမတတ်တာ။ အဲဒီတော့ ဦးဖင်း ပြောပြပါ့မယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ဟောတဲ့တရားတွေရှိပါတယ်။ ဘာတွေဟောလဲ။ သစ္စေ အလုံးစုံသော သခ်ီရအနတ္တတဲ့။ ဒီသခ်ီရပါနေပါတယ်ဗျာနော်။ ဒါကြောင့်မို့ သံသရာဘယ်ကစလဲဆိုတော့ ခန္ဓာကစပါတယ်။ သံသရာဘယ်ကလည်သလဲ ခန္ဓာကစလို့ လည်ပါတယ်။ သံသရာဘယ်ကပြတ်သလဲ ခန္ဓာကစလို့ပြတ်တယ်။ ဒါ ကျင့်တဲ့သူမှသိမယ်။ သဘောလေးသာနာ။ အဲဒီတော့ ဘယ်သံသရာလည်သလဲ။ မနော ကာယကံ၊ ဝစီကံ၊ မနောကံ။ ဒီမနောကံဟာ ဘာကြောင့်သံသရာလည်သလဲ။ ဒါတွေကိုစစ်ရတော့မယ်တဲ့ဆိုတာ ခေါ်ဝေါ်သမုတ်တာ။ အပြစ်တစ်ခုရှိမှ ကံလို့တတ်တာ။ ဘာအပြစ်ရှိလဲ။ ဥပါဒါန်သွားစွဲလိုက်တယ်။ စိုးရိမ်ကြောင့်ကြတဲ့အသိဖြစ်ရင် ကံ။ အဲဒါဟာ သံသရာလည်တဲ့တရားခေါ်တယ်။ အပါယ်ကျတယ်မပြောဘူး။ နတ်ပြည်ရောက်တယ်မပြောဘူး။ သူဘယ်သူနဲ့ပေါင်းသလဲ။ အဲဒီစိတ်ကလေးက အာရုံနဲ့ပေါင်းတယ်။ ဒါကြောင့်မို့ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္တသစ္စာလို့ ဘုရားဟောထားပါတယ်။ အဲဒီသစ္စာတွေကို ဦးဖင်း ကနေပြီးတော့ မြန်မာလို သဘောလေးပြောတာပါ။ ဘယ်ဟာတွေကို သစ္စာထားလဲ။ သမုတိသစ္စာနဲ့ အရိယတ္တသစ္စာ ဘာကွာနေသလဲ။ ဒါသဘောလေးမေးတာ။ မှန်တယ်ဗျတဲ့။ သမုတိသစ္စာမှန်ပါတယ်ဗျာ။ မှန်တယ်တဲ့။ ခင်ဗျားယူတဲ့အယူမှန်တယ်။ ဒါပေမယ့် သံသရာဟာစိတ်မချရဘူးတဲ့။ ခင်ဗျားအပေါ်မှူတည်တယ်တဲ့။ အရိယထသစ္စာက ဘယ်လိုလဲတဲ့။ အရိယသစ္စာသည်တဲ့ ဦးဖင်း ဆိုပြမယ်တဲ့။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္တ

သစ္စာ။ အရိယသစ္စာက ဘာကိုထိန်းသလဲတဲ့။ ဒီသစ္စာဟာ အာရုံကိုထိန်းတယ်တဲ့။ အာရုံကို ဉာဏ်နဲ့ ထိန်းထားတယ်တဲ့။ ဒါကြောင့်မို့ အာသွက္ခယဉာဏ်လို့ခေါ်ပါတယ်တဲ့။ ဦးပဏ္ဍိတ က ရတယ် မပြောဘူး။ သဘောလေးနဲ့နာ။ သဘောလေး။ စာတော့မတတ်ဘူး။ အဲဒီတော့ သဘောလေးကို ဘာဖြစ်လို့ သဘောပြောသလဲ။ သဘာဝနော်။ ကိုင်ပြလို့လဲမရဘူး။ ဆုပ်ပြလို့လဲမရဘူး။ ဒါပေမယ့် ယုံကြည်ပါလို့ ခင်ဗျားတို့ကိုပြောပါတယ်။ ဗုဒ္ဓရယ်၊ ဓမ္မရယ်လို့ရှိပါတယ်။ ဗုဒ္ဓရဲ့ ဘာသာနော်။ ဓမ္မာကိုရအောင်လုပ်။ ဓမ္မဆိုတာ ပရိဘောဂစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီဆိုတာ ခန္ဓာခေါ်တယ်။ ဓမ္မစေတီခေါ်တယ်။ ကောဓမ္မောခေါ်တယ်နော်။ သဘောလေးသာနာနော်။ ဦးပဏ္ဍိတ ရတယ်မပြောဘူး။ ရဟန္တာ မပြောဘူး။ အနာဂါမ်လည်း မပြောဘူး။ သောတာပန်လည်း မပြောဘူး။ စာမှမတတ်တာ။ အဲဒီတော့ ဒီလိုအေးငြိမ်းခြင်းဓါတ် အခုဘဝရတယ်။ အပူမဟုတ်ဘူး။ အေးငြိမ်းခြင်းဓါတ်။ ဒါ့ကြောင့်မို့ အဓိ စိတ်ဓါတ်။ စိတ်ပြီးရင် ဓါတ်ခေါ်တယ်နော်။ ဒီက ဓါတ်ကိုထိုးတာ။ ဟိုက သံလုံးပြဒါးထိုးတာ။ လုံထဲမှာ ထည့်ထိုးတာ။ အဲဒီဓါတ်က ဒီဓါတ်က ရုပ်ဓါတ်၊ နာမ်ဓါတ်ကိုထိုးတာ ပေါက်တယ်မပြောဘူး။ ဦးဇင်း လည်း လူပဲ။ ခင်ဗျားတို့နာကြတဲ့ ပရိတ်သတ်အပေါင်းလည်း လူပဲ။ အသိတော့မတူဘူးဗျ။ အဲဒီတော့ မနောရဲ့နှလုံးသားရဲ့ ယူဆချက်ကလေးတွေ လောကီယူသလား၊ လောကုတ္တရာ ယူသလား မသိကြ ဘူး။ တစ်ချို့လောကီကိုယူကြတယ်။ အာရုံ(၆)ပါးပါးက တစ်ချို့အာရုံကိုလွှတ်ပြီးတော့ ယူကြတဲ့ လောကုတ္တရာတရား ဘာမှမရှိဘူး။ ကိုင်ပြလို့လည်း မရတော့နော်။ သဘောလေးသာနာ။ ကံတရား ရှိတယ်။ ဈာန်တရားရှိတယ်။ ဉာဏ်တရားရှိတယ်။ သဘောလေးသာနာ။ ကံတရားဟာဘာလဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဒါ သမုတိသစ္စာမှာ ကံတရားခေါ်တယ်။ အပြင်မှာစင်ကြယ်တယ် အပြင်မှာ ဩော် အေး အေး အေး အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အာရုံ(၆)ပါးနဲ့မှားပြီးတော့ အလုပ်လုပ်နေတဲ့ အသိလေးတွေ အာရုံပေါ်တွေမှာ ဩော် အေး အေး အေး၊ ဩော် အေး အေး အေး။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူ ကို ကြင်နာပါ၊ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ဒီမာန်တွေနော်။ အဲဒီတော့ မဂ္ဂင် နဲ့စစ်။ မဂ္ဂင်က ဘာခိုင်းလဲ။ အဲ မဂ္ဂင်က လက်ကလေးပိုက်တဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မှန်တာကိုကျင့်ပါတယ်၊ မှန်တာကိုပြောပါတယ်၊ မှန်တာကိုအသက်မွေးဝမ်းကြောင်းပြုပါတယ်။ ဒါကံ သမ္မာကံခေါ်တယ်။ မိစ္ဆာကံမဟုတ်ဘူးနော်။ မိစ္ဆာကံတွေဖြစ်မှာစိုးလို့ သမ္မာကံလုပ်ထားတယ်။ ခုစရိုက် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဆိုတဲ့ ဒီသင်္ခါရတွေဟာ မနောသင်္ခါရကို သင်္ခါရ ရုပ်အောင်လုပ်

ထားလိုက်တယ်။ မနောသင်္ခါရလုပ်တော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ လိုလိုရပ်နေရတယ်။ မလုပ်တော့ဘူး။ အာရုံနဲ့လည်းမပေါင်းတော့ဘူး။ အာရုံ(၅)ပါးနဲ့လည်း မပေါင်းတော့ဘူး။ အတွင်းအာရုံလည်း သတ်ပစ်လိုက်တယ်။ ထိတယ်၊ သိတယ်၊ ထိတာကရုပ်၊ သိတာက နာမ်၊ ထိသိပေါ့ဗျာ။ အဲဒါရုပ်နာမ် ခေါ်တယ်။ ဩော် ရုပ် နာမ်တွေဟာ ဒလစဉ်၊ ဒလစပ်ဖြစ်ပျက်နေပါလား။ ဒါသိရမယ်။ ခန္ဓာမှာ ဉာဏ်စိုက်ထား။ အဲဒီတော့ အာရုံ(၅)ပါးလည်း အပေါင်းအသင်းမလိုက်တော့ဘူး။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ကိုယ်အာရုံ မနောကို မနောရဲ့စေတသိတ်ကို သတ်တာပေါ့ဗျာ။ ဒိဋ္ဌိပေါ့ဗျာ။ အဲစာလိုဆို ဒိဋ္ဌိခေါ်တယ်။ အယူမှား၊ အမှတ်မှား၊ အစွဲမှား။ အာရုံကိုယူထားတဲ့ အာရုံနဲ့မပေါင်းတော့ဘူး။ ယူစရာမရှိဘူး။ ထိတာကရုပ်၊ သိတာကနာမ် အဲဒါ ရုပ်နာမ်မပြောဘူးပေါ့ဗျာ။ အဲဒါလေး မှတ်နေတဲ့ အခါ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေက ရပ်နေတော့ အဲဒီအာရုံနဲ့လည်း အဲ မကြားတော့ဘူး၊ မမြင်တော့ဘူး၊ မသိတော့ဘူး။ ကာယကံ(၃)ပါးလည်း ငြိမ်ပြီ၊ ဝစီကံ(၄)ပါးလည်း လုံပြီ၊ မနောကံ (၃)ပါးလည်း ငြိမ်ပြီ၊ ဒုစရိုက်(၁၀)ပါးငြိမ်တော့ မအေးဘူးလား။ အေးတာပေါ့။ အဲ တွေးစိတ်လည်း သတ်တယ်၊ မြင်စိတ်လည်းသတ်ပြီ။ အဲဒါဟာ အသက်(၁၀၀)နေတာ ထက်မြတ်တယ်။ ဘာမရဘူး၊ ညာမရဘူး။ ဘာမှ ရှေ့ကိုမမျှော်နဲ့၊ နောက်မတွေးနဲ့၊ ဗုဒ္ဓရဲ့အယူဝါဒ အဲဒီတော့ ဒီဗုဒ္ဓရဲ့ဟာ ဘာလဲ ယုံကြည်တယ်။ အပြင်သဒ္ဓါကိုယုံကြည်တယ်။ ဩော် တို့ အပြင်သဒ္ဓါ ဘုရားတွေဘာတွေ သံဃာတော် အရှင်မြတ်တွေ ဘာတွေတို့ ယုံကြည်တယ်။ ယုံကြည်တာအပြင် သဒ္ဓါမြင်တာကိုဗျာ။ ဒါပေမယ့် မခွဲခြားနဲ့၊ ခင်ဗျားတို့ သံဃိ နဲ့ ပုဂ္ဂလိ လို့ရေးထားပါတယ်။ အဲဒါလေးကို သိဖို့လိုပါတယ်။ ပုဂ္ဂိုလ်ကို စွဲသွားမှာ စိုးလို့၊ ပုဂ္ဂိုလ်ကို ခင်နေမှာစိုးလို့ သဘောလေးနဲ့နော။ အဲဒီတော့ ဒါတွေ ခုနကလှူခဲ့ပြီ။ အပြင်မှာ စင်ကြယ်မှ ဒီစိတ်အာရုံလေးတွေဟာ စင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာ သမ္မာနဲ့လုပ်။ ကိုယ့်စိတ်ကိုယ်စစ်။ သူများစိတ်ကိုသွားမစစ်နဲ့။ သူများအကြောင်းကို ကိုယ့်အကြောင်းမလုပ်နဲ့။ သူများအကြောင်းကို ကိုယ့်အကြောင်းလုပ်တယ်ဆိုတာ အတင်းတွေပြောတာ၊ မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်။ ညည်းကဘာ၊ ကျုပ်ကဘာ။ ဟာ ဘယ်လိုက ဘယ်လို၊ ဘယ်သူက ဘယ်လို၊ ဘယ်သူတို့ဘာဖြစ်တယ်။ ဒါတွေမပြောနဲ့။ ကိုယ့်အကြောင်းသတ်တဲ့တရား။ အကျိုးမှာပေါ်၊ အကြောင်း မြင်လိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း။ ဒါလေးကို ဆင်ခြင်ပါ။ နှလုံးသွင်းမှန်ဖို့လိုပါတယ်။ ဦးဇင်း က နက်ဖြန်ခါ ပြန်မှာ။ ဒါကြောင့်မို့ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုကြီးလို စာကလည်းမတတ်၊ တရားဟာ အဲဒါပေါ့ဗျာ။ တရားဟာ ခန္ဓာမှာ၊ အဲဒါပေါ့၊ စာတွေသိပ်မှန်ပါတယ်။ စာရှိလို့ ဒီအကျင့်ကို ကျင့်လို့

ရတာပါ။ စာပယ်တာမဟုတ်ဘူး။ ကိုယ်က မတတ်တာ။ အဲဒီတော့ ဒါလေးကို တတ်နိုင်သရွေ့ ကိုယ်လုပ်သွားပါတယ်။ ဒါကြောင့်မို့ တစ်ယောက်နဲ့တစ်ယောက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ။ ကျွန်းပင်က အင်မတန်ကြီးတယ်။ ကိုင်းပင်ကလေးက ကျွန်းပင်ကိုမှီခိုတာ။ တစ်ယောက်နဲ့တစ်ယောက် မေတ္တာတွေထား၊ စေတနာတွေထားကြ။ ဒီလမ်းပြန်မှာ။ ဘုရားကဟောထားတယ်။ (၃၁)ဘုံ ကောင်းရာသုဂတိကိုရောက်အောင် လူ့ဘုံကနေပြီးတော့ စေတနာတွေနဲ့ ခင်ဗျားတို့ အယုတ်၊ အလတ်၊ အမြတ်မရွေး စေတနာတွေမပျက်နဲ့။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်နဲ့။ သြော် သူများပါးရိုက်လည်း ဟုတ်ကဲ့၊ ဟုတ်ကဲ့။ သူများလက်သီးနဲ့ထိုးလည်း ဟုတ်ကဲ့ ဟုတ်ကဲ့။ ကိုယ်ယူမိပြီ။ ခင်ပွန်းကို သစ္စာထားရတော့မယ်နော်။ စေတနာမပျက်နဲ့။ တစ်ခါတစ်လေ လျှာနဲ့သွားတောင် ကိုက်မိသေးတာပဲ။ သည်းခံပါ။ စေတနာထားပါနော်။ အဲဒီခင်ဗျားစိတ်ကလေးဟာ စေတနာလေးကို မှန်အောင်သုံးထားရင် ဝိသုဒ္ဓိသီလဖြစ်တယ်။ ဝိဆိုတာ အထူး၊ သုဒ္ဓိဆိုတာ မနော။ အင်မတန်မှ မကောင်းတဲ့ဒုစရိုက်၊ မိစ္ဆာအယူကို မယူပဲနဲ့ အထူးသည်းခံပြီးတော့ ငါ့ရဲ့ရင်ထဲမှာရှိတဲ့ နှလုံးသားရဲ့စေတနာ မပျက်ပါစေနဲ့။ လင်ကမုဆိုး၊ မယားကသောတပန်နော်။ သဘောလေးပဲ။ အပြင်နဲ့အတွင်း အဲဒီသောတပန်က လင်ပန်းပေါ်မှာ အမဲသားရောင်းတယ်။ လင်ကမုဆိုး၊ ပစ်ပေးလိုက်တယ်။ မယားက မရောင်းရင် လင်က နှိပ်စက်မယ် နော်။ စေတနာက သူထားတယ်နော်။ လင်ပန်းပေါ်မှာ အမဲရောင်းတာ။ လူတကာမြင်ပြီ။ အမဲရောင်းတာ နှလုံးသားက အဲဒီဒကာမလေးရဲ့ နှလုံးသား ဘယ်သူမှမသိလိုက်ဘူး။ ဒါကြောင့်မို့ ဥပမာလေးနဲ့ ဥပမာ ဥပမေယျလေးနဲ့ သဘောလေးကို စိတ်အကြောင်းပြောသွားတာပါ။ ဒါကြောင့်မို့ ဒီတရားတွေဟာ ကျင့်ကြပါ၊ ကြံကြပါ။ လူ့ဘုံဟာ ဘာမှမမြဲဘူး။ ပညတ်က မမြဲဘူးဗျ။ ပညတ်ရုပ်ကြီးက ကြာလာတော့ အဲဒီရုပ်ကြီးကြည့် သွားတွေမရှိတော့ဘူး၊ ဆံပင်တွေဖြူလာပြီနော်။ ဇာတိကိုပြလာပြီ။ ဇရာဖြစ်လာတော့မယ်။ စာတော့မတတ်ဘူး။ အဲဒါလေးနဲ့ဆိုပြတာ။ ရုပ်ကြီးပျက်တော့မယ်။ အဲဒီတော့ စိတ်ကမပျက်ဘူးဗျ။ စိတ်ကမအိုဘူး။ ရုပ်ကအိုမယ်။ ရုပ်အိုတော့မှ စိတ်ကမတတ်နိုင်တော့ဘူးနော်။ ရုပ်ကြီးက တစ်ခါတည်း လေငန်းလိုလို ဘာလိုလိုနဲ့ မသွားနိုင်တော့ဘူး။ အဲဒီတော့ ကြောင်ကြီးက ကြောင်အိုတော့ ကြွက်မလေးစားတော့ဘူး။ အဲဒီလိုဖြစ်သွားလိမ့်မယ်။ ကြိုးစားပါ၊ ကျင့်ပါ၊ အကျိုးရှိတဲ့ဟာကို နှလုံးသွင်းပါ။ မကောင်းတဲ့ မစ္ဆရိယစိတ်၊ မနောလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်။ ဒီစိတ်တွေကို ဒေါသစိတ်၊ လောဘစိတ်၊ မောဟစိတ်တွေကို ဒါတွေကို ပယ်ပစ်ပါ။ သြော် မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား၊ သိတာလည်း မမြဲပါလား။ သြော် မမြဲတော့ မစွဲဘူး၊ မစွဲတော့ ဥပါဒါန်မရှိဘူး။

ဥပါဒါန်ပြတ်တော့ အေးတာပေါ့။ အခုဘဝအေးရမယ်။ ရေခဲတုံး ဗိုက်ထဲထည့်ထားသလို အေးနေရမယ်။ အပူတရားမဟုတ်ဘူး။ လာသမျှအာရုံ(၆)ပါးက သူအေးအေးနေတာ။ စကားတောင်မပြောတတ်ပါဘူးဗျာ။ စာမှမတတ်တော့ အဲဒီလိုရှိပါတယ်။ မနောအေးနေတဲ့ အဲဒီတော့ သဘောလေးဒါကြောင့်မို့ ဒီဝိပဿနာရဲ့တရား၊ ဗုဒ္ဓရဲ့အယူဝါဒတွေကို အဲ လုပ်ကြ၊ ကိုင်ကြတယ်။ သဒ္ဓါဗိုလ်တွေ၊ သဒ္ဓါဗိုလ်ဆိုတာ ယုံကြည်တာ။ သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ တက်တက်သွားတာ။ ကိုယ်မှန်ဖို့လိုတယ်။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး၊ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ဉာဏ်စခန်းဗျ။ ဝိပဿနာ ဝိပဿနာဟာ ဉာဏ်အစစ်၊ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ၊ ဉာဏ်ဆိုတာ ကံပြတ်တာ။ ကံရဲ့ ဥပါဒါန်တွေပြတ်နေတာ။ အစွဲပြတ်နေတာ။ အဲဒီသဘောလေးရှိတယ်။ အာရုံပေါ်မှာ မြော်မြင်တာက မတ်တပ်၊ ကြားတာမတ်တပ်၊ နံတာမတ်တပ်၊ စားတာမတ်တပ်၊ ထိတာမတ်တပ်၊ မနောက မလိုက်တော့ဘူး။ ကျင့်ထားတာကိုဗျ။ ကျင့်ထားတော့ အာရုံတွေကို သူအာရုံနောက်ကို မနောက မလိုက်တော့ အဲဒီတော့ မကျင့်တဲ့သူကလေ ဟော မကျင့်တဲ့သူကတော့ သဘောလေး။ တဏှာနဲ့ ကိလေသာ နှစ်ပင်လိမ်နေတယ်။ ဟောဒါက ကိလေသာရုပ်တရားကြီး။ အဲဒီကိလေသာရုပ်တရားကြီးမှာ တဏှာတွေရှိတယ်။ နှစ်ပင်လိမ်နေတော့ မဖြည်နိုင်တော့ အဲဒီပုဂ္ဂိုလ် မဖြည်နိုင်တော့ဘူး။ အဲဒီ နှစ်ပင်လိမ်တော့ ဘာဖြစ်လာလည်းဆိုတော့ ဟား အဲဒီရုပ်တရားကြီးကလေ ကိလေသာကြီးကလေ တဏှာတွေရှိတယ်ဗျို့။ ဒါပေမယ့် သဘောလေး။ အဲဒီကိလေသာနဲ့ တဏှာ နှစ်ပင်လိမ်နေတဲ့ ဘာစိတ်ဖြစ်လာလဲ။ မောဟစိတ်ဖြစ်လာတယ်။ ဒီမောဟစိတ်ဖြစ်လာတယ်နော်။ မောဟက ဘယ်သူနဲ့ပေါင်းလဲ။ အာရုံ(၆)ပါးနဲ့ပေါင်းထားတယ်။ ဟာ ဒုက္ခတွေဖြစ်တာပဲ။ အဲ ဒါတော်တော်လေးပဲ။ ခက်ခဲနက်နဲတယ်။ နက်ရှိုင်းတယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ ရေးထားတယ် စာ။ ဦးပဏ္ဍိတ ရတယ်မပြောဘူး။ အဲဒီနှစ်ပင်လိမ်တဲ့ ယောက်မနှစ်ချောင်းက မွှေတော့တာပဲဗျို့။ ဘာမှလည်းမသိဘူး။ အာရုံနဲ့ပေါင်းပြီနော်။ ဒါကြောင့်မို့ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်အစ်မကြီးလို၊ ကိုယ့်ဆရာတော်တွေပြန်ကြမယ်။ ခင်ဗျားတို့က အရင်ပြန်မလား၊ ဦးပဏ္ဍိတ က အရင်ပြန်မလား။ ပြန်ရမှာပဲ။ စိတ်သာချ။ အဲဒီတော့ ဒီရုပ်နာမ်ကိုလွှတ်တဲ့ဝိဉာဉ်လေးကို လုပ်ကြပါ၊ ကိုင်ကြပါ။ ဒီတရားဟာ ဆုတောင်းလို့လည်းမလွယ်ဘူးဗျ။ လုပ်မှသိမယ်၊ သိမှပယ်မယ်၊ ပယ်မှ မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ လုပ်ပါ အလုပ်လုပ်ပါနော်။ လုပ်မှ ဗုဒ္ဓအယူဝါဒ အင်မတန်ထူးပါတယ်။

ဟောဒီမဂ္ဂင်နဲ့ သွားလမ်းဆုံးတော့လေ ခင်ဗျား ရွာမတွေ့တောင် ခင်ဗျားရဲ့ လုပ်တဲ့စရဏ သဒ္ဓါဗိုလ်ရယ်၊ ဝီရိယဗိုလ်ရယ်၊ သီလဗိုလ်ရယ်၊ သမာဓိဗိုလ်ရယ်။ အပါယ်လေးပါးတံခါးပိတ်တယ်။ လူလည်း အာရောဂျံ ပရမံ လာဘံ ကျန်းမာရေးလာဘ်ရတယ်။ ဆေးထိုးစရာ ဆေးသောက်စရာမလိုဘူးနော်။ ဒါလေးတွေ ဦးဇင်း ကနေပြီး ကိုယ့်အဖေ၊ အမေအရင်းလို ဆွေတော်အပေါင်း မျိုးတော်အပေါင်း ဆိုတော့ ဩော် သူတို့က ငါ့ကို သင်္ကန်းတွေဝယ်ပေးပါလား၊ ထမင်းတွေကျွေးပါလား၊ ငါ့ကို တရားတွေ လာပြီးနာကြပါလား။ ဩော် ဦးဇင်း ရဲ့ မှန်ကန်တဲ့ခန္ဓာကသိတဲ့ ဘဝင်အသိလေးတွေကို ခင်ဗျားတို့ကို ပြောတာပါ။ အာရုံနဲ့မနော ဘယ်လို ဦးပဏ္ဍိတ က ဘယ်လိုအရင်တုန်းကဖြစ်လာလို့ ဒီအာရုံကြောင့် ဥပါဒါန်ဖြစ်တယ်။ မနောအာရုံရှိတယ်။ အပြင်အာရုံရှိတယ်။ အာရုံတွေပဲ အဲဒီမနောရဲ့ အာရုံတွေကို သူကလည်းကြံစည်နေတာပဲ။ ဘေးနားက ကပ်နေတဲ့ မယားတောင်မသိပါဘူး။ အဲ ဦးမြမောင် ကြံစည် နေတာတွေ သူမသိပါဘူး။ ငါဘယ်သွားရင်ကောင်းမလဲ။ ဘာလုပ်ရင်ကောင်းမလဲ။ ဘာကိုင်ရင် ကောင်းမလဲ။ ဟော မိန်းမက မသိဘူး။ ခြင်ထောင်ထဲတောင် ဒီစိတ်ကလိုက်တွေးတယ်နော်။ ဒီလောက်အထိ အင်မတန်မှ ခက်ပါတယ်။ အဲဒီစိတ် အဲဒီတော့မှ သစ္စာထားတယ်၊ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ။ အရိယတ္ထသစ္စာသည် မနောအာရုံ၊ အပြင်အာရုံ၊ အတွင်းအာရုံ သူက သစ္စာ သွေးသားလည်းပြောင်းတယ်၊ စိတ်လည်းပြောင်းတယ်။ သွေးသားပြောင်းလို့ စိတ်ပြောင်းလို့ သူထားလို့ရတယ်။ သွေးသားတောင်မပြောင်းသေးရင် စိတ်လည်း မပြောင်းရင် သစ္စာဟာပျက်တယ်နော်။ အဲဒီတော့ ခုနကလိမ်တာပေါ့ဗျာ။ မယားကိုလိမ်ပြောမှာပေါ့။ ဒါတွေဟာရှိပါတယ်။ ဒါကြောင့်မို့ ဒီတရားတွေကို ကျင့်ကြ၊ ကြံကြ။ အဲဒီတော့ မကျင့်နိုင်၊ မကြံနိုင် လို့ရှိရင်လည်း အမြတ်စွာ ဘုရားရဲ့ဟောထားတဲ့ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတွေ။ ဒါတွေကိုလေ့လာပါ၊ သုံးသပ်ပါ၊ အမြတ်စွာ သမ္မာလေးနဲ့နေထိုင်ပါ။ မိစ္ဆာအယူတွေနဲ့ မနေနဲ့။ ခင်ဗျားတို့စိတ်သာချ။ ပြန်ရမှာ။ အဲဒီတော့ ဥပမာပေါ့ဗျာ။ ပျံလေတဲ့ငှက်ခါး နားမှသိမယ်။ သေမှ ခင်ဗျားတို့သိမယ်။ မဆေခင် ဒီက ပြောပြခဲ့တာနော်။ ဘာဖြစ်ဖြစ် ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ၊ သံဝေဂတရားထား ပါ။ ကိုယ်လည်း မပယ်နိုင်တော့ဘူး။ ဘာတွေမပယ်နိုင်လဲ။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါး။ ဒီအာရုံ(၆)ပါးလွှတ်မှ (၃၁)ဘုံ ခင်ဗျားလွှတ်မှာ။ လွှတ်မှာပေါ့ဗျာ။ ဗမာလို ပြန်လိုက်မယ်ဆိုနော် အာရုံ(၆)ပါးနဲ့ ဓါတ်(၄)ပါးကချုပ်။ အာရုံ(၆)ပါးကလည်း ပြတ်။ အာ ခင်ဗျားပြီး ရောပေါ့။ အဲဒီမှာ ခင်ဗျားဟာခင်ဗျားသိပါလိမ့်မယ်နော်။ ဒါကြောင့်မို့ ဓါတ်လေးပါးဟာ အမိစိတ်ဓါတ်လို့

ခေါ်ထားတယ်။ ဓါတ်ကိုရှုလိုက်တာ အဲဒီတော့ အဲဒါလေးတွေကိုကျင့်ကြပါ။ အဲဒီတော့ ကျင့်တဲ့အခါမှာ အာရုံကိုပယ်ပါ၊ အာရုံ(၅)ပါးနဲ့ အတွင်းအာရုံနဲ့မပေါင်းပါနဲ့။ အတွင်းအာရုံကိုသတ်ပါ။ အယူမှား၊ အမှတ်မှား၊ အစွဲမှား။ အပြင်အာရုံကိုယူထားတဲ့ဟာတွေကို နိဝရဏတွေကိုလေ့လာပြီး တရားထိုင်တဲ့ အခါမှာ ဖြိုးကနဲ ဖျက်ကနဲပေါ်လာတယ်။ တစ်ခါတလေ တရားထိုင်တဲ့အခါမှာ သတိကင်းမဲ့ပြီးတော့ အဲ ထိန မိဒ္ဓ ဝင်လာတယ်။ ဆက်ကနဲဆို လန့်သွားတယ်။ တွေးတောင်ကြည့်ပေတော့။ အဲဒါ ထိန မိဒ္ဓဝင်တာ။ ဆက်ကနဲဆို သူလန့်သွားတယ်။ အဲဒီလိုမဝင်စေနဲ့။ အဲဒီမဂ္ဂေါလမ်းသွားတာက ထိန မိဒ္ဓတွေလည်း ခေါင်းပါးလာတယ်။ နိဝရဏတွေလည်း ခေါင်းပါးလာတယ်။ အာရုံတွေခေါင်းပါးလာတယ်။ ဒုစရိုက်တွေလည်း ခေါင်းပါးလာတယ်။ တဖြည်းဖြည်း စိတ်ကလေးကကြည်လင်ပြီးတော့ လပမာလိုဖြစ်လာလိမ့်မယ်။ ဒါ ခင်ဗျားရဲ့ကြိုးစားမှုတွေ။ ခင်ဗျားရဲ့ လုံ့လမှုတွေ၊ ခင်ဗျားရဲ့ ဝီရိယမှုတွေ။ ကြိုးစားပါ၊ အဲဒီတော့မှ ခင်ဗျားသိလာမယ်။ ဩော် စားချင်တဲ့စိတ်ကလေး ခေါင်းပါးလာပြီ၊ အိပ်ချင်တဲ့ စိတ်ကလေး ခေါင်းပါးလာပြီ။ ဟိုနားဒီနားသွားချင်တဲ့စိတ်ကလေး ခေါင်းပါးလာပြီ၊ သူများအကြောင်း ပြောချင်တဲ့စိတ်ကလေး ခေါင်းပါးလာပြီ။ အကုန်ခေါင်းပါးလာပြီ။ တစ်နေ့တစ်နေ့ ဒါပဲလုပ်နေတယ်။ သူ မနေ့အာရုံရသွားတာကိုဗျ။ ဒါကြောင့်မို့ တေ့ဆက်နဲ့ ချိတ်ဆက်တဲ့၊ ကွင်းဆက်တဲ့ ဒါဘာလဲ ဆိုတော့ အပြင်စေတနာ၊ အတွင်းရဲ့ အပြင်ကိုမြင်လိုက်တဲ့အခါကျတော့ ဩော် ဒါတွေဟာ ငါ့သမီး၊ သားတွေပဲ။ စေတနာပဲ။ အဲဒီစေတနာဟာ သညာနဲ့မှတ်တဲ့စေတနာခေါ်ပါတယ်။ အဲဒီတော့ ပညာနဲ့ မှတ်တဲ့စေတနာကတော့ အားလုံး အယုတ်၊ အလတ်၊ အမြတ်မရွေး အားလုံးစေတနာထားတယ်။ စေတနာဆိုတာ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် လေးလေးစားစားနဲ့ အဲဒီတော့ ကိုယ်ကျင့်တရား၊ စာနာတဲ့စိတ်ရှိတယ်။ ကိုယ်ကျင့်ထားတဲ့တရား။ အဲဒီတော့ ကိုယ့်ခန္ဓာက ကျင့်ထားတဲ့တရားကို စာနာတဲ့စိတ်ရှိလာပြီ။ စေတနာမပြောင်းလဲတော့ဘူး။ အဲဒီလိုစေတနာလေးနဲ့ သူက ထားတဲ့အတွက်ကြောင့် ဒါကြောင့်မို့ ဝိပဿနာရဲ့ ဉာဏ်ထူးဉာဏ်မြတ်တွေနော်။ ဒါလေးလုပ်ပါ။ ပိုက်ဆံလည်းမပေးရ၊ အဲဒီလိုစေတနာလည်းမှန်တဲ့အခါကျမှ ခင်ဗျားဘာဖြစ်မှာလဲ။ ဝိသုဒ္ဓိရဲ့ သီလဖြစ်မယ်။ အတွင်းသီလဖြစ်လာမယ်။ အတွင်းသီလဖြစ်လာမှ အပြင်မှာစင်ကြယ်မယ်။ ဒါ ဝိပဿနာသွားတဲ့လမ်း အတွင်းအဓိစိတ္တ၊ အတွင်းသီလ အနှစ်ကထိုင်မှ အပြင်သီလစင်ကြယ်မယ်။ ဒါကြောင့်မို့ ဝိပဿနာရဲ့ ဉာဏ်ထူးဉာဏ်မြတ်တွေနော်။ ဒါလေးလုပ်ပါ။ ပိုက်ဆံလည်းမပေးရ အဲဒီလိုစေတနာလည်းမှန်တဲ့အခါကျမှ ခင်ဗျားဘာဖြစ်မှာလဲ။ ဝိသုဒ္ဓိရဲ့ သီလဖြစ်မယ်။ အတွင်းသီလဖြစ်လာမယ်။ အတွင်းသီလဖြစ်လာမှ အပြင်မှာစင်ကြယ်မယ်။ ဒါ ဝိပဿနာသွားတဲ့လမ်းအတွင်း အဓိစိတ္တ အတွင်း

သီလ အနှစ်ကထိုင်မှ အပြင်သီလစင်ကြယ်မယ်။ ဒါကြောင့်မို့ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာချုပ်တယ်တဲ့။ ဟော ချုပ်ထားပြီနော်။ သဘောလေးနဲ့နော်။ အဲဒီတော့ အပြင်သီလ ကိုချုပ်ပြီဗျို့။ ဟာ ဘယ်လောက်ထူးသလဲလို့ ဘယ်သူကချုပ်လဲ။ ဉာဏ်ကချုပ်ထားတယ်။ ဂန္ထိရဉာဏ်၊ ဇဝနဉာဏ်၊ စကွဲ့ဥဒပါဒိ ဉာဏ်ဆိုတာ ဥပါဒါန်မရှိလို့ အစွဲမရှိလို့ ဒီပစ္စည်းလှူတာတော့ လှူတာပေါ့ ဗျာ။ လှူပြီးတော့ ကျောင်းတွေဆောက်ပေးတယ်၊ ရေတွင်း၊ ရေကန်တွေတည်ပေးတယ်။ လိုသမျှ ပရိဘောဂစေတီကိုလုပ်ပေးတယ်။ ဓါတုစေတီကိုလုပ်ပေးမယ်။ ဥဒ္ဒိဿစေတီကိုလုပ်ပေးတယ်။ ဘယ်သူကလုပ်ပေးလဲ။ ဓမ္မကလုပ်ပေးတယ်။ ဓမ္မဆိုတာ သူ့လာလှူကုန်ပြီ။ အဲ လာပြီဗျို့။ အကြီး အကျယ်လာလာတာပဲ။ ထိုင်သာနေ ဓမ္မဖြစ်တဲ့လူကလေ ထိုင်သာနေ။ အဲဒီတော့ ဥပမာပေါ့ဗျာ။ ဦးဖင်း က မြင်ခဲ့လို့ပြောတာပါ၊ ကြားခဲ့လို့လည်း ပြောတာပါ။ ပိုက်ဆံတွေကို ခလိုးခလောက်၊ ခလိုးခလောက်နဲ့ ကားတွေရပ်ပေးရတယ်။ တောင်းတာ သာသနာအတွက်တောင်းစရာမလိုဘူး။ ဒီဘုရားကြီးတည်တာ။ သူတို့သိတာပါနော်။ ကောင်းတဲ့အလုပ် မင်္ဂလာအလုပ်လုပ်ထားတာ။ ဒါ ဘုရားတည်နေတာ။ ဘာမှ ခွက်ထိုးခံစရာမဟုတ်။ ကိုယ်မှန်ဖို့လိုတယ်။ ကိုယ့်စိတ်ကိုယ်စစ်ပါနော်။ ကိုယ့်ဟာကိုယ်ထိုင်နေ။ လာလှူ တဲ့သူ အဆင်သင့်ဖြစ်လာလိမ့်မယ်။ အဲဒါမှ ဓမ္မခေါ်တယ်။ ခုနက အလှူတွေမှာ ကားတွေရပ်ကောင်း ပါတယ်။ ဒါ သမုတိသစ္စာပဲ။ ကံအလုပ်တွေပဲ။ ဟိုဟာက အရိယသစ္စာ ဓမ္မဖြစ်နေပြီ။ ကံကိုကူညီ ပေးတာ။ မင်္ဂနဲ့ကူညီပေးလိုက်တော့ လူမသိလိုက်ဘူး။ အဲဒါ မင်္ဂမျိုးစေ့၊ မဂ္ဂင်ဖောင်ဆိုက်ပေးတာ။ ဒီမှာ ရန်ကုန်မြင်လာပြီးတော့ အေးကွာတဲ့ တစ်ယောက်နဲ့တစ်ယောက် စေတနာချင်းမတူဘူးကွ။ စေတနာချင်းမတူရင်လည်း သဒ္ဓါချင်းမတူဘူးကွတဲ့။ သဒ္ဓါချင်းမတူရင်လည်း ဝီရိယချင်း မတူဘူးကွ တဲ့။ သဘောလေးသာနာပါ။ သွားကြမယ်နော်တဲ့။ ဟောဒီရုပ်ကြီးက မမြဲဘူး။ ဒီရုပ်မမြဲတော့ ဘာဖြစ် လဲ။ သံဝေဂတွေဖြစ်လာတယ်ကွတဲ့။ စာနာတဲ့စိတ်တွေဖြစ်လာတယ်ကွ။ ပြဟ္မစိုရ်ကရားတွေ၊ သစ္စာ တွေဖြစ်လာတယ်ကွ။ ငါ့ရုပ်ဟာ နှုတ်ခမ်းမွေးတွေဖြူနေပြီ။ ပါးစပ်ထဲမှာ သွားမရှိတော့ဘူး။ ဆံပင်တွေ ဖြူလာပြီ။ ဩော် အိုရဦးမှာပါလား၊ နာရဦးမှာပါလား၊ သေရဦးမှာပါလား။ ငါ့ရဲ့ကုသိုလ်တစ်ပဲ ငရဲ တစ်ပိဿာ။ ငါ့ရဲ့ ငရဲတစ်ပိဿာတွေကို ငါ့စိတ်ငါစစ်မယ်။ အဲဒီတော့ ရုပ်ကုဋေ(၅)သောင်း၊ နာမ် ကုဋေ(၁)သိန်း ဖြစ်ပျက်မှုမသိရင် ငါ့ရဲ့ ကိလေသာကြွေးတွေတင်လိမ့်မယ်။ ကြွေးမတင်တဲ့နေရာကို ရောက်အောင်သွားမယ်။ သဘောလေး သဘောလေးနော်။ အာရုံ ကာယသတိပဋ္ဌာန်၊ ဝေဒနာ သတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မကို ဘယ်အချိန်ကူးကူး ကူးလိမ့်မယ်။ အဲဒီတော့ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မာနော်။ ဓမ္မာဆိုတာ တရားကိုပေါက်သွားတဲ့သူကို ဓမ္မလို့ခေါ်

တယ်။ အောင်သွားပြီ။ ကျင့်ဖွယ်ကိစ္စကုန်သွားပြီ။ မေးပေတော့တဲ့။ ခင်ဗျားတို့ လောကမှာရှိတဲ့ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက လောကသုံးပါးကိုမေးပေတော့တဲ့။ မေးတဲ့ ငါ့စာကော့မတတ်ဘူးတဲ့။ ဦးပဏ္ဍိတ ရတယ်မပြောပါဘူး။ စိတ်၏ အေးငြိမ်းခြင်းခါတ်ရတယ်ဆိုတာ ကတော့ အတင်းကောက်တင်ပြီးတော့ ပြောတာမဟုတ်ပါဘူး။ မင်းတို့ကို သစ္စာဆိုသွားမယ်တဲ့။ ငါ့စိတ် အခုဘဝမှာအေးနေတယ်ကွာတဲ့။ မယားသေလည်း မပူဘူး၊ သားသေလည်း မပူဘူး။ အဲဒီကျောင်းကန် ကြီးတက်နေတဲ့အခါ ပျက်စီးချို့ယွင်းသွားလည်း ငါမပူဘူး။ ငါသေရမယ့်လမ်းလည်း ငါမပူဘူး။ ဟော သူက မယားသေလည်း မပူဘူး၊ သားသေလည်း မပူဘူး။ ဒီကျောင်းကန်ကြီးပျက်နေတဲ့အခါ ပျက်စီး ချို့ယွင်းသွားတယ်။ ငါမပူဘူး။ ငါ့သေရမယ့်လမ်းလည်း ငါမပူဘူး။ မင်းသတ်ချင်လည်း သတ်ပါကွာ။ မင်းကောင်းစားရေး တစ်သက်မဟုတ်ဘူး၊ ဆယ်သက်ကောင်းစားမယ်ဆို သတ်ပါကွာ။ ငါ မင်းရဲ့ ပါရမီကိုဖြည့်ပေးပါ့မယ်။ ဒီလိုပြော မင်းရဲဆန္ဒအောင်မြင်မယ်ဆိုရင် ငါ အသက်လှူပါတယ်ကွာတဲ့။ ဒီလိုပုဂ္ဂိုလ်တွေပါ။ စာတော့မတတ်။ အမှန်ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ သညာတရား ရှိတယ်၊ ပညာတရားရှိတယ်။ အတ္တတရားရှိတယ်၊ အနတ္တတရားရှိတယ်။ ဟော တရားတွေရှိပါတယ်။ ပညတ်တရားဆိုတာဘာလဲ။ သမုတိသစ္စာခေါ်တယ်။ ပရမတ်တရားက အဲ သဘာဝတရားဆိုတာ အရိယသစ္စာခေါ်တယ်။ သဘောလေးရှိတယ်။ ပညတ်ကိုမပယ်ဘူး။ မစွဲဘူးနော်။ ပညတ်နယ်ထဲ အကုန်ပညတ် ဩော် အေး အေး၊ ဩော် အေး အေး အေး။ ဒါကြောင့် မရှိတာကိုရှာရင်ရတယ်။ မသိတာက အခက်ဆုံး။ တစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ သူ့ပစ္စည်းကို ရှိရှိ သေသေကိုင်ပါ။ သူစိတ်ဆင်းရဲအောင် မင်းမလုပ်ပါနဲ့။ သူစိတ်ချမ်းသာအောင် ပါရမီဖြည့်ပေးပါ။ သူ့အလိုကို လိုက်ပေးပါ။ မကောင်းတဲ့လူနဲ့မပေါင်းပါနဲ့။ ကောင်းတဲ့လူနဲ့ပေါင်းပါ။ မကောင်းနဲ့ သူနဲ့ ပေါင်းရင် အဇာတသတ်ဘာဖြစ်သလဲ၊ ဒေဝဒတ်နဲ့ပေါင်းလို့ အဇာတသတ် က ဘုရားခေတ် ဒုက္ခတွေ ရောက်တယ်နော်။ အဇာတသတ် ဒေဝဒတ်သွားပေါင်းလိုက်တော့ အပေါင်းအသင်းမှားလို့လည်း ကျတတ်တယ်။ အပေါင်းအသင်းကောင်းလို့လည်း တက်တက်တယ်။ ကြည့်ပြီးတော့ယုံ၊ မင်း မြင် သလား၊ မင်း မမြင်ဘူး။ သူများမြင်တာကို မင်းသွားပြီး ဒီအယူတွေမယုံနဲ့။ စဉ်းစားပါ၊ လေ့လာပါ၊ သုံးသပ်ပါ၊ မဆုံးဖြတ်ပါနဲ့။ အင်မတန်စဉ်းစားပါဦး။ သူများမြင်တာ ကိုယ့်လာပြောတယ်။ ကိုယ့်လာ ပြောတော့ ကိုယ်က တစ်ခါတည်း ဟုတ်တယ်ကွဆိုယူထားလိုက်တယ်။ ဟုတ်သလား။ ကိုယ်ကိုယ်တိုင် မြင်မှ သစ္စာခေါ်တယ်။ သမုတိသစ္စာခေါ်တယ်။ ကိုယ်နားကြားမှ သမုတိသစ္စာခေါ်တယ်။ သစ္စာတွေနော်။ အဲဒီတော့ သူများပြောတာလည်း မင်းယုံတယ်၊ သူများပြောတာနဲ့ မင်းလုပ်လိုက်တယ်။ ဟာ ဒုက္ခတွေ။

စဉ်းစားပါကွာ၊ လေ့လာပါကွာ။ ဒါတွေပဲ စိတ်ကလေးကို အခင်မတန်အကုသိုလ်ကံလေးတွေ၊ မိစ္ဆာကံလေးတွေဖြစ်သွားမယ်။ မိစ္ဆာကံဆိုတာ ဘယ်လိုလဲ။ ငါမြင်လိုက်တယ်ကွာ၊ ငါပြောလိုက်ပြီကွာ၊ ငါသိလိုက်ပြီကွာ။ အဲဒီတော့ သမ္မာနဲ့သိတာနဲ့ အဲ သညာနဲ့သိတာနဲ့ ပညာနဲ့သိတာ။ အဲဒါကွာတယ်။ အဲဒီအမြင်မှာ ငါမြင်လိုက်ပြီကွာ။ သညာနဲ့သိတယ်။ သညာနဲ့မြင်လိုက်တယ်။ ပညာနဲ့မြင်လိုက်တယ်။ ပညာဆိုတာဘာလဲ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ပညာနော်။ လောကုတ္တရာရဲ့ သဘောလေး။ မဂ်ကလာတဲ့ ပညာခေါ်တယ်။ မဂ္ဂင်ရှစ်ပါးကလာတဲ့ ပညာတွေ။ မဂ္ဂင်ရှစ်ပါးရဲ့ အသိတွေနော်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ပညာမဂ္ဂင်။ မဂ္ဂင်ကလာတဲ့ ပညာတွေနော်။ ဉာဏ်ရတယ်မပြောဘူး။ အဲဒါလေးကိုစစ်ပါ။ ဪ မင်းမြင်လိုက်တဲ့အခါမှာ မင်းအသိနဲ့ သညာအသိနဲ့မြင်လိုက်တာ။ မင်းကြားလိုက်တာ။ သညာအသိနဲ့ကြားလိုက်တာ။ မင်းနှလုံးသွင်းတာ။ သညာအသိနဲ့နှလုံးသွင်းပြီ။ အဲဒီတော့ မင်းစဉ်းစားပါ။ ပညာလေးနဲ့ မင်းမြင်လိုက်ပါ။ ပညာလေးနဲ့ ကြားလိုက်ပါ။ ပညာလေးနဲ့ နှလုံးသွင်းလိုက်ပါ။ ဟော သဘောလေး သဘောလေး။ အဲဒီတော့မှ မင်းရဲ့စိတ်ကလေးထိန်းတဲ့ သီလ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတွေ၊ သိက္ခာ(၃)ပါး မင်းမှာပြည့်စုံလိမ့်မယ်။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အာရုံနော်။ အာရုံကိုမြင်ပြီ။ မျက်စိကမြင်လိုက်ပြီ၊ သမ္မာလေးနဲ့မြင်လိုက်၊ သမ္မာလေးနဲ့ ဪ အေး အေး အေး ဘာလုပ်လုပ်ကွာ ငါသည်းခံမယ်။ ဪ အေး ဟိုက မိစ္ဆာလုပ်နေဦး။ ကိုယ်က သမ္မာယူထားလိုက်ပြီ။ ဟိုလူက မိစ္ဆာလုပ်နေဦး ကိုယ်က သမ္မာယူထားလိုက်။ ဪ အေး အေး သူမိစ္ဆာတွေလုပ်နေတယ်။ သူ့အနား ငါမကပ်တော့ပါဘူးကွာ။ အဝေးကရှောင်မယ်ကွာ။ ဒါ သူတော်ကောင်း အစားစားရှိတယ်နော်။ သူတော်ကောင်းဖြစ်အောင် လုပ်ပေး။ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်နဲ့။ ဒီဘဝပြန်ကြမှာ။ ဒီလူ့ဘုံဟာမမြဲဘူးဗျ။ အိုမယ်၊ နာမယ်၊ သေမယ်။ အကယ်၍များ တစ်လုံးတစ်ပါဒရတယ်။ အဲဒီတော့ ဘုရားလေးကိုရှိခိုးပါ။ အဲ စိပ်ပုတီးလေး စိပ်ပါ။ ဘယ်သူဖြစ်ဖြစ် အိမ်နီးချင်းကိုစောင့်ရှောက်ပါ။ ကလေးသူငယ်ကိုလည်း စောင့်ရှောက်ပါ။ လူကြီးသူကြီးပြောတာကိုလည်း နားထောင်ပါ။ တစ်ချို့က ဦးဇင်း တို့ မြောင်းမြမှာ လူကြီးတွေပေါ့ဗျာ။ မင်းတို့ တနင်္ဂနွေနေ့ကွာ လုပ်အားပေးကြပါကွာ။ လုပ်အားပေးကြပါကွာဆိုတော့ ခိုင်းတော့ အဲဒီလူတွေက တချို့လည်းလုပ်ပါတယ်ဗျာ။ တချို့ကျတော့လည်း မထိတထိလေးစားနဲ့ လုပ်လည်း လုပ်ရသေးတယ်။ စေတနာပျက်နေပြီ။ သူ ကြည့်စမ်း။ သူမသိတာ မသိတာ။ မသိတာထက် မရှိတာ။

မရှိတာကို ရှာရင်ရတယ်၊ မသိတာခေါ်သည်၊ လူကြီးမင်းက ငါ့ကိုခိုင်းပါလား၊ ငါ့ကို ရပ်ကွက်က ငါတို့ကို သင့်တော်လို့ခိုင်းပါလား။ ငါ့စေတနာနဲ့လုပ်ပေးမယ်။ လူကြီးမင်းခိုင်းတာကို ငါစေတနာ မပျက်ဘူး။ လုပ်ပေးမယ်။ ဟော လုပ်ပေးတဲ့သဒ္ဓါဗိုလ်တွေ ယုံကြည်တဲ့ သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ် တွေ၊ သမာဓိဗိုလ်တွေဖြစ်နေပြီ။ ကြည့်စမ်း ဒီယုံကြည်ထားတာ အဲဒါတချို့က လူကြီးခိုင်းရင် ထော်လော်ကန့်ကန့်လုပ်တယ်ဗျာ။ အာ လူကြီးတောင်ခံရိုက်ဦးမယ်။ ကြည့်စမ်း စေတနာတွေပျက် နေတယ်။ မလုပ်နဲ့။ ဒါကြောင့်မို့ အေးကွာ မင်းဒီအနာဂါမ်ဆိုတာ လောကခံ မင်းကြပ်ကြပ်သည်းခံ ရတော့မယ်။ ဒါမှ မင်းဒီစိတ်ကလေးက ကြပ်ကြပ်သည်းခံနိုင်မှ အနာဂါမ် မင်းလောကခံကို အဲဒီတော့ မှ မင်းအရှုံးပေးမှ နှလုံးအေးတာပေါ့ကွာ။ အဲဒါ ငါ့တပည့်တို့ အပ္ပမာဒေန သမ္ပာဒေထ တဲ့။ အားလုံး ဒကာကြီးတို့၊ ဒကာမကြီးတို့ အားလုံး သံဃာတော်အရှင်မြတ်အားလုံး ဦးဇင်း ကနေပြီးတော့ သံဃာ တော်တွေလည်း ရှိခိုးပါတယ်။ ဒကာ၊ ဒကာမများကိုလည်း ကိုယ့်ဖအေလို၊ ကိုယ့်မအေလို။ ဩော် အနတ္တတရားကြီး လူတွေဖြစ်နေတာက အနတ္တတရား။ အတ္တဟာ သမ္မာလေးနဲ့ နေထိုင်တော်မူပြီး တော့ ကြီးတဲ့သူကိုရိုသေပါ၊ ငယ်တဲ့သူကိုလည်း လေးစားကြပါတဲ့။ ဦးဇင်း ကနေပြီးတော့ မေတ္တာ ရပ်ခံပြီးတော့ စေတနာတွေမှန်ဖို့ အထူးထားကြပါလို့ ဦးဇင်း က ဒီမှာတရားဟောပြီးပါပြီတဲ့။

( သာဓု .... သာဓု .... သာဓု .... ပါ ဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၄၀)


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် ( ၂၀၁ )

ဝိပဿနာတရားရဲ့ စိတ်ရဲ့သဘောကို သဘောလောက် ဦးဇင်း ပြောပြပါ့မယ်။ ဘာမှစာမတတ်ဘူး။ ဘာမှလည်း မတတ်။ အဲဒီတော့ ဒကာ၊ ဒကာမ၊ သံဃာတော်အရှင်မြတ်အားလုံး ရှိကြတဲ့ ပုဂ္ဂိုလ်များ ဦးဇင်း က တောင်းပန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညတ်၊ ပရမတ် လောကီအာရုံနဲ့ လောကုတ္တရာအာရုံ နှစ်ခုရှိတယ်။ အသေချာလေး သဘောလေး သဘောလေးနာ။ တရားဟာ သဘောပါပဲ။ သဘာဝကို သဘောလို့ခေါ်ပါတယ်နော်။ ဦးဇင်း က စာပေကျမ်းဂန်မတတ်ဘူး။ ခန္ဓာက အသိလေးကိုပြောပြတာ။ ဘာခန္ဓာကသိသလဲ။ ခန္ဓာက ဘာသိသလဲဆိုတော့ ကောင်းပြီတဲ့၊ ခန္ဓာ (၅)ပါး ရုပ်နာမ်(၂)ပါး သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တတဲ့။ အဲဒါ ဘုရားစာနဲ့ ဟောထားတဲ့ကံကို ဟောထားတဲ့ ဘယ်ကံကို ဟောထားသလဲ။ မနောကံကို ဟောထားတယ်။ အဲဒီကံဟာ ဘံသရာလည်တဲ့တရားပဲနော်။ ကိုယ့်စိတ် ကိုယ်စစ်။ အဲဒီတော့ ခန္ဓာ(၅)ပါး ရုပ်နာမ်(၂)ပါးဆိုတာက မှန်တာပေါ့။ တရားအားထုတ်ကြတာပေါ့။ အဲဒီတော့ တရားအားထုတ်တဲ့အခါမှာ အာရုံ(၅)ပါးရှိတယ်။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နှံ့သာ အာရုံ ဒါ စာတွေနဲ့ရေးထားတာ။ အာရုံ အာရုံကို ပိတ်လိုက်ပြီးတော့ ခင်ဗျားတရားလိုချင်ရင် အဲဒီ အာရုံကို ပိတ်လိုက်ပြီးတော့ အာရုံနောက် အဲဒီမနောအာရုံက မသိစေနဲ့။ ဒီအာရုံနောက် မလိုက်စေနဲ့။ ကံဖြစ်သွားလိမ့်မယ်နော်။ ရေးထားတယ်။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဝိဇ္ဇာ ဆိုတာ အာရုံ(၆)ပါး ဒိဋ္ဌာသဝဆိုတာ ဒိဋ္ဌိ အယူမှား၊ အမှတ်မှား၊ အစွဲမှား။ မနောဘဝင်စိတ်ခေါ်တယ်။ အာရုံကိုလိုက်လို့ ဖမ်းဖမ်းပြီးတော့ တွေးတောကြံစည်ပြုလုပ်တယ်။ အဲဒါ ကံပဲနော်။ အဲဒီတော့မှ သမ္မာဒိဋ္ဌိ ကံ မိစ္ဆာဒိဋ္ဌိကံ။ စာကလာလိမ့်မယ်။ အဲဒါ ကံတော့ဖြစ်နေပြီ။ အဲဒီတော့ ဒီအာရုံတွေကို သိမ်းလိုက်ပါတဲ့။ ဒါကံတရားဟောတာ။ ဘယ်ကံဟောလဲ။ မနောကံကိုဟောတာ။ ကာယကံ၊ ဝစီကံ၊ မနောကံ။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါးခေါ်တယ်။ အဲဒီဒုစရိုက်(၁၀)ပါးမှာ ကာယကံဒုစရိုက်နဲ့ ဝစီကံဒုစရိုက်ကိုတော့ ရှောင်ထားလို့ရတယ်။ မနောကံ ကိုကျတော့ ရှောင်ထားလို့မရဘူး။ ဘာဖြစ်လို့ရှောင်လို့မရလဲ။ ကာယကံ ကိုယ်ပြုလုပ်မယ်။ ကိုယ် ပြုလုပ်ချင် ဒီအသက် ငါမသတ်ပါဘူး။ ဒီပစ္စည်း မခိုးပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ ဒါ ရှောင်ထားလို့ရတယ်။ ဝစီကံ မုသာဝါဒ် မပြောပါဘူး။ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ မပြောပါဘူးနော်။ ဒီကံကို ရှောင်ထားလို့ရတယ်။ မနောကံက ကိုယ်လည်းမပြုလုပ်ဘူး။ ဘာလို့ ဒီကံလို့ခေါ်ရတာလဲ။ မနော သားလေး ဥပမာ ရေနစ်တယ်ပေါ့ဗျာ။ သမီးလေး ရေနစ်တယ်။ မအေ၊

ဖအေဘာဖြစ်မလဲ။ အဲ စိုးရိမ်ကြောင့်ကြတဲ့ ဗျာပါဒဖြစ်လာတယ်။ သောကပဋိဒေဝဆိုတာ အဲဒီကံ သံသရာလည်တာ သူပဲ။ အဲဒီကံကို သီလနဲ့လည်း သတ်လို့မရဘူး။ သမာဓိနဲ့လည်း သတ်လို့မရဘူး။ ဒါနနဲ့လည်း သတ်လို့မရဘူး။ မဂ်ဉာဏ်နဲ့သတ်မှပြတ်တယ်။ အဲဒီကံပဲ။ ဒါကြောင့်မို့ မဂ်က ဥပမာပြော ကြမယ်ဆိုရင် သဘောလေးသာနာ။ ဦးပဏ္ဍိတ ရတယ်လို့မပြောဘူး။ တင်စားပြီးတော့ သဘောကို သဘာဝနဲ့ တင်ပေးလိုက်တာ။ အဲဒီဥပါဒါန်ဟာ သံသရာလည်တာနော်။ ခုနက စက်ဘီးလေး၊ ကားလေး။ ကားလေးက (၁၀)သိန်းလောက်ပေးရတယ်။ တန်ဖိုးက သိပ်ကြီးတယ်။ လူတစ်ယောက်က ရိုက်ချိုးပစ်တယ်ဆို ကားပိုင်ရှင် ဘယ်လိုနေမလဲ။ ဒေါသဖြစ်လာတယ်။ ဒေါသဖြစ်တယ်ဆိုတာ ဘာကြောင့် ဒေါသဖြစ်လဲ။ အဲဒီဒေါသဟာ အဲဒီဒေါသစိတ်ကလေးက ဘာကြောင့်ဖြစ်လဲ။ တဏှာ ကြောင့်ဖြစ်တာနော်။ တဏှာဆိုတာ သွားပြီးတော့ ငါ့ကားကလေးသာယာတယ်ဆိုတဲ့ ကားအကြောင်း ကြောင့် သူမှာ ဒေါသဖြစ်သွားတယ်။ ဖာသိဖာသာ သူ့ဟာသူနေရင် သူ့စိတ်ကလေးက အေးအေးလေး နေသေးတယ်။ ကိလေသာငုတ်နေတာ။ ကိလေသာနဲ့ တဏှာကိုသတ်ရမှာ။ ဘယ်သူ့ကို အရင်သတ် ရမလဲ။ ကိလေသာကိုသတ်။ ကိလေသာကိုသတ်မှ တဏှာကိုသိမယ်။ ကိလေသာ ဘယ်ဟာကိုခေါ် သလဲ။ ဟောဒီရုပ်ကြီးကိုခေါ်တယ်။ အဲဒီရုပ်ကြီးကိုခေါ်တယ်။ အဲဒီရုပ်ကြီးက ဘာနဲ့ဆောက်လုပ်ထား သလဲ။ ကိလေသာနဲ့ဆောက်လုပ်ထားတယ်။ ဥပမာပြောကြမယ်ဆိုရင် မြမောင် ဟောဒီမှာ ပဏ္ဍိတ (ခ)မြမောင်။ မြမောင် ရဲ့ဖအေဟာ ဘယ်သူလဲ။ ဦးချိုတိုး။ မြမောင် ရဲ့အမေဟာ ဘယ်သူလဲ။ ဒေါ်အုံးမေ နော်။ အဲဒါတွက်ကြည့်။ အဲဒီရဲ့ကိလေသာရဲ့ဆောက်လုပ်ထားတော့ မြမောင် ဖြစ်လာတယ်။ ပဋိသန္ဓေ တည်လာတယ်။ ဘာနဲ့လုပ်ထားလဲ။ ဒီရုပ်ကို ကိလေသာနဲ့လုပ်ထားတဲ့ရုပ်ခေါ်တယ်။ အဲဒီကိလေသာ ကို ကိလေသာကဘာလဲ။ သွေးသားလို့ခေါ်တယ်။ သွေးသားကိုစင်အောင် ဘာလုပ်ရမလဲ။ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်တွေနဲ့ တိုက်ထုတ်ရတယ်နော်။ အဲဒီကိလေသာသွေးသားတွေ စင်ကြယ်မှ ခင်ဗျားသွားရ မယ့်လမ်းဖြောင့်မယ်။ အာရုံကိုလည်း မလိုက်နဲ့။ အာရုံ(၅)ပါးကိုလည်း မလိုက်နဲ့။ မနောကလည်း ဘာလုပ်ရမလဲ။ အဲဒီတော့ သူက သမ္မာအယူနဲ့ ယူသွားတဲ့ ကံတော့ကံပဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မှန်တာကိုကျင့်တယ်၊ မှန်တာကိုပြောတယ်၊ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုတယ်။ ဒါ ဇမာလိုပြန်တာ။ ဟိုဟာက ပါဠိလိုရေးလိုက်တာ။ ထိုင်နေတာကွတဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ငါနေထိုင်တာ။ ငါ့ကိုလာပေးတာတဲ့။ ငါစားတယ်။ မှန်တာကိုကျင့်တယ်။ မှန်တာ ငါပြောတယ်။ သစ္စာတဲ့ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ။ သစ္စာချင်းမတူဘူးကွတဲ့။ သမုတိသစ္စာကို ငါတတ်တော့မယ်။ သဘောလေး သဘောလေး သဘော

သာနော။ ဒီရုပ်နာမ်ကိုသိရင် ခန္ဓာငါးပါးနဲ့ရင်းရှာရတော့မယ်နော်။ ဒီရုပ်နာမ်ကိုမသိလို့ လူတွေမှာ သွက်ချာပါတောကိုလည်နေတာ။ ဒီဝဋ်ဥာဥ်လေးဟာ ရုပ်နာမ်လွတ်မှထူးမယ်။ ဒီရုပ်နာမ်မှ မလွတ်ရင် ရှုံးသွားလိမ့်မယ်။ ရောက်ချင်တာရောက်မယ်။ သစ်ပင်လေတိုက်သလို သစ်ရွက်ကလေးက ဟိုရောက်၊ ဒီရောက်မပြောတတ်သလောက်ဖြစ်နေတယ်နော်။ (၃၁)ဘုံမလွတ်ဘူး။ ဘုရားဟောအရ ဦးဇင်း က သဘောလေးနဲ့ပြောပြတာ။ အဲဒီခန္ဓာငါးပါးနဲ့ကျင့်တဲ့အခါကျတော့ ဟောဒီရုပ်ကြီး။ ဒီရုပ်ကြီးရဲ့ ကိလေသာရုပ်ကြီးကို ဓမ္မရုပ်ဖြစ်အောင် လုပ်ရတော့မယ်။ ဓါတ်သဘောတွေကိုကြည့်ရတော့မယ်။ အဲဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ အဲဒါ သီလမဂ္ဂင် အုတ်ပန္နက်ရိုက်ထားပြီ။ ဘယ်လိုသီလတွေလဲ။ အပြင်သီလ မိစ္ဆာနဲ့ရှာတာမဟုတ်ဘူး၊ သမ္မာနဲ့ရှာထားတာ၊ ကံတော့ကံပဲ။ ဒိဋ္ဌိမပယ်သေးဘူး။ သမ္မာဒိဋ္ဌိတဲ့နော်။ သေချာလေးနော။ စာကရေးထားတယ်။ စာကမှန်၏ ဉာဏ်မမှီ ထိအောင်သူမသိ။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာမယ်။ ရုပ်နဲ့ရင်း ရှာတယ်။ အဲဒီတော့မှ ရှာပြီ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်မယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိ။ ဒါ ဘုရားဟောအရ အဲဒါ ကိုယ်လုပ်ရင် ကိုယ်သိမယ်။ သိရင် ပယ်မယ်၊ ပယ်ရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွားနော်။ သဘောလေးနဲ့နော။ ပြန်ကြမှာ။ ဦးပဏ္ဍိတလည်း ပြန်မှာပဲ။ ခင်ဗျားတို့ကို အဖေလိုအောက်မေ့တယ်၊ အစ်ကိုလိုအောက်မေ့တယ်၊ ညီမလိုအောက်မေ့တယ်။ မျက်ရည်ကျတယ်နော်။ ငါသိသလို သိကြပါစေ၊ ငါမြင်သလို မြင်ကြပါစေ၊ ငါကြားသလို ကြားကြပါစေနော်။ စေတနာ အင်မတန် အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ ဒီ စေတနာဟာ အဲဒီတော့ ပညတ်ရဲ့ စေတနာက သညာနဲ့မှတ်ပြီးတော့ စေတနာဟာ ခွဲခြားတယ်။ ဒါ စာ ပညတ်ဆိုတာ ရုပ်၊ မမြဲတာကို မြဲပါတယ်လုပ်နေတယ်။ ပညတ်က မမြဲပါဘူးလို့ ဘုရားက ပညတ် ထားတာ။ ပညတ်ကိုမြင်အောင်ကြည့်ပါတဲ့နော်။ ဘုရားပညတ်ထားတာ အဲဒီတော့ ပညတ်ကိုမြင် အောင်ကြည့်။ ကြည့်ရတော့မယ်။ ဘာနဲ့ကြည့်ရမလဲ။ ဉာဏ်နဲ့ကြည့်။ ကံနဲ့တော့ သွားမကြည့်နဲ့။ ရေးထားတယ်။ အဲဒီတော့ ခန္ဓာငါးပါးရှာမယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ ဦးဇင်း ဆို တတ်သလိုဆိုတာပါဗျာ။ စာတော့မတတ်ဘူး။ ကာယသတိပဋ္ဌာန် ကာယကံ၊ ဝစီကံ၊ မနောကံ။ ဒုစရိုက်(၁၀)ပါး ဘယ်ဟာကိုသတ်မလဲ။ မနောကိုသတ်မယ်။ အာရုံနဲ့မလိုက်တောင် အာရုံကိုပိတ် ထားပြီ။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ အာရုံနောက် အာရုံတွေကိုလွှင့်ပစ်လိုက်ပြီ။ အာရုံနဲ့ မပေါင်းတော့ဘူး။ ဒီမနောလေးက အဲဒီတော့ တောင်ပံ့မှာ ဂရယ်(၆)ပေါက်ရှိတယ်။ (၅)ပေါက်ကိုပိတ်။

အဲဒီ မနက်ပွင့်။ အဲဒါ မနက်ပွင့်ပြီ။ အဲဒါ ရှုတာပဲ။ အဲဒါ ရှုလိုက်တော့ ပြင်းပြင်းထန်ထန်ရှုရတယ်။ ဘာလို့လဲတွေးလို့ မယားတွေးလိုက်၊ သားတွေးလိုက်။ မနက်စားဖို့တွေးလိုက်၊ ညစားဖို့တွေးလိုက်။ ငါ့ဆေးလိပ်လေးသောက်ချင်တယ်၊ ရေလေးသောက်ချင်တယ်။ အမျိုးမျိုးတွေးတယ်နော်။ တွေးမိတွေးရာတွေးတယ်။ ဒါ လောကီအာရုံရဲ့အကြောင်းတွေပဲ။ ဒါ တဏှာပါနေပြီ။ အဲဒီအတွေးထဲမှာ စွဲလို့တွေးတာ အဲဒီဟာတွေက အနုသယတွေနော်။ အဲဒါလေးတွေကိုသတ်တာ။ မတွေးအောင် ရှုလိုက်တာ။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းလုပ်လိုက်တော့ အဲဒီတော့ အာရုံကိုလည်း အာရုံနောက်လည်း မလိုက်ဘူး။ ဘဝင်စိတ်ကလည်း ဘာဖြစ်လာလဲ။ ငြိမ်လာတယ်နော်။ လောကီအနုသယကို မတွေးတော့ဘူး။ အဲဒါဟာ အင်မတန်ထူးတဲ့သီလ။ အင်မတန်ထူးတဲ့ သမာဓိနော်။ ဒါတွေဟာ လူတွေသဘောမပေါက်ကြဘူး။ အာ ရှာကြ၊ ဖွေကြ၊ လုပ်ကြ၊ ကိုင်ကြတဲ့ ဟုတ်ပါတယ်။ မှန်ပါတယ်တဲ့။ ဟုတ်တယ်တဲ့နော်။ ဒီဘုံဟာ အမြတ်ဆုံးနော်။ ဘုရားပွင့်တာ ဒီဘုံကပွင့်တာ။ စာတွေနဲ့တတ်ပြီးတော့ ပြောနေတာ။ တစ်ကယ်တော့ စိတ်ပိုင်းနဲ့ ပတ်သတ်လို့က ဘာမှပေါက်တယ်၊ မပေါက်တယ်တော့ မပြောတတ်ဘူး။ မြုပ်တရားရှိတယ်၊ မျောတရားရှိတယ်၊ ပေါ်တရားရှိတယ်။ ကြိုက်တာသာလုပ်။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ ဒီက စာဘာမှမတတ်ဘူး။ ပြီးတော့လည်း တောထွက်ကြီး ဘယ်နှစ်ဝါရလဲ။ (၃)ဝါ ရတယ်။ အကုန်ပြောသွားမယ်။ ပညတ်ကို အရှုံးပေးသွားမယ်နော်။ ရှိခိုးမယ်။ မင်းတို့လုပ်သမျှ ငါခံမယ်။ ဘာမှ ငါအကြားအမြင်မရဘူးနော်။ ကံနဲ့ ဉာဏ်ကိုသိတယ်။ အဲ သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိကိုသိတယ်။ အတ္တကိုသိတယ်။ ဒါတွေပဲ။ ဒါတွေကို အခုပြန်ပြောပြတာ။ နဂိုကမသိဘူး။ အခုသိတယ်။ အဲဒီတော့ ဒီလို တရားကျင့်လိုက်တဲ့အခါမှာ အပြင်မှာစင်ကြယ်တော့ မနောမှာလည်း စင်ကြယ်တယ်ပျို့ မနောစင်ကြယ်ရင် ဉာဏ်လည်းစင်ကြယ်တယ်။ အဲဒီတော့ ဒီလို သီလမဂ္ဂင်ပြည့်စုံရင် ပြည့်စုံပြီလား။ သမ္မာမိ ဝပ်ပြီလား။ အပြင်သီလစင်ကြယ်ပြီလား။ အပြင်သီလ သမ္မာနဲ့ယူထားတယ်။ မိစ္ဆာကိုပယ်ပြီ။ ကံတော့ ကံပဲ။ အဲဒီတော့ မနောလေးကလည်း အဓိစိတ္တဆိုတာမြင်ပြီလား။ အဲဒီတော့မှ ကာယသတိပဋ္ဌာန် အသိကတော့ ပြီးတော့ဘယ်အသိကိုတတ်သွားဖို့ ဝေဒနာသတိပဋ္ဌာန်အသိ၊ ဝေဒနာအာရုံကို ရုပ်ရဲ့ ဖောက်ပြန်တဲ့ ဝေဒနာကို ခန္ဓာကသိတယ်။ ဒါကို ခံစားနေရတယ်။ ဩော် အေး အေး အေး။ ဩော် အေး အေး အေး။ အလူးအလဲခံနေတာ။ ဦးဇင်း ပဲသိပါတယ်။ အဲဒီဝေဒနာရဲ့ အသိလေးကို ခုနက ကာယသတိပဋ္ဌာန်ရဲ့ ကာယကံ၊ ဝစီကံဆိုတဲ့ ကံ(၃)ပါး ဒုစရိုက်(၁၀)ပါးကို လုံနေပြီ။ လုံနေတဲ့အခါမှာ အဲဒီသီလနဲ့ သမာဓိနဲ့ ဝေဒနာကိုရှုတယ်။ ဝေဒနာကို သည်းခံထားပြီ။ အဲဒီတော့ ဝေဒနာမှာ သည်းခံထားတဲ့အခါမှာ ဝေဒနာရဲ့ အသိလေးက ဘယ်ပြောင်းသွားလဲ။ အဲ

ခပ်တိုတိုပြောမှာကို ဝေဒနာရဲ့ အသိလေးက ဘယ်ပြောင်းသွားလဲ။ စိတ္တာနုပဿနာကို ပြောင်းသွားတယ်။ စိတ္တာနုပဿနာအသိကို ပြောင်းသွားတယ်။ ပရမတ်မှာ ကာယသတိပဋ္ဌာန်မှာ မဂ်တစ်လုံးကျတယ်။ သဘောလေး သဘောလေး ဝေဒနာသတိပဋ္ဌာန်မှာ မဂ်တစ်လုံးကျတယ်။ စိတ္တသတိပဋ္ဌာန်မှာ မဂ်တစ်လုံးကျတယ်။ ဓမ္မာသတိပဋ္ဌာန်မှာ မဂ်တစ်လုံးကျတယ်။ သဘောပဲ။ ဟော ရုပ်နဲ့ ဖေါက်ပြတ်တဲ့ အာရုံနဲ့ ရုပ်နာမ်နှစ်ပါးရဲ့အကြောင်း ခန္ဓာ(၅)ပါးရဲ့အကြောင်း သူ့မှာ ဘာမှမခံစားတော့ဘူးနော်။ အဲဒီတော့ အမယ်လေး၊ အမယ်လေး အာရုံကိုလည်း ခံစားတယ်။ ရုပ်ဝေဒနာကိုလည်း ခံစားတယ်။ အဲဒါ နှစ်ခုပါပဲဗျာ။ ခုနကပြောသွားတဲ့ မဂ္ဂင်နော်။ ဒါသဘောလေးပဲ။ ကျင့်တဲ့လူက သိတယ်။ ကာယသတိပဋ္ဌာန်မှာ အနုသယတွေ၊ ဒုစရိုက် (၁၀)ပါးတွေ၊ လောကီအနုသယတွေ၊ လောကီအာရုံတွေ ဖြတ်ပစ်လိုက်ပြီ။ ဝေဒနာရဲ့ နုပဿာတွေ ဝေဒနာကို သိလာတဲ့ အသိတွေ၊ ဝေဒနာက ဒီနေရာမှာ အသိပြောင်းသွားပြီနော်။ စိတ္တာနုပဿနာမှာ စိတ္တရဲ့ အသိတွေ ဒီနေရာမှာပြောင်းသွားပြီ၊ ဓမ္မာနုပဿနာ ကူးသွားပြီ။ သဘောလေးသာနာ၊ သဘောလေးသာနာနော်။ ကိလေသာကိုသတ်ပစ်တာ။ ကိလေသာရဲ့ သွေးသားတွေစင်တော့မှ ဓမ္မာနုပဿနာကိုရောက်သွားတာနော်။ ဒါကြောင့်မို့ ငါ သွေးသားပြောင်းတယ်ကွတဲ့။ စိတ်ပြောင်းသွားပြီတဲ့။ ဒါပေမယ့် ဦးမြမောင် မှန်တယ်တဲ့။ ဦးပဏ္ဍိတ မှန်တယ်တဲ့။ ပညတ်မှန်တယ်တဲ့။ မှန်တာကွာ တဲ့။ မင်းတို့လုပ်ချင်တာလုပ် ငါသုံးဝါတည်းရှိတယ်ကွာတဲ့။ အဲဒီတော့ ငါကတော့ စာမတတ်ဘူး။ သာသနာပြုတာကွတဲ့။ ရေပုလင်းက ဆေးဖြစ်တယ်။ မြွေဟောက်ကိုက်တယ်၊ လာခဲ့၊ ပျောက်တယ်၊ မပျောက်တယ်မပြောဘူး။ လုပ်ပေးလိုက်တယ်။ ပျောက်တယ် လှူတယ်နော်။ အကုန်လာကြတယ်။ လူနာရောဂါတွေ ကျွန်မ သိုက်ကပါ။ သိုက်ကခေါ်တော့မယ် ဘာညာနဲ့ လာခဲ့ နင်ကုသိုလ်ကံ နင့်ရဲ့ ကံပဲ။ လုပ်ပေးလိုက်တယ်။ ပျောက်သွားတယ်။ ပိုက်ဆံလာပေးတယ်။ အကြီးအကျယ်ပေးတယ်နော်။ စာတစ်လုံးမှ မတတ်ဘူး။ ခုနက ဘုန်းကြီးဟောသွားတာပဲ။ အာ သူ စာတတ်၊ တရား မတတ်ဘူး။ တစ်လုံးမှ မတတ်ဘူး။ ဘာမှသိမ်ထဲလည်း မဝင်တတ်ဘူး။ ဘာမှလည်း မလုပ်ဘူး။ ဒါဖြင့် ဦးပဏ္ဍိတ အေး ခင်ဗျားတို့ဟာ မှန်တယ်၊ မှန်တယ် မဆိုတတ်ဘူး။ အာပတ်တွေ မဆိုတတ်ဘူး။ မဆိုတတ်ရင် ခေါ်မနေနဲ့ သူ့ဟာသူနေပါရစေ၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့လုပ်။ အဲဒီတော့ ဦးဖင်း က ကိလေသာနဲ့ တဏှာကိုသတ်တာ ကိလေသာဆိုတာဘာလဲ။ ဟောဒီရုပ်တရားဟာ ကိလေသာနဲ့ဆောက်လုပ်ထားတဲ့ရုပ်ဘဲ။ ဒီကိလေသာမှာ ဘာရှိလဲ။ သွေးသားတွေရှိတယ်။ အဲဒီ သွေးသားကို သတိပဋ္ဌာန်၊ သမပဋ္ဌာန်တွေနဲ့တိုက်ထုတ်တာ။ သွေးသားတွေကိုတိုက်ထုတ်မှ ဓမ္မဘက်ကိုရောက်သွားမယ်။ သွေးသားစင်ကြယ်သွားပြီ၊ စင်ကြယ်တော့ စိတ်လည်းစင်ကြယ်ရော။ ကြည့်စမ်း။

အာရုံကိုလည်း သိသွားပြီနော်။ ဒါတွေ သဘောလေးနဲ့ သဘောလေးနဲ့၊ ဒါပေမယ့် ဒါန၊ သီလ၊ ဘာဝနာ။ ဒါတွေကောင်းပြီတဲ့။ မင်း ဒါနလှူချင်သလားတဲ့။ လှူချင်ပါတယ်ဘုရားတဲ့။ မင်း သီလပြည့်စုံအောင် ဆောက်တည်ထား။ မင်းအတွက်နော်တဲ့။ ငါက သင်ပေးလိုက်မယ်တဲ့။ သီလပြည့်စုံအောင်ဆောက်တည်ထားတဲ့ သီလအုတ်ပန္နက်ရိုက်ထားတဲ့။ မင်းနှလုံးသားက သီလလုပ်ထားတဲ့။ မင်း ဘာသီလလုပ်ချင်သလဲတဲ့။ ပြောစမ်းတဲ့။ ဒီကမေးတယ်။ အရှင်ဘုရားပြောပါတဲ့။ အေး သမ္မာသီလလုပ်ထား။ မိစ္ဆာကိုပယ်လိုက်။ မိစ္ဆာဆိုတာ ဘယ်လိုလဲ။ ဦးပဏ္ဍိတပြောပြမယ်။ မိစ္ဆာဆိုတာကွတဲ့ မင်း ခုနက စက်ဘီးမလားတဲ့။ မင်း စက်ဘီးကဝယ်ထားတာမလားတဲ့။ လူတစ်ယောက်က ဖနောင့်နဲ့ရိုက်ချိုးပစ်တယ်တဲ့။ မင်း စိတ်ထဲ ဘယ်လိုနေမလဲတဲ့။ ဒေါသဖြစ်တာပေ့ါဘုရားတဲ့။ ဟော ဒေါသဖြစ်တာ အဲဒါ မိစ္ဆာအယူကွတဲ့။ ငါ့စက်ဘီးဆိုတာယူထားတယ်ကွတဲ့။ အဲဒါ မိစ္ဆာကွ။ ဟော့ကောင် သမ္မာဆိုတာလေတဲ့ စက်ဘီးရိုက်ချိုးပေမယ့် အစ်ကိုကြီးရယ် ကျွန်တော့်စက်ဘီးပါဗျာ။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ အစ်ကိုကြီး အိမ်ရှေ့မှာရပ်ထားတာ ကျွန်တော်အမှုမဲ့ အမှတ်မဲ့ဖြစ်သွားလို့ပါအစ်ကိုကြီးရယ်။ ဟော အဲဒါ သမ္မာ။ ဒီလိုအသိမျိုးရှိကြပါ့မလားတဲ့။ အဲဒီလိုစိတ်မျိုးရှိကြတယ်ဆိုရင် ခင်ဗျား ဝိသုဒ္ဓိဖြစ်နေပြီ။ ဝိ ဆိုတာ အထူး။ သုဒ္ဓိ ဆိုတာ မနော။ အာရုံကို စင်ကြယ်သွားပြီ အာရုံနောက်ကို သမ္မာနဲ့သုံးထားလိုက်ပြီ၊ မိစ္ဆာနဲ့သုံးတာမဟုတ်ဘူး။ အဲဒီတော့ အာရုံက သုံးတတ်သွားပြီ၊ သမ္မာနဲ့သုံးတာ၊ မိစ္ဆာနဲ့သုံးတာ မဟုတ်ဘူး။ မိစ္ဆာနဲ့သုံးတာက ဒေါသဖြစ်သွားတယ်၊ သမ္မာနဲ့သုံးတာက တောင်းပန်တယ်၊ အဲဒါ မိစ္ဆာနဲ့ သမ္မာနဲ့လိုက်တာပဲနော်။ အဲဒီတော့ သူ တောင်းပန်တယ်ဗျို့ မင်းစိတ်က သမ္မာသီလယူထားကွာတဲ့။ အဲဒီလို မင်း သမ္မာသီလယူထားရင် မင်း လှူလိုက်တဲ့ ဒါနစစ် ဒါနမှန်ဖြစ်ပြီကွတဲ့။ မင်း အားမငယ်နဲ့ကွတဲ့။ မင်းကို ငါလမ်းပြမယ်တဲ့။ မင်း အဲဒီလိုလှူလိုက်တဲ့၊ ဒါန ဥပမာပေ့ါကွာတဲ့။ ငါက စာမတတ်ဘူးနော်တဲ့။ ရဟန်းထဲမှာရှိတယ်ကွတဲ့။ မင်းတို့စာနဲ့ရေးထားတယ်။ ရဟန္တာလို့လည်းရှိတယ်ကွ။ အဲဒီလိုပုဂ္ဂိုလ်မျိုးများ မင်းသွားလှူရင်ကွာတဲ့ မင်းထူးပြီတဲ့။ ဆုမတောင်းနဲ့တဲ့။ ဆုတောင်းရင် ကံဖြစ်သွားလိမ့်မယ်တဲ့။ မင်းသွားသာလှူလိုက်တဲ့၊ မင်းက သီလလည်းဖြစ်နေပြီ၊ သမ္မာသီလလည်း ဖြစ်နေပြီ။ ဒါနကလည်း သမ္မာဒါနလည်းဖြစ်နေပြီ။ အလှူခံတဲ့ပုဂ္ဂိုလ်ကလည်း ထူးနေပြီ၊ အဲဒီသုံးချက်ပဲကွာ။ အဲဒီ(၃)ချက်ကို မင်းသေလို့ရှိရင် ကွယ်လွန်အနိစ္စရောက်ရင် မင်းဘယ်ရောက်မလဲ။ ဟောဒီ သီလက အပါယ်ပိတ်မယ်ကွတဲ့။ နတ်ပြည်တက်ပြီကွတဲ့။ ကျိုကနည်းဆို ပန်းရထားနဲ့တက်ပြီ။ မင်းသွားပြီတဲ့။ နတ်ပြည်တက်မယ်။ ဟောဒီ ဒါနစစ်ကလည်း မှန်နေပြီကွတဲ့။ မင်း သမ္မာလေးနဲ့ရှာဖွေပြီးတော့ ဝတ္ထုတာမလေးလှူလိုက်တာကွ။ မိစ္ဆာဝတ္ထုမဟုတ်ဘူးကွ။ သမ္မာဝတ္ထုကွ။ အဲဒီတော့ အလှူခံတဲ့ပုဂ္ဂိုလ်

ကလည်း စစ်တယ်ကွတဲ့။ အဲဒီ(၃)ချက်မှန်လေတဲ့။ မင်း နတ်ပြည်ရောက်ရော။ သီလကပို့လိုက်တာ နတ်ပြည်ရောက်ရော။ နတ်ရဲ့သက်တမ်းကုန်ရင်လေတဲ့ အဲဒီဒါနက (၃၁)ဘုံကိုလွတ်တဲ့ ရဟန်းကို သွားလှူတဲ့အတွက်ကြောင့် မင်း အထက်ကိုသွားပြီတဲ့။ အဲဒါ မင်းဖြတ်လမ်းပဲကွ။ အဲဒါ မဂ္ဂင်ဖောင်ပဲကွတဲ့။ မင်းက လှူတတ်ဖို့လိုတယ်ကွ။ အခုကတော့ လှူတာပဲဗျို့ ရော့ကနဲ ရော့ကနဲ ကိုယ့်စိတ်ကို မစစ်ဘူး။ ကြည့်စမ်း ဒါတွေနဲ့ ဘာရမလဲ။ ဦးပဏ္ဍိတ က ကျွန်မလှူမယ်။ ကျွန်တော်လှူမယ်။ လာပါ သူရနိုင်တဲ့ဟာကံကွ။ မင်းပစ္စည်းကလည်း သန့်တယ်၊ မသန့်တယ် မပြောတတ်ဘူးကွတဲ့။ အဲဒီတော့ မင်းအပေါ်မူတည်တယ်ကွ။ အဲဒီအကျိုးတော့ပေးမယ်ကွ။ ကံအကျိုးပေးလိမ့်မယ်ကွ။ စိတ်သာချ မင်း ကံအကျိုးပေးမယ်။ အားမငယ်နဲ့တဲ့။ ဟိုကရထားတာက မင်းတွေးကြည့်ကွတဲ့။ သူ့စိတ်တွေ သမ္မာသီလလည်းဖြစ်တယ်။ ဒါနကလည်း သမ္မာနဲ့ပြုထားတဲ့ ဒါနဖြစ်တယ်။ အလှူခံတဲ့ ပုဂ္ဂိုလ်ကလည်းထူးတယ်။ အဲဒီ(၃)ချက်ပဲကွတဲ့။ အဲဒီ(၃)ချက် မင်းသေရင် နတ်ပြည်ရောက်။ အပါယ်တံခါးပိတ်တာ။ မင်းသမ္မာသီလက ပိတ်ထားတာ။ အဲ ဒါနက မင်း အဲဒီကိုယ်တော်ကြီးကိုလှူထားတဲ့ အတွက်ကြောင့် မင်းရဲ့ ပုဗ္ဗမုဉ္စပရဆိုတဲ့ စေတနာနဲ့လှူထားတဲ့အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်ကြီးကလည်း (၃၁)ဘုံလွတ်နေတဲ့ပုဂ္ဂိုလ်ကြီးကွ။ အဲဒီမျိုးစေ့ မင်းရသွားတာကွ။ အဲဒါကြောင့် မင်းတို့ဖြတ်လမ်းကလာ။ မင်းတို့အစား ငါကျင့်ထားတာကွ။ မင်းတို့ကို လမ်းပြပေးတာကွ။ အဲဒီတော့ နားမထောင်ကြဘူးတဲ့။ မင်းတို့ အတ္တတွေဖြစ်နေတယ်။ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက် အတ္တဖြစ်နေတယ်။ ကြည့်စမ်း။ ဒါ ငါ့မိန်းမ၊ ငါ့သမီး၊ ငါ့သား၊ ငါ့အိမ်၊ ငါ့ခြံ၊ ငါ့ပစ္စည်း၊ ဟိုကမြေလေးနည်းနည်းချဲ့ယူထားတယ်ဆိုပဲ။ ဘာလဲ။ မျက်နှာက သုံးခေါက်ချိုးကြီးဖြစ်နေတာ။ ဒေါသဖြစ်တာပဲနော်။ မနော လက်ရှိမြင်လိုက်တာကို အာရုံနောက်လိုက်တော့ ဒေါသဖြစ်ရော။ အဲဒါ ဘယ်လောက်ကြောက်ဖို့ကောင်းလဲနော်။ သိကြားမင်းရှိတယ်။ နတ်တွေလည်းရှိတယ်။ မိစ္ဆာလည်းရှိတာပဲနော်။ တောင်ပိုင်၊ ကွင်းပိုင်၊ တစ္ဆေ သရဲ၊ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗရှိတယ်။ စာရေးထားတယ်။ စာအရပြောတာ။ ဦးဇင်း အပိုပြောတာမဟုတ်ဘူး။ အာရုံ(၆)ပါးလွတ်တဲ့ပုဂ္ဂိုလ်နဲ့ အာရုံ(၆)ပါးမလွတ်တဲ့ပုဂ္ဂိုလ်။ အာရုံ(၆)ပါးမလွတ်ရင် အဝိဇ္ဇာပဲ။ အာရုံ(၆)ပါးနောက် မလိုက်တော့ဘူး။ (၆)ပါးမရှိတော့ဘူးနော်။ အဲဒါ အဝိဇ္ဇာဉာဏ်ပဲ။ ခန္ဓာ(၅)ပါးလည်း မရှိတော့ဘူး။ တွေးတောင်ကြည့်ပေတော့။ အဲဒါ (၁၀)ပါးသောမီးပြုတ်ကျတာပဲဗျို့ အဲဒါ ပြုတ်တော့ အေးတာပေါ့။ ဟော ဒီဟာကြီးအေးလို့ မြင်တာလည်း အေး အေး အေး၊ ကြားတာလည်း အေး အေး အေး။ မလိမ်ဘူး။ လိမ်ရင် အဝီစိရောက်သွားလိမ့်မယ်နော်။ အဲဒီလိုတရားကိုကျင့်ပါနော်။ ဒီလူကြီးက ဘာမှတတ်တာမဟုတ်ဘူး။ ဟို သရက်ကုန်းသား စစ်ဖြစ်တော့ တောင်ပြေးမြောက်ပြေးနဲ့

စာလည်းမသင်နိုင်ဘူး။ ပြီးတော့ ဘာလဲဆိုတော့ ရှာဖွေစားရတဲ့နော်။ ခုနက ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဒါကိုလည်း မပယ်နိုင်ဘူး။ ဒါကိုမပယ်နိုင်ရင် ဟိုဟာလည်း မကျင့်ဘူး။ ဘယ်ဟာကိုမကျင့်လဲ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ အဲဒါလည်း မကျင့်ဘူး။ မကျင့်တော့ မသိဘူး။ အဲဒီတော့ စာတော့တတ်တယ်။ ခန္ဓာကမသိတော့ စာတော့ဆိုတတ်တာပေါ့။ ကလေးတောင် ဆိုတတ်သေးတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ။ ဥပါဒါန်ဆိုတာ ကိုယ်သိရမယ်။ တဏှာကိုလည်း ကိုယ်သိရမယ်နော်။ သင်္ခါရဆိုလည်း ကိုယ်သိရမယ်နော်။ အခုဘာမှမသိဘူး။ စာပဲတတ်နေတယ်။ ကြည့်စမ်း အဲဒါက သိအပ်မယ့်တရား၊ ဟိုက ပယ်အပ်မယ့်တရား။ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲဒါ ပယ်အပ်မယ့်တရား။ ကျင့်အပ်မယ့်တရားက အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ။ ဒါ ကျင့်အပ်မယ့်တရား။ ခန္ဓာမှာရှိတဲ့ဟာတွေကို ကျင့်ရမယ်၊ သိရမယ်၊ အဲဒါ ကျင့်အပ်မယ့်တရား။ သိအပ်မယ့်တရား။ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်။ အဲဒါသိအပ်မယ့်တရား။ ကမ္မဝဋ် ဟောဒါ ရုပ်။ ဘယ်ကရသလဲ။ မနုဿသဘာဝေါ ဒုလ္လဘော။ ဒီရုပ်ဘာနဲ့ရသလဲ။ ကံနဲ့ရတယ်။ ဘယ်ကကံလဲ။ အတိတ်ကကံ။ အဲ အတိတ်ကံက ဝင်အောင်းနေတယ်။ ဟော ပဋ္ဌာန်းအာရုံ(၅)ပါးက အာရုံနောက်လိုက်တော့ ပဋ္ဌာန်းကံ၊ ပဋ္ဌာန်းအကြောင်းနဲ့ အကျိုးဖြစ်ကုန်တာပဲ။ လိမ်တာပဲဗျို့ နှစ်ကြောင်းလိမ်တာပဲ။ ကိလေသာနဲ့ ဒိဋ္ဌိလိမ်တာပဲ။ ဒိဋ္ဌိဆိုတော့ စေတသိတ်ခေါ်တယ်။ အဲ သူ့အစာချည်းဖြစ်ကုန်တာ။ တဏှာတွေလျှောက်စားထားတာ။ အစွဲ အစွဲ ကမ္မဝဋ်၊ ဘဝဝဋ်၊ ကမ္မဝဋ်ကို ငါလွတ်ပြီလား။ ကံပြတ်ပြီလား။ ဟော ဒီပဋ္ဌာန်းက ငါကံပြတ်ပြီလား။ အစွဲဥပါဒါန်ပြတ်ပြီလား။ အဲ ပြတ်ရင် အေးပြီ။ အေးလို့ရှိရင် ဟောဒီဘဝ ငါအေးတာ။ မင်းတို့နိဗ္ဗာန်၊ နိဗ္ဗာန်ပြောတာ ဟောဒီဘဝ။ ဟောဒီ ပဋ္ဌာန်းဘဝ ငါအေးပြီ။ အေးရင် ပြန်ကြည့်လိုက်သေးတယ်။ အဲ ကမ္မဝဋ်ကော၊ ဝိဘာဂဝဋ်၊ ဝိဘာဂဝဋ် ဆိုတာ အဲဒီဝိဘာဂဝဋ်။ အဲဒီဝဋ်တွေ ငါ့နောက်မလိုက်တော့ဘူးတဲ့၊ တစ်ချက်တည်းဖြတ်ပစ်လိုက်ပြီ။ ဝိဘာကဝဋ် အနာဂတ်မလိုက်တော့ဘူးတဲ့၊ ဟာ ဘယ်လောက်ကောင်းလိုက်တဲ့ အသိတရားတွေလဲနော်။ အဲဒီတော့ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါးပယ်ရမယ်။ အာရုံ(၆)ပါးနော် သိရမယ်နော်။ အဝိဇ္ဇာပြီးရင် အဝိဇ္ဇာကြောင့် သင်္ခါရဆိုတာ အဲဒီအာရုံ(၆)ပါးပေါ်မှာ တစ်ခုစီ၊ တစ်ခုစီ။ လောကီအာရုံတွေချည်းပဲ။ သူလျှောက်လုပ်နေတယ်။ လောကုတ္တရာမဟုတ်ဘူး။ သီလလည်း မဟုတ်ဘူး။ အဲဒီအာရုံတွေ သူလျှောက်လုပ်နေတယ်။ အာ ဟိုသွားလိုက်၊ ဒီသွားလိုက်။ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ပုသိမ်သွားလိုက်၊ ရန်ကုန်သွားလိုက်။ အဲဒီသင်္ခါရကို ဒီသင်္ခါရဘာကြောင့်

ဖြစ်ရလဲ။ ဟော သညာကြောင့်ဖြစ်တာ။ သညာဘာကြောင့်ဖြစ်ရလဲ။ တဏှာကြောင့်ဖြစ်တာ။ တဏှာ ဘာကြောင့်ဖြစ်ရသလဲ။ တဏှာ ဖြစ်သွားရင် ဥပါဒါန်ဖြစ်သွားရော။ အဲဒါကံပဲ။ စာတော့မတတ်ဘူး ဗျို့နော်။ စိတ်ပိုင်းနဲ့ပတ်သက်ပြီး ပြောသွားတာ။ ဟိုက စာပိုင်းနဲ့ရေးပေးတာ။ ဟောတာ။ ဘုရားက ကမ္မာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ အဲဒါ စာ။ ကမ္မာသဝဆိုတာ ဟော ဦးပဏ္ဍိတ မိန်းမ မရှိဘူးပေါ့ဗျာ။ ဘုန်းကြီးပေါ့။ မိန်းမရှိတဲ့အကောင်တွေက ရှိခိုးရတယ်။ ဟာ ဘုရားကြွလာပြီ၊ ကိုယ်တော်ကြီးကြွလာပြီ၊ ဟော ကိုယ်မှမလွတ်ကင်းတာ နော်။ ကိုယ်မလွတ်ကင်းဘူး။ တွေးကြည့်ပေါ့ဗျာ။ ပြောရမှာခက်နေပြီ၊ အဲ သူရှိခိုးတယ်။ ဟုတ်တာပေါ့။ ကံကိုဗျ။ ကံရဲ့အကြောင်းပြောတာနော်။ အဲ ရှိခိုးတယ်။ အဲဒီတော့ ကမ္မာသဝ ကိုယ်ကမပယ်နိုင်ဘူး။ သူက ပယ်တယ်နော်။ အဲဒီဘုန်းကြီးက အာရုံကိုသတ်လို့ရပြီလားတဲ့။ ဟော့ကောင် မင်းသတ်လို့ရပြီလားတဲ့။ မေးပြီတဲ့။ အာရုံကို မင်းသတ်လို့ရပြီလားတဲ့။ ကမ္မကတော့ မင်းပယ်ပါပြီကွာတဲ့။ အာရုံသတ်လို့ရပြီလား။ အေး အာရုံကိုသတ်လို့မရရင်နော်တဲ့ ငါလည်း ပြန်ဦး မယ်ကွာတဲ့။ ကြည့်စမ်း စကားတစ်လုံးတည်းမေးလိုက်တယ်။ ခင်ဗျားတို့လူတွေ သိ၊ ပယ်၊ ဆိုက်၊ ပွားနော်။ ရေးထားတယ်။ စာ မဟုတ်တာမပြောဘူး။ သစ္စာနဲ့ဟောတာ။ ဘယ်သူ့မျက်နှာမှမထောက် ဘူး။ ရပါစေ၊ သိပါစေ၊ မြင်ပါစေ၊ ခံစားရပါစေနော်။ အင်မတန်ထူးတဲ့တရားတွေနော်။ တရားထူး၊ တရားမြတ်တွေနော်။ ခင်ဗျားတို့ကို မအေလိုအောက်မေ့တယ်၊ ဖအေလိုအောက်မေ့တယ်၊ အစ်ကိုလို အောက်မေ့တယ်။ ငါလည်း မမြဲဘူး၊ နင်လည်း မမြဲဘူး။ နင်က ပညတ်စွဲနေတာ။ ဘာလို့စွဲလဲ။ ပရမတ်ကိုမသိလို့စွဲတာပေါ့။ ပရမတ်ကို မသိလို့ ပရမတ်ဆိုတာ မကျင့်လို့မသိတာ။ ပရမတ်တရား ဆိုတာရှိတယ်နော်။ ပရမတ်ဆိုတာ အေး အဲဒါစာလိုဆိုရင် အနတ္တပေါ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါ့ဗျာ။ စာလိုဆိုရင် အနတ္တလို့ခေါ်တယ်။ အနတ္တ တစ်လုံးတည်းယူထားတာ။ အဲဒါ စာ။ ခင်ဗျားတို့ အာရုံ (၆)ပါးပေါ်မှာ ဒါက အနီလေးကွာ၊ ဒါက မိန်းမကွ။ ဒါလေးက ယောက်ျားကွ။ ဒါလေးက ဘာကွ။ မှတ်ထားတာ။ အရာဝတ္ထုတစ်ခုကို မှတ်လိုက်တာ။ အဲဒါ သညာခေါ်တယ်။ အဲဒီအမှတ်က ကိုယ့်ကို ဒုက္ခပေးတာ။ ကိုယ့်ကို ဟောဒီဘဝ ဒုက္ခပေးတာသူပဲ။ အထဲတည်းက ကံကလည်းမသေ၊ အပြင်က အမှတ်ကလည်းဖြစ်ဟ။ အဲဒီမှာ ရှုပ်တာပဲဗျို့။ အထဲတည်းက ကံကိုသတ်ပစ်ရမယ်။ အတိတ်ရဲ့ကံကို သတ်ပစ်ရမယ်။ ဘဝအနန္တက အရိုးတောင်လိုပုံတယ်။ ရေဟာ ပင်လယ်သမုဒ္ဒရာကြီးကို သူတို့နိုက် ထားတာပဲ။ အသားက မြေကြီးလို့ သူတို့ပြောထားတာပဲ။ ဘယ်နှစ်ကမ္ဘာက ဘယ်လိုလိုမှ့ခံခံလိုက် ရတာ။ တစ်ခါတည်းနော်။ အင်မတန်ကြောက်ဖို့ကောင်းတယ်။ အခု ခင်ဗျားတို့ကြည့်၊ ခွေးဟာ သူများ ကျွေးမှစားရတယ်။ အဲဒီတော့ ဖနောင့်နဲ့ကန်လိုက် အိပ်တဲ့နေရာမှာ ချမ်းချမ်းစီးစီးနဲ့ အဲတွေးကြည့်။

ခွေးလေးတွေက ခုနစ်ကောင်ပေါက်။ ခွေးမကြီးက နို့သီးက ဘက်လိုက် ဘက်လိုက်နဲ့ လိုက်ရှာနေရတယ်။ ဘယ်လောက် ခန္ဓာဝန်ရဲ့အလုပ်ကိုအတွက်ဟာ ဘယ်လောက်ကြီးသလဲ။ ခန္ဓာဝန်ရဲ့ဥပါဒါန်တွေ အာရုံရဲ့ဥပါဒါန်တွေ။ အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်။ နိဗ္ဗာန်မှာ ဒါတွေမရှိဘူး။ ဘာမှမရှိတော့ဘူး။ ရုပ်နာမ်လည်း မရှိတော့ဘူး။ အခုဘာဝပြောတာ။ ဟို အနာဂတ်ကိုပြောတာမဟုတ်ဘူး။ ဘာမှမရှိတော့ဘူး။ ကောင်းလားကွဲ့ မိစ္ဆာအယူတွေနော်။ အဲဒါကို ခင်ဗျားတို့ ကိုယ့်အစ်ကိုလို၊ ဖအေလိုအောက်မေ့လို့ပြောသွားတာ။ ဦးပဏ္ဍိတ လည်း မမြဲဘူး။ ဒါပေမယ့် ဦးပဏ္ဍိတ က ကျင့်ထားတယ်။ လာခဲ့တဲ့ မင်းတို့ကြိုက်တဲ့ဘုန်းကြီးလာတဲ့။ ကြိုက်တဲ့လူလာတဲ့။ ငါမတတ်ချင် မတတ်ဘူးပြောမယ်ကွတဲ့။ တတ်ချင် တတ်တယ်လို့ ပြောမယ်ကွတဲ့။ ငါ အခုတော့လည်း စိတ်ကတော့ပေါ့နေတယ်ကွတဲ့။ ရုပ်ကြီးက လေးတယ်ကွတဲ့။ အဲဒီတော့ ဒီစိတ်ကို ငါသိပြီကွတဲ့။ စိတ်ကို ငါပြန်ခိုင်းနေပြီကွတဲ့။ အဲဒီစိတ်က မင်းတို့က ကံနဲ့ခိုင်းနေတာကွတဲ့။ ခိုင်းတတ်ဖို့ လိုတယ်ကွတဲ့။ ဟ မြင်လိုက်တဲ့အာရုံပေါ်မှာ ငါ့မိန်းမစားဖို့၊ ငါ့သားစားဖို့ ငါဘာလုပ်ရင်ကောင်းမလဲ။ အဲဒီစိတ်ခိုင်းတော့ ရုပ်ဒုက္ခရောက်ပြီ။ ဟာ ကြည့်စမ်းနော်။ သိပ်အရေးကြီးတယ်။ အင်မတန် သမ္မာလေးနဲ့သုံးသွား။ မိစ္ဆာအယူတွေနဲ့ မသုံးနဲ့။ မရှိတာ ဆင်းရဲတာ ချမ်းသာတာ ကံတရား။ ရှေ့ဘုန်းရှေ့ကံ ရှေ့က ဟိုအတိတ်ကပါလာရင်တော့ ခင်ဗျား ချမ်းသာမှာပေါ့။ အတိတ်ကမပါပဲနဲ့ ကိုယ်ရဲ့ဝီရိယအား အကျိုးလေးလောက် ပေဘာ ဒီပစ္စုပ္ပန်မှာ ရှာဖွေစားရင် သမ္မာလေးနဲ့ ရှာဖွေစားရင် ထမင်းတစ်လုတ် လှလှစားရတယ်။ သမ္မာလေးနဲ့ရှာဖွေစား။ မိစ္ဆာနဲ့ သွားမရှာနဲ့။ ကိုယ့်မှာလည်း စားတော့အများ။ ခံတော့ ကိုယ်တစ်ယောက်တည်းခံရမယ်နော်။ ရှာတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သေတတ်ဖို့လိုတယ်။ နေတတ်ဖို့လိုတယ်။ အဲဒါ စကားလည်း လက်လွန်ကျွံအောင်သွားမပြောနဲ့။ မြေနှုတ်လို့ရတယ်။ နှုတ်လွန်ရင် မလွယ်ဘူး။ အဲဒါတွေကို စိတ်နဲ့ပတ်သက်တဲ့အကြောင်းတွေကို ပြောတာ။ အဲဒီစိတ်ကလေးကို သမ္မာလေးနဲ့ ခင်ဗျားတို့ ရေးထားတာပဲ၊ စာက ယံမင်္ဂလံ ဒွါရသဟိ ဒါစာရေးထားတာပဲ။ မင်္ဂလာတရားတော်တွေပဲ။ ကိုယ် ရိုးရိုးသားသားနေ၊ မရုက်မကြောက်နဲ့ သူများပစ္စည်းခိုးတာမဟုတ်ဘူးဗျ။ ဆန်အိတ်ထမ်းတယ်၊ ရေထမ်းတယ်၊ ထမင်းတစ်လုတ် ကိုယ်ပညာမှမတတ်တာကြီး။ ကိုယ်နိုင်တဲ့ဝန်ကိုထမ်းပြီးတော့ ကမ္မဝဋ်၊ ဘဝဝဋ်ကို လုပ်ကျွေးသမှုပြုနေရတာ။ သမ္မာနဲ့လုပ်ကျွေးနေတာ။ အခုကတော့ အလုပ်မလုပ်ဘူး။ ဘာတွေလုပ်လဲ။ လုပ်ချင်တာတွေ လျှောက်လုပ်တာပါပဲဗျာနော်။ လုပ်ကြတာ။ အဲဒါမပြောပါဘူး။ ဦးဇင်းက ကိုယ့်ဖအေအရင်းလို၊ ကိုယ့်အမေအရင်းလို ငါလည်း မမြဲပါဘူးတဲ့။ နောက်ဆုံးဘဝပါပဲတဲ့။ တွေ့တယ်၊ ဆုံတယ်၊ ကြုံတယ်၊ ကွဲရလိမ့်မယ်တဲ့။ အနတ္တတရားကွာတဲ့။ ဖြစ်လာရင် ပျက်သွားလိမ့်

မယ်နော်တဲ့။ မင်းတို့သတိထားနော်တဲ့။ အဲဒီ သတိလေးထားနော်တဲ့။ ကုတ်ကုတ်ကလေးနေတဲ့။ အဲဒီတော့ နေတတ်ဖို့လိုတယ်နော်။ ခုနက သတိပဋ္ဌာန်တွေကျင့်သွားတာတွေလား။ ကာယသတိပဋ္ဌာန်မှာ ကာယကံ(၃)ပါး။ သူ့ရဲ့သမ္မာအယူကို ယူသွားတယ်။ စာမတတ်လို့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ ဟော သမ္မာသင်္ကပ္ပဒိဋ္ဌိပြုတ်ပြီ။ ဒိဋ္ဌိသိသွားပြီ။ သမ္မာသင်္ကပ္ပကိုရောက်ချင် ဒိဋ္ဌိကိုသိတယ်ဗျ။ စာကမှန်၏ ဉာဏ်မမီ ထိအောင် သူမသိဘူးတဲ့။ ဒိဋ္ဌိဆိုတာ ယူထား။ အယူတွေက အယူမှားနေတယ်။ အဲဒါ ငါ့မိန်းမပဲကွာတဲ့။ အဲဒါ ငါ့သမီးလေးတွေကွာတဲ့။ ဟောဒါ ငါ့သားလေးတွေကွာတဲ့။ အေး ကောင်းပါတယ်ကွာတဲ့။ သွားဦးမယ်တဲ့။ ယူထားတဲ့အယူ ဒိဋ္ဌိအယူတွေယူထားပြီနော်။ ဒါတွေးတောင်ကြည့်ပေတော့ဗျို့။ အဲဒါ သံသရာလည်ပြီ။ လောကီနယ်ထဲမှာဖြစ်နေတဲ့ သူ့အာရုံ၊ သူ့အသိ လောကုတ္တရာကို မရှိသေးဘူး။ ပြီးတော့ သီလလည်း ပြည့်စုံတယ်၊ သမာဓိလည်း ပြည့်စုံတယ်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ(၃)ပါး အဲဒါ မဂ်ကလာတာ။ အဓိသီလဆိုတာ အာရုံပေါ်မှာ မလိုက်တော့ဘူး။ မှတ်ထားဦး။ အဲဒါ အဓိသီလတဲ့။ အာရုံနောက်ကိုမလိုက်တော့ဘူး။ ဘာလဲ ဟိုက ဝတ္ထုကာမ ငါ့မှာရှိတာက ကိလေသာကာမ။ ဒါ စာကရေးပြီ။ ဝတ္ထုကာမနှင့် ငါ့မှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာမကြိုက်တဲ့ ဟောတွေ့လား။ အဓိသီလကို ရေးခိုင်းတာ။ အာရုံနောက် မလိုက်တော့ဘူးတဲ့။ လောဘ၊ ဒေါသ။ စာကိုရေးပေးလိုက်တော့ လောဘလည်းမရှိဘူး။ ဒေါသလည်း မရှိဘူး။ မောဟလည်း မရှိဘူး။ မောဟဆိုတာဘာလဲ။ ဟော မောဟတစ်လုံးကျန်ပါသေးတယ်။ မောဟတဲ့ အဲဒီလောဘနဲ့ ဒေါသဖြစ်တာ။ ဘယ်သူကလုပ်လဲ။ အဲဒီမောဟကလုပ်တာ။ မောဟက ဘယ်ကလာသလဲ အဲဒါ ကိလေသာသွေးသားတွေ မကုန်ခမ်းလို့ မှိုင်ထိုင်းနေတာ။ ကိလေသာသွေးသားကိုမသတ်ဘူး။ စာတော့ မိုးပျံအောင်တတ်ထားတယ်နော်။ ကိလေသာရဲ့ သွေးသားတွေကိုမသတ်ဘူး။ အဲဒီသွေးသားတွေကို သတိပဋ္ဌာန်လေးပါးနဲ့ သတ်ပစ်ရမယ်။ သွေးသားစင်ကြယ်မှ ဓမ္မကိုရမယ်။ အဲဒီ ကိလေသာသွေးသား ခုနက ဦးဇင်း ပြောပြီမလား။ ဦးချိတ်ိုး ဒေါ်အုံးမေ ဟော မြမောင် ဟော အဲဒါ ကိလေသာနဲ့ဆောက်လုပ်ထားတဲ့ရုပ်ခေါ်တယ်။ အဲဒါ ရုပ်ပဲ။ အဲဒီကိလေသာကို ကိလေသာတွေဟာ ဒင်းကြမ်းဖြစ်နေတယ်။ ဒီကိလေသာတွေဖြစ်ရင် တဏှာဟာ ကိလေသာရဲ့အစာဟာ တဏှာပဲ။ အဲဒါ သံသရာလည်တာပဲ။ အဲဒါ ရုပ်နာမ်ခေါ်တယ်။ ဥပမာ ကိလေသာက အကျိုးတရား၊ တဏှာက အကြောင်းတရား။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း။ ဟ အပြင် ဒွေ့သည်က(၅)ပါး၊ အတွင်းဒွေ့သည်

က(၁)ပါး။ အတွင်း မည်သည့်ကဘာလဲ။ ဘုရင်က နန်းထိုင်ထားတာ။ ကံနဲ့ထိုင်ထားတယ်။ ဒီကောင်က ဉာဏ်မဟုတ်ဘူး။ ဉာဏ်ရတယ်ဆိုတာက ဝိပဿနာကျင့်လို့ ပေါက်ရောက်တဲ့ဟာက ဉာဏ်။ ကံရှိတယ်ဗျို့ စေတသိက်က အာရုံ(၅)ပါးကို အကုန်လုံးဖမ်းစားနေတာ။ ဒီကောင်က ဂိုးလီဘာ လိုပဲ။ လာလိုက်တဲ့ဟာတွေကို ဖမ်းထားတယ်၊ သိမ်းပိုက်ထားတယ်။ ဟာ လောကီကိုအားကိုးပြီးတော့ ဖမ်းထားလိုက်တာနော်။ အနုသယကိုဟောတာ။ စိတ္တနုပဿနာကို ဟောတာ။ ကံကိုဟောတာ။ မနောကံ စိတ္တနုပဿနာ အာရုံနဲ့ပေါင်းတယ်။ ပေါင်းရင် အဲဒါ သခ်ီရပဲ။ အဲဒါကြည့်စမ်း မောဟဆိုတာ ကိလေသာသွေးသားတွေရှိတယ်။ စာမတတ်လို့ အဲဒီသွေးသားတွေကို ခန်းခြောက်အောင်လုပ်မှသာ လျှင် မဂ္ဂဘက်ကိုကူးသွားလိမ့်မယ်။ အဲဒီတော့မှ ဘာဖြစ်လာမလဲ။ ဥပမာ သူများတွေပြောတာ။ သူများ ပြောတာ ပြန်ပြောတာ ဈာန်ရရမယ်နော်။ ဈာန်လည်းရမယ်။ မဂ်အရင် သတ်ပြီးပြီ။ အဲ မဂ်တွေသတ် ပြီးပြီ။ ဘာလဲ လောကီအနုသယတွေ။ လောကီအာရုံတွေ။ လောကီမှာရှိနေတဲ့ အကုန်သတ်။ သမ္မာဒိဋ္ဌိတွေ၊ မိစ္ဆာဒိဋ္ဌိတွေ အကုန်သတ်။ သမ္မာကို အခု ဒကာ၊ ဒကာမတွေ လာခေါ်တယ်။ သင်္ကန်းလေးတွေ ဝယ်ပေးတယ်။ ထမင်းလေးတွေ ကျွေးတယ်။ သူ ဝတ္ထုတွေစွဲတာမှ မဟုတ်တာပဲ။ အကုန်ထားပစ်ခဲ့ မယ်။ ဒီမှာနော်။ သူက မစွဲဘူး။ အဲဒါ သမ္မာ။ အဲဒါ ကံခေါ်တယ်။ အတ္တအနေနဲ့ ကံခေါ်တယ်။ အနတ္တ အနေနဲ့ သဘာဝဉာဏ်လို့ခေါ်တယ်။ သမ္မာကို သုံးပေးလိုက်တယ်။ မိစ္ဆာကိုတော့ မလုပ်ဘူး။ အဲဒါကို သိသွားတာနော်။ အဲဒါတွေကို ခုနကပြောသလို ကိုယ်ဟာ ကြိုးတစ်လှိမ့်ပဲ။ ဒြော် ငါသိပြီ။ အဂ္ဂိလိမာလ ငါသည်ဘုရားနဲ့တွေ့တော့မှ ငါလည်း ဒီအသိတွေ သိတယ်ဆိုပြီးတော့ ဘုရားနောက်ကို လိုက်သွား တယ်နော်။ သူ့ဆရာကြီးက ပါမောက္ခဆရာကြီးက ငါ့တပည့်တဲ့ ဒါစာနဲ့ရေးလို့ပြောတာပါဗျာ။ ဟုတ်လား၊ မဟုတ်လားတော့မသိ။ ငါတပည့်တဲ့ ငါခိုင်းတာ ကိုလုပ်တဲ့။ ငါခိုင်းတာကိုလုပ်ရင် ဟော့ဒီ ဘုရင်မင်းညီမင်းသားတွေရဲ့ တတ်တဲ့ အစွမ်းပညာ ငါမင်းကို ပိုသင်ပေးမယ်။ ငါခိုင်းတာလုပ်မလား၊ လုပ်မယ်ဆရာကြီးတဲ့။ ဒါဖြင့် မင်းလုပ်ရင် သစ္စာဆိုရမယ်နော်တဲ့။ ဆိုမယ်ဆရာကြီးတဲ့။ လက်ညှိုးပေါင်း တစ်ထောင်ဖြတ်ခိုင်းတယ်တဲ့။ အဲဒီကိစ္စ ဘာကြောင့်ဖြတ်ရသလဲ။ ဘယ်သူကပြောလို့ ဒီလက်ညှိုးပေါင်း တစ်ထောင်ဖြတ်ရသလဲ။ ဆရာကြီးကသိတာမဟုတ်ဘူး။ သူများပြောပစ်ခဲ့တာ။ သူများကုန်းချောပစ် ခဲ့တာနော်။ အဲဒါကို ဆရာကြီးက တစ်ခါတည်း သူများကုန်းချောတာကိုယုံတယ်။ သူ့အသိနဲ့ မဟုတ် ဘူး။ သူများပြောမှသိတဲ့အသိ။ ဝေဖန်ပါဦးလား။ ကြည့်စမ်း လုပ်တော့မယ်။ တပည့်ကို ပညာချင်း နှိပ်စက်ထားပြီ။ ခိုင်းပြီ။ သွားတော့မယ်။ သူကလည်း နောက်ဆုံး မအေကိုသတ်တော့မယ့်ဆဲဆဲ မနက်မိုးလင်းသတ်မယ်။ လက်ညှိုးကလည်း တစ်ချောင်း ပဲလိုတော့တယ်။ မအေနဲ့တွေ့လို့ အဲဒါ

ဘုရားက ကယ်တာ။ အဖေတသတ်ကို ကယ်တာမဟုတ်ဘူး နော်။ အင်္ဂုလိမာလကိုသွားကယ်တာ။ အဲဒီတော့မှ မအေ ကို မသတ်ဖြစ်ဘူး။ အသင်က ပြေးတာလား၊ ကျုပ်ကပြေးတာလားတဲ့။ အဲဒီတော့မှ သတိရတော့မှ ဒူးထောက်ပြီးရှိခိုးတယ်။ ရှိခိုးတော့မှ စရဏ ဒါကိုကျင့်တယ်၊ ဒါလုပ်တယ်နော်။ သစ်ပင်အောက် ဝါးပင်ရိပ်မှာ ကောင်းတဲ့အလုပ်လုပ်တာ။ ရေတောင်မသောက်ဘူး။ စကားတောင်မပြောဘူး။ အာရုံတွေနဲ့လည်း မပေါင်းတော့ဘူး။ ဘဝင်ကိုသတ်တာ။ ကံကိုသတ်တာ တွေးတယ်ဆိုကတည်းက ကံဘယ်လောက်နှုလဲ။ ခင်ဗျားတို့ ဆံပင်တစ်ချောင်း ဆွဲနှုတ်လိုက်တယ်။ (၃၆)စိပ်ကို မင်း အဲဒီခေါင်းကဆံပင်ကို (၃၆)စိပ် ငါ့စိပ်ပြစမ်းတဲ့။ အဲဒါစာက ပြောတာ။ အဲ စိပ်ပေးလိုက်တယ်။ အဲ (၃၆)စိပ် အဲဒီခေါင်းကဆံပင်တစ်ချောင်းကို စိပ်ပေးတော့ (၃၆)စိပ်ပေးစမ်း။ တစ်စိပ်တဲ့ဆိုတော့ (၁)စိပ်ပေးတယ်။ အဲဒီတစ်စိပ်ကို ပြန်စိပ်လိုက်ဦးတဲ့။ (၃၆)စိပ်။ (၃၆)စိပ်ကိုပြန်စိပ်တော့ ဘာရှိဦးမှာလည်းနော်။ အဲဒီလိုကျင့်ရမယ်။ ကြံရမယ်၊ ကိုယ့်ရုပ်နဲ့ရင်းရှာရမယ့် ကိုယ်နေတတ်ဖို့၊ စားတတ်ဖို့၊ အာရုံနောက်လည်း မလိုက်နဲ့။ အနတ္တလုပ်၊ အတ္တပယ်နော်။ အဲဒီအတ္တ ကိုပယ်။ အတ္တဆိုတာဘာလဲဆိုတော့ ဥပမာပြောကြမယ်ဆို အတ္တဆိုတာက သူယူထားတဲ့ဟာတွေပေါ့ဗျာ။ အကုန်ယူတာပဲ။ မကောင်းတာလည်း ယူမယ်၊ ကောင်းတာလည်းယူမယ်။ အဲဒါတွေက ဒါတွေယူမယ်။ အစွဲက ဥပါဒါန်လို့ပြောတယ်နော်။ ဥပါဒါန်လို့ စာကရေးထားတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်။ ဟော တဏှာကြောင့် ဥပါဒါန်။ ကလေး ရေထဲနစ်တယ်။ မအေက ပူတာပဲ။ အဲဒါ တဏှာပဲ။ တဏှာကြောင့် ဥပါဒါန်။ အဲဒါ သံသရာလည်တဲ့တရားပဲ။ ခုနက ကိုယ့်စက်ဘီးလေးတွေ ကိုယ့်ကားလေးတွေ ရိုက်ချိုးတယ်။ အဲဒါလည်း တဏှာပဲ။ ဥပါဒါန်ပဲနော်။ အဲဒီလိုစိတ်မျိုးတွေကို သမ္မာလုပ်ရမယ်။ ခြောက်ငါ့သားလေး သေသွားတော့ မတော်တာဆဖြစ်တာပဲ။ ကိုယ်လည်း သက်သာတယ်။ တရားလည်း သိလာတယ်နော်။ ခင်ဗျား ပဋ္ဌာစာရီ ကြည့် တစ်ခါတည်းလုံချည်တောင်မရှိဘူး။ လင်ကလည်းမြွေကိုက်တယ်။ ကလေးတွေကလည်း ဘာဖြစ်တယ်၊ ညာဖြစ်တယ်။ ဖအေ၊ မအေကလည်း လောင်မီးကျတယ်။ ဟာ ဘယ်လောက်အစွဲကြီးသလဲတော့မပြောနဲ့။ လူထဲမှာလည်း လမိုင်းရှိတာပဲ။ အဲဒါစွဲကြည့်တော့ ကိုယ်ပေါ်မှာ အဝတ်စလစ်အစား စလစ် အဲဒီတော့ ဘုရားနဲ့တွေ့တော့ တရားဟောရော ဟော သူအရင်သိသွားပြီ။ အဲဒီအယူက သူအရင် သိသွားတယ်။ ဟိုလူတွေက ဟိုလူပေါင်းတစ်ထောင်လောက်က ဘုရားဟောတဲ့တရားကို သူတို့နား ကြားတာပဲရှိတယ်။ ကြားပြီး နာတာပဲရှိတယ်။ ပဋ္ဌာစာရီမှာ အသိဝင်သွားတယ်နော်။ ဒါလေးတွေကို ကိုယ်ဘဝတစ်ပါးသို့မပြောင်းခင်အခါမှာ ကိုယ့်စိတ်ကို ကိုယ်စစ်ပြီးတော့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကသူကို

သနားပါ။ ကိုယ်ကျင့်တရားထားပါ၊ ဖြဟ္မစိုရ်တရားထားပါ၊ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကိုယ် ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်း မာန်တွေ၊ ဥစ္စာမာန်တွေ အဲဒါတွေမစွဲနဲ့တဲ့။ အဲဒါ ငါမာန်တွေ။ အဲဒါတွေ သမ္မာလေးနဲ့သုံးသွားပါတဲ့။ သမ္မာလေးနဲ့သုံးသွားရင်တဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ။ အဲဒါ သီလမဂ္ဂင်ပဲတဲ့။ မဂ္ဂင်ရှစ်ပါး အဲဒါသီလမဂ္ဂင်ပဲတဲ့။ ခုနက ခင်ဗျားတို့ယူထားတဲ့သီလ တွေက ရှောင်ထားတဲ့သီလတွေ သူများအသက် မသတ်ပါဘူး။ သူများပစ္စည်း မခိုးပါဘူး။ သူများ သားမယား မဖျက်ဆီးပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ မာလာဂန္ဓ၊ ဝိလေပန၊ တီးခြင်း မှုတ်ခြင်း၊ နံ့သာ လိမ်းခြင်းမလုပ်ပါဘူး။ မနက်ဖြန်ကြတော့ လုပ်ပြန်ရော။ ဟော ဒီနေ့တော့ယူထားတယ်။ မနက်ဖြန်ခါကျတော့ ဥပုသ်ကထွက်တယ်။ သူလုပ်ချင်တာ လျှောက်လုပ် တယ်။ ကဲ ခင်ဗျားတို့ ဒါကြောင့်မို့ ရုပ်ကုဋ္ဌေ(၅)ထောင်၊ နာမ်ကုဋ္ဌေ(၁)သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင်တယ်တဲ့။ စာကရေးထားတဲ့အရ ကျင့်။ ကိုယ်ဒီနေ့ယူထားတဲ့သီလ မနက်ဖြန် လည်း မလုပ်နဲ့၊ သဘက်ခါလည်း မလုပ်နဲ့။ ခင်ဗျားတို့ဘုန်းကြီးတွေ ဘာလို့အာပတ်ဝင်ရလဲ။ သိမ် ထဲမှာ ဘာလို့အာပတ်ဝင်ရလဲ။ ဒိတ်စိတ်အာပတ်၊ ပါစိတ်အာပတ်၊ မာတုကာမအာပတ်၊ အာပတ်တွေ ကိုစုံနေတာပဲ။ ဒါအပြစ်ရှိလို့ပေါ့။ အာပတ်ဝင်ရတာ။ အဲ လူတွေလည်း အာပတ်ယူထားရင် နောက် မနက်ဖြန်ခါ ဒါမျိုးတွေကိုမဝတ်နဲ့။ ခပ်ထူထူလေးဝတ်၊ ခပ်ထူထူလေးနေ၊ ခပ်ထူထူလေးဝတ်။ ကိုယ့် စိတ်ကိုယ်စစ်။ ဒီနေ့တော့ သီလယူပြီး မနက်ဖြန်ခါကျတော့ စိတ်ပြောင်းရော။ သဘက်ခါကျတော့ စိတ်ပြောင်းရော။ ဟာ သနားဖို့သိပ်ကောင်းတယ်နော်။ ကိုယ့်စိတ်ကလေးကို ကိုယ်ထိန်းပါ။ မကောင်း တာကို မလုပ်ပါနဲ့နော်။ ဦးပဏ္ဍိတ က စာတတ်တဲ့လူမဟုတ်ဘူး။ ခုံဖိနပ်အစုတ်ကတက်ဖြစ်တာ။ စိတ်ကို ဟောသွားတာ။ စိတ္တာတဏှာနံ ခယမစ္စက စိတ်တာရှင်ဖေ ဘုရားဟော။ စိတ်ကိုဟောသွားတာနော်။ အဲဒီစိတ်ကလေးက ကံမဖြစ်စေနဲ့။ ဉာဏ်ဖြစ်ပါစေ။ စိတ်ကလေးက ကံဖြစ်ရင် သမ္မာနဲ့ဖြစ်ပါစေ၊ မိစ္ဆာနဲ့ သွားမဖြစ်ပါစေနဲ့။ ဒေါသကြီး အံဖုံခဲပြီးတော့ ထိုးမယ်၊ ကြိတ်မယ်။ မနောကနေ အာရုံနောက်ကို လိုက်ရော။ ဟာ ခုတ်ကြ၊ ထစ်ကြရော။ မဟုတ်တာတွေလုပ်ရော။ ဟော ကိုယ်မဟုတ်တာလုပ်ရင် မဟုတ်တာဖြစ်ရောနော်။ အဲဒီတော့ ဘာဖြစ်ဖြစ် ဆားလေးနဲ့ ထမင်းလေးနဲ့စား။ မှန်တာနေ၊ မှန်တာ ပြော။ ရပ်ကွက်ကခိုင်း ဟာ ကိုယ်စားစရာလည်းမရှိ သောက်စရာလည်းမရှိ။ ဟ မင်းတို့ထွက်၊ မြောင်း တွေပါရှင်း၊ သန့်ရှင်းရေးကွာ။ ဒီလိုစေတနာပျက်တယ်။ ကြည့်စမ်း မနောက ရပ်ကွက်လူကြီး ကြောက်လို့သာ သူထွက်တော့ ထွက်တာပဲ။ စေတနာပျက်ပြီ။ အဲဒီတော့ ဘယ်တော့ ဒီလုပ်တဲ့ကုသိုလ် ဘယ်တော့ရမလဲနော်။ စေတနာမှန်ပါစေ။ ဆရာကြီး ကျွန်တော်လုပ်ပါ့မယ်ဆရာကြီးရယ်။ ကျွန်တော့်

ခိုင်းပါ ဆရာကြီးရယ်။ ကျွန်တော့်ခိုင်းပါဗျာ။ ဟော စေတနာကိုမှန်လာတော့ ဟော လူကြီးကလည်း သူ့ကိုချီးမွမ်းတယ်ဗျို့။ လိုက်သာလုပ်ရတယ် စေတနာပျက်တယ်။ ငါ့ချည်းခိုင်းတယ်။ ဘာလဲကွ။ ဟော ဒါးနဲ့တုတ်နဲ့တောင် ရိုက်ချင်ရိုက်ဦးမယ်နော်။ မပျက်စေနဲ့။ ဘုရားကဟောသွားတယ်။ စေတနာကို ဟောသွားတယ်။ အယုတ်၊ အလတ်၊ အမြတ်မရွေးနဲ့။ အဲဒီတော့ ခုနက သူတို့ခိုင်းလိုက်တာ စေတနာ မှတ်တာ။ သညာနော်။ ငါ့ကိုနေ့တိုင်းခိုင်းတယ်မှတ်တာ။ အဲဒါကံနဲ့ သညာနဲ့ပေါင်းတော့ သခီရတွေ ဖြစ်ကုန်ရော။ မိစ္ဆာကံ တွေဖြစ်ကုန်ရော။ လုပ်လည်းလုပ်ရသေးတယ် စေတနာမပါဘူး။ ဒါကြောင့် ဘုရားက စေတနာနော်။ ပုဗ္ဗ၊ မုဉ္စ၊ ပရဆိုတဲ့ စေတနာ။ ဒီစေတနာတွေဟာ အယုတ်၊ အလတ်၊ အမြတ် မရွေးဘူး။ ဟိုလူ့အပေါ်မှာလည်း စေတနာရှိတယ်။ ဒီလူ့အပေါ်မှာလည်း စေတနာရှိတယ်။ ခွေးလေး အပေါ်မှာလည်း စေတနာရှိတယ်။ အဖြူပေါ်မှာလည်း စေတနာရှိတယ်၊ အမဲပေါ်မှာလည်း စေတနာ ရှိတယ်။ အဲဒီစေတနာဟာ ဝိသုဒ္ဓိနော်။ ဝိသုဒ္ဓိကနေပြီး ဘယ်ရောက် ဝိမုတ္တိဖြစ်သွားလိမ့်မယ်။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား။ )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၄၁)


ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁၄၁)

ဦးဇင်း က စာပေကျမ်းဂန်မတတ်ပါဘူး။ ဝိပဿနာခန္ဓာသိနဲ့ ပြောပါတယ်။ တရားနာပရိသတ်များ အသိလေးထား။ (၃၁)ဘုံမှာ ဘယ်ဘုံမှာ ပြောသလဲ။ ပဉ္စဝေါကာရဘုံ။ လူ့ဘုံပေါ့ဗျာ။ အဲဒါပြောပြီးတဲ့၊ အဲဒီတော့ ရုပ်ရှိ၊ နာမ်ရှိပုဂ္ဂိုလ် မှန်တယ်။ ရုပ်မရှိတဲ့ နာမ်ပုဂ္ဂိုလ် သဘောပေါ့ဗျာ။ ဒါကတော့ ထုတ်ပြလို့တော့မရဘူး။ (၃၁)ဘုံကို တိုင်တည်လိုက်ပြီ။ အဲဒီတော့ ပဉ္စဝေါကာရဘုံက လူ့ဘုံက ပြောပြီ။ ဘာတွေပြောသလဲတဲ့။ သူ သစ္စာ(၄)ပါး။ သစ္စာနဲ့ ပြောပြီတဲ့။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာတဲ့။ ဒီသစ္စာတွေနဲ့ ခန္ဓာက မနောနဲ့တိုက်မှ မှန်မှ အရိယတသစ္စာခေါ်တယ်။ ခန္ဓာနဲ့တိုက်မှ အရိယတသစ္စာခေါ်တယ်။ အဲဒီတော့ ဒီသစ္စာ(၄)ပါးကို ဦးပဏ္ဍိတ ကကံတရားကို သုပြောတာနော်။ ကံဆိုတာ အခု ခင်ဗျားတို့မှာလည်းရှိတယ်။ ဦးဇင်း မှာလည်းရှိတယ်။ ကာယကံ၊ ဝစီကံတွေ ရေးထားတယ်။ စာကရေးထားတယ်နော်။ ကံ။ ကံဆိုတာ စာခေါ်တယ်။ ဗမာလိုပြန်ရင်တော့ အစွဲဉပါဒါန်ခေါ်တယ်။ အဲဒါပဲ။ စွဲရင် ကံပဲ။ ဘာဖြစ်လို့လဲ။ ဝေဿန္တရာမင်းကြီးဟာသားတွေ၊ သမီးတွေလှူလိုက်တယ်။ သူ့ရှေ့မှာ ရိုက်တယ်။ ပုဏ္ဏားက ရိုက်တယ်။ ဒါ ခင်ဗျားတို့သုတ္တန်ဝိနည်းမှာပါတယ်။ သုတ္တန်မှာပါပါတယ်။ အဲဒီတော့ ဝေဿန္တရာ က စိတ်ထဲမှာမကောင်းဘူး။ အာရုံငါးပါးကို ပညတ်အာရုံကိုစွဲတယ်ဗျို့။ ပညတ်အာရုံ၊ ပရမတ်အာရုံရှိတယ်။ အခု ဦးဇင်း တို့နေတာ ပညတ်အာရုံမှာနေတာ။ အဲဒီပညတ်အာရုံမှာနေပေမယ့် အဲဒီတော့ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကံမဖြစ်စေနဲ့။ အတ္တဒိဋ္ဌိကံတွေ မဖြစ်စေနဲ့။ သမ္မာကံတွေဖြစ်။ ကိုယ့်စိတ်ကိုယ်စစ်။ ဘာနဲ့ စစ်မလဲ။ မဂ္ဂင်နဲ့စစ်။ ဝိနည်းမဟုတ်ဘူး။ မဂ္ဂင်နဲ့စစ်တာက ကာယကံ၊ ဝစီကံ၊ မနောကံ အကုန်လုံးပါသွားပြီ။ အညာကိုဖြတ်လို့ရှိရင် အသီးတွေအကုန်ပါသွားတယ်။ သဘောလေးပဲ။ အဲဒီတော့ အတွင်းကို အာနာပါနအနတ္တတွေ နှလုံးသွင်းရင် အတ္တအကုန်ပြုတ်ကျတယ်။ အစွဲတွေပြုတ်ကျတယ်။ သတိလေးထား။ အဲဒါ သစ္စာတွေပဲနော်။ ခင်ဗျားတို့လည်း ဒီဘဝ ပြန်ရမှာ။ ဦးပဏ္ဍိတ လည်း ဒီဘဝပြန်ရမှာ။ ပြောဒီရုပ်က အိုမယ်၊ နာမယ်၊ သေမယ်။ စိတ်က မအိုဘူး။ အဲဒီစိတ်ကို ပြောနေတာ။ ဒါကြောင့်မို့စိတ္တာတဏှာနံခယ မစ္ဆက စိတ်တာရှင်ဇော ဘုရားပြောတဲ့နော်။ စာမတတ်တော့ စိတ်ကိုဘာဖြစ်လဲ။ ခါတ်ဖြစ်အောင်ကျင့်တယ်။ ပြီးတော့ စိတ်ခါတ်နုပဿနာခေါ်တယ်။ စာကရေးထားတယ်။ စာကမှန်၏ဉာဏ်မမီ ထိအောင်သူမသိ။ စာတွေ့ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဉာဏ်ရတာကို။ ဘာဉာဏ်လဲ လောကုတ္တရာဉာဏ်။ အဲဒီဉာဏ်ဆိုပြဦးမယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိနော် အာသဝက္ခယဉာဏ်ခေါ်တယ်နော်။ အာရုံ

ပြတ်သွားတာ။ ကံပြတ်သွားတာ။ မှတ်မှားတွေလည်း ပညာဖြစ်သွားတယ်။ ဘယ်သူသိမလဲ။ အဲဒီတော့ ခုနက ဝေသန္တရာဟာ သားတွေကိုလှူလိုက်တော့ ပုဏ္ဏားက ဖအေရှေ့မှာရိုက်တာ။ အဲဒါ သားတွေကို သွားစွဲတာ တဏှာနော်။ သေချာလေး သတိထား။ သားတွေကို သွားစွဲတာ။ အမှတ်မှားတွေနဲ့ ပညတ်မှာ ယူလည်းယူတယ်။ စွဲလည်း စွဲတယ်။ ကံဖြစ်ရောဗျို့ သားတွေကိုရိုက်တာ။ ဖအေက စွဲတာ။ အဲဒါ သံယောဇဉ်တဏှာခေါ်တယ်။ အဲဒါမှတ်ထား သစ္စာနဲ့ဟောနေပြီ။ (၃၁)ဘုံ လူ့ဘုံမှာဟောပြပြီ။ အဲဒီတော့ သံယောဇဉ်တဏှာဟာ တဏှာကြောင့် သံလျှက်ကိုစွဲတာ။ မာန်တစ်ချက်တည်းဖြစ်သွားလိုက်တယ်။ ဝေသန္တရာ မသိလိုက်ဘူး။ တွေ့လား။ သီလပျက်တယ်။ အပြင်သီလ မစင်ကြယ်လို့ အတွင်းသီလပျက်တယ်။ မှတ်ထား။ ပညတ်ကိုယူလိုက်လို့ ပရမတ်သီလပျက်တယ်။ (၃၁)ဘုံမလွတ်ဘူး။ ကိုယ့်စိတ်ကိုယ်စစ်။ သစ္စာလေးပါးနဲ့ ဟောထားတာ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား။ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အဲဒါ သစ္စာလေးပါးခေါ်တယ်။ အကြောင်းဆိုတာ အခုပစ္စုပ္ပန်တည့်တည့်လေး ကိုယ်မျက်စိမြင်လိုက်တာ၊ ကိုယ့်နားကကြားလိုက်တာ၊ ကိုယ့်နှာခေါင်းက နံလိုက်တာ။ ကိုယ့်လျှာက စားလိုက်တာ။ ကိုယ့်အသားက ထိလိုက်တာသိရတယ်။ အသိလေးတွေပြောသွားတာ။ အဲဒီအသိလေးတွေက သညာသိဖြစ်တော့ဟော ပညတ်ကိုယူလည်းယူတယ်။ သညာကမှတ်တော့ စွဲတယ်ဗျို့ အဲဒါကံဖြစ်တယ်။ (၃၁)ဘုံမလွတ်ဘူးနော်။ အဲဒါ ခန္ဓာသိကဟောနေပြီ။ (၃၁)ဘုံမှာ လူ့ဘုံမှာဟောတယ်ဆိုကတည်းက နည်းတဲ့အမိပတိမဟုတ်တော့ဘူး။ ဟာ လာခဲ့ကွာတဲ့။ အဲဒီတော့ စာတော့မတတ်ပါဘူးကွာတဲ့။ မင်းတို့ ငါတို့ သဒ္ဒါရဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ။ အဲဒါပါဠိစကားတွေ။ မိစ္ဆာဒိဋ္ဌိဆိုတာ သိသလား။ သဒ္ဒါရဒိဋ္ဌိဆိုတာ သိသလား။ အတ္တဒိဋ္ဌိဆိုတာ သိသလား။ ဦးဖင်း ကတော့ စာတော့မတတ်ဘူးနော်။ ပါဠိရှိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်သဘောပေါက်လိမ့်မယ်။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိတဲ့၊ သဒ္ဒါရဒိဋ္ဌိတဲ့၊ အတ္တဒိဋ္ဌိတဲ့၊ ငါမြင်တယ်ကွ၊ ငါနားကြားတယ်ကွနော်။ သစ္စာနဲ့ ဟောနေတာ။ ပစ္စုပ္ပန်တည့်တည့်လေး အရိယာကဟောနေတဲ့ သစ္စာခေါ်တယ်။ ပုထုဇဉ်က လိုက်နိုင်တယ်။ မလိုက်နိုင် မင်းအကြောင်းပဲ။ လာ အရိယထသစ္စာတွေဟောနေတာနော်။ မြင်လိုက်တဲ့အကြောင်း၊ ငါမြင်လိုက်တဲ့အကြောင်း၊ ငါကြားလိုက်တဲ့အကြောင်း။ ဟော ငါဆိုတာက အယူမှားတယ်။ ယူပြီးတော့ အာရုံမှာ သွားမှတ်လိုက်တယ်။ တစ်ခုနဲ့တစ်ခု၊ ဟောဒါ (၅၀၀)တန်၊ ဟောဒါ (၁၀၀၀)တန်။ အဲဒါ ခွဲခြားတာ။ အဲဒါမှတ်တာ။ အဲဒါ မှားတာကိုယူတယ်။ တဏှာက အဲဒီသဘောတွေပဲ။ အဲဒါတွေ အဲဒီလောက်ကို အသိဉာဏ်မှ မရရင် မလွတ်ဘူး။ (၃၁)ဘုံမလွတ်ဘူး။ ဉာဏ်ရလို့ ဖော်သွားတာနော်။ ကာယနုပဿနာဆိုတာ

ကာယမှာ ဝဲတွေပေါက်တယ်။ ကံနဲ့ ကုတ်သလား၊ ဉာဏ်နဲ့ ကုတ်သလား။ မင်းအပေါ် မူတည်တယ်။ ဟောလာပြီ။ မင်းစက္ခုအာရုံပေါ်မှာ ကံနဲ့မြင်သလား၊ ဉာဏ်နဲ့မြင်သလား။ အဲဒါ မင်းအပေါ်မှာ မူတည်တယ်။ အဲဒီတော့ နှာခေါင်းက နံလိုက်တယ်။ ကံနဲ့ မင်းဒီအနံ့ကိုသာယာလား။ ဉာဏ်နဲ့ သာယာသလား။ မေးပြီ။ သစ္စာလေးပါးကိုဗျ။ အဲ ကြည့်စမ်း။ အဲဒီတော့ ခင်ဗျားတို့ ဦးပဏ္ဍိတ ပေးနိုင်တာက ဒါနမျိုးစေ့ပေးနိုင်တယ်။ (၃၁)ဘုံလွတ်တဲ့ဒါနကိုပေးသွားတာ။ ခင်ဗျားတို့ရဲ့ သီလ ဝိသုဒ္ဓိ။ သီလစင်ကြယ်မှသာလျှင် ခင်ဗျားတို့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောတယ်။ ဒါနနဲ့ ဆေးကြောတယ်။ ဘာဝနာနဲ့ ပွားများတယ်။ အဝိဇ္ဇာဆိုတာ အာရုံ(၆)ပါးမှာ ကျက်စားနေတယ်။ မနောကံက အဲဒီမနောကံနဲ့ အာရုံ(၅)ပါးနဲ့ပေါင်းတော့ အဲဒါ သင်္ခါရတွေခေါ်တယ်။ သဗ္ဗေအလုံးစုံ သော သင်္ခါရအနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ။ အဲဒါ ခင်ဗျားတို့ အရိယထသစ္စာနဲ့ဟောနေတဲ့ တရားတွေခေါ်တယ်။ ကံကို ဟောနေတာ။ ဥပါဒါန်ကို ဟောနေတာနော်။ လွတ်သလား။ ကိုယ့်စိတ် ကိုယ်စစ်။ မလွတ်ချင် လွတ်တဲ့နေရာရှိတယ်။ လွတ်တဲ့နေရာက မလွတ်တဲ့နေရာကိုလာဟောနေတာ။ ခင်ဗျားတို့ တွေးပြီးတော့ လွတ်တဲ့နေရာကနေပြီးတော့ မလွတ်တဲ့ကံသမားတွေကို လာဟောနေတာ။ အဲဒီတော့ သီလတွေဟာ ခုနက ခင်ဗျားတို့ယူထားတဲ့သီလတွေ ရှစ်ပါးသီလ၊ ငါးပါးသီလမှန်တယ်။ သိပ်မှန်တယ်နော်။ (၁၀)ပါးသီလ၊ ဂုဏ်တော်တွေရွတ်တယ်။ သိပ်မှန်တယ်။ ဗုဒ္ဓေါရွတ်တယ်။ သိပ်မှန် တယ်၊ ပရိတ်ရွတ်တယ် သိပ်မှန်တယ်။ ခင်ဗျားတို့ ဟေတုပစ္စယော၊ အနန္တရပစ္စယော သိပ်မှန်တယ်။ မမှားဘူး။ မင်းရဲ့ ထားနိုင်တဲ့ မင်းရဲ့ လုပ်နိုင်တဲ့ အသိလုပ်တယ်။ ငါက လုပ်နိုင်တဲ့အသိလုပ်တယ်။ တစ်ယောက်နဲ့တစ်ယောက် အသိမတူဘူး။ စာအသိနဲ့ ဝိပဿနာရှိတယ်။ ခန္ဓာသိနဲ့ ဝိပဿနာရှိတယ်။ ဟာ ခွဲပြီ။ ဒီနေရာမှာ အဲဒါခင်ဗျားတို့တွေးပြီးတော့ ခင်ဗျားတို့နားတွေကြားပြီ။ ခင်ဗျားတို့ပညာရှင်တွေ လောကီရဲ့အတတ် ခင်ဗျားတို့မှာအင်မတန်ချမ်းသာတဲ့သူရှိတယ်။ ဆင်းရဲတဲ့သူရှိတယ်။ စာတတ်တဲ့ သူရှိတယ်။ ထေရ်ကြီးဝါကြီးတရားကိုနာရတဲ့သူရှိတယ်။ ခင်ဗျားတို့တွေ အားကြီးပဲ။ ဝိပဿနာတွေ မှိုလိုပေါက်နေတာပဲ။ စာနဲ့သိတဲ့ဝိပဿနာရှိတယ်။ ခန္ဓာကသိတဲ့ ဝိပဿနာရှိတယ်နော်။ အဲဒီတော့ ဒီဝိပဿနာတရားတွေဟာ ခန္ဓာစစ်၊ ခန္ဓာမှန်တွေ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ရတဲ့အကောင်ကပြောတာ။ စာမဟုတ်ဘူး။ သူများသင်ပေးတာမဟုတ်ဘူး။ သိတာ သံသရာဘယ်ကစလဲ။ ဟော မေးပြီ။ သံသရာဘယ်ကစလဲ ခန္ဓာကစတယ်။ ဘယ်ကံလည်း မနောကံ ဘာကြောင့်မနောကံလည်ရသလဲ။ အာရုံ(၅)ပါး စက္ခုအာရုံ၊ နားသောတအာရုံ၊ အဲဒါပေါ့ဗျာ။ အဲဒီမှာ ဘုရားကပညတ်တာ။ ပရမတ်ကိုရှာပါတဲ့။ ဟော ပရမတ်တော့မရှာဖူးတဲ့သူရှိတယ်။ မရှာတဲ့သူများ

တယ်။ ပညတ်ကိုယူထားတာ အကုန်ပဲ။ အတ္တသမားယူတာ အနတ္တသမား ဉာဏ်ယူတာ။ အတ္တက ပညတ်ကို ကံနဲ့ယူထားတာ။ ဟာ လည်ရောပေါ့ဗျာ။ မင်းတို့ ဂျွန်းတောင်ပြန်သေးတယ်။ (၃၁)ဘုံ တိုင်တည်ထားတာ။ သူဟောတာ။ လူ့ဘုံကဟောနေတာနော်။ (၃၁)ဘုံမှာမလွတ်တဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ အားကြီးပဲ။ အေးကွ ငါက သစ္စာနဲ့မင်းတို့ကိုဟောပြီတဲ့။ လူ့ဘုံကနေဟောလိုက်ပြီတဲ့။ ဟာ သူကတော့ မဟုတ်ဘူးပေါ့ဗျာ။ မြမောင် က အစက ရဲထဲမှာ လုပ်ခဲ့တယ်။ ၁၉၄၈ ခုနှစ်မှာ လုပ်တယ်။ ၁၉၆၂ ခုနှစ်မှာ ထွက်တယ်။ နားလေးတယ်၊ ထိပေါက်တယ်၊ မကောင်းဘူး။ ရဲထဲမှာလည်းလုပ်တယ်။ လူကြီးရှေ့မှာ ဟုတ်ကဲ့ဆရာကြီး။ လူကြီးလည်းကွယ်လည်းကွယ်ရော လုပ်ချင်တာလုပ်တယ်။ အဖွဲ့ ကောင်းတယ်။ မြမောင် မကောင်းဘူးပြောသွားပြီတွေ့လား။ အဖွဲ့ကောင်းတယ်။ မြမောင်မကောင်းဘူး။ အဲ လိမ်ချင် တယ်၊ ခိုးချင်တယ်၊ အဲ လစ်ရင်လစ်သလို အရက်ဖိုးရအောင်လုပ်မယ်။ သားမယားစားဖို့ လုပ်မယ်။ အစွဲတွေ အစွဲတွေ။ ဒါ မိစ္ဆာအစွဲတွေပဲ။ သက္ကာယဒိဋ္ဌိတွေ၊ အတ္တဒိဋ္ဌိတွေလုပ်ကုန်ပြီ။ မြမောင် တွေ့လား မကောင်းတာလည်းပြောခဲ့ပြီ။ ဟိုငယ်စဉ်တုန်းကလည်း အဖေ အမေ ကောက်ရိတ်တယ်။ ကောက်ရိတ်တော့ ဒီစပါးလေးတွေကိုလိုချင်တယ်။ ကောက်သင်းလိုက်ကောက်တယ်။ မရဘူး။ နည်းနည်းပဲရတယ်။ အဲဒီတော့ သူများရဲ့စပါးနှံတွေကို တံစဉ်နဲ့ရိတ်တော့ များများရတယ်။ ကလေးဗျ။ သိလာပြီ၊ လောဘတွေသိလာပြီ။ အဲဒါတွေယူတယ်။ စပါးရှင်က မသိဘူး။ ထမင်းပို့တဲ့တောင်းထဲမှာ စပါးနှံတွေကိုထည့်တယ်။ ဟော မြမောင် ဘာလုပ်လဲ။ အဲဒါတွေလျှောက်လုပ်တယ်။ စပါးနှံတွေထည့်ပြီး အိမ်ပြန်တယ်။ လယ်ပိုင်ရှင်ကမသိဘူး။ ဘုရားဟောထားတာ အဝိဇ္ဇာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ အဲဒါ ကာယကံခေါ်တယ်။ သူမသိလို့ကျူးလွန်တာပေါ့။ သူ့စွဲလို့ခိုးတာပေါ့။ မြမောင် အဲဒါတွေယူလာပြီးတော့ ဘာလုပ်လဲ။ ခြောက် ငါ့အဖေ၊ အမေ ကတော့ ကောက်ရိတ်တယ်။ ငါ စပါးနှံလေးတွေကို ခြေထောက်နဲ့ပွတ်မယ်ဆိုပြီးတော့ ဆာလာအိတ် စုတ်ကလေး အိမ်မှာ ကောင်းကောင်းမွန်မွန်မရှိပါဘူး။ အစုတ် အစုတ် ဆာလာအိတ် ကကြမ်းတော့ ခြေထောက်ကလေးနဲ့နယ်နယ်ပြီးတော့ပွတ်တာ။ စပါးစေ့လေးတွေကြွေကုန်ရော။ အဲ ဆန်အိုးထဲက နို့ဆီခွက်ကလေးယူ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး ဟာ ဆယ်လုံး၊ ဆယ့်ငါးလုံး၊ အလုံး နှစ်ဆယ်။ ဟာ မြမောင် ဝမ်းကိုသာနေတာပဲ။ တစ်ပြည်ကိုဘယ်လောက်ရတယ်ဆိုတာ သူသိတယ်။ ဟိုတုန်းက (၁)ပြည်မှ (၂)ပြား၊ (၃)ပြား၊ (၄)ပြားလောက်ရတော့ မြမောင် ပျော်နေတာ။ ဘယ်လို လုပ်လဲဆိုတော့ ဘယ်မှာသွားရောင်းလဲ။ သရက်ကုန်းမှာ ကျင်မကွီ တရုတ်ဆိုင်မှာသွားရောင်း တယ်ဗျို့။ ခိုးတာကို သေချာပြောပြတယ်။ အဲဒါ မိစ္ဆာအယူတွေ၊ သက္ကာယဒိဋ္ဌိတွေ၊ အတ္တဒိဋ္ဌိတွေ။

ကြည့်စမ်း။ ကျင်မကွီ ရောင်းတော့ ကျင့်မကွီ က စပါးကိုခြင်ကြည့်တယ်။ ဟာ (၄)ပြည်။ အဲဒါ ပိုက်ဆံတွေ အံဆွဲကထုတ်ပြီးပေးတော့ မြမောင် ဘာတွေဝယ်တယ်။ ကြံသကာလေးတွေဝယ်တယ်၊ လက်ဖက်ခြောက်ကလေးတွေ ဝယ်တယ်။ မိဘကိုခိုးကျွေးတာ။ ကလေးပေမယ့် တွေ့လား လုပ်တဲ့အလုပ်ကတော့ မကောင်းပါဘူး။ မိဘကိုသိတတ်တဲ့ အသိလေးကို ပြောတာပေါ့နော်။ ဘယ်လောက်ဝမ်းနည်းဖို့ကောင်းလဲ။ လုပ်တာကတော့ မြမောင် က ခိုးပြီး သူများစပါးတွေကို ခိုးပြီးလုပ်တဲ့ပစ္စည်းကို မိဘကိုသတိရှိတယ်။ လွှက်ခြောက်၊ ကြံသကာ၊ ဩော် ငါ့အဖေ ငါ့အမေ မောလာရင် သောက်ပါစေ။ မိုးချုပ်မှ ပြန်လာတာ။ အဲဒါ မိဘကို သိတတ်တဲ့ကလေး။ အဲဒါကြောင့် သူဒီလိုဖြစ်လာတာနော်။ သူ့ရဲ့နောက်ကြောင်းရဲ့ ရာဇဝင်က မကောင်းပါဘူး။ ရဲထဲမှာလုပ်လာတာ။ အဖွဲ့ကောင်းတယ်။ မြမောင် မကောင်းဘူး။ မြမောင် အပြစ်ချည်းပဲပြောသွားမယ်။ အခုတော့ မြမောင် ကျင့်ခဲ့တဲ့ တရားတွေကိုပြောပြမယ်။ အဲဒီလောက်က ရပ်ထားတာပေါ့ဗျာ။ အဲဒီရဲအဖွဲ့ကနေပြီးတော့ မကောင်းပါဘူးတဲ့။ အဖွဲ့ကောင်းတယ်။ အဲဒီတော့ သားမယားရပြီးပြီ။ ကလေး(၄)ယောက်ရတယ်နော်။ သမီးတစ်ယောက်သေသွားတယ်။ (၃)ယောက်ကျန်တယ်။ အဲဒီတော့ ဦးဇင်း က အင်မတန်မှ မကောင်းတဲ့လူပါ။ မယားစိတ်ဆင်းရဲအောင် လုပ်တယ်။ ဒါကြောင့်မို့ လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေတတေတေတဲ့။ ရှေးလူကြီးရဲ့ စကားတွေပဲ။ အဲဒီတော့ မိန်းမက သိပ်သနားဖို့ကောင်းတယ်။ ဦးဇင်းကတော့ မသိဘူး။ လုပ်တာပဲနော်။ ငါ့အိမ်မှာ ငါဗိုလ်ပဲ။ ငါလုပ်ချင်တာ လုပ်မှာနော်။ နေတော့ မြို့င်မာလာ(၂)လမ်းမှာနေတယ်။ အဲဒီတော့ သားတွေကလည်း မပြောရဲ၊ သမီးတွေကလည်း မပြောရဲ၊ မိန်းမကလည်း မပြောရဲ။ ထင်ရာစိုင်းတော့တာပဲ။ ထမင်းဝတ်တဲ့အခါလည်း ဝတ်တာပေါ့။ ရေထမ်းစားရတယ်။ မေးပါ သားတွေကို တစ်ခါတလေ မြမောင် လာပါဦးဗျာ။ ဦးမြမောင် လာဦးဗျ။ ကျုပ်ပေါင်လေး နှိပ်ပေးစမ်းပါ။ ကျုပ်ဗိုက်ကလေး နှိပ်ပေးစမ်းပါ။ ဆန်လေး တစ်ပြည် နှစ်ပြည် ရလာတယ်။ ဒါဘာလဲ။ ခန္ဓာဝန်အတွက်၊ ခန္ဓာဝန်အတွက်။ ခန္ဓာဒုက္ခမသိတာ ကာမဒုက္ခတွေ သွားစွဲနေတာဗျို့။ ဒုက္ခသစ္စာကိုမသိတော့ သမုဒယသစ္စာအကြောင်း အဲဒီအကြောင်းတွေကို သာယာတယ်ဗျို့နော်။ ကံတွေကိုသာယာနေတာ စွဲနေတာ။ ဒါပေါ့ဗျာ။ အဲဒီတော့ ခန္ဓာဒုက္ခကိုမသိတဲ့အခါကျတော့ ပိုက်ဆံလေးရလိုက်၊ ဆန်လေးရလိုက်။ အဲဒီလိုနဲ့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းတွေ ကြာလာတော့ အိမ်မိုးစရာမရှိဘူး။ အိမ်ကလည်းပျက်လာတော့ ဩော် ငါက အရင်တုန်းက ဘားမားစတေးထိ ပေါက်တယ်။ ရန်ကုန်-လပွတ္တာ အက်စကော့သင်္ဘောလိုက်တာ ငါပဲ။ အဲဒီတုန်းကတော့ မြမောင် မိုးမမြင် လေမမြင်။ မြမောင် ထိပေါက်တယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ မြမောင် မှာ

အတွင်းမှာသောင်းကျန်းနေတယ်။ ဒါတွေလည်းကုန်ရော တစ်ခုမှလည်းမရှိရော မြမောင် ကို ဘယ်သူမှ မခေါ်တော့ဘူး။ ရေထမ်းတော့လေ ခမောက်ကလေးအောက်ချပြီးတော့ ထမ်းခဲ့ရပါတယ်။ လုပ်ခဲ့ရပါတယ်။ ကောင်းတာကိုလည်းသိသွားပြီ၊ မကောင်းတာကိုလည်း သိသွားပြီ၊ အဲဒီတော့ ဦးမြတ်ညွန့်အိမ်မှာ ကက်ဆက်ဖွင့်တယ်။ အဲဒီတရားကို နာတာ။ သဲအင်း အမြဲလင်း ဖွဲ့တင်း ဆိုတဲ့၊ ဩော် ဓါးပြတောင် ကျင့်ဖြစ်တာပဲ။ နည်းလမ်းတော့ ဟောပြတယ်။ မြမောင် က လုပ်ဖို့ပဲ။ ဟာ နည်းလမ်းတော့ ငါသိပြီ၊ ဟေမဝန်ဆရာတော်ကြီးကလည်း တရားတွေဟောလိုက်တာ။ ကက်ဆက်နဲ့ ကောင်းလိုက်တာ ဆိုတာ။ အဲဒီတော့မှ အဲဒီတရားတွေ နာဖူးခဲ့ပါတယ်ဗျာ၊ တစ်ခါမှလည်း မနာခဲ့ရဘူး။ အဲဒီတော့မှ ကိုယ်ထိလက်ရောက်နာတော့ သဲအင်း အမြဲလင်း ဖွဲ့တင်း ဆိုတဲ့ ခန္ဓာသိဆိုတဲ့ တရားတွေကို ကျင့်ဖို့လည်း သဘောပေါက်လာတယ်။ အဲဒီတော့ ငါတော့ တော်ပြီ၊ ရပ်တန်းက ရပ်မှပဲ။ ထွက်မယ်ဆိုပြီးတော့ ထွက်တာဗျို့၊ အဲ ကောင်းပါတယ်။ မိန်းမက လူဆိုးကြီးထွက်သွားတာကိုဗျ။ ထွက်သွားတဲ့အခါကျတော့ ဘယ်အချိန်လောက်က ထွက်လဲ။ ထမင်းစားသောက်ပြီးတော့ (၁၀)နာရီကျော်လောက် ထွက်သွားတယ်။ မြောင်းမြ က ထွက်ပြီဗျို့၊ ထွက်တဲ့အခါမှာ လမ်းမှာ ခင်ဗျားတို့ မှန်တာသစ္စာပဲ။ လမ်းမှာ ဟေမဝန်ကျောင်း။ အဲဒီမှာ သစ်ပင်ကြီးရှိတယ်။ ညောင်ပင်လား ဘာလားမသိဘူး။ အဲဒီ ညောင်ပင်ပေါ်ကနေပြီးတော့ ဘာလဲ ဘိုးဘိုးအောင် လား။ အဖြူတွေ ခုန်ချတယ်။ ဟာ ဦးဇင်းကို ဝိုင်းနေတာပဲ။ ဟာ ဘာတွေလဲကွ။ ဘိုးဘိုးအောင်တွေ အပင်ကဆင်းလာလိုက်၊ တက်လာလိုက်။ အဲဒါတွေ အတိတ်နိမိတ်အရိပ်တွေ သူတွေ့လာတယ်။ သူထွက်ပြီ၊ အဲဒီတော့ ဗောဓိမြိုင်ရောက်တယ်။ ဗောဓိမြိုင်ဆရာတော်ကြီးရဲ့ ဈာပနကို ဝင်ဖူးခဲ့တယ်။ ဘယ်လိုကျင့်ရတယ်၊ ဘာလို့ လုပ်ရတယ်။ သူကြည့်တယ်။ အဲဒီမှာရေးထားတဲ့ ဓါတ်ပုံကြီးတွေ တွေ့တယ်။ အလောင်းစင် တွေ့တယ်။ သူသွားတော့ ကုန်းသာဘက်ကိုရောက်တယ်။

( ပထမပိုင်းပြီးပါပြီ။ ဒုတိယပိုင်းဆက်ပါမည်။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

**ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၄၂)**

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

**09-250432050, 09-251620128**

**09-447572355**

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၄၂)

ငယ်စဉ်ကာလက စာမသင်ခဲ့ပါဘူး။ ငယ်စဉ်တောင်ကျေးက မကောင်းခဲ့ပါဘူး။ ခုနက ဦးဇင်းပြောပြီမို့လား။ အဝိဇ္ဇာနယ် ကနေပြီးတော့ အတ္တ ဒေါသ၊ မောဟ၊ လောဘ၊ မာန၊ ဒိဋ္ဌိ အယူမှားထားတယ်။ အစွဲမှားထားတယ်။ အဲဒါတွေလုပ်ပါတယ်ဗျာ။ အဲဒါကြောင့် ဒီတရားဟာ မကောင်းပါဘူးတဲ့။ ဒီမကောင်းတဲ့တရားကို သူစွဲပါတယ်။ အယူလည်းမှားတယ်၊ အစွဲလည်းမှားတဲ့အတွက် လုပ်မိပါတယ်ဗျာ။ အားလုံးတောင်းပန်ပါတယ်။ ဆရာတော် သမားတော်၊ ဒကာ ဒကာမပုဂ္ဂိုလ်များ။ ခုနှစ်ရက်သားသမီး ဦးဇင်း ရဲ့ ယခုဘဝမှာ စာတွေဘာတွေမတတ်တာရယ်၊ လုပ်မိကိုင်မိတာတွေအားလုံး ဦးဇင်းက တောင်းပန်တယ်။ အပြစ်ရှိရင် ဦးဇင်း မှာ အပြစ်ရှိရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်ဗျာနော်။ အခုတော့ ဦးဇင်းကြီး သဘောလေးပဲပြောသွားပါမယ်။ ညက သီလအကြောင်းလေးတွေ၊ ဒါနအကြောင်းလေးတွေပေါ့။ နည်းနည်းကျင့်စဉ်လေးတွေ ဦးဇင်း ပြောပြပါ့မယ်။ ဒီညကတော့ နောက်ဆုံးအနေနဲ့ သာသနာအကြောင်းလေးကိုပြောပါမယ်နော်။ ဒီသာသနာဟာ ဘယ်လိုသာသနာပြုသွားတယ်ဆိုတာ ခင်ဗျားတို့ဝေဖန်ကြပါ၊ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါနော်။ ခင်ဗျားတို့ပြောလို့ရပါတယ်။ ဦးဇင်းကြီး ရှိပါတယ်။ အားလုံး လေးကျွန်းစကြာမှာရှိတဲ့ ရဟန်းသံဃာအရှင်မြတ်တွေ၊ ဝိဇ္ဇာတွေ၊ ဝိဇ္ဇာပေါက်တွေလာပြီးတော့ ဆွေးနွေးလို့ရပါတယ်။ ဒီသာသနာနဲ့ပါတ်သတ်ပြီးတော့ သာသနာပြုရတဲ့အကြောင်းဟာ ဦးဇင်း က ပရိယတ္တိနယ်ထဲမှာ သာသနာပြုပါတယ်နော်။ ပရိယတ္တိနယ်ထဲမှာပြုတဲ့အခါကျတော့ ကံနယ်ထဲမှာ ဦးဇင်း လည်း ပရိယတ္တိပဲနော်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ ဦးဇင်း က ပညတ်နယ်နဲ့ ပရမတ်နယ် နည်းနည်းရှိတယ်ဗျ။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒနော်။ အဲ့ဒါဟာ ပညတ်၊ ပရမတ် ပညတ်ကဘာလည်း၊ ပရမတ်ကဘာလည်းဆိုတာ ပညတ်နယ်ထဲမှာ သာသာနပြုရပါတယ်။ အသေချာလေးမှတ်ထား။ ဒါနောက်ဆုံးပွဲပဲ။ အဲ့ဒီတော့ ဒီသာသနာပြုတဲ့အခါမှာ ဒီရဟန်းကြီးဟာ သူက ငယ်စဉ်တောင်ကျေးက ရှင်သာမဏေကနေတက်လာတဲ့ စာပေကျမ်းဂန်သင်လာတဲ့ပုဂ္ဂိုလ်လည်းမဟုတ်ဘူးနော်။ နောက် အသက် ၅၄ နှစ်အရွယ်မှ အဲ သူ ဝိပဿနာတရားလေးတော့ သူအားထုတ်ပါတယ်ဗျာနော်။ ဗမာစာမတတ်ပါဘူး။ ဗမာလူမျိုးပါ။ ဘာမှမတတ်ပါဘူး။ အားလုံးတောင်းပန်ပါတယ်။ ဦးဇင်း က ဘာမှမတတ်ရှာဘူး။ ကျင့်တော့ ကျင့်ထားတယ်။ နည်းနည်း အဲ့ဒီတော့ ဦးဇင်း ရဲ့ ကျင့်တဲ့တရားလေးနဲ့ ပညတ်နဲ့ ပရမတ်သဘောလေးကို ပရမတ်ဆိုတာဘာလဲ။ ပညတ်ဆိုတာဘာလဲ။ တစ်ကယ်အခံရှိတဲ့သူကသိပါတယ်။ အဲဒီတော့ ပညတ်နယ်ထဲမှာ ပရမတ်ကပ်နေပြီးတော့ သာသနာပြုတာ။ ကံနယ်ထဲမှာ ဉာဏ်နယ်က ဦးစီးတာပဲဗျို့နော်။

မှတ်ထား။ အဲဒါလေးမှတ်ထား။ သေချာလေးမှတ်ထား။ ကံနယ်ထဲမှာ ဉာဏ်ပုဂ္ဂိုလ်က ဦးစီးသွားတာ။ ဒါကြောင့်မို့ ဘုရားတည်တာ မင်းလည်းတည်တာ ငါလည်းတည်တယ်။ မင်းလည်းတည်တယ်။ မင်းလည်းတစ်ဆူ၊ ငါလည်းတစ်ဆူ။ မင်းတည်တဲ့ဘုရားနဲ့ ငါတည်တဲ့ဘုရားမတူဘူး။ ခင်ဗျားတို့ စာနဲ့ရေး ဝိဇ္ဇာမိုရ်တွေပြပါ၊ ဝိဇ္ဇာပေါက်တွေပြပါနော်။ စူဠဂန်ဒါနီ၊ မဟာဂန်ဒါနီ၊ အရိယာဂန်ဒါနီပြပါ။ သာသနာပြုတာပေမယ့် မှန်တယ်တဲ့။ မင်းလည်းဘုရားတည်တယ်၊ ငါလည်းဘုရားတည်တယ်။ အဲဒီတော့ ဥပမာ ငါဘယ်သူမှမပြောဘူးကွ။ ကံနဲ့ဦးစီးပြီးတည်ထားတာနဲ့ ဉာဏ်နဲ့ဦးစီးပြီးတည်ထားတာ။ ဒကာ၊ ဒကာမတွေနောက်ကလိုက်တတ်ဖို့လိုတယ်နော်။ လိုက်တတ်ဖို့လိုတယ်ဗျို့။ မီးရထားခေါင်းဟာ စက်ခေါင်း အင်မတန်ကောင်းရင် နောက်တွဲကချိတ်တော့ ဘုရားကဟောထားပါတယ်။ သဗ္ဗေသင်္ခါရာအနိစ္စ၊ သဗ္ဗေသင်္ခါရာဒုက္ခ၊ သဗ္ဗေသင်္ခါရာအနတ္တ။ ဒီတရားက အင်မတန်ခက်ခဲနက်နဲ နက်ရှိုင်းတဲ့ ဉာဏ်စဉ်တွေပဲဗျို့နော်။ ဉာဏ်တွေနဲ့ပြောသွားမယ်နော်။ အဲဒီတော့ ဦးဇင်း က ခင်ဗျားတို့ ရဲ့အသိတွေကိုပြောင်းပါ။ အသိတွေကိုပြောင်းပါ။ မကောင်းတာတွေပယ်ပါနော်။ အဂ္ဂိလိမာလတောင် ရဟန္တာဖြစ်သေးတာပဲနော်။ အသိတွေပြောင်း မှန်ရင်နောက်ကလိုက်တတ်ဖို့လိုတယ်။ ရှေ့ကတော့ သွားပြီပေါ့ဗျာ။ ဒါနောက်ဆုံးပွဲအနေပါပဲ။ အဲဒီတော့ ဒီသာသနာပြုတဲ့အခါမှာ ပညတ်နယ်ထဲမှာ ပရမတ်ကပြသွားတဲ့အခါကျတော့ သဘောလေးပြောကြမယ်။ ဒကာ၊ ဒကာမတွေရဲ့ လှူလိုက်တဲ့ ပုပ္ပ မုဠ ပရ ဆိုတဲ့ စေတနာသုံးတန်ကံခေါ်တယ်ဗျနော်။ ဉာဏ်ပုဂ္ဂိုလ်နဲ့ ကံပုဂ္ဂိုလ်နဲ့ ကုသလံ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့နော်။ ဒါ ဘုရားဟောအရ သတိလေးထားပြန်ကြမှာ။ အဲ့ဒီတော့ မပြန်ခင်မှာ အင်မတန်ထူးခြားတယ်။ ဟေတုပစ္စယုပ္ပန်ဘဝမှာ မကောင်းဘူးဗျ။ ပစ္စုပ္ပန်ဘဝမကောင်းခဲ့ဘူးဗျနော်။ ဒါပေမယ့် ဦးဇင်း က ဩော် ငါသိတဲ့တရားတွေရကြပါစေတော့ အဲဒီတော့ တရားကိုမမြင်ဘူးဗျို့ ဦးဇင်းကြီး အပြစ်တွေကိုမြင်ကြတယ်။ ဒါပေမယ့် ဦးဇင်းကြီး ဘယ်လိုမှမပြောဘူး။ တရားကိုပေးတာ။ အဲ့ဒီတော့ တရားမမြင်ပဲ အပြစ်တွေမြင်ကြတယ်။ ဒါတော့ ဦးဇင်း တော့ မတတ်နိုင်ဘူးပေါ့ဗျာ။ မျက်ရည်ကျတယ်။ ဦးဇင်း မြင်သလို ဦးဇင်း သိသလို သဘောလေး အဲဒီတော့ သဘောလေးပြောသွားတာ အသိပြောင်းရင် ထူးပါတယ်ဗျာနော်။ အဲဒီတော့ သာသနာပြုတဲ့အခါမှာ မင်းလည်း ဘုရားတည်တယ်၊ ငါလည်း ဘုရားတည်တယ်။ မင်းတည်တဲ့ဘုရားနဲ့ ငါတည်တဲ့ဘုရားက မတူဘူးကွ။ ဒါပေမယ့် ကျင့်တဲ့ လေးကျွန်းစကြာဝဠာမှာရှိတဲ့ မေးပါ။ ရန်ကုန်မှာ ချောင်းဝဆရာတော်တွေရှိတယ်။ အထက်မှာ ရွှေပေါက်ကျွန်းရှိတယ်။ ဟော ပြတင်းပေါက်ကဆင်းဆင်းလာတဲ့ ဈာန်တဲ့လာတဲ့ ပုဂ္ဂိုလ်တွေမေးပြီးတော့ နောက် မေးခွင့်ပေးလိုက်ပါပြီတဲ့။ ဒါပေမယ့် ဒီသာသနာကြီးဟာ ဘာလို့ ထီးမတင်တာလဲ။ ခင်ဗျားတို့

ထီးတင်ဖို့မေ့နေပြီ။ ဒေါ်းကွယ်တဲ့ အခုတင် အခုရပါတယ်ကွယ်တဲ့နော်။ ဖြစ်ပါတယ်တဲ့။ အဆင်သင့်တွေပဲတဲ့။ အကုန်အဆင်သင့်တွေပဲတဲ့။ ရပါတယ်တဲ့။ ဥပမာပြောကြမယ်ဆိုရင် ထောင်ထဲမှာနေတဲ့ လူတစ်ယောက်က ထောင်သားအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် စောင့်ရှောက်တယ်။ ကူညီတယ်။ စောင့်ရှောက်တယ်။ ထောင်ကထွက်သွားရင် မေ့သွားပြီဗျနော်။ ထီးတင်သွားရင် သူလွတ်သွားပြီ။ ဒါကြောင့် ထီးတင်တယ်၊ လုပ်ထားပါတယ်။ အဆင်သင့်ပဲ။ မြောင်းမြမြို့ဦးဖင်း က လှူပါလို့လည်း မပြောဘူး။ မလှူပါနဲ့လို့လည်း မပြောဘူးနော်။ သာသနာပြုရတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာပြုရတဲ့အတွက်ကြောင့် ဘယ်သူက ကူပေးလဲ။ သိကြားက ကူပေးတယ်ဗျို့ ဒါထုတ်ပြပါဆိုလို့ကတော့ ထုတ်မပြတတ်ဘူး။ သိကြားက ကူတယ်၊ မကူတယ်ဆိုတာ ခင်ဗျားတို့ မေတ္တာရေတွေဟာ ပိတ်ထားပါတယ်။ ယုံကြည်တဲ့သူသိပါတယ်။ မယုံကြည်တဲ့သူကတော့ မသိပါဘူး။ သူက တရားကိုဗျ သူ သာဝကကိုဗျနော်။ ဒါကြောင့်မို့ သာဝကဆိုတာ ခုနက ပညာ၊ ပညာဓိက၊ သဒ္ဓါဓိကဆိုတာ ဒီလိုတွေရှိတယ်ဗျ။ စာတော့မတတ်ဘူးနော်။ အဲဒီတော့ ဒီသာသနာကြီးဟာ အင်မတန်မှထူးပါတယ်။ ဘာပြုလို့ ပိန္နဲကုန်းကိုတည်ရသလဲနော်။ မေးပါ။ မြောင်းမြမှာ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းဗျာနမှာ ဒီမှာတင်တာပေါ့နော်။ ဘာလို့ ဟိုမှာသွားတင် သယ်လိုက်ရတာ အုတ်တွေ၊ သဲတွေ၊ ဘိလပ်မြေတွေ။ ဒကာ၊ ဒကာမတွေမှာနော် အစိုးရဆီမှာလျှောက်လွှာရေးပြီးတော့ပြောမယ်ဆို ရပါတယ်။ အစိုးရကလည်း မှန်ရင် အခွင့်အရေးပေးပါတယ်။ ဘာမှ အစိုးရမင်းများကို စိတ်ညစ်အောင်မလုပ်ပါဘူးနော်။ တစ်ဖက်သားကို စိတ်ညစ်အောင်မလုပ်ပါဘူး။ ကိုယ်နိုင်တဲ့ဝန်ကို ထမ်းတယ်။ ဩော် ငါ့နောက်က လိုက်လာတဲ့ ဒကာ၊ ဒကာမတွေ ပုပ္ပ မုဋ္ဌ ပရ ဆိုတဲ့ စေတနာ ဒီထီးတော်ကြီးဟာ တင်ရင်ဖြစ်ပါပြီ။ အခုအချိန်မှာတင်ရင်ဖြစ်ပါပြီ။ ဒါကြောင့်မို့ ပညတ်နဲ့ပရမတ် သာသနာပြုရတာမလွယ်ပါဘူး။ ပညတ်ကဘာလဲ။ ပရမတ်ကဘာလဲ။ ဒီလိုထီးတင်ပြီးရင် သူက ထောင်ထဲကလွတ်သွားသလိုပါပဲ။ သူသွားချင်တာသွားတယ်၊ လာချင်တာလာမယ်။ သူကျင့်ချင်တာ ကျင့်မယ်။ ဘာမှ ခင်ဗျားတို့ ချုပ်ပိုင်ခွင့်လည်း မရဘူး။ သူလည်း အလှူမခံတော့ဘူး။ ဒီဒါနလေးတွေဟာ ဩော် ကောက်ညှင်းပေါင်းလာကျွေးတာတို့၊ ငှက်ပျောသီးလာကျွေးတာတို့ ခင်ဗျားတို့ရဲ့စေတနာပေါ်မှာအရင်းခံပြီးတော့ အဲဒီဝတ္ထုက ပညတ်ခေါ်တယ်။ နှလုံးသားက စေတနာ။ အဲ သူကနေပြီးတော့ အလှူခံတယ်။ ဒေါ်း ဒေါ်း ဒေါ်း ဒီထီးတော်ကြီးကို မတင်မချင်း ဒါကြောင့်မို့ ဒီသာသနာဟာ သိကြားမင်းကကူပါတယ်။ ဥပမာလေးပြောပြမယ်။ ဘုရားရဲ့သာသနာကို သကြားကကူပေးရတယ်နော်။ ဒါဒီလောက်ဆိုရင် သဘောပေါက်ရောပေါ့ဗျာ။ နောက် ဥပမာလေးပြောကြမယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရှိတဲ့ကာလ ဦးဖင်း စာမတတ်ဘူး

နော်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ စာမတတ်ပါဘူးဗျာ။ ဘာမှမတတ်ဘူး။ ဥပမာ နောက်ကြောင်းပြန်ပြီးတော့ပြောရတာကိုဗျ။ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလက်ထက်က ရဟန္တာတွေဟာ အင်မတန်မှ တန်ခိုးအာနိသင်တွေ အကုန်အပြည့် ရှာန်တွေရပါတယ်နော်။ ဘုရားရှိနေတဲ့အချိန်မှာ ရဟန္တာတွေဟာ အင်မတန်မှထူးပါတယ်ဗျာ။ ဒီလောက်ဆိုသဘောပေါက်ရောပေါ့။ အဲဒီတော့ မြတ်စွာဘုရားကြီး ပရိနိဗ္ဗာန်စံတော်မူသွားတဲ့အခါကျတော့ ဘုရားမရှိတော့ ဟိုဘုရားရှိတုန်းက ရဟန္တာကတစ်မျိုး၊ ဘုရားမရှိတုန်းကတော့ ဘုရားကမရှိတော့ဘူးဗျို့ အဲဒီရဟန္တာက တစ်မျိုး။ အာနိသင်နည်းသွားပြီ။ သာသနာ ၂၅၀၀ မှာ ရဟန္တာလေးမျိုးရှိတယ်ဗျ။ ဒါ ဦးဇင်းကြီးရဟန္တာလို့မပြောဘူးနော်။ သောတပန်လို့မပြောဘူးနော်။ သဒ္ဓါဂါမ်လို့မပြောဘူး။ ကျင့်တဲ့ပုဂ္ဂိုလ်ပဲပြောတယ်နော်။ ဒါလေးဝတ်တယ်ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတွေ။ ဟောဒီလောကီမှာ အင်မတန်မှ ပွင့်လင်းအောင် တန်ခိုးအာနိသင်တွေ အမျိုးမျိုး ပရိယတ္တိကို ပဋိပတ္တိက လုပ်ပေးတာပါနော်။ ခရစ်ယာန်တွေလာပါတယ်။ မူဆလင်တွေလာပါတယ်။ အမျှားကြီးလာပါတယ်။ ဒကာတွေသိကြပါတယ်နော်။ လူမျိုးမရွေး ဘာသာမရွေး အကုန်လာကြပါတယ်။ ဦးဇင်း စကားမပြောတတ်လို့နော်။ ရန်ကုန်ကလည်း လာကြပါတယ်နော်။ အကြီးအကျယ်လာတယ်။ ရန်ကုန်မှာ ဟသ်ာတမှာ ခင်ဗျားတို့ ဦးမြ ဆိုတာ ဟသ်ာတမှာနော်။ တစ်ရက်တည်းနေလိုက်ပါတယ်။ ၅ ရက် ၆ ရက်များနေခဲ့ရင် ဘယ်လိုဖြစ်မယ်မှန်းမသိနော်။ သာသနာပွင့်လင်းနေတာ။ သဘောလေးပြောတာ။ ဦးဇင်းကြီးရဲ့ တရားကိုမမြင်ဘူး။ ဦးဇင်း ရဲ့ အပြစ်ကိုမြင်ကြတယ်။ ဦးဇင်းကြီး မျက်ရည်ကျတယ်မပြောပါဘူး။ ဒါကြောင့် ဩော် အေး အေး အေး ထီးမတင်လေ ခင်ဗျားတို့အတွက်တွေ ဒီက တင်မယ့်ဆဲဆဲ သူကတင်မှာကို အခု သိုက်ပေါင်းစုံ၊ ဓါတ်ပေါင်းစုံ၊ နတ်ပေါင်းစုံ ခင်ဗျားတို့မကြားစဖူးတာတွေ ကြားလာတယ်။ ဒီဒကာမလေးတွေဟာ ဦးဇင်း နဲ့ မသိပါဘူး။ သူ့ဟာသူနေတာနော်။ မသိပါဘူး။ ဒါ ခင်ဗျားတို့လေ့လာပါ၊ သုံးသပ်ပါ၊ လေ့လာပါ၊ စုံစမ်းပါ။ လုပ်ထားတာမဟုတ်ဘူးဗျနော်။ ဒါတွေကို အသေအချာကြည့်။ ဒီသာသနာဟာ ခင်ဗျားတို့အစရှိတယ်၊ အလယ်ရှိတယ်၊ အဆုံးရှိတယ်နော်။ ကြည့်ပါဦး။ အဲဒီတော့ ဒီသာသနာဟာ အင်မတန်ထူးမြတ်ပါတယ်။ မသိကြဘူး။ အကယ်၍ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဒါလေးတွေ ဆင်းရဲတဲ့လူကလည်း ငါဆင်းရဲတယ်။ ငါ့မှာရှိနေတဲ့ ခန္ဓာကို မနက်တစ်ထပ်၊ ညတစ်ထပ် လက်ပူတိုက်ပြီးစားရပေမယ့် အယူမှားထားတယ်၊ အစွဲမှားထားတယ်။ ကြည့်စမ်း ဆင်းရဲပေမယ့်လည်း မှားနေတယ်ဗျို့ ဘယ်လောက်ဆင်းရဲရင် ဆင်းရဲပါစေ။ အယူမှန်ဖို့ အစွဲမှန်ဖို့ သမ္မာလမ်းကြောင်းကိုရောက်ဖို့လိုပါတယ်။ ဒါကို ဦးဇင်းကြီး သီလနဲ့ပြောတာပါနော်။ သူဌေး

ကလည်း ဘူဌေးပဲနော်။ ငါ့မှာ စိန်သေတ္တာဘယ်လောက်ရှိတယ်၊ ရွှေသေတ္တာဘယ်လောက်ရှိတယ်။ သညာကမှတ်ပြီးတော့ သင်္ခါရဥပါဒါန်တွေဖြစ်ပြီးတော့ လောဘီအားကိုးနေတယ်။ ဟာ ဒါတွေအားကိုးနေတယ်။ အယူမှား၊ အစွဲမှားပြန်ပြီ။ သူကတော့ သီလရှိလိမ့်မယ်လို့ ထင်နေမှာပဲနော်။ ဘာလို့လဲ။ ငါ သူများအသက်မသတ်ဘူး၊ သူများပစ္စည်းမခိုးဘူး၊ သူများသားမယား မဖျက်ဆီးဘူး။ အကုန်လုံး ငါအပြင်မှာစင်ကြယ်တယ်နော်။ ဒီကာယကံ၊ ဝစီကံ၊ မနောကံ ဒီကံသုံးကံကို အေး ဉာဏ်နဲ့ကြည့်ပါတဲ့။ ကံနဲ့ကြည့်ရင်တော့ မင်းထိုက်နဲ့မင်းကံပဲတဲ့နော်။ ဒါကြောင့်မို့ အင်မတန်မှထူးပါတယ်။ ဒီသာသနာဟာနော်။ ခင်ဗျားတို့လူကိုလိမ်ရင်ရတယ်။ သိကြားသွားလိမ်လို့မရဘူးဗျ။ ဒီနေရာမှာ ဘာလဲဆိုတာဘယ်သူသိမလဲနော်။ အဲ့ဒါလေးတွေဗျာ။ ခင်ဗျားတို့ရဲ့ ပုပ္ပ မုဋ္ဌ ပရ ဆိုတဲ့ စေတနာ။ ခုနက ဦးဇင်းကြီးပြောသလို မီးရထားကြီးစက်ခေါင်း ကောင်းရဲ့သားနဲ့ ချိတ်တက်ဖို့လိုတယ်။ စက်ခေါင်းကောင်းရင် တော့ မောင်းမယ်၊ လွှင့်တဲ့ကျန်ခဲ့မယ်နော်။ မဂ္ဂင်ဖေါင်ဆိုက်ပေးတာ။ အဲဒီတော့ မဂ္ဂင်ဖောင်မှာ တက်တတ်ဖို့လိုတယ်။ ဟောဒီဘဝမှာ ဒိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရား။ ဦးပဏ္ဍိတ လည်းသွားမှာပဲ။ ဦးပဏ္ဍိတ လည်း မမြဲဘူး။ ဦးပဏ္ဍိတ လည်း အဝိဇ္ဇာတုံးကြီးပဲ။ ခင်ဗျားတို့လည်း အဝိဇ္ဇာတုံးကြီးပဲ။ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို လှူလိုက်တဲ့စိတ်ကလေး သီလစိတ်ကလေး၊ ဒါနစိတ်ကလေး၊ ဘာဝနာစိတ်ကလေး တဒင်္ဂလေးဖြစ်နေတယ်။ တော်ကြာပြောင်းသွားတာပဲ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေတယ်။ ဟာ တရားပဲ။ ကိုယ့်လမ်းကိုယ်သွားမှာ။ တစ်ယောက်နဲ့တစ်ယောက် အတွေးချင်းမတူပါဘူး။ မနောကတွေးနေတာပဲ။ တွေးနေတာချင်း တစ်ယောက်နဲ့တစ်ယောက် အိမ်သားခြင်းမတူရင် အသိချင်းမတူပါဘူး။ အသိချင်းမတူရင် ကံချင်းမတူပါဘူး။ ဘုရားက ကံဟောထားတာ။ ဘယ်လိုဟောထားလဲ ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ ဝိဇ္ဇာသဝ။ ကမ္မာသဝ ဆိုတာ ခင်ဗျားစွဲတာ။ စွဲတာဘာလို့စွဲလဲ။ သညာကလုပ်ပေးလို့စွဲတာပေါ့။ မကောင်းတာလည်းစွဲတယ်။ ကောင်းတာလည်းစွဲတယ်နော်။ ဒါတွေက သီလပျက်တယ်။ အဲ့ဒါတွေတွေးကြည့်နော်။ ဒီသာသနာနဲ့ အကြောင်းခံပြီးတော့ သာသနာ ၂၅၀၀ မှာ ခုနက ဘုရားခေတ်က ရဟန္တာတစ်မျိုး မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးမရှိတော့တဲ့အချိန်မှာ ရဟန္တာတစ်မျိုး။ ဟော သာသနာ ၅၀၀၀ မှာ ရဟန္တာတစ်မျိုး။ ဟောကုန်ပြီ။ သာသနာတွေကုန်သွားပြီ။ စိတ်သုဉ်းသွားပြီ။ အဲဒီလိုစိတ်သုဉ်းသွားတဲ့အခါမှာ လူသွားဖြစ်လို့လည်း ဘယ်ဖြစ်မလဲနော်။ ထမင်းစားတယ်၊ ကျွဲကျောင်းက ထမင်းစားတယ်။ သူက ကျွဲကျောင်းသားလို့ခေါ်ပါတယ်။ ကျွဲကျောင်းရမယ်။ ထမင်းတွေ သုတ်သုတ်သုတ်နဲ့စား စားလည်းပြီးရော မိုးတွင်းဘက်ကိုဗျ။ ကျွဲကျောင်းတဲ့အခါတော့ ထမင်းစားပြီး ငါ့ကျွဲတွေလိုက်ရဦးမယ်။ ငါ့ကျွဲတွေလိုက်ရဦးမယ်

ဆိုပြီး ကျွဲနောက်လိုက်တယ်။ မိုးတွေကရွာတယ်။ မိုးတွင်းဘက်ကိုဗျ။ မိုးကြိုးပစ်ချတယ်။ သေရော။ သေတော့ ဘာစွဲလဲ။ ငါ့ကျွဲလိုက်ရဦးမယ်ဆို ကျွဲသွားစွဲတော့ ကျွဲလိုက်ထံမှာ ကျွဲသွားဖြစ်တယ်ဗျနော်။ အယူမှား၊ အစွဲမှားတွေနော်။ ဒါဖြင့် ဥပမာ သမ္မာလေးနဲ့ယူထားပါ။ အဲဒီတော့ သမ္မာလေးနဲ့လုပ်ပါ။ အတ္တစိတ်က အနတ္တစိတ်ပြောင်းနော်။ အင်မတန်မှ ပိန္နဲကုန်းအောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားကြီးဟာ အင်မတန်မှ ထူးပါတယ်။ ခင်ဗျားတို့မှန်ရင် သိကြားတို့ဘာတို့ ပုဂ္ဂိုလ်တွေက ဝိဇ္ဇာတွေက သမ္မာစိတ်တော်ချပေးတယ်ဗျ။ ဒါ ခင်ဗျားတို့မှန်ဖို့လိုတယ်။ ခင်ဗျားတို့မှ မမှန်တာကြီး။ အဲဒီတော့ ခင်ဗျားတို့ရဲ့စိတ်တွေကတစ်မျိုး။ အခု ဦးပဏ္ဍိတ မှန်တော့ မေတ္တာရေတွေ အစက ဒီလူကြီးက မြမောင်သူများဟာခိုးတယ်၊ လိမ်တယ်၊ လုတယ်၊ ညာတယ်၊ ဖဲလိမ်ရိုက်တယ်။ အဲဒီတော့ ဒီလိုဆေးရေဖြစ်ပါ့မလား။ မဖြစ်ဘူး။ ဒီလိုတရားတွေမှန်လာလို့ ဒါက သာသနာကနေ သိကြား၊ ဗြဟ္မာတွေကလုပ်ပေးတာ။ ပုဆိုးကြီးပိတ်ထားတယ်။ ခင်ဗျားတို့တောင်တန်းဒေသနာတွေလည်း တွေ့ချင်ပါတယ်နော်။ ပြောသွားပါ့မယ်။ ဒီကတော့ စာမတတ်ဘူး။ ပရိတ်မရွတ်တတ်ဘူးနော်။ သဘောလေး။ ဒါကြောင့်မို့ လောကီမှာ ကိုယ်စိုက်တဲ့ဟာ စမတွေ့ပေါ်တယ်။ ဖုတ်ဆိုပြီးတော့ဖမ်းပေးတယ်။ ရော့ကွာလို့။ အဲ့ဒါ လောကီဘုန်းခေါ်တယ်။ ဒီကကဘာမှရှိတာမဟုတ်ဘူး။ နင်စားမလား။ လွှက်ခြောက်ကောက်ကျွေးတယ်။ အဲဒါ အတိတ်ရဲ့ ရှေးဘုန်းရှေးကံတွေခေါ်တယ်။ ဒါ ဉာဏ်ခေါ်တယ်နော်။ ဟိုက သဘောလေးပဲ။ ဥပမာ သဘောပေါက်အောင်ပါ။ ကိုယ့်ဆီမှာရောက်မယ့် ပတ္တမြားတုံးက အလကားဖြစ်သွားမှာစိုးလို့ပါနော်။ လက်ထဲမှာရထားတာ။ ခင်ဗျားတို့လှူပြီးပြီ။ စိတ်ကလေးတွေမှန်အောင်ထားကြပါ။ ခင်ဗျားတို့ ဒါနတွေ လက်ထဲမှာ ပတ္တမြားတုံးရောက်သွားပြီ။ ရန်ကုန်မြို့မှာရောက်သွားပါတယ်။ မသိပါဘူးနော်။ မေးပါ ဟောဒီမြောင်းမြမြို့က ခင်ဗျားတို့အခုရှိကြပါတယ်ဗျာ။ ဦးဇင်း တစ်ချို့ အဲဒီဒကာတွေနာမည်သိတဲ့ဟာသိတယ်၊ မသိတဲ့ဟာမသိဘူး။ သူတို့လိုက်လာပါတယ်။ ဘယ်လိုငွေရသလဲ၊ ဘယ်လိုငွေလှူသလဲ၊ ဘယ်လိုလာကြတယ်ဆိုတာ မြောင်းမြသားတွေကိုမေးပါနော်။ ဒါကြောင့် ဘုရားရဲ့သာသနာ၊ သိကြားကကူတာ။ သိကြားသာသနာမဟုတ်ဘူး။ သိကြားကကူပေးရတယ်။ မှန်ရင်ကူပေးရတယ်နော်။ တစ်ချို့က သိကြားသာသနာ သိကြားသာသနာ။ ဘုရားသာသနာဗျ။ ဘုရားသာသနာကို သိကြားက ကူပေးတာဗျ။ ဒါကြောင့်မို့ သာသနာ ၂၅၀၀ ကျော် ကပ်ကလည်း ခင်ဗျားတို့ကြားဖူးလိမ့်မယ်နော်။ သေရွာမှာသွားမယ်။ လိမ်လိမ်မာမာနေ။ ကိုယ်ထက်ကြီးတဲ့သူကိုရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်သူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထား၊ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊

ဗလမာန်တွေ၊ ဝါမာန်တွေ မာန်တွေနော်။ စိတ်ပါတဲ့အလုပ်နဲ့ စိတ်မပါတဲ့အလုပ် စိတ်မပါတော့ အဖြစ်မရှိဘူး။ အဲ ဘုရားလေးကပ်ပေးတယ်။ ရေချမ်းလေးကပ်ပေးတယ်။ ဩော် ဘုရား၊ တရား၊ သံဃာနော်။ အတ္တစိတ်နဲ့ အနတ္တစိတ်။ ဒါလေးတွေလိုပါတယ်။ အသိလေးတွေ တရားရှာရင် ကိုယ်မှာရှိတယ်။ မဝေးပါဘူး။ နီးနီးလေးပဲ။ မြင်တာ တရား၊ ကြားတာ တရား၊ နံတာ တရား၊ ထိတာ တရား၊ တွေးတာ တရားနော်။ သမ္မာတွေဖြစ်ကုန်ပြီဗျို့။ အဲဒီမှာရှိပါတယ်နော်။ ခင်ဗျားတို့သဘောလေးပဲနာပါ။ အပါယ်လေးပါးတံခါးပိတ်လိမ့်မယ်။ အပါယ်လေးပါးတံခါးပိတ်ရင် ခင်ဗျားတက်ပြီးနော်။ အဲ့ဒီလူဟာ သဘောပေါက်လာပါလိမ့်မယ်ဗျာနော်။ ဦးဇင်း တို့က ဒီသာသနာနီးလာပြီနော်။ ထီးတင်တော့မှာကိုဗျနော်။ ဦးဇင်း ရဲ့ အဲ့ဒီဘုရားကုန်းတော်ပေါ်မှာ ပြောသွားပါ့မယ်နော်။ သေချာလေးပြောသွားမယ်။ ဒါ အစလေးပြောတာ။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် သည်းခံပါ။ အဲဒီတော့ တိုင်းပြည်မှာအုပ်ချုပ်တဲ့အစိုးရမင်းများကိုလည်း ကိုယ်က စေတနာနဲ့လုပ်ပေးပါ။ မဝေဖန်ပါနဲ့။ စေတနာနဲ့လုပ်ပေးရင် ကုသိုလ်ကံတွေဖြစ်တယ်ဗျ။ ခင်ဗျားဒီမှာ ဒါနလှူထားပြီ။ ဦးပဏ္ဍိတ တို့လှူထားပြီ။ ဟိုကလာရင် ဟုတ်ကဲ့ ဆရာကြီး ဟုတ်ကဲ့၊ ဟုတ်ကဲ့။ စေတနာထားပါ။ အပြင်ကတစ်မျိုး၊ အတွင်းကတစ်မျိုးတော့ အတွင်းမှန်ပါစေ။ အတွင်းမှာမှန်ရင် အပြင်မှာလည်း စင်ကြယ်ပါတယ်နော်။ မှန်အောင်ထားပါ။ ဒါကြောင့်မို့ ကုသလာနံ ဥပသမ္ပဒါ။ ဟုတ်ကဲ့ဆိုရင် နှလုံးသားမှာလည်း တည်ရမယ်။ တစ်ချို့က အပြင်က ဟုတ်ကဲ့ ဆိုရင် ဝမ်းတွင်းကောက်ထားတယ်။ အဲဒါတွေကံရလိမ့်နော်။ သိကြားမင်းသိတယ်။ ခင်ဗျားတို့ အဲ့ဒီလောကဆိုရင်လည်း သဘောပြောမယ်။ ဦးဇင်း လည်း နေရတာမလွယ်ဘူး မဟုတ်ပါဘူးနော်။ ကံတောထဲမှာနေရတော့ ဉာဏ်က ဟာ ဘုရား ဘုရား ပညတ်ကစွဲရင်ကံပေါ့ဗျနော်။ သဘောလေးပြောပြမယ်။ စာတော့မတတ်ဘူး။ အဲ့ဒီပညတ်၊ ပရမတ်လည်း နဂိုကမသိဘူး။ ဦးမြမောင် ကြီးက ဖဲရိုက်ဖို့ပဲသိတယ်။ သူများလိမ်ဖို့ပဲသိတယ်။ သူများပစ္စည်းခိုးဖို့ပဲသိတယ်။ ဒါဘာလဲ။ ဒါဘုရားမကြိုက်တဲ့အယူဝါဒတွေ အတ္တတရားတွေနော်။ ဒါတွေလုပ်ခဲ့ပါတယ်ဗျာ။ ဩော် အေး အေး အေး။ ခင်ဗျားတို့စာထဲမှာရေးထားတယ်။ မဂ်ရယ်၊ ဖိုလ်ရယ်။ အဲဒီမဂ်နဲ့ ဖိုလ်ဟာ ကောင်းပြီတဲ့။ ဥပမာ မဂ်ဆိုတာသိသလားတဲ့။ ငါအသိမေးတာတဲ့။ သိရင် နင်ပြောပြစမ်းတဲ့။ အဲဒီလိုလုပ်တာ အသိပြောစမ်းတဲ့။ ဟာ အဲဒီတော့ ကြောင်တက်တက်ဖြစ်နေတာနော်။ အေးကွတဲ့။ မှတ်ထား။ ဒီက စာတော့မတတ်ဘူး။ မဂ်ကလေတဲ့။ လောကီအနုသယဘဝင်စိတ်အနုထုံးက ပယ်တာပဲကွတဲ့။ မှတ်ထားတဲ့။ မင်းသေချာမှာလိုက်မယ်။ မနောကံအနုသယကံတွေကိုပယ်တာပဲကွတဲ့။ အဲဒီတော့မှ သူခံစားတာနော်။ ဒီလောက်ဆိုရင် သဘောလေးပဲပြောသွားမယ်။ ဒါကြောင့်မို့ ခုနက ခင်ဗျားတို့ဘုရားဖူးသွားတယ်။ မေးပါတဲ့။ နိုင်ငံတော်မှာရှိတဲ့

သံဃနာယကတို့ ဘာတို့ မေးပါတဲ့။ စာတော့မတတ်ဘူးတဲ့။ ဒါ သာသနာနီးလာပြီးနော်တဲ့။ သာသနာနဲ့ စကားမပြောတတ်ဘူးနော်တဲ့။ တရားဆိုတာ ပညတ်တရား၊ ပရမတ်တရားနှစ်ခုရှိတယ်နော်တဲ့။ သဘောလေး သဘောလေး အသိလေး သူ့အသိပြောသွားတာတဲ့။ ခန္ဓာထဲကအသိကိုပြောတာပါတဲ့။ ခန္ဓာက မြင်တဲ့သဘော၊ ခန္ဓာက သိတဲ့သဘော၊ ခန္ဓာက လွတ်မြောက်တဲ့သဘော။ ဒီသုံးချက်ကို စာနဲ့လိုက်ပြီးတော့ လုပ်ပေးရပါတယ်တဲ့။ ဥပမာ စာကဘယ်လိုရေးလည်း။ သညာ ဒါစာကိုခေါ်တယ်။ သညာဆိုရင် ခင်ဗျားတို့ရဲ့မနောစိတ်ကလေးက ၂၀၀ တန်နဲ့ ၉၀ တန် မမှတ်ဘူးလား။ အဲဒါ မှတ်တဲ့စိတ်ခေါ်တယ်။ မှတ်တဲ့စိတ်ကို ပညာလို့တင်ပေးရတယ်နော်။ သေချာလေးမှတ်ထား။ ခင်ဗျားတို့ သီလလို့မခေါ်ဘူးလား။ သီလလို့ခေါ်တာ။ အဲဒါစာဗျ။ အဲဒါ ပါဠိခေါ်တယ်ဗျ။ မြန်မာလို စိတ်ပိုင်းက လောဘ၊ ဒေါသခေါင်းပါးရမယ်။ ခင်ဗျားအခုထမင်းစားတာ အားရပါးရစားတာ။ တဏှာလောဘကြီး ဖြစ်နေတယ်။ အဲဒါ မဂ်တား၊ ဖိုရ်တားတွေဗျ။ ကြည့်စမ်း ကျင့်ထားတာနော်။ ဒါကြောင့်မို့ ဦးဇင်း ရဲ့ အသိလေးတွေကိုနော် နောက်ကလှူဖို့မဟုတ်ဘူး။ ခင်ဗျားတို့ရဲ့နှလုံးသားစင်ကြယ်ဖို့အရေးကြီးတယ်။ စင်ကြယ်ရင် ကိုယ့်အိမ်မှာနေရင်လည်း ကိုယ့်လင်ဝတ္တရားကျေပွန်ပါ။ သားလေးတွေ၊ သမီးလေးတွေ မလိမ္မာရင် ကိုယ့်ပစ္စည်း နှမြောရင် ဝှက်ထားမပြနဲ့။ ကိုယ်ကလည်း အရိယာမဟုတ်သေးဘူး။ ကိုယ်ကလည်း စိတ်မနိုင်သေးဘူးနော်။ အဲ့ဒါလေးဝှက်ထား ချွေပြီးသုံး၊ ချွေပြီးနေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခင်ဗျားတို့ ဒီသာသနာကစစ်နေပြီ။ ဒီသာသနာလေးစစ်လို့ရှိရင် သီလလေးက စစ်လာရင်တော့ ခင်ဗျားတို့ထမ်းနိုင်တဲ့ဝန်ကို ထမ်းသွား။ ဦးဇင်း က ထမ်းနိုင်တဲ့ဝန်နဲ့ ထမ်းပြီးတော့ သွားမယ်နော်။ ဦးဇင်း လည်း မမြဲဘူး။ ခင်ဗျားတို့လည်း မမြဲဘူးနော်။ ဒီသီလလေးတွေရဖို့ အယူမှား၊ အစွဲမှားထားတယ်။ ခုနကကြည့်ပါလား။ ကျွဲကျောင်းသားများ သူက ကျွဲကိုစိတ်ကူးပြီးတော့ စွဲနေတာ။ အယူမှား၊ အစွဲမှား၊ အတ္တကြီးသိလား။ အဲဒါ အနတ္တမဟုတ်ဘူး။ အတ္တကြီး တစ်ခါတည်း အသေစွဲထားတာ မိုးကြိုးလည်းပစ်ရော တစ်ခါတည်းစွဲထားတာ။ စွဲတဲ့အစွဲက ကျွဲဝမ်းထဲသွားဝင်တယ်။ ခုနက ပြောတဲ့ဟာတွေ ငါ့မှာပစ္စည်းဘယ်လောက်ချမ်းသာတယ်။ စိန်ဘယ်လောက်ရှိတယ်။ ရွှေဘယ်လောက် ရှိတယ်။ ငွေဘယ်လောက်ရှိတယ်။ ဘာတွေစွဲ လောကီအကြောင်းတွေအားကိုးပြီးစွဲနေတာ။ အဲဒီတော့ လောကီတရားနဲ့ လောကုတ္တရာတရားတူပါ့မလား။ အဲဒါလေး သဘောလေးပေါက်ပါနော်။ လွှတ်ပစ်ဖို့မဟုတ်ဘူး။ သိမ်းထား။ အသာလေးချွေပြီးစား။ သားလေးတွေ၊ သမီးလေးတွေ။ သူတို့အမွေကောင်း ရော့ကွာ ရော့ကွာ သိပ်မလိမ္မာတဲ့သူကျတော့ သိပ်အများကြီးမပေးနဲ့။ ဖအေက ဦးနှောက်ကောင်းကောင်း အမေက ဦးနှောက်ကောင်းကောင်းမှလား။ အဲဒီလိုနေပါ၊ စားကြပါ။ ပစ္စည်းလည်း မမြဲဘူး။

လူလည်း မမြဲဘူးနော်။ ဦးဇင်း က နေရတာ။ အဲ့ပထွေးပြန်လာတော့ ပထွေး ဖအေကသေတာဗျို့။ အဲဒီတော့ ဖအေသေတော့ ပထွေးစိတ်ချမ်းသာအောင်လုပ်ပေးရသေးတယ်ဗျို့။ အဲဒီတော့ ငါ့အဖေ တော့ သေပြီကွာ။ သူလုပ်တိုင်း လုပ်တိုင်း ကိုယ်ကတစ်မျိုးလုပ်မယ်ဆိုရင် ဘယ်ဖြစ်မလဲ။ အဲဒီတော့ ပထွေးစိတ်ချမ်းသာအောင်လည်း လုပ်ပေးရတယ်။ မိထွေးစိတ်ချမ်းသာအောင်လည်း လုပ်ပေးရတယ် ဗျို့။ အဲဒီတော့ ကိုယ်ကတော့ မစွဲဘူးဗျို့။ သူတို့စိတ်ချမ်းသာအောင် လုပ်ပေးရတယ်။ ဦးပဏ္ဍိတ ကတော့ စိတ်ကိုအေးနေတာပဲ။ ဟောပြောသွားတာ။ အထာပါတယ်နော်။ ခင်ဗျားတို့သဘောလေး သာနာ။ ပထွေးကြီးကို စိတ်ချမ်းသာအောင်လုပ်ပေးတယ်ဗျ။ မိထွေးလည်း စိတ်ချမ်းသာအောင် လုပ်ပေးတယ်ဗျ။ ငါကတော့ စိတ်ကိုအေးနေတာပဲကွတဲ့။ ဒါကြောင့် ဒီအောင်သစ္စာခါတ်ပေါင်းချုပ် ဘုရားကြီးဟာ အင်မတန်မှ ထူးပါတယ်။ ဒီထီးဟာ မနက်ဖြန်တင်လည်းရပါတယ်။ သဘက်ခါတင် လည်း ရပါတယ်။ ထီးတင်ပြီးသွားရင် သူထောင်ထဲကလွတ်သွားပြီ။ သူ့မှာ တာဝန်ကုန်ပြီ။ ဓါတ်ပေါင်းစုံ၊ နတ်ပေါင်းစုံ၊ သိုက်ပေါင်းစုံ။ ဒီသာသနာ မင်္ဂကိုခထားတာ။ ဒါကြောင့်မို့ ဒါလေးတွေ ဦးဇင်းကြီး သြော် အေး အေး အေး ဦးဇင်းကြီး ဒီလိုနေပါတယ်နော်။ အဲဒီတော့ ပညတ်ကိုသွားမြင်တယ်။ ပရမတ်ကို သဘောမပေါက်ကြဘူး။ ပညတ်ကို သွားအားကိုးနေတယ်နော်။ သူဘာတွေဟောလည်း ဒီလူကြီး ထီးမတင်ရင် သူတရားတွေဟောမယ်။ သူအသိတွေဟောမယ်။ သူ့ဆီက အသိတွေရရင် တို့အပါယ် ပိတ်မယ်။ ဒီလူကြီးမှန်တယ်၊ မမှန်တယ်၊ ဟုတ်တယ်၊ မဟုတ်တယ် တို့လေ့လာမယ်နော်။ သဘောလေး တို့ ထီးသွားပြီးစွဲနေတယ်နော်။ ခုနကကျွဲမတွေ့ဘူးလား။ စွဲလို့ ဒီလိုတွေဖြစ်ကုန်တာနော်။ အဲ့ဒီတော့ အယူမှန်ဖို့၊ အစွဲမှန်ဖို့လိုပါတယ်နော်။ အတ္တစိတ်က သမ္မာစိတ်ကိုပြောင်းပါ။ ဘုရားဟောထားတဲ့ တရားနဲ့ မင်းရဲ့အသိတဲ့။ မမေ့နဲ့ တပည့်တို့တဲ့။ သဘောပေါက်လား။ ငါဟောထားတဲ့တရားနဲ့ မင်းရဲ့ နှလုံးသားအသိနဲ့ မမေ့နဲ့တဲ့။ အဲဒီတော့ ဦးဇင်း က စာမတတ်ဘူးနော်။ အဲ့ဒါလေးကို ခင်ဗျားတို့ ဘာဖြစ်ဖြစ် ခင်ဗျားတို့စိတ်မဆိုးနဲ့။ ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ ဒါပေမယ့် လွှတ်ပစ်ဖို့မဟုတ်ဘူး။ ခုတ်လာတဲ့ပစ္စည်းလေးတွေကို ရှိရှိသေသေသိမ်းထား။ ကိုယ့်ထက်မရှိတဲ့သူကို ပေးရမယ်။ ကိုယ်ကဖွတ်လျှော်ပြီးတော့ပေးတယ်။ ထမင်းလေး ဘာလေးကျွေးတယ်။ အင်မတန်မှ စေတနာရှိပါတယ်။ စေတနာက ကံခေါ်ပါတယ်။ သီလရဖို့၊ ဒါနရဖို့၊ ဘာဝနာတွေဆိုတာ ဒီနေ့ မိုးလင်း ပြီ၊ ဒီနေ့မိုးချုပ်ပြီ။ အိပ်ရတော့မယ်။ သဘာဝလက္ခဏာတွေပဲ။ သဘောတရားတွေပဲ။ တို့ရုပ်နာမ်တွေ လည်း သဘောတရားတွေပဲ။ ဓါတ်တွေပဲ။ အဲ ဉာဏ်သမားကတော့ သဘောပေါက်တယ်။ ကံသမားက

တော့ သဘောမပေါက်တော့ ဉာဏ်သမားပြောတာကို ကံသမားက ယုံမှမယုံ။ အသေအချာလေ့လာဦး၊ သုံးသပ်ဦး၊ စုံစမ်းဦးနော်။ ဒီပိန္နဲကုန်းရဲ့သာသနာဟာ ဦးဇင်း ကြီးက စာမတတ်ဘူး။ ဘာမှမတတ်ဘူး။ ဘာမှလည်း တရားလည်းမဟောတတ်ဘူး။ ငါးပါးသီလလည်း မပေးတတ်ဘူး။ ဆယ်ပါးသီလလည်း မပေးတတ်ဘူး။ အဲရောက်သွားတော့ ကျောင်းလာလှူတာပဲဗျို့ ဟာ လင်ပန်းထဲ ပိုက်ဆံထည့်လာတာပဲ။ ပြောလို့မကောင်းပါဘူးဗျာနော်။ ဘယ်လောက်များလည်းဆိုတာတော့ မပြောနဲ့နော်။ အဲ့ဒါကို လာလှူတယ်ဗျို့ လာလှူပြီးတော့ အေးကွ နောက်ကတော့ မေးပါဗျာ။ ဦးမာန်သိန်း တို့ အဲ့ဒီပုဂ္ဂိုလ်တွေသာ မေး။ ဒီတစ်ခေါက်မှာသွားတာ သွားတာနော်။ လာပါဦးဘုရားတဲ့။ အခု မနေ့ဖြူကလည်း ပင့်တယ်။ အမျိုးမျိုးကပင့်ပါတယ်။ အေး အေး ကောင်းပါတယ်နော်။ ဦးဇင်းကြီးက အကြောင်းမကောင်းခဲ့ဘူး။ ပစ္စုပ္ပန်အကြောင်းမကောင်းတော့ တရားကိုမမြင်တော့ဘူးဗျို့ အပြစ်ကိုမြင်တော့ သြော် အေး အေး အေး အေးကွယ်။ ဒါပဲပြောတတ်တယ်။ တရားကိုမမြင်တော့ဘူးနော်။ အဲ့ထီးကတင်တော့မှာကို။ နီးပြီနော်။ အရင်လို ခင်ဗျားတို့နဲ့ သူငယ်ချင်းပေါင်းသလို မပေါင်းနိုင်တော့ဘူးတဲ့။ ငါတစ်မျိုးဖြစ်နေပြီတဲ့။ ဘာလို့တစ်မျိုးဖြစ်လဲ။ ခင်ဗျားတို့ ဘာတွေနှလုံးသွင်းထားလည်း ခင်ဗျားတို့ လောကီကိုနှလုံးသွင်းထားတယ်။ သူနှလုံးသွင်းတာက လောကုတ္တရာနှလုံးသွင်းတယ်။ ဒါကြောင့်မို့ ခပ်ဝေးဝေးကနေကြပါ။ သူလည်း သွားမှာကိုဗျ။ ဒီထီးတင်ပေးပါနော်။ ဒီသာသနာရဲ့ သဘောတရားတွေ သိုက်တို့၊ ဓါတ်တို့၊ နတ်တို့ ခင်ဗျားတို့ကြည့်ပါနော်။ ဒါ ဦးဇင်း ခေါ်တာလည်းမဟုတ်ဘူး။ သူ့ဟာသူလာကြတာ။ အဲ့ဒီလို လူကိုလိမ်ရင်ရတယ်။ ဒီပုဂ္ဂိုလ်တွေသွားလိမ်လို့ ဖွင့်ပြောမှာနော်။ ဘယ်လောက် ဒီသာသနာဟာ ခင်ဗျားတို့မှာ ဥပမာမှာ သက်သေအထောက်အထားတွေနဲ့ ဒကာ၊ ဒကာမတွေမသိလို့ပါ။ ဒီပုဂ္ဂိုလ်တွေက နာမ်ကင်းပြီးပြောရင် ပဏ္ဍိတ တစ်ခါတည်းထအော်မှာ။ သူလည်း တစ်ခါတည်းမှန်ကုန်မှာ။ သဘောပေါက်လား။ ကိုယ်နဲ့တိုက်ထားတာလည်းမဟုတ်ဘူး။ ကိုယ်လည်းမသိဘူး။ ရန်ကုန်သွားပြန်တော့လည်း ရန်ကုန်ကခေါ်တယ်။ ပဲခူးသွားပြန်တော့လည်း ဦးကေတု က ပြောတယ်။ ဒကာတို့နောက်ကလိုက်လာတဲ့လူတွေ အကုန်သိပါတယ်။ ဦးဇင်းကြီး နေတာ သိပါတယ်။ ဟိုက ဦးကေတု က လာဦးဘုရားတဲ့။ မလာတော့ဘူးတဲ့။ ခေါ်ရင်လာရတယ်ဘုရားတဲ့။ အဲ့ဒီတော့ မလာတော့ဘူးဘုရားတဲ့။ သူက ဒီလိုပြန်ပြောတယ်။ တော်တော်လေးလည်းကြာရော ကိုးသိန်းကိုးသန်း က ဦးကေတု ဆိုတာနော် ခင်ဗျားတို့သွားပါ။ ပဲခူးမှာ သူခေါ်တယ်။ ဦးဇင်း လာဦးတဲ့။ တပည့်တော်မလာတော့ဘူးဘုရားတဲ့။ ခေါ်ရင်လာရတယ်ဗျ။ အာ မလာတော့ဘူး။ အဲဒါတော်တော်လေးလည်းကြာရော သူတည်ထားတဲ့ သူ့ကွမ်းအစ် သွားပြီးထိုင်ပြီးတော့ တွဲစားတယ်။ အဲ ပဲခူးရိုးမကွမ်းဟာ အဲ

ဘာဖြစ်လည်းမသိဘူးပြောတယ်နော်။ အရှင်ဘုရားလို့ ပညတ်၊ ပရမတ်သဘောပေါက်တယ်ဘုရားလို့ ဟာ သံဃာတော်အရှင်မြတ်တွေ အင်မတန်မှထူးပါတယ်ဗျာနော်။ လှူကြပါ၊ ဒါန်းကြပါဦး။ ပဏ္ဍိတက သဘောလေးပါဗျာ။ အဲဒီပုဂ္ဂိုလ်တွေကို လှူကြပါ။ အားကိုးကြပါနော်။ သူ့အကြောင်းကို ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ်မလှူရင် စေတနာမရဘူး။ ဘယ်သူဖြစ်ဖြစ် စေတနာနဲ့လှူပါ။ သူ့ကို မလှူဖြစ်ရင် ခင်ဗျားကုသိုလ်မရဘူးနော်။ အဲဒီတော့ စေတနာမှန်ရမယ်။ သူ့အကြောင်းကို ကိုယ်ကဝေဖန်ရင်လေ တွန့်တိုလာတယ်နော်။ အင်မတန်မှထူးပါတယ်။ ဦးပဏ္ဍိတ က ဒီက ပန္နက်ရိုက်ပေးထားတယ်။ ခင်ဗျားတို့ ဒါနတွေ၊ ခင်ဗျားတို့ လှူလိုက်တဲ့သင်္ကန်းတွေ လှူလိုက်တယ်။ ထီး၊ ဖိနပ်လှူလိုက်တယ်။ ခင်ဗျားတို့သဘောပေါက်လာလိမ့်မယ်။ အဲ့ဒီတော့ ဥပမာလေး ခုနက ဘုရားရဲ့သာသနာကို သိကြားကကူရတယ်။ ဥပမာပြောကြမယ်ဆိုရင် ဦးဇင်း က ဒီဘဝမှာ ဗမာစာလည်းမတတ်ဘူး။ ကိုယ့်မှာ လှူဖို့ကလည်း ပိုက်ဆံမရှိဘူး။ ရေထမ်းနေရတယ်။ အဲဒီတော့ တစ်နေ့သော ဦးဇင်း လည်း စိတ်အင်မတန်ညစ်တာနဲ့ အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေက ငါ့မှာ အကြီးအကျယ်များပါလားလို့ အသက် ၅၄ နှစ်အရွယ်မှာ ဟိုက ရန်ကုန်က ဆရာတော်။ သဲအင်း၊ ဖွဲတင်း၊ အမြဲလင်းဆိုပြီး တရားကျင့်ပါတယ်ဗျာ။ ဟို ညောင်ပင်ကြီးမှာကျင့်တယ်၊ ကျင့်တာပဲ။ ဘယ်မှမသွားဘူး။ ကောင်းတာလုပ်ရင် ကောင်းတာရောက်မှာပဲ။ ကောင်းတာလုပ်ရင် ကောင်းတာရောက်မှာပဲ။ စိတ်ကလေးကိုတော့ ဒါပဲထားတယ်။ အဲဒီတော့မှ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ကာယကံ(၃)ပါးကဘာလဲ။ ပါဏာတိပါတာရယ်၊ အဒိန္နာဒါနာရယ်၊ ကာမေသုမိစ္ဆာစာရာရယ်။ ဒါဘုရားက စာတွေနဲ့ သီလမှာရေးထားပါတယ်။ ဝစီကံက ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ အဲဒီလိုဟာတွေပြောထားပါတယ်နော်။ ဒါ ဝစီ၊ မနော၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ သူများမနာလို ကိုယ်အကျိုးမရှိ။ မစ္ဆရိယစိတ်ဖြစ်လိုက်၊ ဝန်တိုမိစ္ဆာစိတ်ဖြစ်လိုက်။ သူက ပစ္စည်းအားကိုးထားတော့ ပစ္စည်းကိုကြည့်ပြီးတော့ ဒီသူ့ကို ဂရုမစိုက်တာ အမှန်တွေပေါ့ဗျာ။ အဲဒီမာန်တွေဟာ မဂ်တား၊ ဖိုရ်တားတွေဗျနော်။ ခင်ဗျားတို့ အဲဒါ မနော အဘိဇ္ဈာ အယူမှား၊ အစွဲမှား။ သူ့ကိုယ်သူတော့ သီလကြီး ငါတော့ရှိနေပြီလို့ထင်နေတာ။ ဒီမှာမှားနေတာ။ အယူမှား၊ အစွဲမှား၊ အတ္တနဲ့ ပစ္စည်းသွားအားကိုးနေတာ။ အဲဒါတွေမှားနေတာပေါ့။ ခုနကတွေ့လား ကုဋေ ၂ သောင်းကျော်လောက်တန်တဲ့ ဟိုဘုရား ကသဖလက်ထက်က ပိန်းရိုးလေးသွားစွဲမိတာနော်။ လှေတက်တော့ လှေက လူးရော။ လူးလည်း လူး သွားစွဲမိတော့ ဟာ စွဲလည်းစွဲရော သူ အဲဒါတွေကိုစဉ်းစားမိတယ်။ အဲဒါလေးကို စဉ်းစားတာ။ အဲဒါကအကြောင်း။ အဲဒါလေးစဉ်းစားတဲ့အကြောင်းပေါ်လာတော့ ငါဘုရားရဲ့ဒေသနာ

ကို ငါကြားရတော့မယ်။ ဒီအကြောင်းကြောင့် ဟိုမှာသွားစွဲတာ။ ဒေသနာကြားရမယ်ဆိုတော့ သူ ဒီအယူကိုယူထားပြီ။ အဲဒီတော့ ဘုန်းဆို သူသေရောဗျို့ သိမ်ထဲလည်းမရောက်ဘူးဗျို့ ဟာ အဲဒီ အစွဲကဘာလဲ။ ပိန်းနဂါးပြန်ဖြစ်တယ်။ တဒင်္ဂဖြစ်တာနော်။ ဒါပေမယ့် သူ့ရဲ့ဟာတွေကို အခွင့်အရေး ရလိမ့်မယ်။ ဒါ ဖြစ်တဲ့အကြောင်းကိုပြောပြတာ။ ခုနက ရဟန်းလည်း သန်းကြီးဖြစ်တာ။ ခုနှစ်ရက်တော့ သန်းကြီးတော့ဖြစ်သေးတာပေါ့။ နောက်ကျတော့ သူလုပ်ထားတဲ့ စရဏတွေရမှာပေါ့။ သဘောလေး ပြောတာ။ သဘောလေးဟောသွားတာ။ ဘယ်သူ့ကိုမှမပြောဘူး။ အသိလေးဟာ အင်မတန်မှ သမ္မာ အယူလေးနဲ့ယူထားပါ။ တစ်ချက်တည်း ဒိုင်းကနဲရသွားမယ်။ ဒီကသင်ပေးလိုက်တာပါနော်။ ယူတတ်ဖို့ လိုတယ်နော်။ အဲဒီတော့ ဘာပဲပျက်ပျက် အိမ်သူအိမ်သားတွေပဲရှိရှိ ကိုယ်က အထူးသဖြင့်သည်းခံပါ။ တရားလေးကိုကျင့်၊ ဝိသုဒ္ဓိလေးကိုမှန်ပါစေ။ အားရင် စာလေးဖတ်ပါ။ တရားစာ။ ဦးဇင်း ကတော့ မတတ်ဘူး။ ဩော် အဲဒီတော့မစွဲနဲ့။ အဲဒီတော့ မတွေးနဲ့။ အတွေးမှား၊ အယူမှား၊ အယူမှား၊ အတွေးမှား ဒါတွေကောင်းတာတွေကိုသာ မကောင်းတာတွေကို နှလုံးမသွင်းနဲ့။ အကျိုးရှိတဲ့တရားကိုသာ နှလုံး သွင်း။ အဲဒီတော့ လင်ကလည်း နှလုံးသားတစ်မျိုး၊ ကိုယ်ကလည်း နှလုံးသားအတွေးတစ်မျိုး။ အတွေးခြင်းမတူရင် အသိခြင်း မတူဘူး။ အသိခြင်းမတူရင် ကံခြင်း မတူဘူး။ အဲဒီတော့ ခင်ဗျားတို့ သွားကြမှာပဲ။ ၃၁ ဘုံက ခင်ဗျားတို့သဘောပေါက်ကြလား။ အဲဒါသွားမှာပဲ။ စိတ်သာချ။ ဒီလောက်ဆို သဘောပေါက်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု ..... ပါဘုရား )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် အမှတ် MP-3 အမှတ် MM-52 မှ ကူးယူဖော်ပြပါသည်။ )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်

**ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၁၄၃)**

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

**09-250432050, 09-251620128**

**09-447572355**

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၄၃)

မြန်မာစာမတတ်ပါဘူးဗျာ။ မတတ်တဲ့အခါကျတော့ ရဟန်းဘောင်မှာ အသက် ၅၄ နှစ်အရွယ်မှာ သူရဟန်းဆောင်တက်လာပါတယ်။ တောထွက်ကြီးပါ။ တောထွက်ဆိုတာ မြန်မာလို ရဟန်းမစီးခင်တုန်းက သားတွေ၊ မယားတွေနဲ့ လုပ်ကိုင်ပြီးတော့ ခုနက မပယ်နိုင်တဲ့အစွဲတရားတွေ သူစွဲမိပါတယ်နော်။ ကောင်းတဲ့ကံလည်း သူစွဲပါတယ်၊ မကောင်းတဲ့ကံက အမြဲတမ်းဖြစ်နေပါတယ်။ အစွဲတရားအဲဒီလူကြီးက တစ်နေ့ တစ်နေ့ သူများလိမ်ဖို့၊ သူများပစ္စည်း၊ သူများဟာတွေ ဖဲလိမ်ရိုက်ဖို့၊ ခုနကဆေးခြောက်တွေသောက်ဖို့၊ ဘိန်းတွေရှူဖို့ ဟိုအချိန်ကတော့ ဦးဇင်း တို့ အသက်ငယ်တုန်းကတော့ဘိန်းတွေရှိတယ်။ ဆေးခြောက်တွေရှိတယ်။ အဲ့ဒါတွေရှူတယ်၊ အဲဒါတွေသောက်တယ်။ ဒါ အစွဲတရားပေါ့။ စွဲလို့သောက်တာပေါ့။ မကောင်းတာတွေလုပ်မိခဲ့ပါတယ်။ အဲဒါဘာလဲ မိစ္ဆာအယူလို့ခေါ်ပါတယ်။ စာလိုဆိုရင်တော့ အဲဒါ စာနဲ့စိတ်ပိုင်းထဲက ငါ့အိမ် ငါလုပ်တာပဲ။ မင်းတို့နဲ့ဘာဆိုင်လဲ၊ ငါ့မယား ငါရှာကျွေးတာ မင်းတို့နဲ့ဘာဆိုင်လဲ။ မာန်မာနတွေ၊ မာန်တွေ၊ မာန်တွေနော်။ အဲဒီတော့ အိမ်နီးချင်းကလည်း ဆေးဖက်ကြောဖက်မလုပ်ဘူး။ မြမောင် ဟာ အင်မတန်ရှုပ်တယ်၊ အင်မတန်ပွေတယ်။ မြိုင်မာလာ(၂)လမ်းထဲမှာ အဲဒီတော့ သူက လူမလေးခွေးမခန့်လျှောက်ပြီးတော့ မိုက်ကြေးခွဲနေတာနော်။ ဒါ မြမောင် ရဲ့ ဘဝ။ အဲဒီတော့ မြမောင် ဟာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ။ အဲ့ဒါ စာ။ စိတ်ပိုင်းနဲ့က အဲ့ဒီစိတ်က ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲဒီကံ(၃)ပါးဟာ ဘယ်ကံကြီးလဲ၊ မနောကံကြီးတယ်။ ဒီမနောကံကြီးတဲ့အတွက်ကြောင့် အာရုံ ၅ ပါးနဲ့ မနောနဲ့ပေါင်းတယ်။ ကိုယ်ပဲသိတယ်။ အာရုံပေါ်မှာသာယာတယ်။ အာရုံပေါ်မှာ အကုသိုလ်ကံဖြစ်တယ်။ အာရုံပေါ်မှာ ကုသိုလ်ကံဖြစ်တယ်။ အာရုံပေါ်မှာ ဘယ်လိုအကုသိုလ်ကံဖြစ်လဲဆိုရင် ဥပမာပေါ့ သူစာမှမတတ်တာ။ ဥပမာဥပမေယျနဲ့ပြောရတာ။ သူ အိမ်ရှေ့မှာ စပါးလေးတွေလှန်းထားတယ်။ စက်ဘီးက စီးသွားတော့ သူ့စပါးတွေကို သူရှောင်ရမှာ မရှောင်တော့ အိမ်ရှင်ကတွေ့တော့ ငါ့စပါးကို တက်နင်းတယ်ဆိုပြီးတော့ ငါနဲ့တုတ်တယ်။ ဒါစွဲလို့ တုတ်တာပေါ့။ ဘာလို့ တုတ်သလဲ။ သူ့ပစ္စည်းကိုသူစွဲတာ တဏှာ။ တဏှာကြောင့်ဒေါသဖြစ်တာ။ မာန် အဲဒါသီလပျက်တယ်။ အဲဒါ မိစ္ဆာအယူခေါ်တယ်။ အဲဒါ အာရုံမှာမြင်လိုက်တာ။ ကိုယ့်နားလေးကကြားလိုက်တယ်။ ခေါင်းရင်းကနေပြီးတော့ အဲဒီလူတစ်ယောက်က မြမောင် ဆိုပြီးတော့ နာမည်ကဖော်ထုတ်ပြီးဆဲတယ်။ အသံမှာ အဲဒီအသံမှာ သူဘာလုပ်လဲ။ မြမောင် ဆိုတဲ့မှတ်တာက သညာ၊ အဲဒီသညာကနေ ဘာဖြစ်လာလဲ။ ငါဆဲတာပဲဆိုပြီးတော့ ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ဆိုတာ မနောကဖြစ်တာ။ ဒီအသံကြားမှာဖြစ်တာ။ ဒေါသဖြစ်တယ်။ အဲဒါသီလပျက်တယ်နော်။

ဒါကြောင့် စာကရေးထားတယ် သီလ၊ သမ္မာဓိ၊ ပညာ ကိုယ့်ရဲ့မနောက လောဘ၊ ဒေါသ၊ မောဟ ဒီလိုခေါ်ပါတယ်။ အဲဒီတော့ ဒီအာရုံ ၆ ပါးမှာ မလွတ်ချင် သံသရာဝဲအောက်မှာလည်တာပဲ။ ဒီအာရုံ ၆ ပါးကို လွတ်နိုင်အောင် ဘယ်လိုကြံဆောင်ရမှာလဲ။ ဒါ ခင်ဗျားတို့တွေးပါ။ စာနဲ့လွတ်သလား။ ခင်ဗျားတို့မေးပါ။ စာနဲ့ကတော့ အပြင်မှာရှောင်ထားတဲ့တရား အတွင်းမှာ ဆောင်ထားတဲ့တရား။ အပြင်မှာ ဘာတွေရှောင်ထားလဲ။ သီလမဂ္ဂင်ခေါ်တယ်နော်။ အပြင်မှာ သမ္မာအယူ ကိုယ့်ရဲ့နှလုံးသားက သမ္မာဖြစ်ရမယ်။ အဲဒီတော့ သမ္မာဖြစ်ရင် အပြင်မှာပြောတာဆိုတာ သစ္စာဖြစ်ရမယ်။ ဘာသစ္စာလဲ သမုတိသစ္စာ။ သမုတိသစ္စာနဲ့ သမ္မာနဲ့ပေါင်းတော့ အပါယ်ပိတ်တယ်နော်။ မှန်ကန်တာကို အဲ သမုတိသစ္စာဆိုတာ ဥပမာ သမုတိသစ္စာရဲ့အလုပ်ပြောပါဆိုရင် ပြောပြမယ်။ စာတော့မတတ်ဘူး။ ဥပမာ ဥပမေယျနဲ့ ဦးမြမောင် ဟာ ဆန် ၄ အိတ်ဝယ်လာတယ်။ ဆန် ၄ အိတ်ဝယ်လာပြီးတော့ အိမ်ကျတော့ တစ်ခါတည်း ဖျာပေါ်မှာသွန်ချလိုက်တယ်။ သွန်ချလိုက်တော့ ဆန်ကွဲဟာ ပြည်ပေါင်း ၂၀ လောက် ထည့်ရောလိုက်တယ်။ ဆန်ကောင်းပြည် ၂၀ ကို ထုတ်ယူထားလိုက်တယ်။ အဲဒါတွေ သမတာပဲဗျို့ သူ့အိမ်ထဲမှာ တစ်ခါတည်းလုပ်နေတော့တာပဲ။ ဆန်ကွဲနဲ့ ဆန်ကောင်းတွေနဲ့ရောရောပြီးတော့ ဇလားထဲထည့်ထည့်ပြီးတော့ သူများပေါက်ဈေးနဲ့ရောင်းတယ်။ ကိုယ်လုပ်တာလည်း သစ္စာမမှန်ဘူး နော်။ ဒါဟာ ခင်ဗျားတို့တွေပါ အဲဒါ သမ္မာခေါ်မလား။ မိစ္ဆာခေါ်မလား။ ငါတတ်တယ်၊ ငါသိတယ်၊ ငါလုပ်တာ၊ ငါဖြစ်မှာပဲဆိုပြီးတော့ စားတော့အများ ခံတော့တစ်ယောက်တည်းနော်။ ဆန်ကောင်း ပြည် ၂၀ ကိုယူထားပြီးတော့ ဆန်ကွဲပြည် ၂၀ ထိုးလိုက်တယ်။ ဝယ်မည့်သူက မသိဘူး။ အဲဒါ သမလိုက်တာပဲ။ အဲဒါရောင်းလိုက်တယ်နော်။ ရောင်းလိုက်တော့ သစ္စာလည်းမမှန်ဘူး။ သမ္မာလည်း မမှန်ဘူးနော်။ အဲဒါတွေဟာ ခံရလိမ့်မယ်ဗျို့ စာတော့မတတ်ဘူး။ အဲဒီတော့ ခင်ဗျားတို့ ခုနကပြောတဲ့ သမ္မာအယူ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလလို့ပြောတယ်။ ဒီသီလဟာ ဖြစ်နိုင်ပါ့မလား။ ကိုယ်ရဲ့မနောက ဖွက်ပေါက်နေပြီနော်။ ငါဆိုတဲ့ အတ္တအယူမှား၊ အစွဲမှား၊ အမှတ်မှား ဒါတွေ အယူမှား တယ်ဆိုတာဘာလဲ။ လောကီကိုအားကိုး မှားတယ်။ ဘာလဲ။ လောကီရဲ့အာရုံကို ယူထားတယ်။ အဲဒါ အယူမှားတယ်။ အမှတ်မှားတယ်။ အယူမှားတယ်ဆိုတာက ၅၀၀ တန် ဟောဒါ ကျပ်တန် မျက်စိမြင်ရော မြင်တော့သိတော့ ဘယ်ဟာယူမလဲ။ ၅၀၀ တန်ယူမယ်။ အမှတ်မှားတယ်။ အမှတ်မှား တော့ဘာဖြစ်လဲ။ ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ဆိုတာ ကံနော်။ ချက်ချင်းပူတာပေါ့ဗျာ။ အေးလည်းအေး ပူလည်းပူ။ ခဏပဲ အေးနေရမယ်နော်။ ဒါတရား ကံတရားရှိတယ်။ ဉာဏ်တရားရှိတယ်။ ဈာန်တရား ရှိတယ်။ ဈာန်ဆိုတာ သမထတွေနော်။ အဲဒါဈာန်တရားတဲ့။ ကံတရားက အဲဒီတော့ မနောကံက

မကျင့်ဘူး။ အဲဒါကံတရား။ ဉာဏ်တရားကတော့ပေါက်သွားပြီနော်။ အဲဒါတွေ သဘောလေးပဲနော်။ တိုင်းပြည်မှာ အဲဒီလိုပုဂ္ဂိုလ်မျိုးရှိတယ်။ ခင်ဗျားတို့စာကရေးထားတယ်။ ဝိဇ္ဇာမိုရ်ရှိတယ်။ ဝိဇ္ဇာပေါက် ရှိတယ်။ အရိယာဝိဇ္ဇာရှိတယ်။ ဒါ စာကရေးထားတယ်။ ခုနက မျှောတရား၊ ပေါ်တရား၊ မြုပ်တရား၊ မျှောတာပေါ့။ သံသရာလည်တာပေါ့။ မြုပ်တရားက အပါယ်သွားတာပေါ့။ ပေါ်တရားက ၃၁ ဘုံလွတ် သွားတာပေါ့။ ဒါတွေသိပ်အရေးကြီးပါတယ်။ ကိုယ်လာတာတစ်ယောက်တည်း ပြန်တာလည်း တစ်ယောက်တည်း။ ဘုရားကပြောထားတယ်နော်။ အဝိဇ္ဇာတွေဆိုတာဘာလဲ။ အာရုံ ၆ ပါး။ စာလိုဆို အဝိဇ္ဇာ။ မြန်မာလို အာရုံ ၆ ပါး။ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ၊ မနောအာရုံ။ အာရုံ ၆ ခု ဘယ်စိတ်ရှိလဲ။ အနုစယစိတ်ဖြစ်တယ်။ အနုစယကံဖြစ်တယ်နော်။ ဒီအနုစယ ကံမှ မပယ်နိုင်ရင် ခင်ဗျားတို့တွေးကြည့်ပေါ့ဗျာ။ အဲဒီတော့ ကိလေသာကြမ်းကြီးတော့ ပယ်ထားတယ်။ အနုစယတော့ မပယ်နိုင်ဘူး။ အကြမ်းကြီးပယ်တော့ စိတ်ချရပါ့မလား။ ပယ်မယ့်ပယ် အနုစယကိုပယ် ရမယ်။ အနုစယပယ်ရင်းနဲ့ သမ္မာဖြစ်လာမယ်။ သမ္မာဖြစ်လာရင် သမုတိသစ္စာကိုက်လာလိမ့်မယ်။ အဲဒီတော့ အနုစယပယ်မှ ကိလေသာကြမ်းကသေမယ်။ ကိလေသာကြမ်းက ဘာလဲ။ ပါဏာတိပါတာ သူများအသက် မသတ်ဘူး။ အဒိန္နာဒါနာ သူများပစ္စည်းမခိုးဘူး။ သူများသားမယား မဖျက်ဆီးဘူး။ ဟာ ရုံးမှာသွားပြီး မြမောင် က လိမ်တယ်။ အဲဒါ အာမခံတယ်။ အဲဒါကိုသွားပြီးတော့ သက်သေလိုက် တယ်။ မကောင်းတာတွေလုပ်တယ်။ အခု ငါမလုပ်တော့ဘူးတဲ့။ ဟိုတုန်းကလုပ်တယ်တဲ့။ လိမ်တယ်တဲ့။ ညာတယ်တဲ့၊ ခိုးတယ်တဲ့။ အခုမလုပ်ဘူးတဲ့နော်။ ဒါ ကိုယ့်ဟာကိုယ်သိရမယ်။ သိမှ ပယ်မယ်၊ ပယ်မှ စိုက်မယ်။ စိုက်မှ ပွားမယ်။ သိ ပယ် ဆိုက် ပွားနော်။ ဘာတွေပယ်မလဲ။ မိစ္ဆာတွေ ပယ်မယ်။ သမ္မာကို ယူမယ်။ အဲဒီလို ဒါတွေ ကိုယ့်စိတ်ကိုယ်စစ်နော်။ ပြန်ရမှာပဲ။ နေထွက်လာရင် နေဝင်မှာပဲ။ အစွဲ တရားကိုပြောတာ။ ဘုရားက အစွဲကိုသတ်ခိုင်းတာ ဘာအခြေခံတာလဲ။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ သင်္ခါရဒုက္ခ၊ သဗ္ဗေ သင်္ခါရအနတ္တ လက္ခဏာရေးသုံးပါးကိုရှု၊ မြင်အောင်ရှု၊ မုန်းအောင်ရှု။ အဲဒါတွေလုပ် အဲဒီလို တင်ပလ္လင်ခွေတဲ့အခါမှာ ခုနက ကာယကံ (၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး ပေါင်းလိုက်တော့ ဒုစရိုက် ၁၀ ပါးနော်။ အဲဒီတော့ အပြင်ရဲ့ ကံတွေလုံပြီ။ သူများ အသက် မသတ်ဘူး။ သူများပစ္စည်း မခိုးဘူး။ ရေတောင် မသောက်တော့ပါဘူးဗျာ။ အဲဒါဘာ သတ်လဲ။ အစွဲသတ်တာ။ ငါ စားချင်တဲ့စိတ်ကလေးရှိသေးလား။ လည်ချင်တဲ့စိတ် စိတ်ကလေးရှိ သေးလား။ အိပ်ချင်တဲ့စိတ်ကလေးရှိသေးလား။ သွားချင်တဲ့စိတ်ကလေးရှိသေးလား။ တရားစင်က ငါ အုန်းမောင်းခေါက်ပြီးထွက်ချင်တဲ့စိတ်ကလေး ရှိသေးလား။ တဏှာနိယောခေါ် ဘိက္ခုနော

ရဟန်းကြီးတဲ့၊ ဝေဒနာမှာ တဏှာမလျော့စေနဲ့တဲ့။ အဲ ခုနကပြောတော့ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်နော်။ အဲဒီတော့ တရားဟာ ၄ုပ်မိသဲတိုင် တက်နိုင်ဖျားရောက်။ ခန္ဓာကျင့်မှသိမယ်၊ သိမှ ပယ်မယ်။ ပယ်မှ စိုက်မယ်။ ဦးဇင်း က စာတတ်တာမဟုတ်ဘူး။ ဘုံ ၃ ပါး ကြည့် ဟောတာနော်။ အဲဒီလိုပြောရင်တော့ မင်းယုံရင် ငါပြောမယ်ကွတဲ့။ မယုံရင် ငါမပြောဘူးတဲ့။ ငါ ဥပမာပြောမယ်။ အတိတ်ကို ငါကြည့်လိုက်မယ်ကွာတဲ့။ ဟာ အတိတ်ကြည့်လိုက်တဲ့အခါကျတော့ ဘုရား ဘုရား အေး အေး အေး အာ မလွတ်တော့ဘူးဗျို့။ အဲဒီလိုမလွတ်ပါလား။ ငါမလွတ် ဆွေတော်အပေါင်း မျိုးတော် အပေါင်းတွေပါလား။ ဩော် အေး အေး အေး ဟိုဘဝက ငါ့ ဘာတွေ ညာတွေ အမျိုးချည်းပါလား။ စွဲတော့မစွဲဘူးနော်။ အဲဒီတော့ ဒီလိုပြန်ပြီးတော့ ပစ္စုပ္ပန်တွေတဲ့အခါကျတော့ အတိတ်ရဲ့အကြောင်းနဲ့ ပစ္စုပ္ပန်အကြောင်းကို နှစ်လှ္သာ အဲဒီမှ ကုသလာနံ ဓမ္မာနံဖြစ်ကုန်ပြီ။ ဟေတုပစ္စယောတွေ။ အဲဒီမှာ သူက အကြောင်းစုံကြည့်ပြီ ဟော သူက စေတနာမပျက်တော့ဘူး။ အယုတ်၊ အလတ်မရွေးတော့ဘူး။ ပစ္စုပ္ပန်သိတဲ့ သညာသိ။ အဲဒီတော့ အတိတ်ကိုသိတာ ပညာသိ။ အဲဒါကိုရအောင်ရှာ။ ကိုယ်ကျင့်ရင် ကိုယ်ရမှာပဲ။ ဩော် အတိတ်က ဒါတွေဟာ ငါ့အမျိုးတွေ။ အေး အေး အေး ဟောဒီမှာ လှ္သက်ရည်ဆိုင် မှာ ဟိုလူကဆဲတယ်။ မြမောင် မအေ နှမနဲ့ဆဲတယ်။ ဟိုအတိတ်က ငါ့အစ်ကိုပဲ။ ငါသည်းခံမယ်။ အတိတ်ပြန်ကြည့်တော့ ပစ္စုပ္ပန်မှာ သည်းခံတယ်ဗျို့နော်။ အတိတ်မသိတော့ အကန်းဆိုတော့ အဲဒီတော့ သညာသိနဲ့ဆိုတော့ ထထိုးရောဗျို့။ ဟာ ခင်ဗျားတို့တွေးသာကြည့်တော့ ဘုံ ၃ ပါးမြင်ရ မယ်နော်။ အနာဂါတ်ကိုလည်း သိရမယ်။ အတိတ်ကိုလည်း သိရမယ်။ ပစ္စုပ္ပန်ဘုံကကြည့်။ အဲဒီတော့ လူမျိုးမရွေး၊ ဘာသာမရွေး သူ့မှာ ဩော် အေး အေး အေး သူအေးအေးပဲနော်။ ခင်ဗျားတို့ပြောမယ် ဆိုရင် အင်မတန်မှထူးပါတယ်နော်။ ကြိုးစားကြပါ။ ကျင့်ကြပါ၊ ကြံကြပါ။ ခုနက မျောတရား လှူရင် မျောမှာပဲ။ မြုပ်တရား လှူရင်မြုပ်မှာပဲ။ ပေါ်တရား လှူရင်ပေါ်မှာပဲ။ အဲဒီဒါနက အစစ်ခေါ်တယ်နော်။ လှူတတ်ဖို့လိုတယ်။ ဥပမာပြောကြမယ်ဆိုရင် အလှူလေးပေါ့ဗျာ။ အဲဒီလူကြီးက သမီးကိုပေါင်ထား တယ်။ ၃ နှစ် ၃ မိုးပေါင်ထားတဲ့အခါကျတော့ သူမရွေးနိုင်ဘူး။ ဩော် ငါ့သမီးမရွေးနိုင်ပါလား။ သူများ အိမ်မှာ ငါပင်တိုင်သွားအလုပ်လုပ်မယ်ဆို ပင်တိုင်သွားလုပ်တဲ့အခါကျတော့ သမီးရွေးဖို့ ပိုက်ဆံရလာ တယ်။ သမီးရွေးဖို့ ပိုက်ဆံလည်းရလာရော သူ့သမီးသွားရွေးတာပေါ့။ သွားတော့ တစ်ရွာတစ်ကျေးမှာ သမီးသွားရွေးတော့ လမ်းခုလပ်မှာ ရဟန်းတစ်ပါးတွေ့တယ်။ သူမျက်စိကမြင်လိုက် တွေ့ သဒ္ဓါ သဒ္ဓါ ဆိုတာ ယုံကြည်သွားပြီ။ ဘာယုံကြည်သွားလည်းတော့မသိဘူး။ အဲဒီရဟန်းအဘိုးကြီးကို အဲဒါသူ ဆွမ်းကပ်ချင်တာကိုဗျ။ အဲဆွမ်းကလည်း ၁၀ နာရီကျော်ပြီ။ ရဟန်းကြီးကတော့ ဆွမ်းမစားရသေးဘူး။

အကုန် တုန်ချိချိနဲ့သွားနေပါလား။ အဲဒီသမီးရွေးမယ့်ပိုက်ဆံကို အဲဒီရဟန်းကြီးတွေ့လိုက်တော့ သဒ္ဓါကဖြစ်လာတယ်။ သဒ္ဓါက အပြင်အာရုံက သဒ္ဓါခေါ်တယ်။ မနောအာရုံက စေတနာခေါ်တယ်။ ဟာ စေတနာဖြစ်တာကို သူရွေးမယ့်ပိုက်ဆံတွေကို သူမရွေးတော့ဘူး။ သူဘယ်လိုလုပ်လည်းဆိုတော့ အနီးအနားက ထင်းခုတ်တဲ့လူဆီက ထမင်းထုပ်ဝယ်တယ်ဗျို့။ ထင်းခုတ်တဲ့လူတွေကလည်း ဘယ်လို ပြန်ပြောလည်းဆိုတော့ ကျွန်တော်ဗျာတဲ့ ထမင်းဟင်းက ကျွန်တော့်တစ်ယောက်စာပဲယူလာတယ်။ ကျွန်တော်မရောင်းပါရစေနဲ့။ ဟိုလူ့မေးလည်း ဒီလိုပဲ။ ဒီလူ့မေးလည်း ဒီလိုပဲ။ အဲဒီလူကြီးကပြန်ပြောရော။ သမီးရွေးမယ့်သူက ခင်ဗျားတို့ရောင်းပါဗျာတဲ့။ အသပြာတွေ ကျွန်တော့လက်ထဲမှာကြည့်ပါဗျာတဲ့။ အများကြီးပဲတဲ့။ ခင်ဗျားတို့ ထမင်းထုပ်ကလေးသာပေးပါ။ ဟောဒီငွေတွေအကုန်ပေးပါ့မယ်ဗျာ ဆိုတော့ ဟိုလူတွေက အဲဒီတော့မှ ထမင်းထုပ်လေးတွေပေးတယ်ဗျ။ အဲဒီတော့ ပိုက်ဆံတွေလည်း အကုန်ပေးလိုက်တယ်။ အဲဒီထမင်းထုပ်ကလေးကို သူယူပြီးတော့ တုန်တုန်ချိချိနဲ့ ရဟန်းကြီးကို သွားကပ်တယ်နော်။ မြင်တာနဲ့ သဒ္ဓါဖြစ်နေတယ်။ အပြင်သဒ္ဓါက အတွင်းစေတနာက တစ်ခါတည်း လှိုက်လှဲ့စွာနဲ့ဖြစ်နေပြီဗျို့။ အဲ့ဒါ ထိုးကပ်တာပဲ။ အဲဒါတော့ ဒီလိုထိုးကပ်တဲ့အခါမှာ ရဟန်းကြီးကလည်း ဆွမ်းတွေဘာတွေဘုဉ်းပေး။ ဆုတွေဘာတွေပေးလာတော့မပြောတတ်ဘူး။ အဲသူလည်းစားပြီးပြီ။ သူလည်းပြန်တယ်။ အဲဒီလူကြီးလည်းပြန်တဲ့အခါကျတော့ ဥပမာလေးပြောကြမယ်ဆို ရဟန္တာလည်း စစ်တယ်နော်။ ရဟန္တာကလည်း စစ်နေပြီ။ အဲဒီတော့ ဒီလူကြီးရဲ့စေတနာကလည်း ထူးနေပြီ။ ဝတ္ထု ဒါတဗ္ဗဝတ္ထုကလည်း စင်ကြယ်တယ်။ သမီးရွေးမယ့်ပိုက်ဆံနော်။ ခင်ဗျားတို့ အဲဒါတွေပဲ။ ဒီအချက် ၃ ချက်ကိုခေါ်တာဗျို့။ အဲဒါတော့ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒါက နိဗ္ဗာန်ကိုသွားနိုင်တယ်ဗျို့နော်။ စေတနာ ကလည်း ဝိသုဒ္ဓိမနောဟာ စင်ကြယ်တယ်နော်။ အာရုံ ၅ ပါးပေါ်မှာကြည့်လိုက်တော့ သူက သဒ္ဓါ ယုံကြည်ချက်တွေဖြစ်ပြီးတော့ ဘဝင်စိတ်က စေတနာမှန်တယ်။ အဲဒီစေတနာဟာ ဘုရားကဟောပါ တယ်။ နိဗ္ဗာန်ကိုရောက်မယ်။ ဘာပြုလို့ရောက်နိုင်လဲ။ ရဟန်းက သစ္စာ ၄ ပါးရထားတယ်။ သူလည်း မသိဘူး။ မသိပဲနဲ့ကပ်လိုက်တာ အဲဒါထူးတာပေါ့ဗျာနော်။ အဲဒါကြောင့်မို့ အေး အေး အေး ဒါပဲပြော တတ်တယ်။ ခင်ဗျားတို့ပေါ်မှာ ဒကာ၊ ဒကာမများက သာသနာပြုတာ ရှေ့ကရဟန်းကစစ်ရမယ်နော်။ နောက်ကလိုက်လာတဲ့ ဒကာ၊ ဒကာမများက သာသနာပြုတဲ့ပုဂ္ဂိုလ်တွေခေါ်တယ်။ ရှေ့ကရဟန်းစစ်ရ မယ်။ အဲဒီလိုစစ်တဲ့အခါ ဟိုကလည်း နောက်ကလိုက်လာတဲ့ သာသနာပြုတဲ့ပုဂ္ဂိုလ်တွေကလည်း စေတနာမှန်ရမယ်။ အဲဒီတော့မှ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယောတဲ့။ ဒါ ဘုရားဟောအရ ဘာတွေ အကျိုးပေးမလဲတော့ မပြောတတ်ဘူး။ အဲ အတိတ်ရဲ့ ရှေးဘုန်းရှေးကံတွေပါရင်တော့ ဒီရဲ့ အဖွဲ့တွ

နဲ့ ခင်ဗျားဖြစ်ရင်လည်း ဖြစ်နိုင်တယ်ဗျ။ အဲ ခုနကပြောတော့ ကျွန်းမာရေးလာဘ်ရတယ်။ ဟော အပါယ်လေးပါးတံခါးပိတ်တယ်နော်။ အပါယ်လေးပါးတံခါးပိတ်ရင် ဘယ်သွားမလဲ။ နတ်ပြည်သွားမှာပေါ့။ အဲဒီနတ်ရဲ့ သက်တမ်းကုန်ရင် ခင်ဗျားဘယ်သွားမလဲ။ ရဟန္တာလှူထားတဲ့မျိုးစေ့ရလို့ အထက်သွားမှာပေါ့။ အောက်ဆင်းမှာမဟုတ်ဘူး။ အဲဒါတွေ သဘောပေါက်ဖို့လိုတယ်။ အဲ ခုနက ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင် ညောင်စေ့လောက်ဖြစ်တယ်။ ဒါသဘောလေးပဲဟောလိုက်တာနော်။ ပြန်ကြမှာ။ ဦးပဏ္ဍိတလည်း ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ ပညတ်ကိုလည်းမပယ်ဘူး။ ပရမတ်ကိုလည်း မပယ်ဘူးနော်။ ပရမတ်ဆိုတာဘာလဲ။ ဓါတ်လေးပါးခေါ်တယ်။ အဲဒါ ဓါတ်လေးပါးပဲ။ ပရမတ်ဆိုတာ ဓါတ်။ အဲဒီတော့မှ အရိယာမဝင်သေးဘူး။ သူဓါတ်ကိုရှုထားပြီ။ အဲဒီတော့ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ် သူကပြန်ပြောတယ်။ ဓါတ်တွေ ၃၂ ကွပ်ဌာနတွေ မဟုတ်တော့ဘူး။ ဓါတ်တွေနော်။ အဲဒီတော့မှ ပညတ်ရဲ့သဘော အဲ ပရမတ်ရဲ့သဘော အလယ်ကသွားတာ အရိယာက အဲဒီလိုရှိတယ်။ ဓါတ်အောင်တယ်၊ ဓါတ်ပေါက်တယ်။ နေကသိုင်း၊ ကုန်းကသိုင်း၊ အာကာကသိုင်း။ ကသိုင်းတွေမှန်တာပေါ့။ အဲဒါ ဝိဇ္ဇာ သွားတဲ့လိုင်းနော်။ ဓါတ်ပေါက်သွားတဲ့ဘုန်းကြီးက သိုက်ကိုလာတယ်၊ နတ်ကိုလာတယ်။ ပွဲတင်စရာမလိုဘူး။ သူများအားကိုးစရာမလိုဘူးနော်။ အဲဒါမှထူးတာ။ သေချာလေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ။ မယုံနဲ့ဦး။ ဦးပဏ္ဍိတပြောတာကို။ အဲ သူ့ဆီကိုလှူဖို့လည်းပြောတာမဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ကျင့်ဖို့ အသိတရားတွေရဖို့အရေးကြီးတယ်နော်။ အဲဒီအသိတရားဟာ ရလာရင် မိစ္ဆာကိုပယ်ပြီး သမ္မာကိုယူရင် အဲဒါအပါယ်ပိတ်တယ်။ အခု မိစ္ဆာကများနေတယ်။ သမ္မာကနည်းနေတယ်။ အဲဒီတော့ အတ္တတရားရှိတယ်။ အနတ္တတရားရှိတယ်နော်။ ဘုရားကဟောထားတယ်။ သမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ဒါအစွဲကိုအကြောင်းပြုပြီး ဟောထားတာ။ အဲဒါ ခင်ဗျားတို့ပယ်နိုင်ပါ့မလား။ ကမ္မာသဝကိုပယ်နိုင်ပါ့မလား။ အစွဲကို အကြောင်းပြုပြီးဟောထားတဲ့တရား အဲဒါ အစွဲတရားခေါ်တယ်နော်။ သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေ သင်္ခါရ ဒုက္ခ၊ သဗ္ဗေ သင်္ခါရ အနတ္တ။ အနတ္တဆိုတာ အစွဲသမားကိုပြောတာ။ ဝိနည်းသမားတော့ မပြောတတ်ဘူး။ အဲဒါ အစွဲသမားဆိုတော့ ချတာပဲဗျို့။ ခင်ဗျားကြိုက်တာလုပ် ကောင်းတယ်တဲ့။ မှန်တယ်တဲ့။ ကောင်းတယ်တဲ့။ ဒါပဲသူပြောမယ်တဲ့။ အဲဒီတော့ ငွေရရင် ငွေနဲ့တင်းတိမ်မနေနဲ့။ သူ့ထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရရင် ရွှေနဲ့တင်းတိမ်မနေနဲ့၊ ရွှေထက်ကောင်းတာ ကျောက်ရှိတယ်နော်။ ကြိုးစားပါ။ အဲဒီတော့ ဒီတရားတွေဟာ အင်မတန်မှထူးမြတ်ပါတယ်။ ဒီ ဦးမြမောင် ဟာ

စာမှာဆိုရင် နှစ်တန်းတည်းတတ်တယ်။ လူဆိုး၊ လူမိုက်၊ လူလိမ်၊ အဲ့ အကုန်လုပ်ခဲ့တယ်။ ခင်ဗျားတို့ အကုန်မေး အကုန်ပြောမယ်။ သစ္စာကိုဗျ။ မလိမ်ဘူး၊ ခိုးခဲ့တယ်၊ လိမ်ခဲ့တယ်၊ လုပ်ခဲ့တယ်။ အဲ ရဲထဲ မှာလည်းလုပ်ခဲ့တယ်။ ရဲအဖွဲ့ကကောင်းတယ်။ မြမောင် မကောင်းဘူးနော်။ ကလိမ်ကကျစ်။ အဲ လူကြီးကခိုင်းလိုက်တယ်။ မြမောင် က အိမ်မှာသွားဟောက်တယ်။ အာ ခင်ဗျားဘာလဲ ရက်ချိန်းတွေ ခင်ဗျားလွဲနေပြီ ဟောက်တော့ အိမ်ပြန်ကြောက်တာပေါ့။ ဆန်လေးယူလာလိုက်၊ ပန်းတွေယူလာလိုက် သူများစိုက်ထားတာ ပိုကကြောက်တာပေါ့ဗျာ။ ကြက်ဥတွေပေး၊ ဘဲဥတွေပေး။ အဲဒါ လိမ်တာပေါ့ဗျာ။ လူကြီးကတော့ ဘယ်သိမလဲ။ ဒါကြောင့် အဖွဲ့ကောင်းတယ်၊ မြမောင် မကောင်းဘူး။ အဲဒါတွေ အရေးကြီးတယ်နော်။ ကိုယ့်စိတ်ကိုယ်စစ်နော်။ ကိုယ်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ပြဟ္မစိုရ်တရားထားပါ။ သံဝေဂ တရားထားပါ။ အဲဒီတော့ ဒီတရားတွေထားရမယ်။ စိတ်ထဲမှာထားရမယ်။ ဩော် အေး အေး အေး ရပ်ကွက်ကလူကြီးက ဟော့ကောင်တွေ တစ်အိမ်တစ်ယောက်ထွက်။ ထွက်ပါ့မယ်အစ်ကိုကြီးရယ်။ စေတနာနဲ့လုပ်တာ စေတနာမရှိဘူး။ ကြောက်လို့တောင်လုပ်ရတယ်။ ဟာ တို့ချည်းပဲ ဖိခိုင်းတာပဲကွာ။ ငါတယ်။ အဲဒီလိုဖြစ်တာ။ မိစ္ဆာအယူ။ သွားပြီ။ လုပ်လည်းလုပ်ရသေးတယ်၊ စေတနာလည်းမပါဘူး။ အဲဒါ မိစ္ဆာ။ အဲဒါမှတ်ထားဦး။ အဲဒီအလုပ်တွေ။ ဟုတ်ကဲ့အစ်ကိုကြီး ကျွန်တော့်ကို ခိုင်းပါဗျာ။ ဘယ် အလုပ်ဖြစ်ဖြစ် ခိုင်းတဲ့အခါ စေတနာ ပုပ္ဗ၊ မုဥ္စ ပရဆိုတဲ့ စေတနာ ဘုရားကစေတနာကိုဟောသွားတာ။ ခုနက မတွေ့ဘူးလား။ မဟာဒုက် ဟာ ဘုရင်တွေရော၊ ဗိုလ်မှူးတွေရော၊ ဗိုလ်ကြီးတွေရော ဒေါးကပ် နေရတယ်။ မဟာဒုက် က ရှင်မရေ တဲ့၊ ဘုရားကြီးကြွသွားပြီးလားတဲ့၊ မကြွသေးဘူးတဲ့၊ အဲ မကြွသေး ရင်တော့ ဘုရားသပိတ်ဘယ်သူရမလဲ။ မသိဘူးတဲ့။ ငါသွားဦးမှပဲတဲ့၊ ဒီလူကြီးသွားတာ မကြောက်မလန့် ဘုရားရှေ့မှာ အရှင်ဘုရားထံ အရှင်ဘုရားသပိတ်ဘယ်သူ့ပေးပြီးပြီလဲ။ ဘယ်သူ့မှမပေးရသေးဘူးတဲ့။ တပည့်တော်ဆွမ်းကပ်ချင်တယ်ဘုရား။ သပိတ်ကြီးကို ဟိုကပေးလိုက်တယ်။ ဘုရင်တွေကမရ မပြောရဲ သေးဘူး။ ဗိုလ်တွေကလည်း မပြောရဲ၊ အဲဒါမှာ မဟာဒုက် လက်ထဲရောက်သွားတယ်။ မဟာဒုက် လက်ထဲရောက်သွားရော ဟာ သိကြားမင်းကကြည့်လိုက်တဲ့အခါ ဒုက္ခပဲ။ ဘုရားသပိတ် မဟာဒုက် လက်ထဲရောက်သွားတော့ ဘုရားက အယုတ်၊ အလတ်မရွေးဘူး ဘုရားကြီးက အဲပေးလိုက်ပြီးတော့ ပျော်ပျော်ပါးပါး။ သူအဲဒီသပိတ်ရကတည်းက ခြေထောက်ကို မြေကြီးနင်းရမယ်မှန်းတောင်မသိဘူး။ သူစိတ်ထဲမှာ မထင်တော့ဘူး။ အဲဒီလောက် သမ္မာစေတနာတွေက ဘယ်လောက်ကောင်းလဲတောင် မပြောတတ်ဘူး။ အဲဒီတော့မှ သိကြားက မနေနိုင်ဘူး။ အဲဒီတော့မှ အိမ်တွေဘာတွေလာပြင်ပေးရ

တယ်။ ထင်းခွဲပေးရမယ်။ ဒါ စေတနာပေါ့။ သဒ္ဓါ မဟာဒုက် ရဲ့အလှူ သိကြားကလာလှူပေးရမယ်။ ဒီလိုတစ်ယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ သမ္မာအယူတွေနဲ့လုပ်ရင် တိုင်းပြည်ကြီးဟာ အင်မတန်မှ စင်ကြယ်သန့်ရှင်းပါတယ်။ အဲဒီတော့ ခင်ဗျားတို့အပေါ်မှာလည်း မူတည်ပါတယ်နော်။ ကိုယ့်စေတနာမှန်ပါစေ။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ်စေတနာမှန်ဖို့အရေးကြီးတယ်နော်။ အေးကွာ အေး အေး အေးကွာ အေး အေး လုပ်တော့ပေးတယ်။ မနောကစေတနာမမှန်ဘူး။ မိစ္ဆာတွေဖြစ်နေတယ်နော်။ အဲဒီတော့ မိစ္ဆာဖြစ်တော့ အဲဒါဘာဖြစ်လဲ ကံဖြစ်နိမ့်တာပေါ့။ သီလပျက်တာကို ဝိသုဒ္ဓိမစင်ကြယ်ဘူး။ မစင်ကြယ်တော့ ကံနိမ့်တော့ လာဘ်ပိတ်တော့ ရှာလို့ဖွေလို့ ဝီရိယအကျိုးလေးပဲစားရတယ်နော်။ အဲဒီတော့ စင်ကြယ်သန့်ရှင်းအောင် ကိုယ်ကနေအာရုံ ၅ ပါးနဲ့ မနောမှာ ခြောက် မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား၊ လှမ်းတာလည်း မမြဲပါလား။ အဲဒီမမြဲဘူးဆိုတာ အနတ္တ စိတ်ခေါ်တယ်။ မြင်တာကိုသွားစွဲရင် အဲ သမ္မာနဲ့စွဲပါ။ မိစ္ဆာနဲ့မစွဲပါနဲ့။ အစ်ကိုကြီးရယ် လာလာ လာပါ ထိုင်ပါ လွှက်ရည်သောက်ပါ။ အစ်ကိုကြီးရယ် အေး အေး အစ်မကြီးရယ် လာလာ ကျွန်တော်တို့ရေနွေးလေးသောက်ပါဦး။ အဲ သမ္မာနဲ့သုံး။ အဲဒါမှ သမုတိသစ္စာ၊ ခုနက ခင်ဗျားတို့ဆန်တွေတော့ဝယ်လာပြီးတော့ ဆန်ကွဲတွေထိုးရောင်းတယ်။ အိမ်ထဲမှာထိုးပြီးတော့မှ မှတ်ပြီးတော့တင်တာပဲ။ ဇလားထဲမှာ တစ်ပြည်ဘယ်လောက်လဲ ၃၅ ကျပ် သူများရောင်းတဲ့ဈေး ရောင်းတယ်။ အဲ ဆန်ကွဲကလည်းထိုးထားတယ်။ အဲဒီကလေးက ဆန်ကိုလက်နဲ့ကိုင်ကြည့်တော့ ဟာ ဆန်ကွဲတွေလို့ ပြောနေပါလား။ ဝယ်တဲ့သူကသိတယ်။ မိုးကလည်းချုပ်နေပြီ။ သူ့ဆိုင်တစ်ဆိုင်ပဲ ရှိတယ်။ မဝယ်ချင်ဝယ်ချင်နဲ့။ ဝယ်တဲ့သူကသိနေပြီ။ ပြန်တော့မပြောဘူးနော်။ အဲဒါတွေဟာ ကောင်းသလား၊ မကောင်းဘူးတဲ့။ အဲဒါတွေဟာ ဘုရားမကြိုက်ဘူးတဲ့နော်။ ခုနက ချိုတွေထိုး၊ ချိုတွေရောင်း။ ဒါတွေဟာ မိစ္ဆာအယူတွေ။ ခင်ဗျားတို့ အဲခုနကမပေါက်တဲ့သူကတော့ ငိုင်နေတာပေါ့။ ပေါက်တဲ့သူကတော့ ဝမ်းသာတာပေါ့။ ခဏလေးပဲ အေးတဲ့ခါတ်ကိုယူပါ။ သံသရာကို ခရုတွင်းလျှောက်ဖြစ်အောင်မလုပ်ပါနဲ့။ သံသရာ ဘယ်ကစလဲ။ ခန္ဓာကစတယ်။ သံသရာဘယ်ကဆုံးလည်း ခန္ဓာက ဆုံးတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ နိဗ္ဗာန်ဆိုတာ ကုလားစာပေါ့ဗျာ။ ဘာလဲ ဆိုတော့ မရှိတရားကို မသိတဲ့တရားကိုသိသွားတယ်။ အဲဒါ သွားသိတာပဲ အေးတာပဲ။ အဲဒီခါတ်ကြီးက အေးတာပဲ။ ဖအေသေလည်း မငိုရဘူး။ မအေသေလည်း အာ အေးနေတာပဲ။ ဒါပေမယ့် ရုပ်ကြီး ရဲ့ပတ်သက်တဲ့ ဒူလာ၊ လိပ်ခေါင်းတော့မရဘူးပေါ့ဗျာ။ မစွဲတော့ အေးတာပေါ့ဗျာ။ အဲဒီအေးတဲ့ခါတ် သစ်တစ်ပင်

ကောင်းတော့ ငှက်တစ်သောင်းနားတယ်။ ဒါကြောင့်မို့ အေးလို့ ဒီနှလုံးသားက အင်မတန်မှအေးတဲ့ အတွက် သိုက်တွေလာတယ်၊ တောင်ပိုင်တွေလာတယ်၊ ကွင်းပိုင်တွေလာတယ်၊ တစ္ဆေ သရဲ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ လာတယ်။ ဒါ အတိတ်မြင်တာကိုဗျ။ အတိတ်မမြင်တဲ့ဟာကတော့ အဲဒါ အကန်းခေါ်တယ်။ အဝိဇ္ဇာခေါ်တယ်။ အဲ အတိတ်မြင်တာက အဝိဇ္ဇာဉာဏ်ခေါ်တယ်နော်။ ဒါတွေဟာ ဒီဘဝမှာ ငါနဲ့ လာပြီးတော့ အမျိုးတွေပါလား၊ ငါ့အစ်မကြီးတွေပါလား၊ ငါ့အဖေတွေပါလား၊ ငါ့ညီမတွေပါလား မလုပ်တော့ဘူးသူ့ကို အဲ ဘာစားမလဲ။ ရော့ ရော့ ရော့ ဒီလိုလုပ်တာနော်။ အဲဒီလိုခိုင်း မင်းတို့ တောင်ပိုင်တွေခိုင်း လုပ်ပေးမယ်၊ ကွင်းပိုင်တွေခိုင်း လုပ်ပေးမယ်၊ နာမ်ကောင်တွေနော်။ အမယ်လေး သူတို့မှာ ကျွတ်ချင်လွတ်ချင်လို့ ရုပ်မရှိဘူး။ နာမ်ပဲရှိတယ်။ အဲ ဦးဇင်းတို့က ရုပ်ရှိလို့ ရုပ်နဲ့ရင်းရှာလို့ ဒီတရားရတာ။ သူတို့က ရုပ်မရှိလို့ ရင်းရှာလို့မရဘူး။ သူတို့က ပါရမီဖြည့်တာ။ နောက်ကနေ အဲဒီရဟန်းကြီး မှန်တယ်ပေ့ဆိုတာ သူတို့က ကြွေးကြော်တာနော်။ ဒါကြောင့်မို့ အင်မတန်မှ အဲ ထူးပါတယ်ဗျာ။ ဦးဇင်း က အနတ္တတရား၊ အတ္တတရား ဒါလေးတွေ သဘောလေးတွေ။ စာကတော့ မတတ်ဘူး။ ခုနက မှန်တာပေါ့။ ဒါဘာလဲဆိုတော့ အဲ ဥပမာလေးပြောကြမယ်။ စည်းကမ်းကတော့ ရှိရမယ်။ လူ့ဘောင်မှာလည်း စည်းကမ်းရှိရမယ်။ အဲဒီတော့ တိုင်းပြည်အုပ်ချုပ်တာလည်း စည်းကမ်း ရှိရမယ်။ လူသူလေးပါးလား။ စည်းကမ်းရှိရမယ်၊ သံဃာတော်အရှင်မြတ်များလည်း စည်းကမ်းရှိ ရမယ်။ စည်းကမ်းကို ချိုးဖေါက်လို့မရဘူး။ ဒီစည်းကမ်းလေးနဲ့ရှိမှ ဒီတရားကို ရှာလို့ရမယ်နော်။ စည်းကမ်းရှိတယ်ဗျ။ ဦးဇင်း က စာမတတ်တော့ စည်းကမ်းတွေ ဘာတွေ မလုပ်တတ်ဖူးပေါ့ဗျာ။ ဒါ ဦးဇင်း က အားလုံးကိုတောင်းပန်ပါတယ်။ ခုနှစ်ရက်သား၊ ခုနှစ်ရက်သမီး ဆရာတော် သမားတော် ထေရ်ကြီးဝါကြီးအကုန် ကိုရင်လေးကအစ အကုန်လုံးတောင်းပန်ပါတယ်။ ရှိခိုးဆိုရင်လည်း ခိုး ပါ့မယ်။ သူစာမတတ်လို့ပါတဲ့။ စကားကတော့ မပြောတတ်လို့ပါ။ အမှန်ကတော့ စည်းကမ်းက အဓိကပါပဲ။ စည်းကမ်းလေးရှိမှ တရားကို တရားနဲ့ပြောရတာ ဦးဇင်း နေသွားလည်း ဒုန်းဒုန်း၊ လာလည်း ဒုန်းဒုန်း၊ စားလည်း ဒုန်းဒုန်း။ အဲဒီလိုဖြစ်ပါတယ်ဗျာ။ ဣန္ဒြေသံပတ္တိကို မလုပ်နိုင်တော့ ဘူး။ သူက ဒုန်းဒုန်းနဲ့ချနေတာနော်။ အခု ညကတရားဟောပွဲပြီးတော့ သွားပါတယ်။ အဲ သွားတဲ့ အခါကျတော့ မြောင်းမြကို ဘယ်အချိန်လောက်ရောက်လဲဆိုတော့ ၁၁ နာရီကျော်လောက်ရောက် တယ်။ ဘယ်ကိုသွားရမလဲဆိုတော့ မဲကျော်သွားမယ့် ဓါတ်ပုဂ္ဂိုလ်ကြီးက မယ်တော်ကြီးက ၃ နာရီ ရောက်လာတယ်ဗျို့။ ဦးဇင်း က ခေါင်းချတာ ၁ နာရီလောက် ၂ နာရီလောက်ရှိတယ်။ မဲကျော် အဲဒီ မယ်တော်ကြီးက သားတော် ထ ထ။ ထပါတယ်ဗျာတဲ့။ ဟော ခိုင်းတာ ခိုင်းတာနော်။ ဘုန်းကြီးက

ဒီနာမ်တွေက ဒုက္ခပါဗျာ။ အေး အေး အေး။ ကဲလာလာ နို့လေးသောက်ရလား၊ မသောက်တော့ပါဘူးဗျာ။ သောက်ဦးသားတော်ရဲ့ သားတော်ရဲ့ တိုက်တော့သောက်တယ်။ အဲဒါ ကား ၃ စီးနဲ့ ဘယ်ကိုသွားလည်းဆိုတော့ မြောင်းမြကနေပြီးတော့ မဲကျော်သွားတာပဲဗျို့။ ၂ နာရီလောက်မောင်းရတယ်ဗျို့။ အဲဒီကနေပြီးတော့ တာထိပ် အာလောကွင်းတို့ဘာတို့ ခုနက ရှစ်အိမ်တန်းတို့ နှစ်အိမ်တန်းတွေသွားဟိုဘက်ရောက် တောင်တွေဆင်းလိုက်၊ တက်လိုက်နဲ့ ခင်ဗျားတို့ ဝါးခယ်မ ပါလာတဲ့လူကိုမေးပါ။ ကားကလည်း လမ်းမှာ ဖွတ်ဖွတ်နဲ့ ပျက်တယ်ဗျနော်။ ကားကလည်း ဆီပိတ်တယ်နဲ့တူတယ်ဗျ။ ကားက အဲဒီလိုပဲရပ်တယ်ဗျာ။ အဲဒီလိုပဲလာရပါတယ်နော်။ မဲကျော်ရောက်တဲ့အခါကျတော့ အဲဒီတောင်ကုန်းပေါ်မှာ သိုက်။ ဘယ်သူသိမလဲ။ ဘယ်ဘုန်းကြီးသိမလဲ။ အဲ ခက်တယ်ဗျာ။ အဲဒီတော့ခုနက မယ်တော်ကခေါ်သွားတော့ သားရေ လာ လာ ဆိုတော့ လာတယ်။ အဲဒီမှာဟုတ်ပါတယ်ဗျာ။ ဦးဇင်း ကတော့ သိတာပေါ့ဗျာ။ အဲဒီတော့ ဘယ်နှယ်မှ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ သားရေ တဲ့ ရေစက်ချစို့တဲ့။ ဟိုဘဝ အနန္တက ခင်ဗျား ဦးဂျာအေး မေးပါ။ ခင်ဗျားတို့ ဝါးခယ်မမှာရှိပါတယ်နော်။ အဲဒီတောင်ကုန်းပေါ်မှာသွားပြီးတော့ မယ်တော်နဲ့ သားနဲ့သွားပြီးတော့ သစ္စာပြုရပါတယ်နော်။ ဒီအလုပ်ကို ထီးသွားတင်ရပါတယ်။ ပရမတ်ထီး၊ ဘုရားကလည်း ပရမတ်ဘုရား။ ခင်ဗျားတို့လို အုတ်နဲ့တည်တာမဟုတ်ဘူး။ အဲ ကိုးနဝင်းစေတီ၊ အဲ ကိုးနဝင်း ကိုးရက်ကျင့်တယ်။ ကိုးရက်လည်းပြည့်ရောနောက် ဆယ်ရက်ကျတော့ ထီးတင်တယ်။ အဲဒီသဘောပါ။ ပရမတ်အနေနဲ့ ဦးဇင်း လို ကဲသွားပြီးတော့ အဲ သပြေပင်လေးတွေအများကြီးပဲ။ ဦးဇင်း ပထမတစ်ခေါက်က သပြေပင်တွေဟာ ရဲနေတယ်။ အဲ ခုနက သပြေညွှန့် အညွှန့်ပေါင်း ၁၀ ညွှန့်လောက်ရှိမယ်။ အဲ့ပြီးတော့ တစ်နေရာတည်းမှာ ပေါက်နေတယ်။ အပင်ကြီးမဟုတ်။ မြေကြီးထဲကထွက်နေတာ။ အဲဒီတော့ သားရေတဲ့၊ သားတော်တဲ့ သပြေရွက်ညွှန့်လေးတွေကိုင်တဲ့။ သူလည်းကိုင်၊ ကိုယ်လည်းကိုင်။ အဲဒီတစ်ခေါက်က အဓိဋ္ဌာန်တာ။ ကိုးရက်အဓိဋ္ဌာန်တာပေါ့ဗျာ။ နောက်တစ်ခေါက်ကျတော့ ထီးသွားတင်ရတယ်ဗျာ။ အခု ဦးဇင်း တို့ပြန်လာပြီ။ ထီးတင်တာ ၁၀ ရက်နေ့ဆိုတော့ အဲဒီတော့ အဲဒီနေရာမှာ ရေစက်ချပြီးတော့ ငိုတာပဲဗျို့။ ချုံးပွဲချပြီးငိုတာပဲ။ ရင်ကွဲပက်လက်ပြီးတော့ ရင်ကွဲပါပြီးတဲ့၊ အသဲတွေလည်း ကြွေကျပါပြီတဲ့။ ငိုလိုက်တာ သူနောက်က အစ်ကိုတွေလည်း ပါတယ်။ မအေတွေလည်း ပါတယ်။ ဆွေမျိုးသားချင်းတွေ ပါတယ်။ တရုတ်တွေဗျို့ ပိုက်ဆံရှိတယ်နော်။ အဲဒါတွေးကြည့်၊ အဲဒီတော့ ဒါကြီးသွားပြီးတော့ လုပ်ပေးပါတယ်။ အဲဒီတော့ ဪ အေး အေး အေး သားတော်တဲ့၊ လာတဲ့ နောက် ကုန်းတော်လေးမှာပြတယ်။ သူပြောပြတယ်။ အဲဒါ ဘာကဘာ ဘာကဘာ ကဲ သားတော်ယူ ယူဆိုတော့ ဦးဇင်း တို့ အဲဒီမှာ

သွားယူရတယ်။ အေး သားတော်ရေ လာယူလှည့်။ အဲဒီဘုရားဟာ ဘာလဲ။ သူ တည်သွားတယ်။ လွှမ်းစေတီတဲ့။ နောက်မှတ်ထား။ ခင်ဗျားတို့ ပိန္နဲကုန်း၊ မဲကျော်ရောက်ရင် မဲကျော်ရွာအပြင်မှာ တောင်ပေါ်မှာ ထန်းပင်လေးတွေ ဘာလေးတွေရှိတယ်။ တောစခန်းပေါ့။ အဲဒါဘာလဲဆိုတော့ လွှမ်းစေတီတဲ့။ ဟိုဘဝတွေ ဘဝတွေ ဦးဇင်း ကလည်း သိုက်က။ သူကလည်း သိုက်က။ အဲဒီလိုဖြစ်နေတော့ ဦးဇင်း က လူ့ဘဝရောက်လာတဲ့အခါကျတော့ တရားများကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြတော့ ကိုယ်ကလည်း မယ်တော်က ပုတီးတွေအပတ် ၉၀၀၀ ကျ။ သူက စာတတ်တာကိုဗျ။ ဂုဏ်တော်တွေ ရွတ်တတ်တယ်။ ဦးဇင်း က မရွတ်တတ်ဘူး။ ဒီဘဝမှာလာပြီး တွေ့ကြုံရပါမယ်တဲ့။ ဒါ အတိတ်က အကြောင်း။ အဲဒါတွေဟာ ခုနက အတိတ်အကြောင်းမသိရင် ဒီတရုတ်မလေးက လာခေါ်ရင် မင်းဘာကောင်မလဲ၊ ဘာလဲ။ ညာလဲ။ သူ့အမျိုးတွေက သူ့အစ်ကိုတွေ သိက္ခာကျသွားမယ်နော်။ ပြန်ကြည့်။ ဩော် သူ့ကို နင်ပဲငဆေပြန်ပြောရင် သူဘက်ကလည်း အဲ တစ်မျိုးထင်သွားပြီ။ ဗုဒ္ဓရဲ့ သာသနာကို မယုံကြည်ရာကျသွားမယ်။ ဦးဇင်းကြီးက အနာခံတယ်နော်။ သားတော်ပြောလည်း ခံမယ်၊ ဘာပြောလည်း ခံမယ်။ အဲဒီတော့မှ သူ့နောက်ကပါလာတဲ့ အဲ သူတို့ရဲ့ပါလာတဲ့ဆွေမျိုးအုပ်စုကနေ အဲဒီတော့ ဗုဒ္ဓရဲ့သာသနာ တယ်မှန်ပါလား၊ ငါ့သမီး၊ ငါ့ညီမလေး တယ်မှန်ပါလား။ တယ်ထူးပါလား အားပေးတာနော်။ ဒါ ဉာဏ်ပိုင်းလေးနဲ့ ကံနဲ့ ဉာဏ်နဲ့ပေါင်းသွားတာ ဘယ်သူသိမလဲ။ အဲဒီတော့ ကျောင်းရောက်လာတော့ ဘယ်လိုဖြစ်လာလဲဆိုတော့ သီလရှင်က အဲဒီမှာပေါ့ဗျာ။ နာမည်တော့ မပြောပါရစေနဲ့။ ဟာ သောင်းကြမ်းကြတာပဲ။ တို့အရင်ရောက်တာ ၃ နှစ် ၄ နှစ်တို့ကျင့်တာ။ ဘာတွေလဲ။ အာပြောတော့တာပဲဗျာ။ ဒါကြောင့်မို့ ဩော် အေး အေး အေး တရုတ်မလေးခေါ်ရာကို လိုက်တယ်။ တရုတ်မလေးက သား ခေါ်တယ်။ သူက မျက်ရည်လေးစမ်းစမ်းနဲ့ ဦးပဏ္ဍိတ ကိုကျတော့ နင်ပဲငဆေ အရေးတောင်မလုပ်ပါလား။ အဲဒီတရုတ်မလေးတော့ သွား အအေးလုပ်။ အဲဒီသီလရှင်တွေကပြောတော့တာပေါ့ဗျာ။ အဲဒီတော့ ဦးဇင်း မိန်းမကလည်း အာ လက်ညှိုးကောက်ကောက်နဲ့ ပြောတော့တာပေါ့ဗျာ။ ဦးဇင်းကြီး ခံပါတယ်။ ဩော် အခုလိုပြောတာ ပန်းလေးနဲ့ပေါက်သလိုပါပဲ။ ပန်းလေးနဲ့ပေါက်သလိုပဲ။ ဆူးပေါ်ဖက်ကျ ဖက်ပေါက်တာပဲ။ ဖက်ပေါ်ဆူးကျ ဖက်ပေါက်တာပဲ။ ဘယ်လိုများပေါက်ပြီးတော့ ဒီပုဂ္ဂိုလ်တွေ ချွတ်ရမလဲ။ ဦးဇင်းကြီးနော်။ အတိတ်နဲ့ ပစ္စုပ္ပန်နဲ့ နှစ်လွှာပေါင်းပြီးတော့မှ သာသနာပြုနေပါတယ်ဗျာ။ ဒီအနာဂတ်ကို ကောင်းကောင်းမွန်မွန် လွတ်ရာလွတ်ကြောင်း ဝိသုဒ္ဓိဆိုတဲ့ အဲဒီတော့ အင်မတန်စင်ကြယ်တဲ့နှလုံးသားကနေပြီးတော့ ဖြစ်သွားမှသာလျှင် ခင်ဗျားတို့ရဲ့ ဝိဉာဏ်လေးဟာ ကောင်းရာကောင်းရပ်ကို ကောင်းတဲ့ဝိဉာဏ်က ကိန်းဝပ်မှာနော်။ ဒီကံတရားတွေ

အစွဲတရားတွေရှိရင် ၃၁ ဘုံစွဲလိုက်ရင် ဝိညာဏ်လေးဟာ ၃၁ ဘုံလည်မယ်နော်။ အဲဒီတော့ ဗြဟ္မာဘုံရောက်မယ်။ အပါယ်လေးဘုံရောက်မယ်။ အဝီစိရောက်မယ်။ အဇာတသတ်က အပါယ်လေးဘုံတင်မဟုတ်ဘူး။ အဝီစိရောက်နေတာ ဘယ်သူသိမလဲနော်။ ဒါတွေ အဲဒါတွေကိုသိတော့ မြင်တော့ကြောက်ပြီတဲ့။ သိ၊ ပယ်၊ ဆိုက်၊ ပွားတဲ့။ အဲဒါကိုပြန်ပြီးတော့ ပြောပြတာ။ အဝိဇ္ဇာနဲ့ ဝိဇ္ဇာညာဏ်နဲ့ယှုံရင် မင်းတို့လုပ်ကြပေတော့။ မင်းတို့က အဝိဇ္ဇာအာရုံ ၆ ပါးမလွတ်ဘူး။ အာရုံ ၆ ပါးလွတ်တာက ဝိဇ္ဇာညာဏ်။ အာရုံ ၆ ပါးက လောကီအာရုံကို အင်မတန်အားကိုးပြီးတော့ ယူထားတဲ့စိတ်တွေ။ အဲဒီတော့ ဝိဇ္ဇာညာဏ်က အာရုံ ၆ ပါးကိုပယ်ပြီ။ အဲဒါ မဂ်ညာဏ်ခေါ်တယ်။ အဲဒီမဂ်ညာဏ်နဲ့ကြည့်မှ မြင်တယ်။ အတိတ်မြင်မှ အဲဒီတော့ ပညတ်၊ ပရမတ်ကိုသိမယ်နော်။ ဒါမှသာလျှင် စာတွေနဲ့ရေးထားတာ။ စာက မှန်ပါတယ်။ မင်းက ခန္ဓာမှာ ကံစိုက်ထားတယ်။ ခန္ဓာမှာ ညာဏ်စိုက်။ ဒါတွေအရေးကြီးပါတယ်။ ကံစိုက်တာ အစွဲတရား။ ညာဏ်စိုက်တာ ကံကိုဖြတ်တာ။ အဲ အာရုံမှာ ဒါကြောင့်မို့ ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲဒါ အာသဝေါတရား ၄ ပါး။ အာသဝေါတရား ၄ ပါးဝင်ရင် အာသဝက္ခယ ညာဏ် ဘုရားဟောအရပြောတာ ညာဏ်။ ညာဏ်ဆိုတာ အာရုံပေါ်မှာ ညာဏ် အာရုံပေါ်မှာ ကံ။ ဟိုက ပြောလိုက်တဲ့အသံ ကိုယ်ကကြားတယ်။ အဲဒါ ညာဏ်။ ဟိုကကြားတာကိုယူလိုက်တယ်။ အဲဒါ အကုသိုလ်ကံ၊ ကုသိုလ်ကံ အာရုံပေါ်မှာဖြစ်တာ။ ကျိုက်ထီးရိုးဘုရားသွားဖူးရအောင်။ အဲ ဟုတ်ကဲ့ မင်းအတွက် ငါအကုန်ပေးမယ်။ အဲဒါကံ သမ္မာကံ အဲဒီတော့ မင်းကိုဆဲလိုက်တယ်။ ငါနဲ့ ဖေနဲ့ ဆဲလိုက်တယ်။ အဲဒါကိုသွားယူလိုက်တာ မိစ္ဆာကံ။ ခင်ဗျားတို့အပေါ်မှာမှုတည်တယ်။ အဲဒီလိုညာဏ်ရမှသာလျှင် ဒီကံတွေကိုဖြတ်မှာနော်။ ဘာသွားမလဲ။ မနေ့ကဟောတဲ့တရား ဦးချိတိုး နဲ့ ဒေါ်အုံးမေ အဲဒီနှစ်ယောက်တွေကြပြီ။ တွေကြတဲ့အခါကျတော့ ဦးချိတိုး ကလည်း တစ်ရွာတစ်ကျေး။ သရက်ကုန်း အိမ်မဲအပိုင်။ အဲ ဦးချိတိုးကြီး က အဲ ကောက်တွေဘာတွေရိတ်၊ ပျိုးတွေဘာတွေနုတ်တော့ ဒေါ်အုံးမေ ကလည်း အဲဒီလိုပေါ့။ လယ်အလုပ်လုပ်တော့ အဲဒီတော့ သွားတွေ့ ကြတယ်။ သွားတွေ့တဲ့အခါကျတော့ ရက်ပေါင်း၊ လပေါင်းဖြစ်တော့ တစ်ယောက်နဲ့တစ်ယောက် အဲ မနောတွေကတစ်မျိုးဖြစ်တာပေါ့။ အပြင်မြင်တာကိုဗျ။ ဦးချိတိုးကြီး က အလွန်တင့်တယ်တယ် ရုပကာက၊ ဒေါ်အုံးမေ ကလည်း အလွန်ချောတယ်။ အဲဒီပညတ်သွားစွဲတာနော်။ အဲဒါ ပညတ်ခေါ်တယ်။ ပရမတ်ကို မမြင်တော့ဘူး။ ပညတ်မြင်ပြီ။ ပညတ်ဘာနဲ့မြင်သလဲ။ သညာနဲ့မြင်တယ်။ သညာဆိုတာ မှတ်တာနော်။ အဲဒါမှတ်တာ။ မှတ်စိတ်ကို သညာခေါ်တယ်။ ပါဠိလို အဲဒါလောကီခေါ်မှာပေါ့ဗျာနော်။ ဦးဖင်း က စာမတတ်ဘူး။ ဒါ စာတွေနဲ့ရေးထားတာ။ အဲဒီစာလိုရေးထားရင် ပါဠိလိုရေးထားရင် အနက်သိရမယ်။ အနက်သိမှ

အမိပ္ပါယ်ပေါက်မှာ။ ပါဠိ၊ အနက်၊ အမိပ္ပါယ် ဒီလိုရေးထားတာ။ ပါဠိဆိုတာ ဘန္တေ သူတို့မသိဘူး။ ကရင်တွေက ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဘာသိမှာလဲ။ အနက်ပြန်ပေးမှ သဘောပေါက်မှာနော်။ သူတို့တတ်တာ ကိုယ်တတ်တာမဟုတ်ဘူး။ အဲဒီတော့ စာကမှန်နေတာက တစ်ကယ်မှန်နေပြီ။ အဲဒီတော့ ဒါတွေမှန်တော့ ရှေ့က သေသေချာချာပောတာ။ ဒီကကြီးက ဘယ်လိုရေးတယ်၊ ခကွေးက ဘယ်လိုရေးတယ်။ ကကြီးနဲ့ ခကွေး တူသလား။ မတူပါဘူးဘုရား။ အဲဒီလိုသင်ပေးမှသာလျှင် နောက်ကလူက သဘောပေါက်မှာနော်။ ခုနက သူတို့တတ်နေတဲ့ ပဋ္ဌာန်း ဦးပဏ္ဍိတ ကို အရွတ်နိုင်း ဘာမှမတတ်ဘူး။ ဘာမှမတတ်ဘူး။ အေး နင်ယုံရင်လာခဲ့တဲ့၊ ဟော့ တောင်ပိုင်တွေ သွားပေတော့၊ ဟော့ ကွင်းပိုင်တွေသွား၊ ဒီလိုနှင်ပလိုက်တာကွတဲ့၊ မင်းသွားကြည့်လေကွတဲ့၊ မင်းသွားနေကွာတဲ့၊ ဦးဇင်း က ဒီလိုလုပ်လာတယ်ကွာတဲ့၊ ကြက်ညီနောင်မှာ မှတ်ထားကွတဲ့၊ မင်းက ငါ့ယုံတယ်မှလား။ ငါဘာမှမရွတ်တတ်ဘူးကွတဲ့၊ အေး မင်း ငါ့ယုံကြည်လား၊ ယုံကြည်ရင် မင်းအဲဒီကွင်းထဲက ငါလုပ်မယ်တဲ့၊ ဟော့တောင်ပိုင်တွေသွား၊ ဟော့ကွင်းပိုင်တွေသွား။ ဟော့ တစ္ဆေတွေ၊ သရဲတွေသွားပြီးတော့တဲ့ သူများပိုင်နက်အထဲတည်းမှာ မင်းမနေနဲ့ဆိုတော့ နေစရာမရှိတော့ဘူး။ ဟိုမှာ သူများခြံမှာသွားပြီး ပူးပြီးလုပ်တယ်နော်။ ဒီလိုလက်တွေ့လုပ်သွားတာပါ။ ဒါဘာလဲ။ အာဏာစက်။ ခင်ဗျားတို့ လူသေတယ်မလား။ လူသေတော့ အမိန့်ပြန်သလိုပေါ့ဗျာ။ အဲဒီလိုပဲနော်။ သူ့ရဲ့ သစ္စာ၊ သမာဓိဖြစ်လာရင်တော့ အဲဒါပေါ့ဗျာ။ အာဏာစက်သိပ်ပြင်းတာနော်။ ခင်ဗျား အဲဒီအာဏာစက်ဟာ အာဏာစက်လိုချင်ရင် ဝိပဿနာကျင့်နော်။ အဲဒီတော့ အာဏာစက်ဆိုတာ ခင်ဗျားတို့ခိုင်းကြည့်ပေါ့ဗျာ။ အဲ ခိုင်းကြည့်ရင် သူကပြေပါလိမ့်မယ်။ သူကတော့ သဘောလောက်ပြေပါလိမ့်မယ်။ သူက သဘောလောက်ပြေပါ့မယ်နော်။ ဒါကြောင့်မို့ စက္ခုဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ။ ဘုရားဟောထားတာ အင်မတန်မှထူးတာ။ ဘုရားကထမင်းပွဲကြီးခူးထားတာ။ ကိုယ်ကပျင်းလည်းပျင်းတယ်၊ ပေါ့လည်း ပေါ့တယ်။ မဟုတ်တာတွေလျှောက်လုပ်တော့ မဟုတ်တာတွေဖြစ်သွားရော၊ ဖြစ်တော့ ဒုက္ခရောက်ရော။ အဲဒါတွေဟာ ဘုန်းကြီးဆီလာရော။ ဘုန်းကြီးဆီလာတော့ တပည့်တော်သမီးက ဘာ၊ တပည့်တော်သားက ဘာ။ တပည့်တော်က ဘယ်လို၊ ဘာဖြစ်တယ်၊ ထောင်ကျတော့မယ်။ ဘုန်းကြီးကဘာလုပ်တတ်လို့လဲ။ ဘာမှမလုပ်တတ်ဘူး။ အပါယ်ပိတ်တရားတော့ ဟောတတ်တယ်။ လောကီအကြောင်းကတော့ ဟော့ ကလေးတို့ကြည့်နေကြ၊ ကြည့်စားကြ၊ ကြည့်သွားကြ။ မင်းတို့လိမ်လိမ်မာမာနေ။ ငါကတော့ အရင်ကတော့လူမိုက်ကြီးကွ။ လူကောင်းမဟုတ်ပါဘူးကွာ။ လူဆိုးရဟန်းပါ။ အခုတော့ ရဟန်းတော့ဖြစ်လာပြီကွ။ မင်းတို့ကို ငါသင်ပြတယ်ကွ။ နားထောင်ကြပါကွ။ နားထောင်ကြပါကွ။ ချဲတွေ ဘာတွေမထိုးနဲ့ကွ။

အဲဒါပိုက်ဆံတွေစုထား။ မင်းတို့ ဒါတွေမစွဲနဲ့ကွ ပြောပါတယ်။ အဲဒါပြောပြီးတော့ တစ်မျိုးဖြစ်တာပဲဗျို့။ အဲဒီတော့ တော်ပြီကွာတဲ့။ မင်းတို့ ငါလည်းလူပဲ၊ မင်းတို့လည်း လူပဲ။ အခု ခင်ဗျားတို့ အခု ဒီညနေ ရောက်လာတယ်။ ပရိတ်ကုန်းက ခင်ဗျားတို့ ဒေးစွန်ပါကဘုန်းကြီးတည်သွားတယ်တဲ့။ ပရိတ်ကုန်းမှာ တည်သွားတာ။ ဖြစ်လား၊ မဖြစ်လားမသိဘူး။ ဒီမှာလာဖြစ်နေတယ်။ သိုက်ကလာဖြစ်နေတာ။ ဒါဘယ်လိုလုပ်ပြောမလဲ။ ဒီပွဲပြီးရင် သွားရမှာနော်။ ခင်ဗျားတို့လိုက်ကြည့်နော်။ ခင်ဗျားတို့ကို လှူပါလို့ မပြောဘူး။ အခုထိုင်နေတာ မိုက်နဲ့အော်စရာမလိုဘူး။ အလှူမှာ ကြိုက်ရင်လှူ မကြိုက်ရင် မလှူနဲ့။ ဒီလိုသဘောမျိုးလာခဲ့တဲ့။ မင်းတို့လှူပါလို့မပြောဘူး။ ဘုရားတွေ အခုတည်သွားတယ်။ စည်ပင်စမ်း မှာ တည်တယ်။ မင်းတို့စည်ပင်စမ်းကျေးရွာ မကောင်းဘူးကွတဲ့။ မင်းတို့ဘုန်းကြီးတွေဆိုလည်း မကောင်းဘူးကွတဲ့။ နိုင်ငံတော်အစိုးရဆိုလည်း မကောင်းဘူးကွတဲ့။ ငါထိုင်နေတာကွတဲ့။ အဲ လာလှူတာပဲကွ။ သိုက်ကဟာ တစ်ပုံတစ်ပင် စည်ပင်စမ်းဘုရားလုပ်ပစ်လိုက်တယ်နော်။ ဗိန္ဒုဘုရား အဲဒီလိုပဲ မြောင်းမြမှာ သိန်းပေါင်းမြောက်များစွာ ဘယ်လောက်ကုန်တယ်ဆိုတာ နိုင်ငံတော်အစိုးရ ဆီက သူ တစ်ပြားသွားမရှာဘူး။ သူများစိတ်ညစ်အောင် မလုပ်ဘူး။ အဲ သူ့ဟာသူ ရုံးမှာနေတာ။ လျှောက်လွှာကြီးတကားကားနဲ့ လွှယ်အိတ်ကြီးနဲ့ သံဃာတွေက အဲဒီမှာမလျှောက်ဘူး။ သူများ စိတ်ညစ်အောင် မလုပ်ဘူးနော်။ ကိုယ့်ဟာနဲ့ကိုယ် မှန်ကန်ရင်ဖြစ်လာမယ်။ ကိုယ်မှန်ကန်ဖို့ အရေးကြီး တယ်။ အဲဒါ ကံတရားတွေ။ နာမ်က နှလုံးသားကဖြစ်လို့ ကံအလုပ်တွေလျှောက်လုပ်တာ။ အဲဒီတော့ သွားပြီးထိုင်နေတာနော်။ ဘယ်မှတောင်းစရာမလိုဘူး။ လာခဲ့တဲ့၊ ဒီလိုပဲ လာကြတာပဲ။ အဲ မူးလာတဲ့ အကောင်ကလာ မူးလာတဲ့အကောင် သင်္ကန်းစီးပေးလိုက်တာပဲ။ မင်းကောင်းကောင်းနေ။ အဲ မင်းကောင်းကောင်းမနေရင်တော့ မင်းသိလိမ့်မယ်။ အရက်သမားလာခဲ့၊ ဘိန်းစားလာခဲ့၊ အကုန်လာခဲ့၊ အကုန်လာခဲ့။ သင်္ကန်းကို အားကြီးရှိတယ်နော်။ စီးပေးတယ် တစ်ပုံကြီးပဲ။ အဲ သူတို့ကုတ်နေတာပဲ။ အာ အဆင်သင့်လုပ်ထားလိုက်တာ ဘယ်သူသိမှာလဲ။ မင်းပြောစမ်းပါ။ မင်းကလေးမဟုတ်ဘူးကွ လူကြီး ကောင်းကောင်းနေ။ ဒါပဲပြောလိုက်မယ်နော်။ ပစ်လဲတယ် အရက်သမားဟာ အဲ ခင်ဗျားတို့ ပုသိမ်က ဘာလဲ ဘိန်းဖြူလား၊ ဘိန်းမဲလား ဟိုစားလာတဲ့ရှမ်းစပ်က တရုတ် ဘယ်မှဖြတ်ရ မရဘူးတဲ့။ လာခဲ့တဲ့၊ မင်းဝတ်လိုက်တဲ့ ဦးဇင်း ထိန်းထားတယ်။ အဲဒီအကောင်ကို ဘာမှမလုပ်စေနဲ့။ ဦးဇင်း အဲဒါ ဦးဇင်းပြန်အပ်လိုက်တယ်။ ကောင်းကောင်းနေ။ ဒီလိုလုပ်တာကြာလာတော့ သူကောင်းလာရော ဗျို့။ အဲ ကောင်းလာတော့ ပုသိမ်က သူ့အမျိုးတွေရော သူ့အစ်ကိုတွေရော၊ သူ့မအေတွေရော ၄ သောင်း၊ ၅ သောင်းလာလှူတယ်။ အဲ ပြတ်သွားရော။ သူ့သား အခုတော့ နည်းနည်းပါးပါးစားသေး

တယ်ပြောတယ်။ ဘယ်ကရသေးလဲတော့ မပြောတတ်ဘူးတဲ့နော်။ ကိုယ်ကလေးမှမဟုတ်တာ။ လူကြီးပဲ မကောင်းတာ မလုပ်နဲ့ပေါ့။ အဲ တလုပ်တော့ခံပေါ့ဗျာ။ သေရော။ အဲဒါမရတော့ဘူးနော်။ ဒါကြောင့် ဦးဇင်း က ကယ်တာပါ။ ဦးဇင်း က နဂိုက ကောင်းတဲ့သူမဟုတ်ပါဘူး။ ရဟန်းဘောင် ရောက်မှပဲ ဝိပဿနာကျင့်လို့ရောက်တာ။ ဝိပဿနာမဖြစ်ရင် မရောက်သေးဘူး။ အဲဒီတော့ စာတော့ သင်ဆိုလို့ သင်လို့ကိုမတတ်ဘူးနော်။ ငါးပါးသီလတောင်မလုပ်တတ်ဘူး။ ရှစ်ပါးသီလ အာ မလုပ်တတ်ဘူးတဲ့။ ရေစက်ချတာ မချတတ်ဘူးတဲ့။ ဒါဖြင့် ဘာစားလဲတဲ့။ ကျွေးရင်စားတယ်၊ မကျွေးရင် မစားဘူးတဲ့။ ထိုင်နေတာ။ အဲဒီတော့ အဲဒီလူကြီးက တူးမြောင်းက အဲ အရှင်ဘုရား တပည့်တော်တို့ရွာ ရောက်လာပြီးတော့ ငါးပါးသီလလည်း မပေးတတ်၊ ရေစက်လည်း မချတတ်၊ ပဝါယနာလည်း ဘာမှ မတတ်ဘူး။ အဲ သူများက လာလှူမလားဘုရားတဲ့။ မလှူနေပေါ့ဗျာတဲ့။ မလှူရင်နေပေါ့။ ငါ့ဟာငါ ထိုင်နေတာ။ ငါ့သစ်ပင်အောက်မှာထိုင်နေတာပါ။ တရားကျင့်နေတာ။ နင်လည်းကျင်တဲ့။ သူက အဲဒီလိုပြန်ပြောတယ်။ တူးမြောင်းမှာ ကျောက်တူးတဲ့ရွာနော်။ အဲဒီလူကြီးက လမ်းလျှောက်လာတယ်။ ထော့ကျိုးထော့ကျိုးနဲ့။ ခင်ဗျားခြေထောက်ဘာဖြစ်လဲတဲ့။ မပြောပါနဲ့ဘုရားတဲ့။ ငွေးချောင်းက ချောင်းသွားမွှေတာ ငါးရိုးဆူးသလား၊ တုတ်ဆူးသလား တပည့်တော်ခြေထောက်ကြီး ယောင်ကိုင်းနေတယ်ဘုရားတဲ့။ အေး အဲဒီခြေထောက်ကြီး ရောင်ကိုင်းနေတာ စက်ကုန်းမှာသွားဆေးထိုးတယ်ဘုရားတဲ့။ ဆေးထိုးတာလဲ ပိုက်ဆံလည်းမရှိတော့ဘူး။ အလုပ်လည်း ပျက်နေတယ်ဘုရားတဲ့။ အာ ဘာကျွေးမလဲဆိုတဲ့လူနဲ့တွေ့နေပြီဗျို့နော်။ အေး ခင်ဗျားခြေထောက်ကိုင်ရမလားတဲ့။ ကိုင်ပါဘုရားတဲ့။ သူ့ခြေထောက်ကြီးထိုးပေးတယ်။ ခြေထောက်သပ်ချလိုက်တယ်။ အာ ညကျတော့ အိပ်တော့ စောင်ခြုံတော့ အဲဒီခြေထောက်ကြီးက ယောင်နေတဲ့ဟာကြီးက ပေါက်ထွက်တယ်ဗျို့။ ပေါက်ထွက်တော့ အဲ အဆူးလား၊ အရိုးလားတော့ပြတယ်။ အဲဒါပြတော့ အမယ်လေး သူဝမ်းသာလိုက်တာလေ ရေနွေးအိုးကြီးယူပြီးတော့ ကြံသကာတွေယူလာတယ်။ သားလေးနဲ့ သူလာတယ်။ သူအပေါက်ဝမှာ သူ့တဲထဲမှာ မဝင်ရဲဘူး။ အပြင်မှာ အဲ အပြင်မှာနေတယ်။ သူတို့ကြည့်တော့ မတွေ့ဘူးတဲ့။ ဦးဇင်းကြီး ကို သူပြောတယ်။ အရှင်ဘုရားကို သူတို့လှမ်းကြည့်တာ မတွေ့ဘူးတဲ့။ အဲ ဦးဇင်း က အထဲတည်းမှာ ထိုင်နေတာ။ အဲဒီတော့ ထွက်လည်းလာရော ဘာလုပ်တာလဲတဲ့။ ရေနွေးအိုးနဲ့ ကြံသကာ လာကပ်တာပါတဲ့။ ဘာလို့ကပ်လဲတဲ့။ အာ အရှင်ဘုရားကျေးဇူး အင်မတန်မှထူးမြတ်ပါတယ်ဘုရားတဲ့။ တပည့်တော်ခြေထောက်ကြီးက ပြည်ပေါက်သွားလို့ ဆူးကြီးထွက်လာပါတယ်ဘုရား။ ဟာ သူ့ထမင်း ကပ်တယ်။ ကပ်ပြီးတော့ ဦးဇင်း က မနက်ပြန်မယ်။ ဦးဇင်း က တစ်နေ့တည်းပြန်မှာ တစ်နေ့တောင်

မနေဘူးတဲ့။ အဲဒီလိုပြန်လာတာနော်။ အဲဒီမှာ အရှုံးအမှုးတွေ။ အဲဒီမှာသေတဲ့သူက သေတယ်။ ပျောက်တဲ့သူက ပျောက်တယ်။ ဒါ ဦးဇင်း က သဘောလေးပဲပြောတာ။ အကုန်ရှင်တယ်လို့ မပြောဘူး။ သူ့ကုသိုလ်ကံ သူ့အပေါ်မူတည်တယ်နော်။ ဒါတွေဟာ ဘာတွေလဲ။ ဝိပဿနာရဲ့ စစ်မှန်တဲ့လမ်းကြောင်းကို ရောက်သွားရင် ကျွဲကူးရေပါတယ်ဗျ။ အဲဒီတော့ ဒါတွေ အင်မတန်မှ ပိုက်ဆံနဲ့ သာသနာကို အဆောက်အဦးလုပ်ပေးတာနော်။ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ စာကရေးထားတယ်။ ကိုယ့်ကိုယ်ကို ဓမ္မဖြစ်အောင်လုပ်။ ဓမ္မစေတီ ဇကောမဓမ္မော ဖြစ်အောင်လုပ်။ သခ်ီရမဖြစ်စေနဲ့။ နှလုံးသား ဇကော ဓမ္မောဖြစ်အောင်လုပ်။ အဲ့ဒါမှ ဓမ္မစေတီခေါ်တယ်။ ဓမ္မစေတီဖြစ်မျှ ပိုသုံးခုကိုစွဲကိုင်လို့ရတာနော်။ ပရိဘောဂစေတီဆိုတာ ခင်ဗျားတို့စာတတ်တာပဲဗျ။ ခင်ဗျားတို့ ကြောင်အိမ်တို့ ဘာတို့ ပရိဘောဂဆိုင်ကြီးသွားဝယ်တာ။ အဲဒါ ကျောင်းဆို၊ ကျောင်းပျက်ပြင်ပေးတယ်။ ဘုရားအို၊ ဘုရားပျက်ပြင်ပေးတယ်။ အဲ သမိုင်းဝင်ဘုရားကိုလုပ်ပေးတယ်။ အဲ ခုနကပြောသလိုပေါ့။ ရွာသူရွာသားက အဲ ဘုရားတည်ချင် ဘုရားပျက်မရှိရင် နိုင်ငံတော်အစိုးရဆီက အဲဒီတော့ သွားလျှောက်ရတယ်။ သူ့မြေ ကိုယ်စွပ်တယ်လို့မရဘူး။ အဲဒါသွားလျှောက် သူ့ခွင့်ပြုမှ အဲဒီက တည်လို့ရတယ်။ ခုနက ဘုရားပြို၊ ဘုရားပျက်၊ စေတီပုထိုးကအဟောင်းဆိုတော့ ပြန်ပြီးတော့တည်ပေးတာနော်။ ဒါက သမိုင်းဝင်ဘုရားခေါ်တယ်။ အဲဒီလိုပဲ ဘုရားတည်တယ်ဆိုတာ နားလည်ဖို့လိုတယ်။ အဲ နားမလည်ပဲ စွပ်စပ်လုပ်၊ စကားတွေ ဘာတွေများတတ်တယ်နော်။ အဲဒါကြောင့်မို့ ကုသိုလ်က အကုသိုလ်ဖြစ်တတ်တယ်။ စိတ် စိတ် ဘယ်စိတ်လဲ။ မနောစိတ်ကံကိုဗျ။ အဲဒီကံဟာ ဘာကြောင့်ဖြစ်ရတာလဲ။ ဟောလာပြန်ရော အဲဒီကံဟာလေ ရုပ်နဲ့နာမ်နှစ်ပါးဟာ မကွဲဘူး။ ရုပ်နဲ့နာမ်မကွဲလို့ ရုပ်နဲ့နာမ်ကွဲရင်လေ ဉာဏ်ဖြစ်ပြီ။ ရုပ်နဲ့နာမ်ကိုမကွဲလို့ ကံဖြစ်တာ။ အဲဒီလိုပဲပြောလိုက်မယ်နော်။ ရုပ်နဲ့နာမ် ရုပ်တစ်ခြား၊ နာမ်တစ်ခြား ဟိုမှာဝင်သွားပြီ။ ဘယ်သူသိမလဲ။ ရုပ်ကြီးအုပ်ထားတာ။ ကွဲသွားတော့နော်။ အဲဒီလို သဘောမျိုးဖြစ်ချင်တော့ မင်းလက်ခမောင်းခတ်ပြီးတော့ ရုပ်နဲ့နာမ်မှ ပရိစ္ဆေဒဉာဏ်ရတာ ဉာဏ်မှ မရရင် မင်းကံပဲတဲ့။ မင်းအခုလုပ်တဲ့ လုပ်ကျေးဖူးရဲ့ သမ္မာကံတော့ဖြစ်မှာပေါ့တဲ့နော်။ ရုပ်နဲ့ နာမ် ကွာသွားရမယ်။ ကွာပြီး သွားရမယ်။ ဒါမှ သူများသွားမမေးနဲ့။ အရှုံးဖြစ်သွားမယ်။ ကိုယ့်ဟာကိုယ် သိရမယ်။ အင်မတန်မှ အေးတဲ့အရသာပဲ။ ဘာနဲ့မှမတူဘူး။ အဲဒါကြောင့် ခင်ဗျားတို့ ဝါးခယ်မမြို့မှာ လာပြီးတော့ စာမတတ်တော့ ပြောတဲ့အခါ မှားယွင်းရင် အားလုံး ဦးဇင်း က တောင်းပန်ပါတယ်။ ဆရာတော်တွေ၊ သမားတော်တွေ။ အဲ စစ်မယ်ဆိုရင်လည်း စစ်လို့ရပါတယ်။ အဲဒီလိုစစ်လို့ မှားတယ်ဆို သင်္ကန်းချွတ်ပေးပါမယ်။ ဟောဒီမှာတင် ချွတ်သွားမယ်နော်။ ပုဆိုး၊ အင်္ကျီဝတ်သွားမယ်။

သွားမယ်တဲ့။ ငါသဘော ပေါက်သွားပြီးတဲ့နော်။ အဲဒီတော့ အားလုံး သံဃာပေါင်းစုံက ချတ်ပေး ဆိုရင် အချိန်မရွေးချတ်ပေးပါ့မယ်တဲ့နော်။ သူဘာမှမပြောဘူးတဲ့။ ထွက်သွားမယ်တဲ့။ အဲဒါမှ ငါ သာသနာမပြုရတော့ဘူးတဲ့။ ဒကာ၊ ဒကာမများ သာသနာပြုချင်တဲ့သူကို ငါကပြီးပြီပေါ့တဲ့။ သူက အမိန့်ချလိုက်တာ ပြီးပြီပေါ့တဲ့။ ငါ့တာဝန်ကုန်ပြီတဲ့။ ငါ ပုဆိုး၊ အင်္ကျီလေးဝတ်သွားမယ်။ ထမင်း တလုတ် မပူတော့ဘူးတဲ့။ ထမင်း စားတတ်ပြီ၊ နေတတ်ပြီ၊ သွားတတ်ပြီ၊ အိပ်တတ်ပြီတဲ့။ အားလုံး ငါသိသွားပြီတဲ့။ ဒီလောက်ဆို သဘောပေါက်ကြရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါ ဘုရား )

( ဝိသုဒ္ဓိမဂ္ဂသစ္စတရားတော် MP-3 အမှတ် MM-54 မှ ကူးယူဖော်ပြပါသည်။ )

ဖြောင်းမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၄၄)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၄၄)

စာမတတ်ဘူး။ သူက စာမတတ်တော့ ယခုဘဝမှာ ပစ္စုပ္ပန်ရဲ့ အသိလေးပေါ့ဗျာ။ စာပေမတတ်တော့ ကိုယ်ပိုင်မှာရှိတဲ့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်နှစ်ပါးဆိုတဲ့ အကျိုးနဲ့အကြောင်း သူသဘောလောက်ကျင့်ပါတယ်။ အဲဒီတော့ ဘုရားကရေးထားတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တတဲ့။ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် ခန္ဓာမှာရှိတယ်။ ခန္ဓာမှာရှိတဲ့သဘောတရားကို ကိုယ်တိုင် ခန္ဓာမှာ ဉာဏ်စိုက်ပြီးတော့ သိရမည့်တရားတွေပဲ။ အဲဒီတော့ ဦးဖင်း က သိရမည့်စာပေကျမ်းဂန်မတတ်တော့ ဗမာလိုပြောတယ်။ ကံတရားကို သဘောလောက်ပြောပြမယ်။ ကာယကံဆိုတာ ၃၁ ဘုံလည်တဲ့အကြောင်းပါပဲ။ ဝစီကံဆိုတာလည်း ၃၁ ဘုံလည်တဲ့အကြောင်းပါပဲ။ မနောကံဆိုတဲ့ ကံကလည်း ၃၁ ဘုံလည်တဲ့အကြောင်းပါပဲ။ အဲဒီအကြောင်း ၃ ကြောင်းကို ဘယ်အကြောင်းကိုအရင်ဖြတ်မလဲ။ ဒါ ခင်ဗျားတို့ ဦးဖင်းတို့အပေါ်မှာ မူတည်ပါတယ်။ ခင်ဗျား ကာယကံနဲ့ ဝစီကံကိုဖြတ်လို့လည်းရတာပဲ။ မနောကံကိုလည်းဖြတ်လို့လည်းရတာပဲ။ ခင်ဗျားတို့အပေါ်မှာမူတည်ပါတယ်။ သံသရာဘယ်ကစသလဲ။ မနောကံကစပါတယ်။ မနောကံ က ဘာလို့စသလဲ။ အဲဒီမနောရဲ့ကံဟာ ဘာကြောင့် ကံဖြစ်ရတာလဲ။ အခုပစ္စုပ္ပန်ရဲ့ အာရုံ ၅ ပါး၊ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံ၊ ဇိဝှါအာရုံ၊ ကိုယ်အာရုံ၊ အဲဒီမနောက ခေါ်ဝေါ်သမုတ်ထားတဲ့ ဘဝင်စိတ်ကလေးဟာ ဒီအာရုံနဲ့သွားပြီးတော့ ပေါင်းလိုက်တဲ့အခါကျတော့ အမှတ်တရားတို့ သညာတရားတို့၊ ဥပါဒါန်တရားတို့၊ တဏှာတရားတို့ ဒါလေးတွေဖြစ်ကြတယ်။ အာရုံသိပ်နေတယ်။ အဲဒီလို အာရုံကိုပယ်နိုင်တဲ့ ရဟန်းရှိသလို အာရုံကို မပယ်နိုင်တဲ့ ရဟန်းရှိတယ်နော်။ ကာယကံ၊ ဝစီကံနဲ့ သတ်ထားတဲ့ရဟန်းရှိသလို မနောကံသတ်တတ်တဲ့ရဟန်းရှိတယ်နော်။ ဒါကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိဆိုတဲ့ သာသနာရဟန်းနှစ်ပါးရှိတယ်။ ဟိုဟာက ပဋိဝေဒ ကိုယ်ရတဲ့တရားများ သာသနာပြုကြပါတယ်။ ဒကာ၊ ဒကာတွေရဲ့ သာသနာကျင့်တာကိုဗျ။ အဲဒီတော့ ဒါတွေဟာ အင်မတန်မှအရေးကြီးပါတယ်။ နောက် ကံဆိုတာက ခေါ်ဝေါ်သမုတ်ထားတာ။ ကိုယ်က အတ္တ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်နော်။ အတ္တလို့ထည့်ထားတယ်။ အတ္တဆိုတာ အစွဲ ကိုယ်စိတ်ကလေးက သွားစွဲတာ။ မနောဟာလေးက အာရုံပေါ်မှာ ကောင်းတာ၊ မကောင်းတာ သူ့မနောကသိတယ်။ ဩော် ငါပြောလိုက်တာပဲ။ အဲဒီတော့ သူကဘာဖြစ်လဲ ဒေါသ၊ မိစ္ဆရိယစိတ်၊ လောဘစိတ်၊ ဗျာပါဒစိတ်၊ အဘိဇ္ဈာစိတ်၊ ဝန်တိုမိစ္ဆာစိတ် ဒီစိတ်ကို ဦးဖင်း ပြောတာပါ။ ဘဝင်စရိုက်ကိုပြောတာပါ။ အာရုံနဲ့ပေါင်းတာ အဲဒါဟာ သမ္မာဒိဋ္ဌိစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်၊ ဒါဖြစ်တတ်တယ်။ သမ္မာဒိဋ္ဌိ

စိတ်လည်း ကောင်းတဲ့မင်္ဂလာပါ။ အဲ မိစ္ဆာဒိဋ္ဌိကတော့ ငါတတ်တယ်၊ ငါနားလည်တယ်၊ ငါ့စက်ဘီး၊ ငါ့အိမ်၊ ငါ့မယား၊ ငါ့သားဆိုတဲ့အယူ။ အယူဟာမှားပါတယ်။ အဲဒါ ငါ့စက်ဘီးပဲ၊ ငါ့ဖိနပ်ပျောက်သွားပြီ။ ငါ့ဖွန်းပျောက်သွားပြီ၊ ဇလုံပျောက်သွားပြီ။ အဲဒါ အယူမှားတယ်။ အယူမှားတော့ အမှတ်မှားတယ်။ အမှတ်မှားတော့ အစွဲမှားတယ်။ အဲဒါ တဏှာပဲ။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။ ဒါ အနုစယအာရုံကိုပြောတဲ့ ကံခေါ်တယ်။ ဒီအာရုံကို မပယ်နိုင်ရင် အဲဒီကံဖြစ်သွားရင် ၃၁ ဘုံလည်မယ်။ ခင်ဗျားတို့ ဖြုဟ္မာပြည်၊ နတ်ပြည်ရောက်တယ်မပြောဘူး။ အဲဒီတော့ ဒီကံဟာ မိစ္ဆာကံ၊ သမ္မာကံ အခုလှူတာ သမ္မာဒိဋ္ဌိ။ ခင်ဗျားတို့ လှူလိုက်တာ သမ္မာဆိုတာ ကောင်းသောမင်္ဂလာပဲ။ ဒိဋ္ဌိဆိုတာ ယူထားတဲ့အယူ ငါဆိုတဲ့ ယူထားတဲ့ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်။ အဲဒီသဘောလေးရှိပါတယ်။ အင်မတန်မှ ခက်ခဲ နက်နဲ နက်ရှိုင်းတယ်။ ဘုရားကိုလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာကိုလှူရင် ရဟန္တာမျိုးစေ့ရမယ်။ သမထဘုန်းကြီးကိုလှူရင် သမထမျိုးစေ့ရမယ်။ ကံဘုန်းကြီးကိုလှူရင် ကံမျိုးစေ့ရမယ်။ ကံဆိုတာက ဥပမာ ကာယကံ၊ ဝစီကံ။ သူဟာ အင်မတန်မှ သိမ်းဆည်းထားပါတယ်။ မနောကံ အနုစယကျတော့ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာကို သူမသိမ်းနိုင်ဘူးနော်။ ဒါ ကံဘုန်းကြီး ခေါ်တယ်။ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာဆိုတဲ့ ဝန်တိုမိစ္ဆာ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ် အဲဒါ သူမသိမ်းနိုင်ဘူး။ အဲဒီဘုန်းကြီးက ကံဘုန်းကြီးခေါ်တယ်။ အရိယာဘုန်းကြီးက အာရုံကိုပယ်ပြီး အာသဝက္ခယ ဉာဏ်ရမယ်။ အာရုံ (၆)ပါးကိုပယ်ပြီ။ အဲဒီတော့ အာရုံ ၆ ပါးပယ်တဲ့အခါမှာ ပစ္စုပ္ပန်တည့်တည့် လေးရယ် မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတာ၊ သိတာ အသိပဲရှိတယ်။ ဒါ စိတ်ကလေးကို ပြောတာ။ မြင်စိတ်ကလေး၊ ကြားစိတ်ကလေး၊ နံစိတ်ကလေး၊ စားစိတ်ကလေး၊ ထိစိတ်ကလေး။ အဲဒီအာရုံ(၅)ပါးကို အသိလို့ခေါ်တယ်။ ဘဝင်မှာရှိတဲ့အကြောင်းမျိုးစုံ ဘဝင်စေတသိတ်ကိုလည်း သတ်ပစ်တယ်နော်။ ဒါကြောင့်မို့ စိတ်ရယ်၊ စေတသိတ်ရယ်၊ လောကီနယ်ထဲမှာရှိတယ်။ အဲဒါကို ပယ်တာ။ ဒါ အနုစယခေါ်တယ်။ အဲဒါ အနုသယလို့ခေါ်တယ်။ အဲဒီကံလေးကို သူကနေပြီးတော့ ခြေဲာ် ကံဆိုတာ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်။ ဥပါဒါန်ကြောင့် ကံ။ ဒါ မနောကံခေါ်တယ်။ ကံကိုကျင့်တဲ့ရဟန်းခေါ်တယ်။ အဲဒီတော့ ခုနက စိတ်ရယ်၊ စေတသိတ်ရယ် သူပယ်တယ်။ ဘာတစ်ခုကျန်သေးလဲ။ ရုပ် အဲဒီရုပ်က မနုတဿဘာဝေါ ဒုလ္လဘော လူ့ဘဝမှာ ခဲယဉ်းစွာရအပ်ပေ၏။ ဘဝအနန္တကပါလာတဲ့ ကံနော်။ တစ်ဘဝပြီး တစ်ဘဝ ခွေးဖြစ်လိုက်၊ ကြောင်ဖြစ်လိုက်၊ ကြွက်ဖြစ်လိုက်၊ ရေထဲဖြစ်လိုက်၊ ကုန်းပေါ်ဖြစ်လိုက်၊ နတ်ဖြစ်လိုက်။ ကျင်လည် ကျက်စားတဲ့ ၃၁ ဘုံမှာ အဲဒီကံနဲ့ အဲဒီဝိညာဉ်လေးဟာ အဲဒီကံကြောင့် ဟိုဝမ်းထဲဝင်လိုက်၊ ဒီ

ဝမ်းထဲဝင်လိုက်။ အဲဒီကံလေးဟာ ဘဝတွေ၊ ဘဝတွေမှာ ဒီကံလေးနဲ့ အဲဒါကြောင့် ရုပ်နာမ်ကို မသိတာအတွက်ကြောင့် ဥပါဒါန်ကံဖြစ်ပြီးတော့ တစ်ဘဝပြီးတစ်ဘဝ အသခေျာ်အနန္တကံခေါ်တယ်။ အဲဒီရုပ်က အဲဒီရုပ်ကိုရတဲ့အတွက်ကြောင့် ဖြော် ငါသည် အချိန်ကာလ ငါသည်သိပြီ။ အစက မိုက်တယ် မလိမ္မာဘူး။ အခု အသက်(၅၄)နှစ်အရွယ်မှာ ငါကျင့်တယ်နော်။ ကျင့်တဲ့အခါမှာ ဘာတွေ ကျင့်လဲ။ ကာယသတိပဋ္ဌာန် ကာယကံ၊ ဝစီကံ၊ မနောကံ ကာယသတိပဋ္ဌာန်မှာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး အကုန်ပေါင်းလိုက်ရင် ဒုစရိုက်(၁၀)ပါးခေါ်တယ်။ မိစ္ဆာဒုစရိုက်၊ သမ္မာ ဒုစရိုက်ရှိတယ်။ အဲဒါ သမ္မာဒုစရိုက်ကံ မိစ္ဆာဒုစရိုက်က ငါတတ်တယ်၊ ငါနားလည်တယ်၊ ငါ့မယား၊ ငါ့သား၊ ငါ့အိမ်၊ ငါ့ပစ္စည်းဆိုတဲ့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတယ်။ အဲဒါ ငါလို့စွဲထားတယ်နော်။ သဘောလေးပဲ၊ သဘောလေးပဲ။ သဘောလေးသာနာ။ သမ္မာဆိုတာက အခု ခင်ဗျားတို့လှူကြတယ် သင်္ကန်းတွေလှူကြတယ်၊ ထမင်းတွေကျွေးကြတယ်၊ သံဃာတော်အရှင်မြတ်တွေကို ကျွေးတယ်၊ မွေးတယ်။ ဘုရားတွေတည်တယ်။ ကျောင်းတွေဆောက်တယ်။ ဒါ သမ္မာကံ။ ဒိဋ္ဌိခေါ်တယ်။ ဒိဋ္ဌိ ပါနေတယ်။ အဲဒီတော့ ဒီ ဒိဋ္ဌိကိုဖြုတ်ပစ်ရမယ်နော်။ ခုနက ဒိဋ္ဌိကိုဖြုတ်မယ့်လမ်းက ဘယ်မှာလဲ။ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိဇ္ဈာ၊ အဲဒီဗျာပါဒ ဘာကြောင့်ဖြစ်ရသလဲ။ ဟော မြမောင် ရေ မင်းအဖေ သေပြီ။ ကားတိုက်လို့။ လက်ဦးတော့ မြမောင် က အေးအေးနေတာ အဲဒါ ကားတိုက်ပြီးသေတော့ အဲဒီအသံကို အဲဒီအယူကိုယူလိုက်တာ။ ငါ့အဖေသေပြီဆိုတာ အဲဒါ ယူတာ၊ ငါယူလိုက်တာ။ အဲဒါ ဥပါဒါန်ဖြစ်တာပဲ။ အဲဒါ ဗျာပါဒခေါ်တယ်နော်။ အဲဒီအသိလေးတွေကို သဘောလေးနဲ့ဟောပြ တာပါနော်။ ဗျာပါဒ မိစ္ဆာဒိဋ္ဌိဆိုတာ အဲဒီမိစ္ဆာဒိဋ္ဌိကလုပ်လိုက်လို့ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဝန်တိုမိစ္ဆာ၊ ကုက္ကုစ္စစိတ်၊ ဒေါသစိတ်၊ လောဘစိတ်။ ငါ့ဖွန်းလေးပျောက်သွားပါလား၊ ငါ့ဇလုံ လေးပျောက်သွား ပါလား၊ ငါ့ဖိနပ်လေးပျောက်သွားပါလား။ အဲဒီတော့ သူ့မှာစိုးရိမ်ကြောင့်ကြတဲ့ ဗျာပါဒတွေဖြစ်တယ်။ တဏှာကြောင့်ဖြစ်တာ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်။ ဥပါဒါန်ဆိုတာ မနောကိုထိခိုက်တာ။ ကောင်းတဲ့အကြောင်းလည်း သူ့သာယာတယ်။ ကံနော်။ မကောင်းတဲ့ဟာကိုလည်း သွားပြီးယူလိုက်တယ်။ ကံ အဲဒီ ကံမှန်သမျှ ၃၁ ဘုံလည်တယ်နော်။ အဲဒီတော့ ဒီကံကိုဖြုတ်ရမယ်။ ဒီကံကို ဘာနဲ့ဖြုတ်ရမလဲ။ မဂ်ဉာဏ်နဲ့ဖြုတ်မှပြုတ်တယ်နော်။ ဒါကြောင့် မို့ ဆုတောင်းကြတယ်။ ဖိုရ်ကိုအရင်တောင်းတာမဟုတ်ဘူး။ မဂ်ကိုအရင်တောင်းထားတာ။ ဒီမဂ်က ခင်ဗျားကြည့်ရင် လူ့ဘုံမှာရှိတယ်။ ဖိုရ်ရှိတယ်။ ဈာန်ရှိတယ်။ မလုပ်လို့ပါ။ လုပ်တဲ့သူရမှာပဲ။ အဲဒီတော့ ခန္ဓာ(၅)ပါးဆိုတာ သုထုထောင် ခန္ဓာ(၅)ပါး ဘာကြောင့်ကျင့်ရသလဲ။ ခန္ဓာ(၅)ပါးကို ဘာကြောင့်

စကျင့်ရသလဲ။ ငါရုပ်နာမ်ကိုသိချင်တယ်။ ဒီရုပ်နာမ်က နှိပ်စက်လို့ ရုပ်နာမ်ငါမသိတာ။ အဝိဇ္ဇာ။ အဲဒီရုပ်နာမ်ကိုသိရင် ဝိဇ္ဇာဉာဏ်ခေါ်တယ်။ အဲဒီဝိဇ္ဇာဉာဏ်ဖြစ်အောင် ခန္ဓာ(၅)ပါးနဲ့ ငါရင်းရှာရမယ်။ အဲသူရှာတယ်။ ကာယသတိပဋ္ဌာန်မှာ သူ တင်ပလ္လင်လေးခွေပြီးတော့ အခါတိုင်း ငြိမ်ငြိမ်သက်သက်ကလေးနဲ့နေရင် မိမွေးကိုင်း ဖမွေးကိုင်း မှန်မှန်လေးသူ သူ့အာရုံလေးနေရင် တွေးတယ်။ ခြော် မယားနေကောင်းသလား၊ သားတွေဘယ်လိုနေသလဲ။ သမီးတွေဘယ်လိုနေသလဲ။ မြောင်းမြမြို့ဘယ်လိုဖြစ်သလဲ။ ဘာလဲ။ လျှောက်တွေးတယ်။ ဒါစွဲလို့ဖြစ်တာ။ ဒါ အနုစယ။ အဲဒီအနုစယအမြင်လေးက ကိုယ့်မှာအမြဲတမ်းဖြစ်နေတယ်။ အဲဒါလေးကိုမတွေးနိုင်အောင်၊ မစွဲအောင် နှာခေါင်း၊ နှာသီးနှာဖျားဝမှာ အာရုံကို နှာသီး၊ နှာဖျားဝမှာ ဒလစဉ်၊ ဒလစပ်ဖြစ်နေတဲ့ အဲ ထမင်းစားလည်း ဒီအာရုံရှိတယ်။ အိပ်နေလည်း ဒီအာရုံရှိတယ်။ လမ်းလျှောက်လည်း ဒီအာရုံရှိတယ်။ ဒီအာရုံကို ဘဝင်အသိက အဲဒီ အာရုံမှာကပ်ထားတယ်။ အဲဒီဘဝင်အသိလေးက ကပ်ထားတော့ ဒီအာရုံမှာကပ်ထားတော့ ဘဝင်အာရုံလေးက ငြိမ်နေတယ်နော်။ အဲဒီလိုငြိမ်နေတဲ့ခါတ်ကလေးကို သူအမြဲတမ်းဖမ်းနေတယ်။ ဒီလို ငြိမ်နေတဲ့ခါတ်ကလေး ဖမ်းလာတဲ့အခါကျတော့ ဒုစရိုက်(၁၀)ပါးလုံနေတယ်။ ကာယကံ(၃)ပါး သူများအသက်မသတ်ပါဘူး၊ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယား မဖျက်စီးပါဘူး။ ဒါ ကာယကံနော်။ ကာယကံက အဲဒီတော့ ဥပမာလေးပြောကြမယ်ဆိုရင် ကြံစည်မယ်။ အရာတစ်ခုကို သူကြံစည်မယ်။ သူကြံစည်ပြီးရင် သူပြုလုပ်မယ်။ ပြုလုပ်ပြီးရင် သူ့စိတ်အထမြောက်တယ်။ အဲဒါပေါင်းလိုက်တဲ့အချက် (၃)ချက်ကိုကျူးလွန်လိုက်မှ ကာယကံလို့ခေါ်ပါတယ်နော်။ ဝစီကံဆိုတာက ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဒါတွေဟာလည်းရှိပါတယ်။ အဲဒီတော့ ဒီဝိပဿနာလုပ်လိုက်တဲ့အခါမှာ ဒုစရိုက်(၁၀)ပါးကို လုံအောင်ထိန်းတယ်။ ခုနက ဒိဋ္ဌိဆိုတဲ့အကြောင်းကို တွေးမယ့်အကြောင်းကို မတွေးအောင် အဝင်အသိလေးက နှာသီးနှာဖျားဝမှာ တင်ထားတယ်။ တင်ထားတော့ ဘဝင်အသိလေးက ငြိမ်လာတယ်။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း ငြိမ်လာတဲ့အခါမှာ သမ္မာဓိလေးတည်လာတယ်နော်။ သီလက ဒုစရိုက်တွေကိုလုံတဲ့အတွက် နှလုံးသားတည်တာက သမာဓိ။ အဲဒီနှစ်ခု အဲဒီတော့ ဒီလို ကိုယ်ကြိုးစားရမယ်။ အဲဒီတော့ ဒီလိုကြိုးစားရင် ငါသည် အာရုံ(၅)ပါးနဲ့ပေါင်းသလား။ ကိုယ်စိတ်ကိုယ်စစ်လိုက် မြင်ချင်လား၊ မမြင်ချင်ပါဘူး။ ကြားချင်လား မကြားချင်ပါဘူး၊ သိချင်လား။ မသိချင်ပါဘူး။ နံချင်လား။ မနံချင်ပါဘူး။ ဒီလိုအာရုံ(၅)ပါးတို့လည်း သူကသိမ်းဆည်းထားတယ်နော်။ ဒုစရိုက် ကာယကံ၊ ဝစီကံ၊ မနောကံတွေလည်း သိမ်းဆည်းထားတယ်။ အဲဒီတော့ မနောလေးက စေတသိတ်တွေးမှာစိုးလို့ နှာသီး၊ နှာဖျားဝမှာတင်ထားတယ်။

အဲဒီတော့ ဒီဘဝင်စိတ်ကလေးကကြည်နေတယ်။ အဲဒီလိုကြည်နေတဲ့အခါမှာ အပြင်မှာစင်ကြယ်တော့ ခန္ဓာမှာစင်ကြယ်တယ်နော်။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာဘာလို့မစင်ကြယ်လဲ။ အာရုံနဲ့လျှောက်ပြီးတော့ ပေါင်းနေတာပဲ။ လျှောက်ပြီး ကုလားထိုင်ပေါ်မှာ တစ်ယောက်တည်း။ ငါ့မိန်းမအိမ်သွားဦးမယ်၊ ငါ့သမီးအိမ်သွားဦးမယ်။ ဒါစွဲတာ။ ဒါ အနုစယကံတွေ၊ ဘဝင်ကံတွေ။ အဲဒီတော့ ဒီကံတွေကိုမဖြစ်အောင် ကိုယ်ကနေပြီးတော့ ကြိုးစားရမယ်။ ကြိုးစားတဲ့အခါမှာ ခုနက အပြင်သီလလည်းလုံပြီ။ သမာဓိကလည်း အဓိစိတ္တကလည်း စိတ်ကလေးကလည်း ကြည်ကြည်လာတယ်။ အဲဒီနှစ်ခုနဲ့ ဓါတ်လေးပါးကိုကျင့်တာ။ အဲဒီတော့မှ ဓါတ်တွေဖောက်ပြန်လာတယ်ဗျို့။ အဲဒီဓါတ်တွေဟာ ဖောက်ပြန်လာတဲ့အခါမှာ အဲဒီတော့ ကာယာနုပဿနာပဋ္ဌာန်မှာ သူစင်ကြယ်သွားတယ်။ ဝေဒနာနုပဿနာပဋ္ဌာန်မှာ သူဖောက်လာပြီ။ အပြင်သီလကလည်း စင်ကြယ်တယ်၊ အဓိစိတ္တကလည်း ကြည်ကြည်တယ်။ အဲဒီနှစ်ခု သူရတဲ့အတွက်ကြောင့် အဲဒီအာရုံလေး သူရတဲ့အတွက်ကြောင့် အဲဒီတော့ ဝေဒနာကိုသူရှုတယ်။ မခံသာမှန်ပါဘိဒီတရား။ စာကရေးထားတယ်။ ခံသာချင် သံသရာကြောမျောလိမ့်မယ်ဗျ။ သူ အကြီးအကျယ်ခံရမယ်။ သားကလည်း မသိဘူး၊ သမီးကလည်း မသိဘူး၊ မယားကလည်း မသိဘူး။ ကိုယ်အကျိုးကြောင့် အကြောင်းဖြစ်နေတာ။ ကိုယ်ခံနေရပြီ။ ဘယ်သူမှလာမကယ်နိုင်တော့ဘူးနော်။ အဲဒီနေရာမှာ သီလလုပ်ထားတယ်၊ သမာဓိလုပ်ထားတယ်။ သမာဓိကို ဝေဒနာနဲ့ချေထားတယ်။ နောက် စိတ်ကလေးက သမာဓိရထားတဲ့ သမာဓိတည်ကြည်တဲ့စိတ်ကလေးဟာ ဝေဒနာကို သူရှုတယ်နော်။ သဘောလေးသာ နာလိုက်။ အဲဒီတော့ ဝေဒနာတွေ လမ်းဆုံးပန်းတိုင်ရောက်အောင်ရှုလိုက်တဲ့အခါမှာ ဝေဒနာတွေဟာ တဖြည်းဖြည်းသဘောပေါက်ပြီးတော့ ဘာဖြစ်လာလဲဆို ဓါတ်သဘောတွေ။ ငြော် သဘာဝပါလား။ သူ့သဘော သူလုပ်နေပါလား။ အဲဒီဝေဒနာလည်း သူ့သဘောလား၊ ငါက ပေါ်ပါလို့လဲ ပြောတာလည်းမဟုတ်ဘူး။ မပေါ်နဲ့လို့လည်း ပြောတာမဟုတ်ဘူး၊ သူ့သဘောသူဆောင်လာတာ။ သဘာဝပါလား။ ဓါတ်တွေဖောက်ပြန်နေပါလား။ အဲဒီတော့မှ အနုစယဘက်ကိုကူးသွားတာပါ။ ခုနက ဦးဇင်းက စာမတတ်တော့ ကာယာနုပဿနာပဋ္ဌာန်၊ ဝေဒနာနုပဿနာပဋ္ဌာန်၊ ဝေဒနာနုပဿနာပဋ္ဌာန်မှာ အကြမ်းစားရောက်လာတယ်။ အကြမ်းစားကနေပြီးတော့ စိတ္တာနုပဿနာပဋ္ဌာန်ရောက်လာတယ်။ စိတ်နဲ့ပတ်သက်တဲ့ အဲဒီနေရာမှာ တကျော့ပါတယ်။ ဟာ အဲဒီနေရာကျတော့ ဝေဒနာသဘောလေးတွေ ကျွတ်သွားတဲ့အခါကျတော့ စိတ္တာနုပဿနာမှာ အဲဒီတော့ စိတ္တာနုပဿနာဆိုတာ ဘယ်လိုလဲဆိုတော့ ဓါတ်ကလေးတွေပေါ်လာတယ်။ လှိုင်းတွေလို လေတွေလို တိမ်တွေလိုပေါ်လာတယ်။ အဲဒီပေါ်လာတဲ့အခါက ခန္ဓာက

ပေါ်တယ်လို့ ဦးဇင်း မပြောဘူး။ အပြင်ကပေါ်တယ်လို့လည်း မပြောဘူး။ သဘောလေးပဲ။ ခင်ဗျား အဲဒီပေါ်တဲ့အာရုံကို ခင်ဗျားသိရမယ်နော်။ ဦးဇင်း က ဗိုက်ထဲကပေါ်တယ်လို့မပြောဘူး။ အပြင်က ပေါ်တယ်လို့မပြောဘူး။ သဘောလေးပဲ။ မျက်စိလေးမှိတ်ထားတော့ အဲဒီဓါတ်အာရုံတွေပေါ်လာတယ်။ အဲဒီတော့ တိမ်လွှင်းဥပမာနဲ့ပေးပြီး ပြောပြတာ။ အဲဒီလိုပေါ်လာတဲ့အခါမှာ အဲဒါ စိတ္တာနုပဿနာ။ အာရုံကြောင့် သိပြီနော်။ သိလိုက်တဲ့ အဲဒါလေးနဲ့ အသာလေး သူရက်ပေါင်း၊ လပေါင်းကျင့်တဲ့အခါ ဒီဓါတ်ကလေးတွေဟာ ငြိမ်ပြီးတော့လာတော့ အဲဒီတော့ ရှုကြတယ်။ ရှုကွက်သူမှာ မရှိတော့ဘူး။ မလှုပ်ရှားတော့ဘူး၊ မသိတော့ဘူး။ သဘောလေးပဲ သဘောလေးသာနာပြီးတော့ သွေးသားပြောင်းတယ်၊ စိတ်ပြောင်းတယ်။ ဦးပဏ္ဍိတ က လူ့ဘဝမှာ မြမောင် ဟိုတုန်းက ခိုးတယ်၊ လိမ်တယ်၊ လုတယ်၊ အကုန်ပြောသွားတယ်။ မကောင်းတဲ့ စာရိတ္တလုပ်တယ်။ အဲဒီတော့ အခု ဒီရဟန်းဘောင်မှာ ပညတ်နဲ့ ပရမတ်ရှိတယ်။ ပညတ်ကဘာလဲ။ ပရမတ်ကဘာလဲ။ ဒါ စာရေးထားတယ်။ စာအရနဲ့ပြောတာပါ။ ပညတ်ကိုမပယ်ပါဘူးတဲ့။ ဟော ငါမပယ်ပါဘူးတဲ့။ ပညတ်ကို ငါမစွဲဘူးတဲ့၊ မပယ်ဘူးတဲ့နော်။ သဘောလေးသာနာလိုက်တဲ့။ အဲ ပရမတ်ကိုလည်း မပယ်ပါဘူးတဲ့။ ပညတ်နဲ့ ပရမတ်က ခန္ဓာမှာ ရှိတယ်။ အပြင်ရဲ့ ၃၂ ကွပ်ဌာနဟာ ပညတ်ခေါ်တယ်။ နာမည်၊ နံပါတ်နဲ့မှတ်ထားတဲ့ ပညတ်ခေါ်တယ်။ မျက်ခုံးလေးက ကောင်းလိုက်တာ၊ မျက်လုံးလေးက ကောင်းလိုက်တာ၊ နှာတံလေးက ကောင်းလိုက်တာ၊ ပညတ်ကိုသွားစွဲနေတယ်။ လူတွေက ဒီကပညတ်ကိုမပယ်ဘူး၊ မစွဲဘူးတဲ့၊ သူမပယ်ဘူးတဲ့။ မစွဲဘူးတဲ့နော်။ သဘောလေးသာနာ။ အဲဒီတော့ ပရမတ်ဆိုတာ အတွင်းမှာရှိတယ်။ ဓါတ်လေးပါးကို ပရမတ်ခေါ်တယ်။ ဒါကြောင့်မို့ ခေါင်းကိုင်ပေးလိုက်တာ။ ပညတ်သွားရာ ဓါတ်သက်ပါ။ အဲဒီက ဓါတ်ကို ရှုတဲ့ရဟန်းခေါ်တယ်။ စာမတတ်တော့ ဓါတ်တွေ။ အဲဒီတော့ ဓါတ်လေးပါးရဲ့ငြိမ်ပြီးတော့ ရှုကွက်သူမှာ မရှိဘူး။ မရှိတော့ မသိတော့ဘူး။ မသိတော့ ဩော် အဲဒီတော့မှ အနတ္တဆိုတဲ့ သဘာဝ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက၊ ဘုံ(၃)ပါးဟာ ဩော် ဘာမှမဟုတ်ပါလား။ ဩော် ဘုံ(၃)ပါးဟာ ကျင်လည်ကျက်စားနေကြပါလား။ ကံကြောင့် လည်နေကြပါလား။ မီးဆွဲကံလည်း လည်လိုက်၊ မီးဆွဲကံ နွားတွေသတ်၊ ကြက်တွေသတ်၊ အော ခုတ်လိုက်၊ ထစ်လိုက်၊ လုပ်လိုက်၊ ကိုင်လိုက် ဒါ မီးဆွဲကံတွေ နော်။ သမ္မာကံကတော့ သမ္မာလေးတင်ထားတယ်။ သူ့မှာ ဒိဋ္ဌိပါနေတယ်။ မီးဆွဲကတော့ အတွေးတွေ အယူတွေ၊ အကြံအစည်တွေ မကောင်းတဲ့အာရုံတွေကို မြင်လိုက်ပြီ။ နွားသတ်ချင်တယ်။ ဟော ဟိုတစ်ယောက်က သင်္ကန်းလှူချင်တယ်။ ဒီတစ်ယောက်က သင်္ကန်းလှူချင်တယ်။ ဟိုတစ်ယောက်က နွားသတ်ချင်တယ်။ အဲဒီတော့ ဒိဋ္ဌိတော့ပါတော့နေတယ်။ သင်္ကန်းကပ်တဲ့သူကလည်း ဒိဋ္ဌိပါနေတယ်။

နွားသတ်တဲ့သူလည်း ဒိဋ္ဌိပါနေတယ်။ အဲဒီနွားသတ်တာနဲ့ သက်ိန်းကပ်တာ ဘယ်ဟာကောင်းသလဲ။ ခင်ဗျားတို့တွေးကြည့်။ ကံတော့ကံပဲ။ အဲဒီတော့ သက်ိန်းကပ်တဲ့သူက သူ့ရဲ့စိတ်ထားဟာ စေတနာဟာ အလွန်မွန်မြတ်တယ်။ ဗုဒ္ဓကိုယုံကြည်တယ်။ ဓမ္မကိုယုံကြည်တယ်။ သံဃာကိုယုံကြည်တယ်။ လူစစ်၊ လူမှန်ခေါ်တယ်။ အဲဒီပုဂ္ဂိုလ်က ဟိုက ငါသဘော ငါဘာလုပ်လုပ်၊ ဘာဖြစ်ဖြစ် ငါသောက်ချင်တာ သောက်မယ်။ ငါပိုက်ဆံရှိတယ်။ ဘယ်သူကပြောပြော ငါစောက်ဂရုမစိုက်ဘူး။ ဘာညာနဲ့ သုံးတဲ့လူက တစ်မျိုးနော်။ တစ်ယောက်နဲ့တစ်ယောက် အသိမတူဘူး။ ဒါတွေဟာ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိလို့ အာရုံပေါ်မှာရှိတာ ဒိဋ္ဌိက အဲဒီအာရုံပေါ်မှာ သွားယူလိုက်တာ။ ဒါကြောင့် အယူမှား၊ အမှတ်မှား၊ အစွဲမှားလိုက်တယ်။ ဒိဋ္ဌိလို့ပြောပါတယ်။ အဲဒီဒိဋ္ဌိကိုပယ်တာ။ အရိယာမှပယ်တာနော်။ အရိယာက ပယ်သွားပြီ။ ဒါကြောင့်မို့ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်၊ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ သမထဘုန်းကြီးလှူရင် သမထမျိုးစေ့ရမယ်။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရမယ်။ ကံဆိုတာက သူကကောင်းတဲ့မင်္ဂလာ(၃၈)ဖြာ ကံတွေသုံးထားတယ်။ ဒီဘဝင်အာရုံကို သတ်တယ်၊ မသတ်တယ်။ သူ့ခေါ်မေးလိုက် မင်းအာရုံလွတ်ပြီလား၊ မလွတ်သေးဘူးလား။ ကျွန်တော် မလွတ်သေးဘူးဆိုရင် အဲဒါ ကံဘုန်းကြီးပဲနော်။ အာရုံကိုဖြတ်တာက ရဟန္တာခေါ်တယ်၊ ဒါကြောင့် ခက်တယ်လို့။ ဒါပေမယ့် သက်ိန်းတော့ ဝတ်တော့ ဝတ်ကြတာပဲ။ ဦးဇင်း က စာမတတ်တော့ သဘောလေးပြောပြတာ။ အမှန်သစ္စာနဲ့ပြောပြတာ။ သမုတိသစ္စာ၊ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ။ သစ္စာဆိုတာ ပစ္စုပ္ပန်တည့်တည့်ကို သစ္စာခေါ်တယ်။ ပစ္စုပ္ပန်လုပ်လိုက်တဲ့ အမှားချက်တွေ၊ အမှန်ချက်တွေကို သစ္စာခေါ်တယ်။ အရိယသစ္စာက အာရုံကိုပယ်တာ။ အရိယသစ္စာခေါ်တယ်။ အဲဒီတော့ သမုတိသစ္စာဆိုတာ အာရုံကိုမပယ်နိုင်ဘူး။ ဘုရားဟောအရ အမိန့်အရတွေနဲ့ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတွေနဲ့ အဲဒီအာရုံတွေကို သိမ်းတတ်တယ်။ လုပ်တယ်။ အနုစယကြတော့ သူသိပ်မပယ်နိုင်ဘူး။ ဒိဋ္ဌိကြတော့ သူမဖြတ်နိုင်ဘူး။ အဲဒီဒိဋ္ဌိကိုဖြတ်တာက မဂ်ဉာဏ်မှဖြတ်တာ။ အဲဒီ ဒိဋ္ဌိဖြတ်သွားတဲ့အခါကျတော့ ခင်ဗျားတို့ရေးထားတာပဲ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သင်္ကပ္ပရောက်သွားပြီ။ သမ္မာဒိဋ္ဌိမပါတော့ဘူး။ သင်္ကပ္ပရောက်သွားပြီနော်။ ဒီလိုပုဂ္ဂိုလ်မျိုးကို လှူလိုက်တယ်၊ ဟာ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ အလှူကတော့ ခင်ဗျားမှာရှိမှ လှူမှာပေါ့ဗျ။ ကိုယ့်မရှိဘာနဲ့လှူမှာလဲ။ ကိုယ့်စေတနာမှန်ဖို့လိုတယ်။ မနောမှန်ဖို့လိုတယ်။ အာရုံပေါ်မှာ ဘာပဲကြားကြား၊ ဘာပဲမြင်မြင် မနောမှန်ဖို့လိုတယ်။ အာရုံနောက်မှာ အမှတ်နဲ့မှတ်ချင် ခင်ဗျားစိတ်ဆင်းရဲသွားလိမ့်မယ်။

စိတ်ချမ်းသာသွားလိမ့်မယ်နော်။ ခင်ဗျားသွားမှတ်တာကို၊ ကံသစ္စာလို့ခေါ်တယ်။ ပစ္စုပ္ပန်တည့်တည့် ထိတွေ့ပေါက်တယ်ဆို ခင်ဗျားစိတ်ချမ်းသာတာပေါ့။ ဟာ ခင်ဗျား အဖေသေပြီဆို စိတ်ဆင်းရဲတာပေါ့။ သွားယူမိလို့ အဲဒါကံဖြစ်တာ။ (၃၁)ဘုံလည်တာ။ အဲဒါ ပဋိစ္စသမုပ္ပါဒ်ရမှ အေးမှာ ဗမာလိုပြန်ရင် သခ်ီရရပ် ရင်အေးပြီ၊ အဲဒါကို မရပ်ဘူးနော်။ အဲဒါကိုရပ်အောင် လုပ်ရမယ်။ မှန်အောင်လုပ်ရမယ်။ ကိုယ်နေတာမှန်ရမယ်။ အာရုံကိုလည်း ပယ်ရမယ်။ ခုနက မိစ္ဆာကိုလည်း ပယ်ရမယ်။ သမ္မာကိုယူရမယ်။ ကိုယ့်စိတ်ကိုလည်း ကိုယ်စစ်။ ဟာ လူတစ်ယောက်က ငါ့ကို တောပြောတောင်ပြော။ ငါက မိစ္ဆာနဲ့ပြောတာလား၊ သမ္မာနဲ့ပြောတာလား စစ်လို့ရတယ်။ ခင်ဗျား အလုပ်လုပ်ထားတဲ့ စရဏရှိတယ်။ အလုပ်က မလုပ်တစ်ချက် လုပ်တစ်ချက်။ သမ္မာနဲ့ မိစ္ဆာကို မစစ်တတ်ဘူး။ ကြည့်စမ်း အဲဒါခံရတာပဲ။ သမ္မာလေးဖြစ်ရင် နတ်ပြည်ရောက်မယ်နော်။ မိစ္ဆာသွားမဖြစ်စေနဲ့။ အဲဒီဘဝပေါင်းများစွာလာခဲ့ရတာနော်။ ဦးပဏ္ဍိတ ပြောတာမယုံနဲ့။ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ။ အဲဒီဘုန်းကြီးတွေနဲ့ ခံပြောနေတာ ကံရဲ့အကြောင်းကိုဟောတာ။ သီလအကြောင်းဟာ ခင်ဗျား တင်ပလ္လင်ခွေထိုင်ရင် ဒုစရိုက်(၁၀)ပါးလုံမယ်။ အဲဒါ အပြင်သီလ၊ အတွင်းကို ဘာလုပ်လဲ သမာဓိ လုပ်နေတာ။ သမာဓိလုပ်ချင် အပြင်သီလကစင်ကြယ်တယ်။ ဝိနည်းလုပ်စရာမလိုတော့ဘူးနော်။ ခင်ဗျားတို့မသိလို့၊ ဝိနည်း ဘုရားကပညတ်တာ။ ဒါတွေမလုပ်နဲ့၊ ဟုတ်တယ်။ စာမတတ်ဘူး။ ဘာမှ တတ်တာမဟုတ်ဘူးနော်။ ဒီလိုတင်ပလ္လင်ခွေတော့ ဒုစရိုက်(၁၀)ပါးမလုံဘူးလား။ အာရုံကိုပယ်ပြီ၊ မနောစေတသိတ်ကိုလည်းပယ်ပြီ။ ဘယ်လောက်ကောင်းတဲ့တရားလည်းနော်။ ဒါတွေတော့မလုပ်ဘူး။ ခင်ဗျားတို့ စွတ်ပြီးလှူတာပဲ။ အဲဒီစွတ်ပြီးလှူတဲ့သူကရမယ်၊ ဘယ်လိုလူမျိုးတွေရမလဲ၊ ဦးဇင်း ပြောသွားမယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်။ ပေါဒါ ပစ္စုပ္ပန်ဘုံ၊ လူ့ဘုံ။ ဘဝအနန္တ ဆွေတော်အပေါင်း မျိုးတော်အပေါင်း သူတို့ရမယ်၊ ဒီလူတွေက မရဘူးလား။ မင်းတို့ရမယ်။ မင်းတို့ရရင် အနာဂါတ်မှာသွားပြီးတော့ အဲဒီဟာဖြစ်မယ်။ မင်းတို့ကို ဟိုက အတိတ်ကပါလာတဲ့ ပစ္စုပ္ပန်ပွင့်တာ မဟုတ်ဘူး။ အတိတ်ကပါလာတာ ဘဝအနန္တကပါလာတာ။ အဲဒီပုဂ္ဂိုလ်ကနော်။ ခါတ်တွေ၊ သိုက်တွေကုန်ရော။ အဲဒီလူက ရုပ်ပါထိုးအပ်ရော၊ ဦးပဏ္ဍိတကိုနော်။ အဲဒီလူတွေရမယ်။ ဒီဘဝမှာ တစ်ကယ်ယုံကြည်ရင် တစ်ကယ်ဖြစ်တယ်။ သူလည်းကျွဲကူးနေပါတယ်။ သူလည်းရနိုင်တယ်၊ နေတတ်ရင်ရမယ်နော်၊ အနာဂါတ်ကျမှသွားပြီးတော့ စုံကြမှာပဲ။ အဲဒါတွေကိုကျင့်ကြံကြ၊ ခင်ဗျားတို့မရှိရင် ရှာရင်ရတယ်။ မသိတာအခက်ဆုံး။ ဦးပဏ္ဍိ က ပြောတာဟုတ်သလား၊ မဟုတ်သလား မယုံနဲ့။ ဒါလုပ်။ အဲဒီတော့ လှူတာက နည်းနည်းပါးပါးလှူပါ၊ ကိုယ့်ရဲ့စေတနာမှန်ဖို့အရေးကြီးတယ်။ ပကာသနရှိတယ်၊ စေတနာ

လေးမျိုးရှိတယ်။ စာမတတ်လို့ မပြောတတ်လို့။ အဓိပတိ ဗွမ်းဆီထိမကာ ပီတိဖြစ်တဲ့စေတနာ။ မျက်ရည်ကျတယ်။ အဲဒီလူရပြီ။ စိတ်သာချ။ မျက်ရည်ပါကျသွားပြီ။ သူ ဒီလူတွေရမယ်။ ဟိုလူက မျက်ရည်ကျလား၊ မကျလားမသိဘူး။ သူ့ရဲ့နှလုံးသားနဲ့ရိုက်သွားတာ။ ဒါကြောင့်မို့ ရှမ်းဘိုးတော်က ပြောတယ်။ ပိန္နဲကုန်းမှာ မင်းတို့နှလုံးသားကြား မြားပစ်လိမ့်မယ်ကွတဲ့။ အဲဒီဟာကို ဦးဇင်း သိတယ်။ မပြောဘူး။ အဲဒီကျတော့မှ တို့မှားပြီဆိုတာ သိမယ်။ အဲဒီတော့မှ ခင်ဗျားတို့အသည်းနှလုံးမှာ ခိုက်သွားမယ်။ ဗမာလိုပြန်မယ်ဆိုရင် အဲဒီဘုန်းကြီးသေရင် မင်းတို့သိလိမ့်မယ်။ အဲဒီအသည်းနှလုံး မင်းတို့ခိုက်သွားလိမ့်မယ်။ မလှူလိုက်ရဘူး။ ကိုယ်ထိလက်ရောက် မလှူလိုက်ရဘူး။ ကိုယ်ထိလက်ရောက် စေတနာသူ့မှာမပြည့်စုံဘူး။ စေတနာပြည့်စုံအောင် သမာဓိထူထောင်နော်။ သမာဓိ ထူထောင်ရင် အာရုံလေးတွေ ကာယကံလေးတွေငြိမ်လာမယ်။ အဲဒီတော့ သူ့ဟာသူစဉ်းစားလာလိမ့်မယ်။ ဒီက ဟိတ်ပေးနေတာ။ ပညတ်ကို ပရမတ်က ဟိတ်ပေးနေတာ။ သူကျောင်းထဲလာကွ၊ ထိုင်ကွ၊ လုပ်ကွ၊ ကိုင်ကွနဲ့ လုပ်ချင် ဒီကဟိတ်ပေးနေတယ်။ ပုဂ္ဂိုလ်တွေက အားကြီးရှိတယ်။ ပေးတဲ့သူရတဲ့သူရမယ်လေ။ မရတဲ့သူလည်း ကန်းနေမှာ။ အမျိုးမျိုးရှိတယ်။ ဒီထဲမှာ ပန္နက်ဝိုင်းထဲကိုလာကွ။ ဟော့ကောင် ထိုင်ကွတဲ့၊ လုပ်ကွတဲ့။ မင်းဟာမင်း ငါ့ဆီမလာနဲ့။ လာမကန်တော့နဲ့။ မင်းဟာမင်း ရေကန်ဘေးနားမှာသာထိုင်နေ။ မင်းရှိတယ်ကွတဲ့။ အကုန်ရှိတယ်ကွတဲ့။ ငါကတော့ ထုတ်မပြတတ်ဘူးကွတဲ့။ မင်းကြာလာရင် မင်းအနေကလည်း မှန်လာတယ်။ တရားကလည်း ကျင့်လာတယ်။ အနေကလည်းမှန်လာတယ်။ စကားကလည်း မင်း ကာယကံကလည်းမှန်လာတယ်၊ ဝစီကံကလည်း မှန်လာတယ်။ မနောကလည်း မှန်လာ။ မင်းသိရောပဲကွာ။ မင်းအချက်သုံးချက်မမှန်လို့ မင်း တောပြောတောင်ပြောမပြောနဲ့။ ငြိမ်နေ၊ ထိုင်နေ၊ တော်ကြာကျ တရားကို တရားကစောင့်ရှောက်မယ်။ ငါ့လာမလှူနဲ့။ ငါပြောတာ မင်းယုံရင်တော်ပြီ။ မင်း ငါ့ကိုမယုံကြည်တာ သဒ္ဓါ၊ သဒ္ဓါကြောင့် မင်းဝီရိယတွေ၊ စေတနာတွေ၊ မင်းဖြစ်ကုန်ရော။ ဟော ငါ့လိုဖြစ်လိမ့်မယ်။ အဲ ငါ့ဆိုဖြစ်လာရင်တော့ မင်းလည်း စားချင်တဲ့စိတ်ခေါင်းပါးလာပြီ၊ အိပ်ချင်တဲ့စိတ် ခေါင်းပါးလာပြီ။ လောဘစိတ်ခေါင်းပါးလာပြီ၊ ဒေါသစိတ်ခေါင်းပါးလာပြီ။ မင်းခေါင်းပါးလာပြီတဲ့၊ မင်း အစုတ်ကလေးနဲ့ပဲနေတော့မယ်တဲ့။ မလိုချင်တော့ဘူးတဲ့။ ဒါပေမယ့် ဉာဏ်တော့မပေါက်သေးဘူး။ အဲဒီဉာဏ်သမားနဲ့တွဲထားတာကိုဗျ။ ဒါကြောင့်မို့ လုပ်ကြပါ။ အသက်ကြီးသွားပြီ။ သူက အချိန်ကုန် သွားနေပြီ။ သူ့ကိုမစွဲနဲ့။ ခင်ဗျားတို့ကိုလည်း မစွဲဘူး။ တကယ်သစ္စာရှိပါတယ်။ ဝတ္ထုတွေဆိုတာ သူမစွဲဘူး။ သူများရှာပေးနေတာ။ ငါဒီအစွဲရှိရင် ပုတာပဲဗျ။ အဲဒီအစွဲမရှိလို့ အေးလို့အေးတဲ့ခါတ်တွေ ခင်ဗျားတို့ရမယ်။ ဒါကြောင့်မို့ ဆရာတော်

ဦးဉာဏ်ဒေါ က ပြောတယ်။ သစ်ငုတ်တိုကြီးတဲ့။ မင်းထင်းတောင်ဖြစ်မှာမဟုတ်ဘူးကွတဲ့။ အခုတော့ သစ်ငုတ်တိုကြီးက အရွက်တွေထွက်လာပါပြီတဲ့။ တော်ကြာ အပွင့်တွေ ကိုယ်စီကိုယ်ငှဆောင်ထားကြပါတဲ့။ ဆရာတော် ဦးဉာဏ်ဒေါ က အဲဒီလို အမိန့်ရှိပါတယ်။ ဒါကြောင့် ခင်ဗျားတို့မှာ မိစ္ဆာအယူတွေကို မယူပါနဲ့။ ဪ အေး အေး အေး စားပါ၊ စားပါဗျ။ သောက်ပါဗျ။ ကိုယ့်အိမ်မှာနေတာလည်း တရားပဲ။ အပြင်မှာနေတာလည်း တရားပဲ။ အဲ တရားဆိုတော့ စေတနာမှန်ဖို့လိုတယ်။ စေတနာတည်ဖို့လိုတယ်။ သူဘာပဲပြောပြော ကိုယ့်စေတနာမပျက်နဲ့။ စေတနာဟာ နိဗ္ဗာန်သွားတဲ့စိတ်ခေါ်တယ်။ စေတနာဟာ ခွဲခြားတယ်။ ဘာကြောင့်ခွဲခြားလဲ သညာကြောင့် ခွဲခြားတယ်။ သညာဆိုတာ အမှတ်။ အဲဒီတော့ ငါဆဲတာ ဘာလဲဆိုပြီးမှတ်လိုက်တာ တစ်ခါတည်း မနောက ဖျင်းကန်ဖြစ်တယ်။ အဲဒီဆဲတဲ့သူအပေါ် စေတနာမရှိတော့ဘူး။ စေတနာမရှိရင် သီလပျက်တယ်၊ ပျက်တာပဲ။ သီလပျက်ရင် ဘာဖြစ်မလဲ။ ခင်ဗျား အဲဒီတော့ ဆဲပါစေကွယ်။ သူ့အပေါ်မှာထားမယ် စေတနာ မင်းဆဲလို့ဝပြီလား။ ဝလို့ မင်းငွေ ၂၀၀ ယူသွား။ ဟော အင်မတန် ကောင်းတဲ့စိတ်ကလေးဗျနော်။ အဲဒီလိုဖြစ်အောင် ကြိုးစားပါ။ ဒီဘဝ နောက်ဆုံးပဲ။ ခင်ဗျားတို့လည်း ကုပ်ကပ်ပြီးတော့နေလို့မရဘူး။ ကံကုန်ရင် ပြန်ရမှာပဲ။ ဦးပဏ္ဍိတ လည်း ကံကုန်ရင် ပြန်ရမှာပဲ။ ကံနဲ့ လာတဲ့တရားတွေနော်။ အဲဒီဘုံကြမှ ဉာဏ်လေး၊ သဘောလေး၊ ဉာဏ်လေးရဲ့ သဘောလေးသိလို့ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုလို၊ ကိုယ့်အစ်မကြီးလိုနော်။ အသိဟောသွားလိုက်တာ။ ကံဆိုတာ အဲဒီအာရုံကိုသွားပြီးယူလိုက်တာ တစ်ခါတည်း ဒေါသဖြစ်တာပဲ။ အယူမှား၊ အမှတ်မှား၊ အစွဲမှားတာ။ အဲဒါ စိတ်နဲ့ ကံနဲ့ သဘောနဲ့။ ကံကိုပြောနေတာ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ၊ အဲဒီကံကို မဖြစ်ပါစေနဲ့။ ဪ သားလေးရယ် မတော်တဆဖြစ်တာပါ။ အဲ သူ့သားလေးကို သူချော့ခေါ်တယ်။ အဲဒီကလေးပေါ်မှာလည်း သူ့စေတနာရှိပါတယ်။ အဲဒီကလေးရဲ့ အဖေတွေအပေါ်မှာလည်း စေတနာရှိပါတယ်။ ခင်ဗျားတို့ လျှောက်ပြီးတော့ကြည့်စမ်း။ ဇွန်းပျောက်တယ်ဆို တစ်မျိုးဖြစ်တာပဲ။ ဇလုံပျောက်တော့ တစ်မျိုးဖြစ်တာပဲ။ ထမီပျောက်လည်း တစ်မျိုးဖြစ်နေတာပဲနော်။ ထမီလှန်းထားလည်း ပျောက်တယ်ဆို အာ အဲဒါတဏှာပေါ့ဗျ။ ဥပါဒါန်ဖြစ်နေပြီ။ အဲဒါ ကိုယ့်ကိုယ်ကို သံသရာလည်မယ်ဆိုတာမသိဘူး။ ပစ္စုပ္ပန်တည့်တည့်သာ လောဘက ဒေါသဖြစ်တာ ငါ့ထမီပျောက်ပြီဆိုတာနဲ့ လောဘရော၊ ဒေါသရောဖြစ်တာ။ အဲဒီလောဘနဲ့ ဒေါသဖြစ်တဲ့အတွက်ကြောင့် မိစ္ဆာ

အယူခေါ်တယ်။ ထမီပျောက်သွားတာ အာရုံမှာ လှန်းထားတာထမီကလည်း ပါတိတ် ၇၀၀ တန်ကြီး။ အဲဒါ လောဘနဲ့ ဒေါသ ကြည့်စမ်း။ လောဘ ထမီ ဒေါသဆိုတာ ကြမ်းတမ်းယုတ်မာပြီဗျို့ အဲဒါဘာလဲ။ အစွဲပဲ။ ဒါ တဏှာခေါ်တယ်။ ဦးပဏ္ဍိတ က မပြောတတ်လို့၊ အဲဒီလိုဟာတွေကို ပျောက်ပါစေ၊ စားပါစေ၊ ဝတ်ပါ စေ။ ငါစေတနာထားမယ်။ ကိုယ့်စေတနာဟာ မပုပ်စပ်နဲ့၊ ပုပ်စပ်ရင်တော့ ခင်ဗျားတို့ခံပေတော့။ ဘယ်လောက်လှုလှု ခင်ဗျားတို့ ကျန်ရစ်ခဲ့မှာပဲနော်။ လှူတဲ့မျိုးစေ့ကတော့ရမယ်။ ဘာလို့ကျန်ရစ်ခဲ့မလဲ။ ဦးပဏ္ဍိတ က အေး ငါပြောမယ်တဲ့၊ စာတော့မတတ်ဘူး။ ရေတွင်းပေါင်း၊ ရေကန်ပေါင်း သိန်းပေါင်း၊ သန်းပေါင်းလှူထားတဲ့ အာသောကမင်းကြီးရှိတယ်တဲ့။ အဲဒီတော့ သူ့အလှူမှာတဲ့ ဟို ရှင်ဥပဂုတ္တ ကတော့ မာန်နတ်တားပေးရတယ်တဲ့။ နင်တို့စာအုပ်ထဲမှာရှိပါတယ်။ ရှိတယ်လေ။ ငါအခု ပြောပြီတဲ့။ အဲဒီတော့ သူသေတော့ဘာဖြစ်လဲ။ စပါးကြီးဖြစ်တယ်တဲ့။ အေး အဲဒါပဲ။ အဲဒါပေါ့ အဲဒါ အစွဲပဲတဲ့။ အဲဒီဝိညာဏ်လေးဟာ သန့်ရှင်းစင်ကြယ်အောင် အမြဲတမ်း မကောင်းတဲ့ခွေးဝမ်းထဲ မဝင်ပါ စေနဲ့၊ ဝက်ဝမ်းထဲ မဝင်ပါစေနဲ့၊ ကိုယ့် ဖအေ၊ မအေလို အောက်မေ့လို့ပြောတာပါနော်။ ဦးပဏ္ဍိတ ကိုလည်း ခဏ ခဏလာမလှူနဲ့၊ ကိုယ်စားဖို့ထားနော်။ ကိုယ်ကလည်း ဒီအသိက မပြည့်စုံသေးဘူး။ သားတွေ၊ သမီးတွေအတွက် စားရေး၊ နေရေး၊ မြိုးခြံပြီးတော့စား။ ထမင်းလေးနဲ့ ဆားလေးနဲ့စား။ လူမမြင်ဘူး။ ပိုက်ဆံမဖြုန်းနဲ့နော်။ သေတော့လည်း တစ်ခါတည်း မိုးကျော်ခိုင်းပြီးမသေနဲ့။ သိလို့ ပြောသွားတာနော်။ ဒါ ဒီအသိလေးတွေ ခေါင်းငုံ့နေ၊ မကြည့်နဲ့။ ကြည့်ရင် ဒီအာရုံက သွားသွားမှတ် တာ။ ကြားပြန်တော့လည်း သွားမှတ်၊ နံပြန်တော့လည်း သွားမှတ်။ ဇိဝှါမှာ စားတာတော့ ကောင်း မကောင်း မှတ်၊ အသားထိတော့လည်း မှတ်။ မနောက အဲဒီကံလေးက ကြည်လင်တောက်ပတယ်။ အဲဒီမနောကံလေးဟာ ဥပမာ ရေလေးနဲ့ သန့်ရှင်းတဲ့ရေလေးနဲ့တူပါတယ်။ အဲဒီသန့်ရှင်တဲ့ရေလေးဟာ မျက်စိနဲ့ ကြည့်လိုက်တော့ မဲနယ်ရောင်ဖြစ်ပြန်ရော။ နားကကြားလိုက်တော့ နနွင်းရောင်ဖြစ်ပြန်ရော။ ရေက မကြည်တော့ဘူး။ အဲဒီဟာတွေကို မကောင်းတဲ့အယူတွေကို မယူနဲ့။ ရုပ်နာမ် အနိစ္စ၊ ဒုက္ခ၊ အနိစ္စ၊ ဒုက္ခ။ အဲဒီရုပ်နဲ့နာမ်က ကိုယ့်ဒုက္ခပေးတာနော်။ ဒုက္ခသစ္စာကိုသိလို့ ဒီရုပ်နာမ်ဟာ အေး အေး အေး ဘာမှမဟုတ်ဘူး။ အလကား စိတ်ပင်ပန်းဆင်းရဲထားတာတွေ လှည့်ထားတာ။ ပြီးတော့လည်း ဘာမှမဟုတ်ဘူး။ ကိုယ်ပဲခံလိုက်ရတာနော်။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

( သာဓု ..... သာဓု ..... သာဓု ..... ပါဘုရား )

ဒါကြောင့်မို့ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးဟာ ဘာနဲ့ဆေးကြောသလဲ။ အဝိဇ္ဇာဆိုတာ အာရုံ (၆)ပါးခေါ်တယ်။ အဲဒီအာရုံ(၆)ပါးမှာ ဒါနကုသိုလ်နဲ့ ဆေးကြောပါတယ်။ သီလကုသိုလ်ဆောက်တည်တဲ့ ဆေးကြောပါတယ်။ ဗြော် ဘာဝနာနဲ့ ဖြစ်လိုက်၊ ပျက်လိုက်ပါလား။ ဗြော် သုသာန်မှာ ဂူတွေ တစ်ဖွေးဖွေးပါလား။ ငါလည်း ဤကဲ့သို့သေရဦးမယ်။ ဘာဝနာနဲ့ ဆေးကြောတယ်။ အဲဒီတော့ ဘာဖြစ်လာလဲ။ ခင်ဗျားတို့ရဲ့ မာန်တွေလျော့လာရင် လောဘ၊ ဒေါသတွေ ခေါင်းပါးလာလိမ့်မယ်။ စိတ်က ဖြစ်လာလိမ့်မယ်။ ကိုယ့်စိတ်ကိုနှိမ်ပါ။ မနှိမ်လို့ လွှတ်ပေးရင်တော့ ခံပဲ။ ဒါလောက်ဆိုပြီးရောပေါ့ဗျာ။

( သာဓု ..... သာဓု ..... သာဓု ..... )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် MP-3 အမှတ် MM-47 မှ ကူးယူဖော်ပြပါသည်။ )

ဖြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၄၅)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ် (၁၄၅)

မကောင်းတဲ့ဒုစရိုက်များကို လုပ်ခဲ့တဲ့အကြောင်းကို ပြောပြပါ့မယ်။ ဦးဖင်း က လူ့ဘောင်မှာ အသက်(၂၄)နှစ်အရွယ်မှာ ဆိုးလာပါတယ်။ ဘာတွေဆိုးလဲဆိုတော့ အသိခေါင်းပါးသွားပါတယ်။ သူတတ်တဲ့ အသိတွေ သူ့ရဲ့နှလုံးသွင်းမှားတယ်၊ အယူမှားတယ်၊ အစွဲမှားတယ်၊ အမှတ်မှားတယ်။ ဒါတွေပါ စာမှာဆိုရင်တော့ စေတသိတ် တွေးစိတ်တွေခေါ်တယ်။ အဲဒီတော့ ဦးဖင်း က စာပေကျမ်းဂန် မတတ်ဘူး။ မတတ်တဲ့အခါကျတော့ ဒီမိစ္ဆာရဲ့အလုပ်တွေဟာ ငါတတ်တယ်၊ ငါနားလည်တယ်၊ ငါသိတယ်ဆိုတဲ့ သဘောတရားများကို သူလုပ်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါကျတော့ မိစ္ဆာအယူဝါဒ အယူမှား၊ အစွဲမှား၊ အမှတ်မှားဖြစ်ပါတယ်။ ဘယ်ကံလဲ ကာယကံ၊ ဝစီကံ၊ မနောကံ ကံ(၃)ပါးဟာ ဘယ်ကံကြီးလဲ မနောကံကြီးပါတယ်။ ဒီမနောကနေပြီးတော့မှ ကာယဝစီပါပါတယ်။ ဒါကြောင့်မို့ ဦးဖင်း က ဘုလဲမသိ၊ ဘလဲမသိ ဖဲရိုက်တယ်၊ အရက်သောက်တယ်၊ ဖဲရိုက်မယ့်သူကို လိုက်ခေါ်တယ်။ အဲ လိုက်ခေါ်ပြီးတော့ ဖဲဝိုင်းဖြစ်တဲ့အခါမှာ သူချမ်းသာဖို့ သူမယားစားဖို့၊ သူ့သားစားဖို့၊ သူ့သမီးစားဖို့။ ဒါတွေ တစ်နေ့တစ်နေ့တွေးတောပြီးတော့ ကြံစည်ပြုလုပ်ပါတယ်။ အဲဒါ ဘာအယူလဲ မိစ္ဆာအယူလို့ စာက ခေါ်ပါတယ်။ အဲဒါ ကိုယ့်ရဲ့နှလုံးသွင်းမှားသွားပြီ။ ကိုယ့်ရဲ့ အစွဲတရားတွေဖြစ်သွားပြီ။ အမှတ်မှားသွားပြီ။ အဲဒါ မိစ္ဆာအယူခေါ်တယ်။ အဲဒါနဲ့သေရင် အပါယ်ကိုသွားလိမ့်မယ်။ အဲဒါ ကံတရားပါပဲ။ စွဲလို့ သူလိုက်ခေါ်တယ်။ ဒီလူတွေ ဒီလူတွေလိုက်ခေါ်တယ်။ စွဲလို့ ဒီအရက်ပုလင်းကိုသောက်တယ်။ စွဲလို့ စာရိတ္တပျက်တယ်။ စွဲလို့ အကုန်သူလုပ်တယ်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိဆိုတာက ဒါ စာနဲ့ရေးထားတာ။ ငါတတ်တယ်၊ ငါနားလည်တယ်၊ ငါနားလည်တယ်။ ငါ့အိမ်မှာ ငါလုပ်တယ်။ အစိုးရနဲ့ အမှုအခင်းမဖြစ်အောင် တိတ်တဆိတ်နဲ့ ငြိမ်ဝပ်ပိပြားအောင်သူလုပ်တယ်၊ မကောင်းတဲ့မိစ္ဆာလုပ်တာတော့ တိတ်တဆိတ်ကိုရအောင်လုပ်တယ်နော်။ ဒီကံဟာ ဘယ်လောက်ကြီးများတယ်ဆိုတာ ဒါတွေ ဦးဖင်း က မသိခဲ့ပါဘူး။ အဲဒီတော့ ဒါတွေဟာ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းဖြစ်တော့ ဦးဖင်း က သားမယားကလည်း မကြည်ဖြူတော့ဘူး။ သားသမီးကလည်း မကြည်ဖြူတော့ဘူး။ အဲဒီလို မကြည်ဖြူတဲ့အခါမှာ ဦးဖင်း လည်း အဲဒီတော့ ငါလည်း ဘယ်ကမှ ဆေးဖက်ကြောဖက် မပေါင်းတော့ဘူး။ ငါ ထိုပေါက်တော့ ငါဆီကိုလာတယ်။ အခု ပိုက်ဆံလည်းကုန်ရော ငါ့ဆီတစ်ယောက်မှ လည်း မလာတော့ဘူး။ ငါမကောင်းဘူး။ ကိုယ့်ကိုယ်ကို အဲဒီတော့ ဒါကောင်းကောင်းမွန်မွန်လုပ်ကျွေးတယ်။ ရေထမ်းကျွေးတယ်။ လူနှိပ်ကျွေးတယ်။ ဒါတွေဟာဘာလဲ။ စွဲတဲ့တရားခေါ်တယ်။ ဘာကိုစွဲလဲ။ ကိုယ့်ရဲ့ဒုက္ခကိုမသိဘူး။ အဲဒါ ဒုက္ခသစ္စာ။ ဆင်းရဲခြင်း၏ အမှန်တရား။ သမုဒယရဲ့ ဆင်းရဲခြင်း၏

အကြောင်းအမှန်တရား။ ဘုရားကဟောထားပါတယ်။ အဲဒီတော့ ဒုက္ခသစ္စာကြားတော့ကြားဖူးတယ်။ မသိဘူး။ ခန္ဓာက မသိဘူး။ ခန္ဓာသိနဲ့ စာသိနဲ့က ကွာနေတယ်။ စာကမှန်တယ်။ ခန္ဓာသိမှ ကျွတ်ကျော တယ်ဗျ။ အဲဒီတော့ ခန္ဓာသိဆိုတာ ကံကိုခေါ်တယ်ဗျို့ မိစ္ဆာကံကို သူပယ်မယ်။ သမ္မာကံကိုယူမယ်။ အဲဒီတော့ အခုမကောင်းတဲ့ဟာတွေအကြောင်းတွေကို အကုန်ပြောပြပါတယ်။ အဲဒီတော့ အဲဒါနဲ့ သေသွားရင် ဘဝတစ်ပါးသို့ အပါယ်ကိုကျမယ်။ အဲဒီတော့ ဒီကံတွေကို မကောင်းတဲ့မိစ္ဆာကံတွေကို ငါဘယ်လိုပယ်ရမလဲ။ ကိုယ့်ကိုကိုယ် ဘာတွေပယ်ရမလဲ။ အဲဒီလိုစဉ်းစားတဲ့အချိန်မှာ များမကြာမီ ဆရာတော် သဲအင်း အမြဲလင်း၊ ဇွဲတင်းဆိုတဲ့ ဝိပဿနာတရားများကို ထိုင်ပါတဲ့။ သူပြောပြပါတယ်။ အဲဒီဝိပဿနာတရား ထိုင်ပါဆိုတော့လည်း ထိုင်သာထိုင်တယ်။ သဘောမပေါက်ဘူး။ အဲဒီတော့ ထိုင်တာပေါ့။ ထိုင်ရမှာပေါ့။ အဲဒီတော့ တစ်နေ့သောအခါမှာ ဘယ်သူမှာ သားမယား၊ သားသမီး လောကီကိုအားကိုးစရာမရှိတော့ဘူး။ အစတုန်းကတော့ လောကီမှာ အားကိုးတယ်။ ခုနကထိပေါက် တယ်။ ပိုက်ဆံတွေအားကိုးတယ်၊ အိမ်တွေအားကိုးတယ်။ မယားအားကိုးတယ်။ သားသမီးအားကိုး တယ်။ ဒါ လောကီအကြောင်း။ ဩော် ငါ့သမီးဟာ ကျောင်းဆရာမလေးဖြစ်ရင် သူ့အိမ်မှာ ငါကပ်စား မယ်။ အဲဒါလောကီအကြောင်း။ အဲဒါအားကိုးထားတာနော်။ အဲဒီတော့ အယူမှားတယ်။ အစွဲမှားတယ်။ အမှတ်မှားတယ်။ ဘယ်ကံလဲ မနောကံ။ အဲဒါလည်း နားမလည်ဘူး၊ မသိဘူး။ သူလုပ်တယ် နောက်မှ သူ့ကို ဘယ်သူမှလည်းမခေါ်ဘူး။ မယားကလည်း မကြည်ဖြူ။ သားကလည်း မကြည်ဖြူ။ လောကီ ကို အားကိုးစရာမရှိတော့မှ သူ ဝိပဿနာတရားများကို သူ ဟိုတောမှာ ညောင်ပင်ကြီးမှာ သွား အားထုတ်ပါတယ်။ အဲဒီတော့ ညောင်ပင်ကြီး အားထုတ်တဲ့အခါကျတော့ တစ်နေ့သောအခါမှာ ညောင်ပင်ကြီးရွာက ကရင် ဦးပေါ်လု တဲ့ သူလာတယ်။ ခင်ဗျားဘယ်ကလာသလဲတဲ့။ ကျွန်တော် မြောင်းမြကလာတယ်လို့။ ခင်ဗျားနာမည်ဘယ်လိုခေါ်လဲတဲ့။ ကျွန်တော့်နာမည် မြမောင် ခေါ်တယ်လို့။ မှတ်ပုံတင်ရှိလား။ ပါပါတယ်လို့။ မှတ်ပုံတင်ထုတ်ပြတယ်။ ခင်ဗျား ဒီမှာ ဘာလာလုပ်သလဲ။ ကျွန်တော် ဒီမှာတော့ တရားကျင့်မယ်လို့။ ကျွန်တော်က အာရုံပြုလာတယ်လို့။ နဂို ဒီကိုရောက်ဖူးလားတဲ့။ မရောက်ဖူးဘူး။ ဒါဖြင့် ဒီတောင်ဟာ အင်မတန်ဆိုးပါတယ်ဗျတဲ့။ နေ့ခင်းဘက်တောင်မှ ကျွန်တော်တို့ ကွမ်းအုပ်ဖို့ ဖက်ခြောက်မကောက်ရဲပါဘူးဗျာတဲ့။ ခင်ဗျား ဘယ်လိုလုပ်မလဲတဲ့။ မထူးပါဘူးဗျာတဲ့။ ဘာပဲဖြစ်ဖြစ်ဗျာတဲ့။ ဖြစ်ချင်တာဖြစ်စေတော့တဲ့။ သူကလည်း ဒီလိုပြန်ပြောတယ်။ ဒါဖြင့် ခင်ဗျား ဒီတောင်မှာ တရားအားထုတ်မယ်ဆိုရင် ထမင်း ကျွန်ုပ်ကျွေးမယ်တဲ့။ သူကပြန်ပြောတယ်။ အေး နင်ကျွေးရင်လည်း စားတာပေါ့တဲ့။ အဲဒီတော့ ဦးဖင်းကြီး ဒီတောင်မှာအားထုတ်တယ်နော်။ ခုနက

မိစ္ဆာအယူတွေကို မှားပြီးရင်းမှား၊ မှားပြီးရင်းမှား။ သမ္မာတစ်ချက်မှ မရဘူး။ မိစ္ဆာတွေချည်းပဲ။ ငါတတ်တယ်၊ ငါနားလည်တယ်၊ ငါ့မယား၊ ငါ့သား၊ ငါ့အိမ်၊ ငါ့ပစ္စည်း ငါပိုင်ဆိုတဲ့ လောကီအားကိုးပြီးတော့ အဲဒီတော့မှ ဝိပဿနာတရားကိုရှာတယ်ဗျို့ မဂ္ဂင်ရှစ်ပါး။ မဂ္ဂင်ရှစ်ပါးကို သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမာအာဇီဝ၊ ဒါသီလမဂ္ဂင်။ ဗမာလိုပြန်မယ်ဆိုရင် မှန်တာကိုကျင့်ပါ၊ မှန်တာကိုပြောပါ၊ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုပါတဲ့။ ဒါ ဗမာလိုပြန်တာ။ အဲဒီတော့ ဒီလိုတရားထိုင်တဲ့အခါမှာ မဂ္ဂင်အာရုံကို နှလုံးသွင်းပြီးတော့ တရားထိုင်တဲ့အခါမှာ ကံတွေဟာ မိစ္ဆာကံတွေ ငြိမ်တယ်ဗျို့ ဖဲဝိုင်းသွားချင်သေးသလား။ မသွားချင်တော့ဘူး။ သူများသားမယားကို ဖျက်ဆီးချင်သေးလား၊ မဖျက်ဆီးချင်ဘူး။ အရက်ကို သောက်ချင်သေးလား၊ မသောက်ချင်ဘူးနော်။ ဒီကံ ကာယကံကငြိမ်ပြီ၊ ဝစီကံ မုသာဝါဒါတွေပြောချင်သေးလား။ မိစ္ဆာကံတွေလုပ်ချင်သေးလား၊ မလုပ်ချင်ဘူး။ ဒါ ဝိပဿနာနော်။ ခင်ဗျားကို့တွေးကြည့်။ ဘာကံဖြစ်လာလဲ။ သမ္မာကံဖြစ်လာတယ်။ ဘယ်ကဖြစ်လဲ မနောကဖြစ်တယ်။ အဲဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံ(၃)ပါး ဦးဇင်း က စာမတတ်တော့ ခန္ဓာမှာ ဉာဏ်စိုက်တယ်။ ခန္ဓာမှာကံ မိစ္ဆာကံကိုပယ်တာ။ ဒါ ကံကတက်ရမှာကိုဗျ။ အဲဒီတော့ ဒီလိုကျင့်တဲ့အခါမှာ ကာယကံ(၃)ပါးက စာလိုရေးထားတယ်။ ပါဏာတိပါတာ ဒီအယူကိုလည်း မယူပါဘူး။ အဒိန္နာဒါနာ ဒီအယူကိုလည်း မယူပါဘူး။ ကာမေသုမိစ္ဆာစာရာကိုလည်း ဒီအယူကိုလည်း မယူပါဘူး။ ထိုင်နေပြီလေ။ ဒီတရား။ မိစ္ဆာအလုပ်ကို မလုပ်တော့ပါဘူး။ သမ္မာအလုပ်ကို လုပ်နေပါပြီ။ ခန္ဓာမှာ ဉာဏ်စိုက်ထားတယ်။ ခန္ဓာမှာ ကံစိုက်ထားတယ်။ ခန္ဓာမှ သမ္မာစိုက်ထားတယ်။ မိစ္ဆာကံပယ်ပြီဗျို့ အဲဒီတော့ ဒီလိုဝိပဿနာ မဂ္ဂင်ရှစ်ပါးနဲ့ပယ်မှသာလျှင် မိစ္ဆာကံနဲ့ သမ္မာကံကိုသိမယ်နော်။ အဲဒီတော့ မိစ္ဆာကံတွေ ဒီနေ့ဒီရက်မှာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး ဒီကံတွေငြိမ်ပြီ။ မိစ္ဆာကံတွေငြိမ်ပြီ။ ငါစွဲတဲ့ ကံကို သတ်ဦးမယ်ဆိုပြီးတော့ မနောပြန်သတ်တယ်။ အဲဒီတော့ စွဲတဲ့ကံတွေက ဗျာပါဒစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်၊ အဘိဇ္ဈာနော်။ ဗျာပါဒဆိုတာဘာလဲ။ တစ်နေ့သောအခါမှာ သူ့အဖေ၊ အမေက တစ်ရွာတစ်ကျေးမှာနေတော့ စာလေး လူကြုံပေးလိုက်တော့ စာပေးလိုက်တော့ မြမောင် ရေ နင်အဖေသေပြီဟေ့။ ဟောအဲဒီစာကြားလည်းကြားရော ဘဝင်စိတ်က တစ်မျိုးဖြစ်သွားတယ်ဗျို့ အဲဒီနေရာမှာ အပြင်သီလလည်းဘာမှမတတ်နိုင်တော့ဘူးနော်။ ရှစ်ပါးသီလလည်း ဘာမှမတတ်နိုင်တော့ဘူး။ ဗျာပါဒကို ဒါအစွဲခေါ်တာ။ ဘယ်ကလဲ မနောဘယ်မှာလဲ။ အသံပေါ်မှာ စာအာရုံမှာ အာရုံပေါ်မှာ မနောကစွဲလို့ ပါသွားတာပေါ့ဗျာ။ အဲဒါဗျာပါဒခေါ်တယ်။ အဲဒီကံကိုလည်း ဝိပဿနာမဂ္ဂင်ရှစ်ပါးက ပယ်ပါတယ်ဗျာ။ တဒင်္ဂဝဋ္ဋ ခမဏာဘဟံမှာ သူပယ်လိုက်ပါပြီနော်။ အဲဒီအချိန်မှာလည်း စာကိုမဖတ်တော့ပါဘူး။ ရေလည်း

မသောက်တော့ဘူး။ ဘယ်လောက်ထူးတဲ့မဂ္ဂင်ရှစ်ပါးလဲနော်။ ဒါတွေဟာ မလုပ်ကြဘူး။ ပေါ့ပေါ့နေတယ်၊ ပေါ့ပေါ့ စားတယ်နော်။ ဗျာပါဒရယ် မိစ္ဆာဒိဋ္ဌိရယ်ဆိုတာ အယူမှားတယ်၊ အစွဲမှားတယ်၊ အမှတ်မှားတယ်။ လှူတာလည်း သမ္မာဒိဋ္ဌိ မကောင်းတာယူတာလည်း မိစ္ဆာဒိဋ္ဌိ၊ ကောင်းတာယူတာလဲ သမ္မာဒိဋ္ဌိကပါနေတယ်။ ဒိဋ္ဌိက လောကီအကြောင်းခေါ်တယ်ဗျို့။ အဲဒီလောကီဒိဋ္ဌိကိုပယ်မှ ပယ်နိုင်အောင်ပယ်မှ ခင်ဗျားတို့ထူးမယ်။ ဒိဋ္ဌိရဲ့အကြောင်း။ အဲဒီတော့ ဒါဟာ အင်မတန်မှ ကိုယ့်စိတ်ကိုယ်စစ်ရတယ်နော်။ ဘာစိတ်တွေစစ်ရသလဲ။ ငါစားချင်တဲ့စိတ်လေးဖြစ်သေးသလား၊ ဝယ်ချင်တဲ့စိတ်ကလေးဖြစ်သေးသလား၊ အိပ်ချင်တဲ့စိတ်ကလေး ဖြစ်သေးသလား။ အဲဒီတော့ ကိုယ့်စိတ်ကိုယ်စစ်တယ်။ ငါသွားချင်တဲ့စိတ်ကလေးဖြစ်သေးသလား။ ငါနေချင်တဲ့စိတ်ကလေး ဖြစ်သေးသလား။ ငါ့စိတ်ကလေးပျော်သေးသလား။ စိတ်ကိုစစ်တယ်၊ အဲဒီလိုစစ်ယူရပါတယ်။ အဲဒီတော့ ဒီလို ကာယကံ၊ ဝစီကံ၊ မနောကံ။ မနောကံဟာ သူမိန်းပါပဲ။ သူကတွေးလိုက် ကာယကံပါလိုက်။ သူကတွေးလိုက် ဝစီကံပါလိုက်။ ဒါတွေအကြောင်းတရားတွေနော်။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း။ မြင်တော့သိတာပေါ့။ ကြားတော့ဘဝင်က သိတာပေါ့။ အဲဒီတော့ ဒီလိုဖြစ်လာတဲ့အတွက်ကြောင့် ဘုရားကဟောပါတယ်။ ဘာတွေဟောလဲ။ ဘုရားက ကမ္မာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ဒီအဝိဇ္ဇာကို အာရုံ(၆)ပါးကိုမဂ္ဂင်နဲ့သတ်မှသာလျှင် မဂ္ဂင်နဲ့ကျင့်မှသာလျှင် သိရမယ်နော်။ အစွဲတရား။ ဒီအစွဲတရားက ကာယကံ၊ ဝစီကံ၊ မနောကံ။ မနောဘဝင်စိတ်၊ စက္ခုအာရုံကြောင့် အဝိဇ္ဇာအာရုံ(၆)ပါးပေါ်တယ်ဗျို့။ အဲဒီတော့မှ မြင်လိုက်တော့မှ သိလိုက်တယ်။ မြင်လိုက်တော့ သိရော။ ဘယ်ကသိလဲ။ မနောကသိတယ်။ သိတဲ့စိတ်ကလေး အဲဒီဘဝင်စိတ်ကလေးက မှတ်စိတ်ကလေးဖြစ်တယ်ဗျို့။ (၅၀၀)တန် ကျပ်တန်မြင်တော့ သိတာပေါ့။ သိတာမှာ အဲ မှတ်စိတ်ကဖြစ်သွားပြန်ရော။ ကိုယ်က တစ်ချက်ထဲသတိလစ်လိုက်တယ် မှတ်တယ် ဒါလေးကိုမှတ်လိုက်တယ်။ ဒါက ၅၀၀ တန်။ ဟော့ဒါက ကျပ်တန်။ ငါဘယ်ဟာကို နှစ်သက်သလဲ။ ၅၀၀ တန်ကို နှစ်သက်တယ်။ ၅၀၀ တန်ကို သာယာတာ တဏှာ။ အဲဒီတဏှာကြောင့် ဉပါဒါန်ဖြစ်တာ။ ကံ ဟော အစွဲတရားနော်။ ကံ ဒါ ကံရိုးရိုးဖြစ်နေတာ။ ကံကလေးဖြစ်သွားပြီဗျို့။ ဆူးပေါ်မှာဖက်ကျလည်း ဖက်ပဲပေါက်တယ်။ ဖက်ပေါ်မှာဆူးကျလည်း ဖက်ပဲပေါက်တယ်။ အဲဒီအာရုံ(၅)ပါးနဲ့မနောဓမ္မာရုံနဲ့ပေါင်းလိုက်တဲ့အခါကျ မနောကထွက်ပေါက်ပြီဗျို့နော်။ ပြန်ကြမှာ ခင်ဗျားလည်း ပြန်မှာပဲ။ ဦးပဏ္ဍိတ လည်း ပြန်မှာပဲ။ တရားနာတဲ့သူလည်း ပြန်မှာပဲ။ တရားဟောတဲ့သူလည်း ပြန်မှာပဲ။ အပြန်တတ်ဖို့လိုတယ်။ ကိုယ်စိတ်ကိုကိုယ်စစ်ပြီးတော့ ဩော် ငါ့စိတ်ဟာ အင်မတန်မှထူးမြတ်ပါလား။

အေး အေး အေး။ အေး အေး ပဲဖြစ်သွားပြီနော်။ ဩော် အဝိဇ္ဇာ ကို ဘာနဲ့တိုက်ရသလဲဆိုရင် အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ အဲဒီတော့ မဂ္ဂင်နဲ့တိုက်ရတယ်ဗျို့။ မဂ္ဂင်နဲ့တိုက်တဲ့အခါကျတော့ မိစ္ဆာရဲ့အယူဝါဒစိတ်တွေကိုပယ်တယ်။ သမ္မာရဲ့အယူဝါဒတွေဖြစ်လာတယ်။ အဲဒါ သီလမဂ္ဂင်ဗျို့။ အဲဒီလို သီလမဂ္ဂင်တွေရလာတဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟတွေခေါင်းပါးလာပြီ။ အပြင်လောကတွေလည်း မစွဲလမ်းတော့ဘူး။ မြင်တဲ့ပစ္စည်းတွေလည်း မစွဲလန်းတော့ဘူး။ အတွင်းကလည်း အေး အေး အေး အတွင်းက မောဟက ငါ ဒါတွေလိုချင်သေးလား။ တောင့်တသေးလား၊ ငါ ထွက်ရှာချင်သေးလား ဒီလိုရှိပါတယ်။ ဒါလေးတွေစစ်တတ်ဖို့လိုပါတယ်။ မနောက ဖွက်ပေါက်လို့ အာရုံ(၅)ပါးနဲ့ မနောဓမ္မာရုံနဲ့ပေါင်းတော့ ကံလေးတွေဖြစ်တော့ အဲဒီမနောကံဟာ ဖွက်ပေါက်လို့ အာရုံ(၅)ပါးနဲ့ မနောဓမ္မာရုံနဲ့ပေါင်းတော့ ကံလေးတွေဖြစ်တော့ အဲဒီမနောကံဟာ ဖွက်ပေါက်တယ်တဲ့နော်။ ဒါကြောင့်မို့ သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေသင်္ခါရအနတ္တ။ အဲဒါစာတွေ သဗ္ဗေဆိုတာ အလုံးစုံသောနော်။ ဒီအလုံးစုံသောဟာ ဘာဖြစ်သလဲတဲ့။ ဥပမာလေးပြောကြမယ်ဆိုရင် ကြက်မကြီးဟာ တစ်နေ့သောအခါ ကြက်ဥတွေဥရော။ ဥတဲ့အခါ အိမ်ရှင်က ကြက်ဥတွေ ချက်စားတာပေါ့ဗျာ။ အလွယ်တကူနဲ့ ဘဲဥတွေထည့်ပေးလိုက်တယ်ဗျို့။ ဘဲလေးတွေပေါက်လာတဲ့အခါကျတော့ ဘဲလေးတွေက ရေအိုင်ထဲမှာသွားနေတယ်ဗျို့။ ကြက်မက မလိုက်တတ်တော့ဘူးနော်။ ဒါဘာလဲ ကြက်မက စွဲတာပေါ့ဗျာ။ ငါ့သားဆိုပြီးတော့။ အထင်တစ်လုံးနဲ့ စွဲနေကြတဲ့ အစွဲဥပါဒါန်၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ။ စွဲရင်လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ။ အဲ လောဘတွေလည်းဖြစ်ကုန်လိမ့်မယ်။ ဒေါသတွေလည်း ဖြစ်ကုန်လိမ့်မယ်။ မောဟတွေလည်း ဖြစ်ကုန်လိမ့်မယ်။ အစွဲပဲ။ စွဲတာလောဘ၊ ဒေါသတွေဖြစ်ကုန်ပြီတဲ့။ အဲဒီတော့ ဒီသီလတွေဟာ ပျက်ကုန်ပါပြီတဲ့နော်။ ဒီသမ္မာအယူကလည်း နှလုံးသားမှာမရှိ သမုတိသစ္စာ ကလည်း မမှန်တော့ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ။ ဒါ ဘုရားဟောအရ သမုတိသစ္စာဆိုတာဘာလဲ။ ငါသည် ဝိပဿနာရဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သူ့နှလုံးသားမှာ သမ္မာဖြစ်နေပြီ။ ဩော် ယူတဲ့သူနဲ့ ပေးတဲ့သူနဲ့ ဩော် အေး အေး အေး ဟိုလူလည်း စိတ်ချမ်းသာတယ်။ ယူတဲ့လူလည်း စိတ်ချမ်းသာတယ်။ ပေးတဲ့သူလည်း စိတ်ချမ်းသာတယ်။ အဲဒီတော့ သူများတဖက်သားစိတ်ချမ်းသာရင် အဲဒါ သမုတိသစ္စာမှန်ပါတယ်တဲ့။ သမ္မာနှလုံးသားကဖြစ်လို့ အဲဒီတော့ သူများပိုက်ဆံကိုယူပြီးတော့ ပိုက်ဆံကိုယူပြီးတော့ ပိုက်ဆံရှင်ကသွားတောင်းတော့ ပိုက်ဆံရှင်ကလည်း ဒုက္ခရောက်၊ ဟိုကလည်း ဒေါသဖြစ်။ မာန်တွေဖြစ်တာကို

သစ္စာပျက်တယ်ဗျို့နော်။ သမ္မာကလည်းမရှိ၊ ချေးတဲ့သူကလည်း သမ္မာမရှိ၊ ယူတဲ့သူမှာလည်း သမ္မာမရှိ။ သစ္စာပျက်တယ်ဗျို့ သစ္စာပျက်တော့ ကံကိုမယုံကြည်တော့ဘူးဗျို့။ ကံဆိုတာ ဘုရားက ဟောသွားပါတယ်။ ပုပ္ပ မုဥ္စ ပရ စေတနာ ကံလို့ခေါ်ပါတယ်။ ကံယုံကြည်တဲ့လူက ကံကို ယုံကြည်သွားပြီ။ ကြောက်သွားပြီ။ သူမလုပ်တော့ဘူး။ ကံကို အေး ငါကြောက်ပြီကွာတဲ့။ အဲဒီတော့ မကောင်းတဲ့ကံလည်း ငါသိပြီ။ ကောင်းတဲ့ကံလည်းသိပြီ။ အဲဒီလိုသိလိုက်တဲ့အခါ ဘယ်ကံလဲ မနောက်နော်။ ဒီကံကို အာရုံ(၅)ပါးနဲ့ မနောမမ္မာရုံနဲ့ မပေါင်းတော့ဘူးတဲ့။ သူသိသွားတာကိုတဲ့။ ဒီကံကို ငါယုံကြည်ပြီ။ အရင်တုန်းက ငါဒီကံတွေကိုမယုံကြည်လို့ အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ အပျော်အပါးလိုက်တယ်။ မကောင်းတဲ့ကံတွေကို အများကြီးလုပ်ပါလား။ ကံ မယုံကြည်ဘူး။ အဲ ကံမယုံကြည်တော့ သစ္စာပျက်တာပေါ့ဗျနော်။ အဲဒီတော့ ကိုယ့်လမ်းကိုယ်သွားကြမှာ။ ခုနက စာကရေးထားတယ်။ အဇာရသတ် နဲ့ ဗိမ္ဗိသာရမင်းကြီး သားအဖတောင်မှ စေတနာခြင်းမတူဘူး။ စေတနာခြင်းမတူတော့ ကံခြင်းမတူဘူး။ ကံခြင်းမတူရင် ဘုံခြင်းမတူဘူး။ တစ်ယောက်တစ်လမ်းသွားမှာ။ အဲဒါတွေဟာ အစွဲတရားတွေ။ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းတယ်။ ဒီလူ့ဘုံဟာ ဘယ်လောက်မှမကြာပါဘူး။ အခုလူတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေဖြစ်နေကြတယ်။ ငါတော့ ပေးနိုင်တဲ့သတ္တိကတော့ ဒါနကိုပေးနိုင်ပြီကွာတဲ့။ မင်းတို့ကလည်း ငါ့ကိုယုံကြည်တယ်။ အဲဒီဒါနက ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်၊ သမထဘုန်းကြီးလှူရင် သမထမျိုးစေ့ရမယ်။ ကံဘုန်းကြီးလှူရင် ကံမျိုးစေ့ရမယ်။ ဒီက သမ္မာနဲ့ကျင့်ထားတယ်။ ဟိုက ဝိနည်း ၂၂၇ သွယ်နဲ့ကျင့်ထားတယ်။ ဟိုကလည်း ကျင့်ထားတယ်။ ဒီကလည်း မဂ္ဂင်နဲ့ကျင့်ထားတယ်။ အဲဒါကတော့ သဘောလေးပဲ။ စာမတတ်တော့ တတ်တဲ့အလုပ်ကို လုပ်သွားတယ်။ ဘယ်သူ့ကိုမှမပြောဘူး။ ကံဘုန်းကြီးဆိုတာက ဝိနည်းကျင့်ထားတယ်။ အပြင်ကို သူကျင့်ထားတယ်။ အတွင်းအနုစယတွေကို ကျင့်မကျင့်တော့ မပြောတတ်ဘူး။ သူ့အပေါ်မှာမူတည်တယ်။ ဒါကြောင့်မို့ ကံဘုန်းကြီးလို့ခေါ်တယ်။ စာကရေးထားတယ်။ ပုထုဇဉ်သံဃာ၊ အရိယာသံဃာလို့ စာကရေးထားတယ်။ စာအရပြောရတာနော်။ ဦးဇင်း က အရိယာလို့မပြောဘူး။ သဘောလေးပဲ ဟောသွားတယ်။ ခင်ဗျားတို့လှူတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ နေတတ်ဖို့လိုတယ်။ အဲဒီလို ဒါနမျိုးစေ့တော့ပေးသွားပြီ။ သီလကတော့ ခင်ဗျားတို့စိတ်၊ ခင်များတို့စစ်ဆေးမှသာလျှင် သီလဝိသုဒ္ဓိ ဖြစ်မယ်နော်။ ဒီသီလက ခင်ဗျားတို့လုပ်မှရမယ်။ အဲဒီသီလမှန်ကန်ရင် အပါယ်တံခါးပိတ်တယ်။ အဲဒီ အပယ်တံခါးပိတ်တယ်ဆိုရင် ခင်ဗျားဟာခင်ဗျားသိလိမ့်မယ်နော်။ သိရမယ့်တရား သူများသွားမမေးနဲ့။ အရှုံးဖြစ်ဦးမယ်။ သီလဆိုတာ လောဘ၊ ဒေါသ၊ မောဟခေါင်းပါးတယ်။ အဲဒါ ခင်ဗျားတို့ကို

ပြောလိုက်ပြီ။ ဒေါသဖြစ်တဲ့အကြောင်း ဥပမာ ကိုယ့်ပစ္စည်းတစ်ခုဝယ်ထားတယ်ပေါ့ဗျာ။ ဝယ်ထားတဲ့ စက်ဘီးလေးဝယ်ထားတယ်။ (၁)သောင်းလောက်ပေးရတယ်။ အဲဒီသူငယ်ချင်းက အင်မတန် ရင်းနှီးတဲ့မိတ်ဆွေကြီးတစ်ယောက်။ အဲဒီမိတ်ဆွေကြီးတစ်ယောက် လာငှားတယ်။ မှားတဲ့အခါကျ တော့ မပေးတော့ မကောင်းဘူး။ ဟိုကလည်း ပစ္စည်းကို တရိုတသေနဲ့သိမ်းထားတာ။ သူလာငှားတော့ ပေးလိုက်ရတယ်။ ပေးလိုက်တဲ့အခါ သူပြန်အပ်တဲ့အခါကျတော့ အာ စမုတ်တိုင်တွေကလည်းပြုတ်၊ ခြေနင်းတွေကလည်း ကောက်နေတယ်။ ပိုင်ရှင်က သူ့ပစ္စည်းကိုကြည့်လိုက်တဲ့အခါ ပစ္စည်းကိုစွဲလမ်း တာ တဏှာဖြစ်ပြီပေါ့။ တဏှာကြောင့် ဒေါသဖြစ်တယ်ဗျို့။ မနောကံပေါက်သွားပြီနော်။ အဲဒါ ပစ္စည်း အကြောင်းနဲ့ပတ်သက်ပြီးတော့ ဒေါသဖြစ်တယ်ဗျို့။ မနောကံပေါက်သွားပြီနော်။ အဲဒါ ပစ္စည်း အကြောင်းနဲ့ပတ်သက်ပြီးတော့ ဒေါသဖြစ်တယ်။ သားသမီးအကြောင်းနဲ့ပတ်သက်ပြီးတော့ ဒေါသ ဖြစ်တယ်။ လယ်ယာချောင်းမြောင်းနဲ့ပတ်သက်ပြီးတော့ ဒေါသဖြစ်တယ်။ ဘယ်ကဖြစ်လဲ။ မနော ဒါကြောင့် မနောလွှတ်ပေါက်တယ်။ ကိုယ်စိတ်ကို ကိုယ်စစ်ပါတဲ့နော်။ ဒီသီလတွေဟာ ခင်ဗျားတို့ မြင်တာသီလ၊ ကြားတာသီလ၊ နံတာသီလ၊ စားတာသီလ၊ ထိတာသီလ။ ဒီလိုသီလမျိုးကိုရအောင် ရှာပါ။ ခင်ဗျားတို့ကို ဖအေလိုအောက်မေ့တယ်။ မအေလိုအောက်မေ့တယ်။ အစ်မကြီးလိုအောက်မေ့ တယ်။ အစ်ကိုလို အောက်မေ့တယ်။ ဒါတွေကိုကျင့်ကြပါ၊ ကြံကြပါ။ ဦးဖင်းကြီး က ဘာမှစာမတတ်ဘူး။ ခန္ဓာကသိတဲ့ ကံတရားကိုသိတာပါနော်။ အဲဒါ ခန္ဓာသိခေါ်တယ်။ စာသိကတော့ စာသိတရား။ အဲ ဦးဖင်း က စာသိကိုမတတ်ဘူး။ ခန္ဓာသိကို ကံအကြောင်းရဲ့တရားတွေကိုသိတာ။ အဲဒါ ခန္ဓာသိတရား တဲ့။ စာမတတ်တော့ ကိုယ်လုပ်ငန်းကျင့်လို့ လုပ်ငန်းသိရင် လုပ်ငန်းလည်းနားလည်တယ်။ ခင်ဗျားမျက်စိ မြင်တာပေါ့။ မြင်တော့ မသိဘူးလား။ သိတာပေါ့။ သိတာ စိတ်ပေါ့။ အဲဒါဘဝင်စိတ်ပေါ့။ အဲဒါကို မမှတ်ဘူးလား၊ မှတ်တာပေါ့။ ခင်ဗျားမှတ်ပြီ။ ဟောဒါ ငါ့သား၊ ဟောဒါ ငါ့သားမဟုတ်ဘူး။ ငါ့သားရဲ့ သူငယ်ချင်း။ သညာကဖြစ်သွားပြီ။ သညာကြောင့် သင်္ခါရဖြစ်တယ်နော်။ သဗ္ဗေသင်္ခါရအနိစ္စာ၊ သဗ္ဗေ သင်္ခါရဒုက္ခာ၊ သဗ္ဗေသင်္ခါရအနတ္တာ ဒီသီလအထူးသဖြင့်လုပ်ပါ။ သီလ ဒီခေတ်မှာ ပေါ့ပေါ့နေလို့မရဘူး။ ဒီခေတ်မှာက ရေဒီယိုတွေကလည်းပေါ်ပြီ။ ကားတွေကလည်း ပေါ်ပြီ။ စက်ဘီးအမျိုးမျိုးကလည်း ပေါ်ပြီ၊ အဝတ်အထည်တွေကလည်း ပေါ်ပြီ။ နိုင်ငံခြားကကုန်ပစ္စည်းတွေက အကုန်ရောက်လာကြပြီနော်။ ရေဒီယိုကအစ သူ့ထက်ငါကောင်း လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေကဖြစ်ပြီ၊ သူဘာမှ မမြင်တော့ဘူးနော်။ ဒါကြောင့်မို့ အဝိဇ္ဇာတဲ့၊ ဝိဇ္ဇာဆိုတာ အာရုံ(၆)ပါးမှာ အဲ မလွတ်ကြဘူးတဲ့၊ ကောဓမ္မောလုပ်ကြပါဆို မလုပ်ကြဘူးတဲ့။ အာရုံ(၅)ပါးနဲ့ မနောဓမ္မာရုံနဲ့ပေါင်းတော့ အာရုံနောက်ကို မနောက

ပါပြီ၊ မကောင်းတာလည်းပါပြီ ကောင်းတာလည်းပါပြီတဲ့။ အဲဒါကံတရား။ ခန္ဓာသိဆိုတာ ကံတရားတွေ။ ကံရဲ့အကြောင်းကိုသိလို့ ပြန်ပြောတာ။ အဲဒါ ကောင်းတဲ့ကံလည်းပါတယ်။ မကောင်းတဲ့ကံလည်းပါတယ်။ အဲဒါ မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိခေါ်တာ။ ဒီကံနယ်ကနေ ဈာန်နယ်ကိုသွားကြတဲ့ ဈာန်နယ်ရတဲ့ အခါကျတော့ ခင်ဗျားတို့သိပြီ။ ခင်ဗျားတို့ သမထလောက်ရတယ်ဆို သိပြီတဲ့။ အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်စစ်လို့ သမထဖြစ်သွားရင် သမထကနေ ဝိပဿနာကိုပြောင်းလိုက်တဲ့အပျက်ကို ရှုလိုက်တဲ့။ အဲဒါတွေကို အားကြဖို့ကောင်းတယ်။ ဦးမြမောင် ကြီးဟာ အစက ဖဲရိုက်လိုက်၊ အရက်သောက်လိုက်နဲ့ ထင်နေတာ။ ထင်တာပြော သူများပစ္စည်းကို သခော်ထဲကဖိနပ်တောင် ခိုးတယ်ဗျို့။ အဲဒါ အဝိဇ္ဇာဒါနာနဲ့ မကိုက်တော့ဘူး။ မိစ္ဆာဒိဋ္ဌိအယူတွေဖြစ်ပြီ။ ငါယူမယ်၊ ငါတတ်တယ်၊ ငါလုပ်မယ်ဆိုတဲ့ သူများဝါးတွေခုတ်၊ သူများထင်းတွေခုတ်၊ သူများရဲ့ ခနိတွေကိုဝယ်။ ပြန်မပေး။ ဒါမိစ္ဆာဒိဋ္ဌိတွေနော်။ ဒါနဲ့ သေသွားရင် သွားပြီပေါ့ဗျာ။ စားတော့အများ၊ ခံတော့တစ်ယောက်တည်းပဲနော်။ ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီတော့ နေတတ်ဖို့လိုတယ်၊ စားတတ်ဖို့လိုတယ်၊ သိတတ်ဖို့လိုတယ်။ မရှိတာ ရှာရင်ရမယ်။ မသိတာဟာ အခက်ဆုံးပဲ။ ခင်ဗျားတို့ နီးနီးလေးပဲနော်။ ဘဝကိုပြောင်းရတော့မယ်နော်။ အခု ခွေးတွေ၊ တိရစ္ဆာန်ပေါ့ဗျ။ အဲဒါ မိစ္ဆာဒိဋ္ဌိပေါ့။ အတိတ်ကလာတာ။ အစက ဦးဇင်း ဒါတွေနားမလည်ဘူး။ အခု သိတယ်။ ခွေးပဲ။ ကဲဒီကောင်ဘယ်ကလာလဲ မိစ္ဆာဒိဋ္ဌိနဲ့ ဟိုကလာတာ။ အဲဒီခွေးဟာ လူ့အသိကို သိနိုင်ပါ့မလားတဲ့ မေးပြီတဲ့။ မသိနိုင်ဘူးတဲ့။ အေး ခွေးက လူ့အသိကိုမသိနိုင်ရင်ထားလိုက်ဦး။ မင်းက ဗြဟ္မာဘုံကိုသိနိုင်ပါမလားတဲ့။ မသိနိုင်ဘူးဘုရားတဲ့။ အေး မင်းလည်း အဲဒီသဘောပဲတဲ့။ မင်းခွေးက လူ့အသိမသိရင်ထား။ လူကလည်း ဗြဟ္မာဘုံကိုမသိဘူးဆိုတော့ အဲဒါ သူငယ်ချင်းရေတဲ့ ကြည့်သာ လုပ်ပေတော့တဲ့။ ထိုင်ပြီးတော့ သူငယ်ချင်းရေတဲ့ ငါအစက ဘာမှမသိခဲ့ပါဘူးကွာတဲ့။ ခန္ဓာအသိတွေကို ငါပဟာတာ။ ဘာကွာတဲ့ခန္ဓာ ဘာအသိလဲ။ နဂိုတုန်းက ငါကံတွေကိုမသိဘူးကွာတဲ့။ အကုသိုလ်ကံတွေချည်းလုပ်တယ်ကွာတဲ့။ အဲဒါ ခန္ဓာသိတရား။ ကံကိုသိတာကွာတဲ့။ ကဲအလုပ်ကို အခု ငါမလုပ်တော့ဘူးကွာတဲ့။ ငါကြောက်သွားပြီတဲ့။ ကံအလုပ်မလုပ်တော့ ငါအေးပြီပေါ့ကွာတဲ့။ အဲဒီလိုအေးတဲ့ ခါတ်တွေကို မင်းတို့ ဝေဒနိယ လက်ငင်းမျက်မှောက်အကျိုးပေးပါတယ်ကွာတဲ့။ ငါ့ဆီမှာလာပြီးတော့ အယုတ်၊ အလတ်၊ အမြတ်မရွေးတော့ဘူး။ သူ ငါလာလှူတယ်ကွာတဲ့။ ကလေးတွေကလည်း လှူ။ လူကြီးတွေကလည်း လှူ။ အရင်တုန်းကလေတဲ့ ဖဲဝိုင်း ဖဲရှုံးရင်လေတဲ့ အိမ်မပြန်နိုင်ဘူးကွတဲ့။ အဲဒီ အလောင်းဘေးနား အိပ်နေတာ ငါ။ ဟိုကကျော်လိုက်၊ ဒီကကျော်လိုက်၊ ဆေးလိပ်တောင်မသောက်ရပါဘူးကွာတဲ့။ ငါထပြန်သွားတဲ့အခါကျ သူများဖိနပ်ခိုးသေးတယ်ကွာတဲ့။ ဖိနပ်တောင် ခုံဖိနပ်က

မခိုးသေးဘူးကွတဲ့။ ဆင်ကြယ်မှ ခိုးတာကွ။ အဲဒါမှတ်ထားပေါ့ကွာတဲ့။ ဘယ်ဖိနပ်က တန်ဖိုးရှိတယ်၊ ဘယ်ဖိနပ်က တန်ဖိုးမရှိဘူး။ အဲဒါ မှတ်တာပေါ့ကွာတဲ့။ အဲဒါ စေတသိက်က ငါလုပ်တော့ ငါက လုပ်တာပေါ့ကွာတဲ့။ အဲဒါ အဝိဇ္ဇာ။ အဝိဇ္ဇာဆိုတာ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အဲဒီ အဝိဇ္ဇာက ကမ္မာသဝကိုချည်ထားတယ်ကွာတဲ့။ ကမ္မသဝလည်း မလွတ်တော့ဘူးကွတဲ့။ ဘဝါသဝ လည်း ငါမရှုန်းနိုင်တော့ဘူးကွတဲ့။ အဲ ခန္ဓာ(၅)ပါးလည်း မကျင့်နိုင်တော့ဘူးကွတဲ့။ အဲဒီအဝိဇ္ဇာက ငါနိုင်စက်ပြီကွတဲ့။ အဲဒီအဝိဇ္ဇာကို မဂ္ဂင်နဲ့ရှာတော့မှ သဘောပေါက်တယ်ကွာတဲ့။ မဂ္ဂင်ရှစ်ပါးပဲတဲ့။ ငါ ဝိနည်း(၂၂၇)သွယ်ကို ဘာမှမသိဘူးကွာတဲ့။ အခု မင်းညစာ ငါကျွေးတယ်ကွာတဲ့။ ဝိနည်းနဲ့ ကြည့်ရင်တော့ ဆန့်ကျင်ဘက်ပဲပေါ့။ မဂ္ဂင်နဲ့ကြည့်ရင်တော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲ မှန်တာကိုကျင့်ပါတယ်။ မှန်တာကိုပြောပါတယ်။ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုပါတယ်။ လာပေးတာကွ။ ငါတိုင်နေတာ။ ငါစားလည်းဖြစ်တယ်ကွ၊ မစားလည်းဖြစ်တယ်ကွ။ ဝိနည်းသမားက ကြည့်လိုက်တော့ ငါကိုပယ်ပြီပေါ့ကွာတဲ့၊ အေး အေး အေး ငါဒါပဲပြောတတ်တယ်တဲ့။ အဲဒီတော့ သဘောလေးပြောကြမယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံ(၃)ပါး အစတုန်းကတော့ ကာယကံ နဲ့ ဝစီကံကို တစ်ခါတည်းချုပ်ထားရတယ်ဗျို့။ တင်ပလ္လင်ခွေပြီးတော့ ကာယကံ၊ ဝစီကံ။ အဲဒီကောင်တွေ မနောလည်းချုပ်၊ ကာယကံ၊ ဝစီကံ ဘယ်မှလည်းမသွားတော့ဘူး။ အဲဒီတော့ ဗီစိကိစ္ဆတော့ ဘာမှ မလုပ်တော့ဘူး။ ရေလည်းမထမ်းတော့ဘူး၊ လူလည်း မနှိပ်တော့ဘူး။ ဒီမဂ္ဂင်ကျင့်မှသာလျှင် ဒီအသိ တွေ သိမယ်၊ ဒီဟာတွေ ဟာ ငါ ရေခပ်ချင်သေးလား၊ လူနှိပ်ချင်သေးလား။ ငါမလုပ်တော့ဘူးဆိုပြီး တော့ ဝိစိကိစ္ဆတွေကို သိမ်းပစ်လိုက်တယ်။ ဘာနဲ့သိမ်းပစ်လိုက်လဲ။ မဂ္ဂင်နဲ့သိမ်းပစ်လိုက်တယ်။ အဲ မဂ္ဂင်ဆိုတာက ကာယကံ၊ ဝစီကံ၊ မနောကံတွေသိမ်းပြီ။ အဲဒါ မဂ္ဂင်နဲ့သိမ်းတာပဲ။ ကံတွေကိုသိမ်းပစ် လိုက်တာ။ အဲဒါ စွဲလို့ရေခပ်တာ။ စွဲလို့နှိပ်တာ။ အဲဒီကံတွေကို မဂ္ဂင်နဲ့သိမ်းတော့ တင်ပလ္လင်ခွေပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ။ အဲ သမ္မာသင်္ကပ္ပတွေတော့ ရှာမြင်တယ်ဗျို့။ အဲ ရှာမြင်တော့မှ အေးကွာတဲ့ ဘုရားကျေးဇူး ကြီးမားတာပဲ။ မျက်ရည်ကျတယ်။ ခြောင် ငါလိုဖြစ်ကြပါစေ၊ ငါလိုသိကြပါစေ။ ဒါပဲပြောတတ်တယ်ဗျို့။ ကိုယ်ကသိလာတော့ ငါ့ရဲ့ဘဝကမကောင်းဘူးတဲ့။ နောက်ကြောင်းတွေက ငါဟာ အရက်သမား၊ ဖဲသမား၊ ဗိုလ်တဲမှာ ဒရဝမ်လုပ်။ အေး အေး အေး ဒါပဲပြောတတ်တယ်ဗျို့။ နောက်ကြောင်းတွေကို မြင်ကြပြီဗျို့။ မြမောင် ရဲ့ နှလုံးသားကဖြစ်တယ်ဆိုတာတော့ မသိဘူး။ ဒါကြောင့်မို့ အေး အေး ဟုတ်ပါ တယ်ဗျာ။ ဟုတ်ပါတယ်။ မနေတော့ဘူးတဲ့၊ ရပ်ဝေးကိုသွားမယ်တဲ့။ ရွာနားကမြက်မစားတော့ဘူးတဲ့။

ငါကို သိသွားပြီတဲ့။ ဟိုအဝေးကတော့ ငါ့ကိုမသိတော့ဘူးတဲ့။ ငါဟောရင် ရမှာပဲ။ ငါပြောရင် ရမှာပဲ။ အဝေးသမားတွေက အဲ သူတို့သိကြပြီ။ ကျင့်ကြတဲ့စရဏကလည်းရှိတယ်။ ဒီကစည်း ခန္ဓာသိတရားတွေဟောတဲ့အတွက်ကြောင့် သူတို့ အားရပါးရလှူကြပါတယ်တဲ့နော်။ ဒီကတော့ မြမောင် နဲ့ အိမ်နီးချင်းကပ်နေတဲ့ မြမောင်အကြောင်းသိနေတယ်ပေါ့ဗျာ။ စကားဆိုတာကတော့ ကျယ်တာပေါ့ဗျာ။ ဦးမြမောင် ဟာ နောက်ကြောင်းက မကောင်းခဲ့ပါဘူး။ ရှုပ်လာပါတယ်။ သာသနာမှာလည်း ချုပ်လာပါတယ်နော်။ ဒါကြောင့်မို့ ဦးဖင်း က လောကခံရှစ်ပါး ငါတတ်ရတဲ့စိတ်က အဝိဇ္ဇာကို ငါခန္ဓာတွင်းမှာ တိုက်နေရပါလား။ အာရုံတွေနဲ့ဖြစ်ပါလား။ အဲဒီအာရုံနောက်တိုင်း မနောဓမ္မာရုံနဲ့ မပါအောင် ငါသစ္စာထားမယ်။ တရားရပြန်တော့လည်း ကောင်းကောင်းမနေရဘူးဗျို့။ အဲဒီတော့ ဟိုကလာလိုက်၊ ဒီကလာလိုက်။ အာရုံတွေ။ အဲဒါ အာရုံ(၅)ပါးနဲ့ မနောဓမ္မာရုံနဲ့ အာရုံမှာမြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား။ ယနေ့အချိန်အထိ ခံနေရပါတယ်နော်။ ဦးဖင်း တိုက်တဲ့စစ်က အတွင်းတိုက်ရပါတယ်။ စစ်ဗိုလ်တွေတိုက်တာကတော့ အပြင်တိုက်တာပေါ့ဗျာ။ အဲဒါ ရှေ့ဘန်းတိုက်တာ။ ဒီက ခန္ဓာတွင်းမှာ အဝိဇ္ဇာကိုတိုက်ရပါတယ်။ အဝိဇ္ဇာစစ်ကိုနိုင်ရင် ဝိဇ္ဇာဉာဏ်ပေါ့ဗျာ။ အဲဒါ အစစ်အမှန်တွေပါပဲ။ မဂ္ဂင်နဲ့တိုက်မှ လမ်းပေါ်မှာရောက်မယ်။ အဲဒီအခါကျတော့ ခင်ဗျားတို့လျှောက်တတ်မယ်နော်။ အဲဒီကနေပြီးတော့ ခင်ဗျားတို့ ဒီကနေကြည့်ရင် ဟိုဘက်ကမ်းကိုမမြင်ရဘူးဗျ။ အဲ မြောင်းမြဘက်ကမ်းကကြည့်ရင် ကွယ်လွယ်ဘက်ကမ်းကို ဘယ်နှစ်ယောက်ရပ်တယ်ဆိုတာသိတယ်။ ဒီကဝေးနေတာပဲ။ အဲဒီလမ်းလျှောက်တာပဲ။ အဲ မဂ္ဂါလမ်းလျှောက်တာ။ လျှောက်တတ်ဖို့လိုတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံ(၃)ပါးဟာ မနောကံဟာ အကြီးဆုံးပါ။ မနောကံဟာ အာရုံ(၅)ပါးနဲ့ပေါင်းလာတယ်။ ဒီအနုစယကံတွေ ဆူးပေါ်ဖက်ကျ ဖက်ပေါက်တယ်၊ ဖက်ပေါ်မှာ ဆူးကျ ဖက်ပေါက်တယ်။ ကျင့်ကြ၊ ကြံကြ။ မရတာ သေမင်းက အချိန်ကျရင်တော့ ခေါ်လိမ့်မယ်။ ခင်ဗျားတို့လာဘ်ထိုးလို့လည်းမရတော့ဘူးနော်။ ဒီအသိတွေကို ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ။ အဲဒီမာန်တွေကို မစွဲနဲ့တဲ့နော်။ အဲဒီမာန်တွေကိုဖြုတ်ပြီးတော့ ဒေး ဒေး ဒေး အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ဘူးဆိုတာ အာရုံနောက်ကိုပါသွားတာကို အာရုံတွေနားနဲ့ကြားလိုက်တဲ့အသံတွေပေါ်မှာ ပါနိုင်တယ်။ အမြင်ပေါ်မှာ သိနိုင်တယ်။ အနံ့ပေါ်မှာ ပါနိုင်တယ်။

ဇီဝှါပေါ်မှာ ပါနိုင်တယ်။ ကိုယ့်အသားထိတာလည်း ပါနိုင်တယ်။ မနောကပါတာ ဒီကောင်ပါတယ်၊ ဒီကောင်မပါတယ်။ ဒီကောင်မပါနိုင်အောင် ဝိပဿနာနဲ့ ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်၊ မနောကံဒုစရိုက်တွေကို ငြိမ်အောင် ဝိပဿနာမဂ္ဂင်နဲ့တိုက်ပြီးတော့ အဲဒီတော့ တိုက်တဲ့အခါမှာ မိစ္ဆာအယူကို ပယ်ပြီးတော့ သမ္မာအယူတွေဖြစ်၊ သမ္မာအယူကနေပြီးတော့ အဲ သီလမဂ္ဂင်ဖြစ်တော့ သမာဓိမဂ္ဂင်ဖြစ်လိမ့်မယ်။ တစ်ဆင့်ထက်တစ်ဆင့် တက်သွား။ သမာဓိမဂ္ဂင်ဖြစ်တော့ သမာဓိဆိုတာကဘာလဲ။ အတွင်းမှာ အနုစယတွေ တွေးစိတ်တွေခေါင်းပါးလာတယ်။ ဟိုက ကာယကံ၊ ဝစီကံ၊ မနောကံတွေက ကံတွေလုံနေတဲ့အခါမှာ သမ္မာဖြစ်နေတယ်။ သမ္မာသီလနှလုံးသားရဲ့ကံတွေက တွေးဦးမလားလို့ အတွေးတွေခေါင်းပါးလာတတ်တယ်။ တော်ကြာကြ ခေါင်းပါးသထက် ခေါင်းပါးလာတော့ သမာဓိတည်လာတော့မှ ရုပ်ကိုပြန်ရှုလိုက်၊ ရုပ်အကျိုး၊ နာမ်အကြောင်း။ အကျိုးနဲ့အကြောင်းသာဖြစ်တယ်။ ဟော အကျိုးပေါ်က အကြောင်း၊ အဲဒီအကျိုးနဲ့အကြောင်းနဲ့ အကြောင်းကနေပြီးတော့ ဒုက္ခသစ္စာမှာ သမုဒယသစ္စာလို့ခေါ်ပါတယ်။ အဲဒီတော့ အကျိုးပေါ်မှာ ဝေဒနာတွေပေါ်လာပါတယ်။ အဲဒီဝေဒနာတွေပေါ်လာတဲ့အခါမှာ အဲဒီအကြောင်းကိုသတ်ရမယ်။ ခန္ဓာက အကြောင်းကိုသတ်မှ အပြင်အကြောင်း ကိုရမယ်။ ခန္ဓာကအကြောင်းကိုမသတ်ရင် အပြင်ကအကြောင်းမရပ်ဘူး။ သွားစွဲလိမ့်မယ်။ စွဲရင်တော့ ဝိပဿနာနဲ့ကျင့်တဲ့အခါမှာ မိစ္ဆာအယူကို မယူနဲ့။ သမ္မာအယူကို ယူ။ မကောင်းတဲ့ ငါဆိုတဲ့အယူကို မယူနဲ့၊ အနတ္တကိုယူ။ အတ္တအယူကို မယူနဲ့။ ဒီသဘောလေးတွေနော်။ ဒါဆိုရင် သဘောပေါက်ရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါဘုရား )

( ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော် MP-3 အမှတ် MM-49 မှ ကူးယူဖော်ပြပါသည်။ )

❐ အစွဲဥပါဒါန်ကို ဒါန၊ သီလနဲ့ ဖြတ်လို့မရဘူး။
မဂ်ဉာဏ်ရမှ ဖြတ်တာ။
မဂ်ဉာဏ်ရအောင် မဂ္ဂင်(၈)ပါးနဲ့ ကျင့်
မဂ္ဂင်(၈)ပါးနဲ့ ကျင့်လို့ရတဲ့ ဉာဏ်
မဂ်ဉာဏ်။

❐ ဝိသုဒ္ဓိဝိပဿနာ
နာသီးနာဖျားဝ၊ ထိသိမပြဲ
လမ်းလျှောက်ရင်းလည်း ခြေဖဝါး အသိကပ်၊ ထိသိမပြဲ
မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံတာ မပြဲ
အမြဲသတိကပ်မှတ်။

❐ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိနှင့်အောင်သစ္စာ
ဝိသုဒ္ဓိမှ ဝိမုတ္တိသည်
သည်းခံ၊ စေတနာထား၊ သမ္မာလမ်းကြောင်းပေါ်ကနေ
မဂ္ဂင်(၈)ပါး ဉာဏ်လမ်းကြောင်း နဲ့ မဂ်ဉာဏ်ရအောင် ကျင့်တာ
ဂေါတမဘုရားသာသနာတွင်း နိဗ္ဗာန်ဝင်မှာ။

❐ ဝိသုဒ္ဓိဝိပဿနာသည် မဂ္ဂင်(၈)ပါး အခြေခံထား၍
သတိပဋ္ဌာန်(၄)ပါးကျင့်စဉ်ဖြင့် ဗိုလ်(၅)ပါးဦးစီး၍
ဝိသုဒ္ဓိ(၇)ပါးပိုင်ဆိုင်အောင်
သစ္စာ(၄)ပါးသိမြင်အောင်
အားထုတ်နည်းပင်ဖြစ်သည်။